www.burmeseclassic.com

# မောင်မြင့်ကြွယ်

## မဟာနိဒါဆ

(ဒုတိယအကြိမ်)

ARTHUR HAILEY

# OVERLOAD



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ◆ ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- ◆ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

## ပြည်သူ့ သဘောထား

- ❋ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- ❋ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❋ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❋ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ❑ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- ❑ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ❑ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ❑ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✶ စိုက်ပျိုးရေးကို အခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✶ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ✶ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✶ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✲ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ✲ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ✲ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- ✲ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# မတန်တဆ

## မောင်မြင့်ကြွယ်

(ဘာသာပြန်သည်)

# OVERLOAD

BY

## ARTHUR HAILEY

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း
ပုဇွန်တောင်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၇၈၄/၂၀၀၄(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၆၀၆၀၉

□

ပုံနှိပ်ခြင်း
ပထမအကြိမ် - ဩဂုတ်လ၊ ၁၉၈၁ခုနှစ်၊
ဒုတိယအကြိမ် - ဧပြီလ၊ ၂၀၀၇ခုနှစ်၊
အုပ်ရေ - (၅၀၀)

□

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ် (၁၂)၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ သရဖီလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

□

မျက်နှာဖုံးပန်းချီ
ဝင်းမြင့်ဦး

□

တန်ဖိုး
၂၀၀၀ ကျပ်


BURMESE CLASSIC

## ပထမအကြိမ်ပုံနှိပ်ခြင်းမှ
## မြန်မာပြန်သူ၏ အမှာ

အာသာဟေလီသည် စာအုပ်အထွက်နည်းသူ၊ စာအုပ်အထွက်ကြဲသူဖြစ်သည်။ ပြေးလမ်း သုညရှစ် (Runaway 08) စာအုပ်မှစ၍ မတန်တဆ (Overload) အထိ (၈) အုပ်သာရှိသေးသည်။ အာသာဟေလီရေးပြီးသမျှ စာအုပ်များကို လက်ချိုးရေတွက်၍ ရသည်အထိ စာအုပ်အထွက်နည်းသည်။

သို့သော် Airport စာအုပ်မှစ၍ (Wheels, The Money changers) နှင့် (၁၉၇၉) ခုနှစ် ဇန်နဝါရီလတွင်မှ စတင်ထုတ်ဝေခဲ့သော Overload အထိ ၎င်း၏ နောက်ဆုံးစာအုပ် (၄) အုပ်သည် တစ်ကမ္ဘာလုံးတွင် အလွန်တွင်သော စာအုပ်များဖြစ်ကြသည်။ အာသာဟေလီ၏ စာအုပ်များကို ရုရှဘာသာအပါအဝင် ဘာသာပေါင်း (၁၀) သို့ ပြန်ဆိုရေးသား၍ ထုတ်ဝေနေကြသည်။

ဆိုဗီယက်နိုင်ငံတွင် အာသာဟေလီကို အထူးလူကြိုက်များသည်။ Hotal နှင့် Airport စာအုပ်နှစ်အုပ်ကို တစ်အုပ်တည်းဖြစ်အောင် ပေါင်း၍ထုတ်ဝေသော စာအုပ်သစ်၌ ဖော်ပြထားသည့် သုံးသပ်ချက်က အာသာဟေလီအား အဘယ်ကြောင့် လူကြိုက်များသည်ကို မီးမောင်းထိုး၍ ပြသနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့သော အခက်အခဲနှင့် ရင်ဆိုင်နေရသောကြောင့် စိတ်ပျက်နေမိစဉ်၊ ရိုးဒါးစ်ဗိုင်ဂျက်စ်မှ အကျဉ်းချုံးထုတ်ဝေလိုက်သော **Overload** စာအုပ်ကို ရေးဖော် ရေးဖက်တစ်ဦးထံမှ ရရှိလာသောကြောင့် ရိုးဒါးစ်ဗိုင်ဂျက်စ်၏ အကျဉ်းချုံးမှုကို အခြေခံထားပြီး မူရင်းဝတ္ထုနှင့်ယှဉ်တွဲ၍ အာသာဟေလီ၏ မူလအာဘော် မပျက်မယွင်း ရလေအောင် ကြိုးကြိုးစားစား မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ယနေ့လူ့လောက၌ မရှိမဖြစ် အဓိကကဏ္ဍမှ ပါဝင်နေသော လျှပ်စစ်စွမ်းအင်နှင့် အနာဂတ်အလားအလာများကို လူတိုင်းလူတိုင်း သိရှိနားလည် ထိုက်သည်ဖြစ်ရာ 'မတန်တဆ' ကို ဖတ်ရှုပြီးနောက် တစ်စုံတစ်ခုသော အတိုင်းအတာ ပမာဏအထိ နားလည်သဘောပေါက်ကြပြီး ဗဟုသုတ ရရှိစေမည်ဆိုပါက ဤစာအုပ် ကို မြန်မာဘာသာသို့ ပြန်ဆိုရကျိုးနပ်သည်ဟု ယူဆမိပါကြောင်း။

မောင်မြင့်ကြွယ်

BURMESE CLASSIC

## အခန်း (၁)

### အပူရှိန်

အသက်ရှူကျပ်အောင် မွန်းလုမတတ်၊ အထပ်ထပ် လွှမ်းခြုံနေသော အပူရှိန်။ သွေ့ခြောက်သော တောင်ဘက်ရှိ မက်ဆီကန်နယ်စပ်မှ မြောက်ဘက် အော်ရီ ဂွန်နယ်အထိ ကယ်လီဖိုးနီးယားပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံထားသော အပူရှိန်။ လွန်ခဲ့သော လေးရက်ကစ၍ အလျား မိုင်တစ်ထောင်၊ အနံ မိုင်သုံးရာ ရှိသော အပူရှိန် သမုဒ္ဒရာကြီးသည် ဥက္ကျင်းပေါ်မှမခွာသော ကြက်မကြီးပမာ တစ်နယ်လုံးကို လွှမ်းမိုးထားခဲ့သည်။ ဒီကနေ့ ဇူလိုင်လ၏ ဗုဒ္ဓဟူးနေ့တစ်နေ့တွင် ပစိဖိတ်သမုဒ္ဒရာမှ တိုက်ခတ်လာမည့် လေအေးသည် အပူလှိုင်းကို အရှေ့ဘက်သို့ တွန်းထုတ်ပြီး မြောက် ဘက်ကမ်းခြေနှင့် တောင်ပေါ်တွင် မိုးရွာသွန်းလိမ့်မည် ဟု မျှော်လင့်ခဲ့သည်။ ထိုကဲ့သို့ ဖြစ်မလာချေ။ ယခုနေ့လည်တစ်နာရီတွင် ကယ်လီဖိုးနီးယား နယ်သူနယ်သားများသည် အပူဒီကရီ (ဖာရင်ဟိုက်) ကိုးဆယ်မှ တစ်ရာကျော်ကျော်၏ ဒဏ်ကြောင့် ချွေးပြိုက်ပြိုက် ကျရင်း ကယ်သူဝေး ဖြစ်နေကြသည်။

မြို့ကြီးများ၊ မြို့ဆင်ခြေဖုံး ရပ်ကွက်များ၊ စက်ရုံများ၊ ရုံးခန်းများ၊ အကိုး ဆိုင်ကြီးများနှင့် နေအိမ်များရှိ ဥတုသမ လေအေးစက်ခြောက်သန်းသည် တစ်စီ အော် မြည်နေကြသည်။ ထောင်ပေါင်းများစွာသော ယာတောများရှိ ရေစုပ်စက်များ၊ အသေချာ

www.burmeseclassic.com

www.burmeseclassic.com



မကာ များပြားလှသော ရေခဲသေတ္တာများ၊ သားငါးများကို မပုပ်မသိုးအောင် ထိန်းသိမ်းပေးသည့် အအေးခါတ်ကဲ ‌သေတ္တာကြီးများသည် မရပ်မနား အလုပ်လုပ်နေကြသည်။ သက်သာချောင်ချိမှုတွင် မွေ့လျော်ပြီး စက်ကရိယာများကို ခုံမင်တပ်မက်သော၊ စည်းမဲ့ကမ်းမဲ့ လောင်စာစွမ်းအင်ကို အသုံးချသူများသည် နေရာတကာတွင် တစ်နေ့တခြား တိုးပွားနေသည်။

တယ်လီဖိုးနီးယား ပြည်နယ်သည် အခြားသော အပူလှိုင်းများကို ကြုံခဲ့ရဖူးသလို အပူဒဏ်ကြောင့်ဖြစ်လာသည့် အကျိုးဆက်တရားများကိုလည်း ကြုံတွေ့ခံနိုင်ခဲ့သည်။ သို့သော် ယခုသည့်အခါတမျှ လျှပ်စစ်ဓာတ်အားကို ယခုအကြိမ်လောက် သုံးစွဲမှု [illegible]

□

"သွားပါပြီကွာ၊ လက်တလောသုံးဖို့ တို့ချန်ထားတဲ့ ဓာတ်အားကလေးတော့ ပါသွားပြီ"

လျှပ်စစ်ဓာတ်အား လိုင်းမှူးချုပ်က မလိုအပ်ပါဘဲနှင့် ပြောချလိုက်သည်။

ကြားနိုင်လောက်သည့် နေရာတွင်ရှိကြသော 'ဂိုးလ်ဒင်းစတိတ် စွမ်းအင်နှင့် ဓာတ်အားကုမ္ပဏီ' ၏ ဗဟိုပင်မ ဓာတ်အားကွပ်ကဲရုံးတွင် စုရုံးရောက်ရှိနေကြသည့် ကုမ္ပဏီမှ အရာရှိကြီးများနှင့် ထာဝစဉ်ရှိနေကြ ဝန်ထမ်းများအားလုံး သိရှိကြပြီး ဖြစ်သည်။

ဂိုးလ်ဒင်းစတိတ် စွမ်းအင်နှင့် ဓာတ်အားကုမ္ပဏီသည် လုပ်သားပြည်သူများကို အကျိုးပြုသော မဟာ့မဟာ ကုမ္ပဏီကြီးတစ်ခု ဖြစ်သည်။ ဤကုမ္ပဏီကြီးသည် ကယ်လီဖိုးနီးယားတစ်နယ်လုံး၏ သုံးပုံနှစ်ပုံကို သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသော ပဒေသာပင် ကုမ္ပဏီကြီးဖြစ်သည်။

ဗဟိုပင်မ ဓာတ်အားကွပ်ကဲရေးရုံးသည် လုံခြုံမှုရှိအောင် စည်းကမ်းအလွန်တင်းကြပ်ထားသော မြေအောက်ရှိ ကွပ်ကဲမှုရုံးခန်း ဖြစ်သည်။ ကွပ်ကဲမှုရုံး၏ အလယ်ဗဟိုတွင် ၄လှခါးနှစ်ထစ်ခန့် မြင့်ထားသော စင်မြင့်ပေါ်၌ ဆက်သွယ်ရေးစက်ခလုတ်ခုံရှိသည်။ ထိုနေရာတွင် ဓာတ်အားလိုင်းမှူးချုပ်နှင့် လက်ထောက်ခြောက်ဦး အလုပ်လုပ်ကြသည်။ ကွန်ပျူတာစက်ကြီးနှစ်လုံး၏ စက်ခလုတ်ခုံများသည် အနားတွင်ရှိနေကြသည်။ ဘေးပတ်လည်ရှိ နံရံများပေါ်တွင် ဓာတ်အားခလုတ်ခုံများနှင့်၊ ပြည်နယ်တစ်ခုလုံးရှိ ဓာတ်အားပေးစက်ရုံ (၉၄) ရုံမှ လျှပ်စစ်ဓာတ်အား ဂျင်နရေတာ စက်အလုံးပေါင်း (၂၀၅) လုံး၏ လက်ရှိအခြေအနေကို ရောင်စုံမီးလုံးများ၊ အခြားစက်



ကိရိယာများနှင့် ဖော်ပြပေးနေသော လျှပ်စစ်ဓာတ်အား ဆက်သွယ်ရာ လမ်းကြောင်းပြသရုပ်ဖော်ပုံများ ရှိနေသည်။

"ဓာတ်အားကို ကျုပ်တို့ ဘယ်ကမှ ဝယ်မရနိုင်တော့ဘူးဆိုတာ ခင်ဗျားက သေချာလို့လား"

ထိုမေးခွန်းမှာ စင်မြင့်ပေါ်တွင်ရပ်နေသော ကိုယ်လုံးကိုယ်ပေါက် ခပ်တောင့်တောင့်၊ အရပ်ခပ်ရှည်ရှည်နှင့် ရှပ်အကျႌကိုသာ ဝတ်ထားသော ပုဂ္ဂိုလ်ထံမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဂိုးလ်ဒင်းစတိတ် ချယ်ယာမင်၏ ကိုယ်ရေးလက်ထောက်နှင့် ဒုတိယဥက္ကဋ္ဌ (စီမံကိန်း) ဖြစ်သူ နင်းမ်ဂိုးလ်မင်းသည် အမှုရှိန်ကြောင့် လည်စီးကိုလျှော့ထားပြီး ရှပ်အကျႌအပေါ်ကြယ်သီးများကို ဖြုတ်ထားသောကြောင့် အမွေးအမှင်ထူထပ်သော သူ့ရင်ဘတ်တစ်စိတ်တစ်ပိုင်းကို မြင်နေရသည်။ သူ့ရင်ဘတ်မွေးများသည် သူ့ဆံပင်ကဲ့သို့ပင် မည်းနက်ပြီး လိမ်ကောက်နေသည်။ သူ့မျက်လုံးများသည် အများအားဖြင့် ဟာသနှောပြီး ဖွင့်ပွင့်လင်းလင်းနှင့် ဩဇာတိက္ကမရှိသော်လည်း ယခုအချိန်တွင်မူ ထိုသို့မဟုတ်။ နင်းမ်ဂိုးလ်မင်းသည် အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးရှိသော်လည်း အမြဲလိုလိုပင် ပို၍နုပျိုသည်ဟု ဆင်ရသည်။ သို့သော် ယနေ့တွင် ပင်ပန်းနွမ်းနယ်မှုကြောင့် ယခင်နှင့်မတူ။ လွန်ခဲ့သော ရက်အတော်ကြာကစ၍ ညသန်းခေါင်ယံအထိ အလုပ်လုပ်ပြီး မနက်ဝေလီဝေလင်းနာရီတွင် ပြန်ထ,ရလေ့ရှိသောကြောင့် မုတ်ဆိတ်ကျင်စွယ်ကို ခပ်စောစော ရိတ်ရသလို ယခုသူသည် မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်နှင့် ဖြစ်နေသည်။ သူသည် သောကတွေနေသည်က တစ်ကြောင်း၊ လွန်ခဲ့သော နှစ်နာရီလောက်က တယ်လီဗီးရှင်းနှင့် ရေဒီယိုများမှတစ်ဆင့် လုပ်သားပြည်သူများအား လျှပ်စစ်ဓာတ်အားများကို လျှော့ပေါ့သုံးစွဲကြရန် ၎င်းတို့ကုမ္ပဏီက မေတ္တာရပ်ခံခဲ့သည်ကို လေးစားသမှုဖြင့် ဥတုသမ လေအေးစက်ကို လျှော့ချထားခဲ့သည်က တစ်ကြောင်း တို့ကြောင့် ကွပ်ကဲရုံးရှိ အခြားပုဂ္ဂိုလ်များလိုပင် ချွေးပြန်နေသည်။ သို့သော် တရိပ်ရိပ်တက်နေသော ဂရပ်ဖ်မှ မျဉ်းကြောင်းကြောင့် ထိုမေတ္တာရပ်ခံချက်မှာ သဲထဲရေသွန်ဖြစ်ရသည်ကိုလည်း ကွပ်ကဲရုံးတွင်ရှိသူတိုင်း သိနေကြသည်။

ငွေရောင်ဆံပင်နှင့် သမ္မာရင့်ဝန်ထမ်းဖြစ်သူ လိုင်းမှူးချုပ်က စော်ကားခံရသော အမူအရာနှင့် နင်းမ်ဂိုးလ်မင်း၏ မေးခွန်းကို ပြန်ဖြေသည်။ လွန်ခဲ့သည့် နှစ်ရက်ကစ၍ လက်ထောက်လိုင်းမှူး နှစ်ယောက်သည် အခြားပြည်နယ်များနှင့် တနေဒါမှ ပိုလျှံမည့် လျှပ်စစ်ဓာတ်အားများကို ဝယ်နိုင်ရန် တယ်လီဖုန်းများနှင့် ဆက်တိုက် အလုပ်ရှုပ်နေခဲ့ကြသည်။ ထိုကိစ္စကို နင်းမ်ဂိုးလ်မင်းလည်း သိသည်။

"မစ္စတာဂိုးလ်မင်း၊ ကျုပ်တို့က အော်ရီဂွန်နဲ့ နီးဗားဒါးပြည်နယ်တွေကာ ရသမျှ

www.burmeseclassic.com



ကောက်သင်းကောက် စုနေတာဗျ၊ ပိစိဖိတ် အင်တာဘိုင် (ဓာတ်အားကုမ္ပဏီ) ကတော့ အစွမ်းကုန်သွားပြီ။ အာရိုဗိုနားကတော့ နည်းနည်းပါးပါး ကူညီပါတယ်၊ ဒါပေမယ့် သူတို့မှာလဲ ပြဿနာတွေ တစ်ထွေးကြီးနဲ့ နက်ဖြန်ခါကျရင် သူတို့က ကျုပ်တို့ဆီက ပြန်ဝယ်ပါရစေတဲ့"

"ဒီကနေ့ညနေပိုင်းမှာ ကိုယ့်ဘာသာကိုယ် ထိန်းထားလို့ မရဘူးလား"

ယခုတစ်ကြိမ်တွင် ဝင်ပြောလိုက်သူမှာ ကွန်ပျူတာထဲမှ ထွက်ပေါ်လာသော 'အခြေအနေ အစီရင်ခံစာ' ကို ဖတ်နေသည့် ဘုတ်အဖွဲ့ချယ်ယာမင် ဂျေ၊ အီးရစ်ဟန်ဖရီက လှည့်ပြီးမေးလိုက်ခြင်းပင်။ ထုံးစံအတိုင်း ချယ်ယာမင်ကြီး၏လေသံမှာ ညင်ညင်သာသာ ရှိလှသည်။ သူ့ကို ဒေါပွအောင် မည်သူကမျှ ဆွပေးနိုင်ခြင်း မရှိခဲ့သေးချေ။

"အခြေအနေကတော့ သိပ်မကောင်းဘူး ဆရာ"

လိုင်းမှူးချုပ်က ပြန်ဖြေပြီးနောက် ဂျယ်လူဆဲလ် (အစာကြေဆေးပြား) အသစ်တစ်ပြားကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

ခပ်စောစောပိုင်းက လိုင်းမှူးချုပ် ထောက်ပြခဲ့သလို ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီက လိုရမယ်ရချန်ထားခဲ့သော နောက်ဆုံးလက်ကျန် ဓာတ်အားကလေးကို အကုန်ထုတ်သုံးရသည့် အခြေအနေသို့ ရောက်ရှိသွားလေပြီ။ ဂိုးလ်ဒင်းစတိတ် စွမ်းအင်နှင့် ဓာတ်အားကုမ္ပဏီတွင် 'လတ်တလော' ထပ်ဖြည့်ပေးနိုင်မည့် ဓာတ်အားနှင့် 'အဆင်သင့်' ထုတ်လုပ်ပေးနိုင်မည့် ဓာတ်အားဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ 'လတ်တလော' ထပ်ဖြည့်ပေးနိုင်မည့် ဓာတ်အားဆိုသည်မှာ လက်ရှိလည်ပတ်နေသော ဂျင်နရေတာများကို စွမ်းအင်ပြည့် လည်ပတ်စေခြင်းမရှိဘဲ လိုရမယ်ရချန်ထားသည့် ဓာတ်အားကို ဆိုလိုသည်။ 'အဆင်သင့်' ထပ်ဖြည့်ပေးနိုင်မည့် ဓာတ်အားဆိုသည်မှာ လည်ပတ်ခြင်း မရှိသေးသော်လည်း လိုအပ်ပါက ဆယ်မိနစ်မှ ဆယ့်ငါးမိနစ်အတွင်း စွမ်းအင်ပြည့် ထမ်းလည်ပတ်ပေးစေနိုင်မည့် ဂျင်နရေတာများ ပါဝင်သည်။

လွန်ခဲ့သော တစ်နာရီက၊ ဖရက်စကိုမြို့နားတွင်ရှိသော ကီလိုဝပ် (၆၅၀၀၀) စီရှိသည့် သဘာဝဓာတ်ငွေ့သုံး တာဘိုင်ဂျင်နရေတာ နှစ်လုံးတွဲစက်ရုံကို အဆင်ဆင့်ချန်ထားရာမှ (စွမ်းအင်ပြည့်မဟုတ်ဘဲ) စတင်လည်ပတ်စေခဲ့ပြီး ဖြစ်သည်။ ထိုအချိန်ကစ၍ တရိပ်ရိပ် တိုးမြှင့်ထုတ်လုပ်ပေးနေရသော ဓာတ်ငွေ့တာဘိုင် ဂျင်နရေတာနှစ်လုံးသည် 'စွမ်းအင်ပြည့်' ထုတ်လုပ်ပေးရသည့်အဆင့်သို့ ရောက်ရှိသွားပြီဖြစ်၍ 'အဆင်သင့်'ရော၊ 'လတ်တလော' ထုတ်လုပ်ပေးနိုင်မည့် ဓာတ်အားလက်ကျန်ပါ လုံးဝမရှိတော့လေပြီ။

ခပ်ဝဖိုင့်ဖိုင့်၊ လက်ပြင်ကြော ခပ်ကုန်းကုန်း၊ မျက်ခုံးမွေးထူထူ၊ မျက်နှာခပ်ဝိုင်းဝိုင်းနှင့် သုန်သုန်မှုန်မှုန် ရှိနေတတ်သော ပုဂ္ဂိုလ်က ချယ်ယာမင်နှင့် လိုင်းမှူးချုပ်တို့ ပြောဆိုနေသည်ကို နားထောင်ပြီးနောက် ခပ်ကြမ်းကြမ်း ဝင်ပြောလိုက်သည်။



"ချီးမှုပဲ၊ ဒီကနေ့အတွက် မှန်မှန်ကန်ကန် ရာသီဥတု ခန့်မှန်းခြေသတင်းမျိုးသာ ရခဲ့မယ်ဆိုရင် အခုလိုပြဿနာမျိုးနဲ့ ကြုံရမှာမဟုတ်ဘူး"

ဓာတ်အားထုတ်လုပ်မှုဆိုင်ရာ အမှုဆောင် ဒုတိယဥက္ကဋ္ဌ ရေးပေါလ်ဆင်သည် ယမန်နှစ်က အင်မတန်ပူအိုက်ခဲ့သော နေ့ရက်များနှင့် ယနေ့ ဓာတ်အားသုံးစွဲမှုဝရပ်ဖ်မျဉ်းများကို စားပွဲတစ်လုံးတွင် အခြားပုဂ္ဂိုလ်များနှင့်အတူ နှိုင်းယှဉ်လေ့လာကြည့်ရှုနေရာမှ စိတ်ခပ်တိုတိုနှင့် ရှေ့သို့ တစ်လှမ်းတိုးထွက်လာသည်။

နင်းမ်ဂိုးလ်မင်းက ကန့်ကွက်သည်။

"တခြား မိုးလေဝသ ခန့်မှန်းသူတွေလည်း ကျုပ်တို့လို မှားတာချည်းပါပဲဗျ၊ ဒီကနေ့ လေအေးတိုက်ခတ်လာလိမ့်မယ်လို့ ညတုန်းက (ထွက်တဲ့) သတင်းစာတွေနဲ့ ဒီကနေ့မနက် ရေဒီယိုထဲမှာ ဖတ်လိုက်၊ ကြားလိုက်ရသားပဲ"

"အဲဒီသတင်းစာတွေထဲကပဲ ဒီသတင်းကို ရလာကြတာဖြစ်ရမယ်"

ပေါလ်ဆင်က ဂိုးလ်မင်းအား ဒေါသတကြီးနှင့် ပြန်ဖြေလိုက်ရာ ဂိုးလ်မင်းက ဖခုံးတွန့်လိုက်သည်။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မရသည်မှာ အထူးအဆန်းမဟုတ်။ စီမံကိန်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် ချယ်ယာမင်ကြီး၏ ကိုယ်ရေးထက်ထောက်တာဝန်ကို ပူးတွဲတာဝန်ယူနေသူ ဂိုးလ်မင်းသည် အလုပ်သဘောအရ ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီမှ ဌာနတိုင်းကို ဝင်ရောက်စွက်ဖက်နိုင်ခွင့် ရှိသည်။ ရှေ့ယခင်က ဂိုးလ်မင်းသည် ရေးပေါလ်ဆင်၏ဌာနကို မကြာခဏ ဝင်ရောက်စွက်ဖက်ခဲ့သည်။ ရေးပေါလ်ဆင်သည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံဇယားအရ ဂိုးလ်မင်းထက် ရာထူးနှစ်ဆင့် မြင့်သည့်တိုင်အောင် သူ့ ဘာမှမတတ်နိုင်ခဲ့ချေ။

နင်းမ်ဂိုးလ်မင်းက ထပ်ကန့်ကွက်ပြန်သည်။

"ဒီမှာ ရေး၊ ဒီလိုပြောနေလို့ ဘာမှအကျိုးထူးလာမှာ မဟုတ်ဘူး၊ လက်ရှိပြဿနာကိုပဲ ဆွေးနွေးကြရအောင်"

ယခုထက်တိုင် ဖြေရှင်း၍မရသေးသည့် မေးခွန်းမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် မတန်တဆ များပြားလာပြီး ထုတ်လုပ်ပေးနိုင်စွမ်းရှိသည့် ဓာတ်အားပမာဏထက် ကျော်လွန်သွားလေမည်လား။ အဖြေက 'ဟုတ်သည်' ဟုဆိုလျှင် ဓာတ်အားပေးစက်ရုံခွဲများ၏ ခလုတ်ခုံအားလုံး (မှ အလိုအလျောက် ဓာတ်အားဖြတ်တောက်သည့် ခလုတ်များ) ကို ဖွင့်ပစ်လိုက်ရန် လိုအပ်မည်ဖြစ်ရာ ကယ်လီဖိုးနီးယားပြည်နယ်ရှိ အချို့သောဒေသများတွင် ဓာတ်အားပြတ်တောက်သွားမည်ဖြစ်ပြီး ကိုးရိုးကားယား ဖြစ်ကုန်ကြလိမ့်မည်။

အရေးပေါ်လျှော့ချမှု အညိုရောင်အဆင့်ကို စတင်ကျင့်သုံးနေရပြီ ဖြစ်သည်။ နံနက် (၁၀) နာရီကစ၍ ဂိုးလ်ဒင်းစတိတ် ဓာတ်အားကုမ္ပဏီမှ လျှပ်စစ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



အားကို စယ်ယူသုံးစွဲသူများထံ လွှတ်ပေးနေသည့် ဗိုတ်အားများကို တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချခဲ့ရရာ ယခုအချိန်တွင် သာမန်အဆင့်ထက် ရှစ်ရာခိုင်နှုန်း လျော့နည်းနေပြီဖြစ်သည်။ ထိုကဲ့သို့ လျှော့ချသောကြောင့် ဓာတ်အားအနည်းငယ် ချွေတာရာရောက်သော်လည်း ဓာတ်အားသုံးကိရိယာ အသေးစားကလေးများဖြစ်သည့် ဆံပင်အခြောက်ခံစက်၊ လျှပ်စစ်လက်နှိပ်စက်နှင့် ရေခဲသေတ္တာ စသည်တို့သည် သာမန်ထက် ဗိုတ်အားတစ်ဆယ် လျော့နည်းရရှိကြမည်ဖြစ်ပြီး အကြမ်းပတမ်း ဆောင်ရွက်ရန် စီစဉ်ထားသည့် စက်ကိရိယာများသည် (၁၉) ဗို့တ်မှ ဗို့တ် (၂၀) အထိ လျော့နည်းကျဆင်းသွားမည် ဖြစ်သည်။ ဗို့တ်အားကျဆင်းသွားသဖြင့် စက်ကိရိယာများ၏ စွမ်းအင်သည်လည်း ကျဆင်းသွားပေလိမ့်မည်။ ၎င်းအပြင် လျှပ်စစ်မော်တာများသည် ခါတိုင်းထက် အသံပိုမြည်လာမည်ဖြစ်ပြီး လည်ပတ်ရာတွင်ပို၍ 'ပူ' လာမည်ဖြစ်သည်။ ဗို့တ်အား အနည်းအများကိုလိုက်၍ ပုံမှန်လည်ပတ်နိုင်အောင် မြှင့်ပေးနိုင်သော ကိရိယာများ တပ်ဆင်မထားသည့် ကွန်ပျူတာအချို့သည် အလိုအလျောက် ရပ်ဆိုင်းသွားကြပြီဖြစ်ပြီး ဗို့တ်အား ပုံမှန်အနေအထားသို့ ပြန်မရောက်မချင်း ရပ်ဆိုင်းနေမည်ဖြစ်သည်။ ထိုကိစ္စမှ ပေါက်ဖွားလာမည့် အကျိုးဆက်တရားတစ်ခုမှာ ရုပ်မြင်သံကြားစက်ပေါ်မှ ရုပ်ပုံများသည် ဖန်သားမျက်နှာပြင်ပေါ်တွင် အပြည့်အဝပေါ်မလာဘဲ ကျုံ့နေကြမည်ဖြစ်သည်။ သို့သော် တိုတောင်းလှသည့် အချိန်ပိုင်းအတွင်း၌သာဆိုပါက ဆိုးဆိုးရွားရွား ထိခိုက်ဖွယ်မရှိချေ။

သို့တိုင်အောင် 'အညိုရောင်' အဆင့်လျှော့ချမှုမှာ 'လက်ကုန်' ပင်တည်း။ ထို့ထက်ကျော်လွန်ခဲ့သော် လျှပ်စစ်မော်တာများမှာ မတန်တဆ ပူလာမည်ဖြစ်ပြီး၊ လောင်ကျွမ်းသွားနိုင်သည်သာမက မီးလောင်မှုဖြစ်ပွားနိုင်သည့် အန္တရာယ်ပင်ရှိသည်။ ထို့ကြောင့် အညိုရောင်အဆင့်အထိ လျှော့ချမှုနှင့် မလုံလောက်ခဲ့သော် နောက်ဆုံးအဆင့်မှာ ဓာတ်အားဖြတ်တောက်ခြင်းပင်ဖြစ်ပြီး အရပ်ဒေသပေါင်း မြောက်မြားစွာတွင် ဓာတ်အား လုံးဝဖြတ်တောက် သွားမည်သာတည်း။

နောက်နှစ်နာရီကြာလျှင် အဆုံးအဖြတ် ပေးပေလိမ့်မည်။ အကယ်၍ ပူအိုက်သောနေ့များတွင် အမှုဆုံးအချိန် ဖြစ်လေ့ရှိသော ညနေသုံးနာရီလောက်အထိ ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီသာ တစ်နည်းနည်းနှင့် တောင့်ခံထားနိုင်မည်ဆိုလျှင် ဓာတ်အားထုတ်လုပ်ပေးရမှုတာဝန်သည် နက်ဖြန်အထိ ပေါ့သွားပေလိမ့်မည်။ ဒါတလဲ နက်ဖြန်ခါသည် ပိုအေးသောနေ့ဟု ယူဆမည်ဆိုပါက ပြဿနာမရှိ။

သို့သော် တစ်နေ့လုံး တရှိန်ရှိန်တက်နေသော ဓာတ်အားထုတ်လုပ်ပေးရမှုနှုန်းသည် ဆက်တိုက်တက်နေဦးမည်ဆိုပါက အဆိုးဆုံးအခြေအနေသို့ ရောက်ရှိသွားနိုင်သည်။

ရေးပေါလ်ဆင်သည် လွယ်လွယ်နှင့် အရှုံးမပေးချေ။ သူက ထပ်ကွန်မြူန်သည်။



"ရာသီဥတုခန့်မှန်းခြေသာ တိတိကျကျမှန်မယ်ဆိုရင် မာဂါလီယာ အမှတ်နှစ်ကို ရပ်ထားမိမှာမဟုတ်ဘူး"

အများသိကြသည့်အတိုင်း ဒီကနေ့ဖြစ်ရသော ပြဿနာ၏ တစ်စိတ်တစ်ပိုင်းမှာ 'မာဂါလီယာစက်ရုံ' ပင်တည်း။

စကားရာမင်တိုမြို့၏ မြောက်ဘက်တွင်ရှိသော မာဂါလီယာအမှတ်နှစ် ဓာတ်အားပေးစက်ရုံသည် ဂိုးဒင်းစတိတ်ကုမ္ပဏီပိုင် စက်ရုံတစ်ခုဖြစ်သည်။ ရေနွေးငွေ့နှင့် မောင်းနှင်ရပြီး ကီလိုဝပ်ခြောက်သိန်း ထုတ်လုပ်ပေးနိုင်သည့် ဂျင်နရေတာကြီးတစ်လုံးဖြစ်သည်။ သို့သော် စတင်တည်ဆောက်သော လွန်ခဲ့သည့် ဆယ်နှစ်ကစ၍ မာဂါလီယာအမှတ်နှစ်သည် အမျိုးမျိုးဒုက္ခပေးခဲ့သည်။ ဘွိုင်လာပြွန်များ ထပ်တလဲလဲ အက်ကွဲသည့်အပြင် ပိုမိုဆိုးရွားသော အခြားချွတ်ယွင်းမှုများကြောင့် မကြာခဏဆိုသလို ရပ်ရပ်ထားခဲ့ရသည်။ မကြာခင်ကလည်း 'ဆူပါဟီတာ' ကို ပြန်လည်မတပ်ဆင်နိုင်သေးခင် ကိုးလလောက်ကြာအောင် ရပ်ထားခဲ့ရသေးသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က၍ မာဂါလီယာ၏ စက်ရုံမန်နေဂျာက စိမ့်ယိုနေသည့် ဘွိုင်လာပြွန်များကို ပြင်ဆင်လိုသဖြင့် စက်ကို ခေတ္တရပ်နားခွင့်ပေးပါရန် ရေးပေါလ်ဆင်ကို မေတ္တာရပ်ခံခဲ့သည်။ မနေ့ကအထိ ပေါလ်ဆင်က စက်ရပ်ခွင့်မပေးဟု ခပ်မာမာငြင်းခဲ့သည်။ ယခုလို အပူရှိန်တိုးမှု မဖြစ်ခင်ကပင် အခြားတစ်နေရာတွင် ရုတ်တရက်စက်ရပ်ပြီး ပြင်ဆင်ပြုပြင်မှုများကို ပြုလုပ်ခဲ့ရသောကြောင့် မာဂါလီယာအမှတ်နှစ်စက်ကို ဆက်လက်လည်ပတ်နေစေရန် လိုအပ်နေခဲ့သည်။ အမြဲတာဝစဉ်လုပ်ကြရသလို ယခုကိစ္စမှာ ဦးစားပေးရမည့်ကိစ္စများကို နှစ်ဖက်ချိန်ဆခြင်း၊ တစ်ခါတရံတွင် ဖြစ်လိုရာဖြစ် စွန့်၍လုပ်ရခြင်းမျိုးပင်။ မနေ့ညကမှ ဒီကနေ့အတွက် အပူရှိန်လျော့လာမည်ဆိုသော ရာသီဥတု ခန့်မှန်းခြေများကို ဖတ်ရှုပြီး အစစအရာရာကို ချိန်ဆ၍ မာဂါလီယာစက်အမှတ်နှစ်ကို ရပ်ခွင့်ပေးလိုက်သဖြင့် စက်ကိုချက်ချင်းရပ်ခဲ့သည်။ ပြင်ဆင်သည့် လုပ်ငန်းများကိုမူ နာရီပေါင်းများစွာကြာပြီး ဘွိုင်လာအိုး 'အေး'လာသည့်အခါကျမှ စတင်ဆောင်ရွက်ရမည် ဖြစ်သည်။ ယနေ့နံနက်တွင် စိမ့်ယိုနေသော ပိုက်လုံးပေါင်းမြောက်များစွာကို ဖြတ်ထုတ်နေကြသည်။ မည်မျှပင် အရေးတကြီး လိုအပ်နေစေကာမူ မာဂါလီယာအမှတ်နှစ်သည် နောက်ထပ်နှစ်ရက်အတွင်း ပြန်၍လည်ပတ်နိုင်တော့မည် မဟုတ်ချေ။

နင်းမ်ဂိုးလ်မင်းသည် ဆက်သွယ်ရေး စက်ခလုတ်ခုံတွင် ညှိနှိုင်းဆွေးနွေးနေသည်။ ယခု အသံသြဇာနှင့်ပြည့်စုံသော သူ့အသံက အခြားပုဂ္ဂိုလ်များ၏ စကားပြောသံများကို လွှမ်းမိုးပြီး ပေါ်ထွက်လာသည်။ သူက ကြေငြာလိုက်၏။

"နောက်နာရီဝက်ကြာရင် ဓာတ်အားဖြတ်တောက်မှုကို စ,လုပ်ရတော့မယ်၊

www.burmeseclassic.com



သို့လော သို့လော သံသယဖြစ်စရာ လုံးဝမရှိတော့ဘူး၊ လုပ်ကို လုပ်ရတော့မှာပဲ"

သူကဲ့ ချယ်ယာမင်ကြီးဘက်သို့ လှမ်းကြည့်ရင်း. . .

"တနယ်ဇင်းတွေကို လှမ်းအသိပေးသင့်ပြီလို့ ကျွန်တော်ထင်တယ်၊ ဒါမှ တီဗွီနဲ့ ရေဒီယိုတွေက ကြိုတင်သတိပေးနိုင်မှာ"

ဟမ်ဖရီက ပြန်ဖြေသည်။

"လုပ်လေ"

အခန်းထဲတွင်ရှိသူအားလုံး၏ မျက်နှာထားမှာ ခပ်တည်တည် ဖြစ်နေသည်။ ဒီတုမ္ဗကီ၏ သက်တမ်း (၁၂၅) နှစ်အတွင်း တစ်ခါမှ မဖြစ်ဖူးသော တခင်တကာ ဓာတ်အားဖြတ်တောက်ပစ်ရမည့် ကိစ္စသည် ဖြစ်လာရပေတော့မည်။

နင်းမ်ကိုးလ်မင်းသည် အခြားအဆောက်အုံတစ်ခုတွင်ရှိသော ပြည်သူ့ဆက်ဆံရေးဌာနသို့ တယ်လီဖုန်းဆက်၍ ညွှန်ကြားနေလေပြီ။

ဝိုးလ်ဒင်းစတိတ်၏ ပေါ်လစီအရ ဓာတ်အားဖြတ်တောက်ရမည့် ကိစ္စမျိုး ဖြစ်လာခဲ့သည်ရှိသော် ထိုကဲ့သို့ ဓာတ်အားဖြတ်တောက်မှုကို 'အဆင့်လိုက် မှောင်ချမှု'ဟု အသိပေးမည်ဖြစ်ပြီး ယာယီဖြတ်တောက်မှုသာဖြစ်ကြောင်း ကြေငြာရန် လွန်ခဲ့သော သုံးလေးလကစပြီး ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

ချယ်လာမင်ကြီးက မေးလိုက်သည်။

"တို့ ချိဖ် ဘယ်မှာလဲဆိုတာ တစ်ယောက်ယောက် သိကြသလား"

'ချိဖ်' ဆိုသည်မှာ အင်ဂျင်နီယာချုပ်ကို ဆိုလိုကြောင်း ရှင်းပြရန်မလို။ တည်တည်ငြိမ်ငြိမ်နှင့် မျာယာမခတ်တတ်သော စကော့လူမျိုး ဝေါလ်တာတောဘော့သည် အငြိမ်းစားယူရန် အချိန်နီးကပ်နေပြီ။ ယခုလို အခြေအနေဆိုးမျိုးတွင် ၎င်း၏ အမြော်အမြင်ရှိမှုမှာ ပြောစမှတ်ပြုရလောက်အောင် အားကိုးရသူတစ်ဦး ဖြစ်သည်။

နင်းမ်ဝိုးလ်မင်းက ပြန်ဖြေသည်။

"သိပါတယ်၊ သူက 'ဘစ်လီ'ကို စစ်ဆေးဖို့ထွက်သွားတယ်"

ချယ်ယာမင်ကြီးက မျက်မှောင်ကုပ်လိုက်၏။

"အဲဒီမှာတော့ ချွတ်ယွင်းချက် မရှိတန်ကောင်းဘူး ထင်ပါရဲ့"

လူတိုင်းလူတိုင်းသည် အပေါ်ဘက်တွင် 'လာမစ်ရှင် အမှတ်ငါး' ဟု စာကန်းထိုးထားသည့် စက်ခလုတ်ခုံဆီသို့ အလိုအလျောက် လှမ်းကြည့်မိကြသည်။ 'ဘစ်လီ' ဆိုသည်မှာ ၎င်းပင်တည်း။ မြို့နှင့် မိုင်ငါးဆယ်ဝေးသော နေရာတွင် တည်ဆောက်ထားသော လာမစ်ရှင် ဓာတ်အားပေးစက်ရုံ၌ အသစ်လွင်ဆုံးနှင့် အကြီးဆုံး ဂျင်နရေတာပင်တည်း။

ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရှိ 'လီလီယန် စက်မှုလက်မှုကုမ္ပဏီ' က တည်ဆောက်ပေးသော 'ဘစ်လီ' သည် ကီလိုဝပ် တစ်သန်းနှစ်သိန်းငါးသောင်းကို ထုတ်လုပ်ပေးနိုင်စွမ်း ရှိသည်။ ဤဂျင်နရေတာမှာ လောင်စာဆီ မြောက်မြားစွာကို အသုံးပြု၍ အလွန်အလွန် အပူရှိန်များသော ရေနွေးငွေ့ဖြင့် ကြီးမားသော တာဘိုင်စက်ကြီးများအား လည်ပတ်စေရသော စက်ဖြစ်သည်။

ယနေ့ ကွပ်ကဲရေးရုံးခန်းရှိ အခြေပြဇယားအရ အားရစရာကောင်းသည့် အချက်မှာ 'ဘစ်လီ'သည် လျှပ်စစ်ဓာတ်အားကို အစွမ်းကုန် ထုတ်လုပ်ပေးလျက်ရှိပြီး ကုမ္ပဏီမှ တာဝန်ယူနေသော စုစုပေါင်း စွမ်းအင်ပမာဏ၏ ခြောက်ဆယ်ရာခိုင်နှုန်းကို တာဝန်ယူ ထုတ်လုပ်ပေးနေကြောင်း တွေ့ရသည်။

ရေးပေါလ်ဆင်က ချယ်ယာမင်ကြီးကို တင်ပြသည်။

"ဒီကနေ့ မနက်စောစောပိုင်းက တာဘိုင်တစ်ချို့မှာ တုန်ခါမှုရှိနေတယ်လို့ အစီရင်ခံတယ်၊ ကျွန်တော်နဲ့ 'ချိဖ်' ဆွေးနွေးကြတယ်၊ ဒီကိစ္စဟာ သိပ်အရေးကြီးတယ် တော့တ်နိုင်ပေမယ့် ကျွန်တော်တို့နှစ်ယောက်စလုံး သူ သွားစစ်ဆေးသင့်တယ်လို့ ညှိလိုက်ကြတယ်"

ဟမ်ဖရီက သဘောတူကြောင်း ခေါင်းညိတ်လိုက်သည်။ ဘာပဲပြောပြော ဒီနေရာတွင် ချိဖ်အင်နေနှင့် ဘာမှလုပ်နိုင်မှာမဟုတ်။ သူရှိနေလျှင်သာ တအားတက်စရာ ရှိသည်။

ထိုအခိုက်မှာပင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မြောက်မြားလှစွာသော စက်ခလုတ်ခုံများအကြားရှိ 'လာမစ်ရှင် အမှတ်ငါး'ဆိုသော နဖူးစည်းစာတန်းအောက်မှ တီတီ့တီတီနှင့် အရေးတကြီး မြည်လာသော ခပ်တိုတို အသံရှည် အချက်ပေးသံများ ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် အန္တရာယ်အချက်ပြ သင်းရောင်နှင့် အနီရောင်မီးသီးများသည် လင်းလိုက်၊ မှိတ်လိုက်နှင့် စပေါ်လာသည်။ လာမစ်ရှင်အမှတ်ငါး၏ ထုတ်လုပ်မှု အခြေပြဇယားပေါ်၌ အလိုအလျောက် မင်နှင့်ရေးဆွဲပြနေသော လက်တံသည် ကိုးရိုးကားယား ဖြစ်လာပြီးနောက် အောက်ဘက်သို့ ထိုးဆင်းကျသွားသည်။

တစ်ယောက်ယောက်၏ အထိတ်တလန့်အော်သံ ပေါ်လာသည်။

"မြတ်စွာဘုရား၊ ဘစ်လီတော့ လမ်းချော်သွားပြီဗျို့"

အဆိုပါ ဂရပ်ဖ်ဇယားကို ရေးဆွဲမှတ်သားပြနေသော ကိရိယာသာမက အခြားကိရိယာများပါ သူညသို့ ထိုးကျသွားသဖြင့် ဘစ်လီ ချွတ်ယွင်းသွားသည်မှာ သံသယဖြစ်စရာမလို။

ဂယက်ရိုက်မှုကလည်း သိပ်မြန်သည်။ ကွပ်ကဲရေးရုံးရှိ အထူးလျှင်မြန်စွာ ဆော်တမ်းတင်နိုင်သော (လျှပ်စစ်) လက်နှိပ်စက်သည် ချက်ခြင်းဆိုသလို အသက်ဝင်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားလာပြီး ဓာတ်အားပေးစက်ရုံခွဲများရှိ ဓာတ်အားဖြတ်တောက် လမ်းလွှဲပေးသော လိုင်းခွဲဌာနများမှ ကွန်ပျူတာများဆီသို့ ရာနှင့်ချီ၍ဝင်လာသော အခြေအနေ အစီရင်ခံစာများကို တချောက်ချောက်နှင့် ထုတ်လုပ်ပေးလျက်ရှိသည်။ ဓာတ်အားဖြတ်တောက်သည့် ခလုတ်များကို ဖွင့်ပစ်လိုက်သောကြောင့် လျှပ်စစ်ဓာတ်အားပေးနေသည့် လုပ်ငန်းကြီး တစ်ခုလုံးကို မပျက်စီးအောင် ကာယ်ဆယ်လိုက်နိုင်ခြင်းသာမက အခြားသော ဂျင်နရေတာများကိုပါ မထိခိုက်အောင် ကာကွယ်လိုက်နိုင်သည်။

သို့သော် ထိုလုပ်ရပ်ကြောင့် အချို့အချို့သော ဒေသကြီးများတွင် လျှပ်စစ်ဓာတ်အားများ လုံးဝ ပြတ်တောက်သွားလိမ့်မည်သာတည်း။

□ □ □

# အခန်း (၂)

လာမစ်ရှင် ဓာတ်အားပေးစက်ရုံ၌ လုံးဝဆိုင်းမဆင့်ဗုံမပါဘဲ ပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့သည်။

မဖြစ်ပွားခင် နာရီဝက်စော၍ အင်ဂျင်နီယာချုပ် ဝေါလ်တာဘောဘ့ဘ်သည် လာမစ်ရှင်အမှတ်ငါးစက်ကို စစ်ဆေးရန် ရောက်ရှိလာသည်။ အင်ဂျင်နီယာချုပ်သည် ခပ်ပိန်ပိန်ရှည်ရှည်နှင့် အပြင်ပန်းတွင် ခက်ထန်ဟန်ရှိသော်လည်း အတွင်းစိတ်ကမူ သဘောကောင်းကောင်း လျှောင်တောင်တောင်နှင့် ဟာသစိတ်ဓာတ်ရှိသူ ဖြစ်သည်။ သူသည် အကိုပဲလုပ်လုပ် အေးအေးဆေးဆေး စိတ်ရှည်လက်ရှည် လုပ်ချင်သူဖြစ်ရာ၊ ယနေ့တွင်လည်း လာမစ်ရှင် ဓာတ်အားပေးစက်ရုံ ကြီးကြပ်ရေးမှူး ဒါနိုင်လီနှင့်အတူ အစ်လီကို ခိမ်ခွေပြန်ပြေ စစ်ဆေးသည်။

သာမန်ကြားရလေ့ရှိသော တဝီးဝီးမြည်သံထက် ပို၍ထူးခြားသော တုန်ခါသံသည်၊ တစ်ခါတစ်ရံတွင် တာဘိုင်အတွင်းဘက်မှ ခပ်သွဲ့သွဲ့ကလေး ပေါ်ထွက်နေသည်ကို အလေ့အကျင့်ရှိသော အင်ဂျင်နီယာချုပ်နှင့် ကြီးကြပ်ရေးမှူးတို့က ကြားကြရသည်။ သို့ရာတွင် 'မိန်းဘယ်ရာရင်' အား နိုင်လွန်ထိပ်ဖုံးတပ်ထားသော ကိရိယာနှင့် ထိုးကြည့်သော စမ်းသပ်မှုမျိုး အပါအဝင်၊ နည်းအမျိုးမျိုးနှင့် စမ်းသပ်ကြည့်ပြီးနောက် အင်ဂျင်နီယာချုပ်က ကောက်ချက်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူစရာ လုံးဝမဟုတ်ပါဘူးကွာ၊ ဒီကောင်ကြီးက ဒုက္ခပေးမှာ မဟုတ်ပ ဘူး၊ ပြီးတော့လည်း အခြေအနေအေးဆေးသွားတဲ့ အခါကျရင်၊ ဘာလုပ်သင့်တယ်ဆ တာကို ကြည့်ကြသေးတာပေါ့"

သူစကားပြောခိုက်တွင်၊ ဘုရားရှိခိုးကျောင်းပုံစံ တည်ဆောက်ထားသော တာ ဘိုင်စက်ထားရှိရာ ခန်းမဆောင်ကြီးအတွင်း 'ဘစ်လီ'၏အနားရှိ သံချောင်းများကို စီ၍ ခင်းထားသော ကြမ်းပြင်ပေါ်တွင် နှစ်ယောက်စလုံး မတ်တတ်ရပ်နေကြသည်။ ဘီလူ သဘက်ပမာ ကြီးမားသော တာဘိုင်ဂျင်နရေတာကြီးအား၊ 'လမ်းတပြ'လောက်ရှည်လျာ ပြီး ကုန်းပေါ်သို့ လာတင်နေသော ဝေလငါးကြီးများပမာ ကြီးမားလှသည့် ကွန်ကရ အောက်ခံ ခုံကြီး (၇) ခုပေါ်တွင် တင်ထားသည်။ ဂျင်နရေတာကြီး၏ အောက်ဖက်တွင် ဘွိုင်လာအိုးမှ တာဘိုင်စက်ဆီသို့ ရေနွေးငွေ့ပို့သော ပိုက်လုံးများနှင့် အခြားကိရိယာမျိုး သည် တမြုံတထွေးကြီး ရှိနေကြသည်။ သူတို့နှစ်ယောက်စလုံးသည် သံခမောက်ကိုယ် ဆောင်းထားကြသည်သာမက (နားမအူအောင်) နားရွက်အုပ်များကိုပါ တပ်ဆင်ထားကြ သော်လည်း ပေါက်ကွဲသည့်ကိစ္စကိုတော့ ဘာမှမတတ်နိုင်။ အင်ဂျင်နီယာချုပ်နှင့် ကြီးကြပ်ရေးမှူးတို့သည် ဒုတိယတန်းစား ဗိုင်းနမိုက်မျိုး၏ ပေါက်ကွဲမှုဒဏ်ကို ချက်ချင်း ခံလိုက်ရသည်။ ထိုပေါက်ကွဲမှုဒဏ်ကြောင့် ဘွိုင်လာအိုးမှ တာဘိုင်စက်သို့ ရေနွေးငွေ့ပေ ပို့ရာ ပိုက်လုံးများအနက် အချင်းသုံးပေရှိသော ပိုက်လုံးတစ်လုံးနှင့် ချောဆီပို့လွှတ်ရာ ပိုက်လုံးငယ်တစ်ခုတို့ ကွဲပေါက်သွားကြသည်။ ထိုပေါက်ကွဲသံသည် လွတ်ထွက်လာ သော ရေနွေးငွေ့များနှင့် ပေါင်းစပ်မိပြီး၊ မိုးခြိမ်းသံပမာ နားမခံသာသော အသံကြီးမျိုး တို့ ဖြစ်ပေါ်လာစေသည်။ ထို့နောက် ဖာရင်ဟိုက်ဒီကရီ တစ်ထောင်အထိ၊ အပူချိန်ရှိပြီး တရုန်းတစ်လက်မလျှင် ဖိအား ပေါင်နှစ်ထောင့်လေးရာနှင့် ဖိနှိပ်ထားသော ရေနွေးငွေ့ များသည်၊ သံချောင်းများကို စီ၍ခင်းထားသော သူတို့ နှစ်ယောက် မတ်တတ်ရပ်နေရ ကြမ်းပြင်အောက်မှ ပန်းထွက်လာကြ၏။

သူတို့နှစ်ယောက်စလုံး ပွဲချင်းပြီး သေသွားကြသည်။ နောက်ထပ်စက္ကန့်ပိုင် အကြာတွင် လွင့်စင်လာသော သံတိုသံစတစ်ခုမှ ပေါ်ထွက်လာသော မီးပွားကလေ တစ်ခုကြောင့် ပေါက်ထွက်သွားသော ချောဆီပိုက်လုံးကို မီးစွဲလောင်သဖြင့် ဘိုမြင်ကွင် တစ်ခုလုံးကို မဲမှောင်သော မီးခိုးလုံးကြီးများက ဖုံးအုပ်သွားသည်။

တာဘိုင်ခန်းမဆောင်ကြမ်းပြင်၏ အထက်ဖက် ခပ်မြင့်မြင့်နေရာတွင် ငြမ်းထို ၍ ဆေးသုတ်နေသူ စက်ရုံအလုပ်သမားနှစ်ဦးသည် ပေါ်ထွက်လာသော မီးခိုးမဲမဲများ အန္တရာယ်ကြောင့် ၄င်းတို့၏အပေါ် ဘက် (၁၅) ပေခန့်အကွာတွင်ရှိသော ကြွက်လျှောက် ပေါ်သို့ မမြင်မကန်းနှင့် လှမ်းတက်ရန် ကြိုးစားကြရာ အပေါ် မရောက်ဘဲ အောက်သို့ လိမ့်ကျပြီး သေကြရသည်။



ထိုနေရာမှ ပေနှစ်ရာဝေးကွာသော တံခါးနှစ်ထပ်ခံထားသော မာတ်အားပေး စက်ရုံ၏ ကွပ်ကဲမှုရုံးခန်းတစ်ခုတည်းသော ဘေးအန္တရာယ်မှ လွတ်ကင်းသွားသည်။ စက် အမှတ် (၅) ၏ ထိန်းချုပ်မှုခလုတ်ခုံတွင် ရှိနေသော စက်ဆရာ၏ လျှင်မြန်ဖျတ်လတ်မှု၊ [illegible] ရေတာ၏ အရေးပါသော အစိတ်အပိုင်းများအား ပျက်စီးချို့ယွင်းမှုမရှိစေဘဲ ဘစ်လီကို ရပ်ပစ်နိုင်ခဲ့သည်။

လာမစ်ရှင်စက်ရုံတွင် ရက်ပေါင်းများစွာကြာအောင် စုံစမ်းစစ်ဆေးမှုများ ပြု လုပ်ကြရလိမ့်မည်။

ထိုနေ့နံနက် (၁၁း၄၀) နာရီတွင် ကိုယ်လုံးကိုယ်ပေါက် မကြီးမသေး၊ မုတ် ဆိတ်ကျင်စွယ်ကို စင်ကြယ်အောင် ရိတ်ပယ်ထားသော အသားအရေ ဖြူဖတ်ဖြူရော်နှင့် သံကိုင်းမျက်မှန်တပ် လူဖြူအမျိုးသားတစ်ဦးသည် 'ကယ်တင်ခြင်းတပ်'မှ အရာရှိဝတ်စုံနှင့် လာမစ်ရှင် မာတ်အားပေးစက်ရုံ၏ ပင်မဂိတ်ဝသို့ ခြေလျင်လျှောက်လာသည်။ သူသည် အတက်ချိကော့စ်စတိုင် လက်ဆွဲအိတ်တစ်လုံးကို ကိုင်လာသည်။

ဂိတ်ဝမှ လုံခြုံရေးအစောင့်က စစ်ဆေးသည့်အခါ ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ၏ စာရေးစက္ကူပေါ်တွင် ဤဝင်းအတွင်းသို့ဝင်၍ ကယ်တင်ခြင်းတပ်အတွက် ရန်ပုံငွေ ကောက်ခံရန် ခွင့်ပြုထားသော စာတစ်စောင်ကို ထုတ်ပြသည်။

လုံခြုံရေးအစောင့်က ဒုတိယထပ်တွင်ရှိသော ကြီးကြပ်ရေးမှူး၏ရုံးခန်းသို့ မည်သို့မည်ပုံ သွားရမည်ဖြစ်ကြောင်း လမ်းညွှန်လိုက်သည်။ ထိုဧည့်သည်သည် နောက် ထပ် မိနစ်နှစ်ဆယ်အကြာတွင် ပြန်လည်ရောက်ရှိလာပြီး ဂိတ်ဝမှ ပြန်ထွက်သွားသည်။ သူသည် လက်ဆွဲအိတ်ကို ကိုင်ထားလျက်ပင် ရှိသေးကြောင်း သတိထားလိုက်မိသည်။

နောက်တစ်နာရီအကြာတွင် ပေါက်ကွဲမှုဖြစ်ပွားသည်။

လုံခြုံရေးကိစ္စကို ပိုမိုဂရုစိုက်မည်ဆိုပါက ဧည့်သည်တစ်ယောက်အား လိုက် လံပြသ,သူ အဖော်မပါဘဲနှင့် မာတ်အားပေးစက်ရုံထဲသို့ ဝင်ခွင့်မပေးရချေ။ သို့ရာတွင် အခြားအခြားသော ပြည်သူ့အကျိုးပြု ကုမ္ပဏီအများစုလိုပင် ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ သည်လည်း လုံခြုံရေးကိစ္စတွင် အခက်အခဲကြုံနေရသည်။ မာတ်အားပေးစက်ရုံ (၉၄)ခု၊ ဂိုဒေါင်နှင့်ဝပ်ရှော့ အလုံး (၂၀) ကျော်၊ မည်သို့မျှ အစောင့်အကြပ် ထားနိုင်စွမ်းမရှိသည့် မာတ်အားပေးစက်ရုံခွဲများက ရာပေါင်းများစွာ၊ တစ်နေရာနှင့် တစ်နေရာ ဝေးဝေးလံလံ တည်ရှိနေကြသော ခရိုင်ရုံးခွဲများအပြင် မိုးထိတိုက်ကြီးနှစ်လုံးပါဝင်သော ဗဟိုရုံးချုပ် စသည်တို့ကိုသာ လုံခြုံမှု အပြည့်အဝရှိအောင် စီစဉ်ထားရမည်ဆိုပါက၊ ငွေကြေးအကုန် အကျ အလွန်များပေလိမ့်မည်။

ထို့ကြောင့် လုံခြုံရေးဆိုင်ရာဝန်ထမ်း အနည်းငယ်မျှသာထားရှိပြီး ဖြစ်ခါမှဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော သဘောမျိုးနှင့် စွန့်စားလုပ်ဆောင်နေရခြင်း ဖြစ်သည်။

လာမစ်ရှင် ဓာတ်အားပေးစက်ရုံ၌ လူဆေးယောက် အသက်ဆုံးရှုံးရသည် အထိ ဖြစ်ခဲ့ရသည့် စွန့်စားချက်မှာ တန်ဖိုးကြီးမားလွန်းလှပေသည်။

ရဲတပ်ဖွဲ့၏ စုံစမ်းချက်အရ ကယ်တင်ခြင်းတပ်မှ အရာရှိဆိုသူမှာ အတု အယောင်ဖြစ်သလို သူထုတ်ပြသောစာမှာလည်း အတုဖြစ်နေသည်။ ဂိုးလ်ဒင်းစတိတ်၏ စာရေးစက္ကူမှန်ကန်သော်လည်း ရနိုင်ရန် သိပ်မခဲယဉ်းချေ။

ငှင်းအပြင် ထိုညသည်သည် အဲထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် ကြီး ကြပ်ရေးမှူး၏ ရုံးခန်းသို့ မသွားခဲ့ကြောင်း ထင်ရှားသည်။

ထိုပုဂ္ဂိုလ်သည် ပင်မကြမ်းပြင်အောက်ထပ်သို့ သံလှေကားတိုလေးမှ ဆင်း သွားခဲ့ခြင်း ဖြစ်ပုံရသည်။ ထိုအောက်ထပ်မှာ ပင်မကြမ်းပြင်ကဲ့သို့ပင် နံရံများနှင့် ကန့်ထား ခြင်းမရှိဘဲ ရှင်းရှင်းလင်းလင်းရှိသောကြောင့် လာမစ်ရှင် ဓာတ်အားပေးစက်ရုံရှိ ဂျင်နရေ တာပေါင်း မြောက်မြားစွာ၏ အောက်ပိုင်းများကို သံချောင်းများ စီခင်းထားသော အပေါ်ဘက် ကြမ်းပြင်ပေါ်မှနေ၍ ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်သည်။ 'ဘစ်လီ'ကို တော့ အထူးပြောစရာမလို၊ အရွယ်ပမာဏနှင့်ဝင် သိလောက်သည်။

တစ်ဖန် လာမစ်ရှင်လို စက်ရုံများသည် အလိုအလျောက်စက်များကို တပ်ဆင် အသုံးပြုလေ့ရှိသောကြောင့် ဝန်ထမ်းအနည်းငယ်မျှသာရှိသဖြင့် သူ့အား မြင်တွေ့သွား သည်ကိုလည်း သိပ်စိုးရိမ်ဖွယ်ရာ မရှိကြောင်း သိထားပုံရသည်။

သူ ဒိုင်းနမိုက်ထားရန် ရွေးချယ်ခဲ့သည့်နေရာကြောင့် သူသည် ဂျင်နရေတာ များအကြောင်း နှံ့နှံ့စပ်စပ်မသိသည်မှာ သေချာသည်။ အကယ်၍ 'မိန်းရှပ်ဖ်'၏ အောက် တည့်တည့်တွင် ထားခဲ့မည်ဆိုပါက ပိုမို၍ ဆိုးဆိုးရွားရွား ပျက်စီးမည်ဖြစ်ပြီး ဘစ်လီကို တစ်နှစ်ခန့် သုံးမရဘဲရှိလိမ့်မည်။

ငှင်းပြန်ထွက်သွားပြီးနောက် ငှင်း၏လှုပ်ရှားမှုကို ဆက်လက်စုံစမ်း၍ မရတော့ ချေ။ အထူးတလည် ကြိုးစားပမ်းစား စုံစမ်းထောက်လှမ်းသည့်တိုင်အောင် သူ့အားဖော် ထုတ်၍ မရနိုင်ခဲ့ချေ။

'လွတ်လပ်ရေး၏ မိတ်ဆွေများ' ဆိုသော မြေအောက်တော်လှန်ရေး အဖွဲ့ တစ်ဖွဲ့က သိုက်စွသည် ငှင်းတို့၏ လက်ချက်ဖြစ်ကြောင်း အသံလွှင့်ဌာနတစ်ခုသို့ တယ် လီဖုန်းဆက်၍ ပြောခဲ့သည်။

သို့သော် ထိုကိစ္စအားလုံးကို နောက်မှသိကြရခြင်း ဖြစ်သည်။ လာမစ်ရှင်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး မိနစ်ကိုးဆယ်နောက်ပိုင်းတွင် သပွတ်အူလိုက်၍ နေမဲ့သည်။

ဘစ်လီ၏ ပျက်စီးမှုကို ကမန်းကတန်း စစ်ဆေးလိုက်သောအခါ သိပ်မများလှ ကြောင်း တွေ့ရသည်။ ချောဆီပေးပိုမှု ရပ်ဆိုင်းသွားသဖြင့် ပျက်စီးသွားသော 'ဘယ်ရာ



ရင်' တစ်ခုကိုသာ လဲလှယ်ပေးရမည်။ ဒါလောက်ပဲ ဖြစ်သည်၊ ပျက်စီးသွားသော ဝိုက်လိုင်းများအား လဲလှယ်တပ်ဆင်မှုအပါအဝင် စုစုပေါင်း ပြင်ဆင်ရမည့်ရက်မှာ တစ်ပတ်ခန့်သာ ကြာမည်။ ဇေါ်တော့တော့ ပြောရမည်ဆိုလျှင်တော့ အင်ဂျင်နီယာချုပ် လာရောက်စစ်ဆေးခဲ့သော အနည်းငယ်တုန်ခါသည်ဆိုသည့် ချွတ်ယွင်းချက်ကလေးကို ပါ တစ်ပါတည်း ပြင်ဆင်ပေးနိုင်မည် ဖြစ်သည်။

❒

နင်းမ်ဂိုးလ်မင်းသည် ကွပ်ကဲမှုရုံးခန်းနှင့် မှန်နံရံတစ်ချပ်သာ ခြားထားပြီး ကွပ်ကဲမှုရုံးခန်းထက် အနည်းငယ်ပိုမြင့်သော လေ့လာရေးစကြံခန်းပေါ်၌ မကြာသေးခင် ကမှ ဝင်ခွင့်ပြုလိုက်သော တီဗီ၊ ရေဒီယိုနှင့် သတင်းစာများမှ သတင်းထောက်များနှင့် အတူရှိနေသည်။ ပြည်သူ့ဆက်ဆံရေးဌာနကို တာဝန်ယူရသော ဂိုးလ်ဒင်းစတိတ်၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ တီရေစာဝန်ဘူရင်က နင်းမ်အား လက်တန်းကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံခဲ့သောကြောင့် ရောက်ရှိနေခြင်းဖြစ်သည်။

ငှင်းတို့မေးကြသည့် မေးခွန်းများကို ဖြေကြားရာတွင် တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်မှုများကြောင့် သတင်းထောက်အချို့က မကျေမချမ်း ဖြစ်နေကြသည်။

'ကယ်လီဖိုးနီးယား အိဗ်ဇင်းမနား' သတင်းစာမှ နန်စီမိုလီနေ့က ထ,ကန့် ကွက်သည်။

"မြတ်စွာဘုရား၊ ကျွန်မတို့ ဘာကိစ္စနဲ့ ဒီကိုလာရသလဲဆိုတာကိုသာ ပြောစမ်း ပါ။ ဘာတွေဖြစ်ကုန်လို့လဲ၊ ဘယ်သူ့မှာ တာဝန်ရှိသလဲ၊ ဘာပဲဖြစ်ဖြစ် အဲဒီကိစ္စကို ဘယ်လိုပြုပြင်မှာလဲ၊ ဘယ်တော့ မီးပြန်လင်းမှာလဲ"

မိုလီနေ့ (ဆိုသော အမျိုးသမီး) သည် စိတ်ဓာတ်ပြင်းထန်လွန်းသူဖြစ်ပြီး၊ မပြင်မဆင်ဘဲနှင့်ပင် စွဲမက်စရာကောင်းသူ ဖြစ်သည်။ သွယ်လျလျ ကိုယ်လုံးပေါ်တွင် အဘိုးထိုက်အဘိုးတန် အဝတ်အစားများနှင့် ကြော့ကြော့မော့မော့လေး ရှိသူဖြစ်သည်။ ပြီးတော့ သူက လူမဲအမျိုးသမီး။ သူသည် လုပ်ငန်းသဘောအရ ပြောရလျှင်၊ လာဘ်ပေး လာဘ်ယူမှုများကို စုံစမ်းထောက်လှမ်း၍ ဖော်ထုတ်ရာတွင် နာမည်ရသူဖြစ်သည်။ သူ့မျက်နှာထားမှာ စပ်စပ်စုစုသိလိုမှုနှင့် လူတစ်ဘက်သားအား အထင်မြင်သေးမှုတို့ အပေါ်တွင် နှာခေါင်းရှုံ့ချင်မှုနှင့် ပေါင်းစပ်ထားသည်။ နင်းမ်ကတော့ ဒီအမျိုးသမီးသည် အလွန်ကလိမည့်သူဟု မှတ်ချက်ချသည်။ ယခင်က ဂိုးလ်ဒင်းစတိတ်အကြောင်း သူရေးခဲ့ သမျှတွင်လည်း ကောင်းကွက် တစ်ခုမျှမပါခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



နင်းမ်သည် စိတ်ဆိုးဆိုးနှင့် ခွန်းတုံ့ပြန်လိုစိတ်ကို ချိုးနှိမ်ရင်း ရှင်းပြသည်။

"ဘာဖြစ်သလဲဆိုတာကတော့ လာမစ်ရှင်မှာ ပေါက်ကွဲမှုဖြစ်သွားလို့ပါ။ ကျွန်တော်တို့ရဲ့ ဝန်ထမ်းလေးယောက် သေဆုံးသွားတယ်"

တစ်ယောက်က မေးပြန်၏။

"ပေါက်ကွဲမှုဖြစ်ရခြင်း အကြောင်းရင်းကိုကော သိသလား"

"မသိပါဘူး"

မိုလီနော့က ကြားဖြတ်မေးသည်။

"မီး ဘယ်တော့ပြန်လာမှာလဲ"

နင်းမ်က ဖြေသည်။

"တချို့နေရာတွေမှာ ဓာတ်အားပြန်လွှတ်ပေးနေပါပြီ၊ ညပိုင်းကျရင် အစစအရာရာ အဆင်ပြေသွားပါလိမ့်မယ်"

"အဲလေ၊ ဝေါလ်တာတောဘော့က လွဲရင်ပေါ့လေ" ဟု နင်းမ်က တွေးမိသည်။ ပေါက်ကွဲမှုတွင် အင်ဂျင်နီယာချုပ်ပါ ဝါဝင်သေဆုံးသွားသည်ဆိုသော သတင်းသည် တွပ်ကဲမှုရုံးသို့ လွန်ခဲ့သော မိနစ်ပိုင်းအတွင်းကမှ ရောက်ရှိလာခဲ့သည်။ အင်ဂျင်နီယာချုပ်နှင့် နှစ်ပေါင်းကြာရှည်စွာ ရင်းနှီးခဲ့သူ နင်းမ်သည် တောဘော့အတွက် ဝမ်းနည်းဖို့ပင် အချိန်မရသေးချေ။

သတင်းဌာနတစ်ခုမှ သတင်းထောက်တစ်ယောက်က မေးပြန်၏။

"နက်ဖြန်ခါကျရင် မီးမှောင်ချတာမျိုး ရှိလာဦးမှာလား"

"အပူရှိန်လျော့သွားလိမ့်မယ်လို့ သိထားရတဲ့အတွက် အပူရှိန်လျော့သွားရင် ဖြစ်စရာမရှိပါဘူး"

မေးခွန်းများကို ဆက်မေးနေကြစဉ် ပြည်သူ့ဆက်ဆံရေးဌာန၏ ညွှန်ကြားရေးမှူး တီရေစာဗန်ဘူရင်သည် မိနစ်အနည်းငယ် ပျောက်နေရာမှ အခန်းထဲသို့ ပြန်ဝင်လာသည်။ သူသည် ခပ်ပုပု၊ ခပ်ဝဝနှင့် ပျာယာခတ်တတ်သော အသက် (၄၅)နှစ်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူသည် ဆံပင်ကို ဖီးသင်လေ့မရှိဘဲ၊ မသပ်မရပ်နှင့် ပိုသီပတ်သီနေတတ်သူဖြစ်ရာ ကော်ပိုရေးရှင်းမှ အတွေ့အကြုံရင့်ကျက်သော အဆင့်မြင့် ဝန်ထမ်းတစ်ဦးအစား အလုပ်ရှုပ်နေသော အိမ်ရှင်မတစ်ယောက်နှင့် ပိုတူနေသည်။

မစ္စစ်ဗန်ဘူရင်က ပြောလိုက်၏။

"ကျွန်မမှာ ကြေငြာစရာတစ်ချက် ရှိပါတယ်"

သူ့အသံမှာ တုန်တုန်ရင်ရင် ဖြစ်နေသည့်အပြင် သူ့လက်ထဲက စာရွက်မှာလည်း တုန်ခါနေသည်။ တစ်ခန်းလုံး ငြိမ်သွားသည်။

"ကျွန်မကို ထုတ်ဖော်ပြောပြခွင့်ပေးလိုက်တဲ့ အချက်တစ်ချက်ကတော့ ခုအချိန်မှာ သက်သေသက်ကန် အထောက်အထား မရှိသေးပေမယ့် ဒီပေါက်ကွဲမှုဟာ အဖျက်သမားတွေရဲ့ နှောင့်ယှက်မှုလို့ သံသယရှိနေတယ် ဆိုတာပါပဲ"



မေးခွန်းတွေကို နောက်ထပ် တသီကြီး မေးမြန်းနေကြစဉ် နင်းမ်သည် မသိမသာ လျှို၍ပြန်ထွက်ခဲ့သည်။

□

ဇဟိုပင်မဓာတ်အားကွပ်ကဲရုံး၏ ညွှန်ကြားချက်ဖြင့် ပြတ်တောက်သွားသော လျှပ်စစ်ဓာတ်အားဖြန့်ချိရေး စက်ယန္တရားကြီးသည် တစ်စတစ်စနှင့် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာသည်။ ဆက်သွယ်ရေး စက်ခလုတ်ခုံတွင်ရှိနေသော လိုင်းမှူးချုပ်သည် ဆုံလည်ကုလားထိုင်ပေါ်တွင် နောက်မှီ၍ ထိုင်ချလိုက်ပြီး အခန်းထဲသို့ ပြန်ဝင်လာသော နင်းမ်ဘက်သို့ ဖြတ်ကနဲလှည့်ရင်း ပြောလိုက်သည်။

"ကျုပ်တို့တော့ အိမ်ရောက်ဖို့ ခရီးတစ်ဝက်ပဲလို့တော့တယ် မစ္စတာဂိုးလ်မင်း"

သူဆိုလိုသည်မှာ ပြတ်တောက်သွားသော စုစုပေါင်းဓရိ၏ တစ်ဝက်ခန့်တွင် ဓာတ်အားအပြည့်အဝ ပြန်လည်ရရှိနေပြီဖြစ်ပြီး ဓာတ်အားလွှတ်ပေးသည့်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေသည် ဆိုခြင်းပင်။ ဓာတ်အားဖြတ်တောက်ရာတွင် လူက ဖြတ်တောက်ပစ်သည်ထက် ကွန်ပျူတာနှင့် ဖြတ်တောက်ပစ်ခြင်းက ၍မြန်ဆန်သည်။ သို့သော် ဓာတ်အားကို ပြန်လွှတ်ပေးသည့်အခါ ဇဟိုပင်မ ဓာတ်အားကွပ်ကဲရေးရုံး၏ ထိမ်းညွှန်မှုဖြင့် လူပုဂ္ဂိုလ်များက တိုက်ရိုက်ခလုတ်ဖွင့်၍ ပြန်လွှတ်ကြရသည်သာ။

မြို့ကြီးများနှင့် မြို့များက ဦးစားပေးအဆင့်တွင် ရှိသည်။ ပို့နောက် တစ်ခရိုင်ပြီး တစ်ခရိုင် ဓာတ်အားပြန်လည်ရရှိလာသည်။ ဆင်ခြေဖုံးရပ်ကွက်များ အထူးသဖြင့် စက်ရုံအလုပ်ရုံ ထူထပ်စွာရှိနေသည့် နေရာများထံ နောက်တစ်ဆင့် လွှတ်ပေးသည်။ ပြီးမှ ကျေးလက်တောရွာများထံ ဓာတ်အားပို့လွှတ်မည်။ ဝေးလံခေါင်သီသော နေရာများသာမူ အောက်ဆုံးအဆင့်၌ ရှိသည်။

ခြွင်းချက် အနည်းငယ်တော့ ရှိသည်။

ဆေးရုံများ၊ ရေနှင့် ရေသန့်စက်ရုံများနှင့် တယ်လီဖုန်းဌာနများတို့ကိုမူ သုပ်ငန်းသဘာဝအလျောက် အထူးဦးစားပေး အခွင့်အရေးများ ပေး အပ်ထားရသည်။ အဆိုပါဌာနများတွင် အရေးကြုံပါက သုံးစွဲရန် ဂျင်နရေတာများ အဆင်သင့် ထားရှိကြသော်လည်း ထိုဂျင်နရေတာများသည် ဓာတ်အားအနည်းငယ်ကိုသာ ထုတ်လုပ်ပေးနိုင်စွမ်း ရှိသောကြောင့် ထုံးစံအတိုင်း ပုံမှန်အလုပ်လုပ်နိုင်ရန်အတွက် ပြင်ပမှဓာတ်အားကို မှီခိုအပ်သည်သာ။ ၎င်းအပြင် ဟိုနေရာ၊ ဒီနေရာအချို့တွင်လည်း အချို့သောပုဂ္ဂိုလ်

www.burmeseclassic.com



များအတွက် အထူးအခွင့်အရေးများ ပေးအပ်ထားရသည်များလည်း ရှိသည်။

လိုင်းမှူးချုပ်သည် အလွန်ထူးခြားသော ဓာတ်အားဆက်သွယ်ပုံ ပုံစံတစ်ခုဆီသို့ အာရုံစိုက်လိုက်ပြန်၏။ ထိုမြေပုံပေါ်တွင် ရောင်စုံခြယ်ထားသော အစက်ကလေးများ တစ်သီတစ်တန်းကြီး ရှိနေသည်။

နင်းမ်က မေးလိုက်၏။

"အဲဒါက ဘာလဲဗျ"

"ပုဂ္ဂလိက နေအိမ်တွေမှာရှိတဲ့ အသက်ဆက် ကိရိယာလေးတွေကို ပြထားတာလေ၊ အနီဝိုင်းကလေးတွေကတော့ အရင်က သံမဏိအဆုတ်လို့ခေါ်ကြတဲ့ အသက်ရှူကိရိယာတွေ၊ အစိမ်းရောင်ကတော့ ကျောက်ကပ်စက်၊ လိမ္မော်ရောင်ကတော့ ကလေးငယ်ကလေးတွေကို အောက်ဆီဂျင်ပေးတဲ့စက်၊ ကျုပ်တို့ဆီမှာ ခရိုင်တိုင်းအတွက် ဒီလိုမြေပုံမျိုးတွေ ရှိတယ်"

နင်းမ်က ဖြေလိုက်သည်။

"ကျုပ်မသိသေးတဲ့ ဗဟုသုတတစ်ခုကို ခင်ဗျားက အခုသင်ပေးလိုက်တာပဲ"

နင်းမ်သည် ထိုမြေပုံကို စိတ်ဝင်တစား ဆက်လက်လေ့လာနေသည်။

လိုင်းမှူးချုပ်က ဆက်ပြောသည်။

"အခုလို အသက်ဆက်ကိရိယာတွေနဲ့ အသက်ရှင်နေတဲ့လူတွေ အများစုဟာ အရေးပေါ် အခြေအနေမျိုးကျရင် ဘက်ထရီနဲ့ပြောင်းပြီး ဆက်လို့ရအောင် လုပ်ထားကြရတယ်၊ ဒါပေမယ့် လျှပ်စစ်ဓာတ်အား ပြတ်သွားတယ်ဆိုတာနဲ့ သူတို့အတွက် ကသိကအောက် ဖြစ်တော့တာပဲ၊ ဒီတော့ တစ်နေရာရာမှာ ဓာတ်အားပြတ်ပြီဆိုရင် ကမန်းကတန်း လှမ်းမေးရတယ်"

လိုင်းမှူးချုပ်က မြေပုံကို ထောက်ပြသည်။

"ဟဲ အခုစစ်ကြည့်လိုက်တော့ ဟောဒီနေရာတွေအားလုံးမှာ ဓာတ်အားတွေ ပြန်ရကုန်ပြီ"

မြောက်မြားလှစွာသော လူပုဂ္ဂိုလ်များထဲတွင် အလွန်နည်းပါးလှသော လူနည်းစုကလေးအတွက် ဂရုတစိုက် စောင့်ကြည့်ပြီး အရေးတယူ ဆောင်ရွက်ပေးနေသည်ဟု သိရသည်မှာ အားတက်စရာပင်။ နင်းမ်က မြေပုံပေါ်တွင် မျက်လုံးကစားရင်း လျှောက်ကြည့်သည်။ သူ ကောင်းကောင်း သိကျွမ်းထားသော လမ်းဆုံတစ်ခုကို မြေပုံပေါ်တွင် တွေ့ရသည်။ လိတ်ခ်ဝုဒ်နှင့် ဘော်လ်ဘိုဝါလမ်းဆုံ။ သူ မကြာခဏ ဖြတ်ဖြတ်သွားလေ့ရှိသော ထိုလမ်းဘေးမှ တိုက်ခန်းတစ်ခန်းတွင် အနီရောင် စက်ဝိုင်းတစ်ခု ပြထားသည်။ ဘေးနားတွင် 'ဆလုံး' ဟု ရေးထား၏။ သံမဏိအဆုတ်ကို အသုံးပြုသူ (သို့မဟုတ် အသက်ရှူစက်ကို သုံးနေရသူ) ၏ အမည်ဖြစ်ပုံရသည်။ 'ဆလုံး' ဆိုတာ



ဘယ်သူလဲ။ ဘယ်လိုလူစားမျိုးပါလိမ့်ဟု နင်းမ် စဉ်းစားနေမိ၏။

သူ့အတွေး ပြတ်တောက်သွားရသည်။

"မစ္စတာဂိုးလ်မင်း၊ ခင်ဗျားကို ချယ်ယာမင်းကြီးက စကားပြောချင်လို့တဲ့၊ သူ လာမစ်ရှင်က လှမ်းဆက်နေတယ်"

လာမစ်ရှင်၌ ပေါက်ကွဲမှုဖြစ်ပွားသည်ဟု သတင်းရရှိသည်နှင့် တစ်ပြိုင်နက် ဂျေ၊အီးရစ်ဟမ်ဖရီသည် ရေးပေါ်လ်ဆင်နှင့်အတူ လာမစ်ရှင်သို့ ထွက်ခွာသွားခဲ့ကြသည်။

နင်းမ်သည် လှမ်းပေးသော တယ်လီဖုန်း စကားပြောခွက်ကို လက်ခံလိုက်၏။

အီးရစ်ဟမ်ဖရီက-

"နင်းမ်၊ မင်း ဝေါလ်တာတောဘော့ကို ရင်းရင်းနှီးနှီး သိတယ်မဟုတ်လား၊ သူ့ဇနီးနဲ့ကော ရင်းနှီးရဲ့လား"

"အားဒစ်ကိုပြောတာလား၊ သိပ်ရင်းနှီးပါတယ်" နင်းမ်က ပြန်မေးလိုက်၏။

"အဲဒီက အခြေအနေ ဘယ်လိုလဲ"

"မကောင်းဘူးကွာ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး မျက်နှာတွေကိုတောင် ပုံဖမ်းလို့မရတော့ဘူး၊ အဲဒါကြောင့် မင်းကို မစ္စစ်တောဘော့ဆီ အမြန်ဆုံးသွားပါလို့ လွှတ်ချင်တယ်၊ မစ္စစ်တောဘော့ဟာ ဒီကိစ္စကြောင့် တော်တော် ဆိုးဆိုးရွားရွား စိတ်ထိခိုက်သွားတယ်လို့ သိရတယ်၊ ဒါကလဲ သိပ်အံ့သြစရာတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမယ့် မိတ်ဆွေတစ်ယောက်အနေနဲ့ မင်းကတော့ ဖျောင်းဖျနိုင်လိမ့်မယ် ထင်တာပဲ"

"ကောင်းပြီလေ၊ ကျွန်တော်သွားပါ့မယ်"

"ကျေးဇူးပါပဲကွာ၊ ပြီးတော့လဲ မစ္စစ်တောဘော့ကို ငါက လိုက်လိုက်လှဲလှဲ ဝမ်းနည်းကြောင်းကြွတယ်ဆိုတဲ့အကြောင်း ပြောပြပေးစမ်းပါ"

နင်းမ်သည် စိတ်မသက်မသာနှင့် စကားပြောခွက်ကို လှမ်းပေးလိုက်သည်။ ယခု သူ့ကိုခိုင်းစေသည့် အလုပ်တာဝန်မျိုးသည် သူ ဖြစ်ဖြစ်မြောက်မြောက် လုပ်တတ်ကိုင်တတ်သည့် ကိစ္စမျိုးမဟုတ်ပေ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကြီးမားသော သူ့ခန္ဓာကိုယ်ကြီးကို (**X 19**) အမျိုးအစား နှစ်ယောက်စီးဖီးယက်ကားကလေးထဲသို့ ကတ်သီးကတ်သတ် တိုးဝင်လိုက်ရသည်။ နင်းမ်ဂိုးလ်မင်းသည် မြို့လယ်ခေါင်လမ်းမများကို ရှောင်ဖြတ်၍ ဝေါလ်တာနှင့် သူ့ဇနီးတို့နေထိုင်ရာ ဆင်ခြေဖုံးရပ်ကွက် ဆန်ရှတ်ခ်တည်ရှိသော အရှေ့မြောက်အရပ်ဆီသို့ ဦးတည်၍ မောင်းနှင်သွားသည်။ သူ မကြာခဏ ရောက်ဖူးသဖြင့် လမ်းကို ကောင်းကောင်းသိသည်။

ယခုအချိန်မှာ အလုပ်ခွင်မှ အိမ်ပြန်ချိန်မရောက်မီ၊ ထစ်နာရီခန့်စောနေသည့်တိုင်အောင်၊ ကားအသွားအလာ ထူထပ်လျက်ပင် ရှိနေသေးသည်။ အပူရှိန်အနည်းငယ် လျော့နည်းသွားပြီ ဖြစ်သော်လည်း သိပ်အများကြီး ကျဆင်းသွားတာတော့ မဟုတ်။

နင်းမ်တွေးမိသမျှသာဆိုလျှင် ယနေ့ကြုံတွေ့နေရသော မာတ်အားဖြတ်တောက်နေမှုသည် လာမည့်တစ်နှစ်၊ နှစ်နှစ်အတွင်း ကြုံတွေ့ရမည်ဖြစ်သော ပိုမိုဆိုးရွားသည့် အခက်အခဲ အကျပ်အတည်းများအတွက် ပဏာမခြေဆင်း ကလေးတစ်ခုမျှသာ ဖြစ်သည်။ အဓိကပြဿနာမှာ (ထိုကိစ္စကို) မည်သူကမျှ အလေးမထား ဂရုမစိုက်ကြခြင်းပင် ဖြစ်သည်။ ဂိုးလ်ဒင်းစတိတ် ကုမ္ပဏီအတွင်းမှာပင် အားလုံးလိုလိုက လက်ရှိအနေအထားနှင့်ပင် ရောင့်ရဲတင်းတိမ်နေကြသည်။ ထိုကိစ္စကို တိုက်ရိုက် အဓိပ္ပာယ်ဖွင့်ဆိုရ



မည်ဆိုသော် "စိတ်မပူပါနဲ့ဗျာ၊ အစစအရာရာ အဆင်ပြေသွားမှာပါ၊ ကျုပ်တို့ ကျော်လွှားနိုင်ပါလိမ့်မယ်၊ လောလောဆယ်မှာတော့ ပရိတ်သတ် ချောက်ချားသွားအောင် အထိတ်တလန့် မလုပ်နဲ့ပေါ့ဗျာ" ဟု ဆိုရမည်။

လွန်ခဲ့သော လအနည်းငယ်အတွင်းက ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ၏ အဆင့်မြင့်ဝန်ထမ်းသုံးဦးဖြစ်သော ဝေါလ်တာတောဘော့၊ တီရေစာဗန်ဘူရင်နှင့် နင်းမ်တို့က လုပ်သားပြည်သူများအား ပွင့်ပွင့်လင်းလင်းနှင့် အရှိကို အရှိအတိုင်း ဖြောင့်ဖွင့်ပြောသင့်ပြီဟု တင်ပြခဲ့ကြသည်။ ၄င်းတို့၏ဆန္ဒမှာ ဂျင်နရေတာအသစ်များ ဆောလျင်စွာ ထပ်မံဆောက်လုပ်ပေးရန်သာမက၊ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲရေးလုပ်ငန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မှသာ မကြာမီ ရင်ဆိုင်တွေ့ရတော့မည်ဖြစ်သော လျှပ်စစ်ဓာတ်အားခေါင်းပါးမှု အန္တရာယ်ဆိုးကြီး၏ ဘေးရန်ကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်နစ်နာမှုများကို လျော့နည်းသွားစေနိုင်လိမ့်မည် ဖြစ်ကြောင်း လုပ်သားပြည်သူများ၊ သတင်းစာဆရာများနှင့် နိုင်ငံရေးသမားများအား ဖြောင့်ဖွင့်ပြောပြီး ချက်ချင်းကြိုတင်၍ သတိပေးထားရန် လိုလားကြသည်။ ယခုမူ တိုက်ခဲ့ဝင်သူသုံးဦးအနက် ဝေါလ်တာတစ်ယောက် သေဆုံးခဲ့ရလေပြီ။

ဝမ်းနည်းကြေကွဲမှုက သူ့ရင်ထဲမှ လှိုက်လှိုက်ပြီး ဆို့တက်လာသည်။ ခပ်စောစောပိုင်းကမူ မျက်ရည်မကျအောင် ထိန်းထားနိုင်ခဲ့သည်။ ယခုမူ သူ့ကားထဲတွင် တစ်ကိုယ်တည်း ရှိနေပြီဖြစ်၍ စိတ်ကိုလွှတ်ပေးလိုက်၏။ မျက်ရည်စီးကြောင်းနှစ်သွယ်သည် သူ့မျက်နှာပေါ်မှ စီးကျလာသည်။ သူဝေါလ်တာအတွက် တစ်ခုခုလုပ်ပေးချင်သည်။ ဘုရားသခင်ထံ၌ ဆုတောင်းသည့်ကိစ္စမျိုးကိုပင် လုပ်ပေးလိုက်ချင်သည်။ ရဟူဒီဘာသာအရ ကွယ်လွန်သည့်အခါ ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသော 'ဆုတောင်း'ကို သူပြန်စဉ်းစားကြည့်မိသည်။ သူရသရွေ့ကို တတွတ်တွတ် ရွတ်ဆိုမိ၏။ အဆုံး အထိ သူမဆိုတတ်။

ချက်ချင်းဆိုသလိုပင် သူအိမ်ပြန်နောက်ကျလိမ့်မည်ဖြစ်ကြောင်း သူ့ဇနီး 'ရှသ်' အား အသိပေးရန် ဖျက်ကွက်ခဲ့သည်ကို သူသတိရလာသည်၊ သူက ကားထဲတွင် ကုမ္ပဏီက စရိတ်ငြိမ်း တပ်ဆင်ပေးထားသော ရေဒီယိုတယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်ပြီး အော်ပရေတာအား သူ့အိမ်နံပါတ်ကို ပြောလိုက်သည်။ မကြာမီ ကလေးသံကလေးတစ်သံ ပေါ်ထွက်လာ၏။

"ဂိုးလ်မင်းနေအိမ်က ဘင်ဂျီ စကားပြောနေပါတယ်ခင်ဗျာ"

နင်းမ် ပြုံးမိသည်။ အသက်ဆယ်နှစ်သာရှိသေးသော 'ဘင်ဂျီ'သည် တိကျသည်။ စနစ်ကျသည်။ သူ့ထက် လေးနှစ်ပိုကြီးသော သူ့အစ်မ 'လေး' နှင့်ယှဉ်သော် တကယ်ဆန့်ကျင်ဘက် ဖြစ်သည်။

"ဒယ်ဒီပါ၊ မော်တော်ကားပေါ်က ပြောနေတာကွ၊ အိမ်မှာ အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



ကြရဲ့လား"

"ဟုတ်ကဲ့ ဒယ်ဒီ၊ ကောင်းသွားပါပြီ၊ ဒါပေမယ့် မီးပြတ်သွားသေးတယ်"

ဘင်ဂျီက တခစ်ခစ်ရယ်လိုက်၏။

"ဒယ်ဒီသိမှာပါ၊ ကျွန်တော်က နာရီတွေကိုတောင် ပြန်တိုက်ထားတယ်"

"သိပ်ကောင်းတာပေါ့ကွာ၊ ငါသိပါတယ်၊ ကဲ မင်းအမေနဲ့ စကားပြောရအောင်"

ခဏငြိမ်သွားသည်။ ပြီးမှ နွမ်းညံ့သိမ်မွေ့သော ရှသ်၏အသံပေါ်လာ၏။

"နှင်းမ်လား၊ ကျွန်မတို့ ဝေါလ်တာနဲ့ ဒီပြင့်လူတွေအကြောင်း သတင်းထဲက ကြားလိုက်ရတယ်၊ သိပ်ကြောက်စရာ ကောင်းတာပဲရှင်၊ တကယ်လဲ စိတ်မကောင်းဖြစ်မိပါတယ်"

သူနှင့်ဝေါလ်တာ မည်မျှလောက် ရင်းနှီးသည်ဆိုတာကို ရှသ်ကသိသည့်ပြင် တကယ်စိတ်ပါလက်ပါ ပြောလိုက်ခြင်းဖြစ်ကြောင်း သူသိသည်။

နှင်းမ်က ရှသ်အား ဇန်းမောင်နှံလို ရင်းရင်းနှီးနှီး ဆက်ဆံမှုမျိုး တစ်နေ့တခြား နည်းပါးလာသည့်တိုင်အောင် အဆိုပါ နားလည်တတ်မှုမျိုးမှာ ရှသ်၏ ပင်ကိုယ်စရိုက်ပင် ဖြစ်သည်။ ပြောင်ကျကျ မသင့်မတင့် ဖြစ်ကြတာမျိုးတော့ မဟုတ်။ တုန်လှုပ်မှုကင်းသော ရှသ်သည် ထိုအခြေအနေမျိုးအထိ အရောက်ခံလိမ့်မည် မဟုတ်ချေ။ ရှသ်သည် ရုပ်ရည်ချောမောလှပသူ ဖြစ်သော်လည်း စိတ်ထားတစ်ခုကညီးနှင့်ပင် ချစ်စရာကောင်းသူဖြစ်သည်။ နှင်းမ်သည် ရှသ်အား မိခင် (ကောင်း) တစ်ယောက်အနေနှင့် အမြဲတစေ လေးစားလျက်ပင် ရှိသည်။ ဖြစ်ရပုံမှာ ၎င်းတို့အိမ်ထောင်ရေးသည် ပျင်းစရာကောင်းပြီး စိတ်ဝင်စားစရာ မကောင်းခြင်းကြောင့်ဟု နှင်းမ်ကယူဆသည်။ နောက်တစ်ချက် ရှိသေးသည်။ ထိုအချက်မှာ တစ်ဦးအပေါ်တစ်ဦးက တဖြည်းဖြည်းနှင့် မကျေလည်မှုများ တိုးပွားလာကြခြင်းပင်။ မကြာမီကစ၍ ရှသ်သည် ဘာကိစ္စဟု ထုတ်မပြောသော ကိစ္စတစ်ခုကို ပို၍ပို၍ စိတ်ဝင်စားလာပုံရသည်။ သာမန်အားဖြင့် ရှသ်တစ်ယောက် အိမ်တွင်ရှိနေရမည့် အချိန်မျိုး၌ နှင်းမ်က အကြိမ်အတော်ခပ်များများ တယ်လီဖုန်း လှမ်းဆက်ဖူးသည်။ ရှသ်တစ်ယောက် အိမ်တွင် တစ်နေ့လုံး ရှိနေပုံမရ။ နောက်ပိုင်းတွင်လည်း ဘာကြောင့်ဟု ရှင်းပြရန်ကိစ္စကို ဝေ့လည်ကြောင်ပတ် လုပ်နေတတ်သည်။ ဒါကလည်း သူ့စရိုက်နှင့် မကိုက်ညီ။ ရှသ်တစ်ယောက် 'ချစ်သူ'များ ထားနေရော့သလား။ အဲဒါဖြစ်နိုင်သည်ဟု ယူဆသည်။ ဘာပဲပြောပြော တစ်ဦးနှင့်တစ်ဦး ထိပ်တိုက်ရင်ဆိုင် ပြောင်ဖွင့်မပြောကြခင် သူတို့နှစ်ယောက် မည်မျှလောက်အထိ ခပ်ကွာကွာနှင့် ခပ်ကြာကြာနေရလိမ့်ဦးမည်ဟု သူမသိ။

□



"ကိုယ်တို့အားလုံး တုန်လှုပ်ချောက်ခြားသွားကြတယ်၊ အီးရစ်က ကိုယ့်ကို အားဒစ်ဆီ သွားပါဦးဆိုလို့ ကိုယ်အခုသွားရင်း လှမ်းဆက်လိုက်တာ၊ ကိုယ် အိမ်ပြန်နောက်ကျလိမ့်မယ် ထင်တယ်။ သိပ်ကိုနောက်ကျလိမ့်မယ်၊ စောင့်မနေနဲ့တော့"

ဒါကလည်း ဆန်းလှသည်မဟုတ်။ ညနေတိုင်းလိုလို နှင်းမ်သည် အလုပ်ခွင်တွင် နောက်ကျသည်အထိ အလုပ်လုပ်လေ့ရှိသည်။ ရလာဒ်မှာ သူတို့ အိမ်သားများသည် ညစာကို နောက်ကျမှစားကြရသည်။ ဒါမှမဟုတ် အိမ်တွင် သူ ညစာလုံးဝမစားဖြစ်တော့။ နှင်းမ် အိမ်ပြန်ရောက်လာသည့် အချိန်တွင် လေး နှင့် ဘင်ဂျီသည် အိပ်ပျော်နေကြလေပြီ။ တစ်ခါတရံတွင် နှင်းမ်သည် သူ့သားသမီးများအတွက် အချိန်အနည်းငယ်သာ ပေးနိုင်သောကြောင့် အပြစ်ရှိသူပမာ သူ့စိတ်ထဲတွင် မလုံမလဲဖြစ်မိသည်။ ဒီကိစ္စနှင့်ပတ်သက်၍ ရှသ်တစ်ယောက် စိတ်မချမ်းမသာဖြစ်နေကြောင်း သူသိသည်။ သို့သော် ရှသ်က ပြောခဲ့သည်။ တစ်ခါတရံတွင်မှ ရှသ်က သူ့ကို ဒါ့ထက်ပို၍ ကန့်ကွက်စကား ဆိုပါစေဟုပင် ဆုတောင်းမိသည်။

သို့သော် ဒီကနေ့ည အိမ်ပြန်နောက်ကျသည့်ကိစ္စမှာမူ ကွဲပြားခြားနားသည်။ သူ့အနေနှင့် ဒါ့ထက်ပို၍ ရှင်းပြစရာ ဆင်ခြေပေးစရာပင် မလိုတော့။

"အားဒစ်ကို သနားလိုက်တာ၊ ဝေါလ်တာတစ်ယောက် အငြိမ်းစားယူခါနီးမှ ဖြစ်ရရှာတယ်၊ ပြီးတော့လည်း အခုလွှင့်နေတဲ့ ဟိုကြေငြာချက်က ပိုတောင် အရုပ်ဆိုးသွားစေသေးတယ်"

"ဘာကြေငြာချက်လဲ"

"ဟင် ကျွန်မက ရှင်သိတယ်ထင်လို့၊ ဗုံးကို တမင်လာထားတဲ့လူတွေက အသံလွှင့်ဌာနတစ်ခုကို လှမ်းအကြောင်းကြားလိုက်တယ်၊ သူတို့က အဲဒါ သူတို့လက်ချက်လို့ ကြွားနေတယ်၊ ဘယ်လိုလူစားမျိုးတွေလဲဆိုတာကို ရှင်ပဲ စဉ်းစားကြည့်စမ်းပါ"

နှင်းမ်သည် တယ်လီဖုန်း စကားပြောခွက်ကို ကပျာကယာပြန်ချပြီး ရေဒီယို ခလုတ်ကိုဖွင့်ရင်း စကားပြောခွက်ကို တဖန် ပြန်ကောက်ကိုင်လိုက်၏။

"အဲဒီသတင်းကို ကိုယ်သိရဖို့ သိပ်အရေးကြီးတယ်၊ ဒီတော့ စကားပြောခွက်ကို ပြန်ချလိုက်တော့မယ်၊ ဖြစ်နိုင်ရင် အားဒစ်အိမ်ကျမှ ပြန်ဆက်မယ်"

ရေဒီယိုထဲမှ သူကြားလိုသော ကြေငြာချက်ကို ဦးစွာပထမ ကြားရတော့သည်။

"ယနေ့ ဂိုးလ်ဒင်းစတိတ်-မာတ်အားကုမ္ပဏီပိုင် မာတ်အားဒေးစက်၌ ဖြစ်ပွားသော ပေါက်ကွဲမှုသည် ၎င်းတို့၏ လက်ချက်ပင်ဖြစ်ကြောင်း 'လွတ်လပ်ရေး၏ မိတ်ဆွေများ' ဆိုသော အုပ်စုတစ်ခုက ကြေငြာလိုက်သည်။ ထိုပေါက်ကွဲမှုကြောင့် လူ

www.burmeseclassic.com

www.burmeseclassic.com



လေးဦး အသက်ဆုံးရှုံးရပြီး နေရာပေါင်း မြောက်မြားစွာတွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားခဲ့ရသည်။

ထိုကြေငြာချက်မှာ တိတ်ခွေတွင် အသံသွင်းထားခြင်း ဖြစ်ပြီး ယနေ့ညနေတွင် အသံလွှင့်ဌာနတစ်ခုသို့ ပေးပို့ခဲ့သည်။ ယခုအချိန်အထိ မည်သူမည်ဝါဟု မသိရသေးသော တိတ်ခွေပေါ်မှ အမျိုးသားတစ်ဦး၏အသံက 'လွတ်လပ်ရေး၏ မိတ်ဆွေများသည် လုပ်သားပြည်သူများ၏ တော်လှန်ရေးအတွက် မဆုတ်မနစ် တိုက်ပွဲဝင်သွားမည်ဖြစ်ပြီး ပြည်သူများကသာ ပိုင်ဆိုင်ထိုက်သည့် လောင်စာစွမ်းအင်များအား လောဘတကြီး လက်ဝါးကြီးအုပ် ချယ်လှယ်နေကြသည့် အရင်းရှင်များကို တန့်ကွက်မည်'ဟု 'ဆိုကြောင်း။"

နှင်းမ်သည် ရေဒီယိုကို ပိတ်လိုက်၏။ ထိုသတင်းက သူ့ကို အကြီးအကျယ် စိတ်ဓာတ်ကျဆင်းစေသည်။ အားဒစ်အား မည်သို့မည်ပုံ ထိခိုက်စေမည်နည်း။

မှောင်ရီပျိုးစအချိန်တွင် တောဘော့၏ နှစ်ထပ်တိုက်ရှေ့၌ မော်တော်ကား အတော်ခပ်များများ ရပ်ထားသည်ကို သူတွေ့ရ၏။ အောက်ထပ်အခန်းများတွင် မီးလင်းနေ၏။

နှင်းမ်သည် သူ့ဖီးယက်ကားအတွက် ရပ်စရာနေရာတွေ့ရသဖြင့် သော့ခတ်ထားခဲ့ပြီး လမ်းကလေးအတိုင်း အိမ်အဝင်ဝဆီသို့ လျှောက်ဝင်သွားသည်။ အိမ်ရှေ့တံခါးပွင့်နေသောကြောင့် နှင်းမ် အိမ်ထဲသို့ဝင်သွားသည်။ ဧည့်ခန်းထဲမှ အသံဗလံများ ထွက်ပေါ်နေသည်။ သွေးရူးသွေးတန်း အော်ဟစ်နေသော အားဒစ်၏အသံကို ကြားနေရ၏။

"အဲဒီလူသတ်သမားတွေ. . . ဝေါလ်တာက ကြင်နာစိတ်ရှိတဲ့သူပါ။ ဘယ်သူ့ကိုမှ ရန်လုပ်တဲ့လူ မဟုတ်ပါဘူး။ သူ့ကို အဲဒီလို စုတ်စုတ်ပွဲပွဲ ပြောတာမျိုးကတော့. . ."

အခြားအသံများက အားဒစ်အား ဖျောင်းဖျရန် ကြိုးစားနေကြပုံရသည်။

ဝေါလ်တာတောဘော့ ဂျူနီယာ (ဝေါလီ) သည် နှင်းမ်အား လာရောက်၍ ခရီးဦးကြိုပြုပြီး လက်ဆွဲနှုတ်ဆက်လိုက်သည်။

"အခုလိုလာတဲ့အတွက် ကျေးဇူးတင်ပါတယ် နှင်းမ်" ဝေါလီနှင့် နှင်းမ် ဧည့်ခန်းထဲ ဝင်သွားကြသောအခါ ဧည့်ခန်းထဲတွင် အိမ်နီးနားချင်းများသာ ဖြစ်ကြပုံရသော ဧည့်သည်ဆယ်ဦးခန့် ရှိနေကြကြောင်း တွေ့ရှိရသည်။ အားဒစ်သည် ဆိုဖာတစ်လုံးပေါ်တွင် ထိုင်နေပြီး သူ့ပတ်လည်တွင် အမျိုးသမီးအချို့ ရှိနေ၏။ ထိုအုပ်စုတွင် ဝေါလီ၏ဇနီး မာရီလည်း ရှိနေသည်။ အားဒစ်သည် အသက် (၆၀) ပြည့်ခဲ့ပြီဖြစ်သော်လည်း ကိုယ်ခန္ဓာအချိုးအစားပြေပြစ်၍ ကျန်းမာပြီး ကျက်သရေဖြိုးဝေသော အလှပိုင်ရှင်တစ်ဦးဖြစ်သည်။



ခေတ်ဆန်ဆန် ခပ်တိုတိုညှပ်ထားသော ရွှေရောင်ဆံပင်တွင် ဖြူဖွေ့သင့်ဖြစ်ထိုက်သော မွှတာအတိုင်း ငွေရောင်ဆံပင်အနည်းငယ် ရောနှောစပြုနေလေပြီ။ သို့သော် ဒီကနေ့တွင်မူ အားဒစ်၏ ဣန္ဒြေရှိမှုမှာ အဖတ်ဆည်မရအောင် ပျက်စီးယိုယွင်းနေသည်။ မျက်ရည်အလိမ်းလိမ်းဖြင့် ညစ်ပတ်နေသော အားဒစ်၏မျက်နှာသည် ညှိုးနွမ်းပြီး အိုစာနေသည်။

"အမယ်လေး နှင်းမ်ရယ်"

အားဒစ်က လက်ကမ်း၍ခေါ်လိုက်ရာ ဘေးနားတွင် ထိုင်နေသူများက ဖယ်ပေးကြ၏။ နှင်းမ်က အားဒစ်နံဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဝေါလ်တာကြုံရတဲ့ အဖြစ်ဆိုးတွေကို မင်းကြားပြီးရောပေါ့နော်"

နှင်းမ်က ညင်ညင်သာသာ ပြန်ဖြေသည်။

"ကြားပါတယ်ဗျာ၊ ကြားလိုက်ရပါတယ်"

ဝေါလီသည် သူ့ဇနီးမာရီအား အနားသို့ခေါ်၍ တိုးတိုးတိတ်တိတ် စကားပြောနေသည်ကို နှင်းမ် သတိထားလိုက်မိ၏။ ၎င်းတို့ဇနီးမောင်နှံသည် ဧည့်သည်များထံ လိုက်လံချဉ်းကပ်ပြီး ကျေးဇူးတင်စကားဆိုရင်း တစ်ယောက်ပြီးတစ်ယောက် အခန်းထဲမှ ပြန်ခေါ်ထုတ်သွားကြ၏။ မကြာခင် တစ်အိမ်လုံး ငြိမ်သက်သွားသည်။ ဝေါလီနှင့်မာရီသည် အရက်ဖန်ခွက်များကို ဆေးကြောရင်း အလုပ်ရှုပ်နေကြ၏။ မီးဖိုချောင်ကိုလည်း သပ်သပ်ရပ်ရပ်ဖြစ်အောင် သန့်ရှင်းရေး လုပ်နေကြ၏။

အားဒစ်က မပွင့်တပွင့် ပြောလိုက်၏။

"ကျွန်မတို့ အိမ်ထောင်သက် (၃၆) နှစ်ရှိပြီဆိုတာ မင်းသိရဲ့လားဟင်"

အားဒစ်က တရှုံ့ရှုံ့ငိုနေသည်။

နှင်းမ်သည် အားဒစ်ကို လက်နှစ်ဘက်ဖြင့် ပွေ့ဖက်ထားရင်း အားဒစ်၏ ဦးခေါင်းကို သူ့ပခုံးပေါ်တွင် မှေး၍တင်ထားစေသည်။

အားဒစ်အား ပွေ့ဖက်ထားရင်းကပင် သင်းသင်းကလေးမွှေးသော ကြည်နူးဖွယ်ကောင်းသည့် ရေမွှေးနံ့ကို နှင်းမ် သတိပြုလိုက်မိ၏။ အားဒစ်သည် နှင်းမ်၏ ရင်ခွင်တွင်းမှ လူးလွန့်စပြုလာသည်။ အားဒစ်တစ်ယောက် အငိုတိတ်သွားပြီး နှင်းမ်၏ရင်ခွင်ထဲသို့ ပို၍ တိုးတိုးဝှေ့ဝှေ့ ဝင်လာသည်။ နှင်းမ်သည် ယစ်မူးဝေစေသော ရေမွှေးနံ့ကို ထပ်ရှူမိပြန်၏။ နှင်းမ်၏ ကိုယ်ခန္ဓာသည် အားဒစ်အား ဆန့်ကျင်ဘက်လိင်အဖြစ် တစ်စတစ်စ ပို၍ပို၍ အသိအမှတ်ပြုလာနေကြောင်း၊ နှင်းမ်တစ်ယောက် ထိတ်လန့်တကြား သိလိုက်ရသည်။

နှင်းမ်၏ ရင်ထဲ၌ ဗလောင်ဆူလာသည်။ သင့် မသင့်၊ တော် မတော် ချင့်ချိန်ရန် ဦးနှောက်က အရေးဆိုလာသည်။ တစ်ချိန်တည်းမှာပင် ဝေါလီနှင့် ဇနီးမာရီတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ဧည်ဖိုချောင်ထဲမှ မကြာခင် ပြန်ထွက်လာကြလိမ့်မည်ဖြစ်ကြောင်း သူသတိရလိုက်၏။ နင်းမ်က အားဒစ်နဖူးကိုနမ်းရင်း မတ်တတ်ရပ်လိုက်သည်။

အားဒစ်က သူ့အား ရုတ်ဖြုံးလေး ပြုံးပြလိုက်သည်။ မျှားမကြာမီ နင်းမ်သည် အားလုံးကို နှုတ်ဆက်၍ ပြန်ခဲ့၏။ နင်းမ်သည် အဖွဲ့တွာသန္တာန်၌မူ အကြီးအကျယ် တုန်လှုပ်ချောက်ခြားနေသည်။

□

အိမ်အပြန် ကားမောင်းနေစဉ်၊ သူ့ပုဂ္ဂိုလ်ရေးဘဝ၏ ရှုပ်ထွေးပွေလီမှုများကို ပြန်စဉ်းစားကြည့်မိသည်။ ယှဉ်ကြည့်ကြစတမ်းဆိုလျှင် ရှုပ်ထွေးပွေလီလှသော ဂိုးလ်ဒင်း စတိတ်ကုမ္ပဏီ၏ ပဟေဠိများကမှ ပို၍ရှင်းရှင်းရလွယ်သလိုလို၊ သူ့ဖြသနာပေါင်းစုံ၏ ခေါင်ချုပ်တွင် ရှုသ်နှင့် ကရွတ်ကင်းလျှောက်လိုက်နေသော သူ့အိမ်ထောင်ရေးကိစ္စ၊ ပြီးတော့ သိပ်မကြာသေးခင်က ငြိစွန်းခဲ့ပြီး၊ ယခုထက်တိုင် အဆက်အသွယ် မပြတ်သေးသော အမျိုးသမီး တစ်ယောက်နှစ်ယောက် အပါအဝင်၊ တစ်ချိန်လုံးလိုလို သူနှင့် ငြိစွန်းဖူးခဲ့သော အမျိုးသမီးပေါင်းများစွာ။ ထိုကဲ့သို့သော အရှုပ်အထွေးများသည် သူက လိုက်မရှာရပါဘဲနှင့် ဖြစ်ပေါ်လာသော ရလဒ်များပင်။ ဒါမှမဟုတ် သူ့ကိုယ်သူ ပြန်ညာမိ နေလေရော့သလား။ တကယ်ကမူ သူကိုယ်တိုင်က ငြိစွန်းမှုဖြစ်အောင် လိုက်လံရှာဖွေပြီး နောက်ပိုင်းကျမှ သူ့ဖာသာသူ ဖြစ်လာတာတွေပါဟု သိက္ခာဆယ်တာမျိုးလား။ မည်သို့ ပင်ဆိုစေ သူမှတ်မိသလောက်ဆိုလျှင် သူ့အဖို့ (ဆန့်တျင်ဘက်လိင်များထံမှ ရရှိသည့်) သာယာမှုသည် ခေါင်းပါးခြင်းမရှိခဲ့ချေ။

ရှုသ်နှင့် သူ အိမ်ထောင်ကျသည်မှာ (၁၅) နှစ် ကြာလေပြီ။ အိမ်ထောင်သက် (၄) နှစ်ကြာသည်အထိ ဇနီးမယားတစ်ဦးတည်း အပေါ်တွင်သာ အာရုံရှိခဲ့သည်။ ထို့နောက် ဖောက်ပြန်ရန်အခွင့်အရေး စတင်ရရှိလာသည်။ ထို့နောက် တစ်ညတာ အခွင့် အရေးလေးများမှစ၍ အတော်ကလေးကြာမြင့်အောင် စွဲစွဲလန်းလန်းဖြစ်ကြသည့် ကိစ္စ များအထိ အခွင့်အရေးများ ရလာသည်။ အစပထမပိုင်း၌ အိုင်တွေ့လျှင် ခြေဆေးတတ် သည့် သူ့လျှို့ဝှက်ချက်ကို ရှုသ်မသိအောင် ဖုံးထားနိုင်လိမ့်မည်ဟု သူယူဆသည်။ သို့ သော် အင်မတန် သိနားလည်လွယ်တတ်သည်သာမက၊ ပါးပါးနပ်နပ်လည်းရှိလှသော ရှုသ်က ဘာဖြစ်နေသည်ဆိုတာကို နားလည်လာလိမ့်မည်ဟု သူ တွေးမိလာသည်။ အလွန်ထူးခြားသည့်အချက်မှာ ရှုသ်သည် တစ်ကြိမ်တစ်ခါမျှ ကန့်ကွက်စကားမဆိုဘဲ ခေါင်းငုံ့ခံနေပုံရခြင်းပင်တည်း။

ရှုသ်ဘက်မှ ခုခံတုံ့ပြန်မှု အလျဉ်းမရှိသည့်အတွက် သူဒေါပွမိသည်။ ယခု



လည်း ဒေါသထွက်နေဆဲပင်။ ရှုသ်တစ်ယောက် ဒေါပွဖို့ကောင်းသည်။ ရန်လုပ်ဖို့ ကောင်းသည်။ ငိုဖို့တောင် ကောင်းသည်။ သို့ရာတွင် ဒီလိုဒီပုံဖြစ်လာသော်လည်း ဘာမျှ ထူးခြားလာမှာမဟုတ် ဆိုတာကလည်း မှန်သည်။ သို့သော် သူ ဖောက်ပြန်မှုသည် အဲဒီလောက် လုပ်ဖို့ပင်လျှင် တန်ဖိုးမရှိလေရော့သလား။

သူ့အနေနှင့် ဖောက်ပြန်သည့် ကိစ္စများကို မည်ရွေ့မည်မျှပင် သိုသိုသိပ်သိပ် လုပ်စေကာမူ၊ မိန်းမလိုက်စားသည်ဆိုသော သတင်းကို သိလာကြသည်ဟု သူ မကြာ မကြာ တွေးမိသည်။ အဲဒီလို ပေါက်ကြားမှုရှိလာကြောင်း သာဓကပေါင်း မြောက်မြားစွာ ရှိသည်။

နင်းမ်သည် သူ့အသက်မွေးမှုလုပ်ငန်းကို အန္တရာယ်ဖြစ်အောင် လုပ်နေမိလေ ရော့သလား။ လုပ်မိသည်ဆိုလျှင် လုပ်ရလောက်အောင် တန်ဖိုးရောရှိလို့လား။ ဘာပဲ ပြောပြော သူက ဘာဖြစ်လို့ အဲဒီလို လျှောက်လုပ်နေရသလဲ၊ ပြီးတော့ သူ တကယ် စိတ်ပါလို့လား။ ဒါမှမဟုတ် အပျော်တမ်း ကစားနည်းတစ်မျိုးလား။

သူ အိမ်ပြန်ရောက်သည့်အခါ၊ အောက်ဖက်တွင် မီးခပ်မှိန်မှိန်တစ်လုံးကိုသာ ထွန်းထားပြီး တစ်အိမ်လုံး ငြိမ်သက်နေသည်။ သူက အပေါ်ထပ်ရှိ လေးနှင့်ဘင်ဂျီ၏ အခန်းများဆီသို့ ခြေဖျားထောက်၍ တက်သွားသည်။ ကလေးနှစ်ယောက်စလုံး အိပ် မောကျနေလေပြီ။

အိပ်ခန်းထဲသို့ ဝင်သွားသောအခါ ရှုသ်က လူးလွန့်လာပြီး အိပ်ချင်မူးတူးနှင့် မေးလိုက်သည်။

"ဘယ်အချိန်ရှိပြီလဲ"

"သန်းခေါင်ကျော်ပြီ"

"အားဒစ်တစ်ယောက် ဘယ့်နှယ်လဲ"

"မင်းကို ကိုယ် မနက်ကျမှပြောပြမယ်"

ထိုအဖြေမှာ ကျေနပ်ဖွယ် ဖြစ်ဟန်တူ၏။ ရှုသ်တစ်ယောက် အိပ်ပျော်သွား သည်။

နင်းမ်သည် ကပျာကယာရေချိုးပြီး အိပ်ရာထဲသို့ဝင်လိုက်၏။ မကြာခင် တစ်နေ့လုံးကြုံခဲ့ရသော အလုပ်ကိစ္စများကြောင့် ပင်ပန်းပြီး အိပ်ပျော်သွားတော့သည်။

□ □ □

www.burmeseclassic.com

## အခန်း (၄)

"ဒါဆိုရင် ကျုပ်တို့အားလုံး သဘောတူကြပြီနော်"

ဂျေအီးရစ်ဟမ်ဖရီက ပြောလိုက်ခြင်းဖြစ်သည်။ သူက ဂိုးလ်ဒင်းစတိတ်၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပရာ စားပွဲတွင် သူနှင့်အတူ ဝိုင်းထိုင်နေသူ အမျိုးသား (၉) ဦးနှင့် အမျိုးသမီး (၂) ဦးတို့ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။

"နှင်းမ်တင်ပြထားတဲ့ ကျောက်မီးသွေးသုံး 'တူးနီပါ' ဓာတ်အားပေးစက်၊ ဧရိုအဝင်တံခါး ရေအားသုံး ဓာတ်အားပေးစက်နဲ့ ဖင်းကက်စတယ်ဂျီအိုသာမယ် [Geothermal = ဘူမိတေဇော(ဓာတ်အားပေးစက်)] ဓာတ်အားပေးစက်ပေါင်း (၃) လုံးတည်ဆောက်မယ့် စီမံချက်တွေကို ချက်ချင်းအရေးတကြီး တင်ပြတွန်းအားပေးဖို့ အားလုံး သဘောတူကြပြီနော်"

ချယ်ယာမင်ကြီး၏ ခြုံငုံတင်ပြချက်ကို သဘောတူညီကြောင်း ခပ်တိုးတိုးပြောသံများနှင့် ခေါင်းညိတ်သူများကြောင့် နင်းမ်တစ်ယောက် စိတ်သက်သာရာ ရသွားသည်။

ထိုအချိန်မှာ တနင်္လာနေ့ ညနေခင်းဖြစ်ပြီး နံနက်ပိုင်းကစ၍ ကျင်းပခဲ့သော အစည်းအဝေးတွင် တင်ပြချက်များမှာ များပြားလှသည်။

လာမစ်ရှင် ဓာတ်အားပေးစက်ရုံ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်မှာ (၅)



ရက် ကြာမြင့်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့ကစ၍ ရာသီဥတု ပိုမိုအေးမြလာသည်က တစ်ကြောင်း၊ ကံကလေးကလည်း ကူညီခဲ့သောကြောင့် တစ်ကြောင်း မီးဖြတ်တောက်ရမှုများ နောက်ထပ် မဖြစ်ပွားခဲ့ချေ။ သို့တိုင်အောင် ပြေးမလွတ်နိုင်သည့် တောက်ချက်တစ်ခုမှာ 'ဂိုးလ်ဒင်းစတိတ်သည် ဓာတ်အားထုတ်လုပ်ပေးနိုင်မှု အင်အားကို တိုးမြှင့်ရန် စတင်ဆောင်ရွက်ခြင်း မရှိပါက၊ မကြာမီ ပိုမိုဆိုးရွားသည့် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လာလိမ့်ဦးမည်' ဆိုသည့် အချက်ပင်တည်း။

မကြာမီဆိုသည်မှာ ရှေ့လာမည့်နှစ်ပင် ဖြစ်သည်။ သို့တိုင်အောင် (ရေနွေးငွေ့၊ ရေနံ၊ ကျောက်မီးသွေးစသော) သယံဇာတများကို သုံးစွဲမောင်းနှင်ရသည့် ဂျင်နရေတာများအား ပုံစံရေးဆွဲ၍ တည်ဆောက်ရန်ကပင် (၅) နှစ်ခန့်ကြာသလို အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ဆိုပါက (၆) နှစ်ခန့် ကြာမြင့်လိမ့်ဦးမည်။ တဖန် အဆိုပါ ဂျင်နရေတာများ တည်ဆောက်ခွင့် လိုင်စင်ရရှိရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် ကာလမှာ (၄) နှစ်မှ (၆) နှစ်အထိ ကြာမြင့်ဦးမည် ဖြစ်သည်။

"အခု ကျုပ်တို့ပြောဆိုနေကြတဲ့ ပရိုဂျက်သုံးခုအပြင် အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက် တည်ဆောက်ခွင့်လိုင်စင် ရရှိရေးကိစ္စကိုလည်း ဆက်လုပ်သင့်တယ်လို့ ယူဆတယ်"

ဂိုးလ်ဒင်းစတိတ်၏ တစ်ဦးတည်းသော အတိုင်ပင်ခံ ဥပဒေအကျိုးဆောင် အော်စကာအိုဘရိုင်ယင်က ပြောလိုက်ခြင်းဖြစ်သည်။

အီးရစ်ဟမ်ဖရီက ဆိုသည်။

"အဏုမြူဓာတ်အားပေးစက် ပရိုဂျက်ကိစ္စကို ဆက်လုပ်ရမှာပါပဲ၊ ဒါပေမယ့် အဲဒီကိစ္စကို တခြားစီမံချက်တွေနဲ့ ခွဲခြားထားမှဖြစ်မယ်၊ လုပ်သားပြည်သူတွေက ပြင်းပြင်းထန်ထန် ကန့်ကွက်ကြလိမ့်မယ်"

ချယ်ယာမင်ကြီးက ဆက်ပြောသည်။

"သဘာက်ခါကျရင် ဘုရင်ခံကြီးနဲ့ ကျုပ် စကရာမင်တိုမှာ တွေ့ကြဖို့တောင် ကြိုစီစဉ်ထားပြီးပြီ၊ ကျုပ်က ကွပ်ကဲမှုအေဂျင်စီတွေကို ခပ်မြန်မြန်ထက်ထက် အလုပ်စ, လုပ်နိုင်းပေးဖို့ ဒီကိစ္စသုံးခုစလုံးကို အဖွဲ့သုံးဖွဲ့စလုံးပေါင်းပြီး တစ်ခါတည်း ကြားနာမေးမြန်းဖို့ ဖြစ်နိုင်မယ်ဆိုရင် နောက်လလောက်မှာ လုပ်ငန်းစ,ဖို့ တိုက်တွန်းမယ်လို့ စိတ်ကူးထားတယ်"

ရေးပေါလ်ဆင်က ဝင်ဖြည့်စွက်လိုက်၏။

"ဒီကိစ္စကို တွန်းအားပေးဖို့ ခုအချိန်လောက် ပိုကောင်းတဲ့အချိန် မရှိဘူး၊ အရင်တစ်ပတ်က ဓာတ်အားပြတ်တောက်သွားတဲ့ကိစ္စဟာ အင်မတန်ဆိုးရွားတဲ့ အခြေအနေနဲ့ တွေ့ကြရလိမ့်မယ်လို့ (နိမိတ်) ပြလိုက်တာပဲ မဟုတ်လား။ (ဘုရင်ခံနေတဲ့)

www.burmeseclassic.com

www.burmeseclassic.com



စကာရာမင်တို့မှာတောင် အဲဒါကို နားလည်သဘောပေါက်ကြလိမ့်မယ်လို့ ကျုပ်ထင်တယ်"

အော်စကာအိုအာရိုင်ယင်က ပြောလိုက်သည်။

"စကာရာမင်တို့မှာ သူတို့နားလည်တာက နိုင်ငံရေးအကျိုးအမြတ် သက်သက်ပဲ၊ ကဲဗျာ ပြောင်ပဲပြောကြရအောင်၊ ကျုပ်တို့ကို ကန့်ကွက်မယ့်လူတွေက တူနီပါကိစ္စကို ထိပ်ဆုံးကတင်ပြီး ရာနှုန်းပြည့် အမြတ်ထုတ်ကြလိမ့်မယ်"

ယခုဆွေးနွေးနေသော ပရိုဂျက်သုံးခုအနက် 'တူနီပါ' သည် ဝိရောဓိ အဝင်နိုင်ဆုံးဖြစ်သလို ပရိုဂျက်သုံးခုစလုံးအနက် အဓိကအကျဆုံးလည်း ဖြစ်သည်။

တူနီပါသည် ကယ်လီဖိုးနီးယားနှင့် နီဗားဒါးပြည်နယ်တို့၏ နယ်စပ်တွင်ရှိသော တောကြီးမျက်မည်းဒေသ ဖြစ်သည်။ လူသူလေးပါး နေထိုင်ခြင်းမရှိ။ အနီးဆုံးမြို့သည်ပင်လျှင် မိုင်လေးဆယ်ခန့် ဝေးသည်။ တောက်စားထွက်လိုသူများနှင့် သဘာဝကို လေ့လာလိုသူများကလည်း မနှစ်မြို့ကြချေ။ ထိုဒေသသို့ သွားရန်လည်း မလွယ်ကူ။ လမ်းလည်းမရှိ။ အဆိုပါ အချက်များကြောင့် တူနီပါကို စဉ်းစဉ်းစားစား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဂိုးလ်ဒင်းစတိတ်သည် ဆန်ဖရန်စစ္စကိုလောက် မြို့ကြီးခြောက်မြို့ကို ဓာတ်အားပေးနိုင်မည်ဖြစ်သော ကီလိုဝပ်ငါးသန်းကျော် ထုတ်လုပ်ပေးနိုင်မည့် မဟာ့မဟာ ဂျင်နရေတာကြီးတစ်ခုကို တူနီပါ၌ ဆောက်လုပ်လိုသည်။ ကျောက်မီးသွေးကို လောင်စာအဖြစ် သုံးစွဲမည်။ ဈေးနှုန်းသက်သာပြီး ကျောက်မီးသွေး ပေါပေါများများရှိနေသော မိုင် (၇၀၀) ဝေးသည့် 'အူတာ' ပြည်နယ်မှ မီးရထားနှင့် သယ်မည်။ ဓာတ်အားပေးစက်ရုံကို စတင်ဆောက်လုပ်သည်နှင့် တစ်ပြိုင်နက် ဝက်စတင်ပီစီဖိတ် မီးရထားလမ်းမကြီးနှင့် ဆက်သွယ်ထားမည့် ရထားလမ်းတစ်လမ်းကိုလည်း စတင်ဖောက်လုပ်မည်။

ကျောက်မီးသွေးသည် မြောက်အမေရိကအတွက် အာရပ်ရေနံကို အာမခံနိုင်မည့် အဖြေပင် ဖြစ်နိုင်ဖွယ်ရှိသည်။ အမေရိကန်နိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော နေရာများ၌ရှိနေသည့် ကျောက်မီးသွေးသိုက်မှာ ကမ္ဘာပေါ်တွင် ထွက်မည်ဟု သိထားရသမျှသော ကျောက်မီးသွေးပမာဏ၏ သုံးပုံတစ်ပုံရှိပြီး၊ အမေရိကန်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို အနှစ်သုံးရာအထိ ဖြည့်ဆည်းပေးနိုင်လိမ့်မည်။ အလာစကာတွင် နောက်ထပ် အနှစ်နှစ်ထောင်စာအတွက် ကျောက်မီးသွေးများ ရှိနေသေးသည်ဟု ယုံကြည်ထားကြသည်။

ကျောက်မီးသွေးနှင့် ဆက်နွယ်ပတ်သက်သော ပြဿနာပေါင်း မြောက်မြားစွာရှိနေသည်ကိုတော့ ဝန်ခံပါသည်။ ခေတ်သစ်နည်းပညာများနှင့် ဖြေရှင်းရန် ကြိုးပမ်းနေကြသည့်တိုင်အောင် မိုင်းတွင်းတူးဖော်ရေးကိစ္စနှင့် လေထုညစ်ညမ်းမှုတို့မှာ အဓိကပြဿနာများပင်။



ယခု တူနီပါ၌ ဂျင်နရေတာ တည်ဆောက်မည်ဆိုလျှင် လူသူနေထိုင်သည့် နေရာများနှင့် အနားယူအပန်းဖြေစခန်းများသို့ ရောက်ရှိလာမည့် ညစ်ထေးမှုဂယက်မှာ ခရီးသလောက် နည်းပါးသွားမည်ဖြစ်သည်။

နောက်တစ်ချက်ရှိသေးသည်။ တူနီပါကြောင့် ရေနံကို လောင်စာဆီအဖြစ် သုံးစွဲနေရသော ဂိုးလ်ဒင်းစတိတ်၏ ဂျင်နရေတာ အဟောင်းအမြင်း အများအပြားကို ပြန်လည်ရုတ်သိမ်းနိုင်မည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားမှ တင်သွင်းလာရသော ရေနံအပေါ် အမှီသဟဲပြုနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည့်ပြင် ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများ၌ ကုန်ကျစရိတ် အမြောက်အမြား သက်သာမှုရ ရှိလာစေမည်ဖြစ်သည်။

ကျိုးကြောင်းဆက်စပ်၍ တွေးခေါ်တတ်သူများက တူနီပါပရိုဂျက်ကို လက်ခံကြလိမ့်မည်သာ။ သို့သော် ပြည်သူ့အကျိုးဆောင် ကုမ္ပဏီကြီးများ လက်တွေ့ခံစား၍ သိရှိထားကြသည်မှာ၊ ကျိုးကြောင်းဆက်စပ်မှု မည်မျှပင်ရှိစေ၊ လုပ်သားပြည်သူအများစုက လက်ခံကြမည်ပင်ဖြစ်စေ၊ နားမလည်ပါးမလည်နှင့် ဇွတ်ကန့်ကွက်နေမည့်လူ လက်တစ်ဆုပ်စာသာရှိခဲ့လျှင် ပြောင်းပြန်ဖြစ်သွားနိုင်သည် ဆိုခြင်းပင်။

"ထပ်ဆွေးနွေးစရာများ ရှိကြသေးသလား"

ဂျေအီးရစ်ဟမ်ဖရီက မေးလိုက်ခြင်းဖြစ်သည်။ အချို့ကမူ စာရွက်စာတမ်းများကိုဝင် ပြန်လည်သိမ်းဆည်းနေကြလေပြီ။ တီရေစာဗန်ဘူရင်က-

"ဟုတ်ကဲ့ နည်းနည်းပါးပါးလောက်တော့ ပြောချင်ပါတယ်"

အားလုံးက သူ့ကို လှည့်ကြည့်ကြသည်။

ဗန်ဘူရင်က သတင်းစာနှစ်စောင်ကို စားပွဲပေါ်၌ ဖြန့်တင်လိုက်၏။

"ဟောဒါ ဒီကနေ့ထုတ် 'ကယ်လီဖိုးနီးယား အိပ်ဇင်းမနား' နဲ့ 'ခရိုနီကယ်ဝက်စ်' သတင်းစာတွေပါ၊ ဒီသတင်းစာတွေထဲမှာ အရင်တစ်ပတ်ကဖြစ်ခဲ့တဲ့ ဓာတ်အားပြတ်တောက်မှုအကြောင်း တစ်စိုးတစ်စေ့မှ မပါတော့ဘူး၊ အဲဒီကိစ္စဟာ ပထမနေ့တုန်းက သတင်းထူး၊ နောက်နေ့ကျတော့ အရေးမပါတဲ့ သတင်းတိုလေး၊ နောက်နေ့ကျတော့ သုံးဝမပါတော့ဘူး၊ တစ်ခါ သတင်းစာမှာလို တခြား လူထုဆက်သွယ်ရေး ကိရိယာတွေမှာလဲ အဲဒီပုံစံအတိုင်းပဲ"

ရေးပေါလ်ဆင်က ဝင်ပြောသည်။

"အဲဒီတော့ကော ဘာဖြစ်ရမှာလဲ၊ တခြားသတင်းတွေလဲ ရှိနေတဲ့ဥစ္စာ၊ လူတွေက စိတ်မဝင်စားကြလို့ပေါ့"

"သူတို့ စိတ်မဝင်စားတာက သူတို့ကို စိတ်ဝင်စားလာအောင် ဘယ်လူကမှ သင်မပေးကြလို့ပဲ၊ တာနယ်ဇင်းကပ္ပဂိုလ်တွေနဲ့ လုပ်သားပြည်သူတွေက လျှပ်စစ်ဓာတ်အား မလုံမလောက် ဖြစ်နေတဲ့ကိစ္စဟာ၊ နေလာနှင်းပျောက်ဆိုသလို ရေတိုပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ပဲ မြင်နေကြတယ်၊ ရေရှည်ပြဿနာလို့ကို မထင်ဘူး၊ အဲဒီအမြင်မျိုး ပ,ပျောက်သွားအောင် ကျွန်မတို့က မြင်မပေးနိုင်သမျှ ဘယ်လိုမှ ပြောင်းလဲလာမှာမဟုတ်ဘူး”

ဒုတိယဥက္ကဋ္ဌ (ဘဏ္ဍာရေး) ရှားလက်အုန်ဒါဟင်းလ်က ပြန်မေးသည်။

“ရှင်က တခြားလူတွေ တွေးခေါ် မြော်မြင်တတ်လာအောင် ဘယ်လိုလုပ်ပေးနိုင်မှာမို့လို့လဲ”

နင်းမ်ကိုးလ်မင်းက ခဲတံကို အောက်ပစ်ချရင်း ဝင်ပြောသည်။

“အဲဒါကို ကျုပ်ဖြေမယ်၊ တစ်နည်းကတော့ အခြေအနေအမှန် ဘယ်လိုရှိနေတယ်ဆိုတာ ချွင်းမချန် အမှန်အတိုင်း၊ မကြာခဏဆိုသလို ဖြောင့်ဖြောင့်ပြောဖို့ပဲပေါ့”

နင်းမ်က ဆက်ပြောသည်။

“လွန်ခဲ့တဲ့အပတ်တုန်းက ဒီကုမ္ပဏီက ကီလိုဝပ် (၂၂) သန်းအထိ အများဆုံး ထုတ်လုပ်ပေးခဲ့တယ်၊ တစ်ခါ တစ်နှစ်တစ်နှစ်မှာလဲ လျှပ်စစ်ဓာတ်အားသုံးစွဲမှုက ကီလိုဝပ်တစ်သန်းတစ်သန်းစီ တိုးတိုးလာတယ်၊ အဲဒီနှုန်းနဲ့သာ တိုးနေလိမ့်မယ်လို့ယူဆရရင် လာမယ့်သုံးနှစ်အတွင်း လတ်တလောသုံးဖို့ ချန်ထားနိုင်မယ့် လက်ကျန်ဓာတ်အား နည်းလာမယ်၊ စတုတ္ထမြောက်နှစ်ကျရင် လက်ကျန်ချန်ထားစရာကို လုံးဝရှိတော့မှာ မဟုတ်ဘူး ဒီတော့ ကျုပ်တို့က အဲဒီအခြေအနေကို ဘယ်လိုထိန်းသိမ်းထားနိုင်မှာလဲ၊ အဖြေကတော့ ဘယ်လိုမှ ဆက်ထိန်းထားနိုင်မှာ မဟုတ်ဘူး၊ ဒီကနေ့ကနေ သုံးနှစ်ကြာလာရင် ဘာဖြစ်လာမလဲဆိုတာကို သောက်ရူးတိုင်းကတောင် သိနိုင်လိမ့်မယ်၊ နေအရမ်းပူလာပြီဆိုတဲ့ နေ့တိုင်းမှာ မီးပြတ်တာတွေ ဖြစ်ကုန်မယ်၊ ခြောက်နှစ်ကြာရင် နွေရာသီမှာရှိတဲ့ရက်တိုင်း မီးတွေပြတ်ကုန်လိမ့်မယ်၊ ဒီတော့ ဒီကုမ္ပဏီရဲ့ ပေါ်လစီအနေနဲ့ ဂျင်နရေတာတွေကို အသစ်ထပ်ဆောက်ဖို့ လိုမယ်၊ အဲဒီလို မဆောက်နိုင်ရင် ဘာတွေဖြစ်လာလိမ့်မယ်ဆိုတာ လုပ်သားပြည်သူတွေကို အသိပေးဖို့လိုမယ်”

ငြိမ်သက်သွားမှုကို ဗန်ဘူရင်က ဖြိုခွင်းလိုက်၏။

“အခုပြောသွားတဲ့ စကားလုံးတိုင်း အမှန်တရားချည်းပဲဆိုတာ ကျွန်မတို့အားလုံး သိကြတယ်၊ ဒီတော့ အဲဒီအတိုင်း ဘာဖြစ်လို့ ထုတ်မပြောကြရမှာလဲ”

ရှားလက်အုန်ဒါဟင်းလ်က ဝင်ပြောသည်။

“ကျွန်မကတော့ ပြောသင့်တယ်လို့ သိပ်မထင်ဘူး၊ နောက်တစ်ချက်ကလဲ အခု ကျွန်မတို့ဆွေးနွေးနေတဲ့ ကြေငြာချက်မျိုးကို ပြောကြစတမ်းဆိုရင် ချယ်ယာမင်ကြီးကိုယ်တိုင် ပြောသင့်တယ်”

အီးရစ်ဟမ်ဖရီက လေအေးတလေးနဲ့ ဝင်ပြောလိုက်၏။

“အားလုံးလဲသိအောင် မှတ်တမ်းလဲဝင်အောင် ပြောပြထားချင်လို့ပါ၊ ‘မင်္ဂလာရှိသောညနေခင်း ရုပ်မြင်သံကြားကဏ္ဍ’ အတွက် ကျုပ်ကို စ,မေတ္တာခံရပ်လာပေမယ့်



ကျုပ်က နင်းမ်ကို တစ်ဆင့်တာဝန်ပေးလိုက်တာပါ၊ သူက အဲဒီလိုကိစ္စမျိုးတွေမှာ တော်တော်ကလေး ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်စွမ်းရှိတယ်လို့ ကျုပ်ထင်တယ်”

တီရေစာဗန်ဘူရင်က ဝင်ထောက်သည်။

“အခု ကျွန်မတို့ကုမ္ပဏီက တစ်ချိန်လုံးလက်ခံထားတဲ့ ‘မယုတ်မလွန်’ အယူအဆကိုစွန့်ပယ်ပြီး၊ အရှိကို အရှိအတိုင်း ဖြောင့်ဖြောင့်ပြောဖို့ သူသဘောအတိုင်း လုပ်ပိုင်ခွင့်ပေးလိုက်မယ်ဆိုရင် ပိုတောင်ကောင်းလိမ့်ဦးမယ်”

“ကျုပ်ကတော့ မယုတ်မလွန်ဝါဒကို လက်မလွှတ်ချင်သေးဘူး”

ယခုတစ်ကြိမ်တွင် ဝင်ပြောသူမှာ ဥက္ကဋ္ဌရာထူးကို ခံယူထားသော်လည်း ဝိုးလ်ဒင်းစတိတ်၏ သဘာဝဓာတ်ငွေ့နှင့် ပတ်သက်သည့် လုပ်ငန်းများကိုသာ တာဝန်ခံရသူ ဖရေဇာဖင့်တွန်ပင် ဖြစ်သည်။

“ကျုပ်တို့အားလုံးက မင်းရဲ့ စိတ်ညစ်စရာအတွေးအခေါ်ကို လက်ခံကြသေးတာမဟုတ်ဘူး တီရေစာ၊ ကျုပ် ဒီကုမ္ပဏီနဲ့ လုပ်သက် (၃၄) နှစ်ကြာခဲ့သလို ပြဿနာမျိုးစုံကိုလည်း တွေ့ခဲ့ဖူးတယ်၊ ကျုပ်တို့ဟာ ဓာတ်အားလျော့နည်းတဲ့ ပြဿနာကို တစ်နည်းတစ်ဖုံ ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျုပ်ယူဆတယ်”

နင်းမ်က ဝင်ထောက်လိုက်၏။

“ဘယ်လိုဖြေရှင်းမှာတုန်း”

“စကားကို ဆုံးအောင်လဲ နားထောင်ပါဦးလေ၊ နောက်ထပ် ကျုပ်ပြောချင်တဲ့ အချက်တစ်ချက်က ကျုပ်တို့ဘာပဲလုပ်လုပ်၊ ဂျင်နရေတာတွေကိုပဲ ထပ်ဆောက်ဆောက်၊ မီတာခ ပိုတောင်းချင်တောင်း၊ ရှယ်ယာအစုရှင်တွေကို အမြတ်ငွေ များများစားစား ပေးချင်ရင်ပေး၊ အုံနဲ့ကျင်းနဲ့ ကန့်ကွက်မယ့်လူတွေကတော့ ရှိနေဦးမှာပဲ၊ ဒါပေမယ့် ကြာရင် သူ့အလိုလို ငြီးငွေ့လက်လျှော့ပြီး ပျောက်ကုန်ကြလိမ့်မယ်၊ အဲဒီအခါကျရင် ဒီကုမ္ပဏီနဲ့ တခြားကုမ္ပဏီတွေဟာ သူတို့ လုပ်ချင်တာတွေကို လုပ်ခွင့်ရလာကြလိမ့်မယ်၊ ဒါကြောင့် ကျုပ်က မယုတ်မလွန်ဝါဒကို ဆက်ကိုင်ထားပြီး၊ အလကားနေရင်း ပြဿနာရှာဖို့ မလိုအပ်ပါဘဲနဲ့ လုပ်သားပြည်သူတွေကို ဖြဲခြောက်ပြီး ဝိရောဓိမဖြစ်စေဖို့ ပြောချင်တယ်”

“ကျုပ်ကလဲ အခုပြောတာတွေအားလုံးကို သဘောတူတယ်”

စတီးဝပ်အိုင်နီက ပြောလိုက်ခြင်းဖြစ်သလို ရေးပေါလ်ဆင်ကလည်း သဘောတူကြောင်း ဝင်ပြောသည်။

နင်းမ်က တီရေစာအား လှမ်းကြည့်ပြီး တီရေစာနှင့် သူ၊ သဘောထားချင်းတိုက်ညီကြောင်း နင်းမ်တွေးမိသည်။ ဖရေဇာဖင့်တွန်၊ အိုင်နီ၊ ပေါလ်ဆင်နှင့် ၎င်းတို့ကဲ့သို့သော ဝန်ထမ်းများသည် ခေတ်ကောင်းနှင့်အတူ လွယ်လွယ်ကူကူ ကြီးပြင်းလာခဲ့သူများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် ရွှေထီးဆောင်းရသည့်ဘဝ မရှိတော့ပါဆိုသည်ကို လက်မခံဘဲ အကြောက်အကန် ငြင်းဆန်နေကြခြင်းပင်။

ထိုသဘောမျိုး ဖြစ်ပေါ်နေမှုနှင့် ပတ်သက်၍ အကြောင်းမျိုးစုံရှိသည်။ ဂိုးလ်ဒင်းစတိတ်လို ကုမ္ပဏီများသည် သမိုင်းတစ်လျှောက်လုံး၌ ရောင်းသူ၏ဈေးကွက်မှ ကုမ္ပဏီကြီးများသာ ဖြစ်ခဲ့ကြသည်။ ထုတ်လုပ်နိုင်စွမ်းရှိသလောက် ရောင်းချနိုင်ခဲ့ကြသလို မာတ်အားကို ဈေးပေါ်ပေါ်နှင့် ထုတ်လုပ်ပေးနိုင်ခဲ့ကြသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်ကမှ မာတ်အားထုတ်လုပ်ပေးနိုင်သည့် စက်များတည်ဆောက်ရာတွင် အခက်အခဲဖြစ်လာခြင်း၊ ဈေးကြီးလာခြင်း စသည်တို့ကြောင့် လူကြိုက်နည်းသော ဆုံးဖြတ်ချက်များကို ချခဲ့ရသည်။ ၄င်းအပြင် ယခုခေတ်၌ ကုမ္ပဏီကြီးများအား အတိုက်အခံလုပ်လေ့ရှိသော စားသုံးသူအုပ်စုများ၊ သဘာဝအလှအပ ထိန်းသိမ်းကာကွယ်ရေး အုပ်စုများသည် ၄င်းတို့ခေတ်တွင် မရှိခဲ့ကြချေ။

“ကျုပ်ကတော့ ဒီကိစ္စမှာ စိတ်နှစ်ခွဖြစ်နေမိတယ်”

ဂျေအီးရစ်ဟမ်ဖရီက ပြောလိုက်ခြင်းပင် ဖြစ်သည်။ “ကဲ ဒီတော့ မဲခွဲကြမယ်၊ ပြောင်းဖွင့်ပြောချင်ပါတယ်ဆိုတဲ့ လူတွေလက်ထောင်”

တီရေစာပန်ဘူရင်၊ နင်းမ်နှင့် အော်စကာအိုဘရိုင်ယင်တို့ကသာ လက်ထောင်ကြသည်။

“ကန့်ကွက်မယ့်လူတွေ”

ဒီတစ်ကြိမ်တွင်မူ လက်ရှစ်ချောင်း ထောင်ကြသည်။

အီးရစ်ဟမ်ဖရီက ခေါင်းညိတ်သည်။

“ကျုပ်ကလည်း အများစု သဘောထားဘက်ကိုပဲ (မဲထည့်) လိုက်မယ်ဒါဆိုရင် ခုလက်ရှိ မယုတ်မလွန် သဘောထားကိုပဲ ဆက်သုံးကြတာပေါ့”

အစည်းအဝေးကြီး ပြီးစီးသွားလေပြီ။

အခန်းချင်းဆက်နေသော သူတို့နှစ်ဦး၏အခန်းနားသို့ ရောက်သောအခါ ဟမ်ဖရီက နင်းမ်ကို ပြောလိုက်သည်။

“လာပါဦးကွာ၊ ငါ မင်းကို တာဝန်ပေးချင်တဲ့ အလုပ်ကိစ္စတစ်ခုရှိသေးတယ်”

ဟမ်ဖရီသည် စားပွဲပေါ်မှ ဖိုင်တွဲတစ်ခုကိုယူရင်း နင်းမ်ရှိနေရာ ဧည့်ခန်းသုံးကုလားထိုင်များပေါ်တွင် လာထိုင်သည်။

“ဒီအထဲမှာပါတဲ့ နောက်ဆုံးအစီအရင်ခံစာကို မင်းဖတ်ပြီးသားဖြစ်လိမ့်မယ်လို့ ငါထင်တယ်”

ဟမ်ဖရီက ‘ကုမ္ပဏီပိုင်ပစ္စည်း ထိန်းသိမ်းကာကွယ်ရေးဌာန၊ အကြောင်းအရာ မာတ်အားခိုးမှု’ ဟု ခေါင်းစဉ်တပ်ထားသော ဖိုင်တွဲကို လက်ညှိုးထိုးပြရင်း ပြောလိုက်ခြင်း



ဖြစ်သည်။

“ဟုတ်ကဲ့ ကျွန်တော် ဖတ်ပြီးပါပြီ”

သူတို့ ဆွေးနွေးနေကြသည့် ကိစ္စမှာ ‘ဟယ်ရီလန်ဒန်’ ဟုဆိုသော ဌာနမှူးတစ်ယောက်က လျှပ်စစ်မီတာနှင့် မာတ်ငွေ့မီတာများအား တစ်မျိုးတစ်ဖုံပြုပြင်၍ ခိုးယူသုံးစွဲမှုသည် ပွားများတိုးတက်လာကြောင်း တင်ပြသည့် အစီရင်ခံစာပင်တည်း။

အီးရစ်ဟမ်ဖရီက သုံးသပ်သည်။

“အခိုးခံရတဲ့အတွက် တစ်နှစ်မှာ ဆယ့်နှစ်သန်းလောက် ဆုံးရှုံးတယ်လို့ ခန်းမှန်းထားတယ်၊ အဲဒါထက် ပိုများချင်လဲ များလိမ့်မယ်”

နင်းမ်က အာမခံသည်။

“ဒီခန့်မှန်းခြေက တော်တော်လေး နီးစပ်ပါတယ်”

ချယ်ယာမင်ကြီးသည် ကုလားထိုင်လက်ရန်းကို လက်ချောင်းကလေးများနှင့် ဘဒေါက်ဒေါက်ခေါက်ရင်း ပြောလိုက်သည်။

“ဒီနည်းဒီပုံ ဖြစ်ပျက်နေတာတွေကို တို့က ခပ်တည်တည် ထိုင်ကြည့်နေလို့ မဖြစ်တော့ဘူး။ တို့လုံခြုံရေးစီမံချက်ကို ပိုပြီး တင်းတင်းကျပ်ကျပ် လုပ်ရလိမ့်မယ်၊ လိုအပ်ရင် စုံစမ်းထောက်လှမ်းရေးအတွက် အသုံးစရိတ်ဘတ်ဂျက်ကို ပိုတိုးမြှင့်ပေးမယ်၊ ဒီကိစ္စတစ်ခုလုံးဟာ ငါ့ကိုယ်စား ဆောင်ရွက်ပေးရတဲ့ မင်းတာဝန်လုံးလုံးပဲလို့ သဘောထားလိုက်၊ ဟယ်ရီလန်ဒန်ကိုလည်း အဲဒီအတိုင်းပြောပြ၊ ပြီးတော့လည်း သူ့ဌာနကို ငါကိုယ်တိုင် စိတ်ဝင်တစား ရှိနေတယ်ဆိုတဲ့အကြောင်းနဲ့ ‘အဖြေ’ပေါ်လာတာကို ငါတွေ့ချင်တယ်ဆိုတဲ့ အကြောင်းကို မင်းက လေးလေးနက်နက် ပြောပြလိုက်”

□

ဟယ်ရီလန်ဒန်သည် ခပ်ပုပုဖျတ်ဖျတ်၊ ကြဲကြဲလှီလှီနှင့် စကားကို ခပ်ဆိုင်းဆိုင်းနှင့် ခပ်ပြတ်ပြတ် ပြောတတ်သူဖြစ်သည်။ သူသည် ရေတပ်မတော်မှ တပ်ကြပ်ကြီးအဆင့်တွင် တာဝန်ထမ်းခဲ့ဖူးပြီး သူရသတ္တိအတွက် ငွေကြယ်တံဆိပ်ကို ရခဲ့သူဖြစ်သည်။ ထို့နောက် လော့စ်အင်ဂျလိစ်ရဲတပ်ဖွဲ့တွင် ရဲစုံထောက်အဖြစ် အမှုထမ်းခဲ့ပြီး၊ လွန်ခဲ့သည့်ငါးနှစ်က ဂိုးလ်ဒင်းစတိတ် လုံခြုံရေးဌာန၏ လက်ထောက် လုံခြုံရေးမှူးချုပ်အနေဖြင့် စတင် အမှုထမ်းဆောင်ခဲ့သူ ဖြစ်သည်။ လွန်ခဲ့သည့် ခြောက်လကမှ ‘ဟယ်ရီလန်ဒန်’သည် အသစ်တိုးချဲ့ဖွဲ့စည်းလိုက်သော ‘ကုမ္ပဏီပိုင်ပစ္စည်း ထိန်းသိမ်းကာကွယ်ရေးဌာန’ ခွဲ၏ အကြီးအကဲအဖြစ် စတင်တာဝန်ယူခဲ့ရသည်။ ထိုအချိန်ကစ၍ နင်းမ်သည် သူနှင့် အတော်ကလေး ရင်းနှီးကျွမ်းဝင်ခဲ့ကြသည်။ သူတို့နှစ်ယောက်သည် တပတ်

www.burmeseclassic.com

www.burmeseclassic.com



လည်၌ မှန်နံရံများ ကာရံထားသော ဟယ်ရီလန်ဒန်၏ ခပ်ကျဉ်းကျဉ်း အခန်းကလေးထဲ၌ စကားပြောဆိုနေကြသည်။ လန်ဒန်က မေးလိုက်၏။

"ခင်ဗျား ကျုပ် အစီရင်ခံစာကို ဖတ်ပြီးပလား"

"ဖတ်ပြီးပြီ၊ ချယ်ယာမင်ကြီးလည်း ဖတ်ပြီးပြီ"

နင်းမ်က ချယ်ယာမင်ကြီး၏ အမှာစကားကို ဟယ်ရီလန်ဒန်အား ရှင်းပြလိုက်၏။ လန်ဒန်က ခေါင်းညိတ်သည်။

"အဖြေပေါ်ရပါစေ့မယ်ဗျာ၊ အစောဆုံး ဒီအပတ်အတွင်းမှာ သိစေ့မယ်"

"ခင်ဗျားက ဘရွတ်ဆိုက်ကို ပြောတာလား"

"သိပ်ဟုတ်တာပေါ့"

ဘရွတ်ဆိုက်ဆိုသည်မှာ မြို့လယ်ခေါင်နှင့် မိုင်နှစ်ဆယ်ဝေးသော မြို့ဆင်ခြေဖုံးရပ်ကွက်တစ်ခုဖြစ်ပြီး ဓာတ်အားခိုးနေသည့်ပုံစံကို ဖော်ထုတ်တွေ့ရှိသဖြင့် အသေးစိတ်စုံစမ်းရန် စီစဉ်ထားပြီးဖြစ်ကြောင်း လန်ဒန်၏ အစီရင်ခံစာထဲတွင် ဖော်ပြပါရှိသည်။

"ဘရွတ်ဆိုက်ကို စ,စုံစမ်းမယ့်နေ့ဟာ သဘက်ခါပဲ"

"ဒါဆိုရင် ကြာသပတေးနေ့ပေါ့၊ ခင်ဗျားက အဲဒီလောက် မြန်မြန်ဆန်ဆန်ကြီးကို စ,ကိုင်နိုင်လိမ့်မယ်လို့ ကျုပ်မထင်ခဲ့ဘူး"

အစီရင်ခံစာ၌ 'ဘယ်နေ့'တွင်ဟု ဖော်ပြမထားသော်လည်း ဘရွတ်ဆိုက်ရပ်ကွက်ကို ရှောင်တခင်ဝင်စစ်ရန် စီစဉ်ထားကြောင်း၊ ဖော်ပြထားသည်။ ထိုအဖွဲ့တွင် လန်ဒန်၊ သူ့ညာလက်ရုံးဖြစ်သူ အတ်ရှိမီယိုနှင့် လက်ထောက်သုံးယောက်တို့က ခေါင်းဆောင်ကြမည်ဖြစ်ပြီး၊ ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ၏ ဝန်ထမ်းများဖြစ်ကြသော 'လျှပ်စစ်သုံးစွဲသူများအား ကူညီမှုပေးသည့်ဌာန'မှ မီတာဖတ်အထူးကျွမ်းကျင်သူ ဝန်ထမ်း (၃၀)၊ ထို့နောက် အင်ဂျင်နီယာခြောက်ဦးနှင့် သက်သေအထောက်အထားအဖြစ် ဓာတ်ပုံရိုက်ယူပေးမည့် ဓာတ်ပုံဆရာ နှစ်ယောက်တို့က အကူအညီပေးကြမည် ဖြစ်သည်။

အမှန်တကယ် ဆောင်ရွက်သည့်နေ့တွင် ဘရွတ်ဆိုက်ရပ်ကွက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မီတာဖတ်သူများက တစ်အိမ်တက်ဆင်းနှင့် ကုန်စုံဆိုင် တစ်ဆိုင်ပြီး တစ်ဆိုင် ဝင်ရောက်၍ မီတာခိုးသည့် အနေအထား ရှိမရှိကို စစ်ဆေးကြမည်။ ၄င်းအပြင် ခိုးတတ်သည်ဟု ယူဆနိုင်ဖွယ်ရှိသော အဆောက်အအုံများကိုလည်း သီးခြားသွားရောက်ကြမည် ဖြစ်သည်။

နင်းမ်က ပြောလိုက်၏။

"ကျုပ်လဲ အဲဒီအော်ပရေးရှင်းမှာ ဝင်လိုက်ကြည့်ချင်တယ်"

"ကြာသပတေးနေ့ကျရင် ကျုပ်နဲ့လိုက်ခဲ့တာပေါ့"

သူတို့နှစ်ယောက်သည် စုရပ်ကို သတ်မှတ်လိုက်ကြသည်။



ထို့နောက် လာမစ်ရှင် ဓာတ်အားပေးစက်ရုံ၌ ဖြစ်ပွားခဲ့သော ဗုံးဖောက်ခံရသည့်အကြောင်း စကားစပ်မိကြသည်။ လန်ဒန်သည် ယခုအချိန်အထိ ရဲတပ်ဖွဲ့နှင့် အဆက်အသွယ် မပြတ်သေးချေ။ သူက နင်းမ်ကို ပြောပြသည်။

"ဒေသရဲမှူးကြီးက အက်ဖ်ဘီအိုင်၊ မြို့မရဲတပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး စုံစမ်းနေတာပဲ၊ ဒါပေမယ့် ခုအချိန်အထိ ဘာသဲလွန်စမှ မရသေးဘူး၊ အက်ဖ်ဘီအိုင်ကတော့ ရဲမှတ်တမ်းမဝင်သေးတဲ့ အရူးတွေနဲ့ ရင်ဆိုင်နေရတယ်လို့ ယူဆထားတာ၊ အဲဒီလူစားမျိုးတွေက တဖွတ်ထိုး၊ တစောက်ကန်းတွေ၊ တစ်ခါတစ်ခါကျရင် သိပ်တော်တတ်ပြီး၊ တချို့နေရာတွေမှာ သိပ်လျှော်တတ်ကြတယ်၊ တိတိကျကျပြောဖို့ကို မလွယ်ဘူး၊ အများအားဖြင့်တော့ အချိန်ယူရတာ တစ်ခုပါပဲ၊ တစ်ခုခု ထူးခြားတာရှိရင် ကျုပ် ခင်ဗျားကို အသိပေးမယ်လေ"

"ကျေးဇူးပါပဲဗျာ"

□ □ □

www.burmeseclassic.com

## အခန်း (၅)

မိတ္တာထောက်လှမ်းရေးအဖွဲ့က နင်းမ်ထက် တစ်နာရီစော၍ ရောက်နှင့်နေကြသည်။ မိတ္တာဖတ်သူ (၃၀) အား စတင်ထွက်ခွာရမည့် စုရပ်များသို့ ပို့ပေးပြီးလေပြီ။

နင်းမ် ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ဟယ်ရီလန်ဒန်သည် ဆက်သွယ်ရေး မော်တော်ယာဉ်ပေါ်မှ ဆင်းလာပြီး ကြိုဆိုသည်။

လန်ဒန်က စပြောသည်။

"ကျုပ်တို့ အခု အဖြေစပေါ်နေပါပြီဗျ၊ ပထမတစ်နာရီအတွင်းမှာတင် မိတ္တာခိုးမှုငါးမှုကို ထင်ထင်ရှားရှားကြီး တွေ့ထားရပြီ၊ အခု ကျုပ်တို့ဓာတ်တိတ်တွေက နောက်သုံးနေရာကို ထပ်စစ်နေကြတယ်"

နင်းမ်က မေးသည်။

"ပထမငါးခုဟာ လူနေအိမ်တွေလား၊ စီးပွားရေး လုပ်ငန်းတွေလား"

"လေးခုက လူနေအိမ်၊ တစ်ခုက စီးပွားရေးလုပ်ငန်း၊ အဲဒါကတော့ စံပဲဗျို့၊ ဒီလူက ကျုပ်တို့ဆီက ဓာတ်အားရော၊ ဓာတ်ငွေ့ပါ နှစ်ဖက်ခွပြီး ခိုးနေတာဗျ၊ ခင်ဗျားကော ကြည့်ချင်သေးသလား"

"သိပ်ကြည့်ချင်တာပေါ့ဗျာ"



လန်ဒန်သည် ဆက်သွယ်ရေး မော်တော်ယာဉ်ပေါ်သို့ လှမ်းပြောလိုက်၏။

"ငါ မစ္စတာကိုးလ်မင်းနဲ့ ကော့စ်အမှတ်လေးဆီကို ငါ့မော်တော်ကားနဲ့ လိုက်သွားလိုက်ဦးမယ်"

သူက ကားမောင်းနေစဉ် နင်းမ်ကို ပြောပြလိုက်သည်။

"ကျုပ် လောလောဆယ် တွေးမိလာတာ နှစ်ချက်ရှိတယ်၊ ပထမတစ်ချက်ကတော့ ကျုပ်တို့ ဒီကနေ့တွေ့ရမယ့်ကိစ္စမှာ မြုပ်နေတဲ့ ရေခဲတုံးကြီးရဲ့ အပေါ်ပိုင်းလောက်ပဲ ဖြစ်လိမ့်မယ်၊ နောက်တစ်ချက်ကတော့ တချို့ကိစ္စတွေမှာ အုပ်စုဖွဲ့ထားတဲ့ အတတ်ပညာရှင် သူခိုးဂိုဏ်းနဲ့တောင် ရင်ဆိုင်ရင် ရင်ဆိုင်နေရမှာ"

ဟယ်ရီလန်ဒန်သည် ဈေးကွက်ကိုလွန်၍ မောင်းနှင်လာပြီး ဓာတ်ဆီဆိုင်နှင့် ကားရေဆေးသည့်စက်ရုံ တွဲဖက်ထားသော အလုပ်ရုံတစ်ခု၏ ရုံးခန်းရှေ့တွင် ရပ်လိုက်၏။

ဟယ်ရီလန်ဒန်သည် ကားထဲမှထွက်လိုက်သောကြောင့် နင်းမ်သည်လည်း ကားထဲမှဆင်း၍ လိုက်သွားသည်။

ကိုးလ်ဒင်းစတိတ်ကုမ္ပဏီပိုင် ကားတစ်စီးသည်လည်း ထိုအလုပ်ရုံရှေ့တွင် ရပ်ထားသည်။

ဟယ်ရီလန်ဒန်က ပြောလိုက်သည်။

"ဓာတ်ပုံဆရာတစ်ယောက် လှမ်းခေါ်ထားတယ်၊ လောလောဆယ်မှာတော့ ကျုပ်တို့လူက သက်သေခံပစ္စည်းကို စောင့်ရှောက်ပေးနေတယ်"

မီးခိုးရောင် အလုပ်သမားဝတ်စုံကို ဝတ်ဆင်ထားသူတစ်ယောက် ၎င်းတို့အနားသို့ ချဉ်းကပ်လာသည်။

ဟယ်ရီလန်ဒန်က နင်းမ်ဘက်သို့လှည့်ရင်း ပြောလိုက်၏။

"ဒီပုဂ္ဂိုလ်က မစ္စတာဂျက်ဆင်ပါ၊ သူက ကျုပ်တို့ကို မိတ္တာတွေစစ်ဆေးဖို့ ဝင်ခွင့်ပြုထားတယ်"

"ကျုပ် အခုတော့ ခွင့်မပြုသင့်ဘူးလို့တောင် ထင်နေပြီ၊ ဘာပဲပြောပြော ကျုပ်ကအိမ်ငှားပါ၊ ဒီနေရာက ပိုင်တာက တစ်ဦးဗျ"

သူ စိတ်ရှုပ်နေပုံရသည်၊ လန်ဒန်က ပြန်ပြောလိုက်သည်။

"ဒါပေမယ့် ခင်ဗျားက ဒီလုပ်ငန်းပိုင်ရှင်ပဲ မဟုတ်လား၊ ပြီးတော့လဲ ဓာတ်အားနဲ့ ဓာတ်ငွေ့မိတ္တာတွေကို ခင်ဗျားနာမည်နဲ့ ထားတာပါ၊ ဟုတ်တယ်နော်"

"လက်ရှိအနေအထားအရဆိုရင် ဒီလုပ်ငန်းကို ဘဏ်ကပိုင်တာဗျ"

"ဒါပေမယ့် ဘဏ်ကတော့ ခင်ဗျားရဲ့ လျှပ်စစ်ဓာတ်အားမိတ္တာနဲ့ ဓာတ်ငွေ့မိတ္တာတွေကို လာပြင်ပေးမှာ မဟုတ်ပါဘူး"

"ကျုပ်အမှန်အတိုင်း ပြောတာပါဗျ၊ ဘယ်သူလုပ်သလဲဆိုတာ ကျုပ်မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်သည် စတိုခန်းဖြစ်ပုံရသော အခန်းတစ်ခန်းဆီသို့ တန်းသွားသည်။
ဟိုဘက်နံရံပေါ်၌ မီးခလုတ်များ၊ မိန်းဆွစ်များ၊ ဓာတ်အားနှင့် ဓာတ်ငွေ့အတွက် မီတာ
သေတ္တာများ ရှိနေကြသည်။ ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ၏ ဝတ်စုံနှင့် လူရွယ်တစ်ယောက်
က လှမ်းနှုတ်ဆက်လိုက်၏။

"မင်းတွေ့ထားတဲ့ကိစ္စကို ပြောပြလိုက်ပါဦး"

"လျှပ်စစ်မီတာကသော့ကိုဖျက်ပြီး မီတာကို ပြင်ထားတယ်ဗျ"

နင်းမ်က ခေါင်းညိတ်လိုက်မိ၏။ ဓာတ်အားကုမ္ပဏီ အင်တော်ခပ်များများသည်
မီတာအတက်နှုန်းကို ဘယ်လိုမှပြင်မရသည့် မီတာအမျိုးအစားသစ်များအား စတင်သုံးစွဲ
နေကြလေပြီ။

"ဓာတ်ငွေ့ကိုခိုးပုံက ပိုပြီးတော့တောင် ပညာသားပါသေးတယ်၊ ဒီမှာ လာ
ကြည့်ပါဦးဗျာ"

ဟယ်ရီလန်ဒန်က ဝင်ရှင်းပြသည်။

"ကုမ္ပဏီက ဓာတ်ငွေ့ပို့တဲ့ပိုက်လိုင်းကို တီဂျွိုင့်နဲ့ ထပ်ဆက်ထားတာဗျ။
ဓာတ်ငွေ့မီတာထဲကိုလဲ ဝင်တယ်၊ နှီးနှီးပိုက်လိုင်းကလဲ ဖြတ်တယ်၊ မီတာထဲဝင်တဲ့အခါ
ကျရင် အဆီးအတားရှိနေလို့ ပိုချောင်ချောင်ချိချိရှိတဲ့ ပိုက်လိုင်းဘက်က ပိုအသွားများ
တာပေါ့ဗျာ၊ ဒါပေမယ့် ခုတော့ ပိတ်ပစ်လိုက်ပါပြီ"

ကင်မရာကို လွယ်ထားသော ခပ်သွက်သွက် အမျိုးသမီးလေးတစ်ယောက်
သည် အထဲသို့ဝင်လာပြီး-

"ဟောဒီက ဓာတ်ပုံများ ရိုက်ချင်ကြပါသေးသလား" ဟု မေးလိုက်၏။ လန်ဒန်
က ဖြေသည်။

"သိပ်ရိုက်ချင်တာပေါ့ကွာ၊ ဟောဒါကို စ,ဓာတ်ပုံရိုက်ပြီးမှ နံရံကိုခွာချပြီး
အထဲကခိုးသွယ်ထားတဲ့ ပိုက်လုံးကို ဓာတ်ပုံရိုက်မယ်"

မော်တော်ကား ဝပ်ရှော့ပိုင်ရှင်သည် သူတို့နောက်ဘက်နား၌ ရစ်သီရစ်သီ
လုပ်နေသည်။

"ဟော့လူတွေ ဒါ ကျုပ်ပိုင်တဲ့ပစ္စည်းဗျ၊ ဘယ်နံရံကိုမှ ဖျက်လို့မရဘူး"

"ခင်ဗျားကို ကျုပ် သတိထပ်ပေးလိုက်ဦးမယ် မစ္စတာဂျက်ဆင်၊ ကျုပ်တို့က
ခင်ဗျားခွင့်ပြုချက်နဲ့ အထဲဝင်ပြီး ကုမ္ပဏီပိုင်ပစ္စည်းတွေကို စစ်ဆေးနေတာ၊ ခင်ဗျားဘက်
က နစ်နာမယ်ထင်ရင် ခင်ဗျားရှေ့နေကို ခေါ်သင့်ပြီထင်တယ်၊ အဲလေ ဘာပဲပြောပြော
ခင်ဗျားအတွက် ရှေ့နေတစ်ယောက်ယောက်တော့ လိုလာမှာပါ"

"ကျုပ်အတွက် ရှေ့နေမလိုပါဘူး"

"အဲဒါကတော့ ခင်ဗျားသဘောပဲပေါ့၊ ဒါပေမယ့် ကျုပ်တို့ ဒီမှာကိစ္စပြီးပြီးဆို



ရင် ခင်ဗျားကို ဓာတ်အားနဲ့ ဓာတ်ငွေ့တွေ ဖြတ်ထားခဲ့မယ်၊ ခင်ဗျားက ပေးရမယ့်ငွေကို
လာမပေးမချင်း ဆက်ဖြတ်ထားမှာပဲ"

အပြင်သို့ ရောက်သောအခါ၊ ဟယ်ရီလန်ဒန်က-

"ဆယ်လေးတစ်လေး လောင်းရမယ်ဆိုရင်၊ ဒီလူ အဲဒီပိုက်ဆံကို ပေးနိုင်မှာ
မဟုတ်တဲ့အပြင် ဘယ်သူလုပ်သလဲဆိုတာကို ထုတ်ပြောမှာမဟုတ်ဘူး"

"သူ့ကိုတရားစွဲပြီး မရမက အပြစ်ကျအောင် လုပ်ရင်ကောဗျာ"

လန်ဒန်က ခေါင်းခါသည်။

"ကျုပ်က သိပ်တရားစွဲချင်တာပေါ့ဗျာ၊ ဒါပေမယ့် တရားရုံးက ဒီကိစ္စမှာ
ဂျက်ဆင်ကိုယ်တိုင် မီတာကို ပြုပြင်တာပါလို့ ကျုပ်တို့ကသက်သေပြဖို့၊ ဒါမှမဟုတ်
အဲဒီပြုပြင်တာကို ဂျက်ဆင်သိပါတယ်လို့ အတင်းသက်သေပြနိုင်မှာ၊ ကျုပ်တို့က
ဘယ်ကိစ္စကိုမှ သက်သေပြနိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ဒီကိစ္စကို လူတွေသိသွားပြီး
မီတာခိုးချင်တဲ့လူတွေ ရှိန်သွားကြမှာပါ"

□

နေ့လည်မွန်းတည့်ချိန်သို့ ရောက်သောအခါ သက်သေပြနိုင်သောအမှုနှင့်
သံသယဖြစ်စရာအမှုပေါင်း လေးဆယ်ကျော် ရှိနေပြီဖြစ်သည်။ ညနေပိုင်းတွင်လည်း
ထိုမာဏလောက်ကိုပင် ထပ်တွေ့ရဖွယ်ရှိသည်။ ဆိုးဆိုးရွားရွား အမှုကိစ္စတစ်ခုတွင်မူ
ခေါသကြီးသောဆိုင်ရှင်က ဂိုးလ်ဒင်းစတိတ်မှ ဝန်ထမ်းအား ပိုက်လုံးပြုတ်သော ဂဏန်း
သတ်မကြီးနှင့် ရိုက်နှက်ရန်ပြုသဖြင့် အရိုက်ခံရသော ဝန်ထမ်းသည် လက်နှင့်
ခေါင်းရိုးကျိုးပြီး၊ ၎င်းအား ဆေးရုံသို့ ပို့လိုက်ရသလို ထိုဆိုင်ပိုင်ရှင်လည်း ပြင်းထန်စွာ
ထိခိုက်ဒဏ်ရာရစေမှုအပြင်၊ အခြားပြစ်မှုများနှင့် အချုပ်ထဲသို့ ရောက်ရှိသွားလေ၏။

အဆိုပါ အမှုပေါင်းများစွာနှင့် ပတ်သက်သော အချက်တစ်ချက်သည် နင်းမ်
အတွက် ပဟေဠိသဖွယ် ဖြစ်နေသည်။

သူက ဟယ်ရီလန်ဒန်ကို ပြောလိုက်၏။

"ဓာတ်အားသုံးစွဲသူတွေက ဘာဖြစ်လို့ ဒီကိစ္စမျိုးတွေကို လုပ်ကြရတာလဲဗျာ"

ဟယ်ရီလန်ဒန်၏ မော်တော်ကားထဲသို့ ရောက်သောအခါ နင်းမ်က သူ့ကိုယ်
သူပြန်မေးသလို ဟယ်ရီလန်ဒန်အား မေးလိုက်ခြင်းလည်းဖြစ်၏။

ဟယ်ရီလန်ဒန်က ဖြေသည်။

"ဘာဖြစ်လို့ လုပ်ကြသလဲဆိုတဲ့ အကြောင်းအချက်တွေကတော့ အများကြီး
ပေါ့ဗျာ၊ တစ်ချက်ကတော့ မသမာတဲ့ စီသမလောဘသမားတွေကြောင့်ပဲ၊ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကောင်မျိုးတွေကို ဖမ်းချင်နေတာ၊ သူတို့က မီတာခိုးလို့ရအောင် ဘယ်ဈေးနှုန်းနဲ့ ပြင်ပေးမယ်ဆိုပြီး (တိုးတိုးတိတ်တိတ်) သတင်းလွှင့်ကြတယ်၊ ကြားရတာ သိပ်လွယ်ပုံရ တော့ လူတွေကလဲ လိုက်လုပ်ကြတာပဲပေါ့"

နင်းမ်သည် ခေါင်းညိတ်လိုက်သည်။

"ပြီးတော့လဲ ကုမ္ပဏီကြီးတွေက သိပ်ကြီးမားလာကြပြီး ပုဂ္ဂလိကပိုင် မှဆန် တော့လဲ လူတွေက မတ်အားခိုးတာကို ဖောက်ထွင်းခိုးယူမှုလောက်၊ လက်ကိုင်အိတ် လုပြေးတာမျိုးလောက် အလေးအနက် မထားကြတော့ဘူး"

ထို့နောက် နင်းမ်က လန်ဒန်နှင့်အဖွဲ့ကို ချီးကျူးစကားဆိုလိုက်သည်။

"အေးဗျာ၊ ခင်ဗျားတပည့်တွေက ဒီကနေ့ တော်တော်လေး ကြိုးစားပမ်းစား လုပ်ကြသားပဲ"

ဟယ်ရီလန်ဒန်သည် ခပ်မဲ့မဲ့ပြုံးလိုက်ပြီး-

"အခု ကျုပ်တို့ စစ်တိုက်နေကြတာဗျ၊ ခင်ဗျားဆရာ ဓသနာပတိချုပ်ကြီးကို ကျုပ်တို့က တိုက်ပွဲအငယ်စားကလေးမှာတော့ နိုင်လိုက်ပြီ၊ နောက်ထပ် တိုက်ပွဲတွေမှာ နိုင်အောင် ထပ်တိုက်ပေးပါဦးမယ်လို့ အစီရင်ခံလိုက်စမ်းပါဗျာ"

□

"ရှင် သွေးနားထင်ရောက်သွားမှာ စိုးရိမ်မိပေမယ့်၊ ညတုန်းက တီဗီမှာ ရှင် တော်တော်လေးကောင်းတယ်၊ ရှင် ကော်ဖီထပ်ယူဦးမလား"

နံနက်စာစားနေကြစဉ် ရှယ်ဂိုးလ်မင်းက ပြောလိုက်ခြင်းဖြစ်သည်။

"အင်း ပေးစမ်းပါဦး၊ ကျေးဇူးလဲ တင်ပါတယ်ကွာ"

ရှယ်သည် ကော်ဖီနှပ်ထားသော ကရားကိုမ,၍ ငှဲ့ထည့်ပေးလိုက်၏။ ရှယ် သည် အမြဲတစေ ဘာကိုပဲလုပ်လုပ် ကျက်သရေရှိရှိနှင့် လှုပ်ရှားဆောင်ရွက်တတ်သူ ဖြစ်သည်။ ရှယ်သည် သေသေသပ်သပ် ဖီးသင်ထားသော အနက်ရောင်ဆံပင်နှင့် အထူ တလည် ကွဲပြားခြားနားမှုရှိစေသော မြစိမ်းရောင် အိမ်ဝတ်ကုတ်အင်္ကျီကို ဝတ်ဆင်ထား သည်။ ရှယ်က ရှေ့သို့ကိုင်းလိုက်စဉ် သေးငယ်သော်လည်း တင်းတင်းရင်းရင်းနှင့် ဖွံ့မက် စရာကောင်းလှသော ရင်သားအစုံကို မြင်ခွင့်ရလိုက်၏။ ယခုအချိန်တွင် ရှယ်အား ခပ်ဖျော့ဖျော့ ခပ်ပြေပြေကလေး လိမ်းထားသည့် ပန်းနုရောင် မိတ်ကပ်ကလေးနှင့် သပ်သပ်ရပ်ရပ်ကလေး တွေ့နေရသည်။ ဘယ်လောက်ပင်စောစော ရှယ်သည် မင်ကိုယ် သဘာဝကပင် လှနေသူဖြစ်သည်။

နင်းမ်က ရှယ်နှင့်သူ နောက်ဆုံး ချစ်တင်းနှီးနှောခဲ့သည့်နေ့မှာ မည်သည့်



နေ့ရက်ကဖြစ်ကြောင်း စဉ်းစားကြည့်မိသည်။ သူ မမှတ်မိချေ။ လူတစ်ယောက်သည် စွဲမက်စရာကောင်းသော သူ့ဇနီးအပေါ်၌ လိင်စိတ်ကုန်ခမ်းပြီး အခြားအခြားသော မိန်းမ များကို စွဲလမ်းနေသည်မှာ ဘာကြောင့်ပါလိမ့်ဟု သူ တွေးကြည့်မိ သည်။ အဖြေကတော့ နမ်းပါများတော့ပြယ်'ဆိုတာအပြင် အသစ်အသစ်ကလေးများကို ရှာဖွေပိုင်ဆိုင်လိုခြင်း ပင် ဖြစ်နိုင်သည်ဟု ယူဆသည်။ သို့တိုင်အောင် သူသည် ရှယ်နှင့် လင်မယားအရာ မြောက်အောင် နေထိုင်သင့်သည်ဟု စိတ်မသိုးမသန့်နှင့် တွေးမိပြန်၏။ ဒီကနေ့ညပင် ဖြစ်ထိုက်လေမလား။

ထိုနေ့မှာ ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ဘာရွတ်ဆိုက်ရပ်ကွက်၌ ရှောင်တခင် ဝင် ရောက်စစ်ဆေးခဲ့သည့်နေ့မှ ရက်သတ္တပတ်နီးပါး ကြာမြင့်ခဲ့လေပြီ။

လေးနှင့်ဘင်ဂျီမှာ ကျောင်းသို့သွားကြပြီဖြစ်သဖြင့် သူနှင့်ရှယ်သည် နံနက်စာ စားပွဲ၌ အေးအေးဆေးဆေး စားသောက်နေနိုင်ကြခြင်း ဖြစ်သည်၊ ဒီလိုအဖြစ်မျိုးက သည်း ရှားပါးလှပါဘိခြင်း။

"လေးကတော့ ရုပ်မြင်သံကြားအစီအစဉ်ကို စောင့်ကြည့်တယ်၊ ဘင်ဂျီက တော့ ကြည့်ချင်ပေမယ့် အိပ်ပျော်သွားတယ်၊ ကလေးတွေက ဖွင့်မပြောတတ်ကြပေမယ့် သူတို့က ရှင့်အတွက် တော်တော်ကလေး ဂုဏ်ယူကြတယ်၊ တကယ်ပြောရရင် သူတို့က ရှင့်ကို စံနမူနာထားကြတာ"

ရှယ်က စကားကိုရပ်လိုက်ပြီး ဆက်ပြောပြန်၏။

"တီဗွီပေါ်မှာ ရှင် ဒေါသပုန်ထတော့မလိုလိုဖြစ်တာ နှစ်ခါသုံးခါပဲ"

"ဒါပေမယ့် တကယ်ဖြစ်မလာပါဘူး၊ ကိုယ်က ကုမ္ပဏီရဲ့ ပေါချာချာ စည်းကမ်း သတ်မှတ်ချက်တွေကို ပြန်သတိရလာတာကိုး"

"ဘာဒ်ဆောင်းက ရှင့်ကို ဆွ,နေတာပေါ့တ်လား"

"အဲဒီခွေးမသားက ကြိုးစားသေးတယ်လေ၊ ဒါပေမယ့် ဖြစ်မလာပါဘူး"

'လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်' ဆိုသော အင်မတန် ထကြွကြွရှိသည့် စားသုံးသူအုပ်စုတစ်ခု၏ ခေါင်းဆောင် 'ဒေဗီဘာဒ်ဆောင်း' ဆိုသူ သည်း အဆိုပါ ရုပ်မြင်သံကြား အစီအစဉ်တွင် ပါဝင်ခဲ့သည်။ သူက ဂိုးလ်ဒင်းစတိတ် ကုမ္ပဏီအား နှစ်ပြားမတန်အောင် အပုပ်ချသည့်အပြင် နင်းမ်ကိုလည်း အတူတူနှင့်အနူနူ ပဲဟု ပြောခဲ့သည်။ ၄င်းအပြင် မကြာမီ ဆုံးဖြတ်ချက်ချတော့မည့် မီတာခ တိုးမြှင့် ကောက်ခံရန် ဂိုးလ်ဒင်းစတိတ်က လျှောက်လွှာတင်ထားသည့် ကိစ္စကိုလည်း သူက ဆော်ခတ်ပြောဆိုသည်။ ဤကဲ့သို့ နည်းမျိုးစုံနှင့် သွေးထိုးရန်စ,နေသည့်တိုင်အောင် နင်းမ်သည် ကုမ္ပဏီက ချမှတ်ပေးထားသော မယုတ်မလွန်မူဝါဒနှင့်အညီ တည်တည် ငြိမ် ထိန်းနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့မနက်ထုတ် ခရိုနီကယ်သတင်းစာက 'ဘဒ်ဆောင်း'အုပ်စုနဲ့ ဆီကိုဝါ ကလပ်က တူနီပါ ခတ်အားပေးစက်ရုံစီမံကိန်းကို ကန့်ကွက်ကြမယ်လို့ ရေးထား တယ်"

"ကိုယ့်ကို ပြစမ်းပါဦး"

ရှယ်က သတင်းစာကို လှမ်းပေးသည်။

"စာမျက်နှာခုနှစ်မှာ"

ဒါကလည်း ရှယ်၏ ကောင်းကွက်တစ်ကွက်ပင်။ သူက ဗဟုသုတစုံလင်အောင် အမြဲတစေ ဖတ်လေ့မှတ်လေ့ရှိသဖြင့် အများစုထက် တစ်ကွက်သာသာနေတတ်သည်။ နင်းမ်က သတင်းစာကို လှန်လိုက်၏။ ထိုသတင်းမှာ ခပ်တိုတိုပင်ဖြစ်ပြီး ရှယ်က သူ့ကို ပြောပြသည်ထက် ပိုမသိရသော်လည်း၊ သူ ဘာလုပ်သင့်သည်ဆိုသော စိတ်ကူးစိတ် သန်းကလေးများ ပေါ်ပေါက်လာသဖြင့် အလုပ်ခွင်သို့ ခပ်မြန်မြန် ပြေးထွက်သွားလိုစိတ် ဖြစ်ပေါ်လာမိသည်။

"ရှင် ဒီည အိမ်ပြန်ထမင်းစားမလား"

"ပြန်နိုင်အောင် ကိုယ်ကြိုးစားပါ့မယ်"

ရှယ်က ခပ်ယဲ့ယဲ့လေး ပြုံးလိုက်စဉ် ထိုစကားမျိုးအား သူ ဘယ်နှစ်ကြိမ် လောက် ပြောခဲ့မိသည်ကိုလည်းကောင်း၊ ပြောပြီးသည့်အခါတိုင်း တစ်ခုခုကြောင့် အိမ် မပြန်ဖြစ်ခဲ့သည်ကိုလည်းကောင်း၊ ပြန်သတိရလာသည်။ တစ်ခါတလေတွင် ရှယ်က သူ့ကို အဲဒီလောက်အထိ သည်းညည်းမခံစေချင်။

"ဩော် တစ်ခုရှိသေးတယ်၊ မနေ့က မေမေ တယ်လီဖုန်းဆက်တယ်၊ လာမယ့် သောကြာနေ့ကစပြီး တစ်ပတ်မြောက်တဲ့နေ့မှာ ကျွန်မတို့ကို ညစာကျွေးချင်လို့တဲ့၊ လေ နဲ့ ဘင်ဂျီကိုလည်း ခေါ်ခဲ့ပါတဲ့"

နင်းမ်သည် ရင်ထဲက ညည်းညူလိုက်မိသည်။

မကြာမီကစ၍ သားမက်နှင့် ယောက္ခမတို့၏ ဆက်ဆံရေးမှာ ခပ်တန်းတန်း ခပ်မှန်မှန် ဖြစ်နေခဲ့သည်။ ဒါကလည်း သူ မိန်းမပွေသည်ကို ယောက္ခမများက ကြား ထားသောကြောင့် ဖြစ်တန်ရာ၏။

သို့သော် ရှယ်၏မိဘများထံသို့ မသွားဘဲနေရန် အကြောင်းပြချက် ခိုင်ခိုင် လုံလုံလည်း မရှိ။ မကြာခဏ ခေါ်နေသည့်လည်း မဟုတ်။ တဖန် ရှယ်အနေနှင့် သူ ထံမှ လိုလိုလားလား တောင်းခံမှုမျိုးကလည်း ရှားပါးလှသည်သာ။

"ကောင်းပြီလေ၊ ရှေ့အပတ်မှာ အလုပ်သိပ်ရှုပ်မှာ မဟုတ်ပါဘူး၊ ရုံးရောက် ရင် သောကြာနေ့အတွက် သေချာအောင် ပြန်စစ်ဆေးကြည့်ပြီး မင်းဆီကို ဖုန်းပြန်ဆက် လိုက်မယ်"

ရှယ်တစ်ယောက် တွေ့ဆိုင်းဆိုင်းဖြစ်သွားပြီး ပြန်ဖြေလိုက်၏။



"ဒုက္ခမရှာပါနဲ့လေ၊ ညကျမှပဲ ပြောပါတော့"

"ဘာဖြစ်လို့လဲ"

နောက်တစ်ကြိမ် တစ်စက္ကန့်လောက် ခပ်ဆိုင်းဆိုင်း ဖြစ်သွားပြန်သည်။

"ရှင်ရုံးသွားတာနဲ့ ကျွန်မလည်း အပြင်သွားတော့မလို့၊ ကျွန်မ တစ်နေ့လုံး အိမ်မှာရှိမှာမဟုတ်ဘူး"

"ဘာတွေဖြစ်နေတာလဲကွ၊ မင်းက ဘယ်ကိုသွားမှာလဲ"

"အော်. . . ဟိုနားဒီနားပေါ့ ရှင်ရယ်"

ရှယ်က ရယ်လိုက်သည်။

"ရှင်သွားတဲ့နေရာတိုင်း ကျွန်မကို ပြောပြသလားဆိုတာကိုလဲ ပြောစမ်းပါဦး ရှင်"

ဒီလိုနဲ့ပဲ လျှို့ဝှက်သဲဖို့ ဖြစ်ရပြန်ပြီပေါ့။ နင်းမ်စိတ်ထဲက မသိရသော ကိစ္စ အတွက် သဝန်တိုစိတ်များ ဖြစ်ပေါ်လာမိသော်လည်း ကိုယ့်ကိုယ်ကို ပြန်ထိန်းလိုက်ရ သည်။ ရှယ်ပြောတာ မှန်သည်။ ရှယ်က သူ့အား သတိပြန်ပေးသလို၊ သူက ရှယ်အား ပြောမပြသည့်ကိစ္စတွေမှာ အများကြီးပင်တည်း။

"တို့များ ညနေကျမှ ပြန်တွေ့ကြမယ်လေ"

စကြိုလမ်းကြားထဲသို့ ရောက်သောအခါ နင်းမ်သည် ရှယ်ကို ထွေးပိုက်ပြီး မွှေးမွှေးပေးလိုက်၏။ ရှယ်နှုတ်ခမ်းကလေးများက နူးညံ့လှသလို ရှယ်ကိုယ်လုံး (နှင့် ထိတွေ့ရသော ဖောင်ဒွတ်ရှုံ) ကလည်း အရသာရှိလှသည်။ "ငါ တော်တော် မိုက်ကန်းတဲ့ သောက်ရူးပဲ" ဟု သူ့ကိုယ်သူ အပြစ်တင်လိုက်မိ၏။ ဟုတ်ပြီ။ ဒီကနေ့ည မဖြစ်မနေ ချစ်တင်းနှီးနှောရမည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နင်းမ်သည် ကားရှင်းသည့်လမ်းများအတိုင်း ခပ်အေးအေးဆေးဆေး မောင်းနှင်လာရင်း ခရော်နီကယ်တင်းစာ၌ပါသော ဆီကိုဝါကလပ်ကိစ္စကို စဉ်းစားနေသည်။

ထိုအဖွဲ့အစည်းသည် ဂိုးလ်ဒင်းစတိတ်၏ လုပ်ငန်းပိုင်းဆိုင်ရာ အစီအစဉ်များကို မကြာခဏ ဆန့်ကျင်ကန့်ကွက်ခဲ့သော်လည်း နင်းမ်က ထိုအဖွဲ့အစည်းကို လေးစားသည်။ ဂိုးလ်ဒင်းစတိတ်လို ပြည်သူ့အကျိုးဆောင် ကုမ္ပဏီကြီးများသည် မဟာ့မဟာ အဆင့်သို့ ရောက်ရှိလာသည့်အခါ ဩကာသလောက၏ အလှတရားများကို ကာကွယ်ရန်၊ စောင့်ရှောက်ရန်၊ ထိန်းသိမ်းရန် အလေးဂရုမထားတော့ဘဲ၊ လုပ်ချင်သလို လျှောက်လုပ်လာကြသည်ကို သမိုင်းကြောင်းအရ သက်သေခံလျက်ရှိသည်။ ထို့ကြောင့် ထိန်းကွပ်ဟန့်တားရန် တာဝန်ယူမည့် အင်အားစုများ လိုအပ်လာသည်။ ဆီကိုဝါကလပ်သည် အဆိုပါလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ကယ်လီဖိုးနီးယားတွင် အခြေစိုက်သော အဆိုပါကလပ်သည် အမေရိကန်နိုင်ငံ၏ သဘာဝအလှအပများ မပျက်စီးရလေအောင် ခုခံတိုက်ခိုက်ရာတွင် ဦးလည်မသုန်စူးစိုက်မှုရှိသည်။ ကျွမ်းကျွမ်းကျင်ကျင်ရှိသည်ဟု နိုင်ငံနှင့်အဝှမ်း ထင်ရှားကျော်ကြားသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ အမြဲတမ်းလိုလိုပင် အဆိုပါကလပ်၏ အခြေအတင်တင်ပြချက်များမှာ မှန်မှန်တတနှင့် ခိုင်ခိုင်လုံလုံရှိပြီး နည်းမှန်လမ်းမှန်များကိုသာ သုံးစွဲလေ့ရှိ



သည်။ လေးစားထိုက်သော အချက်တစ်ချက်မှာ နှစ်ပေါင်း (၈၀) ကြာခဲ့ပြီဖြစ်သော အဆိုပါကလပ်၏ သက်တမ်းတစ်လျှောက်လုံးတွင် လေးစားဖွယ်ကောင်းသည့် ပုဂ္ဂိုလ်များကသာ ဦးဆောင်မှုပေးခဲ့ခြင်းပင်တည်း။ နင်းမ်က လက်ရှိဥက္ကဋ္ဌယာမင် မစ္စစ်လော်ရာဗိုတာမီချယ်အား တူနီပါနှင့် အခြားပရိုဂျက်များအတွက် ပုဂ္ဂိုလ်ရေးဆန်ဆန် တိုက်ရိုက်မေတ္တာရပ်ခံရန် ဆုံးဖြတ်လိုက်သည်။ အကယ်၍ သူကသာ မစ္စစ်ကာမီချယ် သဘောပေါက်လက်ခံလာအောင် ရှင်းလင်းပြောပြနိုင်ခဲ့မည်ဆိုပါလျှင် ဆီကိုဝါကလပ်က ထိုပရိုဂျက်များကို ကန့်ကွက်ချင်မှ ကန့်ကွက်တော့မည် ဖြစ်သည်။

နင်းမ်သည် ဘေးပတ်ဝန်းကျင်ကို အလေးအထားဘဲ အတွေးနက်ရင်း မောင်းနှင်လာခဲ့ခြင်း ဖြစ်သည်။ ယခု သူ လမ်းနာမည်များကို သတိထားမိလာသည်။ လမ်းဆုံတစ်ခု၌ ခဏရပ်တန့်ရာတွင် လိတ်ခ်ဝုဒ်နှင့် ဘောလ်ဘိုဝါလမ်းဆုံသို့ ရောက်ရှိနေကြောင်း သူသတိထားလိုက်မိ၏။ ဒါနှင့်ဆက်စပ်ပြီး သူ့ကို မှတ်မိနေစေသည့် အချက်တစ်ချက်ရှိသည်။ ဘာများပါလိမ့်။

ချက်ချင်းဆိုသလို သူ သတိရလာသည်။ လွန်ခဲ့သောနှစ်ပတ်က ဗုံးပေါက်ကွဲမှုဖြစ်ပြီး လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့သည့်နေ့က ရောင်စုံစက်ဝိုင်းကလေးများနှင့် အမှတ်အသား ပြုလုပ်ထားသော မြေပုံတစ်ခုကို လိုင်းမှူးချုပ်က သူ့အားပြသခဲ့သည်။ လိတ်ခ်ဝုဒ်နှင့် ဘောလ်ဘိုဝါလမ်းဆုံ၌ အသက်ရှူစက်နှင့် အသက်ဆက်နေရသူတစ်ဦးရှိကြောင်း အနီဝိုင်းကလေးတစ်ခု ပြထားသည်ကို သူသတိရလာသည်။ ဘာကြောင့်မှန်းမသိ၊ ထိုကိစ္စသည် သူ့အာရုံ၌ စွဲမြဲစွာ ထင်ဟပ်နေသည်။ အသက်ရှူစက် အသုံးပြုရသူ၏ နာမည်က 'ဆလုံး'။

နင်းမ်သည် ထူးထူးထွေထွေ မစဉ်းစားတော့ဘဲ သူ့ဖိယက်ကားကို လွတ်နေသည့် နေရာတစ်နေရာတွင် ဝင်ရပ်လိုက်၏။ သူသည် ကားထဲမှထွက်လိုက်ပြီး တိုက်အိမ်ဝင်ပေါက်သို့ ချဉ်းကပ်သွားသည်။

တစ်စုတစ်ဝေးကြီးရှိနေသော စာတိုက်ပုံးကလေးများ၏ အပေါ်ဘက်တွင် လူနာမည် (၂၀) လောက် ရှိသည်။ ထိုအထဲတွင် ကေဆလုံးဆိုသည့်အမည်ကို တွေ့လိုက်ရာ နာမည်ဘေးနားတွင်ရှိသော လူခေါ်ခေါင်းလောင်း ခလုတ်ကလေးကို နှိပ်လိုက်၏။

တခဏအကြာတွင် အိမ်ရှေ့တံခါးပွင့်သွားပြီး အသက်ခပ်ကြီးကြီး ပုဂ္ဂိုလ်တစ်ဦး ပေါ်လာသည်။

"ကျုပ်က ဒီတိုက်က အဆောက်အအုံမှူးပါ၊ 'ဆလုံး'ကိုတွေ့ချင်တာ ခင်ဗျားလား"

"ဟုတ်ပါတယ်၊ ကျုပ် မစ္စတာဆလုံးနဲ့ တွေ့နိုင်မလား"

"ဆလုံးက ယောက်ျားမဟုတ်ဘူး၊ မစ္စကာရင်ဆလုံး၊ ခင်ဗျားက ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



လဲ"

"ဂိုးလ်မင်းပါ"

သူ့သည် ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီမှ အယောက်အထား သက်သေခံကတ်ပြားကို ထုတ်ပြလိုက်ပြီး ထပ်ပြောလိုက်သည်။

"ဒါဖြင့် မစ္စဆလုံးဟာ လူမမာဖြစ်ရမှာပေါ့နော်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူက အဲဒီလိုခေါ်ရင် မကြိုက်ဘူး၊ နာမကျန်းဖြစ်နေသူလို့ပဲ ပြောရမယ်၊ သူက တစ်ကိုယ်လုံး သေနေတဲ့လူ၊ သူ (၁၅) နှစ်သမီးကတည်းက ဖြစ်ခဲ့ရရှာတာ၊ ခင်ဗျားက သူနဲ့တွေ့ချင်လို့လား"

"တွေ့ဖို့တော့ အဆင်ပြေနိုင်ပါ့မလား"

"ခုလေးတင် သိရမှာပေါ့ဗျာ၊ ကဲ. . . လာ အထဲဝင်ပါဦး"

ဓာတ်လှေကားနှင့် တက်ခဲ့ကြပြီးနောက် ဆဋ္ဌမထပ်သို့ အရောက်တွင် ဓာတ်လှေကားထဲမှ ထွက်လိုက်ကြသည်။ အဆောက်အအုံမှူးသည် တံခါးတစ်ခုရှေ့သို့ ရောက်သောအခါ သော့တွဲကြီးထဲမှ သော့တံတစ်ချောင်းနှင့် တံခါးသော့ကို ဖွင့်လိုက်ပြီး၊ တံခါးရွက်ကို လက်နှင့်ခေါက်ရင်း လှမ်းအော်ပြောလိုက်သည်။

"ဂျင်မီနီပါ၊ ကာရင့်အတွက် ဧည့်သည်တစ်ယောက် ခေါ်လာတယ်"

"ဝင်ခဲ့လေ"

သူနာပြုဆရာမလေးတစ်ယောက်၏ ဂျူတီကုတ်အင်္ကျီနှင့် ခပ်ဆင်ဆင်တူသော နိုင်လွန်ပန်းရောင် အပေါ်ဝတ်ကုတ်အင်္ကျီကို ဝတ်ဆင်ထားသည့် အသားခပ်ညိုညို အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

သူတို့သည် အဝင်ဝရှိ အခန်းငယ်ကလေးထဲတွင် ရှိနေကြပြီး၊ တစ်ဘက်တွင် မီးဖိုခန်းရှိ၍ တစ်ဘက်တွင် ဧည့်ခန်းဟုယူဆရသော အခန်းတစ်ခန်း ရှိသည်။ မီးဖိုခန်းကို အဖြူရောင်၊ အဝါရောင်များနှင့် ချယ်သထားပြီး ဧည့်ခန်းကိုမူ အစိမ်းရောင်၊ အဖြူရောင်များနှင့် ခြယ်သထားသည်။ ဧည့်ခန်း၏ တစ်စိတ်တစ်ဒေသကို ထိုနေရာက ကွယ်နေသည်။ အဆိုပါ မမြင်ရသောနေရာဆီမှ ချစ်စရာကောင်းသော အသံတစ်သံ ပေါ်ထွက်လာ၏။

"ရှင် ဘယ်သူပဲဖြစ်ဖြစ် ဝင်သာဝင်ခဲ့ပါရှင်"

ဂိုးလ်မင်းနောက်ရှိ အဆောက်အအုံမှူးက ပြောလိုက်သည်။

"ကဲ ခင်ဗျားကို ထားရစ်ခဲ့တော့မယ်"

အပြင်တံခါး ပိတ်သွားသည်နှင့် နင်းမ်က ဧည့်ခန်းထဲသို့ ဝင်လိုက်၏။

လပေါင်းများစွာကို လွန်မြောက်ပြီးနောက် 'ကာရင်ဆလုံး'နှင့် ပထမဆုံးအကြိမ် သူတွေ့ဆုံခဲ့ရသည့် ဤတခဏလေးကို နင်းမ်တစ်ယောက် ပြက်ပြက်ထင်ထင်



ပြန်သတိတရ ဖြစ်နေမိမည်သာ။

ကာရင်သည် အသက်အရွယ်ရသူ ဖြစ်သော်လည်း ပိုပျိုပုံရသည်။ ထူးထူးခြားခြား ချောမောလှပသည်။ နင်းမ်က ကာရင်သည် (၃၆) နှစ်လောက်ရှိပြီဟု ခန့်မှန်းသည်။ သို့သော် နောင်တွင် သူ့ခန့်မှန်းချက်ထက် အသက်သုံးနှစ် ပိုကြီးကြောင်း သူသိလာရသည်။ မျက်နှာသွယ်သော်လည်း အချိုးအစားပြေပြစ်သည်။ ခပ်ထူထူနှင့် စွဲမက်စရာကောင်းသော နှုတ်ခမ်းအစုံသည် ခပ်ဟဟကလေး ပြုံးနေသည်။ ကြီးမားသော မျက်လုံးပြာကြီးက နင်းမ်ကို ပြောင်အကဲခတ်နေသည်။ ပေါ်လွင်ထင်ရှားသော နှာခေါင်းက ရှုတ်တတ်နောက်တတ်သည့် စရိုက်ကို ထင်ရှားစေသည်။ အပြစ်ကင်းစင်သော အသားအရည်မှာ နို့နှစ်ရောင်ပမာ ဝင်းလက်နေသည်။ အလယ်ခေါင်တည့်တည့်မှ ခွဲထားသော ရွှေရောင်ဆံပင်သည် မျက်နှာ၏ တစ်ဖက်တစ်ချက်စီမှ ပခုံးပေါ်အထိ တွဲကျနေပြီး မျက်နှာကို ဘောင်ခတ်ထားပေးသည်။ လက်နှစ်ဖက်ကို ပေါင်ပေါ်ရှိ လက်ရန်းပေါ်တွင် တင်ထားပြီး ရှည်လျားသော လက်ချောင်းသွယ်လျလျတို့မှာ ဝင်းဝင်းသန့်သန့် ရှိနေကြသည်။ ကာရင်သည် ချစ်စရာကောင်းသော အပြာနုရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်၊

ကာရင်သည် ဘီးတပ်ကုလားထိုင်ပေါ်၌ ထိုင်နေသည်။ သူ့အဝတ်အစားအောက်တွင် ဖောင်းပွနေသောကြောင့် သူ့ကိုယ်စား အသက်ရှူပေးနေသည့် အသက်ရှူကိရိယာ ရှိနေပုံရသည်။ သူ့အင်္ကျီအောက်ဖက်ဆီမှ ထွက်လာသော ပိုက်လုံးတစ်လုံးသည် ဘီးတပ်ကုလားထိုင်၏ နောက်ဖက်၌ တပ်ဆင်ထားသော သေတ္တာနှင့် ခပ်ဆင်ဆင်တူသည့် ကိရိယာတစ်ခုနှင့် ဆက်သွယ်ထားသည်။ အသက်ရှူစက်သည် သာမန်အသက်ရှူသည့် ပုံစံအတိုင်း တရှိုးရှိုးတရှဲရှဲနှင့် ခပ်မှန်မှန်အသံမြည်ရင်း အလုပ်လုပ်နေသည် ထိုကုလားထိုင်မှ လျှပ်စစ်ဓာတ်နှင့် သက်ဆိုင်သော ကိရိယာများကို နံရံပေါ်၌ ပလင်တစ်ခုတွင် ဓာတ်ကြိုးနှင့် ဆက်သွယ်ထားသည်။

နင်းမ်က နှုတ်ဆက်သည်။

"ဟဲလို မစ္စဆလုံး၊ ကျုပ်ကတော့ လျှပ်စစ်လူသားပါ"

ကာရင်၏အပြုံးက ပိုမိုကျယ်ပြန့်လာသည်။

"ရှင်လည်းပဲ ဘက်ထရီ၊ ဒါမှမဟုတ် လျှပ်စစ်ဓာတ်အားနဲ့ တစ်ချိန်လုံး အသက်ဆက်ထားရတဲ့ လူပဲလား"

နင်းမ်သည် ရှက်ကိုးရှက်ကန်းနှင့် ပြန်ပြုံးပြလိုက်သည်။ ပင်ကိုယ်စရိုက်နှင့် ဇီလာဆန့်ကျင်၍ တခဏ်ဟန်လောက် နှိုးတိုးရှန့်တန့် ဖြစ်သွားမိသည်။ သူ ဘယ်လိုပုံစံမျိုးနှင့် တွေ့ရလိမ့်မည်ဟု ရေရေရာရာ ကြိုတွေးထားမိခြင်း မရှိသော်လည်း သူ့ရှေ့တွင်ရှိနေသည့် နုနယ်လှပသော ဒီအမျိုးသမီးလေးကတော့ တစ်မျိုးတင်ဘာသာပင်တည်း။

"ကျုပ် ရှင်းပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါရှင်၊ ဘယ်လိုလဲ၊ ရှင် မထိုင်တော့ဘူးလား"

"ကျေးဇူးပါပဲဗျာ"

နင်းမ်သည် ဆိုဖာတစ်လုံးပေါ်တွင် ထိုင်ချလိုက်၏။ ကာရင်ဆလုံးသည် သူ့ချည်နှောင်ရှေ့တွင်ရှိနေသော ငန်းလည်ပင်းပမာ ပလပ်စတစ်ပိုက်ကို ပါးစပ်နှင့်တေ့၍ အသည်းငယ်မှုတ်ထည့်လိုက်ရာ ချက်ချင်းလိုလိုပင် ဘီးတပ်ကုလားထိုင်သည် တစ်ပတ်သည်သွားပြီး နင်းမ်နှင့် မျက်နှာချင်းဆိုင် အနေအထားသို့ ရောက်ရှိသွားသည်။

"ဟော့ တော်တော်ဆန်းတဲ့ မျက်လှည့်ကလေးပါလား"

"ကျွန်မ ဒါထက်မက လုပ်တတ်တာတွေ အများကြီး။ ကျွန်မက ဗမှုတ်ဘဲ ပြန်စုပ်လိုက်ရင် ကုလားထိုင်က နောက်ဖက်ကို ပြန်ဆုတ်သွားတယ်"

ကာရင်က အမျိုးစုံလုပ်ပြသည်ကို နင်းမ်က တအံ့တဩ ကြည့်နေသည်။

"ကျွန်မတစ်ကိုယ်လုံးမှာ ဦးခေါင်းတစ်ခုပဲ လှုပ်နိုင်ရှားနိုင်တယ်"

ကာရင်က ကိစ္စသေးသေးမွှားမွှားလေးတစ်ခုကို ပြောပြနေသည့်အလား တဲ့တိုးကြီး ပြောပြနေသည်။

"ဒီတော့ မလုပ်မဖြစ် လုပ်ရမယ့်ကိစ္စတွေကို ထူးထူးဆန်းဆန်း လုပ်တတ်တိုင်တတ် လာတော့တာပေါ့၊ အဲလေ ပြောရမယ့်စကားက ဘေးချော်ထွက်သွားပြီ၊ ရှင်က ကျွန်မကို တစ်ခုခုရှင်းပြတော့မလို့ မဟုတ်လား၊ ဆက်ပြောစမ်းပါဦးရှင်"

"ကျုပ် ဘာဖြစ်လို့ ဒီကိုရောက်လာသလဲဆိုတာကစပြီး ရှင်းပြမလို့၊ လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်၊ မီးပြတ်သွားတဲ့နေ့က စခဲ့တာပေါ့၊ ကျုပ်က ခင်ဗျားကို မြေပုံပေါ်မှာ အနီရောင် စက်ဝိုင်ကလေးတစ်ခုအဖြစ် စ,တွေ့ခဲ့တာ"

"ကျွန်မကို မြေပုံပေါ်မှာတွေ့ရတယ် ဟုတ်လား"

နင်းမ်က လျှပ်စစ်ဓာတ်အားပေါ်တွင် အထူးတလည် မှီခိုနေကြရသော ဆေးရုံနှင့် တစ်သီးပုဂ္ဂလ နေအိမ်များကို မှတ်တမ်းပြုစု၍ အမြဲတစေ စောင့်ရှောက် အတူအညီပေးနေသော ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီနှင့် ဗဟိုပင်မဓာတ်အား ကွပ်ကဲရုံးအကြောင်း ရှင်းပြလိုက်သည်။

"အဲဒီလို အထူးတလည် အရေးပေးခံရတဲ့အတွက် သိပ်ကို ကျေနပ်မိပါတယ်ရှင်၊ ကျွန်မလည်း အဲဒီနေ့ကို ကောင်းကောင်းကြီး သတိရနေပါတယ်"

"မီးပြတ်သွားတုန်းက ခင်ဗျားရင်ထဲမှာ ဘယ်လိုခံစားရသလဲ"

"နဲနဲတော့ ကြောက်လန့်သွားမိတယ်လို့ ထင်တယ်၊ ချက်ချင်းလိုလို စာကြည့်(ဖွင့်ထွန်းထားတဲ့) မီးလုံးနဲ့ တခြားလျှပ်စစ်ဆိုင်ရာပစ္စည်းတွေ အားလုံးရပ်ကုန်ကြတယ်၊ ဒါပေမယ့် အသက်ရှူစက်ကတော့ ရပ်မသွားပါဘူးလေ၊ မီးပြတ်တာနဲ့ သူက အလိုအလျောက် ဘက်ထရီနဲ့ ပြောင်းလဲပြီး ဆက်သွယ်ပြီးသား ဖြစ်သွားတာကိုး"



သူပြောသည့် ဘက်ထရီဆိုသည်မှာ မော်တော်ကားများတွင် သုံးလေ့ရှိသော (၁၂)ဗို့တ် ဘက်ထရီအမျိုးအစားပင်တည်း။ အဆိုပါဘက်ထရီကို ဘီးတပ်ကုလားထိုင်၏ နောက်ဖက်တွင် အသက်ရှူစက်၏ အောက်ဖက်ရှိ အခင့်ကလေးတစ်ခုပေါ်၌ တင်ထားသည်။

"အမြဲတမ်း တွေးနေမိတာကတော့ မီးက ဘယ်လောက်ကြာကြာ ပြတ်သွားမှာလဲ၊ ဘက်ထရီကော ဘယ်လောက်ကြာကြာ ခံမလဲဆိုတာပဲ"

"လေးငါးနာရီအထိတော့ ခံရမှာပေါ့ဗျာ"

"အားအင်ပြည့် သွင်းထားချိန်မှာဆိုရင် ခြောက်နာရီခွဲခံတယ်၊ အဲဒါကလည်း အသက်ရှူစက်တစ်ခုတည်းကိုသာသုံးပြီး ကုလားထိုင်ကို လှုပ်လှုပ်ရှားရှား မလုပ်ပါမှ၊ ဒါပေမယ့် ခုတလောတော့ မကြာခဏ ဈေးထွက်ဝယ်မယ်၊ တခြားသွားပြီး လည်ပတ်တယ်ဆိုရင် ဘက်ထရီ ခပ်မြန်မြန် အားကုန်သွားတော့တာပဲ"

"ဒီတော့ တကယ်လို့ မီးပြတ်သွားပြီး၊ အဲဒီလိုအခါမျိုးကျရင် . . ."

သူ့စကားကို ကာရင်က ဖြည့်စွက်ပြီး အဆုံးသတ်ပေးလိုက်သည်။

"ဂျီစီ . . အဲလေ သူက ရှင်ဝင်လာတုန်းက တွေ့ခဲ့ရသူလေ၊ သူက . . . တစ်ခုခုကို ကမန်းကတန်း လုပ်ပေးရတော့မှာပေါ့ရှင်၊ အသက်ရှူစက်ကတင် (၁၅) အင်ပီယာရှိတယ်၊ ကုလားထိုင်ကို ဟိုရွှေ့ဒီရွှေ့လုပ်ရင် အမ်ပီယာနှစ်ဆယ် ထပ်ကုန်တယ်လေ"

"ခင်ဗျားက ဒီကိရိယာတွေအကြောင်း တော်တော်ကလေး နားလည်နေတာကိုး"

"ရှင့်အသက်ဟာ အဲဒီအပေါ်မှာပဲ မူတည်တယ်ဆိုရင် ရှင်ကော နားလည်လာမှာပဲ မဟုတ်လား"

သူတို့နှစ်ယောက်သည် သိပေါင်းကျွမ်းပေါင်းပမာ ရင်းရင်းနှီးနှီး ဆက်ပြောသွားကြသည်။

နင်းမ်သိလာရသည်မှာ ကာရင်သည် မြောက်အမေရိကတိုက်၌ ပိုလီယိုရောဂါ ကာကွယ်ဆေးကို စတင်မသုံးစွဲမီ တစ်နှစ်ခန့်အလို၌ ပိုလီယိုရောဂါ စွဲကပ်ခံရသူဖြစ်ကြောင်းပင်တည်း။

"ကျွန်မကို ရောဂါပိုးက အစောကြီး လာကိုက်ခဲ့တာကိုး"

ရိုးရိုးစင်းစင်းကလေး ပြောလိုက်ပုံကြောင့် နင်းမ် စိတ်ထိခိုက်သွားရသည်။

"အဲဒီတစ်နှစ်ကလေးအကြောင်း မင်း တစ်ခါမှ မစဉ်းစားမိဘူးလား"

"သိပ်ကို စဉ်းစားမိခဲ့ဖူးတာပေါ့ရှင်၊ ငါက ဘာဖြစ်လို့ ကံဆိုးသူမောင်ရှင်တွေကြားထဲမှာ ဝင်ပါခဲ့ရတာလဲလို့ ကိုယ့်ကိုယ်ကိုယ် မေးခဲ့ဖူးပါတယ်၊ အဲဒီနောက်ကျ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဖြစ်ခဲ့တာကတော့ ဖြစ်ပြီးပြီ၊ ဘယ်တော့မှ ပြန်ပြုပြင်လို့ ရမှာမဟုတ်တော့ဘူး”လို့ ကိုယ့်ကိုယ်ကို ပြန်ပြီးဆုံးမရတယ်၊ အဲဒီနောက်ပိုင်းကျတော့ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ ဆိုနိုင်အောင် စိတ်ထဲမှာ တစ်နေ့တာအတွက်ပဲ အသက်ရှင်ဖို့ ကြိုးစားတော့တယ်၊ အဲဒီလိုနေတဲ့အခါမျိုးကျတော့ မျှော်လင့်မထားတာ တစ်ခုခုဖြစ်ပေါ်လာခဲ့ရင် သိပ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတယ်၊ ဒီနေ့ကျတော့ ရှင်ရောက်လာတယ်လေ၊ ကျွန်မဖြင့် ရှင့်နာမည်ကိုတောင် မသိရသေးဘူး”

နင်းမ်က သူ့အမည်ကို ပြောပြလိုက်သောအခါ၊ ကာရင်က ပြန်မေးသည်။

“နင်းမ်ဆိုတာ နင်းမ်ရှေ့ဒ်ကို ဆိုတာမဟုတ်လား”

“ဟုတ်ပါတယ်”

“အဲဒါနဲ့ပတ်သက်ပြီး သမ္မာကျမ်းစာထဲမှာ ပါတယ်မဟုတ်လားဟင်”

နင်းမ်က ရွတ်ပြသည်။

“ကမ္ဘာဦးကျမ်း (၁၀း၈-၉)မှာ ကုရှုသည် သားနိမ်ရောဒ (နင်းမ်ရှေ့ဒ်)ကိုလည်း ရသေး၏။ ထိုသားသည် မြေကြီးပေါ်မှာ အဦးစွမ်းနိုင်သော သူဖြစ်၏။ ထာဝရဘုရားရှေ့မှာ အားကြီးသော မုဆိုးဖြစ်၏တဲ့”

“ရှင်ကကော အမဲလိုက်မုဆိုးကျော်ကြီး တစ်ယောက်ပဲလားဟင်”

ဟုတ်များ ဟုတ်နေလေရော့သလား။ တကယ်လို့များ အခြေအနေကသာ ကွဲပြားခြားနားမယ်ဆိုလျှင် အင်မတန်ချောမောသော ကာရင်ဆိုသည့် အမျိုးသမီးကိုလည်း သူ လိုက်လံချောင်းမြောင်း၍ ဖမ်းဆီးရန် ကြိုးပမ်းမိမည်သာ။

နင်းမ်က ခေါင်းခါသည်။

“ကျုပ် အမဲလိုက်မုဆိုး မဟုတ်ပါဘူးဗျာ”

နောက်ပိုင်းတွင် ကာရင်က သူသည် ဆယ်နှစ်လုံးလုံး ဆေးရုံပေါ်၌ သံအဆုတ်နှင့်သာ နေခဲ့ရကြောင်း၊ ထို့နောက် ပိုမိုခေတ်မီပြီး သွားလိုရာသို့ သယ်ဆောင်သွားနိုင်သော ခေတ်မီအသက်ရှူစက် ပေါ်လာသည့်အခါ သူလိုလူမမာမျိုးသည် ဆေးရုံပေါ်တွင် ဆက်လက်နေထိုင်ရန် မလိုအပ်တော့ကြောင်း၊ အစပထမတွင် သူ့မိဘများနှင့်အတူ ပြန်နေထိုင်ခဲ့သော်လည်း အဆင်မပြေခဲ့ကြောင်း ရှင်းပြသည်။ ထို့နောက် သူသည် ဤတိုက်ခန်းသို့ ပြောင်းရွှေ့လာရာ (၁၁) နှစ်ခန့်ပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။

“အစိုးရက စရိတ်စကအဖြစ်ပေးတဲ့ ထောက်ပံ့ကြေးတွေကတော့ ရှိပါရဲ့၊ တစ်ခါတလေကျတော့လည်း ငွေရေးကြေးရေးအနေနဲ့ သိပ်ကျပ်တည်းတယ်၊ ဒါပေမယ့် ကျွန်မ မဖြစ်ဖြစ်အောင် နေနိုင်ခဲ့ပါတယ်လေ”

သူ့ဖခင်မှာ ရေပိုက်လုံးများကို ပြင်ဆင်သည့် လုပ်ငန်းရှင် အငယ်စားကလေးဖြစ်ပြီး၊ သူ့မိခင်ကမူ ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင်မှ အရောင်းစျေးသည် တစ်ဦးဖြစ်



ကြောင်း ရှင်းပြသည်။ လောလောဆယ်ဆယ်တွင် ကာရင်တစ်ယောက် ဟိုဟိုဒီဒီ သွားနိုင်ရန်အတွက် မော်တော်ကားလေးတစ်စီး ဝယ်ပေးရန် ငွေစုဆောင်းနေကြကြောင်း၊ ကာရင်၏ ဘီးတပ်ကုလားထိုင်ကို တင်သွားနိုင်အောင် ထိုမော်တော်ကားကို လိုအပ်သလို ပြုပြင်ထားမည်ဖြစ်ကြောင်း။

ကာရင်သည် သူကိုယ်တိုင် ဘာမျှလုပ်နိုင်စွမ်း မရှိသော်လည်း လက်နှိပ်စက်ရိုက်တတ်သေးကြောင်း ရှင်းပြသည်။

“ကျွန်မက တုတ်ကလေးတစ်ချောင်းကို သွားနဲ့ကိုက်ပြီး လျှပ်စစ်လက်နှိပ်စက်နဲ့ ရိုက်တတ်တယ်၊ တစ်ခါတလေကျတော့ ကျွန်မက ကဗျာစပ်တယ်၊ ကျွန်မ ရှင့်ဆီကို ကဗျာကလေးတွေ ပို့ပေးရမလားဟင်”

“ဟုတ်ကဲ့ ပို့ပါဗျာ၊ ကျုပ် ဖတ်ချင်ပါတယ်”

နင်းမ်က ပြန်ရန်မတ်တတ်ရပ်လိုက်ရာ သူသည် ကာရင်နှင့်အတူ တစ်နာရီကျော်ကျော်ခန့် ရှိနေခဲ့ကြောင်း တအံ့တဩ သတိထားလိုက်မိသည်၊

ကာရင်က မေးပြန်သည်။

“ရှင် နောက်ထပ် အလည်လာဦးမှာလား”

“မင်း လာစေချင်ရင် လာမှာပေါ့”

“သိပ်ကိုလာစေချင်တာပေါ့ နင်းမ်ရှေ့ဒ်ရယ်၊ ကျွန်မ ရှင့်ကို မိတ်ဆွေတစ်ယောက်အနေနဲ့ သိပ်ကိုလက်ခံချင်ပါတယ်”

□

မြို့လယ်ခေါင်၌ ကားမောင်းလာရင်း ချောမောလှပသော ကာရင်၏ရုပ်သွင်နှင့် အသံသည် ရုံးချုပ်အဆောက်အအုံ (၂၂) ထပ်တွင်ရှိသော သူ့ရုံးခန်းသို့ ရောက်ရှိသည်အထိ နင်းမ်၏ စိတ်အာရုံထဲ၌ တရစ်ဝဲဝဲ တဝဲလည်လည် ရှိနေသည်။

အခန်းနှစ်ခန်းပါသော သူ့ရုံးခန်းထဲသို့ ဝင်သွားသည်နှင့် ဘစ်ပြိုင်နက် သူ့အတွင်းရေးမှူးဖြစ်သူ အသက်ခပ်ငယ်ငယ်နှင့် အလွန်သွက်လက်ချက်ချာသော အသားမဲအတွင်းရေးမှူးမတလေး ဗစ်တိုးရီးယားဒေဗီက သူ့ကိုမော့ကြည့်သည်။

“ဟိုင်း ဗစ်ကီ၊ ဝင်စာထဲမှာ အရေးကြီးတာတွေ ပါသလား”

“သိပ်အရေးကြီးတာတွေ မပါပါဘူး၊ ဒါပေမယ့် ခုနလေးတင်ရောက်လာတဲ့ ဖြို့တက်ကိုယ်ရေးကိုယ်တာဆိုတဲ့ စာအိတ်တစ်အိတ်တော့ ရှင့်စားပွဲပေါ်မှာရှိလေရဲ့၊ ဒီတော့လည်း ကျွန်မဆီမှာ ရှင်လက်မှတ်ထိုးရမယ့် စာတွေရှိတယ်”

ဗစ်တိုးရီးယားသည် သူ့နောက်မှကပ်၍ အတွင်းဘက်ရုံးခန်းထဲသို့ လိုက်ဝင်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ထိုအခိုက်မှာပင် ခပ်လှမ်းလှမ်းတစ်နေရာဆီမှ ခပ်အုပ်အုပ်နှင့် အုန်းကာ မြည်သံကြီးတစ်ခုကို ကြားလိုက်ရ၏။ သောက်ရေချိုင့်နှင့် ရေသောက်ရန်ထားသော ဖန်ခွက်များပင်လျှင် တဂျောက်ဂျောက်မြည်၍ လှုပ်ရှားသွားကြသလို ပြတင်းပေါက်မှ များသည်လည်း အသံမြည်အောင် လှုပ်သွားကြသည်။

နင်းမ်က ရပ်တန့်၍ နားထောင်ရင်း ပြောလိုက်မိ၏။

"ဘာဖြစ်တာပါလိမ့်"

"ကျွန်မလဲ မသိပါဘူး၊ လွန်ခဲ့တဲ့ နှစ်မိနစ် သုံးမိနစ်တုန်းကလဲ အဲဒီလို အသံမျိုး ဖြစ်ခဲ့သေးတယ်၊ ရှင် မရောက်လာခင်ကလေးကပေါ့"

နင်းမ်က ပခုံးတွန့်လိုက်သည်။ မြေငလျင်လှုပ်တာလည်း ဖြစ်နိုင်သလို အနီး အနားရှိ ကြီးကြီးမားမား အဆောက်အအုံတစ်ခုကို ဆောက်လုပ်သည့် နေရာမှ ဖြစ်ပေါ် လာတာမျိုးလည်း ဖြစ်နိုင်သည်။ သူစားပွဲသို့ ရောက်သောအခါ ဝင်စာများကို လှန်လှော ကြည့်လိုက်ပြီးနောက် 'လျှို့ဝှက်ကိုယ်ရေးကိုယ်တာ' ဆိုသော စာအိတ်ကို လှမ်းကြည့် သည်။ အညိုရောင် မနီလာစာအိတ်ကြီးဖြစ်ပြီး ကျောဖက်တွင် ချိတ်တံဆိပ် ခတ်နှိပ်ထား သည်။ သူက အမှတ်တမဲ့နှင့်ပင် ထိုစာအိတ်ကို စဖောက်တော့သည်။

ထိုအခိုက်မှာပင် အပြင်ခန်းတံခါးပွင့်လာပြီး ဟယ်ရီလန်ဒန် အပြေးအလွှား ဝင်လာသည်။ သူ့ဆံပင်က ဘုတ်သိုက်ဖြစ်နေသလို သူ့မျက်နှာကလည်း ပင်ပန်းလှသော ကြောင့် ရဲရဲနီနေသည်။

လန်ဒန်က နင်းမ်ကိုမြင်သောအခါ အသံကုန်အော်လိုက်၏။

"မဖွင့်နဲ့၊ မဖွင့်နဲ့"

နင်းမ်တစ်ယောက် အူကြောင်ကြောင်နှင့် ရပ်တန့်နေမိစဉ် လန်ဒန်သည် အခန်းကို ဖြတ်ပြေးလာပြီး၊ စားပွဲပေါ်မှကျော်၍ လွှားကနဲ လှမ်းခုန်လိုက်၏။ သူ မနီလာစာအိတ်ကို လုယူပြီး အောက်သို့ပစ်ချလိုက်သည်။

"မြန်မြန်ထွက်ကြစမ်း၊ အားလုံးထွက်ကြ"

သူတို့အားလုံး အပြင်ဘက်ခန်းကိုဖြတ်၍ စင်္ကြံလမ်းထဲသို့ ရောက်လာကြ၏။ လန်ဒန်က တံခါးနှစ်ချပ်စလုံးကို ပြန်ပိတ်ခဲ့သည်။

နင်းမ်က ဒေါပွပွနှင့် စ,ပြောလိုက်၏။

"ဘာသောက်ကိစ္စနဲ့. . ."

သူစကားဆုံးအောင် မပြောလိုက်ရချေ။ အတွင်းခန်းထဲမှ ပေါက်ကွဲသံကြ ပေါ်ထွက်လာသည်။ စင်္ကြံလမ်းမှ နံရံမှာ တုန်လှုပ်သွားကြသည်။ အနီးအနားတွင် ချိ ဆွဲထားသော မှတ်ပုံတစ်ချပ်သည် အောက်သို့ပြုတ်ကျပြီး မှန်ကွဲသွားသည်။

တစ်စက္ကန့်အကြာတွင် သူ့ ပထမကြားရစဉ်ကထက် ပိုမိုကျယ်လောင်သော



ပေါက်ကွဲသံတစ်သံသည် သူတို့အောက်ဖက်ဆီမှ ပေါ်ထွက်လာ၏။ ၎င်း အဆောက်အအုံ ထဲမှပင် ဖြစ်သည်ဆိုတာကိုတော့ ယုံမှားဖွယ်မရှိ။ စင်္ကြံလမ်းတစ်လျှောက်တွင် ဝန်ထမ်း များသည် အခန်းတွေထဲမှ ပြေးထွက်လာနေကြသည်။

နင်းမ်က ကမန်းကတန်း မေးလိုက်၏။

"ချီးမှပဲ၊ ဘာဖြစ်တာလဲဗျ"

လန်ဒန်က ဖြေသည်။

"စာအိတ်ဗုံးတွေလေ၊ သိပ်မကြီးဘူး၊ ဒါပေမယ့် အနီးနားမှာရှိတဲ့ လူတွေကို တော့ သေစေနိုင်လောက်တယ်၊ နောက်ဆုံးကြားရတာ စတုဋ္ဌမြောက်ပဲ။ ဖရေဇာ ခင်တွန် သေသွားပြီ၊ ကျန်တဲ့လူတွေ ဒဏ်ရာရကုန်ကြတယ်"

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

(၁၉၇၂) ခုနှစ်တွင် ယေးလ်တက္ကသိုလ်မှ ကျောင်းဆင်းခဲ့သူ ဂရီးဂိုစ်ဝင်းစလိုး အာချန်ဗော့သည် ခဲတံတိုကလေးနှင့် ၎င်း၏ မှတ်တမ်းစာအုပ်ထဲတွင် (အောက်ပါ အတိုင်း) ရေးသားနေသည်။

ဖိနှိပ်ချုပ်ချယ်လျက်ရှိသော မနရှင် ဖက်ဆစ်ရန်သူများ အား ယမန်နေ့က အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည်။

ရန်သူခေါင်းဆောင် ဖင်တွန် သေဆုံးသွားသည်။

ကောင်းလေစွ။

လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုက ရန်သူ၏ရုံးချုပ် ကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည်။ လက်နက်ဆယ်ခုအနက် ငါးခုမှာ ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ခဲ့သည်။ သိပ်မဆိုးရှားလှချေ။

ဂရီးဂိုစ်သည် ယေးလ်တက္ကသိုလ်၌ ကျောင်းတက်နေစဉ်ကပင် အကြောင်း အရာတစ်ခုကို နာမဝိသေသနမျိုးစုံနှင့် ထပ်တလဲလဲ ပုံဖော်တတ်သူဟူ၍ နာမည်ကြီးသူ ဖြစ်သည်။ ၎င်း၏အဓိကဘာသာမှာ ရူပဗေဒဖြစ်သော်လည်း နောက်ပိုင်းတွင် ပါရဂူဘွဲ့ ကို ဓာတုဗေဒဘာသာရပ်နှင့် ရယူခဲ့သည်။ ဓာတုဗေဒဘာသာရပ်ကို နားလည်တတ် ကျွမ်းသူဖြစ်သဖြင့် ပေါက်ကွဲစေတတ်သည့် ဗုံးများကို ပြုလုပ်ရာတွင် အထူးတလည်



အထောက်အပံ့ ရစေခဲ့သည်။

ဂရီးဂိုစ်က ဆက်ရေးသွားပြန်၏။

လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စု၏ တောင်းဆို ချက်များကို ယနေ့ ထုတ်ပြန် ကြေငြာလိုက်သည်။ ၎င်းတို့မှာ သက်ရွယ်ကြီးရင့်သူများ၊ အလုပ်လက်မဲ့များနှင့် အစိုးရ၏ အထောက်အပံ့ခံ လူဆင်းရဲများအား လျှပ်စစ်ဓာတ်အားနှင့် ဓာတ်ငွေ့များကို အခမဲ့ ထောက်ပံ့ရမည်။

အိမ်ခန်းကလေးများနှင့် အိမ်ငယ်ကလေးများတွင် နေ ထိုင်သူများအား ရောင်းချနေသည့် မီတာခကို (၂၅) ရာခိုင်နှုန်း ချက်ချင်းဈေးလျှော့ပေးရမည်။

အဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်များ တည်ဆောက်ရန် အစီအစဉ်များကို ချက်ချင်း ရုတ်သိမ်းပေးရ မည်။ လက်ရှိ အဏုမြူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက် များကိုလည်း ချက်ချင်း ရပ်ဆိုင်းပစ်ရမည်။

ဤတောင်းဆိုချက်များကို လိုက်နာလက်ခံခြင်းမရှိ ပါက ထိုးနှက်တိုက်ခိုက်မှုများမှာ ဆထက်ထမ်းပိုး ပိုမိုများပြားလာ လိမ့်မည်။

ဒါကတော့ သဘောမျှလောက်သာ ဖြစ်သည်။ ပိုမိုထိုးနှက်တိုက်ခိုက်မည်ဆို သည့်ကိစ္စမှာ လေလုံးထွားခြင်းမဟုတ်၊ တကယ်လုပ်မည့် ကိစ္စဖြစ်သည်။ ဂရီးဂိုစ်သည် ၎င်း၏အလုပ်ခန်းကို မျက်စိဝေ့ယမ်း၍ ကြည့်လိုက်၏။ ယမ်းမှုန့်များ၊ စနက်တံများ၊ ဗိုတ်လုံးများ၊ ဂလစ်ဆရင်းပုလင်းများ၊ အက်စစ်များနှင့် အခြားဓာတုဗေဒပစ္စည်းများ၊ ဆောက်ခွဲရေးကိရိယာများ၏ ထိပ်ဖုံးများစသည်တို့မှာ တစ်ပုံတစ်ပင်ကြီး ရှိနေကြသည်။ သူနှင့်အတူ ၎င်း၏ခေါင်းဆောင်မှုကို လိုလိုလားလား ခံယူထားကြသည့် အသေခံတိုက်ပွဲ ဝင် ရဲဘော်သုံးဦးကလည်း ဒီပစ္စည်းများအား မည်သို့မည်ပုံ ကိုင်တွယ်အသုံးချရမည် ဆိုတာကို ရေရေလည်လည် နားလည်ထားကြသူများပင်။ မနေ့က သူထွင်ခဲ့သော စာအိတ်ဗုံးများအကြောင်း ပြန်တွေးမိပြီး သူပြုံးလိုက်မိ၏။ စာအိတ်ကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ထ,ပေါက်ကွဲအောင် စီစဉ်ထားသည်။ ထည့်ပေးလိုက်သော ယမ်းမှုန့်က လည်း စာအိတ်ကို ဖွင့်လှစ်သူအား သေစေနိုင်လောက်သည်။

သူ့ဖခင်မှာ အင်မတန် ကြွယ်ဝချမ်းသာသော နယူးရော့ခ်မှ လူဝွကြီးတစ် ယောက်ဖြစ်သည်။ သူ့ဖခင်နှင့် ကမ္ဘာကျော် ဂရိစ်ရုပ်ရှင်မင်းသမီးတို့ အကြောင်းဆက် သွင်းဖက်မိကြရာမှ သူ့ကို မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။ သူ့ဖခင်သည် ယခုအချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ကြိမ်မြောက် လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲပြီး၊ နောက်ဇနီးအသစ်တစ်ယောက် ထပ်ယူထားသည်။ သူ့မိခင် ရုပ်ရှင်မင်းသမီးကလည်း ဆဋ္ဌမမြောက် လင်တော်မောင်နှင့် ကွာရှင်းပြတ်စဲပြီး ဖြစ်သည်။ သူသည် မိခင်နှင့်ဖခင်တို့ကို ကိုးနှစ်သားအရွယ်ကစ၍ မတွေ့ဆုံရတော့သည့်အပြင် နောက်ပိုင်း အနှစ်နှစ်ဆယ် ကာလအတွင်းတွင်လည်း တိုက်ရိုက်ဆက်သွယ်မှု မရှိခဲ့ချေ။ သူ့အတွက် နေထိုင်စားသောက်စရိတ်များနှင့် ကျောင်းစရိတ်များကို အေသင်မြို့ရှိ ဥပဒေအကျိုးဆောင် ကုမ္ပဏီတစ်ခုက ၎င်း၏မိခင်ကိုယ်စား ပေးချေပေးပို့လျက် ရှိသည်။ ထို့ကြောင့် ဂရီးဂိုရီစ်သည် ရွှံ့မုန်းဖွယ်ကောင်းလှသော သူ့မိခင်ဖခင်များကို မုန်းတီးရွံရှာသည်၊ သူ့အမြင်တွင် ဖျက်စီးယိုယွင်းပြီး နိုင်လိုမင်းထက်ရှိလှသော သူ့အားမွေးဖွားရာ (အမေရိကန်) နိုင်ငံကိုလည်း တစ်နည်းတစ်ဖြာ ပိုမိုမုန်းတီးလာသည်။

ဂရီးဂိုရီစ်သည် မတ်တတ်ရပ်ပြီး အညောင်းဆန့်ရင်း သမ်းဝေလိုက်သည်။ သူသည် နွေးစဉ်မှန်မှန် ကျန်းမာရေး လေ့ကျင့်ခန်းယူလေ့ရှိသောကြောင့် ကျစ်ကျစ်လျစ်လျစ်နှင့် ကြံ့ခိုင်သောကိုယ်ခန္ဓာကို ပိုင်ဆိုင်သူဖြစ်သည်။ နံရံပေါ်မှ ကွဲအက်နေသော ခပ်သေးသေး မှန်တစ်ချပ်ထဲတွင် သူ့မျက်နှာပေါ်မှ သပ်သပ်ရပ်ရပ် 'တိ'ထားသော နှုတ်ခမ်းမွေး ခပ်ထူထူကိုကြည့်ရင်း လက်နှင့်သပ်လိုက်၏။ သူသည် လာမစ်ရှင် မာတ်အားပေးစက်ရုံတွင် ကယ်တင်ခြင်းတပ်မှ အရာရှိတစ်ဦးအနေနှင့် ဝင်ရောက်ဖောက်ခွဲခဲ့ပြီးနောက် ထို နှုတ်ခမ်းမွေးကို ချက်ချင်း အရှည်ထားခဲ့သူ ဖြစ်သည်။ သတင်းစာထဲတွင် မှတ်ဆိတ်ကျင်စွယ်ကို စင်ကြယ်စွာ ရိတ်ပယ်ထားသူဟု ဆိုသောကြောင့် ရှုတ်တရက် မမှတ်မိအောင် နှုတ်ခမ်းမွေးထားလိုက်ခြင်း ဖြစ်သည်၊ ကယ်တင်ခြင်းတပ်မှ အရာရှိဝတ်စုံကို ဖျက်ဆီးပစ်ခဲ့သည်မှာ ကြာလေပြီ။

လာမစ်ရှင်စက်ရုံ၌ အောင်မြင်မှုရရှိခဲ့သည့်အတွက် သူ ကြည်နူးပြီး တဟားဟား ရယ်မိသည်။

လာမစ်ရှင်စက်ရုံကိစ္စ မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက်ပိုင်းတွင် သူမလုပ်ခဲ့သည့်ကိစ္စမှာ မုတ်ဆိတ်မွေး မထားမှုပင်တည်း။ လူများစုက တော်လှန်ရေးသမားများသည် မုတ်ဆိတ်မွေးဖွားဖွားနှင့် ဖုတ်ချာချာ နေတတ်ထိုင်တတ်သူများဟု ထင်လေ့ရှိသည်။ ဂရီးဂိုရီစ်ကတော့ တမင်တကာပင် တင်းမူကွဲအောင် နေထိုင်သည်။ မြို့အရှေ့ဘက် အရပ်တွင်ရှိသော သူငှားရမ်းထားသည့် အလယ်အလတ်စားနေအိမ်မှ အပြင်သို့ သူထွက်သည့်အခါတိုင်း သူ့ကို စီးတော့ရှယီယာပွဲစား သို့မဟုတ် ဘဏ်အရာရှိတစ်ဦးဟု အထင်များလေ့ရှိကြသည်။

ဂရီးဂိုရီစ်က ကြိုးစားပမ်းစား အကောင်အထည်ဖော်ထားရသော ဘုံဂဏ္ဍ သွင်နှင့် ပိရောမိဖြစ်နေစေသည့်ကိစ္စမှာ သူ့လက်ချောင်းများပင်။ ဓာတုဗေဒပစ္စည်းများ



နှင့် ဖောက်ခွဲရေးကိရိယာများကို စတင်စိတ်ဝင်စားစပြုစဉ်က သူသည် လက်အိတ်များနှင့် အကာအကွယ်မယူဘဲ မဆင်မခြင် ကိုင်တွယ်လုပ်ကိုင်ခဲ့မိသည်။

သူသည် ယခုအချိန်တွင် ယမင်ကလို ပေါ့ပေါ့ဆဆ မလုပ်တော့၊ သို့သော် ဖျက်အစဉ် ပြင်မရ ဖြစ်ခဲ့ရလေပြီ။

သွားရည်ကျလောက်အောင်မွှေးသော နွေလယ်စာအနံ့သည် အပေါ်ထပ်မှ အောက်ဖက်သို့ ဖုံ့လွင့်လာသည်။ သူ့အမျိုးသမီးဘက်တီသည် အစားအသောက်ကို ကောင်းကောင်း ချက်တတ်သည်။ သူကြိုက်သည့် အစားအစာများကို နားလည်ပြီး သူ့သဘောကျအောင် ပြုစုနေသူ ဖြစ်သည်၊ ဘက်တီသည် သူကိုယ်တိုင်က ကျောင်းစာတို ဖြစ်မြစ်မြောက်မြောက် မသင်ခဲ့ရရှာသဖြင့် သူ့အား အလွန်အထင်ကြီးသူလည်း ဖြစ်သည်။

ဂရီးဂိုရီစ်သည် သူ့နှင့်အတူနေထိုင်သော ဝေဒီ၊ ယူတီ၊ ဖီးလစ်ဆိုသည့် တော်လှန်ရေး ရဲဘော်များနှင့်အတူ ဘက်တီအား မျှဝေသုံးစွဲသည်။ ဝေဒီမှာ ဂရီးဂိုရီစ်လို ပညာတတ်တစ်ဦး ဖြစ်သည်။ ယူတီမှာ အမေရိကန်ပြည်ဖွား ရက်ဒ်အင်ဒီးယန်းလူမျိုး ဖြစ်ပြီး၊ သူ့လူမျိုးစုအား ရှင်သန်ကြီးထွားခွင့်မရအောင် လငပုပ်ဖမ်းထားသည့် အမေရိကန် လူ့အဖွဲ့အစည်းမှုန်သမျှကို မုန်းတီးနာကျည်းနေသူ၊ ဖီးလစ်ကမူ ဒက်ထရွိုက်မြို့၏ ဆင်းရဲသားရပ်ကွက်မှ ချို့ချို့တဲ့တဲ့ဖြင့် ကြီးပြင်းလာရသူဖြစ်ပြီး ခါးသည်းသော အတွေ့အကြုံအရ အရာရာကို မီးရှို့ရန်၊ လူသတ်ရန်၊ ဖျက်ဆီးရန် ဝန်မလေးတတ်သူ။

ဂရီးဂိုရီစ်သည် ဘက်တီအား သူ့ရဲဘော်များနှင့်အတူ ခွဲဝေသုံးစွဲနေသည့်တိုင်အောင်၊ ဘက်တီအပေါ်၌ ကြင်နာမှုကဲပြီး တစ်ဦးတည်းမူပိုင်အဖြစ် ထားရှိလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်နေသည်၊ တစ်ခါတစ်ရံမှာပင် တော်လှန်ရေးသမား မပီသသော သူ့ဆန္ဒကို ရွံရှာမုန်းတီးမိသည်။

ဂရီးဂိုရီစ်သည် မှတ်တမ်းစာအုပ်ကို ပိတ်လိုက်၏။ ကောင်းဆိုချက်များပါရှိသော ရာဇသံသည် ထိုနေ့ညနေပိုင်းတွင် အသံလွှင့်ဌာနများဆီသို့ ရောက်ရှိစေရမည်ဖြစ်ကြောင်း သူ့ကိုယ်သူ ပြန်သတိပေးရင်း ပြုံးလိုက်သည်။

□

လော်ရာဗိုကာမီချယ်အတွက် မာတီနီနှင့်၊ နင်းမ်အတွက် ဘာလပ်ဒ်ဒီးမေရိ ဘစ်ခွက်စီ မှာပြီးသွားသောအခါ လော်ရာဗိုက စပြောသည်။

"မင်းတို့ဥက္ကဋ္ဌ မစ္စတာဖင်တွန်အတွက် ငါသိပ်ဝမ်းနည်းပါတယ်"

ဆီကိုဝါက်လပ်၏ ချယ်ယာမင် လော်ရာဗိုသည် ကိုယ်ဟန်သေးသေးသွယ်

www.burmeseclassic.com



သွဲ့ယ် ပျော့ပျော့ပျောင်းပျောင်းနှင့် နဂိုအနေအားဖြင့် သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားတတ်သူဖြစ်သည်။ စူးရှသော မျက်လုံးပိုင်ရှင်ဖြစ်ပြီး အသက် (၆၀) ကျော်အရွယ် အမျိုးသမီးကြီး တစ်ယောက်ဖြစ်သည်။

သူတို့နှစ်ယောက်သည် နှင်းမ်၏ မေတ္တာရပ်ခံချက်အရ ဖဲယားဟီးလ်ဟိုတယ်၌ နေ့လည်စာ စားနေကြခြင်းဖြစ်သည်။ တွေ့ဆုံရန် နှင်းမ်ရည်ရွယ်ခဲ့သည်ထက် ဆယ်ရက်ခန့် ပိုနောက်ကျသော်လည်း၊ ဂိုးလ်ဒင်းစတီတ်တွင် နောက်ဆုံးပုံးဖောက်ခွဲခံရမှုကြောင့် သူ တစ်ချိန်လုံး အလုပ်ရှုပ်နေခဲ့သည်။ လုံခြုံရေးအစီအစဉ်များကို အသေးစိတ်ရေးဆွဲခဲ့ရပြီး ယခုလက်ရှိတွင်လည်း ကျင့်သုံးလျက်ရှိသည်။

"ဖရေဇာဖင်တွန်က ကျွန်တော်တို့ ဥက္ကဋ္ဌဆိုပေမယ့် အရာရှိချုပ် မဟုတ်တဲ့အပြင်၊ တကယ်ဆုံးဖြတ်ချက်ချတဲ့ ကိစ္စတွေမှာလည်း ဝင်ပါရသူမဟုတ်ပါဘူး။ ပြီးတော့ သူက ပင်စင်သွားဖို့ ငါးလပဲလိုတော့တာ"

"ဒါဆိုရင် ပိုဝမ်းနည်းစရာ ကောင်းတာပေါ့"

နှင်းမ်က ပြောလိုက်သည်။

"ကျွန်တော်ပြောချင်တဲ့ ကိစ္စတွေကို စားရင်းသောက်ရင်းပြောရတာ ပိုကောင်းမယ်ထင်လို့ ချိန်းလိုက်တာပါ၊ တွေ့ခွင့်ရတဲ့အတွက် တကယ်ဝမ်းသာပါတယ်"

"ဒီမှာနှင်းမ်၊ မင်းပြောတာကို အချိန်မရွေး နားထောင်ဖို့ အဆင်သင့်ပါ၊ နေ့လယ်စာစားဖို့လည်း သဘောတူပါတယ်၊ ဒါပေမယ့် ငါ့ကိုပျော့သွားအောင် ချော့နိုင်လိမ့်မယ်လို့တော့ သိပ်မထင်နဲ့"

နှင်းမ်က ဘာလဒ်ဒီးမေရီကို မျှဉ်းသောက်ရင်း . . .

"အဓိကကတော့ တူနီပါကိစ္စပါ၊ ဒါပေမယ့် ဖင်းကတ်စတတ်နဲ့ ငရဲအဝင်တံခါးဝအတွက် စီမံချက်တွေကိစ္စလည်း ပါပါတယ်"

"အဲဒီလို ဖြစ်မှာပဲလို့ ငါထင်လိုက်မိသားပဲ"

နှင်းမ်က သူပြောရမည့် စကားလုံးများကို ခဏလောက် စဉ်းစဉ်းစားစား ရွေးချယ်ရင်း . . .

"ကျွန်တော်က ခင်ဗျားကို ဆီကိုဝါကလပ်နဲ့ ဩကာသလောကကြီး သက်သက်အတွက်သာ မဟုတ်ဘဲ၊ ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီအတွက်ပါ ထည့်သွင်းပြီး ကျယ်ကျယ်ပြန့်ပြန့်ကလေး ပိုစဉ်းစားပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်"

"တကယ်တမ်းပြောရရင် အဲဒီကိစ္စကို ငါ အချိန်တော်တော်ယူပြီး စဉ်းစားပြီးပါပြီ"

"ကျွန်တော်တို့လို လူတွေကတော့ စဉ်းစားမိကြတာပါပဲ၊ ဒါပေမယ့် အရှိကို အရှိအတိုင်း မှန်မှန်ကန်ကန် မစဉ်းစားမိကြဘူး၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ (လူနေမှု)



စနစ်ကြီး တစ်ခုလုံးဟာ ပျက်စီးပြိုကွဲမယ့် အန္တရာယ်နဲ့ ကြုံနေရပြီ"

"ဒါကလည်း သိပ်ထူးဆန်းတဲ့ ဆွေးနွေးတင်ပြချက် အသစ်အဆန်း မဟုတ်ပါဘူး နှင်းမ်ရယ်၊ ကျုပ်တို့လိုချင်တဲ့ကိစ္စကို ကျုပ်တို့ဆောက်ချင်တဲ့နေရာမှာ တည်ဆောက်ခွင့်မရခဲ့ရင်၊ ဘေးအန္တရာယ်ဆိုးကြီး ချက်ချင်းကျရောက်လာမှာ သေချာတယ်လို့ အကြွပ်ကိုင်တာမျိုးပေါ့"

စားပွဲထိုးလုပ်သူသည် နောက်တစ်ခေါက် ပြန်ရောက်လာပြီး စားသောက်ဖွယ်ရာ စားရင်းကတ်ပြားနှစ်ချပ်ကို ကမ်းပေးလိုက်သည်။ လော်ရာဗိုက သူ့စာရွက်ကို ငုံ့ပင်မကြည့်ချေ။

"ထောပတ်သီးနဲ့ ရှောက်ချိုသီး၊ သစ်သီးစုံတစ်ခွက်နဲ့ မလိုင်မပါတဲ့ နွားနို့တစ်ခွက်ယူခဲ့"

နှင်းမ်က သူ့ကတ်ပြားကို ပြန်ပေးရင်း ပြောလိုက်၏။

"ကျုပ်ကိုလည်း အဲဒီအတိုင်းပဲ ယူခဲ့"

စားပွဲထိုးသည် စိတ်ပျက်လက်ပျက်ပုံစံနှင့် ပြန်ထွက်သွားသည်။ နှင်းမ်က ဆက်ပြောပြန်၏။

"ခုထက်ထိ လူတွေ သဘောမပေါက်ကြသေးတာက မြောက်အမေရိကတိုက်မှာ သဘာဝဓာတ်ငွေ့တွေ ကုန်သလောက်ရှိနေပြီ၊ အလွန်ဆုံးရှိလှမှ (၇) နှစ် (၈) နှစ်စာပဲရှိတယ်၊ တစ်ခါ ဓာတ်ငွေ့သိုက်အသစ်တွေကို ထပ်ရှာတွေ့တယ်ပဲထားဦး၊ လက်ရှိသုံးစွဲနေတဲ့လူတွေအတွက်ပဲ ဆက်ပေးလို့ရမယ်"

"ဒါပေမယ့် သဘာဝဓာတ်ငွေ့တွေ ကုန်ခမ်းသွားရတာဟာ မင်းတို့လို ကုမ္ပဏီကြီးတွေက အမြတ်ရရှိရေးကိစ္စကို ရှေ့တန်းတင်ပြီး နောက်ထပ် နှင်ငါးဆယ်လောက်ခံမယ့် ဓာတ်ငွေ့တွေကို အရမ်းကာရော ဖြုန်းပစ်လို့ကိုး"

နှင်းမ်က ရှုံ့မဲ့ပြလိုက်သည်။

"ဒါကတော့ စားသုံးသူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရတာပါ၊ ထားပါတော့လေ၊ ကျွန်တော်က တကယ့်အဖြစ်မှန်တွေကို ပြောပြနေတာပါ၊ ပြီးတော့လည်း သဘာဝဓာတ်ငွေ့ကို ဘယ်လိုသုံးစွဲပစ်ကြတယ်ဆိုတာက တကယ့်သမိုင်းကြောင်းပါ၊ ဘယ်လိုမှ ပြန်ပြင်လို့မရပါဘူး၊ တဲ ရေနံက စပြောရအောင်၊ ခုအချိန်အထိ ရှာမတွေ့သေးတဲ့ ရေနံသိုက်ကြီးတွေ ရှိသေးတယ်၊ ဒါပေမယ့် ခုလို အရမ်းကာရော သုံးစွဲပုံမျိုးနဲ့ဆိုရင် ဒီရာစုနှစ် အကုန်လောက်ကျရင် ရေနံတွင်း အောက်ခြေကိုတောင် သွားစမ်းမိတော့မယ့် အခြေအနေမျိုးမှာ ရှိတယ်၊ အဲဒါကလည်း သိပ်မဝေးတော့ဘူး"

နှင်းမ်က သူ့စကားကို ခဏရပ်တန့်ပြီး ဆက်ပြောပြန်၏။

"သဘာဝဓာတ်ငွေ့နဲ့ ရေနံအဖို့ကတော့ ဒီလောက်ပါပဲ၊ ကဲ အာကျူမြူစွမ်းအင်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း စဉ်းစားကြရအောင်"

အဏုမြူဆိုလိုက်သည်နှင့် လော်ရာဗိုဏ်၏ မျက်နှာထားမှာ တင်းမာသွားသည်။ မည်သည့်နေရာတွင်မဆို အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်များ တည်ဆောက်ရေး ကိစ္စကို သူကန့်ကွက်စမြဲပင်။ လော်ရာဗိုသည် ဒုတိယကမ္ဘာစစ်အတွင်းက အဏုမြူဗုံးကို စတင်ထုတ်လုပ်ခဲ့သော 'မင်ဟတ်တန်ပရိုဂျက်'တွင် ပါဝင်ပတ်သက်ခဲ့သူ ဖြစ်သည်။

နေ့လယ်စာလာပို့သော စားပွဲထိုးရောက်လာသဖြင့် ခဏတော့ စကားစပြတ်သွားသည်။ ပြီးမှ လော်ရာဗိုက ပြောလိုက်၏။

"မှိုပွင့် (သဏ္ဌာန်) မီးခိုးလုံးကို ငါ့မျက်စေ့ထဲမှာ မြင်နေရတုန်းပဲဆိုတာ၊ မင်းသိလောက်ပြီလို့ ငါထင်တယ်"

နင်းမ်က ခပ်တိုးတိုး ပြန်ဖြေသည်။

"ဟုတ်ကဲ့၊ ကျွန်တော်သိပါပြီ၊ နားလည်နိုင်လောက်တယ်လို့ ထင်ပါတယ်"

လော်ရာဗိုသည် 'ဟီရိုရှီးမား'မဟိုင်မီ၊ (၆) လအလိုလောက်တွင် 'အဏုမြူဗုံးပရိုဂျက်'သို့ ရောက်ရှိလာသူ သိပ္ပံပညာရှင် အမျိုးသမီးငယ်တစ်ဦး။ ထိုအချိန်က လော်ရာဗိုသည် သမိုင်းတွင် (မှတ်တမ်းတင်ရမည့် ကိစ္စကြီးတစ်ရပ်နှင့်) မော်ကွန်းတင်ခံချင်သူ တစ်ဦး။ သို့သော် 'ချာတိတ်ကလေး' ဟု နာမည်ဝှက်ပေးထားသော ပထမဆုံးဗုံးကို ကြဲချပြီးသောအခါ လော်ရာဗိုတစ်ယောက် အကြီးအကျယ် ချောက်ချားပြီး သွေးပျက်သွားခဲ့သည်။ သူ့ရင်ထဲ၌ အစိုင်အခဲဖြစ်ပြီး၊ သူ့ကိုယ်သူ အပြစ်ရှိသူပမာ ခံစားနေခဲ့ရသည့်ကိစ္စမှာ ဟီရိုရှီးမားနောက်ပိုင်းတွင် 'လူဝကြီး' ဟု အမည်ဝှက်ပေးထားသည့် ဒုတိယဗုံးကို မချရန် မကန့်ကွက်မိခြင်းပင်။ ထိုဗုံးနှစ်လုံးတို့ သုံးရက်သာခြား၍ ကြဲချခဲ့သည်ဆိုကလည်း အမှန်ပင်။ တစ်ဖန် အများစုက ယူဆယုံကြည်ကြသလို စစ်ရေးစစ်ရာနှင့် သိပ္ပံပညာရှုထောင့်မှ သိလိုမှုသက်သက်ကြောင့် ကြဲချခဲ့သော နာဂါဆာကီဗုံးသည် သူ့အနေနှင့် ကန့်ကွက်ခဲ့သည့်တိုင်အောင် တာဝန်ရှိသူများက ရပ်ဆိုင်းထားလိုက်မည် မဟုတ်သလို သေ၊ နာ၊ ကျိုး၊ ကန်း ဖြစ်ခဲ့ရသော လူရှစ်သောင်း၏ အသက်ကိုလည်း ကယ်ဆယ်နိုင်ခဲ့မည်မဟုတ် ဆိုသည်ကလည်း အမှန်ပင်တည်း။ သို့တိုင်အောင် သူသည် မည်သူ့ကိုမှ ကန့်ကွက်စကား မဆိုခဲ့မိသဖြင့် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ခဲ့ချေ။

လော်ရာဗိုက သူ့ကိုယ်သူ ပြောသလိုနှင့်. . .

"ဒုတိယဗုံးကိုသုံးဖို့ လုံးဝမလိုအပ်ခဲ့ပါဘူးလေ၊ ဟီရိုရှီးမားကြောင့် ဂျပန်တလည်း လက်နက်ချတော့မှာပါ၊ ဒါပေမယ့် 'လူဝကြီး'ရဲ့ တည်ဆောက်ပုံဒီဇိုင်းက ချာတိတ်ကလေးနဲ့ မတူဘူး၊ ဒီတော့ ပညာရှင်တွေက ထိရောက်မှု ရှိမရှိပါမလားဆိုပြီး လက်တည့်စမ်းကြည့်ချင်ကြတာ၊ သိပ်ကို ထိရောက်မှု ရှိခဲ့ပါတယ်လေ"

နင်းမ်က မယုတ်မလွန်ဖြေသည်။



"အဲဒါက ကြာလှပါပြီဗျာ၊ အဲဒီတုန်းက ဖြစ်ခဲ့တဲ့ကိစ္စကို ဒီကနေ့ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်တွေ တည်ဆောက်ရေးကိစ္စမှာ အချက်တစ်ချက်အနေနဲ့ ထည့်ပြီးစဉ်းစားဖို့ လိုပါဦးမလား"

လော်ရာဗိုက ပြတ်သားသည်။

"ငါ့အဖို့ကတော့ ဒီနှစ်ခုဟာ ဘယ်လိုမှ ခွဲလို့မရဘူး"

နင်းမ်က ပခုံးတွန့်လိုက်၏။

"တစ်နည်းအားဖြင့်တော့ အဏုမြူ (တားဆီးပိတ်ပင်ရေး) စစ်ပွဲမှာ ခင်ဗျားတို့ အနိုင်ရပါတယ်၊ ခင်ဗျားတို့ နိုင်တာကလည်း ခင်ဗျားတို့ထောက်ပြတဲ့ အချက်အလက်တွေက ကျိုးကြောင်းဆပ်စပ်မှုရှိလို့ မဟုတ်ဘူး၊ အချိန်ဖင့်မအောင် နည်းမျိုးစုံနဲ့ ဆွဲထားနိုင်လို့ပါ၊ ခင်ဗျားတို့ မရမက တောင်းဆိုနေတဲ့ ထိန်းချုပ်မှုတစ်ချို့ဟာ ကောင်းပါတယ်၊ ဒါပေမယ့် တချို့ကိစ္စတွေကတော့ ပေါက်တတ်ကရတွေပါ၊ ဒါပေမယ့် အဲဒီလိုဖြစ်ပျက်နေတုန်း အဏုမြူဓာတ်အားပေး စက်ရုံတွေရဲ့ နောင်ရေးကလည်း မရေမရာဆိုတော့ ဓာတ်အားပေး ကုမ္ပဏီတချို့က ဒီကိစ္စကို ထပ်လုပ်ဖို့ ကြိုးကိုမကြိုးစားကြတော့ဘူး"

နင်းမ်က ထပ်ပြောသည်။

"ဒီတော့ ဘယ်စီမံချက်မှာမဆို၊ ကြားဖြတ်စီမံချက်တစ်ခုတော့ ရှိကိုရှိရမယ်၊ အဲဒါကတော့ ကျောက်မီးသွေးပဲ"

လော်ရာဗိုက သစ်သီးစုံကို ကော်လိုက်ရင်း. . .

"ကျောက်မီးသွေးနဲ့ လေထုညစ်ထည်းမှုဟာ တစ်တွဲတည်းပဲ၊ ကျောက်မီးသွေးသုံးမယ့် စက်ရုံနေရာကို သေသေချာချာ စဉ်းစားပြီးမှ ရွေးချယ်သင့်တယ်"

"အဲဒါကြောင့် တူနီပါကို ရွေးတာပေါ့"

"သဘာဝဗေဒ (Ecology) အရပြောရရင် အဲဒီနေရာကိုရွေးတာ မှားတာပေါ့"

"ဘာတွေကြောင့်ဆိုတာကော ပြောပြပါဦးဗျာ"

"တချို့ ရှားပါးသစ်ပင်တွေနဲ့ တောရိုင်းတိရိစ္ဆာန်တချို့ဟာ တူနီပါဒေသကလွဲရင် ဘယ်နေရာမှာမှ ရှာမတွေ့နိုင်ဘူး၊ မင်းတို့အဆိုပြုတဲ့ကိစ္စက အဲဒါတွေကို အန္တရာယ်ပေးလိမ့်မယ်"

"အန္တရာယ်ဖြစ်လိမ့်မယ်ဆိုတဲ့ ပန်းပင်ဟာ 'နဂါးခေါင်းပန်း' ဆိုတာများလား"

**[နဂါးခေါင်းပန်း = Furbish Lousewort (Wild Snapdragon Artirrhnum Majus)]**

"သိပ်ဟုတ်တာပေါ့"

နဂါးခေါင်းပန်းနှင့် ပတ်သက်သော ကောလာဟလများသည် ပိုင်လ်ဒင်း

www.burmeseclassic.com

www.burmeseclassic.com



စတိတ်သို့ ရောက်ရှိလာခဲ့ပြီး ဖြစ်သည်။ ထိုပန်းမျိုးမှာ တစ်ချိန်က ကွယ်ပျောက်သွားခဲ့ပြီဟု ယူဆခဲ့ကြသော်လည်း ယခု မျိုးသစ်ပင်များကိုဝင် မျိုးထောင်ပွားယူ၍ ရနေကြပြီ ဖြစ်သည်။

နင်းမ်က ပြောလိုက်၏။

"ရုက္ခဗေဒပညာရှင်တွေက နဂါးခေါင်းပန်းဟာ သဘာဝတ္ထုဗေဒအတွက် တန်ဖိုးမရှိဘူးလို့ ဝန်ခံထားကြတာကို ခင်ဗျားလည်း သိသားပဲဗျာ"

လော်ရာဗိုက ပြုံးသည်။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမယ့် လူအများရှေ့မှာ စစ်ဆေးတဲ့အခါကျရင် အများစုနဲ့ သဘောထားချင်း မတိုက်ဆိုင်တဲ့ ရုက္ခဗေဒ ပညာရှင်တစ်ယောက်ယောက်ကို ရှာတွေ့လာမှာပေါ့လေ၊ နောက်တစ်ချက်ကလည်း တူနီပါမှာရှိနေတဲ့ မိုက်ခရိုဒိပိုဒေါ့(ပ်)စ် (Microdipodops) ဆိုတဲ့ သက်ရှိသတ္တဝါကိုလည်း ထည့်စဉ်းစားစရာ ရှိသေးတယ်"

"အဲဒီသောက်ကောင်က ဘာများပါလိမ့်"

"တစ်ခါတလေကျတော့လည်း ကြွက်မြီးရှည် (သားပိုက်ကောင်ကြွက်) လို့ ခေါ်ကြတယ်"

"မြတ်စွာဘုရား"

ဒီတွေ့ဆုံဆွေးနွေးပွဲမတိုင်မီက စိတ်ကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ထားရန် သူ့ကိုယ်သူ အကြိမ်ကြိမ် သတိပေးခဲ့သည်။ ယခု ထိုဆုံးဖြတ်ချက် ပြိုကွဲသွားလေပြီ။

"လူသန်းပေါင်းများစွာအတွက် အကျိုးရှိစေမယ့် စီမံကိန်းကြီးတစ်ခုကို ခင်ဗျားက ကြွက်စုတ်ကလေးတစ်ကောင်ကိစ္စနဲ့ မလုပ်ဖြစ်အောင် တားတော့မလို့လား"

လော်ရာဗိုက ခပ်အေးအေး ပြန်ဖြေသည်။

"အဲဒါနဲ့ ကျိုးကြောင်းဆက်နွယ်တဲ့ အကျိုးတရားတွေကို ရှေ့လာမယ့်လ,တွေကျမှ အပြန်အလှန် ဆွေးနွေးကြရလိမ့်မယ်လို့ ငါက မျှော်လင့်ထားတာ"

"ခင်ဗျားပြောတာ သောက်ရမ်းမှန်တာပေါ့ဗျာ၊ ပြီးတော့လည်း အသန့်ရှင်းဆုံးဖြစ်တဲ့ ဖင်းကက်စတယ် ဘူမိတေဇော ဓာတ်အားပေးစက်နဲ့ ငရဲအဝင်တံခါး၀ မြေအောက်ရေအားသုံး ဓာတ်အားပေးစက်တွေကိုလည်း အဲဒီလိုဆန့်ဆန့် ကန့်ကွက်မယ့်နည်းတွေ ရှိဦးမယ်ဆိုတာ သိပ်ကိုသေချာတာပေါ့နော်"

"ဒီမှာ နင်းမ်၊ တို့ဘက်ကပြောစရာ အချက်အလက်တွေ အားလုံးကို တစ်ဖက်က ယုံကြည်မြိုင်မယ့်လူကို ထုတ်ပြောပြလိမ့်မယ်လို့တော့ မထင်နဲ့လေ"

နင်းမ်သည် အနားမှဖြတ်သွားသော စားပွဲထိုးတစ်ယောက်ကို စိတ်လိုက်မာန်



ပါ လှမ်းခေါ်ရင်း ဘလက်ဒီးမေရီ တစ်ခွက်ထပ်မှာသည်။

နင်းမ်က ဆက်ပြောပြန်၏။

"ကျွန်တော် အစက ပြန်ပြောပါရစေ၊ တကယ်လို့များ ဂိုးလ်ဒင်းစတိတ်တူမွှာဇီက လုပ်မယ့်ကိစ္စမှန်သမျှကို လိုက်ဟန့်တားခံနေရမယ်ဆိုရင် ရလဒ်ကတော့ လာမယ့် (၁၀) နှစ်ကာလအတွင်းမှာ ဆိုးဆိုးရွားရွားကိစ္စတွေ ဖြစ်လာနိုင်တယ်၊ မီးတွေ အကြာကြီး ပြတ်ပြတ်သွားတဲ့ကိစ္စဟာ နေ့တိုင်းမနေ့တိုင်း ကြုံတွေ့ကြရမယ့် ထုံးစံတစ်ခု ဖြစ်လာလိမ့်မယ်၊ ဒါဆိုရင် စက်မှုလက်မှုလောကမှာ အခက်အခဲတွေ ကြုံလာမယ်၊ အလုပ်သမားတွေ ထောင်သောင်းချီပြီး အလုပ်လက်မဲ့တွေ ဖြစ်ကုန်မယ်၊ ရာနှုန်းငါးဆယ်လောက်အထိကို များပြားသွားနိုင်တယ်၊ ကျေးရွာတွေမှာ ဘီးနှံအထွက်နှုန်း ဆုတ်ယုတ်လာမယ်၊ အစာရေစာ ရှားပါးလာမယ်၊ ကုန်ဈေးနှုန်းတွေ ခေါင်ခိုက်အောင် တက်သွားမယ်၊ လူတွေ စားဝတ်နေရေး ကျပ်တည်းလာမယ်၊ ငတ်မွတ်ခေါင်းပါးလာမယ်၊ ဒါတွေအားလုံးဟာ စိတ်ကူးယဉ်နေတာမဟုတ်ဘူး လော်ရာ၊ အမှန်အတိုင်းဖြစ်မယ့် ကိစ္စတွေ၊ ခင်ဗျားနဲ့ ခင်ဗျားလူတွေက လူသားတွေအပေါ် မုဒိတာ ပွားနိုင်ကြတော့ ဘူးလား"

သူစကားပြောနေစဉ် ရောက်လာရှိလာသော ဘလက်ဒီးမေရီကို နင်းမ်က တစ်ကျိုက်ထဲနှင့် မော့ချလိုက်သည်။

"ကောင်းပြီ"

လော်ရာဗို၏လေသံမှာ တွေ့ဆုံစကလေသံထက် ပိုမာကြောလာသည်။

"မင်းပြောသမျှအားလုံး ငါတစ်ချိန်လုံး ထိုင်နားထောင်နေခဲ့တယ်၊ ကဲ ဒီတစ်ခါကတော့ ငါ့အလှည့်ပဲ၊ မင်း သေသေချာချာ နားထောင်၊ မင်းတွေးသမျှ မင်းလုပ်ဆောင်ဖက်တွေ မြင်သမျှက မျက်မွေးတစ်ဆုံးအမြင်မျိုးပါ၊ ဆီကိုဝါကလပ်အပါအဝင် ကြကာသလောကရဲ့ အလှအပကို ထိန်းသိမ်းရေး ပညာရှင်တွေကတော့ အနာဂတ်ကာလအတွက် မျက်စေ့တစ်ဆုံး ကြိုကြည့်ကြတာ၊ အခု တို့က ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မဖြစ်မနေ ဟန့်တားမှာကတော့ ဒီကမ္ဘာမြေကြီးကို အနှစ်သုံးရာလောက် ဖျက်ဆီးပစ်ခဲ့ကြတဲ့ ကိစ္စပဲ၊ ငါတို့အနေနဲ့ မင်းလို လှေကြုံစီးသမားတွေရဲ့ သွေးဆောင်ဖြားယောင်းမှုကို နားထောင်လိုက်မိရင် မဖြစ်စလောက် ဟန့်တားထားနိုင်တာလေးတွေတောင် ပြန်ပျက်စီးသွားလိမ့်မယ်"

"အခု ကျွန်တော် မေတ္တာရပ်ခံတာက အစွန်းနှစ်ဖက်ကို မရောက်ဖို့ကိစ္စပါ"

"မင်းက အစွန်းနှစ်ဖက်ကို မရောက်စေဖို့ဆိုကိစ္စဟာ နောက်ကို တစ်လှမ်းပြန်ဆုတ်ခိုင်းတဲ့ ကိစ္စပဲ၊ အဲဒါကို လက်ခံလိုက်ရင် နေပျော်တဲ့ ကမ္ဘာလောကကြီးကို ဆက်ပြီး ထိန်းသိမ်းထားနိုင်မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



နင်းမ်သည် သူ့စိတ်ထဲက ခံစားချက်အမှန်ကို ထိန်းချုပ်ထားခြင်း မပြုတော့ဘဲ ငေါ့တော့တော့လေသံနှင့်. . . .

"ခုနက ကျုပ်ပြောသလို လျှပ်စစ်ဓာတ်အား တဖြည်းဖြည်းနဲ့ နည်းသွားတဲ့ အခါကျရင် ဘယ်လိုနေပျော်တဲ့ ကမ္ဘာမျိုး ဖြစ်လာမှာလဲဆိုတာကို ပြောပြစမ်းပါဦးလေ"

လော်ရာဗိုက တည်ငြိမ်အေးဆေးစွာ ပြန်ဖြေသည်။

"မင်းတို့ထင်ထားတာထက် ပိုကောင်းလာတာကို အားလုံးကြုံရလိမ့်မယ်၊ ပို အရေးကြီးတဲ့ အချက်ကတော့ တကယ်ဖြစ်သင့်ဖြစ်ထိုက်တဲ့ လူ့ယဉ်ကျေးမှုပုံစံအတိုင်း လေလွင့်ပြုန်းတီးမှု ပိုနည်းတဲ့၊ ကုံလုံကြွယ်ဝမှု ပိုနည်းတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ လောဘ ပိုနည်းတဲ့ အနေအထားကို ရောက်လာကြလိမ့်မယ်၊ အဲဒီလိုဖြစ်လာရင် တို့တတွေအား လုံးအတွက် ပိုကောင်းလာလိမ့်မယ်"

လော်ရာဗိုသည် ခဏရပ်လိုက်ပြီး ပြောရမည့်စကားလုံးများကို ချိန်ဆ,ရင်း ဆက်ပြောပြန်၏။

"တစ်ခါတုန်းက 'အင်မတန်လှပသော အမေရိကန်'ကို ရွှေစရာကောင်းတဲ့ တွန်ကရိုဖုန်းဆိုးမြေဖြစ်အောင် လုပ်လိုလုပ်၊ တစ်ခါတုန်းက သန့်ရှင်းစင်ကြယ်တဲ့ လေထု တို ပြာတွေနဲ့ အက်စစ်တွေ မှုတ်ထုတ်ပြီး လူတွေ၊ တိရစ္ဆာန်တွေနဲ့ သစ်သီးဝလံတွေကို ဖျက်ဆီးပစ်နေကြတယ်၊ မှန်သားရောင်ထအောင် ကြည်လင်နေတဲ့ မြစ်တွေကို တို့တတွေ တ နံစော်နေတဲ့ အိမ်သာမြောင်းပုပ်တွေ ဖြစ်အောင်လုပ်၊ အင်မတန်သာယာတဲ့ ေ တန်ကြီးတွေထဲကို အမှိုက်သရိုက်တွေပစ်ချ၊ ပြီးတော့ ပင်လယ်ထဲကိုလဲ ရေနံစိမ်းတွေ ဓာတုဗေဒပစ္စည်းတွေနဲ့ ညစ်ထေးအောင် လုပ်နေကြတယ်၊ ဒါကြောင့် သဘာဝအလှ သန့်ရှင်းမှုကို ထိန်းသိမ်းဖို့က ပိုအရေးကြီးတယ်၊ အခုရှိနေတဲ့ သယံဇာတတွေကို လက်ရှိလူ တွေက မတန်တဆ ဖြုန်းတီးပစ်မယ့်အစား မမွေးသေးတဲ့ မျိုးနွယ်ဆက်တွေအတွက် ချန်ထားသင့်တယ်လို့ ယူဆတယ်"

နင်းမ်က ဝန်ခံသည်။

"ခင်ဗျားပြောတာတွေထဲက တချို့ကို လက်ခံပါတယ်၊ ဒါပေမယ့် ခင်ဗျားက အမြင်ချင်းမတူသူ မှန်သမျှကို နင်းချေပစ်မယ်ဆိုတဲ့ သဘောထားကတော့ မှားနေတယ် လော်ရာ၊ ခင်ဗျားတို့က လူများစုအတွက် ဘယ်လိုလုပ်ရင် ကောင်းမယ်ဆိုတာကို သိ တယ်လို့ထင်နေကြတဲ့ လူနည်းစုကလေးပါ၊ ပြီးတော့ ခင်ဗျားတို့က အရှိတရားနဲ့ လူများ ရဲ့ဆန္ဒကို အလေးမထားဘဲ ဆိုးချင်တိုင်းဆိုးနေတဲ့ မိဘမဲ့၊ ဖမဲ့မတလေးတွေလို ဘာဗွတ်ထိုး လုပ်တိုင်နေကြတာ၊ နောက်ဆုံးကျတော့ ခင်ဗျားတို့က လူတွေအားလုံးရဲ့ ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်စေခွဲ့တော့မှာပဲပေါ့ဗျာ"

လော်ရာဗိုက ခပ်မှန်မှန် ပြန်ပြောသည်။



"မင်းနဲ့ငါ စကားနောက်ထပ်ပြောစရာ ဘာမှမရှိတော့ဘူးလို့ ငါထင်တယ်"

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ခြေထောက်အောက်ဘက်၌ရှိသော ဘူမိမြေကမ္ဘလာသည် တဆတ်ဆတ် တုန်လှုပ်သွားသည်။ ဂျက်လေယာဉ်ပျံ အုပ်စုတစ်ခု ရုတ်တရက် စတင်ပျံသန်းလိုက် သည့်ပမာ၊ ကျယ်လောင်သော အသံကြီးတစ်သံ တိတ်ဆိတ်ငြိမ်သက်မှုအား ဖြိုခွဲလိုက် သလို ကြီးမားလှသော ရေနွေးငွေ့အလုံးကြီးတစ်လုံးသည် ဝေဟင်ဆီသို့ ပြင်းထန်စွာ ပန်းထွက်လာသည်။ တောင်ကမူကလေးထိပ်၌ မတ်တတ်ရပ်နေသည့် အုပ်စုကလေး သည် နားရွက်များကို အလိုအလျောက် ပိတ်လိုက်မိကြ၏။ တချို့ကမူ ထိတ်လန့်သွားပုံ ပင် ရသည်။

တီရေစာဇန်ဘူရင်သည် နားရွက်ပေါ်၌ အုပ်ထားသောလက်ကို ခဏဖယ် ရင်း ထိုအုပ်စုကလေးကို သူတို့စီးလာခဲ့သော အငှားဘတ်စ်ကားဆီသို့ ပြန်ကြရန် လက် ကိုင်ဝှေ့ရမ်းပြပြီး အော်ပြောလိုက်သည်။ အမျိုးသမီး၊ အမျိုးသား နှစ်ဆယ်လောက်ပါသော ထိုအုပ်စုကလေးသည် ကိုက်ငါးဆယ်ခန့်အကွာတွင် ရပ်ထားသော ဘတ်စ်ကားဆီသို့ ကမန်းကတန်း ပြန်သွားကြသည်။

တံခါးများကို အလုံပိတ်ထားပြီး လေအေးစက် တပ်ဆင်ထားသော ဘတ်စ် ကားထဲတွင် ပြင်ပမှအသံသည် အရှိန်အဟုန် လျော့သွားသလို ထင်ရသည်။

ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီမှ ပြည်သူ့ဆက်ဆံရေးအရာရှိက သတင်းစာရှင်းလင်း



ခွဲခရီးစဉ်သို့ လိုက်ပါလာကြသူ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များအား ရှင်းပြလိုက်သည်။

"ကျွန်မတို့ ကံကောင်းတယ်လို့ ဆိုရပါလိမ့်မယ်၊ အခု ရှင်တို့အုပ်စုဟာ ဘူမိ တာဗေ တွင်းသစ်တစ်တွင်း ပေါက်ဖွားလာတာကို မျက်မြင်ကိုယ်တွေ့ ကြုံကြိုက်ကြရ သို့ပါပဲ"

ရပ်ထားသော ဘတ်စ်ကား၏ နောက်ဘက်မှန်ပြတင်းမှတစ်ဆင့် သူတို့အား လုံးသည် မထင်မှတ်ချိန်၌ ပေါက်ထွက်လာသော တွင်းတူးစင်ဆီသို့ သပင်လည်ပြန် ကြည့်နေမိကြသည်။ ပုံသဏ္ဍာန်မှာ ရေနံတွင်းတူးစင်နှင့် ခပ်ဆင်ဆင်တူပြီး တီရေစာကဲ့သို့ သင် တွင်းတူးစင်ဘေးနား၌ ရှိနေသူအားလုံးမှာ ပြုံးနေကြသည်။

သိပ်မဝေးသော နေရာများတွင်လည်း သဘာဝအလျောက် အရှိန်အဟုန်နှင့် န်းထွက်လာသည့် ရေနွေးငွေ့များကို အပူခံနိုင်သော ပိုက်လုံးကြီးများနှင့် ထိန်းချုပ်ထား သည့် ဘူမိတာဗေ တွင်းထိပ်ဝများကို တွေ့နေကြရသည်။ စတုရန်းမိုင်ပေါင်းများစွာကို အုပ်ထားသော ရှုပ်ရှုပ်ထွေးထွေးရှိနေသည့် ပိုက်လုံးပင့်ကူအိမ်များသည် တစ်ဒါဇင်ခန့် ရှိနေသော တာဆိုင်ဂျင်နရေတာစက်များဆီသို့ ရေနွေးငွေ့များကို ပို့ပေးနေကြသည်။ ဘာဘိုင်ဂျင်နရေတာအားလုံးမှ စုစုပေါင်း ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားမှာ ကီလို ဝပ် (၇) သိန်းကျော်ရှိပြီး မြို့ကြီးတစ်မြို့ကို စွမ်းအင် လုံလုံလောက်လောက် ပေးထားနိုင် မှုရှိသည်။ ယခု ပေါက်ဖွားလာသော တွင်းသစ်က လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင် အောင် ထပ်မံ၍ အကူအညီပေးပေလိမ့်မည်။

သတင်းစာဆရာအုပ်စုသည် ယနေ့နံနက်စောစောပိုင်းက မြို့မှ ခရီးထွက်လာကြ ခြင်းဖြစ်ပြီး ယခုအချိန်တွင် ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ၏ လက်ရှိဘူမိတာဗေ ဂျင်နရေတာ စက်များရှိနေရာ ကယ်လီဖိုးနီးယားပြည်နယ် ဆီးဇီးလားဒေသသို့ ရောက်ရှိနေကြသည်။ မကြာမီ ဘူမိတာဗေ ဂျင်နရေတာစက်များကို နောက်ထပ်တည်ဆောက်ရန် ရည်ရွယ် ထားသည့် ဖင်းကက်စတယ်တောင်ကြားသို့ သွားကြမည်။ နက်ဖြန်ခါကျရင် ထိုအုပ်စု သည် ရေအားသုံး လျှပ်စစ်စွမ်းအင်ထုတ်စက်တစ်လုံးဆီသို့ သွားရောက်လည်ပတ်မည် ဖြစ်ပြီး နောက်ထပ်ဆောက်လုပ်ရန် ရည်ရွယ်ထားသော နေရာသစ်တစ်ခုဆီသို့ သွားကြ မည် ဖြစ်သည်။

အဆိုပြုထားသော ပရိုဂျက်နှစ်ခုစလုံးကို မကြာမီ လူထုပရိသတ်ရှေ့ မှောက်၌ ကြားနာစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပြီး၊ နှစ်ရက်ကြာမြင့်သည့် ဤခရီးမှာ သတင်းစာဆရာ များအား ကြိုတင်၍ ဖိတ်ခေါ်ပြသခြင်းပင်တည်း။

ဇန်ဘူရင်က ကြေငြာလိုက်၏။

"တဲ ကျွန်မတို့အားလုံး အဆင်သင့်ဖြစ်ပြီဆိုရင် နေ့လည်စာစားမယ့် နေရာကို ဆက်ကြရအောင်၊တဲ သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



ဗန်ဘူရင်က ယာဉ်မောင်းကို အချက်ပြလိုက်သည်။

ဘတ်စ်ကားကြီးသည် ကြမ်းတမ်းသောလမ်းအတိုင်း တစ်မိုင်ခန့် မောင်းနှင်ပြီးနောက်၊ ရုံးခန်းများနှင့် လုပ်ငန်းခွင်တွင် နေထိုင်ကြသူများအတွက် နေအိမ်အဖြစ် အသုံးပြုသော မော်တော်ကား နောက်တွဲယာဉ်ကလေးများ ရပ်ထားသည့်နေရာတွင် ဝင်ရပ်နားလိုက်သည်။

ဗန်ဘူရင်သည် နေ့လည်စာအတွက် တည်ခင်းထားသော စားပွဲခုံများရှိရာသို့ ဦးဆောင်ပြီး ခေါ်သွားသည်။ ဗန်ဘူရင်က ပြောလိုက်၏။

"ကဲ ကြိုက်သလို ကိုယ့်ဘာသာကိုယ်ယူပြီး သုံးဆောင်ကြပါ"

အများစုက ဒုတိယမြောက် အရက်ခွက်ကို သောက်နေကြစဉ်၊ ဂိုးလ်ဒင်းစကိတ်ကုမ္ပဏီပိုင် ရဟတ်ယာဉ်တစ်စီး ဆင်းသက်လာပြီး၊ ရဟတ်ယာဉ်ပေါ်မှ နင်းမ် ဆင်းလာသည်။

ခဏကြာသောအခါ ဗန်ဘူရင်က နင်းမ်အား သတင်းစာဆရာများနှင့် မိတ်ဆက်ပေးသည်။

နန်စီမိုလီနော့က မှတ်ချက်ချသည်။

"ကျွန်မတို့က ဘတ်စ်ကားလောက်နဲ့ လာရတဲ့အချိန်မှာ ရှင်က ရဟတ်ယာဉ်နဲ့ လာတယ်ဆိုတော့၊ တော်တော့ကို အရေးကြီးတဲ့ပုဂ္ဂိုလ် ဖြစ်မှာပဲနော်"

နင်းမ်သည် ချစ်ချင်စရာကောင်းသော လူမဲ သတင်းစာဆရာမကလေးကို ချဉ်တင်တင်နှင့် ပြန်ကြည့်နေသည်။

"မနက်တုန်းက ကျွန်တော့်မှာ လုပ်စရာ အလုပ်ကလေးတွေရှိလို့ ခင်ဗျားတို့ထက် နောက်ကျပြီး ထွက်ခဲ့ရတဲ့အတွက် ခုလိုပုံစံနဲ့ လာရတာပါလို့ ပြောချင်ပါတယ်"

နန်စီမိုလီနော့ကတော့ နောက်မဆုတ်ချေ။

"ရှင်တို့ကုမ္ပဏီက ပုဂ္ဂိုလ်ကြီးတွေဟာ ဟယ်လီကော့ပတာတွေကို ထင်တိုင်း သုံးလေ့ရှိကြသလား"

ဗန်ဘူရင်က ခပ်ဆတ်ဆတ် ဝင်ပြောသည်။

"နန်စီ၊ အဲဒီလိုမဟုတ်ဘူးဆိုတာ မင်းလဲ ကောင်းကောင်းကြီး သိရက်သားနဲ့ မေးရသလားကွာ"

နင်းမ်က ထပ်ဖြေသည်။

"ကျွန်တော်တို့ကုမ္ပဏီမှာ ဓာတ်ကြိုးလိုင်းတွေကို လိုက်စစ်ဆေးဖို့ အရေးပေါ် အခြေအနေမျိုးနဲ့ ကြုံတွေ့လာရတဲ့ အခါမျိုးကျရင် စားနပ်ရိက္ခာတွေ လိုက်ပို့ဖို့အတွက် ရဟတ်ယာဉ်နှစ်စီး အပါအဝင် လေယာဉ်ပျံအသေးစား (၆) စီးကို သုံးစွဲလေ့ရှိပါတယ်။ တကယ့်ကို အရေးကြီးတယ်လို့ ထင်တဲ့အခါမျိုးကျရင် ရံဖန်ရံခါဆိုသလို ကုမ္ပဏီဝန်ထမ်း



တစ်ယောက်ကို သုံးစွဲခွင့်ပေးပါတယ်၊ အခု ဒီသတင်းစာရှင်းလင်းပွဲက တကယ့်ကို အရေးကြီးပါတယ်လို့ ကျွန်တော့်ကို ပြောလိုက်လို့ပါ"

"ဘာလဲ၊ ခုတော့ သိပ်အရေးကြီးတယ်လို့ ရှင် မထင်တော့ဘူးလို့ ဆိုချင်သလား"

နင်းမ်ကလည်း ခပ်တင်းတင်းပင်။

"ခင်ဗျားက ခမေးလာမှတော့ ပြောရတော့မှာပေါ့ဗျာ၊ ကျုပ်စိတ်ထဲမှာ သံသယဝင်လာမိတယ် ဆိုတာကိုတော့ ဝန်ခံပါတယ်"

တစ်ယောက်က ဝင်အော်ပြောသည်။

"တော်ပါတော့ နန်စီ၊ မင်း အခုလို ပြောဆိုနေတာတွေကို ကျန်တဲ့လူတွေက စိတ်မဝင်စားဘူး"

မိုလီနော့က ဇာတ်တူသား သတင်းစာဆရာများနှင့် ပြန်ရင်ဆိုင်လိုက်သည်။

"ကျွန်မကတော့ စိတ်ဝင်စားပါတယ်၊ လုပ်သားပြည်သူတွေရဲ့ ပိုက်ဆံတွေကို ဖြုန်းတီးနေတာနဲ့ ပတ်သက်လာရင် ကျွန်မက စိတ်ဝင်စားတယ်"

သူတို့ အချေအတင် ပြောနေကြစဉ် စားသောက်ဖွယ်ရာများ ရောက်ရှိလာသဖြင့် အားရပါးရ လွေးကြတော့သည်။ အိုက်စ်ကရင်နှင့် ကော်ဖီအိုးများ ရောက်ရှိလာသောအခါ လော့စ်အင်ဂျလိစ်တိုင်းမ်စ် သတင်းစာမှ ပုဂ္ဂိုလ်က ကြွေးကြော်လိုက်၏။

"ကျုပ်ကတော့ တင်းတိမ်သွားပြီ၊ ကဲ ကျုပ်တို့အိပ်မငိုက်ခင် ဟိုဟိုဒီဒီကိစ္စကလေးတွေ ဆွေးနွေးကြရင် ကောင်းမယ်ထင်တယ် တီရေစာရေ"

တီဗီကင်မရာဆရာတစ်ယောက်က ဝင်မေးသည်။

"ဟော့ဒီရေပူစမ်း (Geysers) တွေက ဘယ်နှစ်နှစ်လောက်ကြာအောင် ခံမှာလဲ"

မဖြစ်စလောက်လေးကို တို့ကနန်း ဆိတ်ကနန်းစားနေသော နင်းမ်က အချိုဆေါ် ဘလက်ကော်ဖီပန်းကန်ကို တွန်းဖယ်လိုက်ရင်း. . .

"အဲဒီမေးခွန်းကို ကျုပ်ဖြေမယ်၊ ဒါပေမယ့် ကြိုပြီးရှင်းပြစရာတစ်ခု ရှိသေးတယ်၊ အခု ကျုပ်တို့ခြေထောက်အောက်မှာ ရှိနေတာတွေက ရေနွေးငွေ့စမ်း (Fumaroles) တွေပါ၊ ရေပူစမ်းမဟုတ်ဘူး။ ရေပူစမ်းဆိုတာက ရေနွေးနဲ့ ရေနွေးငွေ့တွေ ရောနှောပြီးထွက်လာတာ၊ ရေနွေးငွေ့စမ်းကျတော့ ရေနွေးငွေ့သက်သက်ချည်းပဲ ထွက်လာတာ၊ အဲဒါမျိုးက တာဘိုင်အင်ဂျင်စက်တွေကို လည်ပတ်တဲ့အခါမှာ ပိုကောင်းတယ်၊ အဲဒီရေနွေးငွေ့တွေ ဘယ်လောက်ကြာအောင် ခံမလဲဆိုတာကိုတော့ ဘယ်သူမှ ပြောနိုင်တာမှ မဟုတ်ဘူး၊ ခန့်မှန်းရုံပဲ ခန့်မှန်းနိုင်မယ်၊ အနည်းဆုံး အနှစ်သုံးဆယ်၊ အဲဒါရဲ့နှစ်ဆ ဖြစ်ချင်လဲဖြစ်နိုင်တယ်၊ အဲဒါထက်မက ပိုချင်လဲပိုမယ်"

www.burmeseclassic.com



နယူးဝက်စ်သတင်းစာမှ ဖုဂ္ဂိုလ်က ဝင်မေးသည်။

"နေစမ်းပါဦး၊ ကျုပ်တို့အောက်တည့်တည့် (မြေကြီးထဲ) က လက်ဖက်ရည်အိုးထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ရှင်းပြစမ်းပါဦး"

နင်းမ်က ခေါင်းညိတ်လိုက်သည်။

"ဒီကမ္ဘာကြီးဟာ တစ်ခါတုန်းက အရည်နဲ့ အငွေ့တွေသာပါတဲ့ အရည်ပျော်နေတဲ့ အလုံးကြီး၊ တဖြည်းဖြည်း အေးလာတဲ့အခါကျတော့ အပေါ်ယံကြောကစပြီး တင်းမာလာတယ်၊ နောက်တော့ အခု ကျုပ်တို့နေထိုင်ကြတဲ့ ကမ္ဘာမြေကြီး ဖြစ်လာတယ်၊ အပေါ် မြေလွှာရဲ့ အောက်ဘက် မိုင်နှစ်ဆယ်လောက်မှာဆိုရင် (ကျွက်ကျွက်ဆူအောင်) ပူနေတုန်းပဲ၊ အဲဒီတော့ဇော်ဓာတ်တွေက (မြေလွှာ) ပါးတဲ့ နေရာတွေကတစ်ဆင့် အပေါ်ကို ဖောက်ထွက်လာတယ်၊ အခု ဒီနေရာမှာလိုပေါ့ဗျာ"

"ပါးတယ်ဆိုတာက၊ ဘယ်လောက်လောက် (အကွာအဝေး) ကို ပါးတယ်လို့ခေါ်သလဲ"

"အခုအချိန်မှာဆိုရင် ကျုပ်တို့အားလုံးဟာ တေဇောဓာတ်အိုးကြီးရဲ့ အပေါ်ဘက် ငါးမိုင်လောက်မှာ ရှိနေတယ်၊ အဲဒီ ငါးမိုင်ပမာဏရှိတဲ့ မြေထုထဲက အက်ကွဲနေတဲ့ မြေလွှာထဲမှာ ရေနွေးငွေ့တွေ အစုလိုက်အပြုံလိုက် ပိတ်လှောင်ပြီး မိနေကြတယ်၊ ကျုပ်တို့က အဲဒီအက်ကွဲနေတဲ့ နေရာတွေဆီကိုမှန်းပြီး တွင်းတူးကြတာ"

"ဒီနည်းမျိုးနဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးတဲ့နေရာမျိုး ဘယ်နှစ်နေရာရှိသလဲ"

"လက်တစ်ဆုပ်စာလောက်ပဲ ရှိပါတယ်၊ အစောဆုံး ဘူမိတေဇော ဓာတ်အားပေးစက်ကတော့ အီတလီနိုင်ငံ ဖလော်ရင့်မြို့နားမှာ ရှိပါတယ်၊ နယူးဇီလန်ကျွန်းက 'ဝိုင်ရာကီ' မှာလည်း ရှိတယ်၊ ပြီးတော့ ဂျပန်၊ အိုက်စလန်နဲ့ ဆိုဗီယက်နိုင်ငံတွေမှာလည်း ရှိတယ်၊ ဒါပေမယ့် ကယ်လီဖိုးနီးယားမှာရှိတဲ့ ဓာတ်အားပေးစက်လောက် ဘယ်ဟာကမှ မကြီးကြဘူး"

ဇန်ဘူရင်က ထပ်ဖြည့်စွက်သည်။

"ပြီးတော့လည်း ဒီနည်းဟာ အသန့်ရှင်းဆုံး၊ ညစ်ထေးမှုမရှိဆုံး၊ အန္တရာယ်မရှိဆုံးနဲ့ ဒီကနေ့လို အချိန်အခါမျိုးမှာ ကုန်ကျစရိတ် အနည်းဆုံးနည်းပါ"

နန်စီမိုလီနော့က ဝင်ပြောသည်။

"မေးချင်တာ နှစ်ခုရှိတယ်၊ တစ်ခုကတော့ တီရေစာက 'အန္တရာယ်မရှိဆုံး' ဆိုတဲ့ စကားလုံးကို သုံးသွားတယ်၊ ဒါပေမယ့် ဒီနေရာမှာ ထိခိုက်ဒဏ်ရာရမှုတွေ ရှိခဲ့တယ်ဟုတ်တယ်မဟုတ်လား"

သတင်းစာဆရာ အားလုံးလိုလိုသည် ယခုအချိန်၌ နားစွင့်နေကြလေပြီ။



အများစုကမူ စာအုပ်ကလေးများကိုဖွင့်၍ မှတ်သူကမှတ်နေပြီး တိတ်ရီကော်ဒါခလုတ်ကို ဖွင့်သူက ဖွင့်နေကြသည်။

နင်းမ်က ဝန်ခံသည်။

"မှန်ပါ့ဗျာ၊ ရေနွေးငွေ့တွင်းတွေ သုံးနှစ်စီခြားပြီး ထပေါက်ကွဲတုန်းက ကြီးကြီးကျယ်ကျယ် အနာတရ ဒဏ်ရာရမှုတွေ ဖြစ်ခဲ့ပါတယ်၊ ဒါကလည်း ရေနွေးငွေ့ကို ထိန်းမနိုင်သိမ်းမရ ဖြစ်သွားလို့ပါ၊ တစ်ဘွင်းကိုတော့ ကျုပ်တို့က ပြန်ထိန်းနိုင်ခဲ့တယ်၊ 'အိုးလ်ဒက်စပါးရေးဒိုး' လို့ လူသိများတဲ့ နောက်တစ်ခုကိုတော့ ကျုပ်တို့က ခုထက်ထိ နိုင်နိုင်နင်းနင်း မထိန်းနိုင်သေးဘူး၊ ဟောဟိုနေရာက တွင်းပဲပေါ့ဗျာ"

"အိုးလ်ဒက်စပါးရေးဒိုးဆိုတဲ့တွင်းဟာ နောက်တစ်ကြိမ် ထပေါက်ကွဲဖို့ အလားအလာရှိပါသလား"

တိုက်ပိုင်မရှိသော သတင်းထောက်ငယ်တစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။

"ကျုပ်တို့ကတော့ မဖြစ်နိုင်ဘူးလို့ ယုံကြည်တယ်၊ ဒါပေမယ့် တခြားကိစ္စတွေမှာလိုပဲ သဘာဝတရားနဲ့ ပတ်သတ်တဲ့ ကိစ္စတွေအတွက် အာမခံချက်မရှိပါဘူး"

နန်စီမိုလီနော့က ထပ်အကျပ်ကိုင်သည်။

"ပဓာနကျတဲ့ အချက်ကတော့ ထိခိုက်ဒဏ်ရာရမှုတွေ ရှိခဲ့တယ်ဆိုတာပဲ"

နင်းမ်က ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

"မတော်တဆဖြစ်တဲ့ ကိစ္စတွေဟာ နေရာတကာမှာ ရှိပါတယ်၊ တီရေစာ မှန်မှန်ကန်ကန် တင်ပြခဲ့တာကတော့ မတော်တဆ ထိခိုက်ဒဏ်ရာရမှု နည်းပါးတယ်ဆိုတာပါပဲ၊ ကဲ ခင်ဗျားမေးမယ့် ဒုတိယမေးခွန်းက ဘာပါလိမ့်"

"ဒီလိုလေ၊ အခု ရှင်တို့နှစ်ယောက် ပြောနေတာတွေဟာ အမှန်တွေချည်းပဲဆိုရင် ဘူမိတေဇောတွင်းတွေကို ဘာဖြစ်လို့ ခပ်များများ မတူးသလဲ"

နင်းမ်က ပြန်ဖြေသည်။

"ဘူမိတေဇောတွင်းတွေကို ခပ်များများ ထပ်မတူးနိုင်တာက နိုင်ငံရေးသမားတွေကြောင့်ပဲ၊ တိတိကျကျပြောရရင် အမေရိကန် ကွန်ဂရက်ကြောင့်ပဲ"

ဇန်ဘူရင်က သတိပေးဟန်နှင့် လှမ်းကြည့်သော်သည်၊ နင်းမ်က မသိဟန်ဆောင်လိုက်သည်။

"ရှေးပဝေသဏီထဲက ဘူမိတေဇောတွင်းတွေကို ကျုပ်တို့ လိုက်လံရှာဖွေသင့်တဲ့ နေရာတွေဟာ အစိုးရမြေတွေထဲမှာချည်းပဲ"

"ဘယ်ပြည်နယ်တွေထဲမှာလဲ"

"အော်ရီဂွန်၊ အိုင်ဒါဟို၊ မွန်တာနာ၊ နီဗားဒါး၊ ယူတပ်၊ ကိုလိုရာဒို၊ အာရီဇိုးနား၊

www.burmeseclassic.com

www.burmeseclassic.com



နယူးမက်ဆီကိုနဲ့ ကယ်လီဖိုးနီးယားထဲက နေရာခပ်များများပဲ"

နောက်တစ်ယောက်က ထပ်တွန်းအားပေးသည်။

"ဆက်ပြောဗျာ"

"ဒီလိုဗျာ၊ အများပိုင်မြေပေါ်မှာ ဘူမိတေဇောတွင်း ရှာဖွေရေးဥပဒေကို အတည်ပြုပြီးတဲ့အထိ ကွန်ဂရက်မှာ နိုင်ငံရေးအပေးအယူတွေ လုပ်ကြ၊ ဘာမှမလုပ်ဘဲ ချောင်ထိုးထားလိုက်ကြနဲ့ ဆယ်နှစ်ကြီးများတောင် ကြာခဲ့တာဗျ၊ အဲဒီနောက်တော့ သဘာဝအလှကို မထိပါးစေရေးစည်းမျဉ်း၊ စည်းကမ်းတွေ ရေးဆွဲတာကတင် သုံးနှစ်ထပ်ကြာတယ်၊ ဒါတောင် ခုအချိန်အထိ ပါမစ်နည်းနည်းကလေးပဲ ချပေးသေးတယ်၊ (၉၀) ရာခိုင်နှုန်းလောက်ကတော့ မြူနီကရက် စက်ယန္တရားကြီးထဲမှာ ညပ်ပြီးပျောက်ကုန်တယ်"

တီရေစာက ခပ်ပြတ်ပြတ် ဝင်ဟန့်သည်။

"ဒါဆိုရင် တော်လောက်ပြီ၊ ဖင်းကက်စတယ်ကိစ္စကို ပြောကြရအောင်၊ ဒီက ပြီးရင် အဲဒီကို ဆက်သွားကြမှာ"

နင်းမ်က မဲ့ပြုံးပြုံးသည်။ ထို့နောက် သားရေအိတ်ထဲမှ မြေပုံတစ်ချပ်ကို ထုတ်ယူလိုက်ပြီးနောက် ကြေပြာသင်ပုန်းပေါ်တွင် ပင်အပ်နှင့် စိုက်၍ကပ်လိုက်၏။

"ဖင်းကက်စတယ်မှာ လူသူလေးပါးမရှိတဲ့အပြင် ဘူမိတေဇောဇရိယာလို့ ကျုပ်တို့သိထားတယ်၊ ဘူမိဗေဒပညာရှင်တွေကလည်း အဲဒီနေရာမှာ ဘူမိတေဇောဓာတ်ထူးထူးခြားခြား ရရှိနိုင်တယ်၊ အခု ဟောဒီနေရာကနေရနေတဲ့ လျှပ်စစ်ဓာတ်အားနှစ်ဆလောက်တောင် ရနိုင်တယ်လို့ဆိုတယ်၊ ဖင်းကက်စတယ်နဲ့ပတ်သက်တဲ့ စီမံချက်တွေကို မကြာခင် လူသိရှင်ကြား ကြားနာစစ်ဆေးတော့မှာဝါ"

ဗန်ဘူရင်က ဝင်ပြောလိုက်၏။

"ကျွန်မကို ခွင့်ပြုမယ်ဆိုရင်. . ."

နင်းမ်က နောက်တစ်လှမ်းဆုတ်ပြီး စောင့်နေလိုက်သည်။

တီရေစာက. . .

"ရှင်းရှင်းလင်းလင်းဖြစ်အောင် ကြိုတင်ပြောထားချင်တဲ့ အချက်တစ်ချက်ကတော့ လူသိရှင်ကြား ကြားနာမစစ်ဆေးမီ ကျွန်မတို့နဲ့ ဝိရောဓိဖြစ်နေတဲ့လူတွေထက် ကြောသွားအောင် ရှင်တို့ကို စည်းရုံးဖို့ ကြိုးစားနေတာ မဟုတ်ပါဘူး၊ ကျွန်မတို့အနေနဲ့ ရှင်တို့ကို အရှိကိုအရှိအတိုင်း သိစေချင်တာ တစ်ခုပါပဲ၊ ကျေးဇူးတင်ပါတယ် နင်းမ်"

နင်းမ်က ဆက်ပြောသည်။

"နက်ဖြန်ခါ ကျုပ်တို့ သွားရောက်လေ့လာကြမယ့် ဖင်းကက်စတယ်အကြောင်း ပြောင်ဖွင့်ချချင်တဲ့ အချက်တစ်ချက်ကတော့ ကျုပ်တို့ရဲ့ ဘူမိတေဇော စွမ်း



အင်စက်တွေက တစ်နှစ်မှာ ရေနံစည်ဆယ်သန်း (တင်သွင်းဖို့မလိုအောင်) ချွေတာရာရောက်စေပါတယ်၊ အဲဒီပမာဏကို သုံးဆတိုးအောင် ကျုပ်တို့အနေနဲ့. . ."

ဆွေးနွေးပွဲကို တင်ပြချက်များအပေါ် ပြန်လှန်မေးခွန်းထုတ်သူများနှင့် ဝေဝေဆာဆာ သိုက်သိုက်မြိုက်မြိုက် ဆက်လက်ကျင်းပသွားသည်။

□

နှစ်ရက်ကြာ လိုက်လံပြသသော သတင်းစာရှင်းလင်းပွဲ ပြီးသည့်အခါ နင်းမ်သည် 'ကယ်လီဖိုးနီးယား အိပ်ဇင်းမနား' သတင်းစာထဲတွင် ပယ်ပယ်နယ်နယ် အတွယ်ခံရလေတော့သည်။

ဟယ်လီကော်ပတာအကြောင်း ရေးသားထားသော နန်စီမိုလီနော့၏ဆောင်းပါးသည် ခေါင်းကြီးစာမျက်နှာနှင့် မျက်နှာချင်းဆိုင် စာမျက်နှာတွင် ဘောင်ခတ်၍ ပါလာသည်။ နင်းမ်သည် သူ့ရုံးခန်းသို့ အရောက်တွင် ဖတ်ရှုကြည့်လိုက်သည်။

"ကတ္တီပါဖိနပ်စီး၍ ရွှေထီးဆောင်းသော ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီမှ မစ္စတာဂိုးလ်မင်း. . .

ကိုယ်ပိုင်ရဟတ်ယာဉ်ကလေးနှင့် သင်သွားလိုရာသို့ သွားနိုင်စွမ်းရှိမည်ဆိုလျှင် မည်သို့မည်ပုံ နေလေမည်နည်းဟု တွေးမိဖူးပါစ။

ထိုကဲ့သို့ ထူးခြားဆန်းကြယ်သည့် အရသာကို ကျွန်ုပ်တို့အများစုသည် ကြုံဖူးကြမည် မဟုတ်။

အခွင့်ထူးခံအတန်းအစားတွင် ပါဝင်သူများမှာ အမေရိကန်သမ္မတ၊ အီရန်မှ ရှားဘုရင်၊ အဲလေ ပြီးတော့ ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီမှ ထိပ်ပိုင်းဆိုင်ရာ ဝန်ထမ်းများ၊ ဥပမာ မစ္စတာနင်းမ်ရှေ့ဒ်ဂိုးလ်မင်း။

ဂိုးလ်မင်းကို ဘာကြောင့်ရွေးရသလဲဟု သင် မေးကောင်းမေးပေလိမ့်မည်။

ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သော မစ္စတာဂိုးလ်မင်းသည် စင်းလုံးငှားထားသော ဘတ်စ်ကားပေါ်၌ လွတ်နေသောနေရာ အများအပြားရှိသော်လည်း ထိုကားနှင့်လိုက်မလာဘဲ ရဟတ်ယာဉ်ကို စီးနင်းလာခဲ့သောကြောင့်ပင်တည်း။"

www.burmeseclassic.com

www.burmeseclassic.com



အထူးထိခိုက်နစ်နာစေသည့် စာပိုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်။

"အကုန်အကျ များပြားလှသော မီတာခဒဏ်ကို အလူးအလိမ့်ခံနေကြရသည့် ဓာတ်အားသုံးစွဲမှု ပြည်သူများသည်၊ ၎င်းတို့၏ငွေများအား ပြည်သူကတစ်ဝက်ပိုင်ဆိုင်သော ဂိုးလ်ဒင်း စတိတ်ကုမ္ပဏီက မည်သို့မည်ပုံ သုံးစွဲနေပါသနည်းဟု တွေးမိကောင်း တွေးမိကြပေလိမ့်မည်။ အကယ်၍ ဂိုးလ်မင်းလို အရာရှိကြီးများသည် အများနည်းတူ ဝိမ်မခံဘဲ ခရီးသွားလာရန် ဝန်မလေးပါက အကုန်အကျ ပိုသက်သာလာမည့် အသုံးစရိတ်များနှင့် အခြားချွေတာမှုများကို ပေါင်းစပ်၍ တရှိန်ရှိန်တက်နေသော မီတာခဈေးနှုန်းကို နှိမ်နင်းရာတွင် အထောက်အကူ ပေးနိုင်လိမ့်မည် ဖြစ်ပါကြောင်း။"

သူ့ရုံးခန်းမှထွက်လာသော နင်းမ်သည် မကြာသေးခင်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်မျိုးစုံ၊ လော်ရာဗိုကာမိချယ်နှင့် နေ့လယ်စာစားရင်း အဆင်မပြေဖြစ်ခဲ့ရမှု၊ အဆင်မပြေသော သတင်းစာရှင်းလင်းပွဲ ခရီး၊ ယခု ဤဆောင်းပါး. . . စသည်တို့က ၎င်းအား ဝိုင်းဝန်းနှိပ်စက်နေကြသောကြောင့် ၎င်းအဖို့ စိတ်ဓာတ်ကျဆင်းပြီး နုံးချိသွားစေကြောင်း သူ သတိပြုလိုက်မိသည်။

□ □ □

## အခန်း (၉)

ဆီကိုဝါကလပ်ရုံးချုပ် အဆောက်အအုံကို လှေလာနေသူ ဒေဗီဘာဒ်ဆောင်း ချောင်ချော်ချော် မေးလိုက်သည်။

"ချယ်ယာမင်တစ်ယောက်တည်း ရေချိုးတဲ့ သီးသန့်ရေပူစမ်း ရေချိုးခန်းက ရှာပါလိမ့်"

လော်ရာဗိုကာမိချယ်က လေသံခပ်တင်းတင်းဖြင့် ပြန်ဖြေသည်။

"ကျွန်မတို့ဆီမှာ အဲဒါမျိုး တစ်ခုမှမရှိဘူး"

မုတ်ဆိတ်ဖားဖား၊ ဝမ်းဗိုက်ပူပူနှင့် ရွှတ်နောက်နောက်နိုင်လှသူ ဒေဗီဘာဒ် င်းနှင့်အတူ ရှိနေရသည်ကို လော်ရာဗိုကာမိချယ်တစ်ယောက် စိတ်မလွတ်မလပ် းသည်။ ဘာဒ်ဆောင်းသည် အမေရိကန်တိုင်းရင်းသားအဖြစ် ခံယူထားသည်မှာ င်းများစွာ ကြာမြင့်ခဲ့သည့်တိုင်အောင် သူ့ဇာတိမွေးရပ်မြေ ဩစတေးလျမှ ခပ် ကြမ်းတောသားတစ်ယောက်၏ ဟန်ပန်လေသံသည် တစ်ခါတရံ ပေါ်ထွက်လာ င်း

ဒေဗီဘာဒ်ဆောင်းသည် မယဉ်ကျေးသူတစ်ဦး၏ ဝတ်ပုံစားပုံနှင့် ဟန်ပန်လေ အပြည့်အဝ အသွင်ဆောင်ထားသော်လည်း သူသည် လူမှုဆက်ဆံရေးဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်နှင့် မဟာဝိဇ္ဇာဘွဲ့ရရှိထားပြီး ကယ်လီဖိုးနီးယားတက္ကသိုလ်၌ အချိန်ပိုင်းကထိကတအ ဆောင်ရွက်နေသော အဆင့်အတန်းမနိမ့်သည့် ပညာရှင်တစ်ဦးဖြစ်ကြောင်း၊ လော် သိထားသည်။ ၎င်းပြင် သူသည် စားသုံးသူများ၊ ဘာသာရေးသမားများနှင့် အတိုက် နိုင်ငံရေးသမားအုပ်စုများကို စုစည်း၍ 'လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် လင်းရောင်' ဟုခေါ်သော အုပ်စုကို တည်ထောင်ထားသူ ဖြစ်သည်။

စွမ်းအင်နှင့် အလင်းရောင်အုပ်စုက ကြေငြာထားသည့် ရည်ရွယ်ချက် 'အမြတ်ရရှိရေးအတွက် အာသာငန်းငန်းတက်နေသော ဂိုးလ်ဒင်းစတိတ် ဘီလူးကြီး အဖက်ဖက်မှ ထိုးစစ်ဆင်ရန်' ပင်တည်း။ ယခုအချိန်အထိ စွမ်းအင်နှင့် အလင်းရေ အုပ်စုသည် ဓာတ်အားနှင့် ဓာတ်ငွေ့မီတာခ တိုးမြှင့်ကောက်ခံမှုကို ဆန့်ကျင်တန် ခြင်း၊ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက် လိုင်စင်မရရှိစေရေးအတွက် ကြိုးပမ်း နှင့် ဓာတ်အားကုမ္ပဏီအား မြူနီစီပယ်များက ပြည်သူပိုင် ပြုလုပ်သင့်ကြောင်း တွန်း ပေးမှုများပင်တည်း။ ယခု ဘာဒ်ဆောင်း၏ တပ်ဦးသည် ဂိုးလ်ဒင်းစတိတ်က နောက် တိုးချဲ့ဆောင်ရွက်ရန် စီစဉ်နေသည့် အစီအစဉ်များကို ဆန့်ကျင်ကန့်ကွက်ရာ၌ သ ရှိသော ဆီကိုဝါကလပ်နှင့် လက်တွဲနိုင်ရန် ကြိုးပမ်းနေခြင်းပင်။ ဤအဆိုပြုချ မကြာမီကျင်းပမည့် ကလပ်မှ ထိပ်သီးပုဂ္ဂိုလ်များ ပါဝင်သော အစည်းအဝေးတွင် ဆွေးနွေးသပ်မည် ဖြစ်သည်။

ဘာဒ်ဆောင်းက မှတ်ချက်ချသည်။

"နိုပ်လိုက်လေ လော်ရာဘောဘီရယ်၊ အခုလို ခမ်းနားတဲ့ရုံးခန်းမှာ အလု ရမယ်ဆိုရင် တကယ့်အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်လာမှာပဲ"

လော်ရာဗိုက ပြန်ပြောလိုက်သည်။

"ရှင် ကျွန်မကို လော်ရာဘောဘီလို့ မခေါ်ပါနဲ့"

"ကျုပ် စာနဲ့ပေနဲ့ရေးပြီး မှတ်သားထားပါ့မယ်"

ထိုအခိုက်တွင် တံခါးပွင့်လာပြီးနောက် ဆံပင်ဖြူဖြူ ကိုင်းမပါသောမျ နှင့် သပ်သပ်ရပ်ရပ် ဝတ်စားလာသော အသက်ခပ်ကြီးကြီး ပုဂ္ဂိုလ်တစ်ယောက် သည်။ လော်ရာဗိုက မိတ်ဆက်ပေးသည်။

"မစ္စတာဘာဒ်ဆောင်း ကျွန်မတို့ရဲ့ မန်နေဂျာ အတွင်းရေးမှူး မစ္စတာပ ကိုတော့ ရှင်သိလိမ့်မယ် ထင်တယ်"

ဒေဗီဘာဒ်ဆောင်းက ဖြူးကြီးမားသော လက်ကို ဆန့်ထုတ်ပေးရင်း

"စစ်မြေပြင်မှာ တစ်ခါနှစ်ခါလောက် ဆုံခဲ့ဖူးပါရဲ့ဗျာ၊ ဟိုင်း ပရစ်ချီ"

လက်ဆွဲနှုတ်ဆက်ပြီးနောက် နောက်ရောက်လာသော လူသစ်က စိ တပါးနှင့်. . .



"ရုံးရှေ့မှာ အစစ်ခံရတာကို ကျုပ်ကတော့ စစ်မြေပြင်ရယ်လို့ မယူဆဘူး၊ ပေမယ့် အဲဒီလိုပုံစံမျိုးဖြစ်အောင် လုပ်ယူရင်တော့ ရနိုင်တောင်းတယ်လို့ ယူဆတာပဲ"

"သောက်ရမ်းမှန်တာပေါ့ ပရစ်ချီရယ်၊ ကျုပ်က တိုက်ပွဲဝင်ပြီဆိုရင် အမြောက် ကြီးတွေနဲ့ ဆတ်တိုက်ပစ်တော့တာပဲ၊ ဒါပေမယ့် ခင်ဗျားတို့လို ဆန့်ကျင်တဲ့နည်းမျိုးအ တွက် နေရာမရှိဘူးလို့ ကျုပ်က ဆိုလိုတာမဟုတ်ပါဘူးလေ"

ပရစ်ချက်သည် မျက်မှန်ကိုချွတ်လိုက်သည်။

"ခင်ဗျား ခုနကပြောသလို ဂိုးလ်ဒင်းစတိတ်ကို (ဆန့်ကျင်ဖို့)အတွက် ခင်ဗျား လို ဆန့်ကျင်နည်းမျိုးလည်း နေရာရှိနိုင်ပါတယ်၊ ကျုပ်တို့အချင်းချင်း လက်တွဲဖို့တောင် ချင်လိုမယ်"

"ဟုတ်လိုက်လေ ပရစ်ချီရယ်"

သူတို့ စကားပြောနေစဉ် နောက်နှစ်ယောက် ထပ်ဝင်လာသည်။ လော်ရာဗိုက အဝင်ဆောင်းဒါးနှင့် မစ္စစ်ပရစ်စီလာကွင်းတို့ဖြစ်ကြောင်း မိတ်ဆက်ပေးသည်။ ကျန် အသေးသော ဆီကိုဝါကလပ်၏ အမှုဆောင်လူကြီးများပင်တည်း။

ဆောင်းဒါးသည် နာမည်ကြီးပုဂ္ဂိုလ်များ၏ လင်မယားကွာရှင်းရေးကိစ္စများ လိုက်ပါဆောင်ရွက်လေ့ရှိသော ထိပ်ခပ်ပြောင်ပြောင် အသံကျယ်ဆတ်ဆတ်နှင့် နေတစ်ယောက် ဖြစ်သည်။ မစ္စစ်ကွင်းကမူ အသက်ငါးဆယ်နီးပါးခန့်ရှိပြီး လူသိများ ဖြစ်သည်။ ယခု သူက စွဲမက်စရာကောင်းအောင် ဖက်ရှင်ကျကျ ဝတ်စားလာသည်။

ငါးယောက်ပါဝင်သော သူတို့အုပ်စုသည် ရှည်လျားသော မဟော်ဂနီ စားပွဲ ကြီး၏ တစ်ဖက်စွန်းတွင် နေရာယူလိုက်ကြ၏။ စားပွဲထိပ်တွင် လော်ရာဗိုက ထိုင်သည်။

လော်ရာဗိုက စတင်ပြောကြားသည်။

"မကြာခင်က ဂိုးလ်ဒင်းစတိတ်ရဲ့ အဆိုပြုချက်တွေဟာ ကျွန်မတို့အားပုံးနဲ့ တ်သက်နေတယ်၊ အဲဒီအဆိုပြုချက်တွေဟာ ပတ်ဝန်းကျင် သဘာဝအလှကို ထိခိုက် လိမ့်မယ်လို့ ဆီကိုဝါကလပ်က ဆုံးဖြတ်ပြီးပါပြီ၊ အခုလာမယ့် စုံစမ်းစစ်ဆေးပွဲတွေမှာ ကျွန်မတို့က တစ်ခဲနက် ကန့်ကွက်ကြမယ်"

ဘာဒ်ဆောင်းက စားပွဲကို ခပ်ကျယ်ကျယ် ပုတ်လိုက်သည်။

"ဒါဆိုရင် ကျုပ်က ဆီကိုဝါဂိုဏ်းကို သာမှုသုံးကြိမ်ခေါ်တယ်ဗျို့"

အာဝင်ဆောင်းဒါးက ရီချင်နေပုံရသည်။ မစ္စစ်ကွင်းက မျက်ခုံးပင့်သည်။

"အဲဒီလို အတိုက်အခံလုပ်မယ့် ကိစ္စနဲ့ပတ်သက်ပြီး ကျွန်မတို့အဖွဲ့အစည်းနဲ့ အဖွဲ့အစည်းကြားထဲမှာ ဆက်သွယ်ရေး အစီအစဉ်တချို့ ရှိထားသင့်တယ်လို့ မစ္စတာ ဘာဒ်ဆောင်းက အကြံပြုထားပါတယ်၊ အဲဒါနဲ့ပတ်သက်ပြီး သူ့ကို ရှင်းပြခိုင်းပါ့မယ်"

ဒေဗီဘာဒ်ဆောင်းထံ အားလုံးက အာရုံစိုက်လာကြသည်။ ဒေဗီဘာဒ်ဆောင်း

www.burmeseclassic.com



သည် တစ်ဦးချင်းကို အကဲခတ်လိုက်ပြီးနောက် . . .

"အခု ကျုပ်တို့ပြောနေတဲ့ အတိုက်အခံလုပ်မယ့်ကိစ္စဟာ စစ်ပွဲတစ်ပွဲပဲ၊ ရန်
က ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ၊ ဒီကိစ္စကို တခြားပုံစံနဲ့ ရှုမြင်သုံးသပ်မယ်ဆိုရင် အရှုံး
ဖိတ်ခေါ်တာပဲ ဖြစ်လိမ့်မယ်၊ ဒီတော့ စစ်ပွဲတစ်ပွဲမှာလိုပဲ စစ်မျက်နှာမျိုးစုံက ဝင်ပြီးတို
ခိုက်ရလိမ့်မယ်"

မစ္စစ်ကွင်းက ဖြတ်ပြောသည်။

"ရှင်က ဥပမာအဖြစ် တင်စားပြောတာဆိုပေမယ့် စစ်ပွဲဆိုတဲ့စကားလုံး
ကျွန်မ နားကလောတယ်ရှင့်"

ဘဒ်ဆောင်းက ကြေငြာလိုက်သည်။

"ခိုင်ခိုင်မတ်မတ် ပြုရမယ့်နေရာမှာ ယိုင်ယိုင်ညွတ်ညွတ်လုပ်ခဲ့ရင်၊ ဒါမှမဟု
ကြမ်းတမ်းခက်ထရော်တဲ့ အမှန်တရားကို ရင်ဆိုင်ရမှာ ဝန်လေးတယ်ဆိုရင် အရှုံး
ရင် ဆိုင်ရတတ်ပါတယ်"

မန်နေဂျာ အတွင်းရေးမှူး ပရစ်ချက်က နှိုးဆော်သည်။

"တိတိကျကျ ပြောကြရအောင်ဗျာ၊ ဒီမှာ မစ္စတာဘဒ်ဆောင်း၊ ခင်ဗျားပြေ
တဲ့အထဲမှာ 'စစ်မျက်နှာမျိုးစုံက' ဆိုတာပါတယ်၊ တိတိကျကျဆိုရင် ဘာတွေပါလိမ့်

"မှန်လိုက်လေဗျာ၊ စစ်မျက်နှာတစ်၊ နှစ်နဲ့ သုံးတို့ကတော့ တူနီပါ၊ ဖင်းက
စတယ်နဲ့ ငရဲအဝင်ဝတံခါး စီမံချက်တွေနဲ့ပတ်သက်ပြီး အများပြည်သူတွေရှေ့မှာ စုံစ
စစ်ဆေးမယ့်ပွဲတွေပဲ၊ ခင်ဗျားတို့လူစုက စစ်မျက်နှာအားလုံးမှာ ဆင်နွှဲမှာဖြစ်သလို ကျ
လူတွေကလဲ တိုက်ကြမှာပဲ"

လော်ရာဗိုက မေးမြန်းသည်။

"ရှင်က ဘယ်အချက်တွေပေါ်မှာ မူတည်ပြီး ဆန့်ကျင်ကန့်ကွက်မှာလဲဆိုတ
သိစမ်းပါရစေ"

"အခုထိတော့ သိပ်မသေချာသေးဘူး၊ ဒါပေမယ့် စိတ်မပူပါနဲ့ဗျာ၊ ခုအချိန်
စပြီး ဟိုအချိန်မတိုင်မီ အတောအတွင်း အကြံတစ်ခုခုထုတ်ပါ့မယ်"

မစ္စစ်ကွင်း စိတ်ပျက်သွားပုံရသည်။ အာဝင်ဆောင်းဒါးက ပြုံးသည်။

"သိပ်အရေးကြီးတဲ့ စတုတ္ထမြောက် စစ်မျက်နှာကတော့ လာမယ့်နှစ်ပတ်
ကျော်ကျော်ကာလမှာ ကျင်းပမယ့် ဂိုးလ်ဒင်းစတိတ်ရဲ့ နှစ်ပတ်လည် အစည်းအဝေးပဲ
ကျုပ်မှာ အစီအစဉ်လျာထားချက် ရှိပါတယ်၊ ဒါပေမယ့် ကျုပ်ကို အသေးစိတ်မမေးရင်
ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်"

ဆောင်းဒါးက ဝင်ပြော

"ကျုပ်တို့အဖို့ မသိတာက ကောင်းလိမ့်မယ်လို့ ခင်ဗျားက ဆိုလိုတာလား"



"သိပ်ဟုတ်တာပေါ့ ရှေ့နေကြီးရယ်"

လော်ရာဗိုက ဝင်မေးသည်။

"ဒါဖြင့်ရင် ဆက်သွယ်ရေးအစီအစဉ် ရှိသင့်တယ်ဆိုတာက ဘာသဘောလဲ"

ဘဒ်ဆောင်းက ပြုံးပြရင်း လက်မနှင့် လက်နှစ်ချောင်းကို အဝိုင်းပုံပါပါ
ဝိုင်းပြလိုက်သည်။

"ဒီလိုဆက်သွယ်မှုမျိုးပေါ့၊ ငွေလေ"

ဘဒ်ဆောင်းက ထပ်ပြောသည်။

"ကျုပ်တို့ အတူတူလက်တွဲမယ့် ကိစ္စနဲ့ပတ်သက်ပြီး ပြောစရာတစ်ခု ကျန်သေး
တယ်၊ အဲဒီကိစ္စကို ပြောင်မလုပ်တာက ပိုကောင်းလိမ့်မယ်၊ အတွင်းကြိတ်ပဲ ဖြစ်သင့်
တယ်"

မစ္စစ်ကွင်းက မေးသည်။

"ဒါဖြင့်ရင် ဆီကိုဝါကလပ်အနေနဲ့ ဘယ်လိုဘယ်ပုံ အကျိုးအမြတ် ရလာနိုင်
မှာလဲ"

အာဝင်ဆောင်းဒါးက ဝင်ပြောသည်။

"အဲဒါကို ကျုပ်ဖြေနိုင်တယ်၊ ဂိုးလ်ဒင်းစတိတ်ဟာ ဘယ်နေရာ ဘယ်အဆင့်
မှာပဲဖြစ်ဖြစ် သိက္ခာကျသွားစေမယ့် ကိစ္စမျိုး ဖြစ်လာတယ်ဆိုရင် သူတို့ဘက်က အား
လျော့ပြီး တစ်ဖက်မှာ အောင်မြင်မှုရှိလာလိမ့်မယ်"

ပရစ်ချက်က မေးသည်။

"ခင်ဗျားက ဘာဖြစ်လို့ ငွေလိုရတာလဲ၊ ငွေပမာဏက ဘယ်လောက်လဲ"

"ကျုပ်တို့ရဲ့ ပေါ်ပေါ်ထင်ထင်နဲ့ အတွင်းကျိတ် ပူးပေါင်းဆန့်ကျင်မှုကို ထိ
ရောက်အောင်လုပ်ဖို့ ကြိုတင်စီစဉ်တဲ့နေရာမှာ ကျုပ်တို့အုပ်စုတစ်ခုတည်းက ငွေအင်
အားမတတ်နိုင်တဲ့အတွက် မေတ္တာရပ်ခံခြင်းဖြစ်ပါတယ်၊ ကျုပ်အကြံပြုချင်တာကတော့
ဆီကိုဝါကလပ်က ကျုပ်တို့ကို ဒေါ်လာငါးသောင်း နှစ်ရစ်ခွဲပြီး ထောက်ပံ့စေချင်ပါတယ်"

မစ္စစ်ကွင်းက မှတ်ချက်ချသည်။

"အခုကိစ္စမှာ ကျွန်မ စိတ်ရှုပ်နေတာကတော့ ကျွန်မတို့ဟာ ကျွန်မ မကြိုက်
ဆုံး ပေတစ်ရာလမ်းမပေါ်က ရိုက်ပွဲနှက်ပွဲတွေနဲ့ ဆက်စပ်လာလိမ့်မယ်ဆိုတဲ့ ကိစ္စပဲ"

လော်ရာဗိုကလည်း ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ကျွန်မလဲ အဲဒီအတိုင်းပဲ တွေးနေမိတယ်"

ယခုတစ်ကြိမ်တွင် ရှေ့နေကြီးဆောင်းဒါးက ဝင်ပြောပြန်၏။

"ဂိုးလ်ဒင်းစတိတ်ရဲ့ နောက်ဆုံး အဆိုပြုချက်တွေကို ဆီကိုဝါကလပ်က ချက်
ချင်းလက်နဲ့ အချက်ကျကျတင်ပြပြီး ဆန့်ကျင်မှာပါ၊ ဒါပေမယ့် ခေတ်အခြေအနေအရ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးသင့်အကြောင်းသင့် တွေးခေါ်မှုက လွှမ်းမိုးပြီး အောင်မြင်မှုရနိုင်မှာ မဟုတ်ဘူး၊ ကျုပ်ပြောချင်တာကတော့ ပိုပြီးဖွတ်လုပ်တတ်တဲ့၊ ပိုပြီး ဟိတ်တွေဟန်တွေများတဲ့၊ ပြီးတော့ ပရိသတ်ရဲ့အာရုံကို ပိုပြီးဖမ်းစားနိုင်အောင် အကွက်ချပြီး စီစဉ်တတ်တဲ့ မဟာမိတ်တစ်ဦး လိုလာပြီဆိုတာပဲ၊ ကျုပ်အမြင်ကိုပြောရရင် မစ္စတာဘဒ်ဆောင်းနဲ့ သူ့အုပ်စုတ ကျုပ်တို့ဘက်က လိုနေတဲ့ဟာကွက်ကို ဖြည့်စွက်ပေးနိုင်လိမ့်မယ်လို့ ယူဆတယ်"

ဘဒ်ဆောင်းက ဖြည့်စွက်သည်။

"ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းလောက,က ကျုပ်ကို သိပ်သဘောကျတယ်ခင်ဗျ"

ပရစ်ချက်က ဝင်ပြောသည်။

"ဒါအမှန်ပဲ၊ သူပြောတဲ့ ကိုရိုတားရား ကြေငြာချက်တွေကို စာနယ်ဇင်းတွေတ လက်ခံပြီး ထည့်ပေးကြပေမယ့် ကျုပ်တို့ပြောတာဆိုတာတွေနဲ့ ဂိုးလ်ဒင်းစတိတ်ကဖြေတာကို မထည့်ဘဲ ထားတတ်ကြတယ်"

ချယ်ယာမင် လော်ရာဗိုက သူ့ကိုမေးလိုက်သည်။

"အခုအဆိုပြုချက်ကို ရှင်က ထောက်ခံတယ်လို့ ကျွန်မ ယူဆရမှာလား"

"မှာတ်ကဲ့၊ ထောက်ခံပါတယ်၊ ဒါပေမယ့် သူ့အုပ်စုက ဘာပဲလုပ်လုပ် အကြမ်းမဖက်ပါဘူးဆိုတဲ့ အာမခံချက်ကိုတော့ မစ္စတာဘဒ်ဆောင်းထံက ရထားချင်ပါတယ်"

ဘဒ်ဆောင်းက လက်နှင့်ပုတ်လိုက်သဖြင့် အစည်းအဝေးစားပွဲကြီး တုန်ခါသွားသည်။

"အာမခံချက် ပေးပါတယ်ဗျာ၊ ကျုပ်အုပ်စုက ဘယ်လိုအကြမ်းဖက်မှုမျိုးမဆိုရွံမုန်းတယ်၊ ကြေငြာချက်တွေလည်း ထုတ်ထားသားပဲ"

ပရစ်ချက်က ပြန်ဖြေသည်။

"ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ဆီကိုဝါကလပ်ကလည်း အဲဒီသဘောထားအတိုင်းပါပဲ၊ ဒါနဲ့ စကားမစပ် ဂိုးလ်ဒင်းစတိတ်မှာ ဗုံးထပ်ပြီး ဖောက်ခွဲခံရတယ်ဆိုတဲ့ ဒီကနေ့ထုတ် ခရော်နီကယ်- ဝက်စ်က သတင်းကို လူတိုင်းဖတ်ပြီးကြပြီ ထင်ပါရဲ့"

ကျန်ပုဂ္ဂိုလ်များ ခေါင်းညိတ်ကြသည်။ ထိုသတင်းမှာ ညပိုင်းက ဂိုးလ်ဒင်းစတိတ်၏ မော်တော်ယာဉ်ဌာနတွင် ဗုံးပေါက်ကွဲမှုကြောင့် ထရပ်ကား နှစ်ဒါဇင်ကျော်မီးလောင်ပျက်စီးသွားသည် ဆိုခြင်းပင်။ လွန်ခဲ့သည့် လေးငါးရက်တလည်း ဓာတ်အားပေးစက်ရုံခွဲတစ်ခုတွင် ဗုံးပေါက်ကွဲခဲ့သေးသော်လည်း အပျက်အစီး သိပ်မများလှချေ။ ထိုကိစ္စနှစ်ခုစလုံးမှာပင် လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုက သူတို့လက်ချက်ပင်ဖြစ်ကြောင်းကြေငြာခဲ့သည်။

လော်ရာဗိုက မေးသည်။



"မစ္စတာဘဒ်ဆောင်းကို ထပ်မေးချင်တာများ ရှိသေးသလား"

အများကြီးရှိသည်။ ထိုမေးခွန်းများမှာ ဆီကိုဝါကလပ်က ထောက်ပံ့မည့်ငွေကို သုံးပုံသုံးနည်းနှင့် ဂိုးလ်ဒင်းစတိတ်အား လူပုံအလယ်တွင် ဆက်ကိုက်ထိုးနှက်တိုက်ခိုက်ရာ၌ အသုံးပြုမည့် နည်းဗျူဟာများနှင့် သက်ဆိုင်သည်။

နောက်ဆုံးတွင် လော်ရာဗိုက ပြောလိုက်သည်။

"တဲ့. . .မစ္စတာဘဒ်ဆောင်းရေ၊ ကျွန်တို့လူတွေက ရှင်တင်ပြထားတဲ့ အဆိုပြုချက်တွေကို လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်အောင် ရှင်ပြန်နိုင်ပါပြီ၊ ဘယ်လိုပဲဖြစ်စေ ရှင့်ကို မကြာမီ ဆက်သွယ်ပါ့မယ်"

ဒေဗီဘဒ်ဆောင်းက နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်။

အစည်းအဝေး အခန်းတံခါး ပြန်ပိတ်သွားသောအခါ မစ္စင်ကွင်းက ပြတ်ပြတ်သားသား ကြေငြာသည်။

"ကျွန်မ ဒီကိစ္စကို လုံးဝမကြိုက်ဘူး၊ ကျွန်မ ဒီလူကို သဘောမကျဘူး၊ ယုံလည်းမယုံကြည်ဘူး၊ ကျွန်မကတော့ အဲဒီအုပ်စုနဲ့ ဆက်သွယ်တဲ့ ကိစ္စမှန်သမျှကို လုံးဝကန့်ကွက်တယ်"

အာဝင်ဆောင်းဒါးက ပြောလိုက်၏။

"ခုလိုကြားရတာ ဝမ်းနည်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဂိုးလ်ဒင်းစတိတ်ရဲ့ အဆိုပြုချက်တွေကို နိုင်အောင်တိုက်ဖို့က အရေးအကြီးဆုံးပဲ၊ ဒီနေရာမှာ မျက်စိလည်သွားစေမယ့် သူ့နည်းဗျူဟာတွေဟာ ကျုပ်တို့အတွက် အင်မတန်ကဲ့အပ်တယ်လို့ ယူဆတယ်"

ပရစ်ချက်ကလည်း မှတ်ချက်ချသည်။

"ကျုပ်တလည်း အာဝင့်သဘောထားကို လက်ခံတယ်"

မစ္စစ်ကွင်းက ပြတ်ပြတ်သားသား ခေါင်းခါသည်။

"ရှင်တို့ဘာပဲပြောပြော ကျွန်မဆုံးဖြတ်ချက်ကိုတော့ ပြင်နိုင်မှာမဟုတ်ဘူး"

ရှေ့နေကြီးက သက်ပြင်းချသည်။

"ပရစ်ဆီလာ၊ မင်းက သိပ်တိကျပြီး တယ်စည်းကမ်းကြီးတာကိုး"

မစ္စစ်ကွင်း၏မျက်နှာမှာ ရဲရဲနီသွားသည်။

"အဲဒါ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် အမြင်ကပ်စရာကောင်းတဲ့ ယောက်ျားတွေဆီမှာရှိပုံမရတဲ့ အကျင့်ကောင်းကလေးတွေ ကျွန်မဆီမှာ ရှိပါတယ်"

လော်ရာဗိုက ခပ်ပြတ်ပြတ် ဝင်ဟန့်သည်။

"အချင်းချင်း အငေါ်တူးတာမျိုးတွေ မလုပ်ကြပါနဲ့လေ"

ပရစ်ချက်ကကြားဝင်ပြီး လေပြေထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကော်မတီဟာ အားလုံးလိုက်နာရမယ့် ဆုံးဖြတ်ချက်မျိုးကို ဆုံးဖြတ်နိုင်ခွင့်ရှိတယ်၊ အဲဒီလို ဆုံးဖြတ်ခဲ့ရင် ခုနက ဆွေးနွေးခဲ့တဲ့ ငွေပမာဏကို သုံးစွဲခွင့်ရှိတယ်ဆိုတာ အားလုံးကို သတိထပ်ပေးပါရစေ"

ဆောင်းဒါးက ပြောသည်။

"ချယ်ယာမင်ကြီးခင်ဗျား၊ မဲအခြေအနေကို သုံးသပ်ရရင် ထောက်ခံမဲနှစ်မဲ၊ ကန့်ကွက်မဲတစ်မဲဆိုတော့ ခင်ဗျားက ကြိုက်တဲ့ဘက်ကို ထည့်ဖို့ပဲကျန်တော့တယ်"

လော်ရာဗိုက ဝန်ခံသည်။

"ဟုတ်တယ်၊ ကျွန်မလဲ အဲဒီလို နားလည်ထားတယ်၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ဝေခွဲမရဖြစ်နေပြန်တယ်"

ဆောင်းဒါးက. . .

"ဒါဆိုရင် ကျုပ်နဲ့ ရှေ့ဒရစ်ရဲ့ အယူအဆကို ခင်ဗျား ဘာဖြစ်လို့ လက်ခံထိုက်ကြောင်း ကျုပ်က အချက်နဲ့အလက်နဲ့ ပြောပြပါရစေ"

ပရစ်ဆီလာကွင်းက ဆောင်းဒါးကို လှမ်းပြောသည်။

"ရှင် ပြောဆိုပြီးတဲ့အခါကျရင် ကျွန်မက ပြန်ငြင်းမယ်"

နောက်ထပ် မိနစ်နှစ်ဆယ်ကြာအောင် အပြန်အလှန် ငြင်းခုံနေကြသည်။

လော်ရာဗိုသည် တစ်ချက်တစ်ချက်တွင် ဝင်ဝင်ထောက်ရင်း စိတ်ထဲကလည်း ဘယ်ဘက်က မဲပေးသင့်သလဲဟု ချိန်ဆနေသည်။ တကယ်လို့ ကန့်ကွက်မဲထည့်ခဲ့သော် နှစ်မဲညီတူဖြစ်လာပြီး မဆုတ်သာ မတက်သာ ဖြစ်သွားမည်။ လုံးဝကန့်ကွက်လိုက်သည့် သဘောမျိုးလဲ သက်ရောက်သွားပေလိမ့်မည်။ သူကသာ သဘောတူသည့်ဘက်က မဲပေးလိုက်မည်ဆိုလျှင် ပြတ်ပြတ်သားသား (၃) မဲ (၁) မဲ ဖြစ်သွားပေလိမ့်မည်။

သူ့ဆန္ဒကတော့ သဘောမတူသည့်ဘက်က မဲပေးရန်ပင်။ ဆောင်းဒါးနှင့် ပရစ်ချက်တို့၏ လက်တွေ့ဆန်ဆန်သဘောထားကို သဘောကျသော်လည်း ဒေဗီဘဒ် ဆောင်းအပေါ် စိတ်ထဲက ခံစားရမှုမှာ ပရစ်စီလာကွင်းနှင့် အတူတူပင်။ ပြဿနာမှာ ပရစ်ဆီလာသည် မျက်နှာကြီးရာနောက်သို့ ခပ်ပြောင်ပြောင်တင်းတင်း ဟင်းဖတ်ပါလေ့ရှိသူ၊ ကယ်လီဖိုးနီးယားတွင် မျိုးနှင့်ရိုးနှင့် ကြွယ်ဝချမ်းသာသူ၊ သတင်းစာ၏ လူမှုရေး ကဏ္ဍတွင် အများအကျိုးကို သယ်ပိုးသူအဖြစ် အမြဲတမ်း ဖော်ပြခံရလေ့ရှိသူ ဘစ်ဦး ဖြစ်ရာ၊ လော်ရာဗို စက်ဆုပ်သည့် အရည်အချင်းမျိုးစုံ ရှိနေသော ပရစ်ဆီလာနှင့် အဆက်အစပ် မရှိလိုခြင်းပင်။

သူသတိပြုမိသည့် အချက်တစ်ချက် ရှိသေးသည်။ သူကသာ ပရစ်ဆီလာနှင့် တွဲ၍ မဲထည့်ခဲ့သော် အမျိုးသမီးချင်းပေါင်း၍ အမျိုးသားများကို ဆန့်ကျင်ဘက်ပြုသည့် သဘော သက်ရောက်သွားမည်။ လော်ရာဗိုအနေနှင့် ထိုကဲ့သို့ ရည်ရွယ်ရင်း မဟုတ်



သော်လည်း ထိုကဲ့သို့ မြင်ကြမည်သာ။

သုံးယောက်စလုံးက လော်ရာဗိုကို ဝိုင်းကြည့်နေကြသည်။ လော်ရာဗိုသည်ပဲ အပြန်အလှန်စဉ်းစားရင်း တွန့်ဆုတ်ဆုတ်ဖြစ်နေသည်။ နောက်ဆုံးတွင်မှ ပြတ်ပြတ်သားသား ပြောလိုက်၏။

"ကျွန်မ သဘောတူတယ်လို့ မဲထည့်တယ်"

အာဝင်ဆောင်းဒါးက လက်နှစ်ဖက်ကိုပွတ်ရင်း. . .

"ဒါပဲပေါ့ ပရစ်စီလာ၊ ဘာဖြစ်လို့ အရှုံးသမားတောင်း မဖြစ်ရမှာလဲ၊ ဗဟိုတညွတ်တည်း ဆုံးဖြတ်တာ ဖြစ်သွားအောင် ကျုပ်တို့နဲ့ လက်တွဲလိုက်ပါလား"

ပါးစပ်ကို တင်းတင်းစေ့ရင်း မစ္စစ်ကွင်းက ခေါင်းခါသည်။

"ရှင်တို့အားလုံး အဲဒီလိုဆုံးဖြတ်တဲ့အတွက် နောင်တရကြလိမ့်မယ်လို့ ကျွန်မထင်တယ်၊ ကျွန်မ သဘောမတူတဲ့ အကြောင်းကိုလည်း မှတ်တမ်းတင်ထားစေချင်တယ်"

□

ဒေဗီဘဒ်ဆောင်းသည် သီချင်းကလေး တအေးအေးနှင့် ဆီကိုဝါကလပ်မှ ပြန်ထွက်လာသည်။ အဖြေ မည်သို့ရှိမည်ဆိုသည်ကို သူစိုးစဉ်းမျှ သံသယမရှိ၊ ဒေါ်လာ ငါးသောင်းကတော့ အိတ်ထဲသို့ ရောက်လာလေပြီ။

သူသည် ၎င်း၏ ချက်ပလက်ကားဟောင်းကြီးကို မြို့လယ်ခေါင်မှဖြတ်၍ မောင်းနှင်လာပြီး အညတြလမ်းတစ်လမ်းပေါ်တွင် ကားကိုရပ်ထားလိုက်သည်။ ဘဒ်ဆောင်းသည် ကားကို သော့ခတ်လိုက်ပြီး အနောက်အရပ်ဆီသို့ ဦးတည်သွားသော ဘတ်စ်ကားတစ်စီးပေါ် တက်လိုက်သွားသည်။

ကားဆီမှ ထွက်ခွာလာစဉ် ဘဒ်ဆောင်းသည် သူဆောင်းလေ့ဆောင်းထမရှိသော ဦးထုပ်ကို ဆောင်းလိုက်သည့်အပြင်၊ သူ တပ်ဆင်ရန်မလိုအပ်သော ကော်ကိုင်း မျက်မှန်ကြီးကိုပါ တပ်ဆင်လိုက်သည်။ ဤနောက်တိုး ပစ္စည်းနှစ်ခုကြောင့် သူ့အသွင် အပြင်မှာ ထူးထူးခြားခြား ပြောင်းလဲသွားရာ၊ သူ့ကို ရုပ်မြင်သံကြားနှင့် အခြားနေရာများ တွင် တွေ့မြင်ဖူးလေ့ရှိသူများသည် ယခုအချိန်တွင် မှတ်မိရန်ခဲယဉ်းသွားလေပြီ။

ဘတ်စ်ကားပေါ်တွင် ဆယ်မိနစ်စီးနင်းလာပြီးနောက် ကားပေါ်မှဆင်း၍ အငှားကားတစ်စီးကိုခေါ်လိုက်ပြီး မြောက်စူးစူးအရပ်ဆီသို့ မောင်းနှင်ခိုင်းလိုက်သည်။ မိနစ် အနည်းငယ်ကြာသောအခါ ကားပေါ်မှဆင်း၍ ကားခပေးလိုက်ပြီး အရှေ့ဘက်အရပ်ဆီ သို့ ဦးတည်နေသော ဘတ်စ်ကားတစ်စီးပေါ်သို့ တက်ရောက်လိုက်ပါသွားသည်။

ဒုတိယ ဘတ်စ်ကားပေါ်မှ ဆင်းပြီးနောက် ခပ်သွက်သွက် စတင်လမ်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်တော့သည်။ လမ်းထောင့်ပေါင်းများစွာကို ချိုးကွေ့ပြီး လမ်းထောင့်တစ်ခုကို ရောက်တိုင်း နောက်ဖက်ဆီသို့ ပြန်လှည့်ကြည့်သည်။ ငါးမိနစ်လောက် လမ်းလျှောက်ပြီးသောအခါ အိမ်ငယ်ကလေး တစ်လုံးရှေ့တွင် ရပ်လိုက်ပြီး အောက်ဖက်သို့ လှေကားခြောက်ထစ်ဆင်း၍ ပြင်ပမှ ရှုတ်တရက်မမြင်အောင် ကွယ်ထားသော အိမ်ရှေ့တံခါးပေါက်ရှေ့တွင် ရပ်လိုက်သည်။ ဘဒ်ဆောင်းသည် လူခေါ်ဘဲလ်ခလုတ်ကို နှိပ်လိုက်၏။ ချက်ခြင်းဆိုသလို တံခါးပွင့်လာသဖြင့် သူအထဲသို့ ဝင်သွားသည်။

လွတ်လပ်ရေး၏ မိတ်ဆွေများ ပုန်းခိုနေရာမှ ခပ်မှောင်မှောင် စကြံလမ်းကလေးတွင် ဂရီးဂိုစ်အာချွန်ဘော့က မေးတော့သည်။

"ခင်ဗျား ဒီကို ဂရုတစိုက်နဲ့ လာတာလား"

ဘဒ်ဆောင်းက ပြန်ဟောက်သည်။

"ကျုပ် သိပ်သတိထားတာပေါ့ဗျာ၊ ကျုပ်က အမြဲတမ်း သတိရှိတဲ့လူပဲ၊ မင်းကသာ မာတ်အားပေးစက်ရုံ ဖောက်ခွဲတဲ့အလုပ်ကို ကပျက်ကချော် လုပ်ခဲ့တာ"

"သူ့အကြောင်းနဲ့ သူပါဗျာ၊ ကဲ အောက်ဆင်းကြရအောင်"

သူသည် ကွန်ကရိလှေခါးအတိုင်း ဖောက်ခွဲရေး ကိရိယာများ ဟိုတစ်ခု ဒီတစ်ခု ပြန့်ကျဲပြီးရှိနေသော မြေအောက်အလုပ်ခန်းဆီသို့ ခေါ်သွားသည်။

နံရံတစ်ခုဘေးနားတွင် ကပ်ထားသော ခေါက်တုတင်တစ်လုံးပေါ်၌ အမျိုးသမီးကလေးတစ်ယောက် ပိုးလိုးပက်လက် ရှိနေသည်။ အသက် နှစ်ဆယ်ဝန်းကျင်၌သာ ရှိပုံရသည်။ ခပ်ဝိုင်းဝိုင်းမျက်နှာကလေးမှာ အခြားအချိန်တွင် ချောမောလှပမည် ဖြစ်သော်လည်း ယခုအချိန်တွင် သွေးဆုတ်ပြီး ဖြူနေသည်။ မဖြီးမသင်ဘဲထားသော ရွှေဝါရောင်ဆံပင်သည် ခေါင်းအုံးပေါ်၌ ပြန့်ကျဲပြီးကျနေသည်။ သူ့ညာဘက်လက်တို ပတ်တီးနှင့် အထပ်ထပ်စည်းထားပြီး သွေးစွန်းနေသောကြောင့် ညိုညစ်ညစ်အစွန်းကွက်များ ရှိနေသည်။

ဘဒ်ဆောင်း ဒေါသထွက်သွားသည်။

"သူက ဘာဖြစ်လို့ ဒီမှာရှိနေရတာလဲ"

ဂရီးဂိုစ်က ပြန်ဖြေသည်။

"အဲဒါကို ကျုပ်ရှင်းပြမလို့၊ ဓာတ်အားပေးစက်ရုံခွဲမှာ သူက ကျုပ်ကို ကူညီရင်း စနက်တံထပေါက်လို့ လက်ချောင်းကလေး နှစ်ချောင်းပြတ်သွားပြီး သွေးတွေ အရမ်းထွက်လာတယ်၊ မှောင်ကလဲ သိပ်မှောင်တယ်၊ ကျုပ်တို့ရှိနေတာကို ကြားကုန်ကြသလားမသိဘူး၊ ကျန်တဲ့ကိစ္စတွေကို ကျုပ်ကပဲ ကမန်းကတန်း လုပ်ခဲ့ရတာ"

ဘဒ်ဆောင်းက ပြောပြန်၏။

"ဒုံးကို မင်းထားခဲ့တဲ့နေရာက ဟုတ်မှမဟုတ်တာ၊ ပျောက်အိုးနဲ့ဆိုရင်တော်



အဲဒီလောက်တော့ ပျက်စီးမှာပဲ"

ဂရီးဂိုစ် ရှက်သွေးဖြာသွားသည်။ သူ အဖြေမပေးနိုင်ခင် ကလေးမလေးက ပြောလိုက်သည်။

"ကျွန်မ ဆေးရုံကိုတော့ သွားသင့်တယ်"

ဘဒ်ဆောင်းက ဒေါကြီးမောကြီးနှင့် အော်လိုက်၏။

"မင်းသွားရဘူး၊ သွားခွင့်လဲ မပေးဘူး"

သူက ဂရီးဂိုစ်အား ဒေါသနှင့် ပြောလိုက်သည်။

"မင်း တို့အစီအစဉ်ကို သိတယ်မှတ်လား၊ သူ့ကို အပြင်ထုတ်ပစ်လိုက်စမ်း"

ဂရီးဂိုစ်က ခေါင်းရမ်းပြသဖြင့် တလေးမကလေးသည် စိတ်မသက်မသာနှင့် အပေါ်ထပ်သို့ တက်သွားသည်။ ဒီကလေးမကို နေခွင့်ပြုမိခြင်းသည် အမှားတစ်ခုကို ကျူးလွန်ခြင်းပင်ဖြစ်ကြောင်း သူသိသည်။ ဘဒ်ဆောင်းပြောသည့် အစီအစဉ်ဆိုသည်မှာ ဘဒ်ဆောင်းနှင့် ဂရီးဂိုစ်နှစ်ဦးတည်းသာ မျက်နှာချင်းဆိုင်တွေ့ဆုံရန် ဖြစ်သည်။ တကယ့်ပြဿနာ အစစ်အမှန်မှာ ဂရီးဂိုစ်သည် ဒီကလေးမလေး ဘက်တီအပေါ် သနားကြင်နာစိတ် ထားနေမိခြင်းပင်။ ဒါကလည်း သိပ်မကောင်းလှပေ။ စနက်တံ ထပေါက်ကဲ့သည့်အခါ သူတကယ်လုပ်ရမည့် အလုပ်ကိစ္စထက် ဘက်တီ၏ဒဏ်ရာအပေါ် အာရုံစိုက်မိပြီး ဘေးရန်ကင်းမည့် နေရာဆီသို့ ပို့ပေးချင်စိတ်နှင့် ကမန်းကတန်း လုပ်လိုက်သောကြောင့် တလွဲတချော်တွေ ဖြစ်ကုန်ခြင်းပင်တည်း။

ဘက်တီထွက်သွားသောအခါ ဘဒ်ဆောင်းက အသံခပ်တိုးတိုးနှင့် ပြောလိုက်သည်။

"ဆေးရုံကိုလဲ မပို့နဲ့၊ ဆရာဝန်ကိုလဲ မခေါ်နဲ့၊ အဲဒါကို သေချာအောင်လုပ်ကွာ၊ အမေးအမြန်းတွေ ထူလိမ့်မယ်၊ ပြီးတော့ ဒီကောင်မကလေးကလဲ သိပ်သိနေပြီ လိုအပ်မယ်ဆိုရင် သူ့ကိုရှင်းပစ်လိုက်ကွာ၊ အင်မတန် လွယ်ကူတဲ့နည်းတွေ ရှိပါတယ်"

ဂရီးဂိုစ်သည် ဘဒ်ဆောင်းက စူးစူးရဲရဲအကြည့်ကြောင့် မနေတတ်မထိုင်တတ် ဖြစ်လာသည်။

ဂရီးဂိုစ်သည် ဘဒ်ဆောင်းက အမြစ်တင်သည်ကို ဒုံ့ခံဖို့ မလိုသော်လည်း ခပ်မဆိတ် ငြိမ်ခံလိုက်သည်။ သူသည်သာ လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စု၏ ခေါင်းဆောင်ဖြစ်သည်။ ဒေဗီဘဒ်ဆောင်း၏ တာဝန်မှာ ဒုတိယအဆင့်မှာသာရှိပြီး ပြင်ပလောကနှင့် ဆက်သွယ်ရန်သာ ဖြစ်သည်။ သို့တိုင်အောင် ဘဒ်ဆောင်း ရှာဖွေလာသော ရန်ပုံငွေမျက်နှာကြောင့် အသုံးတည့်သဖြင့် တစ်ခါတရံတွင် ငုံ့ခံလိုက်လေ့ရှိသည်။

ယခုအချိန်တွင် အငြင်းအခုန် မဖြစ်လိုသည့် အဓိက အကြောင်းရင်းမှာ ငွေရေးကြေးရေး ကိစ္စပင်တည်း။ ရရှိနေကြဝင်ငွေများ ရုတ်တရက် ရပ်တန့်သွားသောကြော

www.burmeseclassic.com

www.burmeseclassic.com



ယခင်ကထက် ငွေပို၍လိုအပ်လာသည်။ သူ့ကို အနှစ်နှစ်ဆယ်တိုင်တိုင် ငွေမှန်မှန် ပို့ပေးနေသော သူ့မိခင် ဂရိစ်ရုပ်ရှင်မင်းသမီးကြီးသည် အသက်ငါးဆယ်ရှိပြီဖြစ်သဖြင့် မိတ်ကပ်အကူအညီဖြင့် နုပျိုအောင် ဖန်တီးမရတော့၍ ငွားရမ်းလိုသူ-သိပ်မရှိတော့။ တစ်ချိန်တည်းမှာပင် သူ့ထံသို့ ငွေပို့တော့မည်မဟုတ်ကြောင်း အေသင်ရှိ ရှေ့နေများထံမှ နို့တစ်စာတစ်စောင်သည် အဆိုးရွားဆုံးအချိန်တွင် ရောက်ရှိလာသည်။

သူက ဘဇ်ဆောင်းကို ပြောလိုက်သည်။

"ခင်ဗျားက အချိန်နဲ့ငွေအကြောင်း စ,ပြောလာတော့ ကျုပ်တို့ အခု ငွေသိပ်လိုနေပြီဗျ"

"ရမှာပေါ့ကွာ၊ အများကြီးကိုရမှာ၊ ငါ ငွေပဒေသာပင်ကြီးတစ်ပင် ထပ်တွေ့ထားပြီ"

□ □ □

## အခန်း (၁၀)

နင်းမ်တစ်ယောက် မှတ်ဆိတ်မွေး ရိတ်နေသည်။ ဩဂုတ်လကုန်ဆုံးကာနီး ကြာသပတေးနေ့ တစ်နေ့၊ နံနက် (၇) နာရီထိုးပြီးကာစ အချိန်ပင်တည်း။

ရှုသ်သည် နံနက်စာပြင်ဆင်ရန် အောက်ထပ်သို့ ဆယ်မိနစ်စော၍ ဆင်းသွားသည်။ ရေလးနှင့်ဘင်ဂျီမှာ အိပ်နေကြဆဲပင်။ နင်းမ်တစ်ယောက် အောက်သို့ဆင်းသွားသောအခါ သူ့အတွက် သိုးသားကျော်ကပ်နှင့် ကြက်ဥမွှေကြော် နံနက်စာကို ရှုသ်က အဆင်သင့် ပြင်ထားပြီးလေပြီ။

နင်းမ်သည် သိုးသားကျော်ကပ်တစ်ခုကို လှီးရင်း ခက်ရင်းနှင့် ထိုးကော်သိုက်သည်။

"သိပ်ကောင်းတာပဲကွာ၊ မင်းလက်ရာက ဒီပြင်လူတွေထက် ပိုကောင်းတယ်"

ရှုသ်သည် တွန့်ကနဲဖြစ်သွားပြီးနောက် ပြောလိုက်သည်။

"ခဏတဖြုတ်လောက်တော့ မနက်စာကို ရှင့်ဖာသာရှင် စီစဉ်နိုင်လိမ့်မယ်လို့ မျှော်လင့်သလား"

နင်းမ်တစ်ယောက် ကြောင်သွားသည်။

"ရပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရပ်ဝေးကို သွားစရာရှိလို့၊ တစ်ပတ်လောက် ဆိုပါတော့၊ ပိုကြာချင်လဲ ကြာမယ်"

နင်းမ်သည် ခက်ရင်းနှင့်မားကို ပြန်ချရင်း စားပွဲပေါ် မှ့ကျော်၍ စိုက်ကြည့်နေသည်။

"ဘာဖြစ်လို့လဲ၊ ဘယ်ကိုလဲ"

"ကျွန်မသွားနေတုန်း လေးနဲ့ဘင်ဂျီကို မေမေခေါ် ထားလိမ့်မယ်၊ မစ္စစ်ဘာလိုင်ယာကလဲ ထုံးစံအတိုင်း အိမ်ကိုလာရှင်းပေးလိမ့်မယ်၊ ဒီတော့ ရှင် ညစာကို အပြင်မှာ စားခဲ့ရုံတင်ပဲ ရှိမယ်၊ အဲဒါလောက်တော့ ရှင်စီစဉ်နိုင်လိမ့်မယ်လို့ ထင်တယ်"

အကွက်ဆင်လိုက်သည်ကို နင်းမ်က ဂရုမထားဘဲ အသံကျယ်ကျယ်နှင့် ထပ်မေးသည်။

"မင်း ငါမေးတာကို မဖြေသေးဘူး၊ မင်းက ဘယ်ကိုသွားမှာလဲ၊ ဘာကြောင့်လဲ"

"ကျွန်မတို့နှစ်ယောက်စလုံး အော်ကြီးဟစ်ကျယ်ဖြစ်စရာ မလိုပါဘူး"

ရှည်၏ တည်တည်ငြိမ်ငြိမ်ရှိနေမှုအောက်တွင် ရှည်၏စရိုက်နှင့် မဟပ်စပ်သော ခပ်ထန်ထန်သဘောကို နင်းမ်ခံစားသိရှိလိုက်ရသည်။

"ရှင့်မေးခွန်းကို ကျွန်မကြားတယ်၊ ဒါပေမယ့် ရှင်နဲ့ကျွန်မကြားမှာ ဖြစ်ပေါ်နေတဲ့ အနေအထားအရ ကျွန်မအနေနဲ့ ဖြေနေဖို့မလိုဘူးလို့ထင်တယ်၊ ဟုတ်ရဲ့လား"

ဥပဒေနှစ်မျိုးထားဖို့ လိုသလားဆိုသော ရှည်၏ဆိုလိုချက်ကို အတိအကျ နားလည်သဖြင့် နင်းမ် နှုတ်ဆိတ်သွားသည်။ အကယ်၍ နင်းမ်က အိမ်ထောင်ရေး ဥပဒေစည်းကမ်းများကို ဖောက်ဖျက်ပြီး အကြိမ်ကြိမ် ဆက်တိုက် ဖောက်ပြားကျူးလွန်နေမည်ဆိုပါက ရှည်တွင်လည်း အကျိုးအကြောင်း ရှင်းမပြဘဲ အလားတူ လွတ်လပ်ခွင့်မျိုး မရထိုက်ပေဘူးလား။

အဆိုပါ အခြေခံနှင့်သာဆိုလျှင် မျှမျှတတရှိသည်ဟု ဆိုထိုက်သည်။ သို့တိုင်အောင် ရှည်သည် အခြားအမျိုးသားတစ်ဦးနှင့် ရှုပ်ထွေးပွေလီနေသည်ဟု သူယုံကြည်လာသောကြောင့် နင်းမ်တစ်ယောက် မနာလိုစိတ်များ ဖြစ်ပေါ်လာမိသည်။ အစကတော့ သူ အဲဒီလို မထင်ခဲ့ပါ။ အခု သူ ယုံကြည်သွားလေပြီ။

ရှည်က သူ့အတွေးကိုဖြတ်၍ ပြောလိုက်သည်။

"ကျွန်မဟာ အချိန်အတော်ကြာကြာကစ,ပြီး မည်ကာမတ္တ အိမ်ထောင်ရေးဘဝထဲမှာပဲ နေခဲ့ရတယ်ဆိုတာ ကျွန်မတို့ နှစ်ယောက်စလုံး သိကြပါတယ်၊ အဲဒီကိစ္စကို ကျွန်မတို့ မပြောခဲ့ကြဘူး၊ ဒါပေမယ့် ပြောသင့်တယ်လို့ ကျွန်မထင်တယ်"

ခပ်ထန်ထန်ဖြစ်အောင် ကြိုးစားထားစေကာမူ ယခုအချိန်တွင် ရှည်၏လေသံမှာ တုန်ခါနေသည်။



နင်းမ်က မေးသည်။

"မင်းက အခုပြောချင်လို့လား"

ရှည်က ခေါင်းခါသည်။

"ကျွန်မပြန်လာတဲ့အခါကျရင် ပြောဖြစ်ချင် ပြောဖြစ်မှာပေါ့လေ"

ရှည်က ထပ်ဖြည့်စွက်သည်။

"ကျွန်မ အစီအစဉ်ကလေးတွေ လုပ်ပြီးရင် ကျွန်မ ဘယ်အချိန်သွားမလဲဆိုတာ ရှင့်ကိုအသိပေးမယ်"

နင်းမ်က လေးလေးပင်ပင် ပြန်ဖြေသည်။

"ကောင်းပြီလေ"

"ရှင့်မနက်စာကို ကုန်အောင်လဲ မစားသေးပါလား"

နင်းမ်က ပန်းကန်ပြားကို တွန်းဖယ်ပစ်လိုက်သည်။

"ထပ်စားချင်စိတ်လဲ မရှိတော့ပါဘူးကွာ"

□

ရှည်နှင့် အခြေအတင် ပြောခဲ့ဆိုခဲ့ရမှုက နံနက်ပိုင်းတွင် သူ့ဦးနှောက်ထဲ၌ ခင်းမှုနေခဲ့သော်လည်း ဂိုးလ်ဒင်းစတိတ်ရုံးချုပ်မှ လုပ်ငန်းဆောင်တာများက သူ့ကိုယ်ရေးကိုယ်တာ အတွေးများကို လျင်မြန်စွာ မှေးမှိန်သွားစေသည်။

စုံစမ်းစစ်ဆေးရေး ကော်မရှင်သည် မီတာခကို (၁၃) ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံရန်ဆိုသော ဂိုးလ်ဒင်းစတိတ်၏ တင်ပြချက်အား ပယ်ချလိုက်သည်။ တမနက်လုံး နင်းမ်သည် ချယ်ယာမင်ကြီး၏ အခန်းထဲ၌ ဆက်တိုက်ကျင်းပလျက်ရှိသည့် ဆွေးနွေးပွဲများတွင် ဝင်ရောက်ဆွေးနွေးနေရသည်။

အဓိကကျသည့်အချက်မှာ 'နှုန်းထားကို တိုးမြှင့်ကောက်ခံခွင့်မရှိပါက ဂိုးလ်ဒင်းစတိတ်က ဆောင်ရွက်ရန်ရှိနေသော ဆောက်လုပ်ရေးလုပ်ငန်းများကို ငွေကြေးအခက်အခဲမရှိစေဘဲ ဆက်လက်ဆောင်ရွက်နိုင်ပါမည်လား' ဆိုသော အရေးကြီးသည့် မေးခွန်းကို ထပ်တလဲလဲ စဉ်းစားခဲ့ကြသည်။ အားလုံးကပင် 'ကုန်ကျစရိတ်များကို ချက်ချင်းလက်ငင်းနှင့် သိသိသာသာ လျှော့မချပါက လုံးဝမဖြစ်နိုင်' ဟု သဘောတူညီကြသည်။

တစ်ချိန်တွင် ဂျေအီးရစ်ဟမ်ဖရီသည် သူ့စားပွဲနောက်ဖက်ရှိ ကော်ဇောပေါ်တွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့တောင်းသမျှကို ပယ်ချလိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ထင်မြင်ယူဆချက်ကလေးများရှိရင် ပြောကြစမ်းပါ၊ ကျုပ်တို့ လုပ်ကဲခတ်တာ မှားလို့လား၊ ကျုပ်တို့ရဲ့ မဟာဗျူဟာကပဲ မှားလို့လား"

အိုဘာရိုင်ယင်က မြေသည်။

"ကျုပ်တို့ရဲ့ မဟာဗျူဟာ မမှားဘူးလို့ ယုံကြည်တယ်၊ ပြီးတော့လဲ ကိုယ်ရေးသမိုင်းတွေကို သေသေချာချာ လေ့လာပြီးမှ လုပ်ကြကိုင်ကြတာပါ"

ထိုအမေးအဖြေ၏ နောက်ကွယ်တွင် ကုမ္ပဏီအများစုက လုပ်လေ့ကိုင်လေ့ရှိသော လုပ်နည်းလုပ်ဟန်များ ရှိသည်။ သို့သော် ထိုကိစ္စကို အထူးတလည် လျှို့ဝှက်ထားသည်။

စုံစမ်းစိစစ်ရေး အဖွဲ့တစ်ဖွဲ့ကို ခန့်ထားလိုက်ပြီဆိုသည်နှင့် စုံစမ်းစစ်ဆေးခံရမည့် ကုမ္ပဏီက ထိုပုဂ္ဂိုလ်များ၏ ပျော်ကွက်၊ ဟာကွက်နှင့် စွဲလမ်းမှုတို့ကို စေ့စေ့စပ်စပ် လေ့လာကြတော့သည်။

ထို့နောက် ကုမ္ပဏီ၏ အဆင့်မြင့်ဝန်ထမ်းတစ်ဦးက ထိုပုဂ္ဂိုလ်များနှင့် ရင်းနှီးအောင် မိတ်ဆွေဖွဲ့ရန် ကြိုးပမ်းသည်။ ထိုကာလအတွင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်ကို ကုမ္ပဏီဝန်ထမ်းတစ်ဦး၏ အိမ်သို့ဖိတ်၍ ထမင်းကျွေးခြင်း၊ ဂေါက်သီးအတူတူကစားခြင်း၊ လက်မှတ်ဝယ်ရန် ခက်ခဲသော အားကစားပွဲများတွင် အတူတူကြည့်ခြင်း၊ တိတ်ဆိတ်အေးချမ်းသောနေရာတွင် ငါးအတူတူမျှားခြင်း စသည်တို့ကို လုပ်လေ့ရှိသည်။ ဧည့်ခံပြုစုရာတွင် သီးသီးသန့်သန့် ကြည်ကြည်သာသာနှင့် သိုသိုသိပ်သိပ်သာ ဧည့်ခံလေ့ရှိပြီး ထင်ထင်ပေါ်ပေါ် ထည်ထည်ဝါဝါ မဖြစ်စေရပါ။ အမှတ်မထင် ပြောကြဆိုကြရာ၌ ကုမ္ပဏီလုပ်ငန်းအကြောင်း စကားစပ်မိ၍ ပြောမိသည်မျိုးလည်း ရှိမည်။ သို့သော် မျက်နှာသာပေးရန် တိုက်ရိုက်ပြောဆိုလေ့မရှိ။ မသိမသာ လွှမ်းမိုးရန်သာ ဖြစ်သည်။ ဤနည်းဗျူဟာသည် အများအားဖြင့် အောင်မြင်လေ့ရှိသည်။ တစ်ခါတစ်ရံတွင်လည်း အလုပ်မဖြစ်တတ်ချေ။

ဟမ်ဖရီက သက်ပြင်းချသည်။

သူက ဘဏ္ဍာရေးတာဝန်ခံ ဒုဥက္ကဋ္ဌ ရှားလက်အန်ဒါဟင်းလ်ကို လှမ်းမြေသည်။

"ရှားလက်၊ ရှေ့လာမယ့်နှစ်အတွက် ဘဏ္ဍာရေးအနေအထားက ဘယ်လိုလဲ"

အရပ်ရှည်ရှည် ဆံပင်နက်နက်နှင့် အသက်လေးဆယ်ခန့် ရှိပြီဖြစ်သော မစ္စတာ အန်ဒါဟင်းလ်သည် သာမန်အားဖြင့် ဣန္ဒြေကြီးလှသူဖြစ်သော်လည်း ယနေ့တွင် ဣန္ဒြေမရ ဖြစ်နေသည်။ ဒါကိုလည်း နားလည်နိုင်လောက်ပါသည်။ စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ငွေရေးကြေးရေး ကိစ္စရပ်များကို ဆုံးဖြတ်ရမည်ဆိုပါက မညှာမတာ ချမှတ်မည့်



ဆုံးဖြတ်ချက်များသာ ဖြစ်လိမ့်မည်။ ထိုဆုံးဖြတ်ချက်များကို ရှားလက်ကသာ အကောင်အထည်ဖော်ရမည် ဖြစ်သည်။

"လုပ်နိုင်တဲ့နည်းလမ်းကတော့ သိပ်မများပါဘူး၊ ဒါပေမယ့် ကျွန်မ ထပ်ရှင်းပြပါ့မယ်"

တစ်နေ့လုံးလိုလို ဆက်ဆွေးနွေးကြသည်။ သို့သော် နောက်ဆုံးတွင် ရွေးချယ်စရာနည်းလမ်းနှစ်မျိုးသာရှိကြောင်း ထင်ရှားလာသည်။ ပထမနည်းလမ်းမှာ ဆောင်ရွက်ရန် စီစဉ်ထားသော ဆောက်လုပ်ရေးလုပ်ငန်းများကို ဖြတ်တောက်၍ အသုံးစရိတ်များကို လျှော့ချရန်နှင့် စားသုံးသူအသစ်များအား လျှော့၍လက်ခံရန်၊ ဒုတိယနည်းမှာ အစုရှယ်ယာရှင်များအား အမြတ်ငွေ ခွဲမပေးတော့ရန်ပင်တည်း။

ပထမနည်းကို စဉ်းစား၍ပင်မသင့်လျော်ဟု အားလုံးက သဘောတူကြသည်။ ဒုတိယနည်းကလည်း ထိခိုက်နစ်နာစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဂိုးလ်ဒင်းစတိတ်၏ အစုရှယ်ယာဈေးသည် တစ်ဟုန်ထိုး ထိုးကျသွားမည်ဖြစ်ပြီး ကုမ္ပဏီ၏နောင်ရေးကို မသေမချာ မရေမရာ ဖြစ်စေနိုင်သောကြောင့်ပင်။

ညနေပိုင်းတွင် ပင်ပန်းနွမ်းနယ်ပြီး စိတ်ပျက်လက်ပျက်ရှိနေပုံရသော ဂျေအီးနစ်ဟမ်ဖရီက ၎င်း၏ဆုံးဖြတ်ချက်ကို ကြေငြာလိုက်သည်။

"ယခုအချိန်ကစပြီး အကန့်အသတ်မရှိသော ကာလအထိ ကုမ္ပဏီရဲ့ ရိုးရိုးအစုရှယ်ယာတွေပေါ်မှာ အမြတ်ငွေထုတ်ပေးမှုကို ချက်ချင်းရပ်ဆိုင်းပစ်သင့်တယ်လို့ စီမံခန့်ခွဲရေးအဖွဲ့က ဘုတ်အဖွဲ့ကို အဆိုပြုတင်ပြမယ်"

သမိုင်းတွင်စေမည့် ဆုံးဖြတ်ချက်ပင်တည်း။

အခြားကုမ္ပဏီများနှင့် ပူးပေါင်း၍ ကုမ္ပဏီကြီးတစ်ခုတည်းဖြစ်အောင် စတင်ပေါင်းစပ် တည်ထောင်ခဲ့သော ဂိုးလ်ဒင်းစတိတ်သည် လွန်ခဲ့သည့် (၇၅) နှစ်တာ ကာလအတွင်း ငွေကြေးကိစ္စတွင် စိတ်ချရသော စံပြကော်ပိုရေးရှင်းကြီး ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ပေးရန်တာဝန်များနှင့် အစုရှယ်ယာပေါ်၌ အမြတ်ငွေ ခွဲဝေပေးရန် ပျက်ကွက်ခဲ့ခြင်းမရှိ။ ထို့ကြောင့် ငွေကြေးမြှုပ်နှံသူများနှင့် ပင်စင်စားများက ဂိုးလ်ဒင်းစတိတ် အစုရှယ်ယာများကို ယုံယုံကြည်ကြည်နှင့် ဝယ်ယူထားကြလေ့ရှိသည်။

ထို့ကြောင့် အမြတ်ငွေကို ခွဲဝေမပေးဟု ဆိုပါက (ထိုပုဂ္ဂိုလ်များအဖို့) ဝင်ငွေကျဆင်းသွားရုံသာမက ရှယ်ယာဈေးကွက် ကျဆင်းသွားသည့်အခါ ရင်းနှီးမြှုပ်နှံထားငွေများပါ လျော့နည်းဆုံးရှုံးကြရဦးမည်ဖြစ်သဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်နစ်နာကြမည် ဖြစ်သည်။

သာမန်ဘုတ်အဖွဲ့ ဒါရိုက်တာများ၏ အစည်းအဝေးကို လာမည့်တနင်္လာနေ့ နံနက် (၁၀) နာရီ၌ ကျင်းပရန် စီစဉ်ထားပြီး ဖြစ်သည်။ ဒါရိုက်တာများ၏ ဘဏ္ဍာရေး

www.burmeseclassic.com

www.burmeseclassic.com



ကော်မတီ အစည်းအဝေးကိုမူ နာရီဝက်စော၍ ကျင်းပမည်။ အဆိုပါ အစည်းအဝေးနှစ်ခုစလုံး၌ စီမံခန့်ခွဲရေးကော်မတီက တင်ပြသည့် အဆိုပြုချက်ကို လက်ခံလိမ့်မည်ဟု ကြိုတင်တွက်ဆထားပြီး အများပြည်သူသိအောင် ချက်ချင်း ကြေငြာချက်ထုတ်ပြန်မည် ဖြစ်သည်။ လောလောဆယ်တွင်မူ သတင်းပေါက်ကြားမှုများကြောင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို အစုလိုက်အပြုံလိုက် အရောင်းအဝယ် ပြုလုပ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်မှု ပြုလုပ်ရန် လိုအပ်လာသည်။

ရှားလက်အန်ဒါဟင်းလ်က ကျန်ပုဂ္ဂိုလ်များကို သတိပေးသည်။

"တရားဝင် ကြေငြာချက်မထုတ်မီ ဘယ်လိုရည်ရွယ်ထားတယ်ဆိုတာကို ဒီအခန်းအပြင်ဘက်မှာ လေသံတောင် မဟကြပါနဲ့၊ ပြီးတော့လည်း ဒီလေးယောက်ဟာ အတွင်းရေးကိစ္စကို သိထားသူတွေဖြစ်တဲ့အတွက် တနင်္လာနေ့မှာ ထုတ်ပြန်မယ့် ကြေငြာချက်မတိုင်မီ ကုမ္ပဏီရဲ့ ကိုယ်ပိုင်အစုရှယ်ယာတွေကို ရောင်းဝယ်မယ်ဆိုရင် ငွေစုလက်မှတ်လဲလှယ်ရေး ကော်မရှင်ဥပဒေအရ ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်မယ်ဆိုတာ ဘဏ္ဍာရေးတာဝန်ခံတစ်ဦးအနေနဲ့ အားလုံးကို သတိပေးပါရစေ"

နင်းမ်က ပြောလိုက်သည်။

"နှစ်ပတ်ကြာရင် နှစ်ပတ်လည်ညီလာခံ ကျင်းပတော့မယ်ဆိုတာ လူတိုင်းသတိရကြလိမ့်မယ်လို့ ကျုပ်ထင်တယ်၊ ကျုပ်တို့တွေဟာ အင်မတန် ဒေါပွနေတဲ့ အစုရှယ်ယာပိုင်ရှင်တွေနဲ့ ရင်ဆိုင်ကြရလိမ့်မယ်ထင်တယ်"

"ဒေါပွလိမ့်မယ် ဟုတ်လား"

ဗိုအာရိုင်ယင်က ညည်းညူလိုက်သည်။ သူက မီးသေသွားသော ဆေးပြင်းလိပ်ကို ပြန်မီးညှိရင်း ပြောလိုက်၏။

"အဲဒီလူတွေအားလုံး ပါးစပ်မှာ အမြှုပ်တစီစီ ထွက်နေကြမှာဗျ၊ ပြီးတော့လည်း အစည်းအဝေးကိုထိန်းဖို့ အမိကရုဏ်းနှိမ်နင်းရေးတပ်ကိုတောင် ခေါ်ထားဖို့လိုလိမ့်မယ်"

"ထိန်းဖို့ကတော့ ငါ့တာဝန်ပေါ့ကွာ"

ဂျေအီးရစ်ဟမ်ဖရီက ပြောလိုက်သည်။ နာရီပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ် ချယ်ယာမင်ကြီးက ပြုံးရယ်ရင်း ပြောလိုက်သည်။

"ဒါပေမယ့် ကျည်ကာအင်္ကျီဝတ်ထားရရင် ကောင်းမလားဆိုတာ ကျုပ် စဉ်းစားနေတာ"

□



နင်းမ်၏ ရုံးခန်းတံခါးပွင့်လာပြီး ဟယ်ရီလန်ဒန် အခန်းထဲသို့ ဝင်ရောက်လာသည်။ ဟယ်ရီလန်ဒန်သည် အလုပ်ကိစ္စနှင့်သော်လည်းကောင်း၊ အလုပ်ကိစ္စ မပါဘဲနှင့်သော်လည်းကောင်း သူ့ထံသို့ မကြာမကြာလာလည်တတ်သည်။ သို့သော် နင်းမ်အတွက် (စိတ်) အနှောင့်အယှက် မဖြစ်ပါ။ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးလာသည်ကိုပင် သဘောကျနေမိသည်။

လန်ဒန်က ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း-

"အမြတ်ငွေ ခွဲမပေးဘူးဆိုတဲ့ကိစ္စကို ခုလေးတင် ဖတ်လိုက်ရတယ်၊ အပြောင်းအလဲအနေနဲ့ သတင်းကောင်းလေးကို ကြားချင်မှာပဲဆိုပြီး ဝင်လာတာ"

ဒါရိုက်တာလူကြီးများ ပါဝင်သော ဘုတ်အဖွဲ့က ထိုကိစ္စကို အင်တင်တင်နှင့် သဘောတူလိုက်ပြီးနောက် အမြတ်ငွေ ခွဲဝေမပေးတော့ဟုဆိုသော ကြေငြာချက်သည် ယမန်နေ့ညနေပိုင်းနှင့် ယနေ့အဖို့ သတင်းထူးကြီးတစ်ခုပင်။ စီးပွားကုန်သွယ်လောက၌ အထူးတလည် အံ့အားသင့်ကုန်ကြပြီး အစုရှယ်ယာရှင်များ၏ ကန့်ကွက်ချက်များသည် တဖွဲဖွဲတသဲသဲ ရောက်ရှိနေလေပြီ။ နယူးရော့ခ်နှင့် ပီစီဖိတ် အစုရှယ်ယာဈေးကွက်များတွင် အလန့်တကြား ချရောင်းကြသဖြင့် လေးနာရီကြာအောင် အရောင်းအဝယ်ကို ရပ်ဆိုင်းထားခဲ့ရသည်။ အစုရှယ်ယာတန်ဖိုးမှာ ဆိုးဆိုးရွားရွား၊ တစ်ရှယ်ယာလျှင် ကိုးဒေါ်လာ ထိုးကျသွားရာ၊ ယခင်ကြေငြာထားသော တန်ဖိုးထက် သုံးပုံတစ်ပုံ ဈေးကျသွားခြင်းပင်။

နင်းမ်က မေးသည်။

"ဘာသတင်းကောင်းတွေလဲ"

"ဘရွတ်ဆိုက်ကကိစ္စကို မှတ်မိသေးရဲ့လား"

"မှတ်မိတာပေါ့"

"အခုလေးတင် တရားရုံးက အမှုလေးမှုကို ပြစ်ဒဏ်ချမှတ်လိုက်တယ်"

သူကိုယ်တိုင် လိုက်လံကြည့်ရှုခဲ့သော ကိစ္စများကို ပြန်စဉ်းစားကြည့်ရင်း မေးလိုက်၏။

"ဘယ်ဟာတွေလဲ"

"ကားရေဆေးတဲ့လုပ်ငန်းနဲ့ မာတ်ဆီဆိုင်တွဲထားတဲ့ အမှုက တစ်ခုပေါ့၊ ဒီလူက လွတ်ချင်လွတ်သွားမှာ၊ ဒါပေမယ့် သူ့ရှေ့နေက သူ့ကို တရားခွင်မှာ အစစ်ခံခိုင်းလိုက်တာ မှားသွားတယ်၊ ကျုပ်တို့က ပြန်လှန်မေးခွန်းထုတ်တဲ့အခါ၊ သူ့စကားနဲ့သူ လေးငါးခြောက်ကြိမ် ပြန်မိသွားလို့ပဲ၊ အဲဒီအမှုနဲ့ ကျန်သုံးမှုကို တရားရုံးက ဒဏ်ငွေငါးရာစီ တပ်လိုက်တယ်"

ဟယ်ရီလန်ဒန်က ထပ်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဆီမှာ တခြားသတင်းကောင်းတွေ ရှိပါသေးတယ်"

"ဘယ်လိုဟာမျိုးလဲ"

"အခုကိစ္စမှာ ဝါရင့်ပုဂ္ဂိုလ်တွေရဲ့ လက်ချက်ပဲလို့ ခင်ဗျားကို ကျုပ်ပြောဖူးတယ် မဟုတ်လား။ အဲ အခုတော့ ကျုပ်တို့ အခွင့်အရေးကောင်းတစ်ခု ရလိုက်ပြီ၊ ကျုပ်လက်ထောက် အတ်ရှိမီယိုဆီကို မြို့ထဲက ရုံးကြီးတစ်ရုံးမှာ မီတာနဲ့ ဓာတ်ငွေ့ခိုးထားတယ်လို့ လက်ထောက်ချုတဲ့ သတင်းရောက်လာတယ်၊ သွားစစ်တော့ ဟုတ်နေကြောင်း တွေ့ရတယ်၊ အဲဒီအချိန်ကစပြီး ကျုပ်ကိုယ်တိုင် အဲဒီကိုသွားပြီး အစောင့်တစ်ယောက်ကို သိမ်းသွင်းထားတယ်၊ အခုကိစ္စဟာ အကြီးကျယ်ဆုံးနဲ့ အသေသပ်ဆုံး ကိစ္စတစ်ခုပဲ၊ အဲဒီရုံးကြီးကိုပိုင်တဲ့ ကုမ္ပဏီက 'ဓာကို'ကုမ္ပဏီတဲ့၊ ဓာကိုပိုင် တခြားလူနေအိမ်ခန်းတွေ၊ ရုံးခန်းတွေ၊ စတိုးဆိုင်ကြီးတွေ ရှိသေးတယ်၊ ကျုပ်တွက်လိုက်တာကတော့ တစ်နေရာမှာ လုပ်တယ်ဆိုရင် ကျန်တဲ့နေရာတွေမှာလည်း လုပ်ဖို့ကြိုးစားလိမ့်မယ်၊ လုပ်ပြီးပြီလို့တောင် ထင်တယ်၊ အဲဒါကို အတ်ရှိမီယိုက လိုက်စုံစမ်းနေတာ၊ သူ့ကို တခြားကိစ္စတွေ ဘာမှ မလုပ်ခိုင်းတော့ဘူး"

နင်းမ်က ဟယ်ရီလန်ဒန်၏စကားကို လက်ခံလိုက်သည်။

"ကောင်းပါပြီ၊ ကြားရတာကတော့ အားရှိစရာပါပဲ၊ ဒါပေမယ့် အချက်နှစ်ချက်တော့ မှတ်ထားစမ်းပါ။ တစ်ကတော့ ခင်ဗျားလူ ရှိမီယိုကို သတိထားပြီး လုပ်ဖို့ကိုင်ဖို့ ပြောထားပါ။ အခုကိစ္စဟာ ခင်ဗျားပြောသလောက် ကြီးမားတယ်ဆိုရင် အန္တရာယ်လဲ ရှိနိုင်တယ်၊ နောက်တစ်ချက်ကတော့ ကျုပ်ကို ဘာပဲဖြစ်ဖြစ် အသိပေးစေချင်တယ်"

ဟယ်ရီလန်ဒန်က အားရပါးရပြုံးရင်း-

"ဟုတ်ကဲ့ပါ ဆရာ" ဟု ဆိုလိုက်သည်။

ဟယ်ရီလန်ဒန်က နဖူးပေါ် လက်တင်၍ အလေးမပြုမိအောင် ပင်ပင်ပန်းပန်း ကြိုးစားလိုက်ရသည်ဟု နင်းမ်စိတ်ထဲက ထင်လိုက်မိလေသည်။

□ □ □

## အခန်း (၁၁)

အစဉ်အလာအရ ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အစည်းအဝေးသည် ကြန္ဒြေရရနှင့် ဖျင်းစရာပင်ကောင်းသော အစည်းအဝေးဖြစ်သည်။ အစုရှယ်ယာရှင်ပေါင်း (၅၄၀,၀၀၀) ကျော်အနက် သာမန်အားဖြင့် လူနှစ်ရာလောက်သာ လာလေ့ရှိကြပြီး အများစုက မသိကျိုးကျွန်ပြုကြသည်။

ယခုနှစ်တွင်မူ ထိုကဲ့သို့ မဟုတ်တော့ပါ။

အစည်းအဝေးကျင်းပရန် နှစ်နာရီအလို၊ နေ့လည် (၁၂) နာရီတိတိတွင် အစုရှယ်ယာရှင်အချို့သည် အထောက်အထားများကိုပြ၍ လူနှစ်ထောင်ခန့်အတွက် နေရာထိုင်ခင်း စီစဉ်ထားသော အစည်းအဝေး ကျင်းပမည့်နေရာ ဗိန္ဒ်ချားလ်စ်ဟိုတယ် ကပွဲခန်းမဆောင်ထဲသို့ နည်းနည်းချင်း စတင်ရောက်ရှိလာလေပြီ။ (၁၂) နာရီ (၁၅) မိနစ်တွင် နည်းနည်းချင်းမှ တစ်သီတစ်တန်းကြီးအဖြစ်သို့ ရောက်ရှိလာပြီး (၁၂း၃၀) နာရီတွင် ဒီရေလှိုင်းလုံးကြီးပမာ ဖြစ်လာသည်။

ရောက်ရှိလာသူများတွင် တစ်ဝက်ကျော်ကျော်မှာ လူကြီးပိုင်းမှဖြစ်ပြီး အချို့မှာ လက်ကိုင်တုတ်ကို အားပြု၍လည်းကောင်း၊ အချို့မှာ ချိုင်းထောက်အကူအညီဖြင့်လည်းကောင်း၊ လေးငါးခြောက်ယောက်မှာ ဘီးတပ်ကုလားထိုင်များနှင့်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဖြစ်ကြသည်။

ရောက်ရှိလာသူအများစု၏ စိတ်နေစိတ်ထားမှာ ထင်ရှားပေါ်လွင်လှသည်။ အလိုမကျခြင်းမှ ဒေါပွခြင်းအထိ အမျိုးစုံပင်တည်း။

တစ်နာရီအလို၊ နေ့လည် (၁) နာရီတွင် ခုံနေရာပေါင်း နှစ်ထောင်၌ လူပြည့်သွားပြီး ရပ်စရာနေရာသာ ကျန်တော့သည်။ နောက်ထပ် ရောက်လာကြသော လူစုကလည်း ထူထပ်များပြားဆဲပင်။

ခန်းမဆောင်၏ ရှေ့နားတွင်ရှိသော သတင်းစာဆရာများအတွက် စားပွဲတွင် အချို့တစ်ဝက်သာ နေရာယူကြသေးသည်။ သတင်းထောက်နှစ်ယောက်ကမူ လူအများစိတ်ဝင်စားစေမည့် သတင်းများကို လူကြားထဲတွင် လိုက်လံရှာဖွေနေကြသည်။

ခန်းမဆောင်ထဲသို့ ရုပ်သေဓာတ်ပုံဆရာများကိုသာ ဝင်ခွင့်ပြုသည်။ ရုပ်မြင်သံကြား အဖွဲ့နှစ်ဖွဲ့မှာ ဟိုတယ်ဧည့်ခန်းထဲ၌သာ ရှိနေကြသည်။

(၁၂း၃၀) ကျော်သောအခါ ယခုစီစဉ်ထားသော နေရာထိုင်ခင်းများသည် မလုံမလောက်ဖြစ်တော့မည်မှာ သေချာထင်ရှားသဖြင့် ဗန်ဘူရင်က ပထမဦးဆုံး ကြိုတင်သတိပေးသည်။ ဂိုးလ်ဒင်းစတိတ်မှ ဝန်ထမ်းများနှင့် ဟိုတယ်ဝန်ထမ်းများ တက်သုတ်ရိုက်၍ ဆွေးနွေးကြပြီးနောက်၊ ကပွဲခန်းမဆောင်၏ တစ်ဝက်ခန့်ကျယ်ဝန်းပြီး ပိုလျှံလာသော လူ (၁,၅၀၀) ခန့်ကို နေရာထိုင်ခင်းပေးနိုင်မည့် အခြားအခန်းတစ်ခန်းကို ဖွင့်လှစ်ပေးရန် စီစဉ်လိုက်သည်။

စည်းဝေးပွဲကျင်းပရန် မိနစ် (၂၀) အလို၊ (၁၃း၄၀) နာရီတွင် ဒုတိယခန်းမဆောင်၌ ရပ်စရာနေရာသာ ကျန်တော့ပြီး လူသစ်များ ဆက်လက်ရောက်ရှိနေဆဲပင်။

"ကျုပ်တော့ သောက်ရမ်းစိုးရိမ်နေပြီဗျို့"

ဟယ်ရီလန်ဒန်က နင်းမ်အား ဖွင့်ဟဝန်ခံလိုက်ခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်သည် ကပွဲခန်းမဆောင်နှင့် ပြည့်လျှံနေသော ဒုတိယခန်းမဆောင်အကြား အလယ်ခေါင်လောက်၌ ရှိနေကြသည်ဖြစ်ရာ နှစ်ခန်းစလုံးမှ အသံများကြောင့် တစ်ယောက်စကားကို တစ်ယောက်ကြားရန်မင် ခဲယဉ်းနေသည်။

ဟယ်ရီလန်ဒန်က ထပ်ပြောသည်။

"ကျုပ်ကတော့ စိုးရိမ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစည်းအဝေးမပြီးခင် ရှုတ်ရှက်ခတ်သဲသဲ ဖြစ်လိမ့်မယ်လို့ ကျုပ်ထင်တယ်၊ ခင်ဗျား အပြင်ဘက် ရောက်ပြီးပြီလား"

နင်းမ်က ခေါင်းခါသည်။ သူတို့နှစ်ယောက်သည် ဟိုတယ်အပြင် ဧည့်ခန်းနှင့် သမ်းဘက်ဆီသို့ ဦးတည်လိုက်ကြ၏။ နှစ်ယောက်စလုံး ဘေးတံခါးပေါက်တစ်ခုမှ ထွက်လာပြီး ဟိုတယ်ဘေးမှကွေ့၍ ရှေ့ဘက်သို့ လျှောက်လာကြသည်။ ဟိုတယ်ရှေ့ မျက်နှာစာရှိ အငှားကားများ၊ ကိုယ်ပိုင်ကားများနှင့် ဘတ်စကားများရပ်ရန်နေရာတွင် ဆိုင်းဘုတ်



ယ်များကို ကိုင်ထားသော အော်ဟစ်ပြီး ဆန္ဒပြနေသည့် လူသုံးလေးရာခန့် ရှိနေသည်။

အစည်းအဝေးခန်းထဲသို့ ဝင်ခွင့်မရသော ရုပ်မြင်သံကြားအဖွဲ့များသည် အပြင်သို့ထွက်လာပြီး ရုပ်ရှင်ရိုက်နေကြသည်။

ထောင်ထားသော ဆိုင်းဘုတ်ငယ်အချို့မှာ-

*'လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အဖွဲ့ကို ထောက်ခံကြ'*

*'ဓာတ်အား၊ ဓာတ်ငွေ့၊ မီတာခလျှော့ဖို့ လူထုက တောင်းဆိုသည်'*

*'အရင်းရှင် ဘီလူးသဘက် ဂိုးလ်ဒင်းစတိတ်ကို သုတ်သင်ကြ'*

*'ဂိုးလ်ဒင်းစတိတ်ကို ပြည်သူပိုင်သိမ်းဖို့ တိုက်တွန်းသည်'*

*'အမြတ်အစွန်းထက် လုပ်သားပြည်သူများကို ဦးစားပေးကြ'*

ဆက်လက်ရောက်ရှိလာနေကြသော ရှယ်ယာပိုင်ရှင်များသည် ဆိုင်းဘုတ်များကို စိတ်ဆိုးမာန်ဆိုး ဖတ်နေကြသည်။ ခပ်ရှိုးရှိုး ဝတ်ဆင်ထားသော ထိပ်ခပ်ပြောင်ပြောင်နှင့် နားကျပ်တပ်ထားရသူ ခပ်ပိန်ပိန်ပုဂ္ဂိုလ်တစ်ဦးက ခဏရပ်ရင်း ဆန္ဒပြသူများအား စိတ်ဆိုးမာန်ဆိုးနှင့် အော်ပြောသည်။

"ကျုပ်လဲ ခင်ဗျားတို့လို လုပ်သားပြည်သူတစ်ဦးပါပဲ၊ ကျုပ်က တစ်သက်လုံး ကုန်းလုပ်ပြီး ရှယ်ယာနည်းနည်းကလေးကို ဝယ်ခဲ့မိတာဗျ"

ဆန္ဒပြသူတစ်ဦးက ပြန်အော်သည်။

"သွားစမ်းပါ၊ လောဘကြီးတဲ့ ခနရှင်ကြီးရယ်"

ကျန်ဆန္ဒပြသူများကလည်း . . .

"အမြတ်ကြီးစားတွေကို တိုက်ဖျက်ကြ"

"အမြတ်ကြီးစားတွေ"

"သွေးစုပ်နေတဲ့ အရင်းရှင်တွေ"

ဟု အော်ကြသည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးက နားကျပ်နှင့်ပုဂ္ဂိုလ်ကို ဟိုတယ်အတွင်းဘက်သို့ လိုက်ပို့သည်။

ဟယ်ရီလန်ဒန်က ခပ်တိုးတိုး မှတ်ချက်ချသည်။

"ခင်ဗျားမိတ်ဆွေကြီး ဘဒ်ဆောင်းကို တွေ့နေရပါကလား၊ သူက ဒီကိစ္စမှာ သာပြီး ကြိုးကိုင်နေတာ ထင်ပါရဲ့"

နင်းမ်က ဖြေသည်။

"ကျုပ်မိတ်ဆွေ မဟုတ်ရပါဘူးဗျာ၊ ဒါပေမယ့် မြင်ပါတယ်"

ခပ်ဖိုင့်ဖိုင့် မုတ်ဆိတ်မွေး တဖားဖားနှင့် ဒေဗီဘဒ်ဆောင်းကို ထုံးစံအတိုင်း ပြုံးတုံးတုံးနှင့် ဆန္ဒပြသူများ၏ နောက်ဖက်တွင် တွေ့မြင်နေရသည်။ သူတို့နှစ်ယောက်

www.burmeseclassic.com



ကြည့်နေကြစဉ် ဘဒ်ဆောင်းသည် ဝေါ်ကီတော်ကီတစ်ခုကို သူ့ပါးစပ်နားသို့ ကပ်လိုက်သည်။

လန်ဒန်က. . .

"ဒီလူ အတွင်းဘက်က လူတစ်ယောက်ယောက်နဲ့ စကားပြောနေတာထင်တယ်၊ သူ ဝင်လိုက်ထွက်လိုက်လုပ်တာ နှစ်ခါရှိပြီ၊ သူ့နာမည်နဲ့ အစုရှယ်ယာ တစ်ရှယ်ယာဝယ်ထားတယ်၊ ကျုပ်က စာရင်းကို စစ်ကြည့်ပြီးပြီ"

နှင်းမိက ဖြေသည်။

"တစ်ရှယ်ယာဆိုရင် လုံလောက်ပါတယ်၊ ဒါဆိုရင် လူတိုင်း နှစ်ပတ်လည်အစည်းအဝေးကို တက်ခွင့်ရှိပါတယ်"

"ကျုပ်သိပါတယ်၊ သူ့လူတစ်ချို့မှာလည်း အဲဒီအတိုင်း ရှိကြမှာပါပဲ၊ ဒီလူတွေ တစ်ခုခုကြံစည်နေတယ်လို့ ကျုပ်ထင်တယ်"

နှင်းမိနှင့် လန်ဒန်သည် ဟိုတယ်အတွင်းဘက်သို့ မည်သူမျှ မရိပ်မိဘဲ ပြန်ဝင်လာကြသည်။ အပြင်ဘက်တွင်မူ ဆန္ဒပြသူများက အံ့ရင်ကထက် ပိုဆူလာသည်ဟု ထင်ရသည်။

□

ကပွဲဆောင်စင်မြင့်၏ နောက်ဘက်စင်္ကြံလမ်းဘေး၌ရှိသော သီးသန့်စည်းဝေးခန်းငယ်ကလေးထဲတွင် ဂျေအီးရစ်ဟမ်ဖရီသည် မကြာခင် သူပြောရမည့်မိန့်ခွန်းကို ပြန်လည်စစ်ဆေးနေဆဲပင်။ လွန်ခဲ့သည့် သုံးရက်ကစ၍ စာကြမ်းကို အကြိမ်ပေါင်းတစ်ဒါဇင်ခန့် လက်နှိပ်စက်နှင့် ရိုက်လိုက်ပြင်လိုက်နှင့်။ နောက်ဆုံးမူကြမ်းကို လွန်ခဲ့သည့် တစ်နာရီကမှ ရိုက်ခဲ့သည်။

ချယ်ယာမင် ဂျေအီးရစ်ဟမ်ဖရီ၏ အာရုံစူးစိုက်မှုကို လေးစားသောအားဖြင့် အခြားရှိနေကြသော ရှားလက်အန်ဒါဟင်းလ်၊ အော်စကာအိုဘရိုင်ယင်၊ ရေးပေါလ်ဆင်၊ စတီးဝပ်အိုင်နီနှင့် ဒါရိုက်တာလူကြီး ခြောက်ယောက်ခန့်သည် ငြိမ်နေကြသည်။

တံခါးပွင့်လာပြီး နှင်းမိဝင်လာသည်နှင့် တစ်ပြိုင်နက် အားလုံးက လှမ်းကြည့်ကြသည်။

"အပြင်ဘက်မှာတော့ ဒေါသူပုန်ထ,နေတဲ့ လူအုပ်ကြီးဖြစ်နေပြီ"

နှင်းမိက သူမြင်ခဲ့ရသည့် အနေအထားကို ခပ်တိုတိုရှင်းပြလိုက်၏။

ဂျေအီးရစ်ဟမ်ဖရီက ပြောလိုက်သည်။

"အပြင်ဘက်မှာရှိတဲ့ လူတွေဟာ သူတို့ရဲ့ အမြတ်ဝေစုအတွက် ကျုပ်တို့ကို



စိတ်ဆိုးထိုက်ပါတယ်၊ ကျုပ်ဆိုရင်လည်း ဒေါပွမှာပါပဲ၊ သူတို့ပိုက်ဆံတွေကို စိတ်ချရတယ်လို့ ထင်တဲ့နေရာမှာထားပြီး ရုတ်တရက်ကြီး စိတ်မချရတဲ့ကိစ္စမျိုး ဖြစ်လာတော့ သူတို့ကို ဘယ်လိုရှင်းပြောပြလို့ ရမှာလဲ"

ရှားလက်အန်ဒါဟင်းလ်သည် စိတ်လှုပ်ရှားမှုကြောင့် မျက်နှာနီရဲလာသည်။

"သူတို့ကို အမှန်အတိုင်း ဖွင့်ပြောပြဖို့ ကြိုးစားသင့်တာပေါ့၊ ဒီနိုင်ငံမှာ ငြိုးငြိုးငြှဲ့ ခြွေခြွေတာတာနဲ့ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်တဲ့ လူတွေအဖို့ ပိုက်ဆံတန်ဖိုးမကျဘဲ အပ်နှံထားနိုင်တဲ့နေရာ ဘယ်မှာမှမရှိဘူးဆိုတဲ့အကြောင်း အမှန်အတိုင်း ပြောပြပေါ့၊ ဘဏ်မတို့လို ကုမ္ပဏီမျိုးတွေမှာလည်း ထားလို့မရနိုင်တော့ဘူး။ ငွေစုဘဏ်တွေ ငွေစုလက်မှတ်တွေဆိုရင်လည်း အတိုးရတာက အစိုးရကြောင့်ဖြစ်ရတဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို မမီတဲ့အတွက် သာတောင်မနိပ်သေးတယ်၊ ဝါရှင်တန်မှာရှိတဲ့ တတ်ယောင်ကားတွေ သူညစ်တွေက ဒေါ်လာကို တန်ဖိုးမဲ့အောင် စ,လုပ်တဲ့အချိန်ကစ,တာ၊ မှုလည်း ဆက်ပြီး တန်ဖိုးကျအောင် လုပ်ကြတုန်းပဲ"

ချယ်ယာမင်ကြီးက အသံခြောက်ကပ်ကပ်နှင့် ပြောလိုက်၏။

"ရှားလက်၊ မင်း ငါ့အစား မိန့်ခွန်းပြောသင့်တယ်လို့ ငါထင်တယ်"

ပြီးမှ သူက စဉ်းစဉ်းစားစားနှင့် ထပ်ပြောပြန်သည်။

"မင်းပြောသမျှအားလုံး [illegible]ပါတယ်ကွာ၊ ကံဆိုးချင်တော့ လပ်သားပြည်သူအများစုဟာ ခုအချိန်အထိ အမှန်တရားကို နားထောင်ပြီး လက်ခံတဲ့အဆင့်ကို မရောက်ကြသေးဘူး"

နှင်းမိက နာရီကို ကြည့်နေသည်။ သူက တံခါးရှိရာသို့ သွားပြီးဖွင့်လိုက်၏။

"တစ်မိနစ်ပဲလိုတော့တယ်၊ သွားဖို့အချိန်တန်ပြီ"

အီးရစ်ဟမ်ဖရီသည် ရှေ့မှဦးဆောင်၍ ထွက်ခွာရင်း ပြောလိုက်သည်။

"ခြင်္သေ့စာ အကျွေးခံရမယ့် ခရစ်ယာန်တွေရဲ့စိတ်ထဲမှာ ဘယ်လိုခံစားရမလဲဆိုတာ ကျုပ်အခုသိပြီ"

□

အုပ်ချုပ်မှုအဖွဲ့၏ ကိုယ်စားလှယ်များသည် စင်မြင့်ပေါ်သို့ တန်းစီ၍တက်လာကြသည်။ ချယ်ယာမင်က စကားပြောရန်နေရာမှ ခုံကလေးဆီသို့ တန်းသွားပြီး ကျန်လူများက သူ့ညာဘက်ရှိ ကုလားထိုင်များတွင် နေရာယူကြသည်။ သူတို့နေရာယူပြီးသည့် အခန်းတွင်း၌ ခေတ္တမျှငြိမ်ကျသွားသည်။ ထို့နောက် ရှေ့ပိုင်းနားဆီမှ ဖွဲ့. . . ဖွဲ့. . . သောအော်သံများ တကွဲတပြားစီ ပေါ်ထွက်လာ၏။ ချက်ချင်းဆိုသလိုပင် အော်သံ

www.burmeseclassic.com

www.burmeseclassic.com



ဟာစ်သံများသည် တစ်ခန်းလုံးကို ပြည့်သွားစေသည်။ စကားပြောစင်မြင့်ပေါ်မှ ဂျေအီး ရစ်ဟမ်ဖရီသည် အသံဗလံများ ငြိမ်ကျသွားအောင် ရပ်စောင့်နေပြီး အနည်းငယ် လျော့ကျသွားသည်နှင့် တစ်ပြိုင်နက် စ,ပြောလိုက်၏။ "ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ အမျိုးသားများခင်ဗျား။ ကျုပ်တို့ရဲ့ကုမ္ပဏီအကြောင်း အဖွင့်စကားကို ခပ်တိုတိုပဲပြောပါ့မယ်"

သူ့နောက်ထပ် ပြောသောစကားများသည် အော်သံဟာစ်သံများအကြား၌ ပျောက်တွယ်သွားသည်။ အော်ကြဟစ်ကြသည့်အထဲတွင်-

"ခင်ဗျားပြောတာ သောက်ရမ်းမှန်တယ်" "အခုမေးခွန်းတွေ စ,ဖြေပေတော့"

"အမြတ်ဝေစုအကြောင်း ပြောပါဗျို့"

ဆိုသည့်အသံများ ပါလာသည်။

နည်းနည်းငြိမ်သွားပြန်သောအခါ ဟမ်ဖရီက-

"ကျုပ်က အမြတ်ဝေစုအကြောင်းပြောဖို့ ရည်ရွယ်ပြီးသားပါ။ ဒါပေမယ့် အရင်ရှင်းပြရမယ့် ကိစ္စလေးတွေရှိနေ. . ."

အမျိုးသမီးတစ်ဦးက မတ်တတ်ရပ်ပြီး အော်လိုက်သည်။

"ရှင်တို့အားလုံး ရာထူးက နှုတ်ထွက်ပေးသင့်တယ်၊ နှစ်ပတ်လည်အစည်းအဝေးတစ်ခုကိုတောင် ဖြစ်ဖြစ်မြောက်မြောက် စီစဉ်ပေးနိုင်တာ မဟုတ်ဘူး"

အခြားအသံများကလည်း သံယောင်လိုက်ကြသည်။

"ဟုတ်တယ်၊ နှုတ်ထွက်ကြ၊ နှုတ်ထွက်ကြ"

အီးရစ်ဟမ်ဖရီသည် နှုတ်ခမ်းကို တင်းတင်းစေ့လိုက်၏။ ခဏတော့ ကယောင်ချောက်ချား ဖြစ်သွားပုံရသည်။ ပြီးမှ ကြိုးစား၍ထိန်းရင်း ထပ်ပြောပြန်သည်။

"ဒီကနေ့ အစည်းအဝေးကို လာကြတဲ့လူတွေဟာ ခင်ဗျားတို့သိကြတဲ့အတိုင်း ထုံးစံနဲ့မတူပါဘူး"

နောက်အသံတစ်သံက ထပ်အော်သည်။

"ကျုပ်တို့ရဲ့ အမြတ်ဝေစုကို ဖြတ်ပစ်တာကလည်း ထုံးစံမဟုတ်ပါဘူး"

"အမြတ်ဝေစုကိုမပေးဘဲ ချန်ထားတယ်ဆိုတဲ့ကိစ္စကို မလွှဲမရှောင်သာလွန်းလို့. . ."

ထိုအသံက ထပ်အော်သည်။

"ခင်ဗျားတို့ မတန်တဆယူထားတဲ့ လစာကိုကော လျှော့ယူဖို့လုပ်ကြလို့လား"

ဤတွင် ကိစ္စမျိုးစုံ တစ်ပြိုင်နက်တည်းလိုလို စတင်ဖြစ်ပွားတော့သည်။

လက်မှန်းတည့်လှသော ခရမ်းချဉ်သီး ခပ်ကြီးကြီး ခပ်ပျော့ပျော့တစ်လုံးသည် ဟမ်ဖရီ၏မျက်နှာကို လာရောက်ထိမှန်လေရာ၊ ပေါက်ကွဲပြီးနောက် မျက်နှာပေါ်တွင်



ဆာမကာ ဝတ်စုံနှင့် ရှပ်အကျီအရှေ့ပိုင်းဆီသို့ စီးကျကုန်သည်။

အချက်ပေးလိုက်သည့်အလား ခရမ်းချဉ်သီးများနှင့် ကြက်ဥများသည် စင်မြင့်ပေါ်နှင့် ဟမ်ဖရီရှေ့ စကားပြောစင်ဆီသို့ လာမှန်ကြသည်။ ကပွဲခန်းမဆောင်အတွင်း၌ ရှိသူအတော်ခပ်များများ မတ်တတ်ထရပ်ကြသည်။ တချို့က ရယ်နေသော်လည်း တချို့ကမူ ပေါက်သူများကို မကျေမနပ်နှင့် လှည့်ရှာနေကြသည်။ တစ်ချိန်တည်းမှာပင် ဆူပူထကြွမှုအသစ်တစ်မျိုးကို အပြင်ဘက်ဆီမှ ထပ်ကြားကြရပြန်၏။

နင်းမ်သည် ယခုအချိန်တွင် ခန်းမဆောင်အလယ်၌ရှိနေပြီး ပစ်ခတ်သူများကို လိုက်လံရှာဖွေနေသည်။ ချက်ခြင်းဆိုသလိုပင် ဝေါလီတော်ကီကို (ကိုင်၍) ပြောနေသော ဒေဗီဘဒ်ဆောင်းကို သူမြင်လိုက်သည်။ သူ့အမိန့်ပေးနေခြင်းဖြစ်သည်ဟု နင်းမ်က တွေးမိသည်။

နင်းမ်သည် နန်စီမိုလီနေ့နှင့် ဖြူနီးကနဲ မျက်နှာချင်းဆိုင် တွေ့လိုက်ရသည်တွင် နင်းမ်၏ခြေသမှာ အုံကြွပြီး ပေါ်ထွက်လာသည်။

"မင်းကုတို့အကြောင်း ထုံးစံအတိုင်း ချိုးချိုးဖွဲ့ဖွဲ့ ရေးချင်တဲ့လူဆိုတော့ အခုကိစ္စကို မင်းက သိပ်အရသာတွေ့နေမှာပေါ့လေ"

"ကျွန်မက အချက်အလက် တိကျအောင်သာ ကြိုးစားလေ့ရှိပါတယ်၊ မစ္စတာနင်းမ်။ ကျွန်မက လိုအပ်တယ်လို့ ထင်တဲ့အခါမှာ စုံစမ်းထောက်လှမ်းပြီး သတင်းရေးလေ့ ရှိပါတယ်"

နင်းမ်သည် ဒေဗီဘဒ်ဆောင်းရှိရာဆီသို့ စိတ်လိုက်မာန်ပါ လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

"သူ့ကိုတော့ ဘာဖြစ်လို့ မစုံစမ်း မထောက်လှမ်းသလဲ"

"ဘာဖြစ်လို့ ကျွန်မက စုံစမ်းသင့်တယ်ဆိုတဲ့အကြောင်း ခိုင်ခိုင်လုံလုံ အချက်တစ်ချက်ပြောလေ"

"ဒီလူက ဒီမှာ မငြိမ်မသက်ဖြစ်အောင်လာ လုပ်နေတယ်လို့ ကျုပ်ထင်တယ်"

"သူလုပ်နေတာပါလို့ ရှင် တိတိကျကျ သိသလား"

နင်းမ်က ဝန်ခံသည်။

"မသိဘူး"

"ဒါဆိုရင် ရှင့်ကို ကျွန်မ တစ်ခုပြောမယ်၊ သူ့ကူညီစောင်မမှု ပါသည်ဖြစ်စေ ပါသည်ဖြစ်စေ၊ ဒီကနေ့ ဆူပူမှုဖြစ်ရတဲ့ကိစ္စဟာ လူပေါင်းများစွာက ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီကို မကျေနပ်ကြလို့ပဲ"

နန်စီသည် နင်းမ်အား အထင်သေးသောအကြည့်နှင့် တစ်ချက်ကြည့်ပြီးနောက် ရှောင်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အပြင်ဘက်မှ အသံဗလံများသည် ပို၍ဆူညံလာပြီး လူသစ်တစ်သိုက်က ကပွဲခမ်းမဆောင်ထဲသို့ အတင်းတိုးဝှေ့ပြီး ဝင်လာကြသည်။ သူတို့နောက်တွင် ဆိုင်းဘုတ်ငယ်များကို ကိုင်လာကြသူများ ကပ်ပါလာ၏။

ရှုတ်ရှုတ်သဲသဲ ဆက်လက်ဖြစ်ပွားနေစဉ်. . .

"ဒီအစည်းအဝေးကို ရပ်နားလိုက်တယ်၊ နောက် နာရီဝက်တိတိအကြာမှာ ပြန်လည်ကျင်းပပါမယ်" ဆိုသော အီးရစ်ဟမ်ဖရီ၏အသံကို တစ်ချို့တစ်ဝက်ကသာ ကြားလိုက်ရသည်။

□

နင်းမ်သည် ကာရင်ဆလုံး၏နေအိမ်သို့ အလည်အပတ် ရောက်ရှိခဲ့ပြီးနောက်၊ တယ်လီဖုံးနှင့် နှစ်ကြိမ် အဆက်အသွယ်ရခဲ့သည်။ နောက်တစ်ကြိမ် လာရောက်လည်ပတ်ရန် ကတိပြုခဲ့သော်လည်း အလုပ်ရှုပ်နေသောကြောင့် ယခုမှပင် လာဖြစ်တော့သည်။ ကာရင်ဆလုံးက နင်းမ်အား ကြည်လင်ရွှင်လန်းသော အပြုံးပန်းကလေးနှင့် ဆီးကြိုသည်။ ထို့နောက် စာနာသော လေသံကလေးနှင့် ပြောလိုက်သည်။

"ဒီတစ်ပတ်မှာတော့ ရှင် တော်တော်ကလေး အလုပ်ရှုပ်နေမယ်ဆိုတာ ကျွန်မသိတယ်၊ ရှင့်ကုမ္ပဏီရဲ့ နှစ်ပတ်လည် အစည်းအဝေးအကြောင်း သတင်းစာထဲမှာ ဖတ်လိုက်ရပြီး တစ်ချို့တစ်ဝက်ကိုတော့ ရုပ်မြင်သံကြားက ကြည့်လိုက်ရတယ်"

နင်းမ်က အလိုအလျောက် မဲ့ပြုံးပြုံးမိသည်။ အစည်းအဝေးကို အတင်းအဓမ္မ နာရီဝက် ရပ်နားလိုက်ပြီးနောက်၊ ငါးနာရီကြာအောင် ကျင်းပသော နောက်ပိုင်းအစည်းအဝေး၌ မေးကြသည့် မေးခွန်းများ၊ ဆွေးနွေးချက်များအပြင်၊ ဆုံးဖြတ်ချက်များကို မခွဲဆုံးဖြတ်ခြင်းစသည့် ကိစ္စရပ်များကို ရုပ်မြင်သံကြားက လုံးဝလျစ်လျူရှုထားပြီး အစိကရုဏ်းရှုထောင့်ကိုသာ အသားပေးထား၍ ဖြစ်သည်။

ခေတ္တရပ်နားထားသော နာရီဝက်အတွင်း ငြိမ်ငြိမ်သက်သက်ဖြစ်အောင် ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပြီး၊ မာရသွန် အစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့သည်။ နောက်နေ့တွင် အစည်းအဝေးကြီးအကြောင်း အပြည့်စုံဆုံးနှင့် မျှမျှတတဖြစ်အောင် ရေးသားထားသော နန်စီမိုလီနော့၏ ဆောင်းပါးသည် ကယ်လီဖိုးနီးယား အိပ်ဇင်းမနားသတင်းစာ၌ ပါရှိလာသဖြင့် နင်းမ်တစ်ယောက် တအံ့တဩဖြစ်ခဲ့ရသည်။

နင်းမ်က ကာရင်အား ပြောလိုက်သည်။

"မင်း စိတ်မဆိုးဘူးဆိုရင် ကိုယ်တို့ရဲ့ ရှုတ်ရှုတ်ခဲခဲ နှစ်ပတ်လည်ပွဲအကြောင်း ကိုယ့်ဦးနှောက်ထဲက ခဏလောက် မေ့ထားချင်တယ်"



"ပျောက်စေသတည်း နင်းမ်ရေ့၊ ဘာနှစ်ပတ်လည် အစည်းအဝေးလဲ၊ ကျွန်မ ရှင့် တစ်ခါမှမကြားဘူးပေါ်"

သူ ဒီကနေ့ ဒီနေရာသို့ရောက်လာသည်မှာ ရှုပ်ထွေးပွေလီလှသော ကိုးလ်ဒင်းတိတ် ဝဲဩဃထဲမှ ခဏလေးပင်ဖြစ်ဖြစ် တခြားသို့ ထွက်သွားလိုစိတ် ဖြစ်လာသောကြောင့်ပင်တည်း။ တစ်ဖန် သူ့အနေနှင့် ကာရင်ဆလုံးကို အလွန်အမင်း တွေ့ချင်စိတ် ပြင်းပြင်းပြပြ ရှိနေသောကြောင့်ပင်။ ယခု ကာရင်၏ ထူးခြားသောအလှနှင့် ညို့ဓာတ်တို့က (ထိုဆန္ဒကို) ပို၍ခိုင်မာစေသည်။

၎င်းတို့ စကားပြောနေစဉ် ဘေးချင်းကပ်အခန်းထဲမှ ပန်းကန်ခွက်ယောက်သံများကို ကြားနေရသည်။ ဒီကနေ့မနက် နင်းမ် တယ်လီဖုန်းလှမ်းဆက်စဉ်က နေ့လယ်စာစားရန် နင်းမ်ကို ကာရင်က ဖိတ်ခေါ်ခဲ့သည်။ ယခု ကာရင်၏အငါးတော် ဂျိုစီက နေ့လည်စာ ပြင်ဆင်နေပုံရသည်။

ကာရင်က ပြောပြန်၏။

"ဒါနဲ့ စကားမစပ်၊ နေ့လယ်စာ စားပြီးချိန်ကျရင် ကျွန်မမိဘတွေ ဒီကိုဝင်လာကြလိမ့်မယ်၊ ဒီနေ့က ကျွန်မအမေအတွက် နားရက်၊ ပြီးတော့ ကျွန်မအဖေကလည်း နေရာနဲ့ သိပ်မဝေးတဲ့နေရာမှာ ရေပိုက်ပြင်တဲ့အလုပ်ကို လုပ်နေငယ်"

၎င်း၏မိဘများသည် ဩစတြီးယားနိုင်ငံမှ ၎င်းတို့ လူပျိုပေါက် အပျိုပေါက်အခါစအရွယ်၊ (၁၉၃၀) ဆယ်စုနှစ် အလယ်လောက်တွင် အမေရိကန်သို့ ရောက်ရှိလာကြသူများ ဖြစ်သည်။

သူတို့နှစ်ယောက်သည် ကယ်လီဖိုးနီးယားတွင် တွေ့ကြဆုံကြပြီး၊ အိမ်ထောင်ကျကြပြီးနောက် စင်သီယာနှင့် ကာရင်ဟူ၍ ကလေးနှစ်ယောက်ရရှိခဲ့ကြောင်း ကာရင်က ရှင်းပြသည်။

"ဒါဖြင့် စင်သီယာက မင်းထက်အကြီးပေါ့"

"သုံးနှစ်ပိုကြီးတယ်"

မီးဖိုခန်းထဲမှ အသံဗလံများ ငြိမ်သွားပြီးနောက် ဂျိုစီသည် လက်တွန်းလှည်းလေးတစ်ခုကို တွန်းရင်းဝင်လာသည်။ သူက နင်းမ်ရှေ့တွင် ခေါက်စားပွဲကလေးတစ်ခု တည်ခင်းပေးပြီး ကာရင်၏ ဘီးတပ်ကုလားထိုင်တွင် လင်ပန်းတစ်ခုကို တပ်ဆင်လိုက်သည်။

ဂျိုစီသည် လက်တွန်းလှည်းပေါ်မှ နေ့လယ်စာများကို တည်ခင်းပေးသည်။ ထို့နောက် ဖန်ခွက်နှစ်ခွက်ထဲသို့ ဝိုင်အရက်များ လောင်းထည့်ပေးလိုက်၏။

ဂျိုစီက ကာရင်ကို မေးလိုက်သည်။

"ကိုယ် မင်းကိုခွဲ့ပေးရမလား၊ ဒါမှမဟုတ် မစ္စတာဂိုးလ်မင်းက ခွဲ့ပေးမလား"

www.burmeseclassic.com

www.burmeseclassic.com



ကာရင်က မေးသည်။

"နင်းမ်ရော့ဒ်၊ ရှင် ခွဲ့ပေးချင်စိတ် ရှိသလား"

"ခွဲ့ပေးပါ့မယ်၊ ဒါပေမယ့် ကိုယ်လုပ်တာကိုင်တာ မဟုတ်ရင်တော့ မင်းပြော ရလိမ့်မယ်"

"တကယ်ကတော့ သိပ်မခက်ပါဘူး၊ ကျွန်မက ပါးစပ်ဟ,ရင် ရှင်က နည်းနည်း ခွဲ့ပေးရုံပါပဲ၊ ကိုယ့်ဖာသာကိုယ် စားရတာထက် နှစ်ဆတော့ အလုပ်လုပ်ရလိမ့်မယ်"

ကာရင်အား နားလည်မှုရှိသော အပြုံးဖြင့် တစ်ချက်ကြည့်လိုက်ပြီး ဂျိစီသည် မီးဖိုခန်းထဲသို့ ပြန်ဝင်သွားသည်။

စားသောက်ပြီးစီးကြသောအခါ ကာရင်က ပြောလိုက်သည်။

"ကျွန်မအကြောင်း ရှင့်ကို အတော်ခပ်များများ ပြောပြီးပြီ၊ ကဲ ရှင့်အကြောင်း ကျွန်မကို ထပ်ပြောပြပါဦး"

နင်းမ်သည် ကလေးဘဝမှစ၍ သူ့မိသားစု အလုပ်ကိစ္စ၊ ရှယ်နှင့် အိမ်ထောင်ကျ သည့်ကိစ္စ၊ သူ့သားသမီးများဖြစ်သော လေးနှင့် ဘင်ဂျီတို့အကြောင်း ခပ်ပေ့ါပေ့ါ ပြော သွားသည်။ ထို့နောက် ကာရင်၏ မေးခွန်းထုတ်မှုကြောင့် သူ့စိတ်ထဲတွင် မတင်မကျ ဖြစ်နေသော သူ့အိမ်ထောင်၏ အနာဂတ်ရေးကိစ္စကိုပါ ပြောပြမိတော့သည်။ ထို့နောက် အပြင်ဘက်မှ တံခါးခေါက်လောင်းသံ ပေါ်လာသဖြင့် စကားစ ပြတ်တောက်သွားပြန်၏။

ကာရင်က "ဝင်ခဲ့ကြပါ" ဟု လှမ်းပြောလိုက်ပြီး ခဏအကြာတွင် ကာရင်က ထပ်ပြောလိုက်သည်။

"နင်းမ်ရော့ဒ်၊ ရှင့်ကို ကျွန်မမိဘတွေနဲ့ မိတ်ဖွဲ့ပေးရဦးမယ်"

ဆံပင် ခပ်ကောက်ကောက်နှင့် အချို့တစ်ဝက် ဆံပင်ဖြူနေပြီဖြစ်သော အို စာပုံရသည့် ခပ်ခန့်ခန့်၊ အသက်ခပ်ကြီးကြီး ပုဂ္ဂိုလ်တစ်ယောက်က လက်ကိုဆန့်တန်း ပေးသည်။

"ကျုပ်က လူသာဆလုံးပါ မစ္စတာဂိုးလ်မင်း၊ ဒါက ကျုပ်မိန်းမ ဟင်ရက်တာ ကာရင်က ခင်ဗျားအကြောင်း ပြောပြသလို ရုပ်မြင်သံကြားမှာလဲ မြင်ဖူးပါတယ်"

ကာရင်၏မိခင်ကလည်း လက်ဆွဲနှုတ်ဆက်သည်။

"ကျွန်မသမီးဆီကို အလည်လာတာ သိပ်ဝမ်းသာမိပါတယ် မစ္စတာဂိုးလ်မင်း သူ့ သိပ်သဘောကျမှာပါ"

ဟင်ရက်တာသည် ကိုယ်လုံးကိုယ်ထည် သေးသေးကွေးကွေးနှင့် သပ်သပ် ရပ်ရပ်ရှိသည်။ ခပ်ရိုးရိုးဝတ်ဆင်ထားပြီး ဆံပင်ကို ရိုးရိုးကလေး ထုံးထားသည်။ သူ့ခင်ပွန်း ထက် အသက်ပိုကြီးပုံရသည်။

သူတို့အားလုံး ထိုင်မိကြသောအခါ ဂျိစီက လက်ဖက်ရည်ကရားနှင့် ပန်းကန် လေးလုံးကို ယူလာပေးသည်။



ကာရင်က မေးသည်။

"ဒယ်ဒီ၊ လုပ်ငန်းကိုင်ငန်း အခြေအနေ ဘယ်လိုလဲ"

"ကောင်းသင့်သလောက် မကောင်းပါဘူးကွာ"

လူသာဆလုံးက သက်ပြင်းချသည်။

"ပစ္စည်းတွေက သိပ်ဈေးကြီးတယ်၊ နေ့တိုင်းပိုပေးရတယ်၊ ပစ္စည်းတန်ဖိုး အပေါ်မှာ လုပ်အားခကို ပေါင်းထည့်လိုက်တော့ လူတွေက ကျုပ်ကို လိမ်ညာ (ပြီးပိုယူ) တယ်လို့ ထင်ကြတယ်"

ဟင်ရက်တာက ဝင်ပြောလိုက်၏။

"ကာရင်၊ မင်းအဖေဟာ ဘာပဲပြောပြော မင်းအတွက် မော်တော်ကားကလေး တစ်စီးရဖို့ကိစ္စဟာ အဲဒါတွေနဲ့ ဘယ်လိုမှမဆိုင်ဘူး၊ ငါတို့မှာ ငွေ (တစ်ဝက်)ချေဖို့ စုဆောင်းပြည့်လုနီးပါး ရှိနေပြီ၊ ကျန်တာကို ချေးလိုက်မယ်"

ကာရင်က ကန့်ကွက်သည်။

"မေမေ၊ ကျွန်မ အလျှင်မလိုပါဘူး၊ အရင်ကလည်း ပြောခဲ့ဖူးပါတယ်၊ အခု လည်း ကျွန်မ အပြင်ကို ထွက်လို့ရပါတယ်၊ ဂျိစီက ကျွန်မကို လိုက်ပို့ပါတယ်"

"ဒါပေမယ့် မင်းသွားချင်သလောက် ဘယ်သွားနိုင်ပါ့မလဲ"

သူ့မိခင်၏နှုတ်ခမ်းသည် တင်းတင်းကြပ်ကြပ် စေ့သွားသည်။

"မကြာခင် သမီးအတွက် မော်တော်ကားတစ်စီး ရကိုရရစေ့မယ်"

နင်းမ်ကလည်း ပြောသည်။

"ကျွန်တော်ကလည်း အဲဒီကိစ္စကို စဉ်းစားနေတာပါပဲ၊ အရင်တစ်ခေါက် ကျွန် တော်လာတုန်းက ကာရင်ပြောပြဖူးပါတယ်၊ ကျွန်တော်တို့ကုမ္ပဏီမှာ တစ်နှစ် နှစ်နှစ် လောက်သုံးပြီး ပြန်ရောင်းပစ်တဲ့ ကားကလေးတွေရှိပါတယ်၊ ဒီကသာ လက်ခံမယ်ဆို ရင် ကုမ္ပဏီကလူတွေကို ဈေးချိုချိုနဲ့ရမယ့် ကားတစ်စီးရှာပေးဖို့ ပြောလိုက်မယ်လေ"

လူသာဆလုံး ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်။

"ဒါဆိုရင် သိပ်ကို ကူညီရာရောက်မှာပဲ၊ ဒါပေမယ့် ကားက အခြေအနေ ကောင်းတယ်ပဲထား၊ ဘီးတပ် ကုလားထိုင်ကို ကားပေါ်တင်ပြီး ခိုင်ခိုင်မြဲမြဲရှိအောင် လုပ်ပေးဖို့ကတော့ လိုဦးမှာပဲ"

နင်းမ်က ဖြေသည်။

"အဲဒါအတွက်လည်း ကျွန်တော်တို့ကပဲ ကူညီနိုင်ပါလိမ့်မယ်"

သူတို့ စကားစမြည် ဆက်ပြောနေကြပြီးနောက် နင်းမ်က သူ့လက်ပတ်နာရီ ကို ကြည့်လိုက်ပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သွားမှဖြစ်မယ်"

"ကျုပ်တို့လည်း သွားမှာပါပဲ၊ ဒီနားက တိုက်မောင်းကြီးတစ်လုံးမှာ ဓာတ်ငွေ့ပိုက်သစ်တွေ့ပြန်တပ်ပေးနေရတယ်၊ ခင်ဗျားတို့ကုမ္ပဏီက ဓာတ်ငွေ့ပဲ မစ္စတာဂိုးလ်မင်း"

ကာရင်၏ မိဘများက ချစ်ချစ်ခင်ခင် နှုတ်ဆက်ပြီး ပြန်ထွက်သွားကြသည်။ နင်းမ်လည်း သူတို့နောက်တာ လိုက်ပါသွားသည်။ ကာရင်က ရွှင်ရွှင်လန်းလန်း အပြုံးပန်းပွင့်ရင်း နင်းမ်ကို လှမ်းပြောလိုက်သည်။

"မကြာခင် နောက်ထပ် လာလည်ပါဦးနော်"

ဓာတ်လှေကားထဲတွင် ဆလုံးလင်မယားနှင့် နင်းမ်တို့သာ ပါလာသည်။ သူတို့သုံးယောက်သည် အတွေးကိုယ်စီနှင့် ငြိမ်နေကြသည်။ ထို့နောက် ဟင်ရက်တာက သံမှန်နှင့် . . .

"ကျွန်မတို့က ကာရင့်အတွက် အတတ်နိုင်ဆုံး လုပ်ပေးနေတာပါပဲ၊ ဒါပေမယ့် တစ်ခါတလေကျတော့ ဒါထက်မက ပိုလုပ်ပေးနိုင်ပါစေလို့ ဆုတောင်းမိပါတယ်"

နင်းမ်က ခပ်အေးအေး ပြောလိုက်သည်။

"ကာရင်ကတော့ အဲဒီလို သဘောထားလိမ့်မယ်လို့ ကျွန်တော်မထင်ဘူး၊ သူ ကျွန်တော့်ကို ပြောပြတဲ့အတိုင်းဆိုရင် သူ့အတွက် ခင်ဗျားတို့ ထောက်ပံ့နေတာ လုပ်ကိုင်ပေးနေတာတွေကို သူ ကျေနပ်နေပါတယ်"

ဟင်ရက်တာက ခေါင်းခါသည်။

"ကျွန်မတို့ ဘာပဲလုပ်ပေးပေး မဖြစ်စလောက်ပါပဲ။ ရှေးပဝေသဏီက ကျွန်မတို့လုပ်ခဲ့တဲ့ ကိစ္စကြောင့် အခုလို ပြန်လုပ်ပေးတာတောင် ကာမိတယ်လို့ မဆိုနိုင်ဘူး"

လူသာက သူ့ဇနီးလက်ကို ညင်ညင်သာသာ ဆုပ်ကိုင်လိုက်သည်။

"ရှင်မရယ်၊ ဒီကိစ္စကို တို့များ အကြိမ်ကြိမ် ဆွေးနွေးပြီးပါပြီ၊ ဒီလိုတော့ မင်းကိုယ်မင်း မနှိပ်စက်လိုက်ပါနဲ့လေ၊ မင်းအတွက် ကောင်းကျိုးပေးမှာ မဟုတ်ဘူး ဆိုးကျိုးပဲပေးမှာ"

လူသာက သက်ပြင်းတစ်ချက် ချလိုက်ပြီး နင်းမ်ကို ဖြုန်းစားကြီး မေးချလိုက်သည်။

"ကာရင်က သူ ဘယ်လိုဘယ်ပုံ ပိုလီယိုရောဂါ စွဲကပ်လာတယ်ဆိုတဲ့ အကြောင်း ခင်ဗျားကို ပြောပြဖူးသလား"

"တိတိကျကျတော့ မပြောပါဘူး"

သူတို့သည် မြေညီထပ်သို့ ရောက်လာကြပြီဖြစ်သဖြင့် ဓာတ်လှေကားထဲမှ ထွက်လိုက်ပြီး လူရှင်းနေသော ဧည့်ခန်းကလေးထဲတွင် ခဏရပ်ကြစဉ် ဟင်ရက်တာ ဆလုံးက ဆက်ပြောသည်။



"ကာရင်က (၁၅) နှစ်၊ အထက်တန်းကျောင်းမှာပဲ ရှိနေသေးတယ်၊ အင်မတန်စာတော်တဲ့ ကျောင်းသူ၊ ကျောင်းအားကစားပွဲတွေမှာလည်း ပါဝင်လေ့ရှိတယ်၊ သူ့ဘဝရှေ့ရေးက ဖြူးလို့ဖြောင့်လို့"

လူသာဆလုံးက ဝင်ပြောသည်။

"ကျုပ်မိန်းမ ပြောချင်တဲ့အချက်က အဲဒီနွေမှာ ကျုပ်တို့နှင့်ယောက်ထဲ ဥရောပကိုသွားဖို့ စီစဉ်ခဲ့တယ်၊ ကျုပ်တို့သွားနေတုန်း ကာရင်ကလဲ နွေရာသီ စခန်းတစ်ခုမှာ သွားနေဖို့ စီစဉ်လိုက်တယ်"

ဟင်ရက်တာက ဝင်ပြောသည်။

"တကယ့်အမှန်တရားကတော့ ကျွန်မတို့က ကာရင့်အတွက်ထက် ကိုယ့်အတွက် ပိုပြီးဦးစားပေးခဲ့ကြတာ"

လူသာဆလုံးက သူ့စကားကြားဖြတ်၍ အပြောမခံရသလိုပုံစံနှင့် ဆက်ပြောသွားသည်။

"ဒါပေမယ့် ကာရင်က အဲဒီစခန်းကို မသွားချင်ဘူး၊ သူနဲ့ ခင်မင်ရင်းနှီးနေတဲ့ ချာတိတ်လေးတစ်ယောက် ရှိတယ်၊ သူလဲ မြို့ကမခွာဘူး၊ ကာရင်က အဲဒီချာတိတ်နဲ့ နီးနီးနားနားနေရအောင် တစ်နွေလုံး အိမ်မှာပဲနေချင်တယ်၊ ဒါပေမယ့် စင်သီယာက ရုပ်ဝေးရောက်နေပြီဆိုတော့ အိမ်မှာ ကာရင်တစ်ယောက်တည်း ဖြစ်နေမှာပဲ"

ဟင်ရက်တာက ပြောပြန်၏။

"ကာရင်က ငြင်းပြီးရင်း ငြင်းရင်းပဲ၊ သူတစ်ယောက်ထဲနေရတာ ကိစ္စမရှိတဲ့အပြင် ဟိုချာတိတ်နဲ့ ပတ်သက်ရင်လဲ သူ့ကိုစိတ်ချနိုင်ပါတယ်တဲ့၊ ကျွန်မတို့ဆန္ဒအတိုင်း သူ နွေရာသီစခန်းကို သွားရရင် အန္တရာယ်တစ်ခုခု ဖြစ်လာလိမ့်မယ်လို့ သူ့စိတ်ထဲက အလိုလိုသိနေတဲ့အကြောင်းတောင် ပြောလိုက်သေးတယ်၊ ကျွန်မကတော့ အဲဒါကို ဘယ်တော့မှ မေ့လို့ရမှာမဟုတ်ဘူး"

နောက်တစ်ကြိမ် လူသာဆလုံးက ဆက်ပြောပြန်သည်။

"သဘောကတော့ မိသားစုအတွင်း သဘောကွဲလွဲခဲ့ကြတယ်၊ နောက်ဆုံးကျတော့ သူ့နွေရာသီစခန်းကို သွားရတာပါပဲ၊ ကျုပ်တို့ ဥရောပမှာရှိနေတုန်း စခန်းမှာ ပိုလီယိုရောဂါ အကြီးအကျယ် ဖြစ်ပွားခဲ့တယ်၊ ရောဂါဖြစ်တဲ့လူတွေထဲမှာ ကာရင်လဲ တစ်ဦးအပါအဝင်ပေါ့လေ"

ဟင်ရက်တာက ဝင်ပြောပြန်သည်။

"သူ့ဆန္ဒအတိုင်းသာ သူ အိမ်မှာသာ နေခဲ့ရရင် . . ."

သူ့ခင်ပွန်းက ကြားဖြတ်ပြောသည်။

"ဒါဆိုရင် တော်လောက်ပါပြီ၊ မစ္စတာဂိုးလ်မင်းတစ်ယောက် လုံးဝဥဿုံ နိုပ်မိ

www.burmeseclassic.com

www.burmeseclassic.com



လောက်ရောပေါ့"

"ဟုတ်ကဲ့ ကျွန်တော်နားလည်ပါပြီ"

သူတို့သည် ဧည့်ခန်းငယ်ကလေးထဲမှ အပြင်ဘက်လမ်းမပေါ် သို့ ထွက်လာကြသည်။ နှင်းမ်သည် ၎င်း၏ကားကို ခပ်လှမ်းလှမ်းတွင် ရပ်ထားသည်။

နှင်းမ်က ပြောလိုက်၏။

"ခင်ဗျားတို့ ဘာလုပ်နေတယ်ဆိုတာကို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မော်တော်ကားကိစ္စကိုလဲ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါ့မယ်"

□

ဂျေအီးရစ်ဟာမ်ဖရီ၊ ရေးပေါလ်ဆင်၊ တီရေစာဗန်ဘူရင်၊ အော်စကာအိုဘရိုင်ယင်နှင့် နှင်းမ်တို့လူစုသည် ချယ်ယာမင်ကြီး၏ ဧည့်ခန်းထဲ၌ သက်တောင့်သက်သာ ရှိနေကြသည်။

ရက်သတ္တပတ်မပြည့်ခင် တူနီပါ၌ တည်ဆောက်ရန် အဆိုပြုထားသော ကျောက်မီးသွေး▯▯ ဂျင်နရေတာနှင့်ပတ်သက်၍ လူသိရှင်ကြား စုံစမ်းစစ်ဆေးမှုကို စတင်ပြုလုပ်တော့မည် ဖြစ်သည်။

အီးရစ်ဟာမ်ဖရီက ပြတ်ပြတ်သားသား ပြောလိုက်သည်။

"ကဲ တူနီပါ စုံစမ်းစစ်ဆေးရေးအကြောင်း ပြောရအောင်၊ ဒီစုံစမ်းစစ်ဆေးမှုတွေမှာ တို့ဘက်က ပိုင်ပိုင်နိုင်နိုင် ရှိဖို့လိုတယ်၊ တို့တင်ပြချက်တွေဟာ အချက်အလက်နိုင်မာရမယ်၊ အကျိုးသင့် အကြောင်းသင့် ဖြစ်စေရမယ်၊ တည်တည်ငြိမ်ငြိမ်နဲ့ သိက္ခာရှိရမယ်၊ ပြန်လှန်မေးခွန်းထုတ်ခံရတဲ့အခါ တို့ဘက်က ပုဂ္ဂိုလ်တွေရဲ့ တုန့်ပြန်မှုဟာ သည်းခံစိတ်မွေးတာနဲ့ ယဉ်ယဉ်ကျေးကျေးရှိမှုကို အသားပေးကြရမယ်၊ တို့ကို ဆန့်ကျင်တဲ့လူတွေကတော့ နည်းဗျူဟာတစ်ခုအနေနဲ့ ဒေါသထွက်အောင် ကြိုးစားမှာပဲ၊ အဲဒီလို ရန်စတာကို တောင့်ခံနိုင်ရမယ်၊ အဲဒါကို တို့လူတွေသိအောင် ပြောထားဖို့လိုမယ်"

အိုဘရိုင်ယင်က ဖြေသည်။

"ဖြစ်ရပါစေ့မယ်"

မကြာခင်ပြုလုပ်တော့မည့် စုံစမ်းစစ်ဆေးပွဲများတွင် နှင်းမ်သည် အဓိကသက်သေတစ်ဦးအဖြစ် ပါဝင်အစစ်ခံရလိမ့်မည်။ ကုမ္ပဏီမှ အခြားဝန်ထမ်းများက သက်ဆိုင်ရာ ဘာသာရပ်အတွက်သာ ထွက်ဆိုပေးရမည် ဖြစ်သော်လည်း၊ နှင်းမ်ကမူ တူနီပါပရိုဂျက် တစ်ခုလုံးအတွက် ခြုံငုံ၍ ထွက်ဆိုပေးရမည် ဖြစ်သည်။ အော်စကာ အိုဘရိုင်ယင်ကမူ ဦးဆောင်၍ မေးခွန်းထုတ်သူအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။



နှင်းမ်နှင့် အိုဘရိုင်ယင်တို့သည် အကြိမ်ပေါင်းများစွာ ဖတ်တိုက်ခဲ့ပြီး ဖြစ်သည်။ (ဖတ်တိုက်ရာတွင်) ရေးပေါလ်ဆင်လည်း ပါသည်။

အိုဘရိုင်ယင်နှင့် အလုပ်လုပ်ရာတွင် ရေးပေါလ်ဆင်နှင့် နှင်းမ်တို့သည် တစ်ယောက်နှင့်တစ်ယောက် ကြည့်မရသည့်စိတ်တို့ကို မြိုသိပ်ထားကြသဖြင့် တစ်ခါတစ်ခါတွင် ကြည်ကြည်သာသာ ဆက်ဆံသည့်အဆင့်အထိ ရောက်လာသည်။

ဤကိစ္စကို အခွင့်ကောင်းယူ၍ နှင်းမ်က ကာရင့်အတွက် မော်တော်ကားကိစ္စကို ရေးပေါလ်ဆင်နှင့် ဆွေးနွေးသည်။ အဘယ်ကြောင့်ဆိုသော် သယ်ယူပို့ဆောင်ရေးဌာနသည် ဓာတ်အားထုတ်လုပ်မှု ဌာနကြီးအောက်၌ရှိသော ဌာနငယ်တစ်ခု ဖြစ်သောကြောင့်ပင်။

နှင်းမ်တစ်ယောက် အံ့ဩယူရသည်အထိ ရေးပေါလ်ဆင်က စိတ်ဝင်စားစွာ ကူညီသည်။ သူနှင့်ဆွေးနွေးပြီး (၄၈) နာရီအတွင်းမှာပင် မကြာမီရောင်းချတော့မည်ဖြစ်သော သင့်လျော်သည့် မော်တော်ကားတစ်စီးကို ရှာဖွေစုံစမ်းပြီးသား ဖြစ်နေသည်။ ထို့မျှမကသေး ရေးပေါလ်ဆင်သည် ကာရင်၏ ဘီးတပ်ကုလားထိုင်ကို ကားထဲသို့သွင်းနိုင်စေရန်နှင့် ကားထဲသို့ ရောက်သည့်အခါ သူနေရာနှင့်သူ နေသားတကျရှိအောင် ပြင်ဆင်ပေးသင့်သည်များကို သူကိုယ်တိုင် ပုံစံထုတ်သည်။ ဂိုးလ်ဒင်းစတိတ်မှ စက်ကိရိယာပြင်ဆင်သူ မက်ကင်းနစ်တစ်ဦးသည် ကာရင့်နေအိမ်သို့ရောက်ရှိလာပြီး ဘီးတပ်ကုလားထိုင်ကို တိုင်းထွာသည့်အပြင်၊ လျှပ်စစ်ဓာတ်အား ဆက်သွယ်သည့် နေရာများကိုပါ ကြည့်ရှုစစ်ဆေးသွားကြောင်း ကာရင်က တယ်လီဖုန်းဆက်၍ ပြောခဲ့သေးသည်။

တယ်လီဖုန်းနှင့် စကားပြောစဉ် ကာရင်က. . .

"ကျွန်မဘဝမှာ အကောင်းဆုံးလို့ခေါ်နိုင်တဲ့ အဖြစ်အပျက်တွေထဲမှာ တစ်ခုကတော့ မြေပုံပေါ်က အနီစက်ဝိုင်းကလေးကို ရှင်တွေ့ပြီးနောက်ပိုင်း ဒီကိုလာလည်တဲ့ ဟာစ္စပဲ၊ အဲဒါကိုပြောမိတော့ ရှင် ဘယ်တော့ လာလည်ဦးမှာလဲ နှင်းမ်ရေ့ဒ်အချစ်ရယ်၊ မကြာခင် လာလည်ဖြစ်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်" ဟု ပြောခဲ့သေးသည်။ သူကလည်း လာလည်မည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဂျေအီးရစ်ဟမ်ဖရီသည် သက်သေကုလားထိုင်ပေါ်တွင် မျက်နှာနီရဲရဲနှင့် မသက်မသာ ထိုင်နေသည်။ သူ ထိုင်နေသည်မှာ နေ့ဝက်ရှိသွားပေပြီ။

ဒေဗီဘဒ်ဆောင်းသည် သုံးပေခန့်အကွာတွင် သက်သေနှင့် မျက်နှာချင်းဆိုင် ရပ်ရင်း အပေါ်ကမိုးထားသည်။ ဒေဗီဘဒ်ဆောင်းသည် သူ့ကိုယ်လုံးကြီးကို ရှေ့တိုး နောက်ငင်လုပ်ရင်း . . .

"ခင်ဗျားက နားနည်းနည်းလေးသလို ဖြစ်နေလေတော့ ကျုပ်မေးခွန်းကို နောက်တစ်ကြိမ် ထပ်မေးပါ့မယ်၊ ခင်ဗျား တစ်နှစ်မှာ လစာ ဘယ်လောက်ရသလဲ"

ထိုမေးခွန်းကို ပထမအကြိမ်မေးစဉ်က ဟမ်ဖရီသည် တွန့်ဆုတ်ဆုတ်ဖြစ်သွားပြီး ရှေ့နေစားပွဲ၌ထိုင်နေသော အိုဘရိုင်ယင်ထံ လှမ်းကြည့်သည်။ ရှေ့နေကြီးက မသိမသာ ပခုံးတွန့်ပြသည်။

နှုတ်ခမ်းကို တင်းတင်းရင်းရင်းစေ့ရင်း ဂိုးလ်ဒင်းစတိတ်၏ ချယ်ယာမင်က ဖြေသည်။

"ဒေါ်လာ နှစ်သိန်း လေးသောင်း ငါးထောင်"

ဘဒ်ဆောင်းက လက်တစ်ဖက်ကို ဟန်ပါပါ ဝှေ့ရမ်းလိုက်ရင်း . . .



"မဟုတ်ဘူး ကိုယ့်လူ၊ ခင်ဗျားက ကျုပ်မေးတဲ့မေးခွန်းကို နားလည်မှု လွဲမှားသွားပြီ၊ ကျုပ်က ဂိုးလ်ဒင်းစတိတ်ရဲ့ မှတည်ရင်းနှီးငွေကို မေးတာမဟုတ်ဘူး၊ ခင်ဗျား ဆီမိုးဆန်ဖိုး ဘယ်လောက်ရသလဲလို့ မေးတာ"

ဟမ်ဖရီက မကြည်မသာနှင့် ပြန်ဖြေသည်။

"ကျုပ်ပြောတဲ့ဂဏန်းဟာ အဲဒါပဲ"

"ကျုပ်ဖြင့် ယုံတောင် မယုံနိုင်တော့ဘူးဗျာ"

ရုံးခန်းထဲတွင်ရှိနေသော လာရောက်နားထောင်သူတစ်ယောက်က ထ၍အော်သည်။

"ကျုပ်တို့လို စားသုံးသူတွေက ပေးနေကြရတာဗျ၊ သိပ်ကို များလွန်းတယ်ဗျို့"

အပေါ်တွင်ရှိသော ခုံရုံးသဘာပတိက တင်းပုတ်ငယ်က ေလးနှင့် စားပွဲကို ခေါက်ရင်း "ငြိမ်ကြ" ဟု အမိန့်ပေးလိုက်သည်။ ပန်းနုသွေးရောင်မျက်နှာနှင့် ငယ်ရုပ် ပျောက်သေးသော သဘာပတိဖြစ်သူမှာ အသက် (၃၅) နှစ်ခန့်သာ ရှိသေးသည်။ သူသည် အာဏာရ နိုင်ငံရေးပါတီတွင် ဝင်ရောက်ဆောင်ရွက်ပြီးနေ က် သူ့ရာထူးတွင် ခန့်ထားခံရသည်မှာ တစ်နှစ်လောက်သာ ရှိသေးသည်။ သူသည် စ ွင်းအင်းပညာကို ခင်ကြားတတ်မြောက်လာသူသာ ဖြစ်သည်။

သဘာပတိကြီးသည် ခပ်စုတ်စုတ်ပြတ်ပြတ် ဂျင်းဘောင်းဘီနှင့် ရောင်စုံ အင်္ကျီကို ဝတ်ဆင်ထားသော ဘဒ်ဆောင်းအားကြည့်ရင်း . . .

"ခင်ဗျားက မေးခွန်းမေးလို့ အဖြေရပြီးပါပြီ မစ္စတာဘဒ်ဆောင်း၊ ကဲ ဆက်ပါ"

"မှန်ပါတယ်၊ သဘာပတိကြီးခင်ဗျား"

ဘဒ်ဆောင်းက ဟမ်ဖရီဘက်သို့ ပြန်လှည့်လိုက်သည်။

"ကုမ္ပဏီကြီးတစ်ခုမှာ လူမလိုင်ခဲကြီး . . . (ပရိသတ်က ငိုုး ရယ်ကြသည်) လေ ဥက္ကဋ္ဌကြီးဖြစ်ရတဲ့အတွက် တခြားအပိုဆာဒါးကလေးတွေ ရတာများရှိပါသလား။ ဥပမာ ကိုယ်တိုင်စီးဖို့ ဓမ်တော်ကားဆိုပါတော့"

"ရပါတယ်"

"ယာဉ်မောင်းကော ပေးထားပါသလား"

"ပေးထားပါတယ်"

"အဲဒါအပြင် ခွည့်ခံစရိတ်လဲ ခပ်များများရမယ်ထင်တယ်"

"ကျုပ်ကတော့ ခပ်များများလို့ မပြောစေချင်ဘူး"

"အတော်ကလေးများတယ်လို့ ပြန်ပြောရင်ကောဗျာ"

ပရိသတ်က ရယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျေအီးရစ်ဟာမ်ဖရီ၏ စိတ်ညစ်ညူးမှုမှာ အတိုင်းသား ပေါ်လွင်လာသည်။ အဆင့်မြင့် စီမံခန့်ခွဲရေး ဝန်ထမ်းတစ်ဦးသာဖြစ်ပြီး ပါးကိုက်ရင် နားကိုက်မယ်ဆိုသော အကြမ်းဖက်သမားတစ်ဦး မဟုတ်သဖြင့် ဒေဗီဘဒ်ဆောင်း၏ လူတွင်ကျယ်လုပ်မှု ရင်ဆိုင်ရန် အရည်အချင်း မပြည့်စုံဘဲ ရှိနေရှာသည်။ သူက အေးစက်စက်လေသံဖြင့် ပြန်ဖြေသည်။

"ကျုပ်အနေနဲ့ တာဝန်အရ တချို့ကိစ္စတွေမှာ ကုမ္ပဏီပိုက်ဆံကို သုံးစွဲပိုင်ခွင့် ရှိပါတယ်"

"ဟုတ်လိုက်လေဗျာ"

နားထောင်သူများအကြား၌ ထိုင်နေသော နင်းမ်တစ်ယောက် ဒေါကန် ... သည်။ ဟာမ်ဖရီသည် ဖြေလည်းဖြေတတ်၊ ဖြေလည်း ဖြေထိုက်ပါလျက် ဘာဖြစ် ... ခပ်ထန်ထန် ပြောင်ကျကျ ပြန်မဖြေရလေသနည်း။ "ဒီမှာမစ္စတာဘဒ်ဆောင်း၊ ... လစာကို စည်းကမ်းသတ်မှတ်ရေး အေဂျင်စီတွေထံကို အမြဲအစီရင်ခံနေရတဲ့ အတွ... လူတိုင်းသိနိုင်ပါတယ်၊ ဒီမေးခွန်းကို မမေးခင်ကတည်းကို ခင်ဗျား သိပြီးသားဆို... ကျုပ် ယုံကြည်တယ်၊ ပြီးတော့လည်း ဒီလစာဟာ ဒီနိုင်ငံမှာရှိတဲ့ အကြီးဆုံး ကော်... ရေရှင်းကြီးတွေရဲ့ တခြားအကြီးအကဲတွေနဲ့ ကွာလှတာ မဟုတ်ပါဘူး၊ အမှန်အတို... ပြောရရင် အရွယ်တူ ကော်ပိုရေးရှင်းတွေထက်တောင် နည်းပါးသေးတယ်၊ ပိုပြီး တိ... ကျကျပြောရရင် ကျုပ်အတွေ့အကြုံနဲ့ အရည်အချင်း တွေအရ ဘယ်မှာမဆို ဒီလ... ဒါမှမဟုတ် ဒါထက်ပိုပြီးရမှာပါ၊ ယာဉ်မောင်းပါတဲ့ ကားတစ်စီးနဲ့ ပတ်သက်ရင်လဲ ဒီရာ... မှာခန့်ကတည်းက လစာနဲ့အတူတူ ပါလာတဲ့ ကိစ္စပါ၊ ပြီးတော့လည်း နောက်ဆုံး အ... နဲ့ပြောရရင် ကျုပ်ကို ဒီလစာပေးထားပြီး ကျုပ်လုပ်တာတိုင်းတာကို မကျေနပ်ဘူးဆို... ကုမ္ပဏီဒါရိုက်တာတွေနဲ့ အစုရှယ်ယာ ပိုင်ရှင်တွေက ကျုပ်ကိုဖြုတ်ပစ်နိုင်... အခွင့်အာဏာရှိပါတယ်. . ."

ဒါပေမယ့် မဖြစ်ပါဘူးလေဟု နင်းမ်က စိတ်ပျက်လက်ပျက်နှင့် တွေးမိသ... ဘဒ်ဆောင်းလိုလူစားမျိုးကို ခပ်ကြမ်းကြမ်းပြန်တိုက်ဖို့ဆိုတာ တို့ဘက်ကလုပ်ရမယ့် လ... ထုံးလုပ်နည်းမဟုတ်၊ ဒီကနေ့အတွက်သာမက အနာဂတ်ကာလအတွက်ပါ ဆိုပါတေ...

ဒီကနေ့သည် စုံစမ်းစစ်ဆေးမှုပြုလုပ်သော ဒုတိယမြောက်နေ့ ဖြစ်သ... မနေ့ကမူ ထုံးစံအတိုင်း တရားဝင်အောင် ဆောင်ရွက်ရသည့် ကိစ္စရပ်များနှင့်သာ အ... ကုန်ခဲ့ရသည်။

ယနေ့နံနက်ပိုင်းတွင် ဂျေအီးရစ်ဟာမ်ဖရီအား လျှောက်ထားသူ၏ ပထမ... သေအဖြစ် ခေါ်ယူစစ်ဆေးခြင်း ဖြစ်သည်။

အိုဘရိုင်ယင်က တူနီပါ (မာတ်အားပေးစက်) အား (တည်ဆောက်...

...အဘယ့်ကြောင့် လိုအပ်ကြောင်းကို ခပ်တိုတို ဦးဆောင်၍ မေးခွန်းထုတ်သွားသည်။ ထို့နောက် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရှေ့နေက ရှည်ရှည်လျားလျား မေးမြန်းသည်။ ...င်းနောက် ဆီကိုဝါကလပ်၏ မန်နေဂျာ အတွင်းရေးမှူး ရှော့ဒရစ်ပရစ်ချက်က ပြန်လှန်မေးခွန်းထုတ်သည်။ ပြန်လှန်မေးခွန်းထုတ်မှုမှာ တစ်နာရီကျော်ကျော်ခန့်စီသာ ကြာမြင့်... အေးအေးဆေးဆေးနှင့် အပြုသဘောကို ဆောင်ကြသည်။ ထို့နောက် လုပ်သား... ...ည်သူများ၏ စွမ်းအင်နှင့် အလင်းရောင်အုပ်စုကိုယ်စား မေးမြန်းသော ဒေဗီဘဒ်ဆောင်း ...မှ ထောက်ခံသူများ အကြိုက်တွေ့စေရန် စုံစမ်းစစ်ဆေးမှုကို အသက်သွင်းပေးလိုက်ပြီ ...စ်သည်။

နံရံကို ဝက်သစ်ချသားနှင့် ကာရံထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့ ရုံးထိုင်ရာ ...၏အခန်းသည် ကယ်လီဖိုးနီးယားလောင်စာနှင့် စွမ်းအင်ကော်မရှင် ရုံးချုပ်တည်ရှိရာ ...လယ်မှ ဆယ့်နှစ်ထပ်တိုက်ကြီးထဲတွင် တည်ရှိသည်။ လမ်း၏ ဟိုဘက်တည့်တည့်တွင် ...ည်သူ့အကျိုးပြုလုပ်ငန်းများ (အား စိစစ်ရေး) ကော်မရှင်ရုံး ရှိသည်။ ထိုကော်မရှင် ...လည်း နောက်ပိုင်းတွင် တူနီပါကိစ္စကို သီးခြားထပ်မံ စစ်ဆေးဦးမည်ဖြစ်ပြီး စုံစမ်းစစ် ...ဆေးချက် အတော်များများမှာ သံတူကြောင်းကွဲများသာ ဖြစ်သည်၊ အဆိုပါ သီးခြား ...ည်ရှိနေကြသော ကော်မရှင်နှစ်ခုသည် တစ်ခုနှင့်တစ်ခု ပခုံးချင်းယှဉ်နေကြသည့် ...မြင်၊ မနာလိုဝန်တိုမှုလည်း များပြားလှသည်။

နိုင်ငံတော်၏ အခြားအေဂျင်စီနှစ်ခုကလည်း သီးခြားစုံစမ်းစစ်ဆေးမှုများကို ...ထပ်မံပြုလုပ်ကြဦးမည်သာ။ ၎င်းတို့မှာ ကယ်လီဖိုးနီးယားပြည်နယ် ရေသန့်ရရှိရေး ဘုတ် ...အဖွဲ့နှင့် ကယ်လီဖိုးနီးယားပြည်နယ် လေသန့်ရရှိရေး ဘုတ်အဖွဲ့တို့ပင်တည်း။ အဆို... ...သားဖွဲ့စလုံးသည် ကျန်သုံးဖွဲ့ထံမှ အစီရင်ခံစာများကို မှန်မှန်ရရှိနေသော်လည်း ဂရု ...စိုက်ကြသည်က များသည်။

တဖန် အောက်ပိုင်းအဆင့်တွင် လေထုညစ်ထည်းမှု ထိန်းသိမ်းရေးကော်မတီ ...ကလည်း ကျေနပ်အောင် ဖြေဆိုရဦးမည်သာ။ ထိုအဖွဲ့ကမူ ကျန်အစိုးရ အဖွဲ့အစည်းများ ...ထက်ပင် ပို၍တင်းကျပ်သော စည်းကမ်းများကို ချမှတ်နိုင်လေသည်။

သတင်းစာဆရာများထဲတွင် လူမဲ (အမျိုးသမီး) သတင်းထောက် နန့်စီမိုလီ ...နာကို နင်းမ်သည် ၎င်းရှိသောနေရာမှ လှမ်းမြင်နေရသည်။ နန့်စီသည် လုံးဝ ရေးမှတ် ...ခြင်းမရှိဘဲ၊ မလှုပ်မယှက် ခပ်မတ်မတ်ထိုင်ရင်း ဘဒ်ဆောင်းကို စူးစူးစိုက်စိုက် ကြည့်နေ ...သည်။ သူ့အမူအရာမှာ အတွေးနက်နေပုံရသည်။ နန့်စီသည်လည်း ဘဒ်ဆောင်း၏ ...ချပ်ဆောင်ချက်ကို သဘောကျနေသည်ဟု နင်းမ်က တွေးလိုက်သည်။

ထိုနေ့ ခပ်စောစောပိုင်းက ရုံးခန်းအပြင်ဘက်တွင် နင်းမ်သည် နန့်စီမိုလီနာ ...နှင့် ခဏလောက် မျက်နှာချင်းဆိုင် ဆုံမိကြသည်။ သူ ဆတ်တနဲ ခေါင်းညိတ်ပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် နန်စီက မျက်စချီရင်း သူ့ကိုလှောင်ပြုံးကလေး ပြုံးပြလိုက်သည်။

ဘဒ်ဆောင်းက မေးခွန်းထပ်ထုတ်ပြန်၏။

"ချွေတာခြိုးခြံရေးဆိုတာကို ခင်ဗျားကြားဖူးရဲ့လားဆိုတာ ကျုပ်ကိုပြောပြစမ်းပါဦး ကိုယ့်လူ ဗီးရစ်ရယ်. . . အဲလေ. . . မစ္စတာဟမ်ဖရီရယ်"

"ကြားဖူးတာပေါ့"

"ခင်ဗျားတို့ကသာ ချွေတာခြိုးခြံရေးကိစ္စကို လေးလေးနက်နက် လုပ်ကြမယ်ဆိုရင် တူနီပါလို ပရောဂျက်တွေ လိုအပ်လာမှာမဟုတ်ဘူးလို့ လူများစုက ယုံကြည်နေကြတယ်ဆိုတာ ခင်ဗျားသတိပြုမိရဲ့လား၊ ကျုပ်ဆိုချင်တဲ့သဘောက ချွေတာခြိုးခြံရေးကိစ္စကို ဟန်ပြမဟုတ်ဘဲ အမြတ်ငွေတွေ အများကြီးပိုရသည်ထက် ရလာအောင် ဂျင်နရေတာတွေ ထပ်ဆောက်ခွင့်ရဖို့ ကြိုးစားသလို တကယ်ကြိုးစားပမ်းစား လုပ်ပါသလား"

ဟမ်ဖရီက ပြန်ပြောသည်။

"ပထမအချက်ကတော့ ဂိုးလ်ဒင်းစတိတ်က ဓာတ်အားပိုမိုရောင်းချရေးကိစ္စကို မကြိုးစားပါဘူး၊ အဲဒါအစား ချွေတာခြိုးခြံကြဖို့ လေးလေးနက်နက် တိုက်တွန်းခဲ့ပါတယ်၊ ဒါပေမယ့် ချွေတာခြိုးခြံရေးကြောင့် အကူအညီ ရပင်ရခြားသော်လည်း မှန်မှန်ကြီး တိုးလာနေတဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုတော့ ပ,ပျောက်အောင် မလုပ်နိုင်ပါဘူး၊ ဒါကြောင့် တူနီပါကို တည်ဆောက်ဖို့ လိုအပ်တာပါ"

ဘဒ်ဆောင်းက ဝင်ထောက်သည်။

"အဲဒါက ခင်ဗျားအယူအဆပဲ မဟုတ်လား"

"ကျုပ်အယူအဆပဲ ဖြစ်ရမှာပေါ့"

"တူနီပါက အမြတ်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ခင်ဗျားက ဂရုမစိုက်ဘူးဆိုတာ ယုံကြည်စမ်းပါလို့ဆိုတဲ့ တစ်ဖက်သတ် အယူအဆနဲ့ပဲမဟုတ်လား"

ကျန်စကားလုံးများမှာ လက်ခုပ်သံ၊ ချီးကျူးသံနှင့် ခြေထောက်ဆောင့်သံများအကြားတွင် ကွယ်ပျောက်သွားသည်။ ထိုဆူဆူညံညံထဲတွင် သဘာပတိကြီးက စားပွဲကို တင်းပုတ်ငယ်ကလေးနှင့်ထုရင်း "ငြိမ်ကြ၊ ငြိမ်ကြ" ဟု အော်နေသည်။

အကယ်၍သာ ယခုစစ်ဆေးမှုသည် ရိုးရိုးတရားရုံးတစ်ရုံး၌ စစ်ဆေးခြင်းမျိုးဖြစ်ပါက ရုံးတော်ကို မထီမဲ့မြင်ပြုမှုနှင့် ဘဒ်ဆောင်းအား ခပ်စောစောပိုင်းကပင် အရေးယူပြီး ဖြစ်ပေလိမ့်မည်၊ သို့သော် သူ့အား ယခုလည်း အရေးမယူသလို၊ နောက်ပိုင်းတွင်လည်း အရေးယူမည့်မဟုတ်။ အဘယ်ကြောင့်ဆိုသော် တရားရုံးသဏ္ဌာန်မှာ ဟန်ပြမျှသာ ဖြစ်သောကြောင့်ပင်။ ယခုလို စစ်ဆေးမှုမျိုးတွင် ထိန်းမနိုင်သိမ်းမရ ဖြစ်တတ်သည့်ကိစ္စများကို တမင်တကာ လွှတ်ပေးထားလေ့ရှိသည်။ သည်းညည်းခံလေ့ ရှိသည်။

နောက်ထပ် နာရီဝက်ကြာအောင် ဒေဗီဘဒ်ဆောင်းက ပြန်လှန်မေးခွန်းထုတ်



နေသည်။ သူက နိမိတ်ပြမေးခွန်းများနှင့် အခြေအမြစ်မရှိသော အချက်အလက်များပေါ်တွင် မူတည်ထားသော မေးခွန်းများကို ဗျက်လုံးများကြားညှပ်၍ သုံးစွဲသွားသည်။ သို့သော် တူနီပါမှရရှိမည့် အမြတ်ပမာဏသည် မတန်တဆ များလိမ့်မည်သာဖြစ်ပြီး ဤ (အမြတ်ရရှိရေး)ကိစ္စကသာ အဓိကရည်ရွယ်ချက်ဖြစ်သည် ဆိုသည့်အချက်ကို ထပ်တလဲလဲ ရိုက်သွင်းသွားနိုင်သည်။

စွပ်စွဲချက်များမှာ မဟုတ်မှန်သော်လည်း ဆီးပွတ်ကျည်ပွေ့ပြောနည်းမှာ ထိရောက်မှုရှိပါပေသည်ဟု နင်းမ်စိတ်ထဲက ချီးကျူးမိသည်။ ဤကိစ္စကို ဘနယ်ဇင်းများက ယုံကြည်လက်ခံပြီး ပေါ်ပေါ်ထင်ထင် ဖော်ပြပေးကြမည်မှာ သေချာသည်။ ဒါကလည်း ဘဒ်ဆောင်း၏ အဓိကရည်မှန်းချက် တစ်ခုဖြစ်သည်မှာ ထင်ရှားသည်။

မစ္စတာဟမ်ဖရီအား စစ်မေးပြီးသောအခါ ဂိုးလ်ဒင်းစတိတ်မှ အခြားဝန်ထမ်းနှစ်ဦးကို စစ်မေးသည်။ သူတို့အစစ်ခံချက်နှင့် ပြန်လှန်မေးခွန်းထုတ်မှုများမှာ မထူးခြားသော်လည်း နှစ်ရက်တိုင်တိုင် အချိန်ကြာသွားသည်။ ထို့နောက် စုံစမ်းမေးမြန်းချက်ကို နောက်တစ်ပတ် တနင်္လာနေ့တွင် စစ်မေးရန် ချိန်းဆိုလိုက်၏။

အဆိုပါ စုံစမ်းစစ်ဆေးချက်ကို ပြန်လည်စတင်ပြုလုပ်သည့်အခါ ဂိုးလ်ဒင်းစတိတ်၏ လျှောက်ထားချက်ကို ပဓာနကျကျ ခြုံငုံ၍တင်ပြရန် တာဝန်ယူထားရသော နင်းမ်၏အလှည့်ပင်တည်း။

□

လွန်ခဲ့သော ရက်သတ္တပတ်သုံးပတ်က ရှသ်ဂိုးလ်မင်းသည် နေအိမ်မှ ခေတ္တခွာရန် ရည်ရွယ်ကြောင်း ထုတ်ဖော်ပြောခဲ့သဖြင့် နင်းမ် အထီးတလန့် ဖြစ်ခဲ့ရသည်။ ရက်သတ္တပတ်နားရက်ကြောင့် တူနီပါ ကြားနာစစ်ဆေးမှုကို ခေတ္တခဏ ရပ်နားထားသော ယခု သောကြာနေ့ ညနေပိုင်းတွင် နင်းမ်တစ်ယောက်တည်း နေအိမ်တွင် အထီးကျန်ဖြစ်နေရသည်။ ရှသ်သည် အိမ်ကထွက်ခွာမသွားမီ လေးနှင့်ဘင်ဂျီအား အဘိုးအဘွားများထံ ပို့ထားခဲ့သည်။ ရှသ် မည်သည့်အချိန်မှ ပြန်လာလာ ရှသ်ပြန်လာသည့်အချိန်အထိ လေးနှင့်ဘင်ဂျီသည် အဘိုးအဘွားတို့နှင့် နေရလိမ့်မည်သာ။

ရှသ်က သူဘယ်ကိုသွားမည်၊ မည်သူနှင့် သွားမည်၊ ဘယ်နှစ်ရက်ကြာမည်စသည့်ကိစ္စတို့ကို မရေမရာသာ ဖြေခဲ့သည်။ သို့သော် နင်းမ်နှင့်ပတ်သက်သည့် သဘောထားကမူ ပြတ်ပြတ်သားသားရှိပုံရသည်။ ရှသ်ပုံစံမှာ ဆုံးဖြတ်ထားသည့်ကိစ္စအား အကောင်အထည်ဖော်ရန်သာ ကျန်တော့သည့် ပုံစံပင်တည်း။ ရှသ်၏ ဆုံးဖြတ်ချက်တွေကအား ဘယ်နည်းဘယ်ပုံ အကျိုးသက်ရောက်မှု ရှိလာစေမည်ကို နင်းမ် မတွေးတတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ချေ။ အစပထမပိုင်းတွင် ဒီကိစ္စနှင့်ပတ်သက်၍ သူ့ပူပင်သောကဖြစ်သင့်သည်ဟု သူဖာသာသူ တွေးမိသည်။ သို့သော် သူ့စိတ်ထဲက ပူပင်သောကမဖြစ်ကြောင်း၊ ဝမ်းနည်းဖွယ်ရာ သိလာရသည်။

နင်းမ်သည် နဂိုစရိုက်အရ ခပ်မြန်မြန် ဆုံးဖြတ်ချက်ချတတ်ပြီး၊ ကြိုတင်၍ စီမံကိန်းရေးဆွဲတတ်သူ ဖြစ်သည်။ သို့သော် သူ့အိမ်ထောင်ရေးနှင့် ပတ်သက်လာပါက အမှန်တရားကို ရင်မဆိုင်လို၍လော မသိ။ စတင်ဆောင်ရွက်ရန် ထူးထူးခြားခြား လက်နှေးနေလေ့ရှိသည်။ သူက ရှယ်တို လုံးဝဥဿုံ လွဲထားလေ့ရှိသည်။ အကယ်၍ ရှယ်က ထာဝရခွဲခွာသွားပြီး၊ သဘာဝကျသော နောက်ဆက်တွဲအနေဖြင့် ကွာရှင်းပြတ်စဲခွင့် တောင်းခံလာမည်ဆိုပါက သူ့အနေနှင့် ရှယ်အား ကွာရှင်းမပေးနိုင်ဟု၍သော်လည်းကောင်း၊ အနည်းဆုံး ဖျောင်းဖျရန်ကိုသော်လည်းကောင်း ကြိုးပမ်းလိမ့်မည် မဟုတ်ပါချေ။ သို့တိုင်အောင် ကွာရှင်းရေးကိစ္စကို နင်းမ်က စတင်ဆောင်ရွက်လိမ့်မည်တော့ မဟုတ်။ ယခုအချိန်အထိ ဆိုပါတော့လေ။

သို့သော် ထိုကိစ္စအားလုံးကို ရှယ်ပြန်လာသည်အထိ သူစောင့်ရတော့မည်သာဟုတွေးရင်း ဟာလာဟင်းလင်းဖြစ်နေသော အိမ်ကြီးထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

နင်းမ်သည် ဝီစကီနှင့် ရေကိုရောစပ်ရင်း လွန်ခဲ့သော လေးငါးနှစ်က ရေးဆွဲခဲ့သည့် ရှယ်၏ ဆီဆေးပန်းချီကားကို စေ့စေ့စပ်စပ် ကြည့်မိပြန်၏။ ပန်းချီဆရာသည် ရှယ်၏အလှအပနှင့် တည်ငြိမ်အေးချမ်းမှုကို အရအမိ သရုပ်ဖော်နိုင်ခဲ့သည်။ ပန်းချီအဆွဲခံစဉ်က ရှယ်သည် (ပခုံးသိုင်းကြိုးမပါသော) ကြိုးမဲ့ ပွဲထိုင်ဝတ်စုံကို ဝတ်ဆင်ခဲ့ရာ၊ ပန်းချီကားထဲတွင် အင်မတန် ကျက်သရေရှိလှသော ရှယ်၏ပခုံးသားသည် တကယ့်အသားအရည်နှင့် ထူးထူးခြားခြား တူလှသည်။ ရှယ်၏ ပခုံးသားပေါ်၌ အဆိုပါပုံတူကားကို ရေးဆွဲပြီးနောက် များမကြာမီ အသားပေါ်မှ ခွဲစိတ်၍ထုတ်ပစ်ခဲ့သော အနက်ရောင်မှဲ့ကလေးတစ်လုံးကိုပင် တွေ့မြင်နေရသည်။

ချီးမွပဲ။ ရှယ်က ဘယ်ငတိနဲ့ ဘယ်နေရာကို သွားနေကြတာလဲ။

နင်းမ်သည် အိမ်ထဲတွင် တစ်ဦးတည်း နေမထိထိုင်မသာ ဖြစ်နေမိသည်။

အလုပ်လုပ်မယ် ဆိုရင်ကော၊ ဂိုးလ်ဒင်းစတိတ်ရုံးချုပ်ရှိ သူ့ရုံးခန်းထဲတွင် အလုပ်တွေ တစ်ပြုံတစ်ခေါင်းကြီး စုပြုံနေသည်။

သို့သော် လက်ရှိစိတ်အခြေအနေနှင့် အလုပ်မလုပ်ချင်။ တခြားအလုပ်ကိစ္စနှင့် သူဦးနှောက်ကို အလုပ်ပေးထားမယ် ဆိုရင်ကော။

တနင်္လာနေ့တွင် သက်သေအဖြစ် အစစ်ခံရန် မည်သို့မည်ပုံ ကြိုတင်ပြင်ဆင်ထားသင့်သနည်း။ သူ့ကို အချက်အလက် ပြည့်ပြည့်စုံစုံ ပြောဆိုအသိပေးထားပြီး ဖြစ်



သည်။ သို့တိုင်အောင် မမျှော်မှန်းနိုင်သော ကိစ္စရပ်များအတွက် ပိုမိုပလ္လာလာထားထိုက်သည်သာ။

စိတ်ကူးစိတ်သန်းတစ်ခုသည် သူ့ဦးနှောက်ထဲသို့ ဖြုန်းစားကြီး ရောက်ရှိလာ၏။

ကျောက်မီးသွေး။

တူနီပါအတွက် ကျောက်မီးသွေး လိုအပ်သည်။ တူနီပါ ဓာတ်အားပေးစက်ကို ကျောက်မီးသွေးမပါဘဲနှင့် အကောင်အထည်ဖော်၍ မရ။ တဖန် ကျောက်မီးသွေးနှင့် ပတ်သက်၍ နင်းမ် နှံ့နှံ့စပ်စပ် သိရှိထားသော်လည်း ကိုယ်တွေ့လက်တွေ့ အတွေ့အကြုံမှာ နည်းလွန်းလှသည်။ ဒါကလည်း ရှင်းသည်။ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ မရှိသေးပါ။ တူနီပါသည် သမိုင်းတွင်စေမည့် အဦးအစ ပထမဖြစ်ပေလိမ့်မည်။

ဒီတော့ ယခုကာလမှ တနင်္လာနေ့ မနက်မတိုင်မီ ကြားကာလအတွင်း ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ခုသို့ မရောက်ရောက်အောင် သွားရလိမ့်မည်။ တဖန် ထိုနေရာမှ ကိုယ်ထိလက်ရောက် သိမြင်ထိတွေ့ခဲ့ရသော ကျောက်မီးသွေးအနံ့၊ အာရုံများ၊ လန်းလန်းဆတ်ဆတ် ရှိနေသေးစဉ်၊ တူနီပါ ကြားနာစစ်ဆေးမှုသို့ ပြန်လာပြီး အစစ်ခံမည်။ အမြဲတမ်း မှန်ကန်လေ့ရှိသော သူ့ဇာတိစိတ်က သူဗိုလ်သွားခဲ့လျှင် ပိုမိုထိရောက်သော သက်သေကောင်းတစ်ယောက် ဖြစ်လိမ့်မည်ဟု တိုက်တွန်းနှိုးဆော်နေသည်။

တစ်ဖန် ဒီတစ်ပတ်နားရက်၌ ဆောက်တည်ရာမရဖြစ်နေသော ပြဿနာကိုလည်း အလိုလို ဖြေရှင်းပြီးသား ဖြစ်ပေလိမ့်မည်။

သို့သော် ဘယ်နေရာက ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို သွားရမလဲ။

ရှော့ရှော့ရှူရှူ အဖြေရလာသောအခါ နင်းမ်သည် ဝီစကီတစ်ဖန်ခွက်ကို ဆပ်မံရောစပ်လိုက်သည်။ ထို့နောက် ဝီစကီဖန်ခွက်ကို ဘေးသို့ချရင်း တယ်လီဖုန်းဘေးနားတွင်ထိုင်၍ ကိုလိုရာဒိုပြည်နယ် ဒင်ဗာမြို့ရှိ တယ်လီဖုန်းဌာနမှ ဂုံစမ်းရေးဌာနသို့ ဆက်သွယ်မေးမြန်းတော့သည်။

□

ဒင်ဗာရှိ စတက်ပဲလ်တန် နိုင်ငံတကာလေဆိပ်တွင် သာစတန်ဂျုံးစ်က လာရောက်ကြိုဆိုပြီး နင်းမ်အား ၎င်း၏မော်တော်ကားဆီသို့ ခေါ်သွားသည်။

သာစတန်နှင့် နင်းမ်သည် ကျောင်းအတူတူ နေဖူးသည်သာမက တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်၌ တစ်ခန်းတည်းအတူနေခဲ့ပြီး အလွန်ရင်းနှီးသူများ ဖြစ်ခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ၎င်းတို့နှစ်ယောက်သည် ရံဖန်ရံခါမှ ဆုံမိကြပြီး တစ်ခါတစ်ရံမှသာ စာအဆက်အသွယ် ရှိခဲ့သော်လည်း ရင်းနှီးခင်မင်မှုမှာ ခိုင်မြဲနေဆဲပင်။

သူတို့နှစ်ဦး၏ သွင်ပြင်စရိုက်မှာမူ ကွဲပြားခြားနားသည်။ သာစတာန်က တည်ငြိမ်သည်။ ကြိုးစားသည်။ စာတော်သည်။ ငယ်ရုပ်မပျောက်ဘဲ ကြည့်ကောင်းသူဖြစ်သည်။ တိုက်ဆိုင်မှုတစ်ရပ်မှာ သာစတာန်သည် နင်းမ်၏ အသက်မွေးမှုလမ်းကြောင်းအတိုင်း ဆက်လျှောက်ခဲ့ရာ အမေရိကန်နိုင်ငံ၏ လေးစားဖွယ်ရာ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်ငွေ့ထုတ်လုပ်မှုကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ကိုလိုရာဒို ပြည်သူ့အကျိုးပြု ကုမ္ပဏီ၌ နင်းမ်ကဲ့သို့ပင် စီမံကိန်းဆိုင်ရာ ဒုဥက္ကဋ္ဌတစ်ဦး ဖြစ်နေလေပြီ။ နင်းမ်ထက်သာသည့်အချက်မှာ သာစတာန်သည် ကျောက်မီးသွေးကိုသုံးစွဲ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်ဘက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဒိဋ္ဌကိုယ်တွေ့ အတွေ့အကြုံရှိနေခြင်းပင်။

သာစတာန်၏ ဖို့ဒ်ပင်တိုကားကလေးပေါ်သို့ တက်လိုက်ကြစဉ် သာစတာန်က ပြောလိုက်သည်။

"မင်းက ကျောက်မီးသွေးအရသာကို လက်တွေ့သိချင်လို့ လာတာပဲဖြစ်ဖြစ်၊ မင်းကို ခုလိုပြန်တွေ့ရတဲ့အတွက် သိပ်ကိုဝမ်းသာမိတယ်ကွာ"

သာစတာန်က အသွားအလာ သိပ်မများလှသော စနေနေ့နံနက်ခင်း၏ ကားတန်းများအကြားတွင် ရောနှောမောင်းနှင်ရင်း နင်းမ်ကို အသိပေးလိုက်၏။

"မြို့မြောက်ဘက်မှာရှိတဲ့ တို့ရဲ့ ချီရိုကီးစက်ရုံကို တန်းသွားမယ်၊ တို့ရဲ့ အကြီးဆုံး ဓာတ်အားပေးစက်ရုံပေါ့ ကျောက်မီးသွေးကို အစာငတ်နေတဲ့ ဒိုင်နိုဆောလို အရမ်းတုတ်တဲ့စက်ကွ"

□

ချီရိုကီးဓာတ်အားပေးစက်ရုံ ကြီးကြပ်ရေးမှူးက တဝေါဝေါမြည်နေသော အမှုန့်ကြိတ်စက်များ၊ ပန်ကာများ၊ ရေစုပ်စက်သံများပေါ်မှ လွှမ်းသွားအောင် အတတ်နိုင်ဆုံးကြိုးစား၍ အော်ဟစ်ရင်း နင်းမ်ကို ပြောပြလိုက်သည်။

"ကျုပ်တို့ ဒီမှာတစ်နေ့ကို တန်ချိန် (၇၅၀၀) လောက် မီးရှို့နေရတယ်၊ ပိုရင်လည်း နည်းနည်း၊ လိုရင်လည်း နည်းနည်းပေါ့ဗျာ"

သူသည် နီညိုရောင်ဆံပင်နှင့် သွက်သွက်လက်လက်ရှိလှသော လူရွယ်တစ်ယောက်ဖြစ်ပြီး မိဘမျိုးရိုးအမည် 'ဖိုဂါ'ကို သူဆောင်းထားသော အမာစားဦးထုပ်အနီရောင်ပေါ်တွင် ဆေးနှင့်ရေးထားသည်။ နင်းမ်သည် 'ဧည့်သည်'ဟု စာတန်းထိုးထားသော ဦးထုပ်ဖြူကို ခေါင်းပေါ်တွင် ဆောင်းထားပြီး သာစတာန်ကမူ သူ့ဦးထုပ်ကို ဆောင်း



လာသည်။

သူတို့သည် ကျောက်မီးသွေးကို အမှုန့်ဖြစ်အောင် ကြိတ်လိုက်ပြီးနောက် (ကျောက်မီးသွေးမှုန့်) အပြောက်အမြားကို လေနှင့်မှုတ်သွင်းနေသော အလွန်ကြီးမားလှသည့် ဘွိုင်လာအိုးကြီးဘေးနားရှိ သံမဏိပြားခင်း ကြမ်းပြင်ပေါ်တွင် မတ်တတ်ရပ်နေကြသည်။ ဘွိုင်လာအိုးထဲသို့ ရောက်သည့်အခါ ကျောက်မီးသွေး (အမှုန့်များ) သည် ချက်ချင်းမီးစွဲလောင်ပြီး အပူရှိန်ပြင်းထန်လွန်းသောကြောင့် ဖွေးဖွေးဖြူသွားသည်ကို မှန်တပ်ဆင်ထားသော စစ်ဆေးကြည့်ရှုသည့် ပြတင်းပေါက်မှ မြင်နေကြရသည်။ ထိုအပူရှိန်သည် ရေထည့်ထားသော မှန်ကူကွက်သဏ္ဌာန် ဘွိုင်လာပိုက်လုံးများထဲသို့ ကူးစက်ပျံ့နှံ့သွားရာ (ပိုက်လုံးများထဲမှရေသည်) ချက်ခြင်းဆိုသလို ဖိနှိပ်အားပြင်းထန်သော ရေနွေးငွေ့ဖြစ်သွားပြီး၊ သီးခြားရှိနေသော ဆူပါဟီတာပိုက်များမှတစ်ဆင့် ဖာရင်ဟိုက် ဒီကရီ တစ်ထောင်ရှိသော ရေနွေးငွေ့အဖြစ် ပေါ်ထွက်လာသည်။ ထိုရေနွေးငွေ့များက တာဘိုင်ဂျင်နရေတာစက်ကို လည်ပတ်စေရာ ချီရိုကီးစက်ရုံတွင်ရှိသော တာဘိုင်ဂျင်နရေတာစက်များက စွမ်းအင်အသုံးအစွဲ များပြားလှသော ဒင်ဗာမြို့နှင့် အနီးအနားပတ်ဝန်းကျင်အတွက် ကီလိုဝပ် ခုနှစ်သိန်းငါးသောင်းနီးပါးကို ထုတ်လုပ်ပေးလျက်ရှိသည်။

သူတို့၏ ခြေထောက်အောက်တွင် မည်းမည်းမှောင်နေသော ကျောက်မီးသွေးမှုန့်များ အထပ်လိုက်ရှိနေသည်။ နင်းမ်သည် သူ့ပါးစပ်ထဲနှင့် နှာခေါင်းထဲတွင် သဲတရှပ်ရှပ်နှင့် ယားကျိကျိဖြစ်လာသည်ကိုပင် ခံစားနေရလေပြီ။

ကြီးကြပ်ရေးမှူး ဖိုဂါက ရှင်းပြလေသည်။

"ကျွန်တော်တို့ တတ်နိုင်သလောက်တော့ သန့်ရှင်းရေးလုပ်ပါတယ်၊ ဒါပေမယ့် ကျောက်မီးသွေးက ညစ်ပတ်တယ်"

သာစတာန်က ပြုံးရင်း ခပ်ကျယ်ကျယ် ထပ်ဖြည့်ပြောသည်။

"ရေအားနဲ့ ရေနံသုံးစက်တွေထက် ပိုညစ်ပတ်တာပေါ့၊ ဒီလောက်ညစ်ပတ်တဲ့ တိစ္ဆကို မင်းတို့ကယ်လီဖိုးနီးယားမှာ လုပ်ချင်တယ်ဆိုတာ တကယ်ပဲလား"

နင်းမ်က အော်မပြောလိုသောကြောင့်သာ ခေါင်းညိတ်ပြသည်။ နောက်မှ စိတ်ထားပြောင်းသွားပြီး ပြန်အော်ပြောလိုက်သည်။

"ကျုပ်တို့လည်း ကျောက်မီးသွေးအုပ်စုနဲ့ ပေါင်းရတော့မှာပေါ့၊ တခြားရွေးစရာလမ်းမှ မရှိတော့ဘဲ"

သူလာမိသည့်အတွက် ဝမ်းသာနေမိသည်။ ကျောက်မီးသွေးသည် တူနီပါနှင့် ဆက်နွယ်နေသည့်အတွက် ကျောက်မီးသွေးနှင့် ပတ်သက်၍ ခံစားမှုရှိရန် လိုအပ်ပေသည်။

နောက်ထပ် တစ်နာရီလုံးလုံး ရှုပ်ထွေးပွေလီပြီး ကျောက်မီးသွေးမှုန့်ထပ်၍

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ဆူညံလှသော ချိုရိုကီးစက်ရုံကို လှည့်လည်လေ့လာကြသည်။ သဘာဝအလှ မပျက်စီးစေရေး ဥပဒေအရ မရှိမဖြစ် ထားရှိရန်လိုအပ်သော အလွန်ကြီးမားလှသည့် လျှပ်စစ်မီးဖုန်စုပ် ကိရိယာများကို အချိန်အတော်ကြာအောင် လေ့လာကြသည်။ အဆိုပါ ကရိယာများ ထားရှိသည့် ရည်ရွယ်ချက်မှာ၊ လောင်ကျွမ်းပြီးနောက် မီးခိုးခေါင်းတိုင်များမှ လွှင့်စင်ပျံထွက်သွားကြပြီး လေထုကို ညစ်ထည်းစေမည့် ကျောက်မီးသွေးပြာများကို ထိန်းချုပ်ရေးဝင်တည်း။

နင်းမ်၊ သာစတန်နှင့် ဖိုဂါတို့သုံးယောက်သည် မြေပြင်မှ ပေနှစ်ရာခန့်မြင့်သော စက်ရုံ၏ထိပ်ဖျား၌ရှိသည့် ဝေဟင်စင်္ကြံအတိုင်း အပြင်ဘက်သို့ လျှောက်ထွက်လာကြသည်။ အောက်ဘက်တွင်ရှိသော ရှုပ်ထွေးနေသည့် စင်္ကြံလမ်းများအား မတ်စောက်စောက် သံလှေကားများနှင့် ဆက်ထားသည်။ အဆိုပါ စင်္ကြံလမ်းကြမ်းပြင်ကို သံချောင်းများ ခင်းထားသောကြောင့် အောက်ဘက်တွင် ရှိရှိသမျှကို မြင်နေရသည်။ အောက်ဘက်ရှိ စင်္ကြံလမ်းများပေါ်၌ သွားလာနေကြသော စက်ရုံလုပ်သားများမှာ ယင်ကောင်ကလေးများနှင့် ပမာပင်တည်း။ နေသာသောနေ့ပင် ဖြစ်လင့်ကစား ဤနေရာ၌ တိုက်ခတ်သောလေသည် အသည်းခိုက်အောင် အေးလွန်းလှသဖြင့် နင်းမ်တစ်ကိုယ်လုံး တုန်သွားသည်။ အထီးကျန်ဆန်မှု၊ စွန့်ပယ်ခံရမှုနှင့် အန္တရာယ်ရှိမှုတို့ကို နင်းမ် ခံစားလိုက်ရသည်။

သာစတန်က ပြောလိုက်၏။

"ဟိုဟာကတော့ အနာဂတ်ကမ္ဘာပဲ၊ မင်းစိတ်တိုင်းကျ လုပ်ပိုင်ခွင့်ရလာမယ် ဆိုရင် မင်း တူနီဝါမှာ မြင်ရမယ့်ပုံစံပဲ"

သာစတန်သည် (၁၅) ဧကလောက်ရှိသော သူ့ရှေ့တည့်တည့်မှ မြေကွက်ကို လက်ညှိုးထိုးပြ၍ ပြောလိုက်ခြင်းဖြစ်သည်။ ထိုနေရာကို အလွန်ကြီးမားသော ကျောက်မီးသွေးပုံကြီးက လုံးဝဖုံးအုပ်ထားသည်။

ဖိုဂါက ရှင်းပြသည်။

"အခု ခင်ဗျားမြင်နေရတာဟာ စက်ရုံအတွက် (၄) လစာပဲ၊ တန်ချိန်တစ်သန်းနဲ့ သိပ်မကွာပါဘူး"

သာစတန်က ထပ်ဖြည့်စွက်သည်။

"အဲဒီအောက်ဘက်မှာကတော့ တစ်ခါက အလွန်လှပတဲ့ မြက်ခင်းပြင်ပေါ့ကွာ၊ အခုတော့ မျက်စိစပါးမွေးစူးစရာ ဖြစ်နေပြီ၊ ဒါပေမယ့် တို့အတွက် ကျောက်မီးသွေး လိုအပ်တယ်၊ ဒီနေရာမှာတော့ ဝိရောမိပဲ"

ဤမြင်ကွင်းကို ချို့ယွင်းပျက်စီးခြင်းမရှိသေးသော တူနီပါ တောကြီးမျက်မည်းထံသို့ ပြောင်းရွှေ့မည်ဆိုပါက ပြင်းပြင်းထန်ထန် ကန့်ကွက်မှုများ ရှိလာလိမ့်မည်ကို



နင်းမ်သိနိုင်ပြီး ဖြစ်လေပြီ။ နင်းမ်သည် ကန့်ကွက်သူများ၏ရှုထောင့်ကို ရိုးရိုးသားသား လက်ခံသည်။ သို့သော် တူနီဝါ၌ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားမှာ မရှိမဖြစ် လိုအင်သည်။ ထို့ကြောင့် ဝင်ရောက်ထိပါးမှုကို သည်းခံရမည်သာဟု သူ့ကိုယ်သူ ပြန်သတိပေးသည်။

သူတို့သည် အပေါ်မှစီး၍မြင်ရသည့် နေရာမှ ခွာခဲ့ကြပြီးနောက် အောက်ဘက်အနည်းငယ်မျှသာ နိမ့်သောနေရာသို့ အပြင်ဘက် သံလှေကားမှတစ်ဆင့် ဆင်းခဲ့ကြပြီး ခဏရပ်နားကြပြန်၏။ ယခုအချိန်တွင် သူတို့သည် ပို၍လေလုံသောနေရာသို့ ရောက်ရှိလာသဖြင့် လေတိုးခံရမှု လျော့သွားသည်။ သို့သော် ဘေးပတ်ဝန်းကျင်မှ အသံက ပိုဆူညံသည်။

စက်ရုံကြီးကြပ်ရေးမှူး ဖိုဂါက ပြောပြန်၏။

"ကျောက်မီးသွေးနဲ့ အလုပ်လုပ်တဲ့အခါ ခင်ဗျားတွေ့ကြုံရမယ့်ကိစ္စ တစ်ခုရှိသေးတယ်၊ အဲဒါကတော့ ခင်ဗျားက ရေနံ၊ ဒါမှမဟုတ် ဓာတ်ငွေ့ ပြီးတော့ ခုကိစ္စမှာဆိုရင် အဏုမြူစွမ်းအင် (နဲ့ အလုပ်လုပ်ရတာ) ထက်တောင် ပိုပြီး လူတွေ ထိခိုက်ဒဏ်ရာရတာကို တွေ့ရလိမ့်မယ်၊ ကျုပ်တို့ဆီမှာ ထိခိုက်ဒဏ်ရာရရှိစေမှုမျိုး မဖြစ်အောင် ကာကွယ်တဲ့ အကောင်းဆုံးစီမံချက်တွေ ရှိတယ်၊ ဒါနဲ့တောင် . . ."

နင်းမ် နားထောင်မနေပါ။ ၎င်း၏ရှေ့တည့်တည့် ပေငါးဆယ်ခန့်အကွာတွင် ပြီးတော့ သူနှင့် မျက်နှာချင်းဆိုင်ရှိနေသူနှစ်ဦး၏ ကျောဘက်တွင် ကျောက်မီးသွေးများကို (တစ်နေရာမှ တစ်နေရာသို့) သယ်ပို့သော ခါးပတ်ကြိုးကြီးတစ်ခု သက်ဝင်လှုပ်ရှားနေသည်။ ဝါးလုံးသဏ္ဌာန် ဒလိမ့်တုံးကြီးများပေါ်တွင် လှုပ်ရှားနေသော ရာဘာပြားအပျော့များနှင့် သံမဏိတို့ကို ပေါင်းစပ်ထားသည့် ခါးပတ်ကြိုးကြီးသည် ကျောက်မီးသွေးများကို အတုံးအခဲကလေးများဖြစ်အောင် ကြိတ်ခွဲပေးနေသော ကြိတ်ခွဲစက်များဆီသို့ ပို့ပေးနေသည်။ ထို့နောက်ပိုင်းတွင် ထိုအတုံးအခဲကလေးများကို မီးရှို့ပြီး အဆင်သင့်ဖြစ်အောင် ပေါင်ဒါမှုန့်အဆင့်သို့ ရောက်ရှိသွားသည်အထိ ထပ်မံ၍ အမှုန့်ကြိတ်ဦးမည်ဖြစ်သည်။ ယခုအချိန်တွင် ခါးပတ်ကြိုးကြီးများ၏ တစ်စိတ်တစ်ဒေသသည် ကျောက်မီးသွေး အတုံးအခဲကြီးများကြောင့် ပိတ်ဆို့ပြီး ကျောက်မီးသွေးများသည် နံဘေးသို့ လျှံကျနေသည်။ ခါးပတ်ကြိုးကြီးကတော့ ဆက်လက်ရွေ့လျားနေဆဲပင်။ ကျောက်မီးသွေး အတုံးအခဲသစ်များကလည်း ထိုနေရာသို့ ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် ဘေးသို့ ကျကုန်ကြ၏။ ရွေ့လျားနေသော ခါးပတ်ကြိုး၏ အထပ်ဘက်ရှိ မိုးထွက်နေသော သံနင်းကြမ်းပေါ်၌ အသည်းယားစရာထိုင်နေသော အလုပ်သမားတစ်ယောက် ရှိနေသည်။ ထိုအလုပ်သမားသည် ကျောက်မီးသွေး ပိတ်ဆို့နေမှုကို ရှင်းလင်းပစ်နိုင်ရန် သံမဏိတုတ်ချောင်းတစ်ခုနှင့် ထိုးမွှေပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလုပ်ပုံကိုင်ပုံမျိုးကို တားမြစ်ထားကြောင်း၊ နောက်ပိုင်းတွင်း နင်းမ်သိလာရသည်။ မတော်တဆ ထိခိုက်ဒဏ်ရာရမှု မဖြစ်စေရန် ကြိုတင်စီမံချက် စည်းကမ်းအရ ကျောက်မီးသွေး ပိတ်ဆို့နေမှုကို မရှင်းလင်းမီ သားရေခါးပတ်ကြိုးကြီးကို ရပ်တန့်ထားရန် လိုအပ်သည်။ သို့သော် ကျောက်မီးသွေးကို အဆက်မပြတ်ပို့ပေးရန် လိုအပ်ကြောင်း သိနားလည်ထားသော စက်ရုံအလုပ်သမားများသည် တစ်ခါတစ်ရံတွင် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များကို လျစ်လျူရှုလေ့ရှိကြသည်။

နင်းမ်ကြည့်နေခိုက် တစ်စက္ကန့်၊ နှစ်စက္ကန့်အတွင်းမှာပင် ထိုအလုပ်သမားသည် နင်းကြမ်းပေါ်မှ ချော်ကျသွားရာ သူသည် နင်းကြမ်းအစွန်းကို ဆုပ်ကိုင်၍ ကမန်းကတန်း ထိန်းလိုက်၏။ (သို့ရာတွင်) ထပ်ချော်ထွက်သွားပြီး၊ အောက်ဘက်ရှိ သားရေခါးပတ်ကြိုးပေါ်သို့ လိမ့်ကျသွားသည်။ ထိုအလုပ်သမားက ပါးစပ်ဟ၍ အော်လိုက်သည်ကို နင်းမ်မြင်ရသော်လည်း အသံပျောက်သွားသည်။ သူအကျနာသဖြင့် ဒဏ်ရာရရှိသွားသည်မှာလည်း ထင်ရှားသည်။ ခါးပတ်ကြိုးကြီးသည် ၎င်းအား အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်စေမည့် သေတ္တာပုံသဏ္ဌာန် ကြိတ်ခွဲစက်ထဲရှိရာ အထက်ဘက်ဆီသို့ သယ်ဆောင်သွားနေလေပြီ။

အနီးအနားတွင် မည်သူမျှမရှိကြ။ နင်းမ်ကလွဲလျှင် အဆိုပါ ထိခိုက်ဒဏ်ရာရမှုကို မည်သူမျှ မမြင်လိုက်ကြချေ။ နင်းမ်သည် ရှေ့သို့ တဟုန်ထိုးခုန်ထွက်၍-

"ဒီကြိုးကိုရပ်ပစ်" ဟု အော်ဟစ်လိုက်သည်။

နင်းမ်တစ်ယောက် သူတို့နှစ်ယောက်အကြားမှ အတင်းအဓမ္မထိုးထွက်လိုက်စဉ်၊ သာစတန်နှင့် ဖိုဂါတို့ကလည်း နင်းမ်နောက်သို့ ပြေးလိုက်လာကြသည်။ သို့သော် သူတို့စပြေးချိန်တွင် နင်းမ်က ရှေ့သို့ အတော်ကလေး ရောက်နှင့်နေလေပြီ။

လမ်းလျှောက်ရန် ကြွက်လျှောက်နှင့် အနီးဆုံးနေရာရှိ သားရေခါးပတ်ကြိုးကြီးသည် လေးငါးခြောက်ပေမြင့်သည့်အပြင် အထက်ဘက်သို့ ဆင်ခြေလျှောသဏ္ဌာန် မြင့်တက်နေသည်။ နင်းမ်က ခါးပတ်ကြိုးပေါ်သို့ စွန့်စွန့်စားစား ခုန်တက်လိုက်ရာ ကြိုးပေါ်သို့ လေးဘက်ထောက်လျက်သား ပုံပျက်ပန်းပျက် ကျသွားသည်။ ခါးပတ်ကြိုးအထက်ဘက်နား၌ သတိမရတစ်ချက် ရတစ်ချက်နှင့် လဲကျနေသော အလုပ်သမားနှင့် နီးအောင် လေးဘက်တွား၍ တက်သွားရသည်။ ယခုအချိန်တွင် ထိုအလုပ်သမားသည် ကြိတ်ခွဲစက်နှင့် သုံးပေခန့်အကွာသို့ ရောက်နေပြီဖြစ်သည့်အပြင်၊ ခါးပတ်ကြိုးကလည်း ဆက်လက်ရွေ့လျားနေသည်။

ထို့နောက်ပိုင်း၌ ဖြစ်ပျက်သမျှမှာ မြန်ဆန်လွန်းလှသဖြင့် တစ်ခုစီ ခွဲခြမ်းစိတ်ဖြာ၍ ဖော်ပြရန်ပင် မလွယ်ချေ။

နင်းမ်သည် ထိုအလုပ်သမားထံ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် မိရာကို



ခမ်းဆုပ်ကိုင်ပြီး အောက်သို့ပြန်ဆွဲချရန် ကြိုးစားသည်။ အဝတ်အစားများ စုတ်ပြဲသွားသံကြားရပြီး၊ ထပ်ဆွဲ၍မရတော့ချေ။ ထိုအလုပ်သမား၏ အဝတ်အစားသည် ရွေ့လျားနေသော ခါးပတ်ကြိုး တစ်နေရာရာတွင် ညပ်နေလေပြီ။ နင်းမ်က ထပ်ဆွဲပြန်၏။ သို့သော် အကျိုးမထူးချေ။ ကြိတ်ခွဲစက်နှင့် တစ်ပေခန့်သာ ကွာဝေးတော့သည်။ နင်းမ်က နောက်ဆုံးအကြိမ်အဖြစ် ကြိုးစားပမ်းစား ဆွဲပြန်၏။ အရာမထင်ချေ။ ဦးခေါင်း၏အပေါ်ဘက်သို့ ရောက်ရှိနေသော အလုပ်သမား၏ ညာဘက်လက်သည် ကြိတ်ခွဲစက်ထဲသို့ဝင်သွားပြီး လန့်စရာကောင်းလောက်အောင် အရိုးများ ကျိုးကြေကုန်ကြသည်။ သားရေခါးပတ်ကြိုးကြီးသည် ဆက်ရွေ့သွားစဉ် သွေးများပန်းထွက်လာသည်။ ထို့နောက် နင်းမ်၏အဝတ်အစားများသည်ပင်လျှပ် ညပ်နေပြီဖြစ်ကြောင်း သိလိုက်ရ၏။ နင်းမ်တစ်ယောက် မယုံနိုင်စရာ ထိတ်လန့်မှုဖြင့် ကြုံတွေ့ရတော့သည်။ သူကိုယ်သူ အလွတ်ရုန်းထွက်ရန်ပင် အချိန်သိပ်နှောင်းသွားလေပြီ။

ထိုအချိန်တွင် ခါးပတ်ကြိုးကြီး ရပ်တန့်သွားသည်။ ဖိုဂါသည် ခါးပတ်ကြိုးအောက်ရှိ ထိန်းချုပ်စက်ခလုတ်သေတ္တာဆီသို့ တန်းသွားပြီး အနီရောင် ရပ်တန့်ခလုတ်ကို ခပ်ကြမ်းကြမ်းဖိ၍ ရပ်ပစ်လိုက်၏။ ထို့နောက် သားရေခါးပတ်ကြိုးကို အောက်ဖက်သို့ (ပြောင်းပြန်) ပြန်၍လည်စေသည်။

ယခု နင်းမ်အား လမ်းလျှောက်နင်းကြမ်းပေါ်သို့ ပြန်ဆင်းနိုင်အောင် ဝိုင်းဝန်းကူညီကြသည်။ နောက်ထပ် ကူညီမည့်သူများ ထပ်ရောက်လာကြ၏၊ အသစ်ရောက်လာသူများက သွေးအလွန်အကျံ ထွက်နေပြီး၊ ကဇယောင်ကတန်း ငြီးငြူနေသော သတိလစ်နေသည့် ထိုအလုပ်သမားအား အောက်သို့ မချကြသည်။

အောက်ဘက်တစ်နေရာဆီမှ အန္တရာယ်အချက်ပေးဘဲလ်သံ စတင်ပေါ်ထွက်လာသည်။ ကြီးကြပ်ရေးမှူးဖိုဂါသည် ဒဏ်ရာရနေသူ၏နံဘေး၌ ဒူးထောက်ထိုင်ချလိုက်ပြီး သူ့ခါးပတ်ကိုချွတ်၍ သွေးအလွန်အကျံမထွက်အောင် စည်းနှောင်ပေးလိုက်သည်။ သာစတန်ဂျူးစ်သည် သံသေတ္တာကလေး တစ်လုံးကိုဖွင့်၍ အထဲရှိ တယ်လီဖုန်းဖြင့် အမိန့်ပေးနေသည်။ သူပြောနေသည့်စကားကို နင်းမ်ကြားလိုက်ရ၏။

"ဆရာဝန်တစ်ယောက်နဲ့ လူနာတင်ကားတစီး ခေါ်စမ်း မြန်မြန်ခေါ်ဟေ့"

□

"ငါက မင်းလို လူစွမ်းကောင်းကြီး မဟုတ်ပေမယ့် ဒီမြို့မှာတော့ တတ်နိုင်သာကလေးတွေ ရှိပါတယ်ကွ"

သာစတန်၏ ညဝတ်အင်္ကျီကိုဝတ်ထားပြီး ခပ်ပြင်းပြင်း ရောစပ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဝီစကီဖန်ခွက်ကို ကိုင်ထားသော နှင်းမ်အား သာစတန်က ပြောလိုက်ခြင်းဖြစ်သည်။ သာစတန်က ဆက်ပြောပြန်သည်။

"မင်းဝတ်စုံကို အထူးတလည် လျှော်ဖွပ်နေကြပါပြီ၊ စနေနေ့ညနေပိုင်းဆိုတော့ သိပ်မလွယ်ဘူးကိုရင်၊ တော်တော်လေးကြာရင် ဒီကိုလာပို့လိမ့်မယ်"

"ကျေးဇူးပဲပါကွာ"

သာစတန်၏ဇနီး အာဆူလာသည် သူ့ခင်ပွန်းနောက်မှကပ်၍ ဧည့်ခန်းထဲသို့ လိုက်ဝင်လာ၏။ ဖြတ်နှံမှ ဒင်ဗာသို့ ကလေးငယ်တစ်ယောက်နှင့်အတူ အလည်အပတ် ရောက်ရှိနေသော (အာဆူလာ၏) ညီမဖြစ်သူ ဒက်ဖနီလည်း ကပ်ပါလာသည်။ ဒီညီအစ်မနှစ်ယောက်သည် ရုပ်ချင်းအတော်ကလေးတူကြောင်း နှင်းမ်သတိပြုမိသည်။ နှစ်ယောက်စလုံးသည် ခေတ်မီမီ ချောကြလှကြသူများ မဟုတ်။ အရပ်ရှည်ပြီး ရိုးကြိုးဂေါင်ဂင်နှင့် နဖူးကျယ်သည့်အပြင်၊ လှသည်ဟု မဆိုနိုင်အောင် ပါးစပ်ပြဲလွန်းလှသည်။ သို့သော် သွက်သွက်လက်လက်နှင့် ပွင့်ပွင့်လင်းလင်းရှိလှသော ပင်ကိုယ်စရိုက်များကြောင့် စွဲမက်ဖွယ်ပင်တည်း။ နှင်းမ်သည် ဒက်ဖနီနှင့် လွန်ခဲ့သော နာရီဝက်က ပထမဦးဆုံးအကြိမ် တွေ့ခဲ့ရခြင်းဖြစ်ပြီး တွေ့တွေ့ချင်း သဘောကျသွားသည်။

"တခြားပြောစရာ သတင်းထူးတွေ ရှိသေးတယ်ကွ"

သာစတန်က နှင်းမ်ကို ပြောလိုက်သည်။

"မင်း အသက်ကယ်လိုက်တဲ့ ဟိုလူ လက်မဖြတ်ပစ်ရပါဘူး၊ ခွဲစိတ်ကုဆရာဝန်ကြီးတွေက ပြန်ဆက်ပေးလို့ ရနိုင်ကောင်းတယ်တဲ့၊ ကျောက်မီးသွေးစက်ရုံမှာ အလုပ်လုပ်ရလောက်အောင် သန့်စွမ်းတော့မှာ မဟုတ်ပေမယ့် သူ့ဇနီးနဲ့ ကလေးသုံးယောက်ကိုတော့ ပွေ့နိုင်ဖက်နိုင်ဦးမှာပါ"

ထိုအခိုက်မှာပင် ဒင်ဗာပို့စ်သတင်းစာမှ သတင်းထောက်တစ်ယောက် ရောက်ရှိလာသည်။ နှင်းမ်အား လူတွေ့မေးရန်နှင့် ဓာတ်ပုံရိုက်လိုသောကြောင့်ပင်တည်း။ နှင်းမ်က အင်အင်တင်တင်နှင့်ပင် လိုက်လျောလိုက်ရသည်။

ထို့နောက် များမကြာမီ နှင်းမ်၏ဝတ်စုံသည် အခြေအနေမပျက်ယွင်းဘဲ ပြန်လည်ရောက်ရှိလာသည်။

အာဆူလာက သူ့ခင်ပွန်းကို မေးလိုက်သည်။

"ဒီကနေ့ညစာအတွက် အစီအစဉ်က ဘယ်လိုလဲ"

သာစတန်က ပြုံးသည်။

"မင်းမေးတဲ့အတွက် ဝမ်းသာမိပါတယ်၊ တို့ ဟိုတယ်မှာ ညစာစားကြမယ် ဘရောင်းပဲလေ့ (ဟိုတယ်)မှာ လေးယောက်စာ တစ်စားပွဲကိုတောင် ကြိုတင်စာရင်းပေးထားပြီးပြီ"



ဒက်ဖနီက ဆိုသည်။

"ပျော်စရာကြီးပဲ၊ ကိတ်အတွက် ကလေးထိန်းမယ့်လူ ရှာလို့ရနိုင်မလား"

အာဆူလာက အာမခံသည်။

"စိတ်မပူပါနဲ့လေ၊ ငါ စီစဉ်ပေးပါ့မယ်"

□

ဟိုတယ်သို့အသွားတွင် နှင်းမ်နှင့် ဒက်ဖနီတို့သည် သာစတန်၏ 'ပင်တို'ကားနောက်ဖက်ခုံ၌ ကျဉ်းကျဉ်းကြပ်ကြပ် ဝင်ထိုင်မိကြသောအခါ ဒက်ဖနီက သူ့လက်မောင်းကို ဖျစ်ညှစ်လိုက်သည်။ ဒစ်ဖနီက တိုးတိုးကလေးပြောသည်။

"ရှင် လုပ်ပုံကိုင်ပုံ ပြောပုံဆိုပုံတွေ၊ ပြီးတော့ ရှင်က မာနသိပ်မရှိတာတွေကြောင့် ရှင့်ကို လူတော်ပဲလို့ ကျွန်မအထင်ကြီးသွားပြီ"

ဘာပြန်ပြောရမှန်း မသိသောကြောင့် နှင်းမ်သည် ဒက်ဖနီ့လက်ကို လှမ်းကိုင်လိုက်မိ၏။ ဒီနေ့ညနေပိုင်းတွင် ဘာတွေများ ဆက်ဖြစ်လာလေမလဲဟုတွေးရင်း ပြန်မလွှတ်ဘဲ ဆက်ကိုင်ထားမိသည်။

ယခုညစာ စား၍ပြီးလေပြီ။ နှင်းမ်နှင့် ဒက်ဖနီတို့သည်လည်း အကြိမ်ခပ်များများ တွဲ၍ကရင်း၊ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ပို၍ ရင်းနှီးမှုရှိလာသည်။ ထိုသို့ရင်းနှီးမှုရှိလာသည်ကို ဒက်ဖနီက မကန့်ကွက်ကြောင်း သိသာထင်ရှားအောင် ပြသခဲ့သည်။

တစ်ကြိမ်တွင် သာစတန်နှင့် အာဆူလာတို့က တွဲကနေကြပြီး ၎င်းတို့နှစ်ယောက်တည်း စားပွဲ၌ရှိနေစဉ် နှင်းမ်က ဒက်ဖနီ၏ အိမ်ထောင်ရေးပြဿနာကို မေးမြန်းစုံစမ်းကြည့်သည်။

ဒက်ဖနီက ပွင့်ပွင့်လင်းလင်းပင် ပြန်ဖြေသည်။

"ကျွန်မယောကျ်ားက ကျွန်မထက် အသက်ကြီးတယ်၊ တခြားပြဿနာလေးတွေရှိပေမယ့် သူက အိမ်ထောင်ရေးသုခကို ပြည့်ပြည့်ဝဝ ပေးနိုင်စွမ်းမရှိတာ အဓိကပြဿနာပဲပေါ့ရှင်"

"အဲဒါကတော့ မင်းဘက်ကပြဿနာ မဟုတ်ဘူးထင်ပါရဲ့"

ဒက်ဖနီက ခေါင်းတစ်ချက်ဆတ်လိုက်ပြီး ရယ်သည်။

"ရှင်က ဘယ်လိုလုပ်ပြီး ခန့်မှန်းကြည့်တာလဲ"

"မင်းတို့ဇနီးမောင်နှံမှာ ကလေးတစ်ယောက် ရလာတယ်မဟုတ်လား"

"ဟုတ်ပါ့ရှင်၊ ကျွန်မကတော့ 'ကိတ်'ကိုရလိုက်လို့ သိပ်ဝမ်းသာတာပဲ၊ သူ

www.burmeseclassic.com



အသက် (၂) နှစ်ပြည့်တော့မယ်၊ ကျွန်မက သူ့ကိုသိပ်ချစ်တာပဲ၊ စကားမစပ် ကျွန်မနဲ့ ကိတ် တစ်ခန်းတည်း အတူတူအိပ်ရပေမယ့် သူက သိပ်အအိပ်ပုတ်တာ"

နင်းမ်က ဖြေသည်။

"ဘာပဲပြောပြော ကိုယ်ကတော့ သူ့အခန်းထဲကို မလာချင်ဘူး"

"ဖြစ်ပါတယ်ရှင်၊ ညကျရင် ရှင့်အခန်းတံခါးကိုသာ အသာကလေး စေ့ထားပေးပါ"

□

သူတို့ အိမ်ပြန်ခဲ့ကြသည်မှာ တစ်နာရီခွဲခန့် ကြာလေပြီ။ သာစတန်က ကလေးထိန်းပေးသူကို ကားနှင့်အိမ်ပြန်ပို့ပေးပြီးနောက် အာဆူလာက လက်ဖက်ရည်ဖျော်နေစဉ် မီးဖိုထဲ၌ ထိုင်စကားပြောနေကြသည်။ ထို့နောက် နှုတ်ဆက်ပြီး အိပ်ရာဝင်ခဲ့ကြ၏။ ယခုအချိန်တွင် နင်းမ် အိပ်ပျော်လုဆဲဆဲ ဖြစ်နေလေပြီ။

အသံတစ်သံက နင်းမ်ကို နှိုးလိုက်သည်။ ကျွိကနဲ မြည်သံ။ ဒက်ဖနီမှာထားသည့်အတိုင်း စေ့ရုံသာစေ့ထားသော တံခါးကို ပွင့်သွားအောင် တွန်းဖွင့်လိုက်သောကြောင့် မြည်သံဖြစ်ရမည်သာ။ ထို့နောက် ကျွိကနဲတစ်ချက် ထပ်မြည်သွားပြီး၊ တံခါးသော့ကို ပြန်ပိတ်သံပေါ်လာ၏။ နင်းမ်က ခေါင်းထောင်၍ မှောင်ထဲတွင်ကြည့်ရန်ကြိုးစားသည်။ သို့သော် မမြင်ရချေ။ ဖွဖွကလေးနင်းလာသည့် အသံနှင့် အဝတ်အစားလှုပ်ရှားသံကို နင်းမ်ကြားနေရသည်။ ထို့နောက် ကုတင်ပေါ်မှ စောင်ကိုဆွဲခွာပြီး နူးညံ့၍ နွေးထွေးလှသော ခန္ဓာကိုယ်တစ်ခု သူ့ဘေးနားတွင် ရောက်ရှိလာသည်ကို သိလိုက်ရသည်။ နင်းမ်က လှမ်းဖက်ရင်း ပြောလိုက်၏။

"ဒက်ဖနီ အချစ်ရယ်၊ ကိုယ်က ဒီအချိန်ရောက်ပါစေတော့လို့ တစ်နေ့လုံးဆုတောင်းနေရတာ"

ခပ်တိုးတိုးညင်းညင်းကလေးရယ်သံကို သူကြားလိုက်၏။ နူးညံ့သော နှုတ်ခမ်းတစ်စုံက သူ့နှုတ်ခမ်းပေါ်သို့ နွေးနွေးထွေးထွေးကလေး ရောက်ရှိလာသည်။ ရှည်ကြာ၍ ချိုမြိန်လှသော အနမ်းလက်ဆောင်ပင် ဖြစ်ချေသည်တကား။

□ □ □

# အခန်း (၁၃)

အသက်ခပ်ငယ်ငယ် သဘာပတိက စားပွဲကို တင်းပုတ်ငယ်ကလေးနှင့် အသာအယာ ထုလိုက်၏။

"ဒီသက်သေကို စုံစမ်းမေးမြန်းခြင်းမပြုလုပ်မီ လွန်ခဲ့တဲ့နှစ်ရက်က အခြားပြည်နယ်တစ်ခုမှာ ကုမ္ပဏီဝန်ထမ်းတစ်ယောက်ကို ဖျတ်ဖျတ်လတ်လတ်နဲ့ သတ္တိရှိရှိကယ်တင်ခဲ့တဲ့ သူ့လုပ်ရပ်ကို မှတ်တမ်းတင်ထိုက်တယ်လို့ ကျုပ်ထင်တယ်"

ရုံးခန်းအတွင်းမှ ဖြိုးဖြိုးဖြောက်ဖြောက်လက်ခုပ်သံများ ပေါ်ထွက်လာ၏။

နင်းမ်က ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ခါးပတ်ကြိုးပေါ်၌ ဖြစ်ပွားခဲ့သော သတင်းသည် ဒင်ဗာမြို့လောက်ကသာ သိရှိကြလိမ့်မည်ဟု သူ ဒီကနေ့မနက်အထိ ယူဆထားခဲ့သည်။ ထို့ကြောင့် ဒီကနေ့ထုတ် ချော်နီကယ်ဝက်စ် သတင်းစာတွင် ပေါ်ပေါ်လွင်လွင် ဖော်ပြထားသော အေပီသတင်း၌ သူ့အကြောင်းပါရှိလာသည်ကို တွေ့ရသောအခါ တအံ့တဩ ဖြစ်ခဲ့ရသည်။ ဤသတင်းပါရှိလာမှုကြောင့် ဂျော့ဂျ်ကျိမ်းသွေးသုံး ဂျင်နီရေတာစက်ရုံသို့ နင်းမ်သွားရောက်သည့်ကိစ္စကို အာရုံစိုက်မိလာကြမည်ဖြစ်ပြီး ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များက မည်သို့မည်ပုံ အမြတ်ထုတ်ကြမည်ကို သူမသိနိုင်။

ယခင်နေ့လိုပင် ရုံးခန်းအတွင်း၌ ခုံရုံးဝန်ထမ်းများ၊ ရှေ့နေကြီးများ၊ သက်သေ

www.burmeseclassic.com

www.burmeseclassic.com



များ၊ စိတ်ပါဝင်စားသော အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ သတင်းထောက်များအပြင် ဆန့်ကျင်ဘက်အုပ်စုကို ထောက်ခံသူအများစု ပါဝင်သော လုပ်သားပြည်သူများ ရှိနေကြသည်။

ရုံးခန်းထဲတွင် ရှိသူများအနက် နှင်းမ် သတိထားမိသူများမှာ ဆီကိုဝါကလပ်မှ လော်ရာဗိုကာမီချယ်နှင့် ရှော့ဒရစ်ပရစ်ချက်၊ ပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စုမှ ဒေဗီဘဒ်ဆောင်။ သတင်းစာဆရာများစားပွဲတွင် သပ်သပ်ရပ်ရပ် ဝတ်စားထားပြီး အခြားပုဂ္ဂိုလ်များနှင့် ခပ်ကင်းကင်းနေထိုင်သူ နန်စီမိုလီနော့တို့ပင်တည်း။

နှင်းမ်သည် "အမှန်အကန် ထွက်ဆိုပါမည်" ဟု ကျမ်းသစ္စာကျိန်ဆိုပြီး ဖြစ်သည်။ ယခုကုမ္ပဏီ၏ ရှေ့နေကြီး အော်စကာအိုဘရိုင်ယင်က ဦးဆောင်၍ မေးခွန်းထုတ်သွားမည် ဖြစ်သည်။ အိုဘရိုင်ယင်က ကြိုတင်ဇာတ်တိုက်ထားသည့်အတိုင်း စပြောတော့သည်။

"မစ္စတာဂိုးလ်မင်းခင်ဗျား၊ အခု ဒီကော်မရှင်ကို တင်ပြထားတဲ့ အဆိုပြုချက်ဟာ လုပ်သားပြည်သူများရဲ့ အကျိုးကျေးဇူးအတွက် အထူးတလည်လိုအပ်တယ်လို့ ခင်ဗျားက ဘယ်နည်းဘယ်ပုံ လေ့လာပြီး ယုံကြည်လာတယ်ဆိုတာကို ရှင်းပြစေချင်ပါတယ်"

နှင်းမ်သည် သက်သေကုလားထိုင်၌ အကျအန ပြင်ထိုင်လိုက်၏။ သူက စပြောသည်။

"အစိုးရအဖွဲ့ အစည်းအသီးသီးရဲ့ လေ့လာချက်များကိုပါ ပေါင်းစပ်ဖြည့်စွက်ပြီး ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီရဲ့ လေ့လာစူးစမ်းချက်အရ ရှေ့လာမယ့် ဆယ်စုနှစ်အလယ်လောက်ကျရင် ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ စက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှုန်းနဲ့ လူဦးရေ တိုးတက်မှုနှုန်းတွေဟာ တစ်နိုင်ငံလုံးရဲ့ ပျမ်းမျှတိုးတက်မှုနှုန်းထက် သိသိသာသာကြီး ကျော်လွန်သွားလိမ့်မယ်လို့ ခန့်မှန်းရပါတယ်၊ အသေးစိတ်ကိုတော့ နောက်ပိုင်းကျမှ တင်ပြပါမယ်၊ အဲဒီတိုးတက်မှုနှုန်းနဲ့ ယှဉ်ပြိုင်ပြီး တိုးတက်လာမှာကတော့ ယခုလက်ရှိ ထုတ်လုပ်ပေးနိုင်စွမ်းရှိတဲ့ လျှပ်စစ်စွမ်းအားပမာဏထက် မတန်တဆ ပိုမိုတိုးတက်တောင်းခံလာကြမယ့် လျှပ်စစ်ဓာတ်အားဆိုင်ရာ လိုအပ်ချက်ပဲ ဖြစ်ပါတယ်၊ အဲဒီလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်ဖို့အတွက်. . ."

နှင်းမ်သည် အေးအေးဆေးဆေး တင်ပြနေသည့်အသံမျိုးဖြစ်အောင် ကာမင်ကြိုးစား၍ ပြောဆိုနေသည်။ အိုဘရိုင်ယင်ကလည်း ဦးဆောင်မေးခွန်းများကို အားရပါးရ ဆက်မေးနေသည်။

ထိုကဲ့သို့ အမေးအဖြေလုပ်နေသည်မှာ နာရီပေါင်း (၇) နာရီခန့်ကြာသည်။ ထိုအတောအတွင်း နှင်းမ်သည် သက်သေကုလားထိုင်၌ ထိုင်နေရပြီး အားလုံး၏အာရုံ



စိုက်မှုကို ခံနေရသည်။ သို့တိုင်အောင် သူတကယ်ကြုံရမည့် လက်တွေ့စမ်းသပ်ပွဲမှာ ဆက်တိုက်ကြုံရတော့မည့် ပြန်လှန်မေးခွန်းထုတ်မှုများပင်ဖြစ်ကြောင်း သူသိသည်။

ဆီကိုဝါကလပ်၏ မန်နေဂျာ အတွင်းရေးမှူး ရှော့ဒရစ်ပရစ်ချက်က မေးခွန်းထုတ်ရန် အလှည့်ကျလာသောအခါ ပိုမိုသွက်လက်လာသည်။

ပရစ်ချက်က စပြောသည်။

"မစ္စတာဂိုးလ်မင်း၊ ကျုပ်ဆီမှာ ဓာတ်ပုံတစ်ပုံ ပါလာတယ်၊ အဲဒီဓာတ်ပုံကို ခင်ဗျားက စေ့စေ့စပ်စပ်ကြည့်ပြီး ခင်ဗျားမြင်ဖူးတွေ့ဖူးသလားဆိုတာ ပြောပြစမ်းပါ"

နှင်းမ်က ၈"× ၁၀" အရွယ် အဖြူအမဲဓာတ်ပုံကို လှမ်းယူလိုက်၏။ သူလေ့လာကြည့်ရှုနေစဉ် ဆီကိုဝါကလပ်မှ စာရေးတစ်ဦးက အလားတူဓာတ်ပုံများကို သဘာပတိနှင့် အဖွဲ့ဝင်တရားသူကြီး၊ အိုဘရိုင်ယင် အပါအဝင် ရှေ့နေများ၊ ဒေဗီဘဒ်ဆောင်းနှင့် သတင်းစာဆရာများအား လိုက်လံဝေငှသည်။ ဓာတ်ပုံအချို့ကို ပရိသတ်များထံ ဝေငှလိုက်ရာ ယခုအချိန်တွင် လက်ဆင့်ကမ်းပြီး ကြည့်ရှုနေသည်။

နှင်းမ်သည် ဦးနှောက်ခြောက်သွားသည်။ ဓာတ်ပုံတစ်ခုလုံးလိုလိုမှာ မည်းနက်နေသည်။ သို့တိုင်အောင် မြင်ဖူးသလိုလို ရှိနေသည်ကလည်း သေချာသည်။ ထို့နောက် နှင်းမ် ချက်ချင်း မှတ်မိသွားသည်။ ထိုဓာတ်ပုံမှာ ဒင်ဗာရှိ ချီရိုကီးစက်ရုံမှ ကျောက်မီးသွေးပုံကြီးပင်တည်း။ နက်မှောင်နေမှု အဓိပ္ပာယ်မှာ ရှင်းသွားလေပြီ။ သူခရီးသွားခဲ့သည်ကို လူတကာသိရန်သည့်အတွက် စိတ်ထဲက ကျိန်ဆဲမိသည်။ နှင်းမ်က ဖြေလိုက်သည်။

"ဟုတ်ကဲ့၊ ကျောက်မီးသွေးပုံကို ရိုက်ထားတဲ့ဓာတ်ပုံလို့ ထင်တာပဲ"

"နည်းနည်းလောက်ပိုပြီး အသေးစိတ်ကလေး ပြောပြပါလားဗျာ၊ ဘယ်နေရာက ဘာကျောက်မီးသွေးလဲ"

နှင်းမ်က အင်တင်တင်နှင့် ဖြေသည်။

"ကိုလိုရာဒိုပြည်နယ် ဒင်ဗာမြို့နားမှာရှိတဲ့ ပြည်သူ့အကျိုးပြု ကုမ္ပဏီတစ်ခုက သုံးဖို့သိုလှောင်ထားတဲ့ ကျောက်မီးသွေးပုံပါ"

"သိပ်မှန်တာပေါ့ဗျာ"

ပရစ်ချက်သည် မျက်မှန်ကိုချွတ်၍ သုတ်လိုက်ပြီးနောက် ပြန်တပ်လိုက်သည်။

"အဲဒီဓာတ်ပုံက လှကောလှရဲ့လားဗျာ"

"မလှဘူး"

"အရုပ်ဆိုးတယ်လို့ကော မပြောနိုင်ပေဘူးလား"

"အဲဒီလို ပြောမယ်ဆိုရင်လဲ ဖြစ်တာပါပဲ၊ ဒါပေမယ့် အဓိကအချက်က. . ."

ပရစ်ချက်က ဖြတ်ပြောသည်။

"အဓိကအချက်ကတော့ ခင်ဗျား ကျုပ်မေးခွန်းကို ဖြေပြီးပါပြီ၊ အဓိပ္ပာယ်က

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဓာတ်ပုံ အရှုပ်ဆိုးတယ်ဆိုတာ ခင်ဗျားသဘောတူတယ်၊ ကျုပ်မေးတာကလဲ အဲဒ ပါပဲ၊ ကဲ ဆက်မေးရအောင်၊ ကျုပ်ဆီမှာ ခင်ဗျားကြည့်ဖို့ ဓာတ်ပုံတစ်ပုံ ထပ်ယူလာသေ တယ်"

နင်းမ်တစ်ယောက် ကြိတ်ပြီးဒေါသပွနေစဉ် ပရစ်ချက်က ရောင်စုံဓာတ်ပုံတစ်ပ ကို နင်းမ်အား လှမ်းပေးလိုက်၏။ ပထမအကြိမ်ကဲ့သို့ပင် စာရေးလုပ်သူက အခြားဓာတ် ပုံများကို လိုက်လံဝေငှသည်။

နင်းမ်က ထိုမြင်ကွင်းမှာ မည်သည့်နေရာဖြစ်ကြောင်း အတိအကျ မမှတ်မ သည့်တိုင်အောင် ဒုတိယဓာတ်ပုံအား မည်သည့်နေရာ၌ သွားရောက်ရိုက်ယူလာသည်ကို သူရိပ်မိသည်။ တူနီပါတွင် ဂျင်နရေတာတည်ဆောက်ရန် ရွေးချယ်ထားသော နေရာ အနီးအနားတစ်ဝိုက်သာ ဖြစ်ရပေမည်။

ခက်မာကြမ်းတမ်းသော ကယ်လီဖိုးနီးယား တောကြီးမျက်မည်းဒေသ၏ အသက်ရှုမှားလောက်ဖွယ် တော၏သဘာဝ အလှပအကို ကြည်လင်သော မိုးပြာရောင် ကောင်းကင်အောက်တွင် အရအမိ ရိုက်ကူးထားသည်။ ထီးထီးကြီး ငေါ်ထွက်နေသော ကျောက်တောင်စွန်း တစ်ခုသည် ခန့်ညားထည်ဝါလှသော ထင်းရှူးပင်တန်းပေါ်၌ မိုးမျ သည်။ သစ်ပင်များ၏ ခြေရင်းတွင် ထူထဲသိပ်သည်းလှသော ချုံဖုတ်များရှိနေပြီး ရှေ့ ဘက်တွင်မူ အမြုပ်တစီစီထလျှက် အရှိန်ပြင်းစွာ စီးဆင်းနေသော စမ်းချောင်းငယ်တ လေးတစ်ခု ရှိသည်။ စမ်းချောင်းကလေး၏ ဒီမှာဘက်ကမ်းထိပ်တွင် သိပ်သိပ်သည် သည်း ဖူးပွင့်နေသော တောပန်းများက မျက်စိပသာဒ ဖြစ်စေသည်။ ခပ်လှမ်းလှမ်း သစ်ပင်အရိပ်ထဲတွင်မူ သမင်ပျိုကလေးတစ်ကောင်သည် ခေါင်းကလေးကို မော့ထား သည်။ ဓာတ်ပုံဆရာကြောင့် ထိတ်လန့်သွားလေရော့သလား မသိ။

ပရစ်ချက်က တွန်းအားပေးသည်။

"တတယ်လှပတဲ့ မြင်ကွင်းကလေးပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီဓာတ်ပုံကို ဘယ်နေရာမှာ ရိုက်ယူလာတယ်ဆိုတာကိုကော ခန့်မှန်းကြည့် သေးသလား"

"တူနီပါလို့ ထင်တာပါပဲ"

ဝေ့လည်ချောဲဝ်ပတ်ပြောနေလို့ အပိုပါပဲဟု နင်းမ်က ဆုံးဖြတ်လိုက်သည်။

"ခင်ဗျားယူဆတာ မှန်ပါပေတယ်ဗျာ၊ ကဲ အခု ကျုပ်မေးစရာတစ်ချက် ရှိသေ တယ်"

ပရစ်ချက်၏အသံမှာ ခပ်ပြတ်ပြတ် ဖြစ်လာသည်နှင့်အမျှ ပိုကျယ်လောင်လာ သည်။



"ဒီလို အင်မတန်တည်ငြိမ်ပြီး ကျက်သရေရှိတဲ့ (သဘာဝ) အလှအပကို အင်မတန်အကျည်းတန်ပြီး သိပ်အရုပ်ဆိုးတဲ့ (ပရစ်ချက်က ကျောက်မီးသွေးဓာတ်ပုံကို ဝှေ့ယမ်းပြရင်း) မြင်ကွင်းနဲ့ ဖုံးလွှမ်းပစ်ဖို့ ခင်ဗျားနဲ့ ခင်ဗျားကုမ္ပဏီက ကြိုးစားတဲ့ကိစ္စ ကို ခင်ဗျားစိတ်ထဲမှာ မသိုးမသန့် မဖြစ်မိပေဘူးလား"

ဟန်မာန်ပါပါ ထိထိမိမိ မေးခွန်းထုတ်မှုကြောင့် ပရိသတ်ထဲမှ ချီးကျူးသံများ ပေါ်ထွက်လာ၏။ လက်ခုပ်တီးသူ တစ်ယောက်နှစ်ယောက် ရှိသည်။

နင်းမ်က ခပ်အေးအေးပြန်ဖြေသည်။

"ဟုတ်ကဲ့၊ ကျွန်တော့်စိတ်ထဲမှာ မလုံမလဲဖြစ်မိပါတယ်၊ ဒါပေမယ့် အဲဒါကို အပေးအယူသဘောမျိုး မရှိလျှင်မဖြစ်တဲ့ လိုအပ်ချက်တစ်ရပ်ပဲလို့ ယူဆပါတယ်၊ ပြီး တော့လည်း တူနီပါမှာရှိတဲ့ စုစုပေါင်းဧရိယာနဲ့ နှိုင်းယှဉ်မယ်ဆိုရင်. . ."

"ဒါဆိုရင် လုံလောက်ပါပြီ မစ္စတာဂိုးလ်မင်း၊ မိန့်ခွန်းပြောစရာ မလိုပါဘူး၊ မှတ်တမ်းထဲမှာ ခင်ဗျားအဖြေကို 'ဟုတ်ကဲ့'လို့ပဲ ဖော်ပြမှာပါ"

ထို့နောက် ပရစ်ချက်က အခြားမေးခွန်းများကို ဆက်မေးသွားသော်လည်း အရှိန်ကျသွားလေပြီ။ ဆီကိုဝါကလပ်သည် ကွဲပြားခြားနားသော ဓာတ်ပုံနှစ်ပုံကို လိမ္မာ ပါးနပ်စွာသုံးစွဲပြီး အမှတ်များစွာ ယူသွားသည်။ နင်းမ်က သူ့ကိုယ်သူ အပြစ်တင်လိုက်မိ ၏။

နောက်ဆုံးတွင် ပရစ်ချက်က သူ့နေရာသို့ ပြန်သွားသည်။

ထို့နောက် ဒေဗီဘုဒ်ဆောင်းသည် နိုဒါန်းမပျိုးတော့ဘဲ မေးလိုက်သည်။

"ခင်ဗျား ဒီကို ဘယ်လိုနည်းနဲ့ လာခဲ့ပါသလဲ"

နင်းမ် ဦးနှောက်ချောက်သွားပုံ ရသည်။

"အဲလေ၊ ကျုပ် အငှားကားနဲ့ လာတယ်"

"ခင်ဗျားက အငှားကားနဲ့လာတယ် ဟုတ်လား၊ ခင်ဗျားလို အင်မတန်အရေး ပါတဲ့ ပုဂ္ဂိုလ်ကြီးကလား၊ ခင်ဗျားသုံးစွဲဖို့ သီးသန့်ပေးထားတဲ့ ရဟတ်ယာဉ်ကို မသုံးပါဘူး လို့ ဆိုလိုတာလား"

နင်းမ်က ခပ်ယဲ့ယဲ့ကလေး ပြုံးမိသည်။ ဘယ်လိုစစ်မေးနည်းမျိုးဖြစ်မည် ဆို သည်မှာ သိသာထင်ရှားနေပေပြီ။

နင်းမ်က ဖြေလိုက်သည်။

"ကျုပ်အတွက် သီးသန့်ပေးထားတဲ့ ရဟတ်ယာဉ်မရှိပါဘူး ပြီးတော့လဲ ကျုပ် တို့ကုမ္ပဏီမှာ ရဟတ်ယာဉ် အတော်ခပ်များများ ရှိပါတယ်၊ အဲဒါတွေကို. . ."

"အတော်ခပ်များများ ဟုတ်လား၊ ခင်ဗျားအနေနဲ့ လင်ကွန်းကို စီးမလား၊ တက်ဒီလက်ကိုစီးမလား ဆိုတာမျိုးလို စိတ်ကြိုက်ရွေးချယ်ပြီး စီးနိုင်တယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နင်းမ်က စိတ်တိုတိုနှင့် ပြောလိုက်သည်။

"အဲဒါတွေကို လုပ်ငန်းခွင်မှာသုံးဖို့ အဓိကပါ"

"ဒါပေမယ့် ခင်ဗျားကိုယ်တိုင် သုံးစွဲချင်တဲ့အခါ၊ ဒါမှမဟုတ် သုံးစွဲဖို့လိုအပ်တယ်လို့ ထင်လာတဲ့အခါ ယူသုံးနိုင်တာပဲ မဟုတ်လား"

ဘဒ်ဆောင်းသည် အဖြေကို စောင့်နားမထောင်တော့ဘဲ၊ သူ့အိတ်ထဲသို့နှိုက်၍ သတင်းစာခေါက်တစ်ခုကို ထုတ်ယူပြီး ဖြန့်ဖတ်လိုက်၏။ ထိုသတင်းစာမှာ နန်စီမိုလီနော့၏ ဆောင်းပါးပါသော ကယ်လီဖိုးနီးယား အိပ်ဇင်းမနားသတင်းစာ ဖြစ်သည်။

"ဒီဆောင်းပါးက ဒီလိုရေးထားတယ်၊ 'မစ္စတာကိုးလ်မင်းသည် စင်းလုံးငှားထားသော ဘတ်စ်ကားပေါ်၌ လွတ်နေသောနေရာ အများအပြား ပါရှိသော်လည်း ထိုကားနှင့်လိုက်မလာဘဲ ရဟတ်ယာဉ်ကို စီးနင်းလာခဲ့သောကြောင့်ပင်တည်း'တဲ့"

ဘဒ်ဆောင်းက စူးစူးရဲရဲ ပြန်မော့ကြည့်ရင်း မေးပြန်၏။

"အဲဒါတွေအားလုံး မှန်တယ်မဟုတ်လား"

နင်းမ်က ဖြေလိုက်၏။

"အဲဒီဆောင်းပါးက တစ်ဖက်သတ် ရေးထားတာပါ၊ ဒါပေမယ့် ဘာပဲပြောပြော မှန်ပါတယ်"

ဘဒ်ဆောင်းက သဘာပတိကြီးထံ တင်ပြလျှောက်ထားသည်။

"သဘာပတိကြီးခင်ဗျား၊ ဒီမှာရှိနေတဲ့ ကိုးလ်မင်းလိုပုဂ္ဂိုလ်မျိုးနဲ့ ကိုးလ်ဒင်းစတိတ်ရဲ့ ချယ်ယာမင်လို ပုဂ္ဂိုလ်မျိုးတွေဟာ ဆင်းရဲတဲ့ စားသုံးသူတွေရဲ့ ငွေကြေးတွေနဲ့ ဖောဖောသီသီကြီး သုံးဖြုန်းနေတာ ပေါ်လွင်ထင်ရှားအောင် အင်မတန် သတ္တိပြောင်မြောက်စွာနဲ့ ရေးသားထားတဲ့ ဒီသတင်းစာကို သက်သေခံအဖြစ် လက်ခံစေချင်ပါတယ်၊ နောက်တစ်ချက်ကလည်း တူနီပါလိုစီမံချက်မျိုး ဖြစ်လာရတာဟာ ဒီလိုအလေ့အထမျိုးအတွက် ရုံးငွေထောက်ပံ့နိုင်ဖို့အပြင် သံသယမပွားများရှာတဲ့ အများပြည်သူတွေရဲ့ လည်ပင်းကို ညှစ်ပြီး မတရားအမြတ်ရှာဖို့ပဲဆိုတာ ပေါ်လွင်စေပါတယ်"

သဘာပတိက ပြန်ဖြေလိုက်သည်။

"သတင်းစာကို သက်သေခံအဖြစ် လက်ခံလိုက်တယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဤနည်းဖြင့် ဆက်ခါဆက်ခါ မေးမြန်းသွားသည်။ ဂျေအီးရစ်ဟမ်ဖရီအား ပြန်လှန်မေးခွန်းထုတ်စဉ်ကလိုပင် တူနီပါကိုစွဲ၍ အမြတ်ရရှိစေရေးသာ အဓိကဖြစ်သလို တည်ဆောက်ရေး လုပ်ငန်းအတွက် စားသုံးသူများကသာ ကျခံရမည်ဖြစ်သော်လည်း အတိုးကျေးဇူးအနေဖြင့် ဘာမျှခံစားကြရမှာမဟုတ်ဆိုသည့် ပုံစံအတိုင်း မေးခွန်းထုတ်သွားသည်။ စက်မှုစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းပေါ်တွင် အခြေခံ၍ အနာဂတ်ကာ



လတွင် လိုအပ်လာမည့် စွမ်းအင်ပမာဏ၊ လူနေမှုအဆင့်အတန်းကို ထိန်းသိမ်းထားရှိရေးစသော အရေးကြီးသည့် အချက်ကြီးများကို လုံးဝထိန်ချန်ထားသည့်အတွက် နင်းမ်ဒေါပွမိသည်။

ဘဒ်ဆောင်း၏ မေးခွန်းထုတ်မှု ပြီးဆုံးသွားပြီးနောက် နောက်ထပ်အစစ်ခံရသူမှာ လော်ရာဗိုကာမီချယ်ပင်တည်း။

လော်ရာဗိုသည် လက်ဝတ်လက်စား ဝတ်ဆင်ခြင်းမရှိ။ သူ့အမူအရာက လေးနက်သည်။ သူ့အသံက ကြည်လင်ပြတ်သားပြီး ဩဇာတိက္ကမရှိသည်။

ရှေ့ဒရစ်ပရစ်ချက်က စမေးသည်။

"ရှေ့ကထွက်ဆိုသွားတဲ့ ထွက်ချက်ထဲမှာ လုပ်သားပြည်သူတွေရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် တူနီပါဒေသမှာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို တည်ဆောက်ထိုက်ပါတယ်ဆိုတာ ကြားလိုက်ရတယ်၊ အဲဒါ ခင်ဗျားသဘောထားပဲလား"

"မဟုတ်ပါဘူး"

"အဲဒီလို တည်ဆောက်မယ့်ကိစ္စကို ဆီကိုဝါကလပ်က ဘာဖြစ်လို့ ကန့်ကွက်တယ်ဆိုတဲ့အကြောင်း သဘာပတိကြီးကို ရှင်းပြစေချင်ပါတယ်"

"တူနီပါဟာ ကယ်လီဖိုးနီးယားမှာ နောက်ဆုံးကျန်ရှိနေတဲ့ တောကြီးမျက်မည်း သဘာဝအလှအပ ရှခင်းသာနေရာ အနည်းငယ်ထဲက တစ်ခုပါ၊ အဲဒီဒေသဟာ အင်မတန် ကျက်သရေရှိပြီး လှပပါတယ်၊ အဲဒီနေရာကို အင်မတန်ကြီးမားပြီး အရုပ်ဆိုးတဲ့၊ အရာရာကို ညစ်ထည်းစေတဲ့ စက်မှုလက်မှု စက်ရုံကြီးတစ်ခု တည်ဆောက်ပြီး ဖျက်ဆီးပစ်မယ့်ကိစ္စဟာ အထွဋ်အမြတ်ထားအပ်တဲ့ သဘာဝအလှကို ဖျက်ဆီးပစ်ရာရောက်တဲ့အပြင် သဘာဝအလှကို ဖန်ဆင်းတဲ့ ဘုရားသခင်ကိုလည်း စော်ကားရာရောက်ပါလိမ့်မယ်"

လော်ရာဗို၏ တည်တည်ငြိမ်ငြိမ် ထွက်ဆိုပုံကြောင့် ပို၍ပင် အထင်ကြီးစရာဖြစ်စေခဲ့သည်။ ပရစ်ချက်က ခေတ္တစောင့်လိုက်ပြီးနောက် မေးလိုက်ပြန်၏။

"တခြားနေရာဒေသတွေမှာ ကွယ်ပျောက်နေပြီး တူနီပါမှာပဲ ကျန်ရှိနေတဲ့ သစ်ပင်တွေ ပန်းမာလ်တွေ ရှိပါသေးသလားခင်ဗျာ"

လော်ရာဗိုက ခေါင်းညိတ်ပြသည်။

"ကျွန်မသိတာ နှစ်မျိုးရှိပါတယ်၊ နဂါးခေါင်းပန်းဆိုတဲ့ ပန်းရိုင်းတစ်မျိုးနဲ့ သားမြိတ်ကောင်ကြွက်ခေါ်တဲ့ ကြွက်မြီးရှည်တစ်မျိုးပါပဲ"

ဒီနေရာမှာ တို့လမ်းခွဲခဲ့ကြတာပဲဟု နင်းမ်က ပြန်တွေးကြည့်မိသည်။ လူသန်းပေါင်းများစွာအတွက် အကျိုးရှိစေမယ့် စီမံကိန်းကြီးတစ်ခုကို ကြွက်ကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကိစ္စနဲ့ မလုပ်ဖြစ်အောင် တားတော့မှာလားဟု သူ မေးခဲ့မိသည်။

ရှော့ဒရစ်ပရစ်ချက်ကလည်း သူ့လိုပင် တွေးမိလာကြောင်း ထင်ရှားသည်။

"နဂါးခေါင်းပန်း၊ သားပိုက်ကောင်ကြွက်တွေနဲ့ ပတ်သက်ပြီး လူသားတွေနဲ့ လူသားတွေရဲ့ လိုအင်ဆန္ဒက အရေးကြီးပါတယ်လို့ ဝေဖန်ကြရင်ကော ဗျာ"

"အဲဒီလို ဝေဖန်တာမျိုး၊ ပြီးတော့ ပုတ်ခတ်ဆဲရေးတာမျိုးတွေတောင် ရှိလာနိုင်တယ်လို့ မျှော်လင့်ထားပြီးသားပါ၊ ဒါပေမယ့် ပျောက်ကွယ်သွားတော့မယ့် သစ်ပင်ပန်းမာလ်၊ သတ္တဝါ အမျိုးအစားတွေကို အန္တရာယ်ဖြစ်အောင်၊ လျော့နည်းပျောက်ကွယ်သွားအောင် ကြီးပမ်းတဲ့ အမြင်ကျဉ်းမှု အရူးထ,မှုတွေကို ဘယ်လိုဟာနဲ့မှ 'ထေ'လို့မရနိုင်ပါဘူး"

"နည်းနည်းလောက် ထပ်ရှင်းပြပါလား ခင်ဗျာ"

"ဟုတ်ကဲ့၊ ခေတ်သစ်လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်လာတာနဲ့တစ်ပြိုင်နက် မြို့ကြီးပြကြီးတွေ၊ ဆင်ခြေဖုံး ရပ်ကွက်ကြီးတွေ၊ စက်မှုလက်မှု စက်ရုံကြီးတွေ၊ လမ်းကျယ်ကြီးတွေ၊ ပိုက်လိုင်းကြီးတွေနဲ့ ကျန်တာတွေအားလုံးက သဘာဝတရားရဲ့ ချိန်ကိုက်မှုဥပဒေသကို ဖျက်ဆီးပစ်ခဲ့ကြတယ်၊ သစ်ပင်လောကကို ဖျက်ဆီးပစ်တယ်၊ သဘာဝအလျှောက် ရေစီးရေလာတွေနဲ့ မြေဆီသြဇာတွေကို ဖျက်ဆီးတယ်၊ တောရိုင်းတိရစ္ဆာန်တွေတို့ နေ့ထိုင်ရာဒေသတွေက မောင်းထုတ်ပစ်တယ်၊ ဒါမှမဟုတ် အစုလိုက် အပြုံလိုက် သတ်ဖြတ်ပစ်တယ်၊ သဘာဝအလျောက် ဖြစ်ပေါ်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို နှောင့်ယှက်ဖျက်ဆီးတယ်၊ သဘာဝတရားရဲ့ အစိတ်အပိုင်းမှန်သမျှဟာ စဉ်ဆက်မပြတ်ရှိခေဖို့အတွက် သဘာဝရဲ့ အခြားအစိတ်အပိုင်းတွေနဲ့ အပြန်ပြန်အလှန်လှန် ဆက်စပ်နေတဲ့ သဘောတရားရှိတယ်ဆိုတာကို တစ်ချိန်လုံး မေ့နေကြတယ်"

လော်ရာဗိုက ထပ်ပြောပြန်၏။

"ကျွန်မတင်ပြနေတဲ့ အချက်ကတော့ ပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ အရင်က ဆုံးဖြတ်ချက်တွေဟာ ကျယ်ကျယ်ပြန့်ပြန့် မစဉ်းစားကြဘဲ မျက်မှောက်တစ်ဆုံးလောက်သာ ကြည့်ပြီး သင့်သလို ဆုံးဖြတ်ခဲ့ကြတာပါလို့ ပြောချင်ပါတယ်၊ တစ်ချိန်တည်းမှာ ခေတ်သစ်သိပ္ပံပညာကလည်း တစ်နေရာက တိုးတက်မှုဟာ အခြားတစ်နေရာမှာ သဘာဝနဲ့ လူသားတွေကို အန္တရာယ်ဖြစ်စေနိုင်တယ်ဆိုတဲ့ အမှန်တရားကို လျစ်လျူရှုပြီး ကိုယ့်အဝန်းအဝိုင်းကလေး အတွင်းမှာပဲ တသီးတခြား လုပ်ကိုင်နေကြတယ်၊ သိပ္ပံပညာရဲ့ အသီးအပွင့်တစ်ခုဖြစ်တဲ့ မော်တော်ကား (ကြောင့် ညစ်ညမ်းမှု) ကိုပဲ ကြည့်၊ အဆင်ပြေနေလို့ လက်ခံထားကြပေမယ့် တကယ့်အန္တရာယ်ပါပဲ၊ နောက် ဥပမာတစ်ခုကလည်း ပိုးသတ်ဆေးတွေကို အဆအင်မတန်သုံးစွဲမှု၊ တချို့ သက်ရှိပစ္စည်းတွေကို ထိန်းသိမ်းကာကွယ်နိုင်ပေမယ့် အများစုကိုတော့ ဖျက်ဆီးပစ်တာ အမှန်ပဲ။ စာရင်းဖော်ရမယ်ဆိုရင်



အရှည်ကြီးပါ၊ ကျွန်မတို့အားလုံးဟာ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်နေတဲ့ လမ်းအတိုင်း ဦးတည်ချီတက်နေကြတယ်"

လော်ရာဗိုကာမီချယ် ပြောဆိုတင်ပြနေစဉ် တစ်ခန်းလုံးသည် လေးလေးစားစား ငြိမ်သက်နေသည်။

လော်ရာဗိုက ပထမဦးဆုံးအကြိမ် အသံကိုမြှင့်ရင်း ဆက်ပြောပြန်၏။

"အခု လုပ်ခဲ့ကိုင်ခဲ့သမျှဟာ မိမိအဆင်ပြေမှုကို ရှေ့ရှုပြီး လုပ်ခဲ့ကြတာချည်းပါပဲ၊ အဲဒီပုံစံအတိုင်းသာ ဆက်ပြီးစခန်းသွားနေကြမယ်ဆိုရင် ကမ္ဘာပေါ်မှာ ပန်းတစ်ပွင့်ဆောင်မကျန်တဲ့ ခေတ်ကိုရောက်လာမှာ မြင်ယောင်မိပါတယ်"

နောက်ဆုံးစကားကြောင့် ပရိသတ်ထဲမှ အားပါးတရ ချီးကျူးသံများ ပေါ်ထွက်လာသည်။

အော်စကာအိုဘာရိုင်ယင်၏ ပြန်လှန်မေးခွန်းထုတ်မှုမှာ လော်ရာဗို၏တင်ပြချက်ကို မချေဖျက်နိုင်သည့်အပြင်၊ အချို့ကဏ္ဍများ၌ ပို၍ပင် ခိုင်မာလာစေသည်။ အိုဘာရိုင်ယင်က ဟက်ဟက်ပက်ပက်ပြုံးရယ်ရင်း "ကောင်ရေအနည်းငယ်သာရှိသော ကြွက်များနှင့် ပေါင်းပင်သာသာမျှရှိသော အင်မတန်မလှပသည့် တောရိုင်းအပင်များသည် လူသန်းပေါင်းများစွာ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ထက် ပို၍အရေးကြီးသည်ဟု ယုံကြည်ပါသလား" ဟု မေးသောအခါ၊ လော်ရာဗိုက ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

"အရှက်ခွဲတယ်ဆိုတာ အင်မတန်သေးသိမ်ပြီး အပေါ်စားဆန်လွန်းလှပါတယ် မစ္စတာအိုဘာရိုင်ယင်၊ ရှင်ပြောတဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဆိုတာကလည်း ကျွန်မတို့ဆီမှာ ရှိပြီးသားပစ္စည်းကို ချွေတာခြိုးခြံဖို့ကသာ ပိုအရေးကြီးတယ်လို့ လူအများစုက ယူဆနေကြတာပါ"

အိုဘာရိုင်ယင် ရှက်သွေးဖြာသွားပြီး ခပ်မာမာ ဆက်မေးသည်။

"တူနီပါဟာ တကယ့်ကို လျော်ကန်သင့်မြတ်တဲ့ နေရာပါလို့ ရွေးပေးတဲ့ ပညာရှင်တွေထက်တောင် ခင်ဗျားက ပိုတတ်နေတော့၊ ခင်ဗျားက ဘယ်နေရာမှာ ဆည်ဆောက်မှာလဲ"

လော်ရာဗိုက ခပ်အေးအေး ပြန်ဖြေသည်။

"အဲဒါက ကျွန်မနဲ့မှမဆိုင်တာ၊ ရှင့်ပြဿနာပဲလေ"

ဒေဗေဗီဘစ်ဆောင်းက လော်ရာဗိုအား ပြန်လှန်မေးခွန်းထုတ်ခြင်း မပြုတော့ချေ။

ဆန့်ကျင်ဘက်အုပ်စုမှ သက်သေများအား စစ်ဆေးပြီးစီးသည့် နောက်တွင် အိုဘာရိုင်ယင်က သူ့ဘေးနားမှ နင်းမ်အား တိုးတိုးလေးပြောလိုက်သည်။

"တောင့်ထားကိုယ့်လူ၊ မင်း နောက်တစ်ကြိမ် အစစ်ခံရလိမ့်မယ်"

□ □ □

www.burmeseclassic.com

## အခန်း (၁၄)

နင်းမ်သည် နောက်တစ်ကြိမ် သက်သေ(ထိုင်သော)ကုလားထိုင်၌ ထိုင်နေ
ပြန်လေပြီ။

ပဏာမ နိဒါန်းပျိုးမှုများ ပြီးစီးသွားသည့်အခါ ဘဒ်ဆောင်းက တမင်တကာ
ဆွပေးသည်။

"ဒီမှာဂိုးလ်မင်း၊ ချွေတာခြိုးခြံမှုဟာ အမြတ်နဲ့ ဝိရောဓိဖြစ်နေတဲ့အတွက်
ဝိုးလ်ဒင်းစတိတ်က ချွေတာခြိုးခြံမှုကို မလိုလားဘူးဆိုတာ မှန်တယ်မဟုတ်လား"

"အဲဒါ ဟုတ်တိုမဟုတ်ဘူး။ ပြီးတော့လဲ ခင်ဗျားလို စိတ်မမှန်တဲ့လူတွေကသာ
ယုံကြမှာ၊ ပြောကြမှာ"

တမင်ရန်စသည်ကို ခံနေရကြောင်း နင်းမ်သိသည်။ သို့တိုင်အောင် ဘ
ဆောင်း၏အကွက်ထဲသို့ နင်းမ်က တိုးဝင်နေသည်။ အော်စကာအိုဘရိုင်ယင်က မျ
မှောင်ကုပ်နေ၏။

နင်းမ်က တစ်ဖက်သို့ မျက်နှာလွှဲထားသည်။

"အဲဒီလို ရိုင်းပြတဲ့စကားကို ကျုပ်က မသိချင်ယောင် ဆောင်လိုက်ပါ့မယ်လေ
နောက်တစ်ခု ထပ်မေးမယ်၊ အခုအချိန်မှာ လွယ်လွယ်နဲ့ရနေတဲ့ နေရဲ့စွမ်းအင်၊ လေရဲ့



စွမ်းအင်တွေကို ခင်ဗျားတို့ကုမ္ပဏီကြီးက ကြိုးစားပမ်းစား မဖော်ထုတ်ကြတာဟာ
တူနီပါက ရမယ်လို့မှန်းထားတဲ့ အမြတ်ပမာဏလောက် မများလို့မဟုတ်လား"

"အဖြေကတော့ မဟုတ်ပါဘူးလို့ ပြောရလိမ့်မယ်၊ နေရောင်ခြည် လျှပ်စစ်
စွမ်းအင်ကို များများစားစား ထုတ်လုပ်လို့ မရနိုင်သေးတဲ့အပြင် အချိန်အစောဆုံး
နောက်ရာစုနှစ် အစပိုင်းလောက်အထိ ဖြစ်ထွန်းနိုင်မှာမဟုတ်သေးဘူး၊ နေရဲ့စွမ်းအင်ကို
စုရုဆောင်းရတဲ့ စရိတ်စကဟာ သိပ်များလွန်းတယ်၊ တူနီပါမှာ ကျောက်မီးသွေးက
လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရတာထက် အများကြီးပိုများတယ်၊ လေရဲ့စွမ်းအင်နဲ့
ပတ်သက်ရင်လဲ ဗန်းပြလို့ကောင်းတဲ့ လုပ်ငန်းငယ်ကလေးတွေ အတွက်ကလွဲရင် သိပ်
အရာမထင်ပါဘူး"

ဘဒ်ဆောင်းက ထပ်မံထိုးနှက်တိုက်ခိုက်ပြန်၏။

"ဂိုးလ်မင်း၊ ခင်ဗျားက နေရောင်ခြည်စွမ်းအင်ဟာ ရှေ့ရာစုနှစ်မတိုင်မီ အဆင်
ဆင့်ဖြစ်မှာ မဟုတ်ဘူးလို့ ခင်ဗျားပြောတယ်၊ ကျုပ်တို့က ခင်ဗျားစကားကို ဘာဖြစ်လို့
ယုံကြည်ရမှာလဲ"

ဘဒ်ဆောင်းအား မြင်ပြင်းတပ်နေသည်မှာ သိသာထင်ရှားလောက်အောင်
နင်းမ်သည် အစောပိုင်းက အမူအယာမျိုးသို့ ပြောင်းလဲသွားသည်။

"ခင်ဗျားယုံဖို့ မလိုပါဘူး၊ ခင်ဗျားစိတ်ထဲက ကြိုက်ရာကို ယုံကြည်နိုင်တယ်၊
ယုံချင်ရင်လဲ ဖြစ်တယ်၊ တကယ်တတ်သိနားလည်တဲ့ ကျွမ်းကျင်သူ အဘတ်ပညာရှင်
တွေ တညီတညွတ်တည်း ယူဆကြတာက နေရောင်ခြည် လျှပ်စစ်ဓာတ်အားကို ကျယ်
ကျယ်ပြန့်ပြန့်သုံးနိုင်ဖို့ အနှစ်နှစ်ဆယ်မက လိုသေးတယ်တဲ့၊ ဒါတောင် မျှော်လင့်ထား
သလို အပြည့်အဝဖြစ်ချင်မှ ဖြစ်ဦးမှာ၊ ဒါကြောင့် လောလောဆယ်မှာတော့ တွေ့ကြရ
မယ့် အခက်အခဲ အကျပ်အတည်းကို ဖြေရှင်းနိုင်အောင် တူနီပါလို ကျောက်မီးသွေးသုံး
စက်ရုံတွေ အများကြီးလိုအပ်နေမှာပဲ"

ဘဒ်ဆောင်းက ပျက်ရယ်ပြုသည်။

"ဒီတော့ ကျုပ်တို့အနေနဲ့ လူတွေယုံကြည်အောင် ညာလှိုင်းထားတဲ့ အတု
အယောင် အခက်အခဲ အကျပ်အတည်းဆိုတဲ့ ကိစ္စဘက်ကို ပြန်ရောက်လာပြန်တာပေါ့"

နင်းမ်ကလည်း ဒေါသတကြီး ပြန်ဖြေသည်။

"အဲဒီလို ဖြစ်လာတဲ့အခါကျရင် အဲဒီစကားလုံးတွေကို ခင်ဗျားဘာသာ
ခင်ဗျားပြန်ဖတ်ကြည့်ပြီး ကိုယ်ထွေးထားတဲ့ တံတွေးကို ကိုယ်ပဲပြန်မျိုချရလိမ့်မယ်"

သဘာပတိသည် အခြေအနေကိုထိန်းရန် တင်းပုတ်ငယ်ကလေးအား ကိုင်ဖို့
ဆက်လှမ်းလိုက်ပြီးမှ ခပ်ဆိုင်းဆိုင်းဖြစ်သွားသည်။ နောက်ထပ် ဘာဖြစ်လာမလဲဆိုတာ
ကို သိချင်လို၍လား မသိ။ လက်ကိုပြန်ရုတ်လိုက်သည်။ ဘဒ်ဆောင်း၏မျက်နှာ ရဲရဲနီ

www.burmeseclassic.com



သွားသည်။ သူပါးစပ်သည်လည်း ဒေါသကြောင့် တင်းတင်းစေ့သွားသည်။

"ကျုပ်တွေးပြီးသား တံတွေးကို ကျုပ်က ပြန်မျိုရမှာမဟုတ်ဘူး၊ မင်းသာမျိုရမှာ" ဟု နင်းမ်အား ခွန်းတုန့်ပြန်လိုက်သည်။

"မင်းနဲ့ ဂိုးလ်ဖင်းစတိတ်က အရင်းရှင်ဗုံပ်စုကသာ 'စကားလုံး'တွေနဲ့ သီးနှင်ကုန်ကြမှာ၊ ဒီလို ကြားနာစစ်ဆေးမှုတွေမှာ မင်းတို့ကို ဆန့်ကျင်မယ့် တို့တတွေက ကြာနိုင်သမျှကြာအောင် အချိန်ဆွဲထားမယ်၊ အဲဒီနောက်ပိုင်းကျတော့လည်း အယူခံလွှာတွေ၊ တားဝရမ်းတွေ၊ ဥပဒေပြဋ္ဌာန်းထားတဲ့ လုပ်ပိုင်ခွင့်တွေ အားလုံးကိုသုံးပြီး ဆွဲထားဦးမှာမို့လို့ စကားကြော ရှည်ရဦးမှာပဲ၊ အဲဒါမှ မလုံလောက်သေးရင် တို့က တန့်ကွက်လွှာအသစ်တွေ ထပ်တင်သွင်းဦးမယ်၊ ဒီတော့ အစကနေပြီး သံသရာ ပြန်လည်ရဦးမှာပဲ၊ တို့ကလည်း လိုအပ်မယ်ဆိုရင် အနှစ်နှစ်ဆယ်ကြာအောင် ဆက်ကန့်ကွက်သွားမယ်၊ လုပ်သားပြည်သူတွေက မင်းတို့ရဲ့ အမြတ်ရရှိရေး စီမံကိန်းတွေကို ဟန့်တားကြမယ်၊ ပြီးတော့လဲ လုပ်သားပြည်သူတွေကသာ အနိုင်ရကြမှာ"

လာရောက်နားထောင်သူများထံမှ ဩဘာသံများ ပေါ်ထွက်လာ၏။ တစ်ချိန်တည်းမှာပင် နင်းမ်၏ ဒေါသအိုးကြီး ပေါက်ကွဲတော့သည်။ နင်းမ်သည် ကုလားထိုင်လက်ရမ်းကို လက်သီးနှင့် ထုရိုက်လိုက်ပြီးနောက် ခုန်၍မတ်တတ်ရပ်လိုက်၏။ ဒေါသအိုးဝေနေသော မျက်လုံးအစုံနှင့် ဒေဗီဘဒ်ဆောင်းကို ရင်ဆိုင်လိုက်သည်။

"ခင်ဗျားပြောသလို တူနီပါနဲ့ အခြားစက်ရုံတွေ တည်ဆောက်ခွင့်ကို ခင်ဗျားက တားချင်ရင် တားနိုင်လိမ့်မယ်၊ ခင်ဗျားကသာ တားနိုင်တယ်ဆိုရင် ခင်ဗျားလို အတ္တကြီးတဲ့ လူလိမ်လူကောက် တတ်ယောင်ကားတွေကို အတွင်းကလိုက်စားပြီး သောက်သုံးမကျတဲ့ ဒီစနစ်ကြီးက အတိုင်းအဆမရှိ အခွင့်အာဏာတွေ ပေးနေလို့ပဲ ဖြစ်ရမယ်"

ချက်ချင်းလိုလို ရုံးခန်းတစ်ခုလုံး ငြိမ်ကျသွားသည်။

နင်းမ်သည် ဆက်ပြောသည်နှင့်အမျှ အသံကလည်း ကျယ်လောင်လာသည်။

"ဒါပေမယ့် ခင်ဗျားက လုပ်သားပြည်သူတွေကို ကိုယ်စားပြုပါတယ်ဆိုတဲ့ ကြောင်သူတော် တတ်ယောင်ကား စကားတွေ ကျုပ်တို့ကို လာမပြောပါနဲ့ ဘဒ်ဆောင်းရယ်၊ ခင်ဗျားတို့လို မျက်မွေးတစ်ဆုံးသာ ကြည့်တတ်တဲ့ ကိုယ်ကျိုးရှာသမားတွေ လုပ်ချင်သလို လုပ်ခွင့်ရသွားရင် ကျုပ်တို့လို ဓာတ်အားကုမ္ပဏီရဲ့ ဓာတ်အားကို မှီခိုအားထားနေကြရတဲ့ ရိုးရိုးသားသား၊ သိက္ခာရှိရှိ သာမန်လူစားတွေသာ ဒုက္ခရောက်ကြရမှာ၊ အဲဒီလူတွေကို ကျုပ်တို့ကသာ ကိုယ်စားပြုတာပါ"

သူက ဘဒ်ဆောင်းကို ထပ်ပြောလိုက်ပြန်၏။

"ခင်ဗျားလုပ်ရပ်ကြောင့် နောက်ဆုံးကျတော့ လုပ်သားပြည်သူတွေပဲ နစ်နာကုန်ကြရမှာ၊ ဆိုးဆိုးရွားရွား လျှပ်စစ်ဓာတ်အား လျော့နည်းမှုကြောင့် အစုလိုက်အပြုံ



လိုက် အလုပ်လက်မဲ့ဖြစ်ကြရမှာ၊ အဲဒီအချိန်ကျတော့ ခင်ဗျားက ဘယ်နေရာ ရောက်နေမှာလဲ ဘဒ်ဆောင်း၊ ပုန်းနေချင် ပုန်းနေရလိမ့်မယ်၊ တကယ်တော့ ခင်ဗျားဟာ လူလိမ်လူညာတစ်ယောက်ဖြစ်ပြီး၊ လမ်းမှားကို မရောက်ရောက်အောင် လုပ်သွားတာပဲလို့ နားလည်လာတဲ့လူတွေက ရန်လုပ်ကြမှာ စိုးရိမ်တဲ့အတွက် ပုန်းနေရမှာ"

သူပြောနေခိုက်မှာပင် သူ့စကားသည် လွန်ကျွံသွားပြီဖြစ်ကြောင်း သူသိလိုက်သည်။ တစ်ဖန် အသရေဖျက်မှုနှင့် တရားစွဲနိုင်အောင် ဘဒ်ဆောင်းအား လမ်းခင်းပေးလိုက်သလို ဖြစ်နေရော့သလားမသိ။ သို့တိုင်အောင် နင်းမ်၏စိတ်စေတသိတ် တစ်စိတ်တဒေသက သူပြောသည့်စကားသည် ပြောသင့်ပြောထိုက်သည့် စကားသာဖြစ်သည်။ ရှုမှတတနှင့် သည်းခံနိုင်မှုဆိုသည်မှာလည်း အတိုင်းအတာ အကန့်အသတ် ရှိသည်သာ။ ပြီးတော့လည်း ဖြစ်သမျှကို ခါးစည်းခံမည်ဆိုသောစိတ်ဖြင့် တစ်ယောက်ယောက်က အကြောက်အလန့်မရှိဘဲ ဒဲ့ဖြောင့်ကျကျပြောဖို့ လိုအပ်သည်သာဟု မှတ်အတင်း ပြန်ငြင်းနေသည်။

နင်းမ်က အသက်ရှူရန် ခဏနားလိုက်စဉ် သဘာပတိက ခပ်တင်းတင်း ဖြတ်မေးလိုက်သည်။

"ခင်ဗျားပြောစရာကုန်ပလား မစ္စတာဂိုးလ်မင်း"

နင်းမ်က သဘာပတိဘက်သို့ မျက်နှာမူလိုက်ရင်း . . .

"မပြီးသေးပါဘူး သဘာပတိကြီးခင်ဗျား၊ ကျွန်တော် ခုလိုမတ်တတ်ရပ်နေတုန်း ပြောချင်တာလေးတွေ တစ်ချက်နှစ်ချက် ရှိပါသေးတယ်"

ဘဒ်ဆောင်းသည် ငြိမ်သက်စွာ ရပ်နေဆဲပင်။ သို့သော် အံ့ဩနေသည့် အမူအရာအစား ပြုံးရိပ်ကလေးသန်းနေသည်။ နင်းမ် ဒေါသပုန်ထမှုကြောင့် ဂိုးလ်ဒင်းစတိတ်၏ တင်ပြချက်ကို ထိခိုက်နစ်နာစေပြီး သူတို့အတွက် အကျိုးပိုရှိမည်ဟု တွေးနေရော့သလား မသိ။ အဲဒီလို ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ၊ ဒီထိအောင် ပြောမိပြီးမှတော့ ကြောက်ချေးပါတော့မည် မဟုတ်။

"သဘာပတိကြီးခင်ဗျား အခုလုပ်နေတဲ့ ကိစ္စကြီးတစ်ခုလုံး အဲလေ ကျွန်တော် ဆိုလိုတာက၊ အခုလို ကြားနာစစ်ဆေးမှုမျိုးဟာ အချိန်ကုန်ငွေကုန်ပြီး အရာမထင်တဲ့ ဟောင်ဦကြီးတစ်ခုပါ။ ဘာဖြစ်လို့ အရာမထင်သလဲဆိုတော့ တစ်ပတ်နှစ်ပတ်လောက်နဲ့ ပြီးရမယ့်ကိစ္စကို နှစ်နဲ့ချီပြီးကြာအောင် လုပ်နေရလို့ပဲ၊ အချိန်ကုန်တယ်ဆိုတာက ကျွန်တော်တို့တတွေဟာ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး ကောင်းကျိုးဖြစ်ထွန်းအောင်၊ အကျိုးရှိ ပိုမိုလုပ်ကိုင်ပေးနိုင်စွမ်းရှိပါလျက်နဲ့ ဒီမှာ နာရီပေါင်းများစွာလာပြီး အချိန်ဖြုန်းနေကြသို့ပါပဲ၊ ငွေအရမ်းကုန်တယ်ဆိုတာကတော့ အခွန်ထမ်း လုပ်သားပြည်သူတွေ၊ ဓာတ်အားသုံးစွဲသူတွေက ဒီလို ပေါတောတော ရှုးကြောင်ကြောင်နဲ့ အကျိုးယုတ်စေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ယောင်ခြောက်ဆယ် ဇာတ်လမ်းအတွက် ငွေသန်းပေါင်းများစွာကို သက်သက်မဲ့ ပေးနေကြရလို့ပဲ၊ တစ်ခါ မပေဟ်ဦးလို့ ပြောတာကတော့ အခု ကျွန်တော်တို့လုပ်နေကြကိုင်နေကြတာတွေဟာ ကျိုးကြောင်းဆက်စပ်မှုရှိတယ်၊ အဓိပ္ပါယ်ရှိတယ်လို့ ဟန်ဆောင်နေကြရပေမယ့် တကယ်ကတော့ ဒီကိစ္စဟာ ဟုတ်ကိုမဟုတ်ဘူးဆိုတာ အားလုံးက ကောင်းကောင်းကြီး သိနေကြလို့ပဲ"

သဘာပတိ၏ မျက်နှာမှာ ကြက်သွေးရောင် ဖြစ်သွားသည်။ ဒီတစ်ခါတွင်မူ တင်းပုတ်ငယ်ကို ပြတ်ပြတ်သားသားကိုင်၍ ထုချလိုက်၏။ သူက နင်းမ်ကို ပြူးတူးပြဲတဲကြည့်ရင်း ပြောလိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ် ဒီလောက်ပဲခွင့်ပြုမယ် မစ္စတာဂိုးလ်မင်း"

သဘာပတိက စိတ်ခပ်တိုတိုဖြင့် ဆက်ကြေငြာလိုက်သည်။

"ဒီကြားနာစစ်ဆေးမှုကို ရပ်နားလိုက်မယ်"

□

ရုံးခန်းထဲမှ ပရိသတ်များ ပြန်ထွက်သွားကြစဉ် စိတ်ဝင်တစား ပြောဆိုနေကြသံများဖြင့် ဆူညံနေသည်။ ရေးလက်စ မှတ်စုများကို ပြန်ကြည့်ပြီး ထပ်မံရေးမှတ်နေပုံရသော နန်စီမိုလီနော့ကလွဲလျှင် သတင်းစာဆရာစားပွဲ၌ လျင်မြန်စွာလူရှင်းသွားလေပြီ၊ နံဘေးမှ နင်းမ် ဖြတ်သန်းလျှောက်သွားချိန်တွင် နန်စီက ခေါင်းထောင်လာပြီး နင်းမ်ကို ခပ်တိုးတိုး လှမ်းပြောလိုက်သည်။

"ဖြစ်မှဖြစ်ရလေ ရှင်ရယ်၊ ရှင်က ကိုယ့်ကိုယ်ကို ကြိုးစင်တင်ရသတဲ့လား"

နင်းမ်က ပြန်ဖြေသည်။

"ကျုပ် (ကြိုးစင်) တက်ရမယ်ဆိုရင် မင်းက အများဆုံး အမြတ်ထုတ်မှာပဲထင်တယ်"

နန်စီက ခေါင်းခါပြီး လေးတွဲ့တွဲ့ဖြင့် ပြုံးလိုက်၏။

"ကျွန်မက ဘာမှလုပ်စရာ မလိုပါဘူးတဲ့ ရှင်ရယ်၊ ရှင့်ဖာသာရှင် လုပ်တဲ့ကိစ္စပါ။ ဖြစ်မှ ဖြစ်ရလေရှင်ရယ်၊ နက်ဖြန်ခါ သတင်းစာကို ရှင်စောင့်ပြီး ဖတ်ပေါ့ရှင်"

နင်းမ်က အဖြေမပေးဘဲ မှတ်စုများနှင့် အလုပ်ရှုပ်နေသူ နန်စီအား ထားရစ်ခဲ့ပြီး ထွက်သွားသည်။ ဒီခွေးမသည် သူ့အပေါ်၌ ပို၍အဆိုးမြင်ရှုထောင့်မှ မြင်လာကြအောင် ဒီသတင်းကို တစ်ဖက်စောင်းနင်း ရေးလိမ့်ဦးမည်မှာ သိမ်ကိုသေချာသည်။

□



ဂျေအီးရစ်ဟမ်ဖရီက အသံခပ်မာမာဖြင့် ပြောလိုက်သည်။

"ဒီအချိန်ကစပြီး မင်းဟာ ဘာတီစွန်နဲ့ဖြစ်ဖြစ် ဒီကုမ္ပဏီရဲ့ ပြောရေးဆိုခွင့်ရှိသူ မဟုတ်တော့ဘူး၊ မင်း ရေဒီယိုနဲ့ ရုပ်မြင်သံကြားမှာလဲ မပါရတော့ဘူး၊ မင်းအနေနဲ့ သတင်းစာဆရာတွေကို တွေ့ဆုံမေးမြန်းခွင့် မပေးနိုင်တဲ့အပြင် ဘယ်အချိန်ရှိပြီလဲလို့ မေးတဲ့မေးခွန်းပင် ဖြစ်ပါစေ၊ သတင်းထောက်ကမေးရင် မဖြေရဘူး ရှင်းတယ်မဟုတ်လား"

နင်းမ်က ပြန်ဖြေသည်။

"ဟုတ်ကဲ့ ရှင်းပါတယ်"

သူတို့နှစ်ယောက်သည် ချယ်ယာမင်၏ စားပွဲတစ်ဘက်တစ်ချက်တွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

ထိုအချိန်မှာ ကယ်လီဖိုးနီးယား လောင်စာစွမ်းအင် ကော်မရှင်၏ မေးမြန်းစုံစမ်းပွဲတွင် နင်းမ် အုံကြွပေါက်ကွဲပြီး နောက်တစ်နေ့ ညနေခင်းတွင် ဖြစ်သည်။

ဟမ်ဖရီက ဆက်ပြောသည်။

"စုံစမ်းမေးမြန်းပွဲနဲ့ ပတ်သက်ရင်လည်း မင်း ပါဝင်သက်သေခံခွင့် မရှိတော့ဘူး၊ တခြားအစီအစဉ်တွေကို ဆက်စီစဉ်လိုက်မယ်"

"ကျွန်တော့်ဆီက ထွက်စာလိုချင်တယ်ဆိုရင် ရနိုင်ပါတယ် အီးရစ်"

ဟမ်ဖရီက ဒေါနှင့်မောနှင့် ပြောလိုက်၏။

"ဘယ်သူကမှ နုတ်ထွက်ဖို့အကြောင်း မပြောသေးပါဘူး"

နင်းမ်သည် ပြုံးချင်သည့်ဆန္ဒကို အတင်းချိုးနှိမ်လိုက်ရသည်။ သူသည် ချယ်ယာမင်ကြီးအတွက် အလွန်အဖိုးတန်သူဖြစ်ကြောင်း သူသိသည်။ အခုနကလည်း ပြောရေးဆိုခွင့်ရှိသူအဖြစ် မဆောင်ရွက်ရသည့်တာဝန်သည် နင်းမ်၏ မူလတာဝန်မဟုတ်၊ နောက်မှ ထပ်ဖြည့်ပေးခြင်းဖြစ်သည်။ ဘာပဲပြောပြော လောလောဆယ်တွင် မည်သည့်ကိစ္စကိုမှ စိတ်လိုက်မာန်ပါမလုပ်ရန် သူ ဆုံးဖြတ်ထားသည်။

"လောလောဆယ်မှာတော့ ဒါလောက်ပဲ"

ဟမ်ဖရီက အေးစက်စက်ပြောပြီး၊ နင်းမ်ကို လှမ်းခေါ်လိုက်စဉ်က ကြည့်နေပုံရသော စာရွက်စာတမ်းများကို ဆက်ကြည့်နေသည်။ ချယ်ယာမင်ကြီး စိတ်ဆိုးပြေအောင် အချိန်ယူရဦးမည်ဆိုတာကတော့ သိပ်ကိုထင်ရှားသည်။

□

နင်းမ်၏ရုံးခန်းထဲတွင် တီရေစာဗန်ဘူရင်က လာစောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗန်ဘူရင်က ပြောလိုက်သည်။

"ဒီကနေ့မနက်တုန်းက အီရစ်နဲ့ ကျွန်မ အချီအချ ပြောခဲ့ကြတာ တစ်နာရီလောက် ကြာခဲ့တယ်၊ အဓိကကျတဲ့ အချက်ကတော့ နောက်ဆုံးကျရင် ရှင့်လုပ်ရပ်မှန်တန်ကြောင်း အားလုံးက သိလာကြမှာပါ"

"ကျေးဇူးပဲ ဟီရေစာ"

နင်းမ်သည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်၏။ သူသည် စိတ်ရောကိုယ်ပါ နွမ်းနယ်မောဟိုက်သွားသည်။

နင်းမ်က ထပ်ပြောလိုက်သည်။

"လောလောဆယ်မှာတော့ ကျုပ် နှုတ်ပိတ်ခံလိုက်ရတာပေါ့"

ဗန်ဘူရင်သည် ထပ်စကားမပြောတော့ဘဲ ကယ်လီဖိုးနီးယား အိပ်ဇင်းမနားသတင်းစာတစ်စောင်ကို လှမ်းပေးလိုက်သည်။ မျက်နှာဖုံး၌ နန့်စီမိုလီနော့၏ သတင်းဆောင်းပါး ပါရှိသည်။

> ဂိုးလ်ဒင်းစတိတ်က ဂိုးလ်မင်းအား ဆိုဆုံးမလိုက်သည့်အပြင် သူ့စကားကိုလည်း လုံးဝတာဝန်မယူချေ။
>
> ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ၏ လူတွင်ကျယ်လေးဖြစ်ခဲ့ဖူးသော နင်းမ်ရှော့ဒ်ဂိုးလ်မင်းသည် ဒီကနေ့ သိက္ခာကျသွားရှာလေပြီ။ ယမန်နေ့က လူပုံအလယ်တွင် ဒေါသူပုန်ထမှုကြောင့် ထိုကုမ္ပဏီ၌ ၎င်း၏နောင်ရေးမှာ စိတ်မအေးဖွယ် ဖြစ်နေရရှာသည်။ လောလောဆယ်တွင် ဂိုးလ်ဒင်းစတိတ်မှ သူ့ဆရာသမားများက ဂိုးလ်မင်း၏ ဒေါသတကြီး ပြောဆိုချက်များကို လုံးဝ တာဝန်မယူကြချေ။

ဗန်ဘူရင်က တောင်းတောင်းပန်ပန် ပြောလိုက်သည်။

"ရှင့်ကို ပြောရေးဆိုခွင့်ရှိသူအဖြစ်က ရပ်စဲလိုက်တယ်ဆိုတဲ့သတင်း၊ အပြင်ကို မပေါက်ကြားအောင် လုပ်ဖို့မလွယ်ဘူး"

နင်းမ်က စိတ်ပျက်လက်ပျက်နှင့် ခေါင်းညိတ်လိုက်၏။

"ကျွန်တော်နားလည်ပါတယ်"

နင်းမ်သည် သက်ပြင်းချမိပြန်သည်။ သူ ပြောမိဆိုမိသည့်အတွက် ယခုအထိ နောင်တ,မရမိချေ။ သူ ဒီကိစ္စကို မနေ့ကတည်းက စဉ်းစားတွေးတောနေခဲ့သည်။ သို့သော် လုပ်ဖော်ကိုင်ဘက်များက အပယ်ခံတစ်ဦးပမာ ဆက်ဆံတာကို ခံရသည့်ကိစ္စကတော့ စိတ်မာတ်ကျစရာပင်တည်း။ တဖန် နံနက်ပိုင်းထုတ် သတင်းစာအများစုက နင်းမ်တင်ပြခဲ့သော လေးနက်သည့် အချက်အလက်များကို လုံးဝမဖော်ပြခဲ့ကြချေ။ တဖန် ဒေဗီဘဒ်ဆောင်းက တင်မင်ရန်စ,သော ကိစ္စများအား ခပ်တိုတိုပင် မဖော်ပြချေ။ စာနယ်ဇင်းဆရာများသည် မီးစ,တစ်ဖက် ရေမှုတ်တစ်ဖက်ဝါဒကို လက်ကိုင်ထားကြသည်ဟု နင်းမ်ယူဆမိသည်။ သို့သော် ဒါကလည်း ထူးခြားဆန်းကျယ်လှသည် မဟုတ်။



ဗန်ဘူရင်က အိပ်ဇင်းမနားသတင်းစာကို နောက်တစ်ကြိမ် လှန်ကြည့်ရင်း-

"နန့်စီက အမြတ်အထုတ်ဆုံးပဲ၊ ပြီးတော့ သူက ရှင့်ကို ဒုက္ခအပေးဆုံး၊ အရိုက်ကိုမှ ထိုးလေ့ရှိတာက သူ့အကျင့်၊ ရှင်တို့နှစ်ယောက်ကတော့ မျက်နှာကြောတည့်တဲ့ပုံကိုမရဘူး"

နင်းမ်က လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

"အဲဒီကောင်မမှာ အသည်းနှလုံးရှိတယ်ဆိုရင် ကျုပ်က ဝမ်းမြောက်ဝမ်းသာစွာနဲ့ သူ့ရင်ထဲက ခွဲထုတ်ပစ်လိုက်ချင်တယ်"

ဗန်ဘူရင်က မျက်မှောင်ကုပ်သည်။

"မင်းစကားက ရိုင်းလွန်းလှတယ် နင်းမ်ရယ်"

"ဟုတ်မှာပါပဲ၊ ဒါပေမယ့် အဲဒါက ကျုပ်ရင်ထဲမှာ ခံစားရတဲ့အတိုင်းပဲ"

နင်းမ်က တွေးကြည့်မိသည်။ 'နင်းမ်ရှော့ဒ်ဂိုးလ်မင်းသည် ဒီကနေ့ သိက္ခာကျသွားရှာလေပြီ' ဆိုသော နန့်စီမိုလီနော့၏ ဖော်ပြချက်သည် သူ့ကို နာကျည်းစေခြင်း ဖြစ်လိမ့်မည်။ တကယ်တော့ ထိုဖော်ပြချက်သည် ဒါရိုက်ဟာစ် မှန်ကန်ပါပေသည်ဟု သူ့ဖာသာသူ ဝန်ခံလိုက်မိသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒယ်ဒီ၊ အခုဆိုရင် ညဘက်ညဘက် အိမ်မှာ ပိုပြီးနေနိုင်လာမှာလားဟင်"

ညစာစားပွဲ၌ လေးက နင်းမ်အား မေးလိုက်ခြင်းဖြစ်သည်။

ဘင်ဂျီက ဓားနှင့်ခက်ရင်းကို အောက်ချရင်း သူ့အစ်မ၏မေးခွန်းအား အသံတိတ် ထောက်ခံနေဟန်ကို နင်းမ် သတိပြုမိသည်။

"ဖြစ်နိုင်တယ်"

ဘင်ဂျီတစ်ယောက် ရွှင်ရွှင်လန်းလန်း ဖြစ်သွားသည်။

"စနေ၊ တနင်္ဂနွေတွေမှာ ကျွန်တော်တို့နဲ့ ပိုပြီး အတူတူနေနိုင်မှာလားဟင် ဒယ်ဒီ"

"ဆိုပါတော့ကွာ"

ရှယ်က ဝင်ပြောသည်။

"ရှင်တော့ ကလေးတွေက မညာပေးတာကို ခံနေရပြီထင်တယ်"

လွန်ခဲ့သော ရက်အတော်ကြာက အိမ်ပြန်ရောက်လာသော ရှယ်သည် ၄င်းထံမှ မကြာခဏ မြင်တွေ့ရလေ့မရှိသော အပြုံးကလေးနှင့် ပြောလိုက်ခြင်းဖြစ်သည်။ ရှယ်သည် ယခင်ကနှင့်စာလျှင် ဝေးဝေးဝိုင်းဝိုင်း ပိုဖြစ်လာပြီး ပို၍ပင် ခပ်တည်တည်ဖြစ်



နေကြောင်း နင်းမ် သတိထားမိသည်။ သူတို့နှစ်ယောက်သည် ယခုအချိန်အထိ ရင်မဖွင့်ကြရသေးချေ။ ရှယ်က ရှောင်နေပုံရသလို မကြာခင်က ဖြစ်ရပ်များကြောင့် စိတ်မာတင်ကျနေသော နင်းမ်ကလည်း စတင်ပြောလိုစိတ် မရှိပါ။

ယခုဆိုလျှင် သုံးရက်အတွင်း တတိယအကြိမ်မြောက် ညစာစားပွဲ၌ မိသားစုအားလုံး စုံစုံညီညီရှိနေကြသဖြင့် ဤကိစ္စကပင်လျှင် ထူးခြားနေသည်။

နင်းမ်သည် ဘင်ဂျီနှင့်ပတ်သက်၍ တစ်စုံတစ်ရာကို သတိထားလိုက်မိသောကြောင့် ရှေ့သို့ကုန်း၍ သေသေချာချာ ကြည့်လိုက်သည်။

"မင်းမျက်နှာမှာ ဘာဖြစ်တာလဲ"

ဘင်ဂျီ ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားသည်။ ဘယ်ဘက်ပါးပေါ်မှ ယောင်ကိုင်းနေသည့် နေရာနှင့် အောက်နှုတ်ခမ်း အောက်ဘက်မှ ဒဏ်ရာအား လက်ကလေးကို မြှောက်၍ ဖုံးကွယ်လိုက်ရင်း ပြန်ဖြေလိုက်၏။

"ကျောင်းမှာဖြစ်တဲ့ ကိစ္စတစ်ခုပါ ဒယ်ဒီ"

"ဘာကိစ္စလဲကွ၊ မင်းက ရန်ဖြစ်လာတာလား"

ဘင်ဂျီ မနေတတ် မထိုင်တတ် ဖြစ်နေပုံရသည်။

လေးက ဝင်ဖြေလိုက်၏။

"ဟုတ်ပါတယ်၊ သူ ရန်ဖြစ်ခဲ့တာပါ။ တော့ဒ်သွန်ဒန်က ဒယ်ဒီက သဘာဝအလှအပကို ဖျက်ဆီးချင်တဲ့လူမို့လို့ အလကားလူတဲ့၊ အဲဒါကြောင့် ဘင်ဂျီက လက်သီးနဲ့ ထိုးတာ"

နင်းမ်က ဘင်ဂျီကို ခပ်ထန်ထန် ဆုံးမသည်။

"ဘယ်လူက ဘာကိစ္စကိုပဲပြောပြော လူတွေကို လက်သီးနဲ့ လျှောက်ထိုးတယ်ဆိုတာ ဟုတ်ကိုမဟုတ်ဘူး"

ဘင်ဂျီ ဝမ်းနည်းသွားပုံရသည်။

"ဟုတ်ကဲ့ပါ ဒယ်ဒီ"

မြင်သာသော ဇဟိဒ္ဓသဏ္ဍာန်၏ နောက်ကွယ်တွင်မူ နင်းမ်တစ်ယောက် တုန်လှုပ်ချောက်ချားသွားသည်။ သူ့အား ဖြစ်တင်ဝေဖန်မှုများသည် သူ့မိသားစုကိုပါ ပစ်မှတ်သဖွယ် ဦးတည်၍လာနိုင်ကြောင်း၊ သူ ယခုအချိန်အထိ မတွေးမိခဲ့သေးချေ။

"ငါနဲ့ပတ်သတ်ပြီး မင်းတို့ကိုပါ လာထိခိုက်စေတယ်ဆိုရင် ငါလည်း စိတ်မကောင်းပါဘူးကွာ"

လေးက ဝင်နှစ်သိမ့်သည်။

"ဒယ်ဒီလုပ်တဲ့ကိစ္စဟာ ဘာကြောင့် ဂုဏ်ယူထိုက်တယ်ဆိုတာကို ဘမိက ကျွန်မတို့ကို ရှင်းပြပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဘင်ဂျီကလည်း စိတ်ပါလက်ပါ ဝင်ပြောသည်။

"ပြီးတော့လည်း ဒယ်ဒီဟာ နှိုပြင်လူတွေအားလုံးကို စုပေါင်းထားတာထက် တောင် ပိုပြီးသတ္တိရှိတယ်လို့ မာမီက ပြောပါတယ်"

နင်းမ်က ရှသ်ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"မင်း မာမီက အဲဒီလိုပဲ ပြောသလား"

"ပြောပါတယ်၊ ဟုတ်ကော ဟုတ်တယ်မဟုတ်လားဟင်"

ဘင်ဂျီက ပြန်မေးလိုက်ခြင်း ဖြစ်သည်။

"သိပ်ဟုတ်တာပေါ့"

ရှသ်က ဝင်ဖြေလိုက်သည်၊ သူ့ခမျှာ ရှက်သွေးအနည်းငယ်ပင် ဖြန်းသွားရရှာသည်။

"ဒါပေမယ့် မင်းဒယ်ဒီက သူ့ကိုယ်သူတော့ အဲဒီလိုအမွှန်းတင်ပြီး ပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါကြောင့် မင်းကို မာမီက ပြောပြရတာပေါ့"

ချက်ခြင်းလိုလို နင်းမ်တစ်ယောက် စိတ်လှုပ်ရှားသွားသည်။ သူ့ဖခင်၏ ဂုဏ်သိက္ခာကို ခုခံကာကွယ်ရန် ဘင်ဂျီတစ်ယောက် လက်သီးငယ်ကလေးနှင့် ရန်ဖြစ်ခဲ့ရသည့် ကိစ္စ၊ တစ်ခါ သူတို့နှစ်ယောက်အကြားမှ ပြဿနာကို အသာဘေးချိတ်ထားပြီး ကလေးများအမြင်၌ ဖခင်သိက္ခာမကျအောင် ကာကွယ်ပေးခဲ့သော ရှသ်တို့အကြောင်းတွေးမိပြီး မျက်ရည်ကျလုမတတ် ခံစားလိုက်ရသည်။ ရှသ်၏ ဆော်ဩချက်ကြောင့် နောက်ထပ် မျက်နှာပူရမည့်ကိစ္စမှ နင်းမ် သက်သာရာရသွားသည်။

"ကဲ ကဲ အားလုံး ညစာဆတ်စားကြလေ"

ငှင်းနေခဲ့တ် ကလေးနှစ်ယောက်က ရုပ်မြင်သံကြားကြည့်ရန် ထွက်သွားကြပြီ ဖြစ်၍ သူတို့နှစ်ယောက်တည်း ကော်ဖီကို မျှဉ်းသောက်ရင်း ထမင်းစားစားပွဲ၌ ကျန်ရစ်ခဲ့ကြသည်။ နင်းမ်က ရှသ်တို ပြောလိုက်၏။

"မင်းက လေးနဲ့ဘင်ဂျီကို ပြောခဲ့တာနဲ့ပတ်သက်ပြီး ကိုယ် တကယ်ဝမ်းသာမိတဲ့အကြောင်း မင်းကိုအသိပေးချင်ပါတယ်"

ရှသ်က လက်မခံနိုင်သည့်ဟန်ပန်ဖြင့် ပြန်ဖြေသည်။

"ကျွန်မကိုယ်တိုင်က မယုံကြည်ရင် သူတို့ကို မပြောပြပါဘူး၊ ရှင်နဲ့ကျွန်မ ရိုမီယိုနဲ့ ဂျူးလီယက် မဟုတ်ကြတော့တဲ့အတွက်၊ ကျွန်မက တခြားကိစ္စတွေကိုပါ ဓမ္မဒိဋ္ဌာန်ကျကျ မမြင်တတ်တော့ဘူးလို့ မထင်လိုက်ပါနဲ့လေ"

တဲ ရင်ဖွင့်ဆွေးနွေးပွဲစတင်ရန် အချိန်တန်ပြီဖြစ်ကြောင်း အချက်ပေးလိုက်သည့်သဘောဟု သူထင်လိုက်သည်။ သူက ရင်ထဲ၌ ခံစားနေရသော ဝမ်းနည်းမှုအခြေခံနှင့် စ,ပြောလိုက်၏။



"တို့နှစ်ယောက်ကြားမှာ ဘာတွေများ ဖြစ်ပျက်ကုန်ကြတာလဲကွာ"

ရှသ်က ခပ်ပြတ်ပြတ် ပြန်ဖြေသည်။

"အဲဒါကို အကောင်းဆုံးဖြေနိုင်မယ့်သူဟာ ရှင်ပဲ၊ ဒါပေမယ့် ကျွန်မတို့ရဲ့ အိမ်ထောင်သက် (၁၅) နှစ်အတွင်း ရှင့်ဘဝထဲမှာ တခြားမိန်းမတွေ ဘယ်နှစ်ယောက် ဆောင် ရှိခဲ့သလဲဆိုတာကိုတော့ ကျွန်မသိချင်သေးတယ်"

နင်းမ်သည် ရှသ်ကို စေ့စေ့မကြည့်ရဲသောကြောင့် မျက်နှာလွှဲရင်း ပြန်ဖြေသည်။

"ကိုယ် ဘယ်တုန်းကမှ လေးလေးနက်နက် မရှိခဲ့ပါဘူးကွာ၊ ဘယ်သူ့ကိုမှ ချစ်လမ်းခဲ့ပါဘူး"

"အဲဒါကိုတော့ ကျွန်မ သိပ်ယုံကြည်တယ်"

ရှသ်၏ပါးပြင်မှာ ဒေါသကြောင့် နီရဲလာသည်။

"အဲဒါနဲ့ပတ်သက်ပြီးပြောရင် ရှင် ကျွန်မအပေါ်မှာ ဘယ်တုန်းကမှ လေးလေးနက်နက် မရှိခဲ့ပါဘူး"

"အဲဒါကတော့ ဟုတ်ကိုမဟုတ်ရပါဘူးကွာ၊ ဒါပေမယ့် မင်း အဲဒီလို ခံစားနေရတာ ကြာပြီဆိုတာ ဘာဖြစ်လို့ ခုအချိန်အထိစောင့်ပြီးမှ ပြောရတာလဲကွ၊ အရင်တုန်းက ဘာလို့ရင်ဖွင့်တာမျိုး ဘာဖြစ်လို့ မရှိခဲ့ရတာလဲ"

"အဲဒါ မေးသင့်တဲ့မေးခွန်းပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမချောချောတိုင်း ဘော်လိုက်ပါးလိုက်ချင်တယ်ဆိုတဲ့ ရှင့်ဆန္ဒဟာ တစ်နေ့ကျရင် ပြောင်းလဲလာမလားဆိုတာ မျှော်လင့်မိလို့ထင်ပါရဲ့၊ ဒါပေမယ့် ကျွန်မ မှားသွားပါတယ်လေ ရှင်မပြောင်းလဲခဲ့ဘူး၊ အေးလေ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနေပြီဆိုတော့ လည်း အမှန်အတိုင်း ဖွင့်ပြောရတော့မှာပေါ့၊ ဒီပြင်အချက်တစ်ချက် ရှိသေးတယ်၊ အဲဒါကတော့ ကျွန်မတစ်ကိုယ်တည်း (နေရမယ်)ဆိုရင် ဘာဖြစ်လာမလဲ၊ လေးနဲ့ ဘင်ဂျီကို ဘယ်လိုထိခိုက်လာမလဲ ဆိုတာတွေကို ကြောက်တာရယ်၊ ပြီးတော့ အခြား မိန်းမသမီးတွေလို ကိုယ့်အိမ်ထောင်ရေး အဆင်မပြေတာကို ဝန်မခံချင်တဲ့ မာနကြောင့်"

ရှသ်က ခဏရင်နားလိုက်၏။ ပထမဦးဆုံးအကြိမ်အဖြစ် ရှသ် အသံတုန်ခါလာသည်။

"အဲလေ၊ (အခုတော့) ကျွန်မ ကြောက်လည်းမကြောက်တော့ဘူး၊ မာနလည်း မရှိတော့ဘူး၊ လွတ်ရာကင်းရာကိုပဲ သွားချင်တော့တယ်"

နင်းမ်က မေးလိုက်သည်။

"မင်းရဲ့ အချစ်ရေးကိစ္စကတော့ကွာ၊ ကိုယ် ဒီအိမ်ပေါ်က ဆင်းသွားတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



မင်းအမျိုးသားက ချက်ချင်းဝင်ပြီး နေရာယူမှာပဲ မဟုတ်လား"

"ဘယ်အမျိုးသားလဲ"

"မင်း ခိုးကြောင်ခိုးဝှက်နဲ့ သွားသွားတွေ့နေတဲ့လူလေ၊ မင်းနဲ့အတူတူ ရပ်ဝေး တစ်နေရာကို လိုက်လာတဲ့သူလေ"

ရှသ်က မျက်ရည်သုတ်လိုက်၏။ သူက နင်းမ်အား ရယ်ချင်စိတ်ကတစ်ဝက် ဝမ်းနည်းစိတ်ကတစ်ဝက် ရောနှောနေသော မျက်နှာထားမျိုးဖြင့် ပြန်ကြည့်နေသည်။

"ကျွန်မက တခြားယောက်ျားတစ်ယောက်နဲ့ ထွက်သွားတယ်လို့ ရှင့်စိတ်ထဲ မှာ တကယ်ပဲထင်နေသလား"

"မဟုတ်လို့လား"

ရှသ်က ဖြည်းညင်းစွာ ခေါင်းခါသည်။

"ဟုတ်ကို မဟုတ်ပါဘူး"

"ဒါပေမယ့်. . . ကိုယ်ထင်တာက. . ."

"ရှင်ထင်တယ်ဆိုတာ ကျွန်မသိတယ်၊ ရှင် အဲဒီလိုထင်အောင် ကျွန်မ တမင် လုပ်ခဲ့မိတယ်၊ အဲဒါတိုက မှားတယ်ထင်တာပဲ၊ ကျွန်မ ခံစားနေရသလို ရှင်ခံစားရပါစေ ဆိုပြီး ကျွန်မ ချဉ်တင်တင်နဲ့ ဆုံးဖြတ်ခဲ့တာ"

"ဒါဖြင့်ရင် ဟိုတခြားအချိန်တွေမှာကော မင်းက ဘယ်သွားသွားနေတာလဲ"

ရှသ်က မှုလက ဒေါသသံမျိုးဖြင့် ပြန်ဖြေသည်။

"ကျွန်မမှာ တခြားဘယ်ယောက်ျားမှ မရှိဘူး၊ ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ ရှင် မမေ့သေးဘူးဆိုရင် ရှင်နဲ့ကျွန်မညားတုန်းက ကျွန်မက အပျိုစင်ပါပဲ၊ အဲဒီအချိန်ကစပြီး ကျွန်မဘဝမှာ တခြားဘယ်ယောက်ျားမှ မရှိခဲ့ဘူး"

နင်းမ်က မျက်စ,ချိလိုက်မိ၏။ သို့သော် ဖွတ်ထပ်မေးပြန်သည်။

"ဒါဖြင့် မင်း ဘာတွေလျှောက်လုပ်. . ."

"အဲဒါက ကျွန်မ ကိုယ်ရေးကိုယ်တာ ကိစ္စပါပဲ၊ ဒါပေမယ့် ကျွန်မမှာ တခြား ယောက်ျား မရှိခဲ့ပါဘူး"

နင်းမ်တစ်ယောက် ရှသ်ကို အကြွင်းမဲ့ ယုံကြည်သွားသည်။

"အလို၊ မြတ်စွာဘုရား"

နင်းမ်၏နှုတ်မှ အသံထွက်သွားမိသည်။ သူ မကြာခင်က လုပ်ခဲ့မိသမျှ၊ ပြော ခဲ့မိသမျှ၊ အများစုမှာ မှားယွင်းကုန်ကြလေပြီ။ သူတို့၏ အိမ်ထောင်ရေးနှင့် ပတ်သက် လျှင်မူ (မပြိုကွဲအောင်)ဆက်ထိန်းသင့်သေးသလား၊ လက်လွှတ်လိုက်ရမှာလား ဆိုတာ ကတော့ သူ့အဖို့ သိပ်မသေချာ။ သို့ရာတွင် ထိုကိစ္စကို ဆွေးဆိုင်းလိုသော ဆန္ဒရှိသေး သဖြင့် ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ် မေးလိုက်သည်။



"ဒီတော့ တို့ ဘာဆက်လုပ်ရမှာလဲ"

ရှသ်က အေးစက်စက်လေသံနှင့် ဖြေသည်။

"ရှေ့နေတစ်ယောက်စီခေါ်ပြီး ဆွေးနွေးကြဖို့ပဲပေါ့"

နင်းမ်က တောင်းပန်သည်။

"ဒါပေမယ့် ခုအချိန်မှာ ဒီလိုလုပ်ဖို့ လိုသလားကွာ"

"ပိုသထက်ပိုကြာအောင် အချိန်ဆွဲသင့်ပါတယ်လို့ လက်ခံနိုင်လောက်မယ့် ချက်တစ်ချက်လောက် ပြောပြစမ်းပါဦးလေ၊ ဒီလောက်တောင် အချိန်တွေကြာပြီးမှ ာ့ ကျွန်မတို့ နှစ်ယောက်အကြားမှာ ပြောင်းလဲလာစရာ မရှိနိုင်တော့ပါဘူး၊ ဟုတ် ယ်မဟုတ်လား"

"ကိုယ်လဲ အဲဒီလိုပဲ ထင်ပါတယ်"

နင်းမ်က စိတ်ပျက်လက်ပျက်နှင့် ပြန်ဖြေလိုက်ခြင်းဖြစ်သည်။

"ဒါဆိုရင်. . ."

"နေပါဦး၊ တစ်လ နှစ်လလောက်တောင် မစောင့်နိုင်တော့ဘူးလား၊ တခြား ရာ ဆင်ခြေမရှိရင်တောင်၊ လေးနဲ့ ဘင်ဂျိုကို ဖွင့်ပြောဖို့ အချိန်ရလာနိုင်တာပေါ့ကွာ"

သို့သော် ယတိပြတ် နောက်ပြန်ဆုတ်၍မရသည့် ဆုံးဖြတ်ချက်မျိုးကို ရှသ် ည်း ဆုံးဖြတ်လိုဟန်မတူဟု သူ့စိတ်ထဲက အလိုလိုသိနေသည်။

"ကောင်းပြီလေ၊ ရှင် အခုဖြစ်ပျက်နေတဲ့ ကိစ္စတွေကြောင့် ကျွန်မခဏတော့ င့်လိုက်ပါမယ်"

"ကျေးဇူးပါပဲကွာ"

ဘယ်လောက်ပင် အချိန်တိုတောင်းပါစေ၊ အသက်ရှူပေါက်ကလေး ရသွား ဖြင့် သူ စိတ်သက်သာရာရသွားသည်။

ဂရိုးဂိုဇ်အာချန်ဘော့တစ်ယောက် တစ်ကိုယ်လုံး တုန်သွားသည်။ အောက်တို ည၏ အေးမြသော လေသည် မင်းဖီးမြို့၏ ဆင်ခြေဖုံးရပ်ကွက်ကို မှိုးထားသော ကင်းမဲ့သည့် တောင်ကုန်းတလေးပေါ်ရှိ ကျောက်တုံးကြီးများအကြားမှ ပြင်းပြင်း ထန် တိုက်ခတ်နေသည်။ ဂရိုးဂိုဇ်အာချန်ဘော့သည် ဂိုးလ်ဒင်းစတိတ် ဂျွပ်စစ်ဓာတ် ပေးစက်ရုံ၏ သံဇကာဝင်းထရံဆီသို့ မိချောင်းသွားသလို တွားသွားရင်း ချဉ်းကပ် နေသည်။

နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ နောက်ဘက်မလှမ်းကမ်း

www.burmeseclassic.com



တွင် ဘက်တီတစ်ယောက် ကပ်၍လိုက်ပါလာကြောင်း ဂရီးဂိုစ်အာချန်ဘော့ သတိထာ လိုက်မိ၏။ ဘက်တီတစ်ယောက် သူနှင့် နီးနီးနားနားတွင် ကပ်ပါလာဖို့ အရေးကြီးသည် ဒီကနေ့ည အော်ပရေးရှင်းတွင် အသုံးပြုမည့် စနက်တံများနှင့် ဝိုင်ယာကြိုးများသည် ဘက်တီထံ၌ ရှိနေသည်။ လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုသည် ဒီကနေ့ညတွ မာတ်အားပေးစက်ရုံ သုံးရုံကို တစ်ပြိုင်နက်တည်း ဖောက်ခွဲကြမည်ဖြစ်သည်။ အခြားတ နေရာတွင် ယူတီနှင့် ဖီးလစ်တို့က တစ်တွဲတည်း လုပ်ကိုင်နေကြပြီး တတိယနေရာတွ မှ ဝေဒီတစ်ဦးတည်းက တာဝန်ယူထားသည်။ ၎င်းတို့၏ စီမံကိန်းအရ သုံးနေရာစလုံ တစ်ပြိုင်နက်တည်း ပေါက်ကွဲကြစေရန်ပင်တည်း။

ခြစည်းရိုးဆီသို့ ရောက်ရှိသောအခါ ဂရီးဂိုစ်သည် ခါး၌ချိတ်ဆွဲထားသော သံကြိုးဖြတ်သည့် ကတ်ကြေးအကြီးစားတစ်ချောင်းကို ဆွဲဖြုတ်ရင်း သံဇကာတွင် လူဝ ၍ရအောင် အပေါက်ဖောက်နေသည်။ သူသည် မင်းဖီးမြို့မှ လျှပ်စစ်မာတ်မီးရောင်ဖ အပေါ်မှစီး၍ မြင်နေရသည်။ ဤမီးရောင်များ မကြာမီ ချုပ်ငြိမ်းကုန်ကြရလိမ့်မည်။

ယနေ့ညတွင် ဖောက်ခွဲပစ်မည့် မာတ်အားပေးစက်ရုံများကို စနစ်တကျ ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။ အကယ်၍ အစစအရာရာ အဆင်ပြေပြီး အစီအစဉ်အ တိုင်း ပျက်စီးအောင် ဖျက်ဆီးနိုင်ခဲ့ပါက မင်းဖီးမြို့ကိုပင် ကျော်လွန်အောင် ကျယ်ကျ ပြန့်ပြန့် မီးမှောင်ကျသွားရမည်သာတည်း။ ထိုဒေသ၌ မီးပြန်လင်းလာအောင် ရက်သ ပတ်ပေါင်းများစွာ အချိန်ယူ၍ လုပ်ကိုင်ကြရမည်သာ။ ဒီကိစ္စနောက်ပိုင်းတွင် လွတ်လ ရေး၏ မိတ်ဆွေများအုပ်စုကို လူတွေက လေးလေးစားစား သဘောထားလာကြ မလား မသိ။

ထောက်။ သံဇကာမှ နောက်ဆုံးကျန်နေသည့် သံချောင်းပြတ်တောက်သွ ပြီဖြစ်၍ သူဖြတ်ထားသော သံဇကာကွက်သည် ဝင်းထဲရုံမှ ကျွတ်ထွက်လာသည်။ လပ်စတစ် ဒိုင်းနမိုက်ထုပ်သုံးထုပ်ကို သယ်ဆောင်လာသော ဂရီးဂိုစ်သည် ထိုသံဇ အပေါ်မှ အထဲသို့ တွားဝင်သွားသည်။

နောက်မှကပ်ပါလာသော ဘက်တီသည် အခက်အခဲမရှိဘဲ ဝင်ရောက်လို ပါလာ၏။ လွန်ခဲ့သော နှစ်လကျော်ကျော်က လက်ချောင်းကလေးနှစ်ချောင်း ပြတ်သွ ရသော ဘက်တီ၏လက်မှအနာမှာ ပျောက်ကင်းသွားလေပြီ။ သို့ရာတွင် ခွဲစိတ်ကုဆ ဝန်ထံ သွားရောက်၍ စနစ်တကျ ကုသမှုကို မခံခဲ့ရသောကြောင့် လက်ချောင်းငုတ် ကလေးများမှာ အလွန့်အလွန် အရုပ်ဆိုးသည်။

ခြံဝင်းအတွင်းသို့ ရောက်ရှိလာကြသောအခါ သူတို့နှစ်ဦးသည် ရှေ့သို့ဆ တိုးလာကြ၏။ ဗို့အားမြင့် မာတ်ကြိုးကြီးများကို သတိကြီးစွာထား၍ ရှောင်ရှားရ ပလပ်စတစ် ဒိုင်းနမိုက်များအား မာတ်အားပေးစက်ရုံရှိ ထရန်စဖော်မာကြီးသုံးခုတွ



'တိပ်'နှင့်ကပ်လိုက်သည်။ ဘက်တီသည် ချိန်ကိုက်ကိရိယာနှင့် ဆက်သွယ်ရမည့် မာတ်ကြိုးများနှင့် စနက်တံများကို ဂရီးဂိုစ်ထံ လှမ်းပေးလိုက်၏။ စနက်တံအားလုံး နေသားတကျရှိကြသောအခါ ဘက်တီသည် မာတ်ခဲနှင့်တွဲထားသော ချိန်ကိုက်ကိရိယာတစ်ခုစီကို တစ်ခုပြီးတစ်ခု လှမ်းပေးလိုက်သည်။ ဂရီးဂိုစ်သည် ချိန်ကိုက်ကိရိယာတစ်ခုစီကို သတိကြီးစွာနှင့် ကိုင်တွယ်ရင်း စနက်တံမှ ဝိုင်ယာကြိုးများနှင့် ဆက်ပေးလိုက်၏။ ဂရီးဂိုစ်သည် မှောင်ထဲ၌ လင်းနေသော သူ့လက်ပတ်နာရီဒိုင်ခွက်ကို ကြည့်လိုက်သည်။

ပေါက်ကွဲမှုသုံးခုစလုံး လာမည့်ဆယ့်တစ်မိနစ်အကြာတွင် စတင်ပေါက်ကွဲကြလိမ့်မည်။ တောင်ကုန်းခြေရင်းရှိ ဆစ်ပင်တန်းများ၏ နောက်ဘက်တွင် ဝှက်ထားခဲ့သော ၎င်းတို့၏ မော်တော်ကားရှိရာသို့ အရောက်ပြန်ကြရန် အချိန်လုံလောက်ရုံမျှသာ ရှိသည်။ သူက ဘက်တီကို အမိန့်ပေးလိုက်၏။

"သွားတော့လေ"

အပြန်တွင် ဘက်တီသည် ဂရီးဂိုစ်ရှေ့မှ ကြို၍သွားနှင့်သည်။ ဂရီးဂိုစ်တစ်ယောက် ခြံစည်းရိုးပေါက်မှ လေးဘက်တွား၍ ထွက်နေစဉ် မော်တော်ကားသံတစ်သံကို ကြားလိုက်ရ၏။ ထိုမော်တော်ကားသည် မာတ်အားပေးစက်ရုံသို့ တိုက်ရိုက်ဖောက်ထားသော ကိုယ်ပိုင်လမ်းကလေးအတိုင်း မောင်းနှင်လာသည်မှာ သံသယဖြစ်စရာ မလို။ တင်းလှည့်လာသော ပတ္တရောင်ကားတစ်စီး ဖြစ်ရမည်။ ဂရီးဂိုစ်သည် မဘ်တတ်ရပ်လိုက်၏။ အောက်ဘက်ခပ်လှမ်းလှမ်းမှ ကားရှေ့မီးရောင်ကို လှမ်းမြင်နေရလေပြီ။

ဂရီးဂိုစ်သည် ဘက်တီကိုလက်ပြပြီး 'ဟိုဘက်ကိုသွား'ဟု လှမ်းအော်လိုက်၏။ သူသည် ကျောက်ခင်းလမ်းကို ဖြတ်ပြေးပြီးနောက် ချုံပုတ်များ၏နောက်ဘက်တွင် မြေကြီးပေါ်၌ ပြားပြားဝပ်၍ နေလိုက်သည်။ ဘက်တီကလည်း သူနံဘေးတွင် ပြားပြားဝပ်နေသည်။

အနားသို့ ရောက်ရှိလာပြီဖြစ်သော ကားရှေ့မီးရောင်က ယ်နေရာတွင် တစ်မြင်လုံးကို လင်းထိန်နေစေသည်။ သို့တိုင်အောင် သူတို့ကို မြင်တွေ့သွားရန် မလွယ်ကူပါ။ ဂရီးဂိုစ်သည် လက်ပတ်နာရီကို ကြည့်လိုက်၏။ ရှစ်မိနစ်သာ ကျန်တော့သည်။

မော်တော်ကားသည် သူတို့နှင့် သုံးလေးပေခန့်အကွာ၌ ရပ်တန့်သွားပြီး လုံခြုံရေးဝန်ထမ်းတစ်ယောက် ကားပေါ်က ဆင်းလာ၏။ သူလက်ထဲတွင် အင်အားကောင်းသော လက်နှိပ်မာတ်မီးတစ်လက် ပါလာသည်။ သူက ခြံစည်းရိုးတစ်လျှောက်ကို လက်နှိပ်မာတ်မီးနှင့်ထိုး၍ စစ်ဆေးနေသည်။ ယာဉ်မောင်းကမူ ကားထဲ၌ နေရစ်ခဲ့၏။

"ဂျိတ်၊ အရေးပေါ်သတင်း ပို့လိုက်စမ်းကွာ၊ ဒီမှာ မဟုတ်တရုတ်ကိစ္စတွေ လာတွေ့နေရတယ်"

ဂရီးဂိုစ်သည် သူလုပ်ရမည့်ကိစ္စအပေါ် စိတ်ဒွိဟသံသယ ဂုံးဝမဖြစ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခါးပတ်၌ အိမ်နှင့်ချိတ်ဆွဲထားသော ရှည်လျားလျား အမဲလိုက်ဓားမြှောင်ကို ဆွဲထုတ်ရင်း ခုန်ထလိုက်၏။ ဂရီးဂို့စ်က လွှားကနဲ ခုန်လိုက်သည်တွင် မော်တော်ကား နားသို့ ရောက်ရှိသွားသည်။ ဂရီးဂို့စ်သည် နောက်ထပ် ခြေတစ်လှမ်းသာ လှမ်းလိုက်ရ ပြီး ဒရိုင်ဘာဘက်မှတံခါးကို အတင်းဆွဲဖွင့်လိုက်၏။ လန့်ဖြန့်သွားသော အသက်အရွယ် ခပ်ကြီးကြီး လုံခြုံရေးဝန်ထမ်းများက လှည့်ကြည့်လိုက်သည်။ သူ့နှုတ်ခမ်းနားတွင် ဝေါ် ကီတော်ကီတစ်လုံး ကပ်လျက်သားရှိနေ၏။

ဂရီးဂို့စ်က ခုန်အုပ်လိုက်သည်။ ဂရီးဂို့စ်သည် ဓားမြှောင်ကို အောက်မှပင့်တင် ၍ ထိုအစောင့်၏ ရင်ဘတ်ထဲသို့ တအားထိုးသွင်းလိုက်သည်။ ထိုလူသည် မပီမသ ဗလုံးဗထွေးအော်ဟစ်ရင်း ရှေ့သို့လဲကျသွားသည်။ ဂရီးဂို့စ်သည် ဓားမြှောင်ကို ခပ်ကြမ်း ကြမ်း ပြန်ဆွဲနှုတ်လိုက်၏။ လုံခြုံရေးအစောင့်၏ သေနတ်အိတ်ထဲတွင် ဒသမ (၃၈) ခြောက်လုံးပြူးတစ်လက် ရှိနေကြောင်း သူမြင်လိုက်ပြီးဖြစ်သည်။ ယခု သူက ထိုသေနတ် ကို ဆွဲယူလိုက်ပြီး မောင်းတင်လိုက်၏။

ကားပေါ်မှဆင်းသွားသော အစောင့်သည် ရုန်းရင်းဆန်ခတ်ဖြစ်သော အသံ တို့ ကြားရသောကြောင့် မော်တော်ကားဆီသို့ ပြန်လှည့်လာ၏။ သူက သေနတ်ကိုဆွဲ ထုတ်ပြီး လှမ်းအော်မေးလိုက်သည်။

"ဟေ့ ဂျိတ်၊ ဘာဖြစ်တာလဲကွ"

ဂရီးဂို့စ်က ထိုအစောင့်ပုဂ္ဂိုလ်အား သေနတ်နှင့် သုံးချက်ဆင့်၍ ပစ်လိုက်၏။ ဒုတိယနှင့် တတိယကျည်ဆံတို့မှာ ပစ်ဖို့လိုမည်မဟုတ်ပင် မထင်။ အစောင့်၏ရင်ဘတ်အား ပထမကျည်ဆံကို ဝင်ရောက်ထိမှန်သည့်အခါ အသံပင် မထွက်နိုင်တော့ဘဲ နောက်ဖက် သို့ လဲကျသွားသောကြောင့်ပင်တည်း။

သေနတ်သံများကို ကြားသောအခါ လူးလဲ၍ထလာသော ဘက်တီအား ဂရီးဂို့စ်က လှမ်းဆွဲလိုက်သည်။ ကားထဲတွင်ရှိသော လုံခြုံရေးအစောင့်က (မသေခင်) ရေဒီယိုနှင့် သတင်းပို့နိုင်စွမ်း ရှိမရှိကို မသိနိုင်သောကြောင့် သူတို့နှစ်ယောက် ခွေးပြေး ဝက်ပြေး ပြေးကြရလေတော့သည်။

၄င်းတို့နှစ်ဦး တောင်ကုန်းအောက်ဖက်သို့ ပြေးဆင်းလာရာ ခရီး၏ သုံးပုံတစ် ပုံခန့်အရောက်တွင် ပေါက်ကွဲသံကို စတင်ကြားရတော့သည်။ စက္ကန့်အနည်းငယ်ကြာ သောအခါ နောက်ထပ် ပေါက်ကွဲသံကြီး ထပ်မံပေါ်ထွက်လာပြီး ကောင်းကင်တစ်ပြင် တစ်ခွင်လုံး လျှပ်ပျက်လိုက်သလို ဝင်းလက်သွားသည်။ ထို့နောက် ရေနံများကို မီးစွဲ လောင်ရာမှ ဖြစ်ပေါ်လာသော မီးတောက်မီးလျှံများသည် ကောင်းကင်တစ်ခုလုံးကို လင်းထိန်နေစေ၏။ လမ်းကွေ့တစ်ခုသို့အရောက်တွင် တစ်ခုခု ထူးခြားနေကြောင်း ဂရီး ဂို့စ် သတိထားလိုက်မိ၏။ ထို့နောက် သူ ချက်ချင်းသိလာသည်။ သူရည်ရွယ်ချက်အောင်



မြင်ခဲ့လေပြီ။ မင်းဖီးမြို့ပေါ်မှ လျှပ်စစ်မီးအားလုံး ချုပ်ငြိမ်းသွားကြလေပြီတည်း။

ဂရီးဂို့စ်သည် သူရပ်ထားခဲ့သော နေရာတွင် သူမော်တော်ကားကို ပြန်ရှာတွေ့ သွားသည်။ မိနစ်အနည်းငယ်ကြာသောအခါ တစ်မြို့လုံး မဲမဲမှောင်နေသော မင်းဖီးမြို့ တို့ ကျောခိုင်းခဲ့ပြီး ပြန်လည်ထွက်ခွာလာခဲ့ကြ၏။

ဘက်တီက သွေးပျက်သောလေသံနှင့် အော်ဟစ်၍ ပြောဆိုလိုက်သည်။

"ရှင်က ဟိုလူနှစ်ယောက်ကို တမင်သတ်ပစ်လိုက်တာ. . . တမင်သတ်ပစ် လိုက်တာ"

ဂရီးဂို့စ်ကလည်း ခပ်ပြတ်ပြတ်ဖြေသည်။

"သတ်မှ ဖြစ်မှာပေါ့ကွ"

ဂရီးဂို့စ်သည် မော်တော်ကားကို သတိကြီးစွာထား၍ မောင်းနှင်လာနေသည်။ သူ ယခုအချိန်တွင် မဖြစ်ချင်ဆုံးကိစ္စမှာ ပတ္တရောင်ရဲကားက သက်ာမကင်းဖြစ်ပြီး ရပ် တန့်ခိုင်းမည်ကို အထူးစိုးရိမ်နေမိသည်။ သူ့အကျီအဝတ်အစားများပေါ်တွင် သွေးများ ရွှန်းပေနေသလို၊ သူ့ဓားမြှောင်ပေါ်တွင်လည်း သွေးများရှိနေသေးကြောင်း သူသိသည်။

ဘက်တီက မကျေမချမ်းနှင့် ပြောလိုက်၏။

"ရှင် အဲဒီလူတွေကို သတ်ပစ်စရာ မလိုပါဘူးရှင်"

ဂရီးဂို့စ်က ဒေါသတကြီး ပြန်အော်ငေါက်ပစ်လိုက်သည်။

"မင်း တိတ်တိတ်နေစမ်း၊ မင်းကိုပါ ငါသတ်မိလိမ့်မယ်"

ဘက်တီက ထပ်ပြောနေဆဲပင်။

"ကားထဲကကလူက အသက်ကြီးလှပါပြီ၊ ကျွန်မကိုယ်တိုင် မြင်လိုက်ရတာပါ"

"အဲဒီငတိက ဖက်ဆစ်တွေရဲ့ လက်ပါးစေကွ"

ဂရီးဂို့စ်က ငွှတ်ပြောလိုက်၏။ သူသည် ဖျက်ဆီးရေးလုပ်ငန်းသင်တန်းကို တက်ခဲ့ပြီးနောက် ဗုံးဖေါက်ခွဲမှု အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်း ယခုလို မည်သူ့ကိုမျှ သွေးအေးအေးနှင့် မသတ်ဖြတ်ခဲ့ဘူးသေးချေ။ ဤအတွေ့အကြုံက သူ့ကို အော့နှလုံးနာ စေသည်။ ထို့ကြောင့် သူ့ကိုယ်သူ အားတင်းရာလည်းရောက်အောင် ပြောလိုက်ခြင်း ဖြစ်သည်။

"ရှင်လဲ လူသတ်မှုနဲ့ ထောင်ကျလိမ့်မယ်"

ဂရီးဂို့စ်က ပြန်ဟောက်လိုက်၏။

"မင်းလဲ ထောင်ကျမှာပေါ့ကွာ၊ မင်းလဲ ဒီကိစ္စထဲမှာ ငါနဲ့အတူတူ ပါဝင်ပတ် သက်နေတာပဲ ဥစ္စာ၊ မင်းလဲ ဒီနေရာကို ရောက်တယ်၊ ကြံရာပါပဲ၊ ငါထောင်ကျရင် မင်းလဲ ထောင်ကျလိမ့်မယ်၊ အဲဒါကိုတော့ မင်း လုံးဝမမေ့ပါနဲ့"

ဘက်တီသည် တရှုံ့ရှုံ့ငိုလျက်ရှိသည်။ ဒီကိစ္စထဲတွင် ဝင်မပါခဲ့မိလျှင် အကောင်း

www.burmeseclassic.com

www.burmeseclassic.com



သားဟု မပီမသနှင့် ဗလုံးဗထွေး ပြောဆိုနေမိသည်။

အတန်ငယ်ကြာသောအခါ ယခု ၄င်းတို့ ဖြတ်သန်းလာသည့် နေရာသည် သာမန်အချိန်တွင် လင်းထိန်နေရမည်ဖြစ်သော်လည်း မှောင်အတိကျနေသည်ကို သတိထားလိုက်မိ၏။ ဒါဆိုလျှင် လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုသည် ရည်ရွယ်ချက်အတိုင်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြသည်မှာ သေချာသည်။ ၄င်းကိုယ်တိုင် ဘပ်မဟာမှူးအဖြစ် ဦးစီးဦးဆောင်ပြုလုပ်၍ တိုက်ခိုက်ခဲ့သော စစ်ပွဲကြီးသည် ဇုက်ကျက်သရေရှိစွာနှင့် အောင်မြင်မှု ရရှိခဲ့လေပြီတည်း။

□ □ □

## အခန်း (၁၆)

ကာရင့်ဆလုံးက ပြောလိုက်သည်။

"မီးတွေပြတ်သွားတဲ့အချိန်မှာ ကျွန်မနဲ့ဂျိုစီက အိမ်ကို 'ဟပ်ပါဒင့်'နဲ့ ပြန်လာနေကြတုန်းပေါ့"

နင်းမ်တစ်ယောက် အူကြောင်ကြောင် ဖြစ်သွားသည်။

"ဟမ်ပါဒင့်၊ ဟုတ်လား"

ကာရင်က နှစ်လိုဖွယ်ရာ အပြုံးကလေးနှင့် ပြုံးပြလိုက်သည်။

"ဟမ်ပါဒင့်ဆိုတာ ကျွန်မ မော်တော်ကားလေးလေ၊ ကျွန်မ အဲဒီမော်တော်ကားလေးကို သိပ်သဘောကျလို့ လူလို နာမည်တောင် ပေးထားတာ"

သူတို့သည် ကာရင်၏ ဧည့်ခန်းထဲ၌ စကားစမြည် ပြောဆိုနေကြခြင်းဖြစ်ပြီး အချိန်မှာ နိုဝင်ဘာလ ပထမပတ်၏ တစ်ညနေခင်းဖြစ်သည်။ ကာရင်က ညစာစားရန် ဖိတ်ကြားသည်ကို နင်းမ်က လက်ခံလိုက်သောကြောင့် ရောက်ရှိလာခြင်းဖြစ်သည်။

ကာရင်က ဆက်ပြောသည်။

"မီးပြတ်တဲ့အကြောင်း ပြောရမယ်ဆိုရင် ကျွန်မက ရုပ်ရှင်သွားကြည့်နေတာ၊ အဲဒီက အိမ်ပြန်အလာမှာ လမ်းမီးတွေအကုန်လုံး ပြတ်ကုန်တော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နင်းမ်က သက်ပြင်းတစ်ချက် ချလိုက်၏။

"စတုရန်းမိုင်တစ်ရာနီးပါးပဲ၊ အကုန်လုံး မီးပြတ်သွားကြတယ်လေ"

"တော်တော် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်တယ်ဆိုတာ မြင်တွေ့လိုက်ရတဲ့အတွက်၊ ပြဿနာပေါ်ရင် ကျွန်မတို့ သွားလေ့သွားထရှိတဲ့ ရက်ဒ်ဝုဒ်ဂရိုဗ်ဆေးရုံကို ဂျီစီက တန်းမောင်းတော့တာပါပဲ၊ အဲဒီမှာ အရေးပေါ် ဂျင်နရေတာတစ်လုံးရှိတယ်၊ ကျွန်မလည်း အဲဒီမှာ မီးတွေပြန်လင်းလာတဲ့အထိ သုံးရက်ကြာအောင် နေခဲ့ရတယ်"

ကာရင်က ဆက်ပြောပြန်၏။

"သိပ်ကိုဆိုးရွားတဲ့ကိစ္စပဲ နင်းမ်ရော့ဒ်ရယ်၊ မီးပြတ်ရုံသာမကဘူး၊ ဟို လုံခြုံရေးနှစ်ယောက်ကိုလည်း သတ်သွားကြသေးတယ်၊ အဲဒီလူတွေကို ခုထက်ထိ ဖမ်းမမိကြသေးဘူးလား"

နင်းမ်က ခေါင်းခါလိုက်၏။

"သူတို့လူစုက လွတ်လပ်ရေး၏ မိတ်ဆွေများဆိုတဲ့အုပ်စုပဲ၊ ရဲကလည်း သူတို့ကို ထောက်လှမ်းစစ်ဆေးနေတာ တော်တော်လေးကြာသွားပြီ၊ ရဲဘက်က အယူအဆ တတော့ ဒီအုပ်စုဟာ လူလေးငါးခြောက်ယောက်လောက်ပဲပါတဲ့ လူနည်းစုကလေးပဲ ဖြစ်ရမယ်၊ သူတို့အုပ်စုမှာ တစ်ယောက်က ခေါင်းဆောင်ဖြစ်မယ်၊ အဲဒီလူက အင်မတန် သွေးဆာနေတဲ့ လူသတ်သမားပဲ ဖြစ်လိမ့်မယ်"

နင်းမ်က စိတ်ပါလက်ပါ ပြောချလိုက်ခြင်း ဖြစ်သည်။ ဂိုးလ်ဒင်းစတိတ်၌ နောက်ဆုံးအကြိမ် ပုံးဖောက်ခွဲခံရမှုသည် ယခင့်ယခင်ကထက် ပိုမိုဆိုးရွားသည်။ ပို၍ စိတ်ဓာတ်ကျစရာ ကောင်းသည့်အချက်မှာ သဲလွန်စပျောက်၍ မည်မည်ရရ ရှာမရခြင်းပင်တည်း။ ပုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် အသံလွှင့်ဌာနသို့ ပေးပို့ခဲ့သော တိတ်ခွေကို ရဲဘက်မှ စုံစမ်းစစ်ဆေးခဲ့သည်။ တိတ်ခွေပေါ်မှ အသံလှိုင်းအနေအထားမှာ ယခင့်ယခင်က အသံလွှင့်ဌာနသို့ အလားတူပေးပို့ခဲ့သော တိတ်ခွေများပေါ်မှ အသံလှိုင်းအနေအထားနှင့် ထပ်တူထပ်မျှ တူညီနေသည်။

"အဲဒီ အသံစစ်ဆေးချက်ဟာ သူနှင့်နှိုင်းယှဉ်ပြီး စစ်ဆေးရမယ့် အသံရှင်ရှိမှ အရာရောက်မှာဗျ" ဟု စုံထောက်တစ်ဦးက နင်းမ်အား အသိပေးခဲ့လေသည်။

ကာရင်သည် နင်းမ်၏ အတွေးများကို ဖြတ်တောက်ပစ်လိုက်၏။

"နင်းမ်ရော့ဒ် ခုတလော ရှင်လုံ တော်တော်ကြီး ဒုက္ခသုက္ခတွေနဲ့ ကြုံတွေ့နေရတာပဲနော်၊ ရှင့်အကြောင်း သတင်းစာတွေက ရေးတာသားတာတွေနဲ့ တယ်လီဗီးရှင်းမှာ ပါတာတွေကို ကျွန်မသိနေတယ်လေ"

နင်းမ်က မဲ့ပြုံးပြုံးလိုက်၏။

"အနှီပါ စုံစမ်းစစ်ဆေးရေးပွဲ ကိစ္စပဲမဟုတ်လား၊ အဲဒီမှာ ကိုယ့်ကိုယ်ကို သိက္ခာ



ကျအောင် လုပ်တယ်ဆိုပြီး ဝိုင်းဆူကြပူကြတယ်လေ"

ကာရင်က ခပ်မြတ်မြတ် ပြန်ဖြေသည်။

"ရှင်ပြောတာ သဘာဝကျပါတယ်"

ကာရင်တစ်ယောက် ခပ်ဆိုင်းဆိုင်းဖြစ်သွားသည်။

"အဲဒါတွေ ဖြစ်ပျက်ပြီးတဲ့နောက် ရှင့်အတွက် ကျွန်မ ကဗျာတစ်ပုဒ်တော ... စပ်ထားသေးတယ်၊ ဟိုအပေါ်မှာပါ။ ကာရင်က ခေါင်းကိုစောင်းငဲ့၍ ညွှန်ပြ လိုက်၏ ...

"ဟို ဘီရိုပေါ်မှာ"

နင်းမ်သည် ထိုင်ရာမှထပြီးနောက် စာအုပ်စင်အောက်ရှိ ဘီရိုဆီသို့ လျှောက ... သွားသည်။ ဘီရိုပေါ်၌ အပြာရောင် စာရွက်ကတ်လေးတစ်ရွက်ကို တွေ့လိုက်ရ၏။

*ချစ်သောနင်းမ်ရော့ဒ်*

*လောကဖြစ်စဉ်တွင်၊ အကြင်သူတစ်ဦးတစ်ယောက်သည်၊ ထိုးဖောက ... သိမြင်သောဉာဏ်နှင့် အနာဂတ်အရေးကို မျှော်တွေး၍ အဝင်မချိုသော ဆေးခါး ... ကြီးကဲ့သို့ အမှိတရားအတိုင်း ပြောဆိုခဲ့မိသည်ရှိသော် အယူအဆချင်းမတူသေး ... တစ်ထွာတစ်တောင်သာ မြင်တတ်သူများက၊ ကဲ့ရဲ့သဂြိုလ် စကားတင်း ဆိုတတ်ကြ ... သည်မှာ ဓမ္မတာ။*

*ပညာဉာဏ်ရင့်သန်သူ၊ ကဝိပါရဂူများသည်ပင်လျှင် အသက်ရှင်စဉ်၌ ချီးမွမ်းခံရခဲလှ၏။ သို့သော် အမှန်တရားဟူသည် အချိန်အခါ ကျရောက်လာသော အခါ၌ ဖြစ်ထွန်းပေါ်ပေါက်လာတတ်စမြဲဖြစ်ရာ တစ်ချိန်က ရှုံ့ချပြစ်တင်မှုကို ခံ ... ဖူးသူများသည် နောင်တစ်ချိန်တွင် ရဲရင့်ပြောင်မြောက်ပါပေသည်၊ ပညာဉာဏ် အမြင် ရင့်သန်လှပါပေသည်ဟု ချီးမွမ်းသြဘာ ထောပနာပြုသည်ကို ခံရတတ်ကြ သည်မှာ ဓမ္မတာ။*

*ထိုကဲ့သို့ ဂုဏ်ယူထိုက်သော မင်္ဂလာအချိန်အခါမျိုးတွင် လောကဖြစ်စဉ်၌ ဆန့်ကျင်ဖက် အသွင်ကိုဆောင်သော လောကဓံတရား ရှစ်ပါးအကြောင်း၊ ယောနိ သော မနသိကာရဖြင့် တောင်းမွန်စွာ နှလုံးသွင်း၍ ဆင်ခြင်ခွင့်လွှတ်နိုင်တတ်ပါစေ၊ သဘောထားကြီးနိုင်ပါစေ၊ သိမ်မွေ့နူးညံ့မှုအစား မြင့်မြတ်သော ရည်ရွယ်ချက်များ ထားနိုင်တတ်ကြပါစေ။*

*တကယ့်တကယ်တွင်လည်း အမြင်ကျယ်ခြင်း၊ အမြော်အမြင်ကြီးမား ခြင်း၊ လောကအမြင် ကြည်လင်ပြတ်သားခြင်းစသော ဂုဏ်အင်္ဂါရပ်များသည် ပါရမီရှင် အနည်းစုတွင်သာ ပါရှိလာတတ်သော ဇာတိမဇ္ဈိသန္တေစိတ်ဖြစ်ကြောင်း သိနား လည်နိုင်ပါစေ။*

နင်းမ်သည် ကဗျာကို ဒုတိယအကြိမ် ထပ်ဖတ်ပြန်သည်။ ထို့နောက် ကာရင်

www.burmeseclassic.com

www.burmeseclassic.com



အား ပြောလိုက်၏။

"ကာရင်၊ မင်းဟာတော့ သိပ်ကို အံ့ဩစရာကောင်းသူကလေးပဲနော်၊ ကိုယ့်ရင်ထဲမှာ အများကြီးလှုပ်ရှားသွားတယ်၊ မင်းကိုလဲ ကိုယ် ကျေးဇူးအထူးတင်ပါတယ်"

ထိုအခိုက်တွင် ဂျိုစီသည် အစားအစာများ အပြည့်အနှက် ထည့်ထားသော လင်ပန်းကလေးနှင့် အခန်းထဲသို့ ဝင်လာ၏။ ချက်ပြုတ်ထားသည်မှာ ခပ်ရိုးရိုးပင်ဖြစ်သော်လည်း အရသာရှိလှသည်။ နင်းမ်က ဝိုင်တစ်ပုလင်း ယူလာသည်ဖြစ်ရာ စကားတပြောပြောနှင့် အေးအေးဆေးဆေး ထမင်းစား၍ ကောင်းလှသည်။

ဤတွင် 'ဟမ်ပါဒင့်'အကြောင်း စကားစပ်မိသဖြင့် ပြောဖြစ်ကြပြန်သည်။

ကာရင်က နင်းမ်ကို ပြောလိုက်သည်။

"ဟမ်ပါဒင့်အတွက် ဒယ်ဒီ ငွေချေးလိုက်ရလို့ ကျွန်မ စိတ်ပူနေမိတယ်။ သူ့ဘက်မှာ ငွေချေးလို့မရတော့ ငွေတိုးချေးစားတဲ့ ကုမ္ပဏီကို သွားရတော့တာပေါ့လေ၊ အဲဒီကုမ္ပဏီကတော့ ချေးလိုက်ပါတယ်၊ ဒါပေမယ့် အတိုးနှုန်းပိုများတယ်၊ သူ့လုပ်ငန်းကိုင်ဝန်းကလဲ ခုတလော သိပ်မကောင်းလှဘူးဆိုတော့ ချေးငွေကိုပြန်ဆပ်ဖို့ အခက်အခဲဖြစ်မှာ စိုးရိမ်မိတယ်၊ အခုလဲ ကျွန်မရတဲ့ငွေနဲ့ မလောက်ရင် ဒယ်ဒီနဲ့မာမီက ကူနေကြသားပဲ ဉစ္စာ"

နင်းမ်က စဉ်းစဉ်းစားစားဖြင့် မေးလိုက်၏။

"ကိုယ်က နည်းနည်းလောက် ဝင်ကူညီလို့ရမလား"

"ဟင့်အင်း၊ ရှင့်ဆီကတော့ လုံးဝလက်မခံဘူး၊ ရှင်နဲ့ မိတ်ဆွေအပေါင်းအသင်းဖြစ်ရတဲ့အတွက် ကျွန်မ သိပ်ပြီးဝမ်းသာမိပါတယ်၊ ဒါပေမယ့် ရှင့်ဆီကငွေကို ဘယ်တော့မှမယူဘူး၊ ပြီးတော့လဲ ရှင်က ဟမ်ပါဒင့်နဲ့ပတ်သက်ပြီး အများကြီးကူညီခဲ့တယ် မဟုတ်လား"

ကာရင်၏အသံက ပိုမိုပျော့ပျောင်းသွားသည်။

"ကျွန်မက လွတ်လွတ်လပ်လပ် နေချင်တယ်၊ အတူအညီလဲ သိပ်မတောင်းချင်တဲ့လူ၊ ရှင် နားလည်တန်ကောင်းပါရဲ့"

"ဟုတ်ပါပြီ၊ ကိုယ်နားလည်ပါတယ်၊ မင်းကို လေးလည်းလေးစားပါတယ်"

"ကဲ နင်းမ်ရော့ဒ် ချစ်ချစ်၊ ဟမ်ပါဒင့်ကြောင့် ကျွန်မဘဝ ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာ ကျွန်မက ရှင့်ကို လက်တွေ့ပြသခွင့်ရမှ ရှင်ယုံတော့မှာပဲ၊ ဒီတော့ ကျွန်မတို့နှစ်ယောက် တေးသံသာပွဲကို အတူတူသွားကြရင် ကောင်းမလား မသိဘူး"

"သိပ်ကောင်းတာပေါ့၊ ကိုယ် စီစဉ်လိုက်မယ်"

ကာရင်က ပြောလိုက်၏။

"ကျွန်မတော့ သိပ်ကိုဝမ်းသာတာပဲရှင်"



နင်းမ်သည် ချောင်းဟန့်သံ ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ တံခါးဝ ...ွင်ရပ်နေသော ဂျိုစီကို တွေ့လိုက်ရသည်။

ကာရင်က ပြောလိုက်၏။

"ဟုတ်ပါရဲ့ ဂျိုစီရယ်၊ ရှင်သွားဖို့ အဆင်သင့် ဖြစ်ပြီလားဟင်"

ထို့နောက် နင်းမ်နားလည်အောင် ထပ်မံဖြည့်စွက်၍ ပြောပြလိုက်၏။

"ဂျိုစီက ဒီည သူ့မိသားစုဆီ အလည်အပတ် သွားမလို့လေ"

ဂျိုစီက ပြန်ဖြေလိုက်သည်။

"ကိုယ် သွားဖို့အဆင်သင့်ဖြစ်ပြီ၊ ဒါပေမယ့် မင်းအတွက် အဆင်ပြေပါ့မလား"

"အဲလေ. . . ဖြစ်လိမ့်မယ် ထင်တာပဲ"

ကာရင်က နင်းမ်ဘက်သို့ လှည့်၍ပြောလိုက်၏။

"ဂျိုစီက မနက်ဖြန်မနက်မှ ပြန်လာမှာ၊ ခါတိုင်းကတော့ သူ့နေရာမှာ အစား...င်ပေးတဲ့လူ ရှိပါတယ်၊ ဒါပေမယ့် အဲဒီ အစားဝင်ပေးလေ့ရှိတဲ့လူက နေမကောင်းဘူး၊ ...တော့ ကျွန်မအစ်မ စင်သီယာက ဒီညလာအိပ်ပေးလိမ့်မယ်"

ကာရင်က တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်၏။

"တစ်နာရီအတောအတွင်း စင်သီယာ ဒီကိုရောက်လာတော့မှာပါ၊ ရှင် အဲဒီ...ချိန်အထိ စောင့်နေပေးနိုင်မှာလား ဟင်"

"နေနိုင်တာပေါ့"

ဂျိုစီက ပြောလိုက်သည်။

"အဲလေ၊ ဒါဖြင့်ရင် ကိုယ်သွားတော့မယ်၊ မင်္ဂလာရှိသော ညပါ"

မိနစ် အနည်းငယ်ကြာသောအခါ အပြင်ဘက်တံခါးအား ပြန်ပိတ်သံကို ...ြားလိုက်ရသည်။

ကာရင်က ပြောလိုက်၏။

"ရှင် ဒီမှာရှိနေတဲ့အတွက် ဝမ်းသာမိပါတယ်၊ ရှင်နဲ့ စကားပြောနေရရင် ...ျွန်မ တကယ်စိတ်ချမ်းသာတယ်"

သူတို့ပြောနေသော စကားလမ်းကြောင်းသည် လွတ်လပ်ရေး၏ မိတ်ဆွေများ ...ပ်စုသို့ ပြောင်းလဲရောက်ရှိသွားပြန်၏။

ကာရင်က မေးလိုက်သည်။

"အဲဒီလူတွေက အဲဒီလိုအလုပ်မျိုးတွေကို ဘာဖြစ်လို့ လုပ်နေကြတာလဲဟင်"

နင်းမ်က ပြန်ဖြေလိုက်၏။

"ကိုယ်တို့ကုမ္ပဏီမှာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးစဉ်းစားထားကြတာတွေ ...တယ်၊ အဲဒီ လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုမှာ လူလေးငါးယောက်ပဲ ရှိမယ်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဦးစီးခေါင်းဆောင်လုပ်ရမယ်လို့ ရဲဘက်က ယူဆတဲ့အကြောင်း ကိုယ်မင်းကို ပြောဖူးတာ မှတ်မိတယ်မဟုတ်လား၊ အဲဒီလိုယူဆတာသာ မှန်တယ်ဆိုရင် ခေါင်းဆောင်လုပ်သူရဲ့ စိတ်နေသဘောထားကို နည်းနည်းပါးပါး နားလည်လာတာနဲ့အမျှ သူ့ကိုဖမ်းမိဖို့ အခွင့်အရေးလည်း ပိုများလာလိမ့်မယ်လို့ ကိုယ်တို့က ယူဆကြတယ်"

နင်းမ် ထုတ်မပြောသည့်အချက်မှာ ဓာတ်အားပေးစက်ရုံတွင် လုံခြုံရေးအစောင့်နှစ်ဦး အသတ်ခံလိုက်ရသည့် နောက်ပိုင်းတွင်မှ ထိုစိတ်ကူးစိတ်သန်းကို သူ တွေးမိလာသည်ဆိုသည့် ကိစ္စပင်တည်း။ ထိုအချိန်ကစ၍ သူ၊ ဟယ်ရီလန်ဒန်၊ ကီရေစာဗန်အူရင်နှင့် အော်စကာအိုဘရိုင်ယင်တို့သည် သုံးကြိမ်တိတိ တွေ့ဆုံကြပြီးနောက် အချိန်ကြာမြင့်စွာ ဆွေးနွေးပြီး အကြံထုတ်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲများတွင် ရေရေရာရာ တိတိကျကျ အဖြေထွက်ပေါ်လာခြင်း မရှိသေးသော်လည်း သူတို့လူစုသည် လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုအကြောင်း တဖြည်းဖြည်းနှင့် ပိုမို၍ နားလည်သဘောပေါက်လာကြကြောင်း ခံစားသိရှိလာကြရ၏။

ကာရင်က မေးလိုက်သည်။

"ရှင်တို့က ခေါင်းဆောင်လုပ်တဲ့လူဟာ ယောကျ်ားပဲဖြစ်ရမယ်လို့ ယူဆထားတယ်၊ အမျိုးသမီး ဖြစ်နိုင်မယ်လို့ကော မယူဆဘူးလား"

"အဲဒါကိုလဲ စဉ်းစားမိပါတယ်၊ ဒါပေမယ့် ဗုံးပေါက်ကွဲမှုဖြစ်ပြီးတဲ့အခါတိုင်း ပို့လိုက်တဲ့ တိတ်ခွေထဲကအသံက ယောကျ်ားသံချည်းပဲ ဖြစ်နေတယ်၊ ပြီးတော့လည်း သမိုင်းကြောင်းအရ တော်လှန်ရေးမှန်သမျှကို ခေါင်းဆောင်ခဲ့ကြသူတွေဟာ အမျိုးသားတွေချည်းပဲ၊ ဂျုံးအော့အာ့ခ်ကတော့ ခြွင်းချက်ပေါ့လေ"

ကာရင်က ပြုံးလိုက်၏။

"ရှင်တို့ယူဆထားတဲ့ တခြားသီဝရီတွေကော ရှိသေးသလား"

"လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စု ခေါင်းဆောင်ဟာ အမျိုးသမီးမဟုတ်သည့်တိုင်အောင် အဲဒီအုပ်စုထဲမှာ အမျိုးသမီးတစ်ယောက်တော့ ပါရမယ်လို့ ယူဆတယ်၊ တိတ်ခွေထဲက ပြောပုံဆိုပုံကို အကဲခတ်မယ်ဆိုရင် ခေါင်းဆောင်လုပ်တဲ့လူဟာ တီဟိတ်ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ သူ့အသံနေအသံထားနဲ့ စကားလုံး အသုံးအနှုန်းကို အကဲခတ်ရမယ်ဆိုရင် ဒီလူဟာ အင်မတန် ယောကျ်ားပီသတဲ့လူ ဖြစ်ရမယ်၊ ဒါကြောင့် သူ့ပုံပန်းသဏ္ဌာန်ကို အမိပွာယ်ဖော်မယ်ဆိုရင် 'အသက်ခပ်ငယ်ငယ်နဲ့ ခင်ခင်မြည်အောင် ကျန်းမာသော ယောကျ်ားတစ်ယောက်' လို့ တညီတညွတ်တည်း ကောက်ချက်ချကြတယ်"

ကာရင်က စိတ်ပါဝင်စားစွာ နားထောင်နေသည်။ ယခု ကာရင်က မေးလိုက်သည်။

"ဒါဖြင့်ရင် အဲဒီခေါင်းဆောင်ဟာ အင်မတန် ရက်စက်ကြမ်းကြုတ်ပြီး စိတ်



ဓာတ်မှုမမှန်တဲ့ လူစားမျိုးဖြစ်ရမှာပေါ့နော်၊ အဲဒီကမှ နောက်တစ်ဆင့် ဘယ်လိုဆက်တွေးကြမလဲ"

"သူတို့အဖွဲ့မှာ အမျိုးသမီးတစ်ယောက် ရှိကိုရှိရမယ်လို့ ယူဆကြတယ်၊ အဲဒီခေါင်းဆောင်လို လူစားမျိုးဟာ မိန်းမနဲ့ကင်းကွာပြီး မနေနိုင်တတ်ကြဘူး၊ ပြီးတော့ အဲဒီအမျိုးသမီးဟာ သူ့ရဲ့လူယုံတော် ဖြစ်ရမယ်၊ သူလုပ်ကိုင်နေသမျှကို အဲဒီအမျိုးသမီးက သိကိုသိနေရမယ်"

"ရှင်တို့ဆီမှာ သီဝရီတွေ အများကြီး ရှိနေသားပဲနော်"

နင်းမ်သည် လေးယောက်ပါဝင်သော ၎င်းတို့၏ 'ဦးနှောက်အင်အား'အုပ်စုက တွေးခဲ့ကြသည့် နောက်ဆုံးယူဆချက်ကို ပြန်လည်စဉ်းစားနေမိသောကြောင့် ခေတ္တမျှ ငြိမ်ကျသွားသည်။

လုပ်ပုံကိုင်ပုံ နည်းစနစ်နှင့် နောက်ဆုံးတိတ်ခွေထဲတွင် ဖော်ပြပါရှိလာသော အရိပ်အမြွက်စကားတို့အရ လုံခြုံရေးအစောင့်နှစ်ဦးကို သတ်သူမှာ ခေါင်းဆောင်ကိုယ်တိုင်ပင် ဖြစ်ရမည်ဟု ဦးနှောက်အင်အားအုပ်စုက ယူဆခဲ့ကြသည်။ ၎င်း အပြင် လူသတ်မှု ကျူးလွန်သည့်နေရာ၌ ၎င်း၏အမျိုးသမီးလည်း တစ်ပါတည်း ပါရှိလာလိမ့်မည်ဟု ယူဆကြသည်။ ဤဖောက်ခွဲမှုမှာ ခေါင်းဆောင်လုပ်သူ၏ အကြီးကျယ်ဆုံး အကြံအစည်တစ်ခု ဖြစ်သည့်ပြင် သူ မည်သို့မည်ပုံ ဆောင်ရွက်သည်ကို သူ့အမျိုးသမီးအား မြင်တွေ့စေလိုသော ဆန္ဒရှိမည်မှာ သေချာသည်။ ထိုအမျိုးသမီးသည် လူသတ်မှုတွင် မျက်မြင်သက်သေ ဖြစ်သည်သာမက ကြံရာပါလည်း ဖြစ်ရပေမည်။

ထိုကဲ့သို့ တွေးခေါ် ဆင်ခြင်၍ ရလာသော အချက်အလက်များက ခေါင်းဆောင်လုပ်သူအား ဖော်ထုတ်ရာတွင် ပို၍ နီးစပ်လာစေလေသလော။

အမှန်အတိုင်းဖြေရသော် နီးစပ်လာစေမှု လုံးဝမရှိပါဟု ဆိုရပါမည်။ သို့သော် ခေါင်းဆောင်လုပ်သူအား ထိုးနှက်၍ရနိုင်မည့် ပျော့ကွက်များရှိနေကြောင်း သိလာရသည်။ မည်သို့မည်ပုံ ထိုးနှက်ချေမည်ဆိုသည့် ကိစ္စကိုမူ ယခုအထိ အဖြေရှာ၍မရသေးပါ။

နင်းမ်၏ အတွေးများသည် ကာရင်၏ အိမ်မဖြစ်သူ ရောက်ရှိလာသောကြောင့် ပြတ်တောက်သွားရသည်။ စင်သီယာသည် အရပ်ရှည်ရှည် ဆံပင်နက်နက်နှင့် ကာရင်ထက်ပို၍ ဥပမိရုပ်ကောင်းသူ ဖြစ်သည်။ သို့သော် ကာရင်ကဲ့သို့ပင် နှစ်လိုဖွယ်ကောင်းသူ တစ်ဦးပင်တည်း။

စင်သီယာသည် ကာရင်ထက် အသက် (၃) နှစ်ပိုကြီးသဖြင့် (၄၂) နှစ်ခန့်ရှိရပေမည်။ သို့သော် (၄၂) ထက် ပိုငယ်သည်ဟု ထင်ရသည်။

ကာရင်တစ်ယောက် ပင်ပန်းနွမ်းနယ်သွားလေပြီ။ ကာရင့်အတွက် အိပ်ချိန်ရောက်ပြီဖြစ်၍ စင်သီယာနှင့် ခပ်တိုတို မိတ်ဆက်လိုက်ပြီးနောက်၊ နင်းမ်သည်

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက်ကို နှုတ်ဆက်၍ ပြန်ခဲ့တော့သည်။

□

ထိုနေ့မှာ ခရစ္စမတ်နေ့မတိုင်မီ (၅) ရက်အလိုတွင် ဖြစ်သည်။ နင်းမ်သည် ဂျေအီးရစ်ဟာမ်ဖရီနှင့်အတူရှိနေပြီး ချယ်ယာမင်ကြီး၏ ဦးနှောက်ထဲ၌ ဝင်ရောက်ဒု ပေးနေသော ပြဿနာများကို ဆွေးနွေးတိုင်ပင်နေကြသည်။

ပထမပြဿနာမှာ တူနီပါကိစ္စပင်တည်း။ ဂိုးလ်ဒင်းစတိတ်က တူနီပါ၌ ဂျ နရေတာ တည်ဆောက်ခွင့် လိုင်စင်ရအောင် လျှောက်ထားသည့်ကိစ္စကို ကြားနာစ ဆေးမှုမှာ မျှော်မှန်းထားသည်ထက်ပင် ပို၍ နှေးကွေးနေပေသေးသည်။ ၎င်းအပြ မြေအောက်ရေအားသုံး ရေခဲအဝင်တံခါး ဂျင်နရေတာ တည်ဆောက်ရေး စီမံချက်နှ ဖင်းကက်စတယ် ဂျီအိုသာမယ် ဂျင်နရေတာစက် တည်ဆောက်ရေး ကိစ္စများအတွ စစ်ဆေးမှုများမှာလည်း အလားတူ နှေးကွေးလျက်ပင်ရှိသည်။ မည့်ရွေ့မည်မျှ နှေးကွေ သနည်းဟု ဥပမာတင်စား၍ ဖော်ပြရသော် ပက်ကျိ လမ်းလျှောက်သည်ပင် အ ထက်မြန်သောနှုန်းလောက် ရှိသည်ဟု ဆိုရပေလိမ့်မည်။ လိုင်စင်လျှောက်ထားသ ကိစ္စများမှာ လိုင်စင်ကျသည့်အချိန်အထိ ဆယ်နှစ်ခန့်ကြာမြင့်မည်ဟု ပြင်ဆင်ခန့်မှ ကြ၏။

ချယ်ယာမင်းကြီး နောက်ထပ် ဦးနှောက်ခြောက်နေသည့် ပြဿနာမှာ ရေ ကိစ္စပင်တည်း။ ယခုနှစ် ဆောင်းရာသီတွင် ဆီးနှင်းမုန်တိုင်းကြီး နှစ်ကြိမ်တိုက်ခတ် သည့်တိုင်အောင် ဤဒေသတွင် ဆောင်းတွင်း၌ ရေတင်မှုမှာ လန့်စရာကောင်းအော နည်းပါးလျက်ရှိသည်။ ဆောင်းတွင်း၌ အခြောက်အခြား ကျဆင်းလာသော ဆီးနှင မျာမှာ ဂိုးလ်ဒင်းစတိတ်လို ကုမ္ပဏီကြီးများအဖို့ ဘဏ်တွင် ပိုက်ဆံအခြောက်အပြ အပ်နှံထားရသည်နှင့် အတူတူပင်တည်း။ နွေဦးရာသီတွင် ဆီနှင်းခဲများ အရည်ပျော်သွ ကြသောအခါ ချောင်းငယ်မြောင်းငယ်များနှင့် မြစ်ကြီးများမှရေသည် အောက်ဘက်သ တရှိန်ထိုး စီးဆင်းလာကြမည်ဖြစ်ရာ ရေလှောင်ကန်များတွင် ပြည့်လျှံသွားစေလိမ့်မည ရေလှောင်ကန်ထဲသို့ အပြည့်အလျှံ ရောက်ရှိလာသော ရေများသည် လာမည့်နွေရာသ တွင် ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရာ၌ တွန်းအားပေးမည့် 'လောင်စ ဆီ'များပင်တည်း။ ယခုမူ ရေလှောင်ကန်များတွင် ရေအဝင်နည်းပါးသောကြောင့် လာ မည့်နှစ် နွေရာသီ၌ ထုတ်လုပ်ပေးနိုင်မည့် ရေအားလျှပ်စစ်ဓာတ်အား ပမာဏမှ သာမန်အခြေအနေထက် (၂၅) ရာခိုင်နှုန်း လျော့နည်းသွားမည်ဟု ခန့်မှန်းထားကြသည ကိစ္စပင်တည်း။



ထိုပြဿနာများထက် ကျော်လွန်၍ ချယ်ယာမင်ကြီး ခေါင်းကိုက်နေရသည့် ကိစ္စမှာ ရေနံပြဿနာပင် ဖြစ်သည်။ ထိုနေ့နံနက်ခင်းတွင် ခရော်နီကယ်-ဝက်စ် သတင်းစာ၌ စီးပွားရေးဆိုင်ရာ ပင်တိုင်ဆောင်းပါးရှင် တစ်ဦးက ရေနံအခြေအနေကို အောက်ပါအတိုင်း စုစည်းတင်ပြခဲ့လေသည်။

ရေနံနှင့်ပတ်သက်သော ပြဿနာမှာ ကိုင်းတောထဲမှ ချောင်းမြောင်း၍ လာနေသော ကျားကြီးတစ်ကောင်အလား ကျွန်ုပ်တို့နှင့် တဖြည်းဖြည်း ပိုမိုနီးကပ်လာလျက်ရှိသည်။

သမ္မတနစ်ဆင်လက်ထက်တွင် ဒေါ်လာ၏ ကျောထောက်နောက်ခံအဖြစ် သတ်မှတ်ထားသော ရွှေကို ပြန်လည်ရုတ်သိမ်းလိုက်ရာမှ ရေနံပြဿနာသည် အစပြုခဲ့သည်။ တစ်ခါက ရွှေကဲ့သို့ပင် တန်ဖိုးရှိသည်ဟု လေးလေးစားစား ရှိခဲ့ကြသော အစိမ်းရောင် ဒေါ်လာစက္ကူများသည် ယခင်ကကဲ့သို့ ခိုင်မာမှု မရှိတော့ချေ။

ဒေါ်လာတန်ဖိုး ကျဆင်းနေချိန်တွင် အရှေ့အလယ်ပိုင်းဒေသရှိ ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများ၊ အာဖရိကတိုက် မြောက်ပိုင်းနှင့် အနောက်ပိုင်းမှ နိုင်ငံများ၊ အင်ဒိုနီးရှားနှင့် ဗင်နီဇွဲလားနိုင်ငံများက ၎င်းတို့အတွက် မနစ်နာအောင် ဒေါ်လာနှင့် သတ်မှတ်ထားသော ရေနံဈေးနှုန်းကို မြှင့်တင်တောင်းခံလာကြသည်။

ထိုလုပ်နည်းလုပ်ဟန်ကလည်း သိပ်မဟန်ချေ။ အမေရိကန်နိုင်ငံသည် ပြည်ပပို့ကုန်များကို ရောင်းချရာမှရရှိသည့် ဝင်ငွေထက် ပြင်ပမှတင်သွင်းလာသော ရေနံကို ပိုမိုဈေးကြီးပေး၍ ဝယ်နေကြသောကြောင့် ဒေါ်လာတန်ဖိုးမှာ နေဝင်ချိန်၌ တွေ့မြင်ရသော နေမင်းကြီးပမာ တစ်စထက်တစ်စ တန်ဖိုးလျော့နည်းကျဆင်းလျက် ရှိနေသည်။ ၎င်းအပြင် ရေနံရောင်းချသော နိုင်ငံများသို့ ဒေါ်လာငွေစက္ကူများကို အလုံးအရင်းနှင့် ထုတ်ပေးလိုက်ရသည်နှင့်အမျှ အမေရိကန်ဘဏ္ဍာရေးဌာန ကလည်း ဒေါ်လာငွေစက္ကူများကို ပိုမိုရိုက်နှိပ် ထုတ်ဝေလာလေရာ ဒေါ်လာ၏ တန်ဖိုးကို ပိုမိုကျဆင်းစေလျက် ရှိသည်။

နောက်ဆုံးတွင် ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများက ကမ္ဘာ့သမိုင်းတွင် မည်သည့်အချိန်ကမျှ တန်ဖိုးကျဆင်းသွားခြင်းမရှိသော ရွှေနှင့်ပေးချေရမည် ဟု တောင်းဆိုလာကြ၏။

အမေရိကန်အစိုးရက ရွှေနှင့်မပေးချေနိုင်ဟု ငြင်းဆန်လျက်ရှိသည်။ ရွှေကို ငွေကြေးအဖြစ် အသုံးမဝင်အောင် ကြိုးပမ်းသည့်အနေဖြင့် ရွှေအမြောက် အမြားကို ချရောင်းဝစ်ခဲ့သောကြောင့် ဘဏ္ဍာရေးဌာနတွင် ရွှေအလုံအလောက် မရှိတော့ပါ။ အမှန်အတိုင်း ဖော်ပြရသော် ရေနံတစ်နှစ်စာဝယ်ရန်အတွက်သာ ရွှေကျန်ရှိတော့သည်။

အမေရိကန်အစိုးရက ရွှေနှင့်ပေးချေမည့်အစား ဒေါ်လာငွေစက္ကူများကို

www.burmeseclassic.com

www.burmeseclassic.com



ဝိုမိုရိုက်နှိပ်ပေးရန်သာ အာသီသရှိကြသည်။

သို့သော် ဒီတစ်ချိန်တွင် ရေနံရောင်းချသော နိုင်ငံများက ပြတ်ပြတ်သားသား တောင်းဆိုလာကြသည်။ 'ငွေစက္ကူများကို လိုချင်သည်ဆိုပါက ရေနံကို ထုတ်လုပ်ရောင်းချရန် မလိုဘဲ မိမိဘာသာ ပုံနှိပ်၍ယူနိုင်သည်' ဟု ဖွင့်ဟပြောဆိုလာကြသည်။ ယခု သူတို့က ခြိမ်းခြောက်လာကြ၏။ "ရွှေမပေးလျှင် ရေနံမပေးနိုင်ပါ" တဲ့။

ဤတွင် မဆုတ်သာ မတက်သာအခြေအနေသို့ ရောက်ရှိလာလေပြီ။

ရေနံတင်ပို့ရောင်းချမှုသည် ယခုအချိန်အထိ ရပ်ဆိုင်းသွားခြင်း မရှိသေးသော်လည်း လာမည့် တစ်နှစ်ကျော်ကျော်ကာလအတွင်း ရပ်ဆိုင်းသွားနိုင်သောအနေအထားတွင် ရှိနေသည်ကလည်း အမှန်ပင်။

လောလောဆယ်ဆယ်တွင် အစိုးရအချင်းချင်း ဆွေးနွေးညှိနှိုင်းနေကြသည်ဖြစ်ရာ ညှိနှိုင်းစေ့စပ်၍ ရနိုင်ဖွယ်လည်း ရှိသည်။

ဤကိစ္စကို ကျွန်ုပ်တို့အနေနှင့် စောင့်ကြည့်ရန်သာ ရှိတော့သည်။

ရေနံနှင့်ပတ်သက်၍ စိုးရိမ်သောကပွားရမှုမှာ ဂိုးလ်ဒင်းစတိတ်အတွက် ပြီးတော့မည့်မိုးကဲ့သို့ စိတ်ရှုပ်စရာတစ်ခုပင်တည်း။ ဂိုးလ်ဒင်းစတိတ်ရှိ ဂျင်နရေတာတစ်ဝက်ခန့်မှာ ရေနံကို အားကိုးနေကြရပြီး ရေနံလိုအပ်ချက်၏ အများစုကို ပြည်ပမှ ဝယ်ယူတင်သွင်းနေကြသောကြောင့် ဖြစ်သည်။

တဖန် သဘာဝဓာတ်ငွေ့သည် တစ်ချိန်သောအခါက လုံလုံလောက်လောက်ရှိခဲ့သော်လည်း ယခုအချိန်တွင် လောက်လောက်ငငမရှိ ဖြစ်နေပြန်သည်။

ထို့ကြောင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ရေ သုံးမျိုးစလုံး တစ်ပြိုင်နက်တည်း လျော့နည်းသွားမည် ဆိုသည့်ကိစ္စကို ဂျေအီးရစ်ဟမ်ဖရီ၊ နင်းမ်နှင့် ဂိုးလ်ဒင်းစတိတ်မှ အခြားထိပ်ပိုင်းဆိုင်ရာ ဝန်ထမ်းများသည် မတွေးလိုကြချေ။

အာရပ်ရေနံအကြောင်း တွေးနေသော ဂျေအီးရစ်ဟမ်ဖရီက ပြောလိုက်သည်။

"တကယ်လို့ ကိုယ်သာ အာရပ်တစ်ယောက်ဖြစ်ခဲ့ရင် ရေနံအတွက် စက္ကူဒေါ်လာအစား ရွှေပဲပေးရမယ်လို့ တောင်းဆိုမယ်၊ အဲလေ အမေရိကန်အစိုးရက ရွှေတွေကို ထုတ်ပေးမယ် မပေးဘူးဆိုတာကတော့ သိပ်မသေချာဘူးပေါ့"

ထို့နောက် ဟမ်ဖရီက သက်ပြင်းချလိုက်၏။

"အေးကွာ၊ တို့မှာ သောကဖြစ်စရာ ပြဿနာမရှိဘူးများ အောက်မေ့နေသလား မသိဘူး၊ တူနီပါရယ်၊ ကျောက်မီးသွေးရယ်၊ ရေရယ်၊ ဓာတ်ငွေ့ရယ်၊ ရေနံရယ် ခုတော့ ရွှေပါ ပါလာပြီ၊ တို့တော့ ဒုက္ခပါပဲကွာ"

□ □ □

## အခန်း (၁၇)

ဆီကိုဝါကလပ်၏ ရုံးခန်းထဲတွင် လော်ရာဗိုကာမိချယ်သည် သူ့ရှေ့တွင်ရှိသော ချက်လက်မှတ်ကို ဖောင်တိန်နှင့် လက်မှတ်ထိုးရန် ဟန်ပြင်ရင်း တွန့်ဆုတ်ဆုတ်ဖြစ်နေသည်။ ထိုချက်လက်မှတ်မှာ လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စုအတွက် ဒုတိယအရစ်အဖြစ် ပေးရမည့် ဒေါ်လာ နှစ်သောင်းငါးထောင်တန်ချက်လက်မှတ်ပင်တည်း။

လော်ရာဗိုကသာ လက်မှတ်ရေးထိုးလိုက်မည်ဆိုပါက တရားဝင်ချက်လက်မှတ်ဘဝသို့ ရောက်ရှိသွားပေတော့မည်။ သို့တိုင်အောင် ဆီကိုဝါကလပ်က လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စုနှင့် လက်တွဲရန် ဆုံးဖြတ်ခဲ့စဉ်ကစ၍ ယခုအချိန်အထိ လော်ရာဗို၏စိတ်ထဲ၌ သင့်မသင့် တော်မတော် သံသယဝင်နေခဲ့သည်။ ၎င်းအပြင် တူနီပါကိစ္စ စစ်မေးပွဲ၌ ဒေဗီဘဒ်ဆောင်း၏ အပြုအမူများကလည်း ပို၍ပင် သံသယဝင်စရာ ဖြစ်စေခဲ့သည်။

ဂုဏ်သိက္ခာရှိသော ဆီကိုဝါကလပ်သည် ဒေဗီဘဒ်ဆောင်း၏ အုပ်စုနှင့် လက်တွဲလိုက်သောကြောင့် မိမိအဖွဲ့အစည်းအား သိက္ခာချလိုက်သလို ဖြစ်သွားလေရော့သလားဟု မိမိကိုယ်မိမိ ပြန်မေးမိသည်။ လော်ရာဗိုသည် ချက်လက်မှတ်ပေါ်တွင် လက်

www.burmeseclassic.com

www.burmeseclassic.com



မှတ်မထိုးသေးဘဲ ဖောင်တိန်ကို အောက်ပြန်ချလိုက်ပြီးနောက်၊ အင်တာကွန်းဆီသို့ လက်လှမ်းလိုက်၏။ ရှေ့ဒရစ်ပရစ်ချက်က ပြန်ထူးလိုက်သောအခါ အခန်းထဲသို့လာရန် လှမ်းခေါ်လိုက်သည်။

မိနစ် အနည်းငယ်ကြာသောအခါ လော်ရာဗိုက ပြောလိုက်၏။

"ကျွန်မတို့အနေနဲ့ ဒုတိယအရစ်ကိုမပေးခင်၊ ပြန်စဉ်းစားသင့်တယ်လို့ ကျွန်မ တွေးမိတယ်၊ တကယ်လို့ ပထမအကြိမ် မှားယွင်းပြီး ပေးမိခဲ့တာဆိုရင် နောက်တစ်ကြိမ် ထပ်ပြီး ပေးစရာ မလိုတော့ဘူးပေါ့"

သပ်သပ်ရပ်ရပ် ဝတ်စားထားသော ပရစ်ချက်တစ်ယောက် အံ့အားသင့်သွားသည်။ သူသည် အချိန်ဆွဲသော နည်းဗျူဟာတစ်ခုအနေဖြင့် မျက်မှန်ကိုဖြုတ်၍ လက်ကိုင်ပုဝါနှင့် သုတ်လိုက်သည်။

"တကယ်လို့ ကျွန်တော်တို့ဘက်က ဒုတိယအရစ်ကို မပေးဘဲထားမယ်ဆိုရင် နှစ်ဦးနှစ်ဘက် သဘောတူညီခဲ့ကြပြီး ကျန်တစ်ဘက်က သဘောတူညီချက်အတိုင်း လိုက်နာနေချိန်မှာ ကျွန်တော်တို့ဘက်က စည်းကမ်းဖောက်ဖျက်ရာ ရောက်သွားပါလိမ့်မယ်"

"ဒါပေမယ့် သူတို့က သဘောတူညီချက်အတိုင်း လိုက်နာခဲ့ကြလို့လား၊ ကျွန်မ ထို့ပေးလိုက်တဲ့ နှစ်သောင်းငါးထောင်အတွက် ဘာပြန်ရခဲ့သလဲ၊ တူနီပါစစ်မေးပွဲမှာ ဘဒ်ဆောင်းရဲ့ သရုပ်ပျက်အမူအရာနဲ့ အောက်တန်းစား နည်းဗျူဟာတွေကိုပဲ တွေ့ခဲ့ရတယ် မဟုတ်လား"

ပရစ်ချက်သည် စကားပြောမမှားရအောင် စကားလုံးများကို ဂရုတစိုက်ရွေးချယ်ရင်း ပြန်ဖြေလိုက်၏။

"ဘဒ်ဆောင်းရဲ့ သရုပ်ပျက်အမူအရာတွေနဲ့ နည်းဗျူဟာတွေဟာ ကြမ်းတမ်းပေမယ့် ထိရောက်မှုရှိပါတယ်၊ ခုအချိန်ထိတော့ တူနီပါကိစ္စကို ဆန့်ကျင်တဲ့နေရာမှာ စာနယ်ဇင်းဆရာတွေက သူ့ကို အများဆုံး အာရုံစိုက်မိကြပြီး ဂိုးလ်ဒင်းစတိတ်ရဲ့ ဆွေးနွေးချက်ကို မဖြစ်စလောက်သာ ဖော်ပြခဲ့ကြတယ်၊ ပြီးတော့ သူက အင်္ဂါသက်သေ ဒိုးလ်မင်းကို ရန်စလိုက်တယ်၊ ဂိုးလ်မင်းက ဒေါပွပြီး လူတကာကို ရန်လုပ်တဲ့အခါကျတော့ သူက ငြိမ်နေလိုက်တယ်၊ ဂိုးလ်မင်းတစ်ယောက် အများတံတွေးခွက်မှာ ပက်လက်မျောအောင် သူဖန်တီးနိုင်ခဲ့တယ်"

"ကျွန်မကတော့ ဂိုးလ်မင်းကို သနားမိတယ်၊ ဂိုးလ်မင်းနဲ့ ကျွန်မ သိကျွမ်းခဲ့တာ ကြာပြီ၊ ဒီချာတိတ်က လမ်းမှားပေါ်မှာ လျှောက်နေပေမယ့် သူက ရိုးရိုးသားသားနဲ့ စိတ်ဓာတ်ပြင်းပြင်းထန်ထန်ဖြူစင်တဲ့လူပါ၊ အခုလိုဖြစ်ရတာ သူ့အတွက် သိပ်နစ်နာတာပေါ့"

ပရစ်ချက်က ခပ်တည်တည် ဖြေလိုက်သည်။



"ခုလို စကားစစ်ထိုးပွဲတွေမှာ ထိခိုက်နစ်နာမှုတွေကတော့ ရှိနိုင်စမြဲပါပဲ၊ အရေးကြီးတာက ဆီကိုဝါကလပ်ဘက်ကကြည့်ရင် အနိုင်ရဖို့အဓိကပါ၊ တူနီပါနဲ့ ပတ်သက်လာရင်တော့ ကျွန်တော်တို့ဘက်က နိုင်မယ်လို့ထင်ပါတယ်"

လော်ရာဗိုက မိန့်ခွန်းတုန့်ပြန်လိုက်၏။

"ကျွန်မကတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် နိုင်ကိုနိုင်ရမယ်ဆိုတဲ့ ကိစ္စမျိုးကို လက်မခံဘူး"

ရှေ့ဒရစ်ပရစ်ချက်သည် သူ့စကားကို မသိမသာ ပြန်ရုတ်သိမ်းလိုက်၏။

"အမှန်တကယ် ကျွန်တော်ပြောသင့်တာကတော့ ကျွန်တော်တို့အားလုံး သိထားကြတဲ့တိုင်း ဘဒ်ဆောင်းနဲ့ လက်တွဲခြင်းဖြင့် ကျွန်တော်တို့ရဲ့ မှန်ကန်တဲ့ရည်ရွယ်ချက် ရည်မှန်းချက်တွေ အောင်မြင်လာပါလိမ့်မယ် ဆိုတာပဲ"

"ဒါပေမယ့် အဲဒီငွေတွေကို သူက ဘယ်နေရာမှာ သုံးစွဲနေတာလဲ"

"တချို့တစ်ဝက်ကိုတော့ ဘဒ်ဆောင်းက သူ့ကိုယ်ကျိုးအတွက် သုံးမှာပေါ့လေ၊ ဘာပဲပြောပြော သူက တူနီပါစစ်မေးပွဲကို နေ့တိုင်းလာတယ်၊ သက်သေတွေကို ပြန်လှန်မေးခွန်းထုတ်တယ်၊ ပြီးတော့လည်း သူ့ကိုထောက်ခံတဲ့ တပည့်တွေကိစ္စကလည်း ရှိသေးတယ်၊ သူက ရုံးခန်းထဲမှာ လူအမြဲပြည့်အောင် အဲဒီလူတွေကို စည်းရုံးထားရတာ"

"ဘဒ်ဆောင်းက အဲဒီလူတွေကို ငွေပေးပြီးငှားထားတယ်လို့ မင်းက ပြောချင်လို့လား"

ပရစ်ချက်က စကားလုံးမမှားအောင် ရွေးချယ်၍ ပြောလိုက်ပြန်သည်။

"အကုန်လုံးကိုတော့ ငွေမပေးရပါဘူး၊ ဒါပေမယ့် တချို့က လက်ရှိအလုပ်အကိုင်တွေကို ဖျက်ပြီးလာကြရတာ၊ ဂိုးလ်ဒင်းစတိတ်ရဲ့ နှစ်ပတ်လည် အစည်းအဝေးတုန်းကလည်း သူ့ကို ထောက်ခံတဲ့အုပ်စုနဲ့ တခြားပုဂ္ဂိုလ်တွေက ဝိုင်းပြီး ဆန္ဒပြခဲ့ကြတာပေါ့"

လော်ရာဗိုတစ်ယောက် တုန်လှုပ်ချောက်ချားသွားသည်။

"ဘဒ်ဆောင်းက ဆန္ဒပြတဲ့လူတွေကို ငွေပေးပြီး ခေါ်လာတယ် ဟုတ်လား၊ ကျွန်မတို့ပေးတဲ့ ပိုက်ဆံနဲ့ နှစ်ပတ်လည် အစည်းအဝေးကြီးပျက်အောင် ဖျက်ခိုင်းတယ် ဟုတ်လား၊ အဲဒါကိုတော့ ကျွန်မ သဘောမကျဘူး"

ပရစ်ချက်က ကန့်ကွက်စကား ဆိုလိုက်၏။

"သဘာပတိကြီးကို တစ်ခုတော့ သတိပေးပါရစေ၊ ကျွန်တော်တို့ကလပ်ဟာ ဘဒ်ဆောင်းအုပ်စုနဲ့ နှစ်ဦးသဘောတူ လက်တွဲခဲ့ကြတာပါ၊ ကျွန်တော်တို့ ကော်မတီ အစည်းအဝေး ထိုင်စဉ်အခါက ဘဒ်ဆောင်းရဲ့ နည်းဗျူဟာတွေဟာ ဘယ်လိုပုံစံမျိုး ဖြစ်လိမ့်မယ်ဆိုတာ အားလုံးရိပ်မိခဲ့ကြသားပဲ၊ နောက်တစ်ချက်ကလည်း တချို့ကိစ္စတွေ

www.burmeseclassic.com



မှာ ကျွန်တော်တို့ မသိတာကတောင် ပိုကောင်းတယ်လို့ ဩဂုတ်လ အစည်းအဝေးတုန်းက ဆွေးနွေးခဲ့ကြသားပဲ၊ အဲဒီ စကားလုံးတွေဟာ အာဝင်ဆောင်းဒါး ပြောခဲ့တဲ့စကားလုံးနဲ့ တစ်လုံးတစ်ပါဒမှ မလွဲဘူး"

"နေပါဦး၊ အဲဒီအချိန်တုန်းက ဘဒ်ဆောင်းရဲ့ နည်းဗျူဟာ ဘယ်လိုဖြစ်လိမ့်မယ်ဆိုတာ အာဝင်က တကယ်ကောသိရဲ့လား"

ပရစ်ချက်က ငေါ့တော့တော့ ပြန်ဖြေသည်။

"အာဝင်က သိပ်သိတာပေါ့ဗျာ"

ပရစ်ချက် ပြောလိုက်သောအချက်သည် တကယ့်အဖြစ်မှန်ပင် ဖြစ်သည်။ အာဝင်ဆောင်းဒါးသည် တရားရုံးတော်၏ ရှေ့မှောက်တွင် တစ်ဖက်လူအား လူယဉ်ကျေးမှု ထုံးတမ်းစဉ်လာနှင့်အညီ ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံလေ့ရှိသူ မဟုတ်။ သားစိမ်းငါးစိမ်း ရောင်းသူများ တစ်ဖက်နှင့်တစ်ဖက် ရန်တွေ့ကြသလို ရိုင်းရိုင်းစိုင်းစိုင်း ပြုမူဆက်ဆံလေ့ရှိသူ ဖြစ်သည်။

လော်ရာဗိုက မေးလိုက်၏။

"ရှင် ပရစ်စီလာ့ထံကကော ဘာသတင်းကြားရသေးသလဲ"

ပရစ်ချက်က ပြုံးလိုက်သည်။

"ဟင့်အင်း၊ ဒါပေမယ့် ကျွန်တော်တို့ကသာ ဒုတိယအရစ်ကို မပေးချင်ဘူးဆိုရင် မစ္စစ်ကွင်းတစ်ယောက် သိပ်ကိုဝမ်းသာသွားရှာမှာပဲ၊ သူက ရှာရိုးတိုးပေါက်လျှောက်သွားပြီး သူ့ဖက်ကမှန်တယ်၊ ခင်ဗျားလုပ်တာ မှားတယ်လို့ လူတကာကို လိုက်ပြောတော့မှာပဲ"

အင်မတန်ထိရောက်သော ထိုးနှက်ချက်ပေတည်း။ ပြင်ဆင်ရန် အချိန်နှောင်းသွားပြီဖြစ်သော အခုလိုအခါသမယမျိုးတွင် မူလဆုံးဖြတ်ချက်ကို ပြောင်းပြန်လှန်ပစ်လိုက်မည်ဆိုပါက ဆီကိုဝါကလပ်ပိုင် ဒေါ်လာငွေ (၂၅,၀၀၀) ကို အစီမှာယ်မဲ့ ဖြုန်းတီးရာရောက်ကြောင်း ဝန်ခံလိုက်သလို ဖြစ်သွားမည့်အပြင်၊ လော်ရာဗိုကာမီချယ်သည် ပဓာနကျသော (သဘာပတိ) မဲကို ဘက်လိုက်၍ ထည့်ခဲ့သူဖြစ်ကြောင်း၊ ပြန်လည်သတိရလာကြမည် ဖြစ်သောကြောင့် လော်ရာဗိုအတွက် မျက်နှာပူစရာ ဖြစ်လာတော့မည်မှာ သေချာလှသည်။ ၎င်းအပြင် ပရစ်စီလာကွင်းကလည်း ဤကိစ္စကိုမှီ၍ ရနိုင်သလောက် အမြတ်ထုတ်ပေတော့မည်။

ကွတ္တိလိုင်ချင်း ယှဉ်ပြိုင်ကြသော ပွဲပင်တည်း။ လော်ရာဗိုကာမီချယ်သည် ယောက်ျား၊ မိန်းမဆိုသော အစွဲအလမ်းက ၎င်း၏ဆုံးဖြတ်ချက်များအပေါ် မလွှမ်းမိုးစေရဟု သန္နိဋ္ဌာန်ချမှတ်ထားသော်လည်း နောက်ဆုံးတွင် လော်ရာဗို၏ အမျိုးသမီးမာနက လွှမ်းမိုးသွားသည်။ လော်ရာဗိုသည် ချက်လက်မှတ်ပေါ်တွင် လက်မှတ်ရေးထိုးလိုက်ပြီးနောက် ပြုံးနေသော ရှော့ဒရစ်ပရစ်ချက်အား လှမ်းပေးလိုက်သည်။



ထိုချက်လက်မှတ်အား ထိုနေ့နေ့လည်ပိုင်းမှာပင် ဒေဗီဘဒ်ဆောင်းထံ စာတိုက်မှတစ်ဆင့် ပို့ပေးလိုက်သည်။

□

ဒေါသထွက်နေသော ဒေဗီဘဒ်ဆောင်းသည် လက်သီးဆုပ်နှင့် စာအားထုလိုက်၏။

"တို့အနေနဲ့ ပိုပြီးအကြမ်းဖက်ဖို့ လိုတယ်ကွ၊ သွေးစိမ်းရှင်ရှင်ထွက်ပြီး လူတွေအများကြီး သေဖို့လိုတယ်၊ ဒါမှပဲ အင်မတန် ချာတူးလန်တဲ့လူစုကို ထထကြွကြွဖြစ်လာအောင် လှုံ့ဆော်ပေးနိုင်လိမ့်မယ်"

သစ်သားစားပွဲ၏ ဟိုဘက်တွင် ထိုင်နေသူ အာချန်ဘော့က ဇွတ်အတင်းခံပြောပြန်သည်။

"အဲဒါကို ကျုပ်သဘောပေါက်ပါတယ်၊ ဒါပေမယ့် ခင်ဗျားပြောနေတဲ့ ကိစ္စအတွက် အချိန်ယူဖို့လိုမယ်၊ အဖွဲ့အစည်းကောင်းကောင်း ရှိဖို့လိုမယ်၊ ကျုပ်လည်း တတ်နိုင်သလောက် လုပ်နေတာပါပဲ၊ ဒါပေမယ့် ညတိုင်းညတိုင်း အပြင်ထွက်ပြီး ပစ်မှတ်တွေကို လိုက်မတွေ့နိုင်ဘူးဗျ"

မုတ်ဆိတ်မွေး ဗရပျစ်နှင့် ပုဂ္ဂိုလ်က အာချန်ဘော့ကို စူးစူးရဲရဲကြည့်ရင်း မေးလိုက်သည်။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

သူတို့နှစ်ဦးသည် လွတ်လပ်ရေး၏ မိတ်ဆွေများ ဌာနချုပ်မှ မြေတိုက်ခန်းထဲရှိ ဝပ်ရှော့ခန်းထဲတွင် အခြေအတင် ငြင်းခုန်နေကြခြင်း ဖြစ်သည်။ ဘဒ်ဆောင်းက ထပ်ပြောပြန်သည်။

"မင်းကို ငါ အရင်ကပြောခဲ့သလို မင်းလုပ်ချင်တာလုပ်ဖို့ ရန်ပုံငွေ အလုံအလောက် ရှိပါတယ်၊ အခုလဲ နောက်ထပ်ရလာပါသေးတယ်"

ဂရီးဂိုစ်သည် သူ့ဘက်က ဝင်ငွေလမ်း ပိတ်သွားပြီးနောက် ဘဒ်ဆောင်းက တဖြည်းဖြည်းနှင့် အပေါ်စီးက ဆက်ဆံလာသည့်ကိစ္စအား ခံပြင်းနေသူဖြစ်သည်။ ဂရီးဂိုစ်က ခပ်တင်းတင်း ပြန်ဖြေလိုက်၏။

"ရန်သူကို နောက်ဆုံးတွယ်ခဲ့တဲ့ပွဲဟာ ကျုပ်တို့အတွက် အအောင်မြင်ဆုံးပဲ၊ ကျုပ်တို့က မိုင်တစ်ရာဝန်းကျင်မှာ ဓာတ်အားပြတ်တောက်သွားအောင် ဖြတ်တောက်ပစ်နိုင်ခဲ့တာ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီကိစ္စကြောင့် တို့ဘက်က တောင်းဆိုချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



တို သူတို့က လိုက်လျှောခဲ့ကြလို့လား"

ဘဒ်ဆောင်းက သူ့အမေးစကားကို ရှုံ့ချပြစ်တင်သောလေသံနှင့် ပြန်ဖြေလိုက်၏။

"မလိုက်လျှောခဲ့ကြဘူး၊ လိုက်လျှောကြမှာလည်း မဟုတ်ဘူး၊ လမ်းပေါ်မှာ အလောင်းတွေ ထပ်မသွားမချင်း လိုက်လျှောကြမှာမဟုတ်ဘူး၊ အဲဒါဟာ တို့အတွက် သင်ခန်းစာပဲကွ"

"ကျုပ်လဲ အဲဒါတွေကို နားလည်ပါတယ်ဗျာ၊ ခင်ဗျားမှာ ပိုကောင်းတဲ့ အကြံဉာဏ်တွေ ရှိနေလို့လားဗျ"

"သိပ်ရှိတာပေါ့၊ ကဲ ကျုပ်ပြောတာ နားထောင်"

ဘဒ်ဆောင်းသည် အသံကို နှိမ့်လိုက်၏။

"ပထမဦးဆုံး အခုကိစ္စတွေကို တို့တတွေ ဘာဖြစ်လို့ လုပ်နေကြသလဲဆိုတာ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ရမယ်၊ အဖြေကတော့ လူလူချင်းချစ်ခင်ပြီး လူ့လောကသစ်ကို တည်ဆောက်မယ့် ကျုပ်တို့လူစုက စိတ်ဓာတ်ဖောက်ပြန်ပြီး ဆင်းရဲတဲ့လူကိုမှ ဖိထောင်းမယ်ဆိုတဲ့ အရင်းရှင်လောကကို ချေမှုန်းပစ်ချင်လို့ပဲ၊ အရင်းရှင်တွေကို တစ်စစီ အပိုင်းပိုင်းစီ ဖျက်ဆီးတဲ့အလုပ်ကို လွတ်လပ်ရေးရဲ့ မိတ်ဆွေတွေအုပ်စုက စလုပ်ကြတော့မယ်"

ဘဒ်ဆောင်းက ဆက်ပြောပြန်၏။

"ဒီတော့ ဘယ်နေရာကစပြီး ဖျက်ဆီးကြမလဲ၊ လောလောဆယ်မှာတော့ တို့ဘက်က လူနည်းနေတဲ့အတွက် အခြေခံကျတဲ့ လျှပ်စစ်ဓာတ်အားကိုပဲ ရွေးချယ်ရမယ်၊ လျှပ်စစ်ဓာတ်အားဆိုတာ အရင်းရှင်စနစ်ရဲ့ လက်နက်ကိရိယာပဲ၊ အရင်းမဲ့လူတန်းစားကို မှုံ့ယစ်ထုံထိုင်းစေတဲ့ 'ဘိန်း'ပဲ၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားအောင် လုပ်နိုင်ရင် အရင်းရှင်ရဲ့အသည်းကို အားနဲ့မွှမ်းတာနဲ့ အတူတူပဲ၊ ဒါပေမယ့် တို့က လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားအောင် လုပ်တာထက် ပိုလုပ်ရလိမ့်မယ်၊ တို့ကို ပိုပြီးအာရုံစူးစိုက်လာအောင် လျှပ်စစ်ဓာတ်အား ကုမ္ပဏီကလူတွေကို ဒုက္ခပေးရမယ်"

ဂရီးဂိုစ်က ဝင်ပြောလိုက်၏။

"ကျုပ်တို့ တတ်နိုင်သလောက် လုပ်ခဲ့ပြီပဲ၊ ကျုပ်တို့က အင်ဂျင်နီယာချုပ်နဲ့ ကုမ္ပဏီဥက္ကဋ္ဌကို သတ်ခဲ့တယ်၊ ပြီးတော့. . ."

"အဲဒါက အသေးအမွှား မဖြစ်စလောက်ကလေးပါကွာ၊ ကျုပ်ပြောချင်တာက တော့ အဲဒါထက်ပိုပြီး ကြီးကျယ်ရမယ်၊ လူတွေ ရာနဲ့ချီပြီး သေကြရမယ်၊ အဲဒီတော့မှ ကြောက်စိတ်ဝင်လာပြီး သွေးရူးသွေးတန်း ဖြစ်လာကြမယ်၊ ကျုပ်တို့ရဲ့ တောင်းဆိုချက်တွေကို ကမန်းကတန်း လိုက်လျှောပါ့မယ်လို့ အားလုံးက ဝိုင်းပြောလာကြရမယ်၊ အဲဒီ



လို အခွင့်အရေးမျိုးကို ကျုပ်တို့ မကြာခင် ရတော့မှာပါ"

ဒေဗီဘဒ်ဆောင်းသည် ခေါက်ထားသော သတင်းစာရွက်ကလေးကို ထုတ်ယူလိုက်၏။ ထိုစာရွက်ပေါ်ရှိ စာပိုဒ်တစ်ပိုဒ်ကို အနီရောင်ခဲတံဖြင့် ဝိုင်းပြထားသည်။

**စွမ်းအင်အုပ်စုများ တွေ့ဆုံဖွယ်ရှိခြင်း**

ရှေ့လာမည့်လတွင် အမျိုးသားလုံးဆိုင်ရာ လျှပ်စစ်စွမ်းအင်အဖွဲ့ချုပ်၏ ညီလာခံတစ်ရပ်ကို ဤမြို့တော်၏ ခရစ်စတိုဖာကိုလံဘတ်စ်ဟိုတယ်၌ လေးရက်ကြာ ကျင်းပမည်ဖြစ်သည်။ ထိုညီလာခံတွင် နိုင်ငံတစ်ဝှမ်းလုံး၌ လျှပ်စစ်ဓာတ်အား မနိုင်မနင်းဖြစ်လာနိုင်သည့် အခြေအနေကို ဆွေးနွေးကြမည်ဖြစ်သည်။ ပြည်သူ့အကျိုးပြုကုမ္ပဏီများနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းများကို ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်တင်ထောင် တက်ရောက်ကြလိမ့်မည်ဟု ခန့်မှန်းထားကြောင်း။

ဂရီးဂိုစ်၏ မျက်လုံးအစုံမှာ တောက်တောက်ပြောင်ပြောင် ဖြစ်လာသည်။ ကြာသေးခင်က ဖြစ်ပေါ်ခဲ့သော မခံချင်စိတ်ကလေးမှာ ထွက်ပြေးပျောက်ကွယ်သွားလေပြီ။

"တကယ့်ထိပ်သီး ပုဂ္ဂိုလ်တွေချည်းပါလား၊ ကျုပ်တို့အနေနဲ့ စာအိတ်ဗုံးတွေ အများကြီး ပို့ပေးနိုင်တယ်"

"မဖြစ်ဘူးကွ၊ အများဆုံး လူခြောက်ယောက်ပဲ မင်းသတ်နိုင်လိမ့်မယ်၊ ငါ့ဆီမှာ အဲဒါထက်ပိုကောင်းတဲ့ စိတ်ကူးစိတ်သန်းရှိပါတယ်ကွ"

ဘဒ်ဆောင်းက ထူးထူးခြားခြား ပြုံးလိုက်၏။

"ညီလာခံအတွက် လူစုံတက်စုံရောက်လာမယ့် ဒုတိယနေ့ကျရင် မင်းရဲ့ဘော်တွေက ဟိုတယ်မှာ ဗုံးနှစ်မျိုးနှစ်စားကို အတွဲလိုက်သွားထားကြရမယ်၊ ပထမအတွဲက နောက်သုံးနာရီမှာ ထ,ပေါက်ကွဲအောင် စနက်တံကို ချိန်ကိုက်ထားရမယ်၊ အဲဒီအဆင့်မှာတော့ ဟိုတယ်ရဲ့ မြေညီထပ်နဲ့ အထပ်ခိုးကိုပဲ အဓိကပစ်မှတ်အဖြစ် အာရုံစိုက်ကြရမယ်၊ အဓိက ရည်ရွယ်ချက်ကတော့ ထွက်ပေါက်မှန်သမျှ၊ လှေကားမှန်သမျှနဲ့ ဓာတ်လှေကားနှန်သမျှကို ပိတ်ဆို့ဖျက်ဆီးပစ်ဖို့ပဲ၊ ဒုတိယအဆင့်မှာ ဗုံးတွေ စ,ပြီးပေါက်ကွဲတဲ့အခါကျရင် တစ်ယောက်မှ ထွက်ပြေးလို့ မရကြစေဖို့ပဲ"

ဂရီးဂိုစ်က ခေါင်းတဆတ်ဆတ်ညိတ်နေစဉ် ဘဒ်ဆောင်းက ဆက်ပြောသွားသည်။

"ပထမအဆင့်က ဗုံးတွေထ,ပေါက်ကွဲပြီးတဲ့ အခါကျရင် သေနေချာချာ တိတိကျကျ အချိန်ကိုက်ထားတဲ့ မီးလောင်ဗုံးတွေက အပေါ်ထပ်တွေမှာ နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ဆင့် ထ,ပေါက်ကွဲစေရမယ်၊ အဲဒီ မီးလောင်ပုံးတွေကြောင့် ဟိုတယ်တစ်ခုလုံး မီးဟုန်းဟုန်း တောက်စေရမယ်၊ ငြိမ်းသတ်လို့မရအောင် ဆက်ပြီး မီးလောင်နေစေရမယ်"

ဂရီးဂိုစ် မျက်နှာပေါ်၌ အားပါးတရ ပြုံးပန်းပွင့်လာ၏။ သူက အသက်ပင် မရှူနိုင်ဘဲ ပြောချလိုက်သည်။

"သိပ်ကောင်းတယ်ဗျို့၊ ကျုပ်တို့ ဖြစ်မြောက်အောင် လုပ်နိုင်ပါတယ်"

ဘဒ်ဆောင်းက ပြောလိုက်သည်။

"မင်းလုပ်ပုံကိုင်ပုံသာ မှန်ခဲ့ရင် အပေါ်ထပ်မှာရှိတဲ့ လူတွေ အဲဒီအဆောက်အအုံထဲက တစ်ယောက်မှ အသက်နဲ့တကွ ပြန်ထွက်လာနိုင်ကြမှာ မဟုတ်ဘူး"

ဂရီးဂိုစ်၏ဦးနှောက်သည် အရှိန်အဟုန်ပြင်းစွာ အလုပ်လုပ်လျက် ရှိသည်။

"ကျုပ်အတွက် ယမ်းဘီလူးတွေ သိပ်လိုလာပြီ၊ အများကြီးလိုလာပြီ၊ ဘယ်နေရာမှာ ရနိုင်တယ်ဆိုတာ ကျုပ်သိတယ်။ ပြီးတော့လည်း ဟိုတယ်မြေညီထပ်နဲ့ အထပ်ဒိုး အနေအထားကို ကျုပ်သိရမှုဖြစ်မယ်"

"ပုံစံကို ကိုယ့်ဖာသာကိုယ် ဆွဲကြတာပေါ့ကွာ၊ အဲဒီ ဟိုတယ်ထဲကို လူတကာ ဝင်ထွက်သွားလာနိုင်ကြတာပဲ ဥစ္စာ"

ဂရီးဂိုစ်က ပြောလိုက်ပြန်၏။

"နောက်တစ်မျိုး ထပ်လိုလိမ့်ဦးမယ်၊ သူ့ဖာသာသူ ထောင်ထားလို့ရတဲ့ မီးသတ်ဆေးဘူးတွေ အများကြီး လိုလာလိမ့်မယ်"

"မီးသတ်ဆေးဘူးတွေ ဟုတ်လား၊ တို့က မီးရှို့ချင်တာကွ၊ မီးသတ်ချင်တာ မဟုတ်ဘူး"

ဂရီးဂိုစ်က ကောက်ကျစ်စဉ်းလဲသော အပြုံးဖြင့် ပြန်ဖြေလိုက်သည်။

"အထဲက မီးသတ်ဆေးတွေကို သွန်ပစ်ပြီး ကျုပ်တို့ရဲ့ အချိန်ကိုက်ဗုံးတွေကို အထဲမှာ ပြန်ထည့်ထားမှာဗျ၊ မီးသတ်ဆေးဘူးတွေကို ဟိုတယ်ရဲ့ ဘယ်နေရာမှာမဆို ဘယ်လူမှ သံသယမဖြစ်ဘဲ လူမြင်သူမြင် ချထားလို့ရတယ်ဗျ"

ဘဒ်ဆောင်းသည် ရှေ့သို့ကိုင်း၍ ဂရီးဂိုစ်၏ပခုံးကို အားရပါးရ ပုတ်လိုက်၏။

"တကယ်ကို ပက်စက်တဲ့အကြံပဲ၊ သိပ်ကို ချစ်စရာကောင်းတဲ့ ပက်ပက်စက်စက် အကြံပဲဟေ့"

သူတို့နှစ်ယောက်သည် စိတ်ပါဝင်စားစွာနှင့် ဆက်လက်ဆွေးနွေးကြသည်။

□

ရှယ်နှင့် နင်းမ်တို့သည် ရှယ်၏မိဘများက ဖိတ်ကြားထားသော ညစာစားပွဲ



သို့ ကားနှင့်လာခဲ့ကြသည်။ ရှယ်သည် လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်အတွင်းက တွေ့ခဲ့ရသော အမှုအရာနှင့် လုံးဝမတူတော့ဘဲ သွက်သွက်လက်လက်နှင့် စိတ်လက်ကြည်ကြည်သာသာ ရှိနေပုံရသည်။

ယခုဆိုလျှင် ဇန်နဝါရီလလယ်သို့ပင် ရောက်ရှိခဲ့လေပြီ။ တစ်ယောက်နှင့်တစ်ယောက် လမ်းခွဲကြရန် စကားစပ်မိကြသည့်အချိန်မှ သုံးလခန့်ကြာမြင့်ခဲ့လေပြီ။ သို့တိုင်အောင် ထိုကိစ္စကို ခေါင်းသူကမျှ အစဖော်၍ ဆွေးနွေးခြင်း မရှိခဲ့ကြချေ။ သို့ရာတွင် ရှယ်နှင့် နင်းမ်တို့၏ ဆက်ဆံရေးအနေအထားမှာ ပြောင်းလဲတိုးတက်လာခြင်းလည်း မရှိပါ။ နင်းမ်သည် ယခင်ကနှင့်စာလျှင် နေအိမ်၌ အနေပိုကြာလာသည်။ ထို့ကြောင့် လေးနှင့် ဘင်ဂျီတို့က (သူတို့၏ဖခင်နှင့် အတူတကွ နေကြရသည့်အတွက်) ပို၍ နှစ်သောင်းအားရ ဖြစ်နေကြပုံရသည်မှာလည်း သိသာထင်ရှားလွန်းလှသည်။ ထိုကိစ္စကြောင့် ရှယ်က နင်းမ်နှင့် အပြတ်ဆွေးနွေးမည့် ကိစ္စကို ရွှေ့ဆိုင်းထားခြင်း ဖြစ်လေသလော။ အဆိုပါ ပြဿနာအား မည်သို့မည်ပုံ ဖြေရှင်းရမည်ကို နင်းမ်ကိုယ်တိုင်လည်း ယခုအချိန်အထိ တိတိကျကျ ရေရေရာရာ ဝေခွဲဆုံးဖြတ်နိုင်ခြင်း မရှိသေးပါချေ။

မြို့တော်၏ အနောက်ဘက်အရပ်ရှိ လူချမ်းသာရပ်ကွက်တွင် တည်ရှိသော ချူဘာဂျာမိသားစု၏ အိမ်ခန်းသို့ ရောက်ရှိသွားကြသောအခါ ၎င်းတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်ကြသည်။ ဝဝဖိုင့်ဖိုင့်နှင့် တစ်ခေါင်းလုံး ပြောင်နေသော အေရွန်ချူဘာဂျာသည် သားမက်၏လက်ကို အားရပါးရ ဖျစ်ညှစ်၍ နှုတ်ဆက်လိုက်သည်။

ကိုယ်လုံးကိုယ်ပေါက် ဝဝဖိုင့်ဖိုင့်နှင့် အစားလျှော့စားရန်ဆိုသည့် ကိစ္စအား ဒိုးဒိုးသည်းသည်း မုန်းတီးလေ့ရှိသော ရှယ်၏မိခင် ရာချယ်ချူဘာဂျာသည် နင်းမ်အား ၎င်း၏ရင်ခွင်ထဲသို့ ဆွဲသွင်း၍ ပွေ့ဖက်လိုက်ပြီးနောက် နင်းမ်အား လက်နှစ်ဘက်နှင့် ဆုပ်ကိုင်၍ လက်တစ်ကမ်းအကွာတွင်ထားပြီး ရွှန်းရွှန်းစားစား ကြည့်နေသည်။

"နင်းမ်ရေ့ဒ်၊ မင်းကို ငါသမီး ဝဝလင်လင် မကျွေးဘူးလားကွဲ့၊ ငါ ဖက်လိုက်တုန်းက မင်းကိုယ်ပေါ်မှာ အရိုးတွေချည်းပါပဲလား၊ ဒါပေမယ့် ဒီညတော့ မင်းအသားတိုးလာအောင် ကျွေးပါ့မယ်"

နင်းမ်တစ်ယောက် ရယ်ချင်သလိုလို ဖြစ်သွား၏။ သို့တိုင်အောင် သူ့ရင်ထဲ၌ သိမ်ငြိုက်နာကျင်သွားသည်။ သူနှင့် ရှယ်တို့၏ အိမ်ထောင်ရေးသည် အဆင်မပြေဖြစ်နေကြောင်း လူသိတင်း လူ့ချင်းဆောင်၍ ချူဘာဂျာမိသားစုထံသို့ ရောက်ရှိနေပုံရသည်။ ထို့ကြောင့် သူ့ယောက္ခမများက မိသားစုမပြိုကွဲရေးကို ဝိုင်းဝန်းကြိုးစားနေကြပုံ ရသည်။ နင်းမ်က ရှယ်အား လှမ်းကြည့်လိုက်၏။ ဖက်လဲတကင်း ကြိုဆိုနေကြပုံကို ရှယ်က အပြုံးပန်းတဝေဝေနှင့် လှမ်းကြည့်နေသည်။

ရှယ်သည် အပြာဘက်သို့လုနေသော မီးခိုးရောင်ဖျော့ဖျော့ ခပ်ပျော့ပျော့

www.burmeseclassic.com



ပိုးသားဝတ်စုံကို ဝတ်ဆင်ထားသလို၊ ဝတ်စုံနှင့်ဆင်တူ ပုလဲနားကပ်ကိုပါ ဝတ်ဆင်ထားသည်။ ထုံးစံအတိုင်းပင် ရှသ်၏ အနက်ရောင်ဆံပင်မှာ ကြည့်ကောင်းနေသည်။ ထို့အတူ ရှသ်၏အသားအရေမှာ ခါတိုင်းထက် အရောင်ဖျော့နေသော်လည်း နူးနူးညံ့ညံ့နှင့် ဖြစ်မျိုးမှဲ့မထင် လှမျိုးကြွယ်လျက်ပင်တည်း။

နင်းမ်နှင့် ရှသ်သည် ၎င်းတို့ထက် စောစီးစွာ ရောက်နှင့်နေသူ ဧည့်သည်များနှင့် နှုတ်ဆက်၍ ရှေ့သို့ဆက်အသွားတွင် နင်းမ်က ရှသ်အား ပြောလိုက်၏။

"ဒီကနေ့ည မင်း သိပ်ကိုချောနေတယ်"

ရှသ်သည် နင်းမ်အား ဖြတ်ကနဲကြည့်လိုက်ပြီး လေသံခပ်တိုးတိုးနှင့် ပြန်ပြောလိုက်သည်။

"ရှင့် ကျွန်မကို အဲဒီလိုမပြောတာ ဘယ်လောက်ကြာပြီလဲဆိုတာ မှတ်မိသေးရဲ့လား"

နောက်ထပ် စကားစစ်ထိုးကြရန် အချိန်မရတော့ပါ။ ဝိုင်းအုံလာကြသော ဧည့်သည်များအား နှုတ်ဆက်စကား ပြောရင်းဆိုရင်းကပင် နင်းမ်နှင့် ရှသ်တို့ တကွဲတပြားဖြစ်သွားကြသည်။ နှစ်ဒါဇင်ခန့်ရှိသော ဧည့်သည်များအကြားတွင် ဈူဘာဂျာမိသားစု၏ မိသားစုဆရာဝန်တစ်ပိုင်း ဖြစ်နေသော ဒေါက်တာလီဗင်အား နင်းမ် သတိထားလိုက်မိသည်။ ဒေါက်တာလီဗင်သည် အမြဲတစေပင် ပြုံးပြုံးရွှင်ရွှင်နှင့် တွေ့ရတတ်သော ချစ်စရာကောင်းသည့် အဘိုးကြီးတစ်ယောက် ဖြစ်သည်။ တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေသည့်အပြင် ဥပမာ ဥပမည်းယျှနှင့် စကားပြောကောင်းသူလည်း ဖြစ်သည်။

ဒေါက်တာလီဗင်က လှမ်းနှုတ်ဆက်လိုက်၏။

"နေကောင်းရဲ့လား နင်းမ်၊ မင်းနဲ့မတွေ့ရတာ အတော်လေးကြာသွားပြီ၊ မင်းကြည့်ရတာ နေကောင်းပုံရသားပဲ၊ ရှသ်ကတော့ ဒီကနေ့ကျမှ ထူးထူးခြားခြားလှနေတယ်"

"ဟုတ်ပါတယ်၊ ဝင်လာစကတောင် ကျွန်တော် သူ့ကို အဲဒီအတိုင်း ပြောလိုက်မိသေးတယ်"

ဒေါက်တာလီဗင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ရှသ်ကတော့ သူ့ပြဿနာနဲ့ သူ့သောကကို ကောင်းကောင်းကြီး ထိန်းချုပ်ထားနိုင်စွမ်း ရှိပါတယ်လေ"

ဒေါက်တာလီဗင်က သူ့စကားကိုရပ်တန့်ပြီးနောက် ဆက်ပြောပြန်၏။

"ကျုပ်လည်း သူ့အတွက် သောကဖြစ်နေရတာပါပဲ"

နင်းမ်က ဦးနှောက်ခြောက်သွားဟန်နှင့် ဒေါက်တာလီဗင်ကို ကြည့်လိုက်၏။

"ဒေါက်တာက ရှသ်အကြောင်း ပြောနေတာမဟုတ်လား"



"ဟုတ်ပါတယ်"

ဒေါက်တာလီဗင်က သက်ပြင်းချလိုက်၏။

"တစ်ခါတစ်ခါကျတော့လည်း မင်းဇနီးလို ကိုယ်နဲ့ သိပ်ပြီးပင်မင်ရင်းနှီးတဲ့လူတွေကို ဆေးမကုချင်ဘူး၊ ငါ့အနေနဲ့ သူ့ကို ချာတိတ်မကလေး အရွယ်လောက်ကတည်းက စသိခဲ့တာနင်းမ်ရဲ့၊ ငါကတော့ တတ်နိုင်သမျှ နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားနေပါတယ်၊ နည်းကုန်လမ်းကုန်နဲ့ ကြိုးစားနေတယ် ဆိုပါတော့ကွာ"

ရုတ်တရက် ကြောက်စိတ်ဝင်သွားသော နင်းမ်က ပြန်ပြောလိုက်၏။

"ဒီမှာဒေါက်တာ၊ ခင်ဗျားပြောနေတဲ့ကိစ္စကို ကျွန်တော်ဖြင့် တစ်ခွန်းတစ်ပါဒတောင် မသိရပါကလားဗျာ"

"မင်းမသိဘူး ဟုတ်လား"

ဒေါက်တာ၏မျက်နှာပေါ်တွင် စိတ်ရှုပ်သွားသော အမူအရာများ ဖြစ်ပေါ်လာသည်။

"ရှသ်က မင်းကို ဖွင့်မပြောဘူးပေါ့ ဟုတ်လား"

"ဘာကိုပြောပြရမှာလဲ"

"ဒီမှာ ကိုယ့်ဆရာ. . ."

ဒေါက်တာလီဗင်သည် နင်းမ်၏ပခုံးကို ဆုပ်ကိုင်လိုက်၏။

"လူမှာတစ်ယောက်ဟာ အင်မတန် ဟောင်ဖွာဟောင်ဖွာနိုင်တဲ့ ဆရာဝန်တွေရဲ့ ဘေးရန်က ကင်းဝေးဖို့လိုတယ်၊ ဒါပေမယ့် မင်းကတော့ ရှသ်ရဲ့ခင်ပွန်းလင်ပဲ၊ ဒီတော့ မင်းအနေနဲ့. . ."

ဤတွင် နင်းမ်က ကန့်ကွက်စကား ဆိုတော့သည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ဝေ့လည်ချောင်ပတ်တွေ ပြောနေရတာလဲဗျာ"

"ငါဝမ်းနည်းပါတယ်ကွာ"

"မင်းကိုယ်တိုင် ရှသ်ကို မေးယူရလိမ့်မယ်၊ မင်းမေးတဲ့အခါကျရင် ငါနှုတ်ဖွာမိတဲ့အတွက် တောင်းပန်လိုက်တယ်ဆိုတာကိုပါ ထည့်ပြောပေးပါ၊ ဒါပေမယ့် မင်းသိသင့်တယ်လို့ ငါကမှာလိုက်တဲ့အကြောင်းလည်း ပြောပြလိုက်ပါ"

ဒေါက်တာသည် စိတ်လက်မကြည်မသာနှင့် သူ့အား မေးခွန်းမထုတ်နိုင်ခင် ခပ်မြန်မြန် ထွက်ခွာသွားတော့သည်။

နောက်ထပ် နှစ်နာရီလုံး နင်းမ်အဖို့ လောကငရဲပမာ စိတ်မသက်မသာ ဖြစ်ခဲ့ရသည်။ သူသည် ထုံးတမ်းစဉ်လာအရ နှုတ်ဆက်စကား မပြောရသေးသော ဧည့်သည်များနှင့် ထပ်မံတွေ့ဆုံပြီး စကားစမြည် ပြောဆိုနေရသည်။ ဂိုးလ်ဒင်းစင်ဒိတ်နှင့် ပတ်သက်၍ ၎င်းတို့မေးသမျှကို ဖြေနေရသည်။ သို့သော် ရှသ်ထံတွင်သာ တစ်ချိန်လုံး စိတ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ ဒေါက်တာလီဗင်က 'ရှယ်က သူ့ပြဿနာနဲ့ သူ့သောကကို ကောင်းကောင်းကြီး ထိန်းချုပ်နိုင်စွမ်း ရှိပါတယ်လေ'ဟု အဘယ့်ကြောင့် ပြောခဲ့ရသနည်း။ ပြီးတော့ 'တတ်နိုင်သမျှ နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားနေပါတယ်၊ နည်းကုန်လမ်းကုန်ပါပဲကွာ' ဟု ဘာဖြစ်လို့ ပြောခဲ့ရသနည်း။

နင်းမ်သည် ရှယ်ရှိနေသော အမျိုးသမီးအုပ်စုထံသို့ နှစ်ကြိမ်တိုင်တိုင် ချဉ်းကပ်သွားခဲ့သည်။ သို့သော် နှစ်ကိုယ်ကြား စကားပြောရန် မည်သို့မျှ မဖြစ်နိုင်ပါချေ။ သူတို့ အိမ်ပြန်ကြသောအချိန်အထိ စောင့်ရလိမ့်မည်ဖြစ်ကြောင်း နင်းမ် လက်ခံလိုက်ရတော့သည်။

နောက်ဆုံးတွင် ပါတီပွဲ၌ တဖြည်းဖြည်း လူပါးသွားသလို ဧည့်သည်အရေအတွက်လည်း တဖြည်းဖြည်း နည်းလာသည်။ "ကဲ ပြန်ကြရအောင်"ဟု နင်းမ်က ပြောလိုက်၏။ ရှယ်သည် ခြုံထည်တို အိပ်ခန်းတွင်းမှ သွားယူပြီး လူအုပ်ကြီးနှင့် အတူရောနှော၍ ထွက်ခဲ့ကြသည်။

သို့ရာတွင် သူတို့နှစ်ယောက်သည် နောက်ဆုံးတွင်မှ ပြန်ကြရသူများ ဖြစ်နေသည်၊ ထို့ကြောင့်ပင်လျှင် ရှယ်၏မိဘနှစ်ပါးနှင့် သူတို့နှစ်ယောက်သည် ခေတ္တမျှ ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရလိုက်ကြ၏။

ရှယ်က ၎င်း၏မိဘများအား မွှေးမွှေးပေး၍ နှုတ်ဆက်နေစဉ် ရှယ်၏မိခင်က တောင်းပန်လိုက်၏။

"နည်းနည်းလေးလောက် ထပ်နေလို့ မရတော့ဘူးလားကွယ်"

ရှယ်က ခေါင်းခါလိုက်၏။

"သိပ်နောက်ကျနေပြီ မေမေ၊ ကျွန်မတို့နှစ်ယောက် သိပ်ပင်ပန်းနေကြပြီ၊ နင်းမ်ကလည်း ရုံးမှာ အလုပ်သိပ်ပင်ပန်းလွန်းတယ်"

ရှယ်၏မိခင်က ပြန်ပြောလိုက်၏။

"သူက အလုပ်သိပ်လုပ်ရင် ညည်းက များများကျွေးမှပေါ့အေ့"

နင်းမ်က ပြုံးလိုက်၏။

"ဒီနေ့ည ကျွန်တော်စားလိုက်တာ တစ်ပတ်စာ ဖူလုံသွားပါပြီလေ"

နင်းမ်သည် အေရှန်ရှူဘာဂျာအား လက်ဆွဲနှုတ်ဆက်ပြီးနောက် ပြန်ခဲ့ကြသည်။

ခဏကြာ၍ ၎င်းတို့နှစ်ယောက်စလုံး ကားထဲသို့ ရောက်ကြသောအခါ နင်းမ်အား ခပ်မှန်မှန်လေသံနှင့် လှမ်းပြောလိုက်သည်။

"ရှင် ဒေါက်တာလီဗင်နဲ့ အကြာကြီး စကားပြောနေတာ ကျွန်မ သတိထားလိုက်မိတယ်"



နင်းမ်သည် မော်တော်ကား လက်ကိုင်ဘီးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မိ၏။

"ဟုတ်တယ်၊ မင်းက ကိုယ့်ကိုပြောပြချင်တဲ့ ကိစ္စတစ်ခုခုများ ရှိနေသလား"

"ဘယ်လိုကိစ္စမျိုးပါလိမ့်"

နင်းမ်တစ်ယောက် ချုပ်တည်းမြိုသိပ်ထားရသမျှ အုံကြွပေါက်ကွဲသွားလေပြီ။

"မင်းက ဘာကိစ္စနဲ့ ဒေါက်တာလီဗင်ဆီ သွားနေရတာလဲ၊ မင်းက ဘာကိစ္စကို သောကဖြစ်နေရတာလဲ၊ မင်းက ဘာဖြစ်လို့ ကိုယ့်ကိုမပြောဘဲ ထိန်ချန်ထားရတာလဲ ဆိုတာမျိုးပေါ့၊ အေးလေ မင်းဆရာဝန်ကြီးက သူ့နှုတ်ဖွာမိတဲ့အတွက် တောင်းပန်ပါတယ်တဲ့၊ အဲဒီကိစ္စက ဘာသောက်ကိစ္စမှန်း မသိရပေမယ့် ကိုယ် သိသင့်သိထိုက်တယ်လို့လဲ သူက ပြောလိုက်သေးတယ်"

ရှယ်က ဖြေလိုက်၏။

"ကောင်းပါပြီလေ၊ ရှင် သိသင့်သိထိုက်တဲ့အချိန် ရောက်ပြီလို့ ကျွန်မထင်ပါတယ်"

ရှယ်၏လေသံမှာ အသက်ကင်းမဲ့သွားသည်။ ခပ်စောစောပိုင်းက ပျော်ရွှင်မြူးတူးနေဟန်မှာ ကွယ်ပျောက်သွားခဲ့လေပြီ။

"ဒါပေမယ့် အိမ်ရောက်တဲ့အချိန်အထိ ရှင် မစောင့်နိုင်တော့ဘူးလား၊ အိမ်ရောက်မှ ကျွန်မ ပြောပြမယ်လေ"

သူတို့နှစ်ဦးသည် ကျန်သောခရီးတစ်လျှောက်လုံးတွင် စကားမပြောဘဲ ပြန်ခဲ့ကြ၏။

၆

"ကျွန်မ ဝီစကီနဲ့ ဆော်ဒါသောက်ချင်တယ်၊ ယူပေးပါလားဟင်"

ရှယ်နှင့် နင်းမ်တို့သည် သက်တောင့်သက်သာရှိလှပြီး မီးခပ်မှိန်မှိန်ထွန်းထားသော ၎င်းတို့ဧည့်ခန်းကလေးထဲတွင် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။ နံနက် (၁)နာရီပင် ထိုးလေပြီ။ လေးနှင့် ဘင်ဂျီတို့သည် အပေါ်ထပ်၌ အိပ်မောကျနေကြ၏။

နင်းမ်က ရှယ်အား ဝီစကီနှင့် ဆော်ဒါကို ရောစပ်ယူလာပေးသည်။ ဝိုင်ထက်ပို၍ပြင်းသော အရက်ကို သောက်လေ့သောက်ထမရှိသူ ရှယ်အဖို့ ဝီစကီကို တောင်းလိုက်ခြင်းမှာ သိပ်ထူးဆန်းနေသည်။ ရှယ်က သုံးကျိုက်ဆက်မော့သောက်လိုက်ပြီး ဝီစကီဖန်ခွက်အား အောက်ပြန်ချလိုက်ချိန်တွင် နင်းမ်က မေးလိုက်၏။

"ကဲ ပြောစမ်းပါဦး"

ရှယ်သည် အသက်ခပ်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီးနောက် စပြောတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။

"လွန်ခဲ့တဲ့ (၆) နှစ်တုန်းက ကျွန်မပခုံးပေါ်က မှဲ့ခြောက်ကလေးကို လှီးထုတ်ပစ်ခဲ့တာ ရှင် မှတ်မိသေးသလား"

"အင်းပါ မှတ်မိပါတယ်"

ထူးထူးဆန်းဆန်းဆိုသလို သူ ဒင်တာကိုသွားရန် ဆုံးဖြတ်သည့်ညက ရှသ်၏ ပန်းချီကားအားကြည့်မိပြီး သတိပြုခဲ့မိ၏။ ယခု သူ ထိုပန်းချီကားဆီသို့ လှမ်းကြည့်မိသည်။ ဘယ်ဘက်ပခုံးပေါ်၌ အနက်ရောင်မှဲ့ကလေးတစ်လုံး ရှိနေသည်။

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"အဲဒါက မီလာနိုမာလေ"

"ဘာပြောတယ်"

"မီလာနိုမာဆိုတာ ကင်ဆာကလာပ်စည်းတွေ ရှိချင်ရှိတတ်တဲ့ မှဲ့ခြောက်တစ်မျိုးလေ၊ အဲဒါကြောင့် ဒေါက်တာမစ်တဲလ်မင်က လှီးထုတ်ပစ်သင့်တယ်လို့ အကြံပေးခဲ့တာပေါ့၊ ကျွန်မလည်း သဘောတူလိုက်တယ်၊ ခွဲစိတ်ကုသ ဆရာဝန်တစ်ဦးက အော်ပရိတ်လုပ်ပေးတယ်၊ သိပ်ကြီးကြီးကျယ်ကျယ်လဲ မဟုတ်ပါဘူးလေ၊ အော်ပရေးရှင်းပြီးစီးသွားတဲ့အခါကျတော့ မစ်တဲလ်မင်နဲ့ အဲဒီဆရာဝန်က ကင်ဆာကလာပ်စည်းတွေ ပျံ့နှံ့သွားတဲ့ အရိပ်အရောင်မျိုး မတွေ့ရပါဘူးလို့ ပြောကြတယ်"

"ဟုတ်တယ်၊ မစ်တဲလ်မင်ပြောတာကို ကိုယ်မှတ်မိတယ်"

ထိုအချိန်က နင်းမ်သည် နည်းနည်းလောက် စိတ်ပူသွားခဲ့သော်လည်း စိတ်ပူပင်စရာ လုံးဝမရှိကြောင်း နင်းမ် ယုံကြည်လက်ခံလာအောင် ဆရာဝန်က ပြောပြနိုင်ခဲ့သည်။ ရှသ်ပြောခဲ့သလိုပင် လွန်ခဲ့သော (၆) နှစ်က ဖြစ်ပွားခဲ့သော ကိစ္စဖြစ်သဖြင့် ယခုပြောပြသော အချိန်အထိ အသေးစိတ် အချက်အလက်များကို သူ မေ့လျော့နေခဲ့သည်။

ရှသ်က ဆက်ပြောပြန်၏။ သူ့လေသံမှာ ကြားရသည်ဆိုရုံမျှသာ ရှိတော့သည်။

"သူတို့နှစ်ယောက်စလုံး အယူအဆ မှားခဲ့ကြတယ်၊ တကယ်တော့ အဲဒါတွေဟာ မီလာနိုမာ ကင်ဆာကလာပ်စည်းတွေပဲ၊ မီလာနိုမာတွေ ပျံ့နှံ့သွားကြပြီ၊ အခုဆိုရင် မှီပြီး ပျံ့နှံ့သွားကြပြီ၊ ကျွန်မတစ်ကိုယ်လုံးမှာ ပျံ့နှံ့နေကြပြီလေ"

ရှသ်သည် နောက်ဆုံးစကားလုံးများကို အနိုင်နိုင်ပြောယူရသော အခြေအနေသို့ ရောက်ရှိသွား၏။ ထို့နောက်-အချိန်ကြာမြင့်စွာ တောင့်ခံထားခဲ့ရသော ရေကာတာကြီး ကျိုးပေါက်သွားသည့်အလား ချုပ်တည်းမြိုသိပ်ထားရသမျှ ပြိုကွဲပျက်စီးသွားတော့သည်။ ရှသ်၏တစ်ကိုယ်လုံးသည် တသိမ့်သိမ့် တုန်ခါလာပြီးနောက် ရှိုက်ကြီးတငင်



ငိုကြွေးလေတော့သည်။

နင်းမ်သည် သူကြားခဲ့ရသမျှကို နားလည်နိုင်စွမ်းနှင့် ယုံကြည်နိုင်စွမ်းမရှိဘဲ အချိန်အတော်ကြာအောင် နေရာတွင်ထိုင်၍ ငိုင်နေမိ၏။ အသိအာရုံမှန်သမျှ ကွယ်ပျောက်သွားသည်။ ထို့နောက် သူ သတိပြန်လည်လာ၏။

အမှန်တရားက စိုးမိုးသွားသည်။ ကြောက်ရွံ့ထိတ်လန့်မှု အပြစ်ရှိသည်ဟု ခံစားရမှု၊ ဒေါသဖြစ်မှု၊ ကြင်နာသနားမှုနှင့် မေတ္တာစိတ်နှင့်ယှဉ်၍ ချစ်ခင်မှုစသော ခံစားမှုမျိုးစုံက လေပွေတွေ့လိုက်သည့်အလား (ဟဒယနှလုံးအိမ်ကို) ဆောင့်တိုးလိုက်ကြသည်တွင် နင်းမ်သည် ရှသ်ထံသို့သွား၍ ရှသ်ကို ပွေ့ဖက်ထားလိုက်မိ၏။

နင်းမ်သည် ရှသ်အား တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားရင်း မျက်နှာချင်းအပ်၍ ဖြေသိမ့်ဖျောင်းဖျရန် ကြိုးပမ်းနေသည်။

"ချစ်ချစ်ရယ်၊ ကိုယ့်အချစ်ဆုံး ချစ်ချစ်ရယ်၊ ဘာဖြစ်လို့ မင်းက ကိုယ့်ကို ဖွင့်မပြောခဲ့ရတာလည်းကွယ်၊ ဘာဖြစ်လို့ ဖွင့်မပြောခဲ့ရတာလည်းလို့"

ရှသ်ထံမှ စကားသံ ပေါ်ထွက်လာသောအခါ လေသံမှာ ပျော့လွန်းလှ၏။ မျက်ရည်စများကြောင့် အသံမကွဲနှင့် ဗလုံးဗထွေးလည်း နိုင်လှသည်။

"ကျွန်မတို့နှစ်ယောက်ဟာ အရင်ကလို မချစ်ကြတော့ဘူး နှစ်ကိုယ့်တစ်စိတ် မဖြစ်ကြတော့ဘူး၊ ကျွန်မကလည်း သနားပါတယ်ဆိုတာမျိုးကိုတော့ လုံးဝမလိုချင်ဘူး၊ ရှင့်မှာလည်း စိတ်ဝင်စားစရာတွေ အများကြီးရှိနေတယ်၊ တခြားအမျိုးသမီးတွေ ရှိနေခဲ့ကြတယ်လေ"

ရှက်ဖွယ်ကောင်းသည်ဆိုသော အသိစိတ်ဓာတ်နှင့် အပြစ်ရှိသည်ဆိုသော စိတ်ဓာတ်တို့က နင်းမ်၏တစ်ကိုယ်လုံးအား ရုတ်တရက် လွှမ်းခြုံသွားသည်။ နင်းမ်သည် ရှသ်အား ပွေ့ဖက်ထားရာမှ လွှတ်လိုက်ပြီးနောက် ရှသ်၏ရှေ့မှောက်တွင် အလိုအလျောက် ဒူးထောက်၍ ထိုင်ချလိုက်မိ၏။ နင်းမ်က ရှသ်၏ လက်နှစ်ဘက်ကို ဆုပ်ကိုင်ရင်း တောင်းပန်လိုက်၏။

"အခုမှတောင်းပန်ရင် သိပ်နောက်ကျနေပြီ ဆိုရပေမယ့် ကိုယ်တောင်းပန်ပါရစေ၊ ကိုယ်ဟာ အင်မတန် မိုက်လုံးကြီးတဲ့လူ၊ တစ်ကိုယ်ကောင်းဆန်ကဲ့လူ၊ စုံလုံးကန်းနေတဲ့လူ"

ရှသ်က ခေါင်းခါလိုက်သည်။

"ရှင့်အနေနဲ့ အဲဒီလောက်တောင် နစ်နစ်နာနာ ပြောစရာ မလိုပါဘူးလေ"

"ဒါ အမှန်အတိုင်း ကိုယ့်ရင်ထဲက ပြောချင်စိတ်ရှိလို့ ပြောတာပါ၊ အရင်တုန်းက ကိုယ် မသိမမြင်ခဲ့ပေမယ့် ကိုယ် အခုနားလည်ပါပြီ"

"ကျွန်မ ရှင့်ကို ပြောခဲ့ပြီပဲ၊ ကျွန်မက သနားတယ်ဆိုတာမျိုးကို မလိုချင်

www.burmeseclassic.com

www.burmeseclassic.com



ဘာ မဟုတ်ဘူး"

နင်းမ်ကား ရှသ်အား တိုက်တိုက်တွန်းတွန်း ပြောလိုက်၏။

"ကိုယ့်ကို ကြည့်စမ်းပါဦးကွာ"

ရှသ်က ဦးခေါင်းကို မော့လိုက်သည့်အခါ၊ နင်းမ်က ပြင်ပြင်သာသာနှင့် ဘာယုတယ ပြောလိုက်၏။

"ကိုယ် မင်းကိုချစ်ပါတယ်"

"ရှင် တကယ်ပြောနေတာလား၊ ဒါမှမဟုတ် သနားစိတ်ကလေးနဲ့. . ."

"ကိုယ် မင်းကိုချစ်ပါတယ်လို့ ပြောတာဟာ တကယ် လှိုက်လှိုက်လှဲလှဲချစ်လို့ ပြောတာပါ၊ ကိုယ် မင်းကို အရင်ကတည်းက အစဉ်အမြဲ ချစ်ခဲ့ပါတယ်၊ ဒါပေမယ့် ကိုယ်က မောဟတရားတွေဖုံးလွှမ်းပြီး လမ်းလွဲကို လိုက်သွားမိခဲ့တာပါ၊ ခုဆိုရင် သိပ်များ နောက်ကျသွားပြီလားဟင်"

"ဟင့်အင်း"

ရှသ်၏မျက်နှာပေါ်၌ အပြုံးပန်းကလေးတစ်ပွင့် ဖူးပွင့်လာ၏။

"ရှင်က အင်မတန်သောင်းကျန်းတဲ့ လူရမ်းကားတစ်ယောက် ဖြစ်သည့်တိုင်အောင် ကျွန်မကတော့ ရှင့်ကို ချစ်မြဲချစ်ဆဲပါပဲ"

"ကိုယ်ရမ်းကားခဲ့တယ်ဆိုတာကိုတော့ ကိုယ်ဝန်ခံပါတယ်"

ရှသ်က ပြောလိုက်၏။

"အဲလေ ဒါဆိုရင် ကျွန်မတို့က ဒေါက်တာလီဗင်ကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ"

နင်းမ်က ပြောလိုက်၏။

"ဒီမှာချစ်ချစ်. . . ဒီကိစ္စကို ကိုယ်တို့နှစ်ယောက် လက်တွဲပြီး ခုခံတိုက်ဖျက်ကြမယ်၊ ဖြစ်နိုင်သမျှ နည်းလမ်းမျိုးစုံနဲ့ ကုသကြမယ်၊ ပြီးတော့လည်း လက်တွဲဖြုတ်မယ်၊ တွာရှင်းပြတ်စဲမယ်ဆိုတာမျိုးကို ဘယ်တော့မှ မပြောကြစတမ်း"

ရှသ်က အားမာန်အပြည့်အဝနှင့် ခပ်ကျယ်ကျယ် ပြန်ဖြေလိုက်၏။

"ကျွန်မက အဲဒါမျိုးကို ဘယ်တုန်းကမှ မလိုလားခဲ့ပါဘူး၊ နင်းမ် ချစ်ချစ်ရယ် ကျွန်မကို ဖက်ထားစမ်းပါ. . . နမ်းစမ်းပါရှင်"

သူတို့နှစ်ယောက်သည် ကိုယ်လုံးချင်း ပူးကပ်သွားကြ၏။ သူတို့နှစ်ယောက်အကြား၌ရှိသော အဆီးအတားကြီးမှာ မည်သည့်အခါကမျှ မရှိခဲ့သယောင် ပြိုကွဲပျက်စီးသွားသည်။

နင်းမ်က မေးလိုက်၏။

"မင်းက ကိုယ့်ကို ဒီကနေ့ည အစအဆုံး ပြောပြနိုင်ပါ့မလား၊ သိပ်များ ပင်



ပန်းသွားပလား"

ရှသ်က ခေါင်းခါလိုက်၏။

"ကျွန်မ ရှင့်ကို ပြောပြချင်စိတ် ရှိပါတယ်"

နောက်ထပ် တစ်နာရီခန့်ကြာအောင် ဆက်၍စကားပြောကြပြန်၏။

လွန်ခဲ့သော (၈) လခန့်က ရှသ်သည် လည်ပင်း၏ ဘယ်ဘက်ခြမ်း၌ အသားဖုကလေးတစ်ခု ဖြစ်ပေါ်လာသည်ကို သတိပြုမိခဲ့သည်။ ထိုအချိန်တွင် ဒေါက်တာမစ်တဲလ်မင်သည် အငြိမ်းစားယူသွားပြီဖြစ်သဖြင့် ဒေါက်တာလီဗင်ထံသို့ သွားခဲ့ရ၏။ ဒေါက်တာလီဗင်က နည်းမျိုးစုံနှင့် အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်စေသည်။ အဆိုပါ အသေးစိတ် စစ်ဆေးမှုများကို ရက်သတ္တပတ် နှစ်ပတ်ကြာအောင် ပြုလုပ်ခဲ့ရသဖြင့် နေ့ခင်းဘက်တွင် ရှသ်တစ်ယောက် အိမ်မှ ပျောက်ပျောက်နေခဲ့ခြင်း ဖြစ်သည်။ အသေးစိတ်စစ်ဆေးမှုများမှ ပေါ်ထွက်လာသည့်အဖြေမှာ မီလာနိုမာ ကင်ဆာကလာပ်စည်းများသည် (၆) နှစ်လုံးလုံး ငြိမ်သက်နေခဲ့ရာမှ ချက်ချင်းဆိုသလို မြန်လည်ထကြွ သောင်းကျန်းလာပြီး တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားပြီ ဆိုခြင်းပင်။

နင်းမ်က ကန့်ကွက်စကား ဆိုလိုက်၏။

"တို့နှစ်ယောက်အကြားမှာ ဘာပဲဖြစ်နေပါစေ၊ မင်းက ကိုယ့်ကို ဖွင့်ပြောပြသင့်တာပေါ့"

"အဲဒီအချိန်တုန်းက ရှင့်မှာ ပြဿနာတွေ သိပ်ထွေနေတယ်လေ။ ဝေါလ်တာ အသတ်ခံရတဲ့ အချိန်လောက်ကပေါ့၊ အဲလေ ဘာပဲဖြစ်ဖြစ် ကျွန်မက ကိုယ့်ဘာသာကိုယ် မြိုသိပ်ထားမယ်လို့ ဆုံးဖြတ်ခဲ့တယ်"

"မင်းမိဘတွေကော မသိကြဘူးလား"

"မသိကြပါဘူး"

ထို့နောက် ရှသ်က ဆက်၍ရှင်းပြပြန်၏။

အသေးစိတ်စစ်ဆေးမှုများကို ပြုလုပ်ပြီးနောက် ပြင်ပလူနာအဖြစ် ဆေးရုံသို့ တစ်ပတ်တစ်ကြိမ်သွား၍ ဆေးကုသမှု ခံယူခဲ့ရသည်။ ထိုကဲ့သို့ ကုသခံခဲ့ရမှုကြောင့် အော့ချင်အန်ချင်စိတ် ဖြစ်ပေါ်လာခြင်း၊ ကိုယ်အလေးချိန် လျော့နည်းကျဆင်းသွားခြင်းများ ဖြစ်ပေါ်လာသော်လည်း ထိုနှစ်မျိုးစလုံးကို လူမသိအောင် ဖုံးဖိထားနိုင်ခဲ့သည်။ နင်းမ်တစ်ယောက် မကြာခဏဆိုသလို နေအိမ်မှ ပျောက်ပျောက်နေမှုကလည်း ပို၍ အထောက်အကူပြုလျက် ရှိသည်။

နင်းမ်သည် သူ့ဦးခေါင်းကို လက်နှစ်ဘက်နှင့် ဆုပ်ကိုင်ထားရင်း ရှက်စိတ်များမှာ တစ်ကိုယ်လုံးသို့ ပို၍ပျံ့နှံ့လာသည်။ သူက တစ်ချိန်လုံး ရှသ်သည် အခြားယောက်ျားတစ်ဦးနှင့် ချိန်းတွေ့နေသည်ဟု ယူဆနေခဲ့မိသည်။ သို့သော် ထိုအချိန်တွင် ရှသ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် . . .၊

ထို့နောက် မီလာ့နိုမာ ကင်ဆာရောဂါအား ကုသနိုင်သော နည်းသစ်တစ်ခု နယူးရော့ခ်ရှိ ဆလုံး-ကက်တာရင်း အင်စတီကျူက စမ်းသပ်ရှာဖွေ တွေ့ရှိထားကြောင်း ဒေါက်တာလီဗင်က ရှည်အား အသိပေးသည်။ ရှည်သည် ထိုဆေးရုံသို့ နှစ်ပတ်ကြာ သွားရောက်ပြီး စစ်ဆေးစမ်းသပ်မှုမျိုးစုံကို ခံယူရမည်ဖြစ်သည်။

ယခု နင်းမ်သည် သူ့ပါးစပ်မှ ပြောမထွက်ရက်သော မေးခွန်းတစ်ခုကို မေးရလေတော့သည်။

"အဲဒီဆေးရုံက နောက် ဘာဆက်ဖြစ်မယ်ဆိုတာကို ပြောလိုက်သေးသလား"

"ဒီရောဂါနဲ့ပတ်သက်ပြီး ပျောက်အောင်ကုသနိုင်တဲ့နည်း မရှိဘူး၊ ခွဲစိတ်ကုသဖို့ဆိုတာကလဲ အချိန်သိပ်နှောင်းသွားပြီ၊ ဒါပေမယ့် ကျွန်မဟာ လူ့လောကမှာ နှစ်ပေါင်းများစွာ နေချင်နေရလိမ့်မယ်တဲ့"

ရှည်က ခပ်ယဲ့ယဲ့ ပြုံးလိုက်၏။

"ပြီးတော့လည်း ဆလုံး-ကက်တာရင်း အင်စတီကျူမှာ ဆေးကုခံလိုက်လို့ ပိုကောင်းလာသလား ဘာလားတော့ ကျွန်မ မပြောတတ်ဘူး၊ ဒါပေမယ့် ဆရာဝန်ကြီးတွေ ကြိုးပမ်းနေတာကတော့ (ခန္ဓာကိုယ်ထဲက) ပဋိပစ္စည်းတွေကို လှုပ်လှုပ်ရှားရှား ထထကြွကြွဖြစ်အောင် တွန်းအားပေးနိုင်ခဲ့ရင် ခန္ဓာကိုယ်ထဲမှာ အတင်းထိုးဖောက် ဝင်ရောက်လာမယ့် မီလာ့နိုမာ ကင်ဆာကလာပ်စည်းတွေကို ခုခံကာကွယ်ပေးလိမ့်မယ်ဆိုတဲ့ ကုသနည်းကို ရှာဖွေနေကြတာပဲလေ"

နင်းမ်က ပြောလိုက်သည်။

"ကိုယ် ဒေါက်တာလီဗင်နဲ့ ဆွေးနွေးချင်တယ်၊ မင်း စိတ်ဆိုးမှာလားဟင်"

"စိတ်ဆိုးရမယ် ဟုတ်လား"

ရှည်သည် သက်ပြင်းချလိုက်၏။

"စိတ်မဆိုးပါဘူးရှင်၊ တစ်ယောက်ယောက်ကို မှီခိုအားထားနိုင်တယ်လို့ သိလာရတဲ့အသိဟာ သိပ်ကို ကြည်နူးစရာ ကောင်းလှပါတယ် နင်းမ်ရယ်၊ ကျွန်မဘဝမှာ ရှင့်ကို မှီခိုအားထားဖို့ သိပ်ကို လိုအပ်နေပါတယ် ရှင်ရယ်"

နင်းမ်က ရှည်အား ပွေ့ဖက်ထားလိုက်ပြန်၏။ ထို့နောက် များမကြာမီ မီးလုံးများကို ပိတ်လိုက်ပြီးနောက် အပေါ်ထပ်သို့ တွဲခေါ်သွားသည်။

လပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် နင်းမ်နှင့် ရှည်သည် တစ်အိပ်ရာတည်း၌ အတူတူယှဉ်တွဲ၍ အိပ်စက်ဖြစ်ကြသလို အာရုဏ်တက်စအချိန် ရောင်နီဦးထွက်ပေါ်လာချိန်၌ ချစ်ကင်းနိုးနှော့ဖြစ်ကြလေသတည်း။

□



နောက် တနင်္လာနေ့တွင် နင်းမ်သည် ဒေါက်တာလီဗင်နှင့် သွားရောက်ဆွေးနွေးသည်။ ဒေါက်တာလီဗင်၏ စိတ်နေစိတ်ထားနှင့် အယူအဆမှာ စိတ်ပျက်စရာ မတွေ့တ်သလို အားတက်စရာလည်း မကောင်းလှချေ။

ဒေါက်တာလီဗင်က နင်းမ်အား ပြောလိုက်သည်။

"မင်းဇနီးဟာ သက်တမ်းစေ့နေချင်လဲ နေသွားရလိမ့်မယ်၊ ဒါပေမယ့် သူ့အခြေအနေဟာ ချက်ချင်းလက်ငင်း မြန်မြန်ဆန်ဆန် ဆိုးရွားဆုတ်ယုတ်လာနိုင်တယ်ဆိုတာကိုလည်း မင်းသိထားရမယ်၊ ဆေးကုသမှုကို မှန်မှန်ကြီး ခံယူနေမယ်ဆိုရင် မင်းနီးဘက်က ပိုအလေးသာလာလိမ့်မယ်"

ဒေါက်တာလီဗင်က ထပ်၍ ဖြည့်စွက်ပြောဆိုပြန်၏။

"မင်းကို ငါပေးနိုင်တဲ့ အကြံဉာဏ်ကတော့ မင်းဇနီးကို ငါပြောခဲ့တဲ့အတိုင်းပဲ၊ ဘဝကို တစ်နေ့တာအတွက်ပဲ စဉ်းစားပြီး ပြည့်ပြည့်ဝဝ အသုံးချပါ၊ လုပ်ချင်တဲ့ကိစ္စတွေကို နောက်မှလုပ်ရမယ်ဆိုပြီး ရွှေ့ဆိုင်းမပစ်ပါစေနဲ့၊ လုပ်နိုင်ရင် ချက်ချင်းလုပ်ပါစေအားလေ အဲဒါကို နက်နက်နဲနဲ ပြန်စဉ်းစားကြည့်ပြန်တော့လဲ ဒီအကြံဉာဏ်ဟာ သို့တတွေအားလုံးအတွက် အကြံကောင်းတစ်ခုပါပဲလေ"

□ □ □

www.burmeseclassic.com

## အခန်း (၁၈)

နန်စီမိုလီနော့သည် ယခုအချိန်အထိ မည်သည့်ကိစ္စနောက်ကို လိုက်လံစုံစမ်းနေကြကြောင်း မည်မည်ရရ မပြောနိုင်သော်လည်း ဆဌမအာရုံက သူသည် တစ်ခုခုအား ခြေရာခံမိပြီဖြစ်ကြောင်းနှင့် ထိုကိစ္စမှာ ကြီးကြီးကျယ်ကျယ် သတင်းထူးတစ်ပုဒ်ပင် ဖြစ်နိုင်ကြောင်း အလိုအလျောက် သိနေသည်။

သူသည် ထိုကိစ္စအား မည်သူနှင့်မျှ မဆွေးနွေးရန်၊ အထူးသဖြင့် သတင်းစာတိုက်မှ (နန်စီနှင့် တိုက်ရိုက်ထိတွေ့ရသော) မြို့တွင်းသတင်းအယ်ဒီတာနှင့် မဆွေးနွေးမိစေရန် သန္နိဋ္ဌာန်ချထားသည်။ သတင်းထောက်ကောင်း တစ်ယောက်၏ အရည်အချင်းမှာ စိတ်ရှည်၍ သည်းညည်းခံနိုင်စွမ်းနှင့် သိမ်သိမ်မွေ့မွေ့နှင့် ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်တတ်ခြင်းတို့ပင် ဖြစ်ကြောင်း နားလည်သဘောပေါက်ခြင်း မရှိသော ထိုအယ်ဒီတာက၊ သတင်းရရှိရေးကိုသာ ဇောင်းပေး၍ အတင်းအဓမ္မ ခိုင်းစေတတ်သူဖြစ်သည်။

နန်စီတွင် အဆိုပါ အရည်အချင်း နှစ်ရပ်စလုံး ရှိနေသည်။ ၎င်းအပြင် ဂိုးလ်ဒင်းစတိတ်၏ နှစ်ပတ်လည်အစည်းအဝေး၌ နင်းမ်ဂိုးလ်မင်းက 'သူ့ကိုတော့ ဘာဖြစ်လို့ မစုံစမ်း မထောက်လှမ်းရသနည်း'ဟု ဒေါနှင့်မောနှင့် ပြောခဲ့သော အချိန်ကစ၍ နန်စီ



သည် အဆိုပါ အရည်အချင်းနှစ်ရပ်စလုံးကို အသုံးချနေခဲ့သူ ဖြစ်သည်။

'သူ' ဆိုသည်မှာ ဒေဗီဘဒ်ဆောင်းပင်တည်း။

ဂိုးလ်မင်းကမူ သူပြောလိုသည့်ကိစ္စကို နန်စီ အလေးအနက်ထားလိမ့်မည်ဟု မယူဆခဲ့ချေ။ သို့သော် ထိုကိစ္စကို (လေးလေးနက်နက်) စဉ်းစားပြီးနောက် နန်စီက နင်းမ်ဂိုးလ်မင်း၏ အကြံပြုချက်အား လက်ခံလိုက်ခြင်း ဖြစ်သည်။

ယခင်ကလည်း နန်စီသည် ဘဒ်ဆောင်းနှင့်ပတ်သက်၍ စပ်စပ်စုစုသိလိုစိတ်များ ဖြစ်ပေါ်ခဲ့ဖူးသည်။ အမှန်တရားဘက်က အမြဲတမ်း ရပ်တည်ပါသည်ဟု ကြွေးကြော်သူများအပေါ် နန်စီအနေနှင့် ယုံကြည်စိတ်မွေး၍ မရခဲ့ချေ။ နန်စီ၏ အတွေ့အကြုံအရ အမြဲတစေ မှန်သည့်ဘက်က ရပ်တည်မည်ဆိုသော အများကြိုက်အောင် လုပ်ကိုင်နေကြသူများသည် မိမိရှေ့တန်းသို့ ရောက်ရှိရေးကိုသာ ဦးတည်၍ ဆောင်ရွက်နေသူများ ဖြစ်ကြောင်း ကိုယ်တွေ့အဖြစ် သိရှိထားသည်။ နန်စီသည် အထူးသဖြင့် ထိုကဲ့သို့သော လူစားမျိုး အမြောက်အမြားကို လူမည်းအဖွဲ့အစည်းများတွင် အများဆုံး တွေ့ခဲ့ရဖူးသည်။

နန်စီ၏ ဖခင်ဖြစ်သူ မီလိုမိုလီနော့သည် အများအကြိုက်ကိုလိုက်၍ ဆောင်ရွက်သူတစ်ဦး မဟုတ်ပါ။ သူသည် လူဝီစီယားနားနယ် ကျေးလက်ဒေသရှိ လူမည်းမိဘနှစ်ပါးမှ မွေးဖွားသူ လူဆင်းရဲတစ်ဦး ဖြစ်သည်။ သူသည် အဆောက်အအုံ ကန်ထရိုက်တာ တစ်ယောက်မှုသာဖြစ်ပြီး ဆင်းရဲခြင်းလွတ်ကင်း၍ သူဌေးဖြစ်စေရမည်ဟု သန္နိဋ္ဌာန်ချထားသူဖြစ်သည်။ သူသည် အလုပ်ကို ရိုးရိုးသားသား လုပ်ကိုင်ဆောင်ရွက်ရင်း အောင်မြင်မှုရရှိလာသည်။ ယခုအချိန်တွင်မူ အလွန်အလွန် ချမ်းသာသူတစ်ဦး ဖြစ်နေလေပြီ။

၎င်း၏ဖခင်သည် နိုင်ငံရေးသမား မဟုတ်သော်လည်း လူမည်းအမျိုးသားများအတွက် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ သင့်တင့်မျှတသော လုပ်အားခများကို ခံစားစေခြင်း၊ လုပ်ငန်းခွင်၌ တည်ငြိမ်မှုရှိစေခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် နန်စီ၏ဖခင်သည် ထောင်ပေါင်းမက များပြားလှသော အာဘောင်နိုင်ငံရေးသမားများထက် မိမိအမျိုးသားများအပေါ် ပို၍ကောင်းကျိုးပြုနိုင်သူ ဖြစ်ခဲ့သည်။

ထိုနည်းတူစွာပင် လူမည်းအမျိုးသားများအား ခိုးမြှောက်၍ ပြောဆိုလေ့ရှိကြသော လူဖြူနိုင်ငံရေးသမားများကိုလည်း မြင်ပြင်းကပ်သည်။

နန်စီမိုလီနော့သည် နင်းမ်ဂိုးလ်မင်းအား မြင်ပြင်းမကပ်ပါ။ တကယ့်တကယ်ကမူ နန်စီသည် နင်းမ်အား တစ်စတစ်စနှင့် သဘောပင်ကျလာသည်။ လေးစားလာခဲ့သည်။ တူနီပါ စုံစမ်းစစ်ဆေးပွဲလုပ်စဉ်က အုံကြွပေါက်ကွဲပြီး စိတ်ထဲ၌ ရှိရိုးသမျှကို လူ့မှာ ပြောဆိုခဲ့သော နင်းမ်သည် ထိုစစ်ဆေးပွဲ၌ သိက္ခာရှိဟန်ဆောင်နေသော အယောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင် လူလည်များထက် သတ္တိပိုရှိသူ ဖြစ်သည်။ ပို၍ ဖြောင့်မတ်တည်ကြည်သူ ဖြစ်သည်ဟု ဆိုရလိမ့်မည်သာ။

ထိုစုံစမ်းစစ်ဆေးပွဲအပြီးတွင် နန်စီသည် ထိုသတင်းကို ရေးသားခဲ့ပြီး သတင်းစာသမားကောင်းအနေနှင့် အထူးဂုဏ်ယူခဲ့သည်။ ဆိုလိုရင်းမှာ ကိုယ်ရေးကိုယ်တာခံစားချက်များနှင့် အခြားခံစားချက်များအား ဦးစားမပေးဘဲ အရှိကို အရှိအတိုင်း ရက်ရက်စက်စက် ပြတ်ပြတ်သားသား ထုတ်ဖော်ရေးသားမှုကိုပင် ဆိုလိုရင်းဖြစ်သည်။ သို့တိုင်အောင် နှင်းမ်ိဳးလ်မင်းအား သနားသည့်စိတ်ကိုမူ မည်သည့်အခါကမျှ ပိတ်ပင်တားဆီး၍ မရနိုင်ခဲ့ပါ။

ထို့ကြောင့် ဂိုးလ်မင်းအား ဝစ်မှတ်အဖြစ် မသတ်မှတ်တော့ဘဲ ဘဒ်ဆောင်းအပေါ် အာရုံစိုက်လိုက်ခြင်းမှာ တရားမျှတ,မှု အနည်းငယ်ရှိသည်ဟု ဆိုရပါမည်။ ဘဒ်ဆောင်းသည် အယောင်ဆောင် လူလိမ်လူကောက် တစ်ဦးမျှသာဖြစ်သည်ဟု သေသေချာချာ ယူဆထားသောကြောင့် ၎င်းကို နည်းနည်းကလေးမျှ ကြည့်သို့၍မရပါ။

နန်စီမိုလီနော့သည် ပထမဦးစွာ လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စုအား သိုသိုသိပ်သိပ် စတင်ထောက်လှမ်းခဲ့သည်။ ဘဒ်ဆောင်းသည် လွန်ခဲ့သော (၄) နှစ်က ငွေကြေးဖောင်းပွမှုနှင့် ရေနံဈေးနှုန်း မြင့်တက်လာမှုကြောင့် လျှပ်စစ်မီတာခနှင့် ဓာတ်ငွေ့မီတာခများ သိသိသာသာ ဈေးတက်လာချိန်တွင် လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စုကို စတင်ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။ မီတာခများ ဈေးတက်လာသော်ကြောင့် အလယ်အလတ်တန်းစားနှင့် အောက်တန်းလွှာမှ မိသားစုများအဖို့ အခက်အခဲ ဖြစ်လာလိမ့်မည်ဆိုသည့် ကိစ္စမှာ သေချာလှသလို၊ ဘဒ်ဆောင်းကလည်း လုပ်သားပြည်သူများ၏ ချန်ပီယံအဖြစ် သူ့ကိုယ်သူ ကြွေးကြော်လိုက်သည်။

ဟိတ်ဟန်များလွန်းလှသော ၎င်း၏အမှုအရာများကြောင့် စာနယ်ဇင်းဆရာများက ၎င်းအား ချက်ချင်း သတိထားမိခဲ့ကြသည်။ သူက ထိုကိစ္စအပေါ် အခွင့်ကောင်းယူ၍ စွမ်းအင်နှင့် အလင်းရောင်အုပ်စုထဲသို့ လူပေါင်းမြောက်မြားစွာ ဝင်ရောက်လာအောင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ ထိုကဲ့သို့ဆောင်ရွက်ရန် ဘဒ်ဆောင်းသည် တက္ကသိုလ်ကျောင်းသားများအား တစ်အိမ်တက်ဆင်း လိုက်လံလှူ့ဆော်သူများအဖြစ် ငှားရမ်းအသုံးချခဲ့သည်။ နန်စီသည် ဘဒ်ဆောင်းအတွက် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ဖူးသူ တက္ကသိုလ်ကျောင်းသား အဟောင်းများများအား စုံစမ်း၍ ရရှိခဲ့သည်။ နန်စီတွေ့သမျှ ပုဂ္ဂိုလ်တိုင်းသည် ထိုကိစ္စအတွက် နာကျည်းခံပြင်းနေကြပုံ ရသည်။ ယခုအချိန်တွင် ဗီသုကာ အင်ဂျင်နီယာဘာဝသို့ ရောက်ရှိနေသူတစ်ဦးက နန်စီအား ရင်ဖွင့်တောသည်။



"ကျုပ်တို့က မားမနောက်ပိတ်ခွေး၊ နင်းပြားလူတန်းစားကို ကူညီခွင့်ရခဲ့ကြတယ်လို့ ထင်ခဲ့ကြတာ၊ ဒါပေမယ့် ကျုပ်တို့တတွေဟာ ဘဒ်ဆောင်း ကောင်းစားရေးအတွက် အများကြီး လုပ်ပေးခဲ့ရတယ်ဆိုတာကို နောက်မှသိလာကြရတာ"

ဓာတ်အားသုံးစွဲသူ အိမ်ရှင်များက ပြည်နယ်ဘုရင်ခံနှင့် အခြားထိပ်သီး အရာရှိများထံ လိပ်မူ၍ ဓာတ်အားခဈေးနှုန်းများကို လျှော့ချပေးရန် အသနားခံထားသော လျှောက်လွှာများသည် တစ်အိမ်တက်ဆင်း လိုက်လံလှူ့ဆော်သူများထံ၌ ပါရှိလာသည်။

အကယ်၍ အိမ်ရှင်တစ်ဦးတစ်ယောက်က အသနားခံစာ တစ်စောင်စောင်တွင် လက်မှတ်ရေးထိုးပေးလိုက်သည်ရှိသော် ဓာတ်အားခ ဈေးနှုန်းလျှော့ကျအောင် လှူ့ဆော်ရေး လုပ်ငန်းကြီးကို ဦးစီးဦးဆောင်ပြုနေသော လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စုတွင် တစ်နှစ်စာအတွက် အသင်းဝင်ကြေးအဖြစ်သာမက ဤလှူ့ဆော်ရေးလုပ်ငန်းကြီး အောင်မြင်ထမြောက်စေရေးအတွက် ရန်ပုံငွေအဖြစ် သုံးဒေါ်လာ ထည့်ဝင်ထောက်ပံ့ပါရန် ဆက်လက် မေတ္တာရပ်ခံကြရသည်။

အမျိုးသမီးငယ်တစ်ယောက်ကလည်း ၎င်း၏မတျေနပ်ချက်ကို ထပ်မံဖြည့်စွက် ပြောလိုက်သည်။

"ဘဒ်ဆောင်းက ကျွန်မတို့ကို လုပ်ခအနေနဲ့ သုံးဒေါ်လာရတိုင်း တစ်ဒေါ်လာပေးမယ်လို့ ကတိပေးတယ်၊ ဒါပေမယ့် တကယ့်တကယ်ကျတော့ ကျွန်မတို့က တစ်ကျပ်မှာ တစ်မတ်ပဲ ရတယ်ရှင့်"

ဘဒ်ဆောင်းသည် ပထမဦးဆုံးနှစ်တွင် စွမ်းအင်နှင့် အလင်းရောင်အုပ်စုအတွက် အသင်းဝင်ပေါင်း သုံးသောင်းငါးထောင်ခန့် စုဆောင်းရရှိနိုင်ခဲ့သည်ဟု နန်စီမိုလီနော့က ခန့်မှန်းတွက်ချက်ကြည့်မိသည်။ တစ်အိမ်တက်ဆင်း လိုက်လံလှူ့ဆော်သူများအား (လုပ်ခအဖြစ်) ထုတ်ပေးခဲ့သော ငွေပမာဏကို ပြန်နုတ်လိုက်သည့်တိုင်အောင် စွမ်းအင်နှင့် အလင်းရောင်အုပ်စုအတွက် အသားတင်အဖြစ် ငွေသားတစ်သိန်းနီးပါး ရရှိခဲ့သည်ဟု ယူဆရသည်။ တဖန် စွမ်းအင်နှင့် အလင်းရောင်အုပ်စုအတွက် လာရောက်ထည့်ဝင်နေကြသော ရန်ပုံငွေများကလည်း ဝင်လာမစဲ တသဲသဲပင်။ ထို့အတူ တက္ကသိုလ်များ၌ ဟောပြောပွဲချမှုများနှင့် စာရေးသားရာမှ ရရှိသော ဘဒ်ဆောင်း၏ အခြားဝင်ငွေများလည်း ရှိနေသေးသည်။

ထိုငွေအားလုံးကို ဘဒ်ဆောင်းက မည်သို့မည်ပုံ သုံးစွဲခဲ့လေသနည်း။ ၎င်းအပြင် စွမ်းအင်နှင့် အလင်းရောင်အုပ်စုသည် ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီအား အော်ကြီးဟစ်ကျယ်နှင့် အဆက်မပြတ် ကန့်ကွက်နေခဲ့သည် ဆိုတာကလည်း အမှန်ပင်။ သို့ရာတွင် ဘဒ်ဆောင်းအား မစာနဲမရာ အသုံးစရိတ်များနှင့် ၎င်းအတွက် လစာအဖြစ် သတ်မှတ်၍ ရာထားပေးလိုက်သည့်တိုင်အောင် ဘဒ်ဆောင်းသည် ရရှိလာသောဝင်ငွေ၏ ထက်ဝက်

www.burmeseclassic.com

www.burmeseclassic.com



အား ကုန်အောင်သုံးစွဲနိုင်စွမ်း ရှိမည်မဟုတ်ပါချေ။ သို့ဖြစ်လျှင် ကျန်သောတစ်ဝက်က ဘယ်လိုလဲ။ နန်စီ တွေးဆ၍ရသမျှမှာ ဘဒ်ဆောင်းသည် ထိုငွေများအား တစ်နေရာရာသို့ ကဲ့ထုတ်နေသည် ဆိုခြင်းပင်။

သို့တိုင်အောင် နန်စီက သက်သေအထောက်အထား မပြနိုင်သေးပါ။ ခု အချိန်ထိ ဆိုပါတော့။

ဘဒ်ဆောင်းသည် ငွေကြေးရရှိရေးအတွက် ဆိုကိုဝါကလပ်အား မေတ္တာရပ်ခံခဲ့သည်ဆိုသော ကောလဟလကလည်း ဖြစ်ပေါ်ခဲ့သေးသည်။ ငွေကြေး ကြွယ်ဝချမ်းသာပြီး လေးစားထိုက်သော ဆိုကိုဝါကလပ်သည် ဒေဗီဘဒ်ဆောင်းနှင့် ပတ်သက်ဆက်စပ်လိုစိတ် ရှိမည်မဟုတ်ဟု နန်စီက တစ်ထစ်ချ ယူဆထားသည်။ သို့တိုင်အောင် စုံစမ်းမေးမြန်းမှုများကိုတော့ ဆက်သွယ်ပြုလုပ်ထားဆဲပင်။ ခုအချိန်ထိတော့ အဖြေမပေါ်သေးပါ။

ဇန်နဝါရီလ၏ တစ်နေ့တွင် မြို့ထဲရှိ လမ်းတစ်လမ်းပေါ်တွင် ဒေဗီဘဒ်ဆောင်းအား နန်စီမိုလီနော့က (အမှတ်မထင်) တွေ့လိုက်ရသည်တွင် စိတ်ဝင်စားစရာ အကောင်းဆုံးကိစ္စတစ်ရပ် ပေါ်ပေါက်လာလေတော့သည်။ နန်စီသည် ဘဒ်ဆောင်းအားနောက်ယောင်ခံ၍ လိုက်လံကြည့်ရှုရန် အကြောင်းမဲ့သက်သက် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ဆက်လက်ဖြစ်ပွားသည့် အဖြစ်အပျက်များမှာ လျှို့ဝှက်သည်းဖိုဝတ္ထုများထဲမှ အဖြစ်အပျက်များနှင့် တူလှသည်။

ဘဒ်ဆောင်းက နန်စီအား တွေ့မြင်သွားခြင်းမရှိကြောင်း နန်စီအနေနှင့် တစ်ထစ်ချ ပြောနိုင်ခဲ့သည်။ သို့တိုင်အောင် ဘဒ်ဆောင်းသည် နောက်ယောင်ခံ၍ လိုက်လာသူအား မျက်ခြေဖြတ်နိုင်ရန် အပြင်းအထန် ကြိုးပမ်းနေပုံရခြင်းမှာ အလွန်ထူးဆန်းသည်။ ပထမတွင် ဘဒ်ဆောင်းသည် အင်မတန်လူစည်ကားသော ဟိုတယ်တစ်ခု၏ ဧည့်ခန်းဆောင်ထဲသို့ ဝင်သွားသည်။ ထို့နောက် အမျိုးသားအိမ်သာခန်းထဲသို့ ဖြတ်တနဲ ဝင်သွား၏။ မိနစ်အနည်းငယ်ကြာသောအခါ နေကာမျက်မှန်တစ်လက်ကို တပ်ထားပြီး သက္ကလပ်ဦးထုပ်ပျော့တစ်လုံးကို ဆောင်းထားသည့် ဘဒ်ဆောင်းသည် အမျိုးသားအိမ်သာထဲမှ ပြန်ထွက်လာ၏။ ဘဒ်ဆောင်းသည် ဟိုတယ်၏ဘေးဘက် တံခါးပေါက်မှ အပြင်သို့ ပြန်ထွက်သွားသည်။ ဤတွင် နန်စီက နောက်မှ လိုက်သွားသည်။

ထို့နောက် ဘဒ်ဆောင်းသည် ဘတ်စ်ကားတစ်စီးပေါ်သို့ တက်သွားလေရာ ဘတ်စ်ကားတံခါးက ချက်ချင်းလိုလို ပြန်ပိတ်သွားသောကြောင့် နန်စီ လက်လျှော့ရတော့မလို ဖြစ်ခဲ့ရသေး၏။ ကံအားလျော်စွာပင် နန်စီအနားသို့ အငှားကားတစ်စီး ရောက်ရှိလာသည်။ နန်စီက အငှားကားကို လှမ်းတားလိုက်ပြီး ဒေါ်လာနှစ်ဆယ်တန် ငွေစက္ကူတစ်ရွက်ကိုပြရင်း ယာဉ်မောင်းဖြစ်သူ အသက်ခပ်ငယ်ငယ် လူမည်းအမျိုးသား



အား လှမ်းပြောလိုက်၏။

"အဲဒီဘတ်စ်ကားကို မျက်ခြေမပြတ်စေနဲ့၊ ဒါပေမယ့် နောက်ယောင်ခံလိုက်နေတယ်ဆိုတာကိုလည်း မသိသာစေနဲ့၊ ဒါပေမယ့် ဘတ်စကားရပ်သွားတိုင်း ကားပေါ်က ဘယ်သူဘယ်ဝါ ဆင်းသွားတယ်ဆိုတာကိုတော့ ကျွန်မကြည့်ချင်တယ်"

"ဖြစ်ပါတယ် ကြီးဒေါ် ရယ်၊ စိတ်ချမ်းချမ်းသာသာနဲ့သာ ထိုင်လိုက်ခဲ့ပါ၊ လုပ်စရာရှိသမျှကို ကျွန်တော်မျိုးကြီးက ဆောင်ရွက်သွားပါ့မယ်"

ထိုဒရိုင်ဘာသည် လည်လည်ဝယ်ဝယ်ရှိသလို ဖြတ်ထိုးဉာဏ်ကောင်းသူလည်းဖြစ်သည်။ ဘတ်စ်ကား ရပ်သွားသည့်အခါတိုင်း နန်စီအနေနှင့် (အဆင်းအတက်ကို) ကောင်းကောင်းကြီး မြင်နိုင်အောင် စီစဉ်ပေးနိုင်သည်။ နောက်ဆုံးတွင် ဘဒ်ဆောင်းသည် ဘတ်စ်ကားကို သူစတင်၍ စီးနင်းလာခဲ့သောနေရာမှ လေးမိုင်ခန့်အကွာအဝေးသို့ ရောက်သောအခါ ဘတ်စ်ကားပေါ်မှ ဆင်းတော့၏။

နန်စီက ယာဉ်မောင်းကို ပြောလိုက်သည်။

"ဟို မှတ်ဆိတ်မွေးနဲ့လူပဲ"

"ဟုတ်ပါပြီ"

အငှားကားဒရိုင်ဘာသည် ဘဒ်ဆောင်းရှိရာဘက်သို့ စောင်းငဲ့၍ပင်မကြည့်ဘဲ တားအရှိန်ကိုမြှင့်၍ ဘတ်စ်ကားကို ကျော်တက်ပြီးနောက် လမ်းဘေးရှိ ကားရပ်ရန်နေရာတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

"ဒီမှာကြီးဒေါ် ကျွန်တော် သူ့ကို နောက်ကြည့်မှန်ထဲက မြင်နေရတယ်၊ အခု သူ လမ်းကိုဖြတ်နေပြီ"

နောက်ထပ်တစ်မိနစ်၊ နှစ်မိနစ်ခန့်ကြာသောအခါ ယာဉ်မောင်းက ဆဲဆိုရေရွတ်လိုက်သည်။

"ဒီငတိ နောက်ထပ် ဘတ်စ်ကား စီးလိမ့်ဦးမယ်နဲ့တူတယ်"

သူတို့သည် ဒုတိယ ဘတ်စ်ကားနောက်သို့ လိုက်ခဲ့ကြရပြန်၏။ ဒီတစ်ကြိမ်တွင်မူ ဘဒ်ဆောင်းသည် နှစ်ပြသုံးပြခန့်သို့ ရောက်သောအခါ ဘတ်စ်ကားပေါ်မှဆင်းပြီး အငှားကားတစ်စီးကို လက်ပြ၍ ခေါ်လိုက်တော့သည်။ ထိုအငှားကား ထွက်ခွာသွားသောအခါ ကားနောက်ဘက်ရှိ လေကာမှန်မှတစ်ဆင့် (နောက်ဘက်သို့) လှမ်းလှမ်းကြည့်နေသော ဘဒ်ဆောင်း၏မျက်နှာကြီးကို နန်စီမြင်လိုက်ရသည်။

နန်စီက သူသည် ဤမျှလောက် တံကောင်းနေချိန်တွင် နောက်ထပ်၍ အရဲမစွန့်သင့်တော့ဟု စဉ်းစားဆင်ခြင်လိုက်၏။ နန်စီက ယာဉ်မောင်းကို ပြောလိုက်သည်။

"ကဲပါလေ. . . သူသွားပါစေတော့၊ ကျွန်မကို မြို့ထဲကို ပြန်လိုက်ပို့ပါ"

ဘဒ်ဆောင်းသည် ယခုအချိန်အထိ သူနောက်မှ အငှားကားနှင့် နောက်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ခံ၍ လိုက်နေသည့်ကိစ္စအား မသိသေးဟု နန်စီ ယူဆယုံကြည်ထားသည်။ သို့သော် ဆက်လက်၍ နောက်ယောင်ခံလိုက်မည်ဆိုပါက သူ ရိပ်မိသွားတော့မည်မှာ သိပ်ကိုသေချာသည်။ သူ ဘယ်နေရာကို သွားသနည်း။ ဘာကိစ္စနှင့် သွားသနည်းဆိုတာကိုတော့ တခြားနည်းလမ်းနှင့် ထပ်မံစုံစမ်းရပေလိမ့်မည်။

ယာဉ်မောင်းလုပ်သူက မကျေမနပ်နှင့် ကန့်ကွက်လိုက်၏။

"ဘယ်လိုလဲ ကြီးဒေါ်၊ ခင်ဗျားသဘောကို နားလည်အောင် စောကြောတွက်ဆဖို့ မလွယ်ကူပါလားဗျာ၊ အစပထမတုန်းကတော့ ဒီလူကို ခင်ဗျားက နောက်ယောင်ခံ လိုက်ခဲ့တယ်၊ ပြီးတော့မှ ခင်ဗျားက လက်လျှော့လိုက်တယ်"

အဆိုပါယာဉ်မောင်းသည် နန်စီ၏ဆန္ဒကို အတတ်နိုင်ဆုံး ကြိုးစားပမ်းစား ဆောင်ရွက်ပေးခဲ့သူ ဖြစ်ခြင်းကြောင့် နန်စီက ထိုကဲ့သို့ နီးနီးကပ်ကပ် နောက်ယောင်ခံ၍ လိုက်သွားမည်ဆိုပါက ရိပ်မိသွားမည်ကို စိုးရိမ်ရကြောင်း ရှင်းလင်းပြောပြလိုက်သည်။

"ကျုပ် သဘောပေါက်ပြီ"

ယာဉ်မောင်းက ပြောလိုက်ခြင်းဖြစ်၏။ ထို့နောက် နန်စီဘက်သို့လှည့်ရင်း မေးလိုက်ပြန်သည်။

"ဒါပေမယ့် အဲဒီကိုမုတ်ဆိတ် ဘယ်သွားတယ်ဆိုတာ ခင်ဗျားသိချင်တုန်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

ဘဒ်ဆောင်းက ထိုကဲ့သို့ တကူးတက အတာအကွယ်ယူနေသည့် ကိစ္စကြောင့် အရေးကြီးသော ကိစ္စတစ်ခုခု ဖြစ်ပွားနေပြီဟု နန်စီရင်ထဲက သိနေသည်။

ယာဉ်မောင်းက ပြောလိုက်ပြန်၏။

"ဒါဆိုရင် ကျွန်တော့်ရယ်၊ ပြီးတော့ အလုပ်မလုပ်တဲ့ ကျွန်တော့်သူငယ်ချင်း နှစ်ယောက်ရယ် အားလုံး သုံးယောက်ပေါင်းပြီး အပေးအယူတစ်ခုတော့ လုပ်လို့ရနိုင်စရာ တစ်ခုတော့ရှိပါတယ်၊ ကျွန်တော်တို့လူစုမှာ (ပြည်သူလေလှိုင်းကတစ်ဆင့်) အချင်းချင်း ဆက်သွယ်နိုင်တဲ့ ရေဒီယိုတွေတစ်ထားတဲ့ ကားတွေရှိကြတယ်၊ ဒီတော့ ကျွန်တော်တို့အနေနဲ့ ရေဒီယိုတွေကို အသုံးချပြီး ကိုမုတ်ဆိတ်ကို တစ်ယောက်တလဲစီ နောက်ယောင်ခံလိုက်ကြမယ်၊ သူကလည်း ကားတစ်စီးထဲက နောက်ယောင်ခံ လိုက်နေတာကို မတွေ့ရတော့ဘူးပေါ့"

နန်စီက မေးလိုက်၏။

"ဒါဆိုရင် ဘယ်လောက်တောင် ပေးရမှာလဲ"

"တွက်တော့ကြည့်ရဦးမှာပေါ့ ကြီးဒေါ်ရယ်"

"ကဲ ရှင်တို့ တွက်ချက်ပြီးပြီဆိုရင် ကျွန်မဆီ ပြန်ဆက်သွယ်ပေါ့"



နန်စီသည် မိတ်ဆက်ကတ်ပြားလေး၏ ကျောဖက်တွင် ၎င်း၏နေအိမ် တယ်လီဖုန်းနံပါတ်ကို ရေးခြစ်ပြီး လှမ်းပေးလိုက်သည်။

ထိုနေ့သည ညဉ့်နက်ပိုင်းတွင် ထိုပုဂ္ဂိုလ်က ပြန်ဆက်သွယ်သည်။ ထိုအချိန်တွင် နန်စီမိုလီနေ့သည် ဘဒ်ဆောင်း၏ နေအိမ်လိပ်စာကို တယ်လီဖုန်းလမ်းညွှန် စာအုပ်ထဲမှ ရှာဖွေတွေ့ရှိပြီး ဖြစ်နေလေပြီ။

"ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဘက်တွေအတွက် တစ်ပတ်ကို ဒေါ်လာ (၂၅၀) ကျမယ်"

နန်စီ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ သို့သော် အလိုလိုသိနေသော ဆဋ္ဌမ မြောက်အာရုံက လက်ခံလိုက်ဟု တိုက်တွန်းနေ၏။

ထိုကုန်ကျစရိတ်ကို ဒိပ်ဖင်းမနား သတင်းစာမှ ပြန်၍တောင်းခံလျှင် ကောင်းလေမည်လား၊ နန်စီအနေနှင့် ဝေခွဲမရအောင် ရှိနေရသည်။ အကယ်၍ နန်စီက ထိုစရိတ်စကကို ပြန်လည်တောင်းခံခဲ့သည်ရှိသော် လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စုနှင့် ပတ်သက်၍ နန်စီသိထားသမျှကို ဖွင့်ပြောပြရတော့မည်ဖြစ်သလို၊ သတင်းစာကလည်း ထိုသတင်းကို ချက်ချင်းလက်ငင်း ထည့်သွင်းဖော်ပြချင်မည်သာတည်း။ သို့သော် ထို့ထက်မက သိနိုင်စရာ အချက်အလက်တွေ ရှိနေသေးသည်ဟု နန်စီ ယုံကြည်ထားသည်။ ထို့ကြောင့် မိမိအိတ်ကပ်ထဲကပင် စိုက်ထုတ်ပေးချေထားရန် ဆုံးဖြတ်လိုက်သည်။ ထိုကုန်ကျစရိတ်ကို နောင်တွင်မှ ပြန်လည်ရရှိအောင် တောင်းခံမည်။ အကယ်၍ ပြန်မရခဲ့လျှင်လည်း နန်စီအဖို့ ကုန်းကောက်စရာမရှိအောင် မွဲသွားလိမ့်မည်တော့ မဟုတ်။ လူအများစု၏ အဆင့်အတန်းနှင့် နှိုင်းယှဉ်လျှင် နန်စီသည် ချမ်းသာကြွယ်ဝသူတစ်ဦးပင်။ လွန်ခဲ့သော နှစ်အတန်ကြာကာလက နန်စီ၏ဖခင်သည် နန်စီ့အတွက် ဘဏ္ဍာတော်ထိန်းအဖွဲ့၏ ကွပ်ကဲမှုဖြင့် ရန်ပုံငွေတစ်ရပ်ကို တည်ထောင်ပေးခဲ့သည်။ အဆိုပါ ရန်ပုံငွေမှ မှန်မှန်ရရှိနေသော ဝင်ငွေမှာ နန်စီအား မတောင့်မတ မကြောင့်မကြ နေနိုင်စေသည်။

နန်စီသည် (၆) ရက်လုံးလုံး ဗစ်ကီဟုဆိုသော ထိုယာဉ်မောင်းထံမှ မည်သည့် သတင်းမှ မရရှိဘဲ အဆက်အသွယ် ပြတ်သွားသည်။ (၆) ရက်ကုန်ဆုံးသွားသောနေ့တွင် ဗစ်ကီသည် သေသေသပ်သပ် ရေးသားထားသော အစီရင်ခံစာတစ်စောင်ကို လာပို့သည်။ အစီရင်ခံစာထဲ၌ ဘဒ်ဆောင်း၏ လှုပ်ရှားမှုမှန်သမျှကို စုံစုံစေ့စေ့ ရေးသားထားသည်၊ သို့သော် ထိုလှုပ်ရှားမှုများမှာ ထူးခြားသည့် အနေအထားတွင် မရှိချေ။

ဗစ်ကီက ပြောလိုက်သည်။

"တစ်ပတ်တည်းနဲ့တော့ ဘယ်လုံလောက်ပါ့မလဲ၊ နောက်တစ်ပတ် ထပ်စမ်းကြည့်ဦးမလား"

www.burmeseclassic.com



"ဟုတ်ပေသပေါ့" ဟု နန်စီက တွေးလိုက်၏။

နောက်ထပ် (၇) ရက်ကြာသောအခါ ပထမအစီရင်ခံစာကဲ့သို့ပင် မထူးခြားသော အစီရင်ခံစာနှင့် ရောက်ရှိလာပြန်၏။ စိတ်ပျက်သွားသော နန်စီက ပြောလိုက်သည်။

"ကောင်းပါပြီလေ၊ ရပ်တန်းက ရပ်ကြတာပေါ့"

ထိုချာဘိတ်က နန်စီအား အထင်အမြင်သေးသော မျက်နှာထားနှင့် ပြောင်ကြည့်နေသည်။

"ခင်ဗျားက ခုမှ လက်လျှော့တော့မလို့လား၊ ခင်ဗျား ဘယ်လောက်အထိ ရင်းနှီးမြှုပ်နှံထားရတယ်ဆိုတာလဲ ထည့်တွက်ပါဦးလေ"

နန်စီအနေနှင့် ဝေခွဲ၍မရနိုင်အောင် ဖြစ်နေကြောင်း ခံစားသိရှိနေသော ဗစ်ကီက ထပ်မံတိုက်တွန်းပြန်၏။

"ဘာလဲ မွဲသွားလို့လား၊ တစ်ပတ်ရလောက် ထပ်စမ်းကြည့်ပါဦးလေ"

နန်စီက ဆင်ခြင်သုံးသပ်လိုက်ပြန်၏။ ဘဒ်ဆောင်းသည် အယောင်ဆောင်ကြောင်သူတော် ပုဂ္ဂိုလ်တစ်ဦးသာဖြစ်ကြောင်း နန်စီက သက်သေသက္ခာရနှင့် သိရှိထားပြီး ဖြစ်သည်။ ထိုကဲ့သို့ တကူးတကနှင့် လျှို့လျှို့ဝှက်ဝှက်စီစဉ်ပြီး ဘဒ်ဆောင်းသွားနေသော နေရာကို စုံစမ်း၍သိရှိလိုက်ရခြင်းကြောင့် နန်စီ့ရေးမည့်သတင်းအား အထောက်အကူ ဖြစ်စေပါမည်လား။ နောက်ဆုံးတွင် ထိုချာဘိတ်ပြောသကဲ့သို့ အရှုံးမများအောင် စောစောစီးစီးကပင် လက်ရှောင်လိုက်ရမည်လား၊ သို့တည်းမဟုတ် မွဲပြာကျသွားသည်အထိ ရေဆုံးရေဖျား လိုက်သင့်ပါသလား။ နန်စီ၏ ဆဋ္ဌမအာရုံက မွှေချင်မွှေပါစေ၊ ရေဆုံးရေဖျား လိုက်ကြည့်ပါဟု နှိုးဆော်နေသည်။ နန်စီက ဗစ်ကီကို ပြောလိုက်၏။

"ကောင်းပါပြီ ကိုညစ်ကျယ်။ တစ်ပတ်ပဲ ဆက်ကြည့်မယ်၊ နောက်ထပ်တော့ မဆက်တော့ဘူး"

ဝီရိယ၏အကျိုးကို စတုတ္ထမြောက်နေ့တွင် ခံစားရတော့သည်။ ဗစ်ကီသည် တယ်လီဖုန်းနှင့် ကြိုအသိပေးလိုက်ပြီးနောက် ထိုနေ့ညတွင် နန်စီ၏အိမ်ခန်းသို့ ပေါက်ချလာ၏။

"ဒီနေ့ညနေခင်းတုန်းကလည်း အဲဒီကိုမုတ်ဆိတ်ဟာ ဟိုပထမနေ့တုန်းကအတိုင်း နောက်ယောင်ခံသူမှန်သမျှကို မျက်ခြေပြတ်သွားအောင် ခြေရာဖျောက်ဖို့ အမျိုးမျိုး ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ကျွန်တော်တို့က အဲဒီခွေးမသားကို ဘယ် အပျောက်ခံလိမ့်မလဲ"

ဗစ်ကီ၏ အစီရင်ခံစာအရ ဘဒ်ဆောင်းသည် ၎င်း၏မော်တော်ကားကို ကားထဲမှ ထုတ်ယူခဲ့ပြီးနောက် ဆန့်ကျင်ဘက်အရပ်ရှိ မြို့ပြင်သို့ရောက်အောင် မောင်းယူသွား



သည်။ ၎င်းသည် ကားထဲမှမထွက်ခင် နေကာမျက်မှန်နှင့် ဦးထုပ်တို့ကို တပ်ဆင်လိုက်ပြီးနောက် အငှားကားတစ်စီးကိုငှား၍ မြို့ဘက်သို့ ပြန်လာခဲ့သည်။ ထို့နောက် ဆန့်ကျင်ဘက်အရပ်များဆီသို့ ဘတ်စ်ကားနှစ်ကြိမ် ထပ်မံစီးနင်း၍ နောက်ဆုံးတွင် မြို့၏ အရှေ့ဘက်အရပ်ရှိ ခပ်ချာချာ ခပ်စုတ်စုတ် အိမ်ကလေးများသာရှိနေသော လမ်းတစ်လမ်းဆီသို့ တွေ့ဝိုက်ပြီး လျှောက်သွားသည်။ ထိုပုဂ္ဂိုလ်သည် အိမ်တစ်အိမ်ထဲသို့ ဝင်သွားပြီးနောက် နှစ်နာရီကြာအောင် နေခဲ့သည်ဟု အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။ လိပ်စာမှာ အမှတ် (၁၁၇) ကရွတ်ကာလမ်း။

ထို့နောက် ဘဒ်ဆောင်းသည် ၎င်း၏ကားကို ရပ်ထားခဲ့သည့်နေရာနှင့် နှစ်ပြသုံးပြခန့်ဝေးသော နေရာအထိ အငှားကားနှင့် လာခဲ့ပြီးနောက် သူ့ကားဆီသို့ ခြေလျင်လျှောက်၍ပြန်လာပြီး ကားကိုမောင်းနှင်၍ ၎င်း၏အိပ်ခန်းသို့ ပြန်သွားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဗစ်ကီက မေးလိုက်၏။

"ကိုမုတ်ဆိတ်ကို ထပ်ပြီး စောင့်ကြည့်ပေးဖို့ လိုသေးသလား"

နန်စီက ခေါင်းခါလိုက်၏။

"မလိုတော့ပါဘူးလေ"

နောက်နှစ်ရက်ကြာသောအခါ နန်စီသည် ၎င်း၏ (250 SI) မာစီဒီးစ် မော်တော်ကားထဲတွင်ထိုင်ရင်း ဘဒ်ဆောင်းလာသွားသည်ဆိုသော ကာရွက်ကာလမ်းမှ နေအိမ်အား စောင့်ကြည့်အကဲခတ်နေသည်။ နန်စီသည် တစ်ပြခန့်ဝေးကွာသော နေရာ၌ ကားကို ရပ်ထားခြင်းဖြစ်သည့်အပြင် မှန်ပြောင်းတစ်လက်ကိုလည်း ယူလာခဲ့သည်။ (ထိုနေရာမှဆိုလျှင်) ရှင်းရှင်းလင်းလင်းနှင့် လှမ်းမြင်နေရသော်လည်း ၎င်းကိုတော့ သတိထားမိကြလိမ့်မည် မဟုတ်ပါချေ။

နန်စီ ထိုနေရာသို့ ရောက်ရှိနေသည်မှာ နှစ်နာရီခန့် ကြာမြင့်ခဲ့လေပြီ။ မွန်းတည့်ချိန်နှင့် နီးကပ်လာသည့်တိုင်အောင် အိမ်အမှတ် (၁၁၇) ၌ လှုပ်ရှားမှု လုံးဝမရှိပါချေ။ နန်စီက ပြန်သွားရလျှင် ကောင်းလေမည်လားဟု တွေးနေစဉ် ခပ်စုတ်စုတ်ပြတ်ပြတ် အညိုရောင် ဖောစ်ဝက်ဂွန်း ပေါင်မုန့်ကားတစ်စီး အိမ်ရှေ့၌ ထိုးရပ်လိုက်သည်ကို တွေ့လိုက်ရ၏။

လူတစ်ယောက် (ကားထဲမှ) ထွက်လာသည်။ ထိုပုဂ္ဂိုလ်မှာ ဆံပင်ကို ခပ်တိုတိုညှပ်ထားသော နှုတ်ခမ်းမွေး ထူထူဗျစ်နှင့် ခပ်ပိန်ပိန် လူတစ်ယောက်ဖြစ်ကြောင်း မှန်ပြောင်းထဲက မြင်နေရသည်။ ထိုလူသည် ဖောစ်ဝက်ဂွန်း ပေါင်မုန့်ကား၏ နောက်ဘက်တံခါးပေါက်ကို ဖွင့်လိုက်ပြီး အနီရောင် ခပ်လုံးလုံး၊ ခပ်ရှည်ရှည် ဘူးကြီးနှစ်ဘူးကို မ,ယူ၍ အိမ်ဆီသို့ သယ်ဆောင်သွားသည်။ ထိုအနီရောင်ဘူးကြီးများသည် မီးငြိမ်းဆေး

www.burmeseclassic.com



ဘူးများဖြစ်ကြောင်း နန်စီ သတိပြုလိုက်မိ၏။

ထိုလူသည် ပေါင်မုန့်ကားနှင့် အိမ်အကြားတွင် နောက်ထပ် နှစ်ခေါက် ကူသယ်ခေါက်သယ် လုပ်ပြန်သည်။ စုစုပေါင်း မီးသတ်ဘူး (၆) ဘူးပင်တည်း။ နောက်ဆုံးနှစ်ဘူးကို သယ်ပို့ပေးပြီးသောအခါ ထိုပုဂ္ဂိုလ်သည် မော်တော်ကားကို မောင်းနှင်၍ပြန်လည်ထွက်ခွာသွားသည်။

နန်စီတစ်ယောက် ဟိုဟိုဒီဒီတွေးတောရင်း ထိုင်နေမိသည်။ ဒီလောက်တောင်သေးငယ်သော အိမ်ကလေးတစ်လုံး၌ မီးအန္တရာယ်ကို ဤမျှလောက်အထိ အကာအကွယ်ယူရန် အဘယ့်ကြောင့် လိုအပ်နေရလေသနည်း။ ချက်ချင်းလိုလိုပင် သူ့နှုတ်ခမ်းမှ အသံထွက်မိပြီး 'ခိုးမှုပဲ' ဟု ညည်းဆိုရေရွတ်လိုက်မိ၏။ နန်စီသည် တော့စ်ဝတ်ဝွန်းကား၏ လိုင်စင်ပလိပ်ပြားနံပါတ်ကို မှတ်ယူထားလိုက်မိခြင်း မရှိချေ။ နန်စီက 'နင် တော်တော်ဈော့သေးတာပဲ' ဟု သူ့ကိုယ်သူ အပြစ်တင်နေမိစဉ် အိမ်အမှတ် (၁၁၇) မှ အမျိုးသမီးခပ်ငယ်ငယ်တစ်ယောက် အပြင်ထွက်လာကြောင်း သတိထားလိုက်မိ၏။ ထိုအမျိုးသမီးမှာ ခပ်ပိန်ပိန်၊ ခပ်သေးသေးဖြစ်ပြီး ဂျင်းဘောင်းဘီနှင့် အပေါ်ကွက်အကျီတစ်ထည်တို့ကို မသေမသပ် ဝတ်ဆင်လာသည်။

နန်စီ ငိုင်မနေပါ။ ကားကို ချက်ချင်း စက်နှိုးလိုက်ပြီးနောက် ထိုအမျိုးသမီးကလေးနောက်မှ ခပ်မှန်မှန် မောင်းလိုက်သွားသည်။ ထိုအမျိုးသမီးကလေးသည် ကုန်စုံဒေသာဆိုင်ကြီး တစ်ဆိုင်အတွင်းသို့ ဝင်သွားကြောင်း တွေ့ရသည့်အခါ မော်တော်ကားကို ကားရပ်ထားရန်နေရာတွင် ရပ်ထားခဲ့ပြီး ကားကိုသော့ခတ်၍ ဆိုင်ထဲသို့ ဝင်လိုက်ခဲ့၏။

ထိုမိန်းကလေးသည် လက်တွန်းလှည်းကလေး တစ်စီးပေါ်သို့ (ဝယ်ယူမည့်) စည်သွပ်ဘူးများကို တင်နေကြောင်း တွေ့လိုက်ရသည်။ နန်စီသည် ၄င်းအတွက် လက်တွန်းလှည်းကလေးတစ်စီးကို သက်သက်တွန်းယူလာပြီးနောက် ဟင်းသီးဟင်းရွက်ခြောက်တစ်ပုလင်းကို ဘက်ဘက်လက်နှင့် ကိုင်ထားသူ ထိုအမျိုးသမီး၏အနီးသို့ အမှတ်မထင်ချဉ်းကပ်လိုက်၏။ ထို့နောက် ထိုမိန်းကလေး၏ ညာဘက်လက်တွင် ဖြစ်ကတတ်ဆန်းချုပ်ထားသော လက်အိတ်တစ်ခု ဝတ်ဆင်ထားကြောင်း သတိထားလိုက်မိသည်။ မွေးရာပါ ချွတ်ယွင်းချက်တစ်ခုခု၊ သို့တည်းမဟုတ် ဒဏ်ရာတစ်ခုခုအား ဖုံးကွယ်ထားခြင်းပင်ဖြစ်ရမည်မှာ သိပ်သေချာသည်။

နန်စီသည် လက်တွန်းလှည်းကိုတွန်းရင်း ထိုမိန်းကလေးကို ကျော်တက်လိုက်ပြီးနောက် ပြန်လှည့်ကြည့်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်လိုက်၏။

"ဟော့ ကိုယ်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် သိကြကျွမ်းကြဖူးသလို ထင်တယ်"



ထို့နောက် နန်စီက ထပ်မံဖြည့်စွက်၍ ပြောဆိုလိုက်၏။

"ဒေဗီဘဒ်ဆောင်းကိုတော့ ကိုယ်တို့နှစ်ဦးစလုံး သိကြပါတယ်လေ"

ထိုမိန်းကလေး၏မျက်နှာမှာ ဖွေးဖွေးဖြူသွားပြီးနောက် လက်ထဲက ဟင်းသီးဟင်းရွက်ဆီပုလင်း လွတ်ကျသွားပြီး ကြမ်းပြင်ပေါ်၌ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားတော့သည်။

နန်စီသည် ထိုမိန်းကလေး၏ လက်ကို ဆုပ်ကိုင်လိုက်ရင်း ပြောလိုက်၏။

"လာ တို့ ဒီက လစ်ထွက်သွားကြရအောင်"

ထိုမိန်းကလေးသည် ရှန်းကန်မှု အလျဉ်းမပြုလုပ်ဘဲ နန်စီ၏ မာစီဒီးစ်ကားဆီသို့ လိုက်ပါလာသည်။ ကားတံခါးအား ဖွင့်ပေးလိုက်သည့်အခါ ထိုအမျိုးသမီးကလေးသည် သတိပြန်ဝင်လာ၏။

"ကျွန်မ လိုက်လို့မဖြစ်ဘူး၊ ကျွန်မ အိမ်ကိုပြန်ရမှဖြစ်မယ်"

သူက နန်စီအား ပြူးတူးပြဲတဲနှင့် လှမ်းကြည့်လိုက်သည်။

"ရှင်က ဘယ်သူလဲ"

"မင်းမိတ်ဆွေတစ်ယောက်ပါကွာ၊ ဒီတစ်ပြအလွန်မှာ 'ဘား'ဆိုင်တစ်ဆိုင်ရှိတယ်၊ ကိုယ်တို့ အဲဒီကိုသွားပြီး အပန်းဖြေကြရအောင်၊ မင်းကြည့်ရတာ ပြန်လန်းဆန်းလာအောင် သွေးကြွဆေး လိုနေပုံရတယ်"

"လိုက်လို့မဖြစ်ပါဘူးလို့ ရှင့်ကို ကျွန်မ ပြောပြီးပါပြီ"

"ဖြစ်ပါတယ်လေ၊ ငြိးတော့လဲ မင်း လိုက်ကို လိုက်လာရလိမ့်မယ်"

နန်စီက ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

"မင်း မလိုက်လာခဲ့ရင် ကိုယ်က ဒေဗီဘဒ်ဆောင်းဆီ တယ်လီဖုန်းဆက်ပြီး မင်းက. . ."

နန်စီအနေနှင့် သူ့စကားအား မည်သို့မည်ပုံ အဆုံးသတ်ရမည်ကို သူမသိပါ။ သို့သော် ထိရောက်မှုမှာ သိသာထင်ရှားလွန်းလှသည်။ ထိုအမျိုးသမီးကလေးသည် မော်တော်ကားထဲသို့ ဝင်ထိုင်လိုက်၏။

မိနစ်အနည်းငယ် ကြာသောအခါ သူတို့နှစ်ယောက်သည် ဘားဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။ စားပွဲတွင် ထိုင်မိကြသောအခါ နန်စီက မေးလိုက်၏။

"မင်းနာမည် ဘယ်သူလဲ"

"ဘက်တီ"

စားပွဲထိုးတစ်ယောက် ရောက်ရှိလာသောကြောင့် ဘက်တီက ဘီယာမှာသည်။ နန်စီက ရမ်ပန့်ချ်တစ်ခွက် မှာလိုက်၏။ ထို့နောက် အမျိုးသမီးက ပြန်မေးသည်။

"ရှင်ကကော ဘယ်သူလဲ"

www.burmeseclassic.com



"ကိုယ့်နာမည် နန်စီမိုလီနော့၊ သတင်းစာတိုက်က သတင်းထောက်တစ်ယောက်ပါ"

ထိုမိန်းကလေးက ခပ်တိုးတိုးကလေး ပြန်မေးသည်။

"ရှင် ကျွန်မဆီက ဘာများသိချင်လို့လဲ"

"သတင်းလိုချင်တယ်၊ မင်းအခု ထွက်လာတဲ့အိမ်မှာ ဘယ်သူတွေနေသလဲ၊ အဲဒီမှာ ဘာတွေဖြစ်ပျက်နေသလဲ၊ ဒေဗီဘင်ဆောင်းက အဲဒီကို ဘာကိစ္စနဲ့ လာရတာလဲ ဆိုတာမျိုးပေါ့"

"အဲဒါက ရှင့်အလုပ်မဟုတ်ပါဘူး"

နန်စီက ဖြစ်လိုရာဖြစ် စွတ်တင်ရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ၊ ကိုယ့်အနေနဲ့ ရဲကိုပဲ အရင်ဆုံးသွားပြီး သတင်းပေးသင့်တယ်လို့ ထင်ခဲ့မိတာ. . ."

"ဟင့်အင်း"

ဘက်တီသည် မတ်တတ်ရပ်တော့မလို ဆတ်ကနဲထလိုက်ပြီး မဟန်နိုင်တော့ဘဲ ပြန်လဲကျသွားသည်။ ချက်ချင်းလိုလိုပင် သူ့မျက်နှာကို လက်နှစ်ဘက်နှင့်အုပ်၍ ငိုချလိုက်လေ၏။

နန်စီသည် ဘက်တီအား စားပွဲပေါ်မှကျော်၍ လက်နှင့်လှမ်းကိုင်လိုက်သည်။

"မင်း အကျဉ်းအကြပ်တစ်ခုခုထဲ ရောက်နေပြီဆိုတာ ကိုယ်သိပါတယ်၊ မင်းသဘောတူမယ်ဆိုရင် ကိုယ်ကူညီနိုင်ပါတယ်"

ဘက်တီသည် တရှုံ့ရှုံ့ ငိုနေသည့်အကြားမှ ပြန်ပြောသည်။

"ဘယ်သူမှ မကူညီနိုင်ပါဘူးရှင်"

အနည်းငယ်ကြာသောအခါ သူ့စိတ်ကို ကြိုးစား၍ထိန်းလိုက်ဟန်နှင့် ဘက်တီသည် ထိုင်ရာမှ ထ,လိုက်၏။

"ကျွန်မ အခုသွားတော့မယ်"

ယခုကဲ့သို့ ဆိုးဆိုးရွားရွား သောကဖြစ်နေရချိန်မှာပင် ဘက်တီသည် ဣန္ဒြေသိက္ခာ ဆယ်နိုင်သူတစ်ဦး ဖြစ်သည်။

နန်စီက ပြောလိုက်၏။

"နေဦး၊ မင်းနဲ့ငါ အပေးအယူလုပ်ကြမယ်၊ မင်းက ငါနဲ့ နောက်တစ်ကြိမ်ထပ်တွေ့ဖို့ သဘောတူမယ်ဆိုရင် ဒီကိစ္စတွေကို ဒီအတောအတွင်း ကိုယ်ဘယ်သူ့ကိုမှ မပြောဘူး"

"ဘယ်တော့လဲ"

ဘက်တီ့ရင်ထဲတွင် ကြောက်လန့်စိတ်နှင့် သက်ာမကင်းဖြစ်နေသောစိတ်တို့



ရောယှက်နေပုံရသည်။

"ဒီကနေ့ကစပြီး ခုနစ်ရက်မြောက်တဲ့နေ့၊ နောက်ဗုဒ္ဓဟူးနေ့၊ ဒီအချိန် ဒီနေရာမှာပဲပေါ့"

ဘက်တီသည် သဘောတူကြောင်း ခေါင်းတစ်ချက်ညိတ်လိုက်ပြီးနောက် ပြန်ထွက်သွားသည်။

တားမောင်းပြီးပြန်လာစဉ် နန်စီမိုလီနော့က တွေးကြည့်နေမိ၏။ ဘက်တီနှင့် ဒေဗီဘင်ဆောင်းတို့သည် ဘယ်လိုဘယ်ပုံ ဆက်စပ်မှုရှိနေကြလေသလဲ။ ရဲကို သတင်းပေးမည်ဟု နန်စီက ပြောလိုက်သည်နှင့် ဘက်တီက ငိုချလိုက်သောကြောင့် တရားမဝင်သော ကိစ္စတစ်ခုခုရှိနေကြောင်း ညွှန်းဆိုပြသ,လျက် ရှိသည်။ အဲဒီတော့ကော ဘာဖြစ်ရမှာလဲ၊ ဤကိစ္စမှာ တစ်ပိုင်းတစ်စစီ ဖြတ်ထားသော ဉာဏ်စမ်းပဟေဠိအရုပ် (Jigsaw Puzzle) မှ အပိုင်းအစကလေးများအား နောက်ဆုံးတွင် မည်သည့်ပုံစံအဖြစ် ပေါ်ထွက်လာမည်ကို မသိရပါဘဲနှင့် တောရမ်းမယ်ဖွဲ့ ဆက်စပ်ကြည့်နေရသလို ဖြစ်နေလေသည်။

□

နောက်တစ်နေ့တွင် ပဟေဠိအရုပ်၏ အခြားတစ်နေရာ၌ ပုံပေါ်စ,ပြုလာပြန်၏။

ဆီကိုဂါကလပ်၏ စာပေးစာယူဌာနမှ ဝရေ့စ်ဟုခေါ်သော အသက်ခပ်ကြီးကြီး လူမည်းအမျိုးသမီးကြီးသည် အစိုးရအိမ်ခန်းတစ်ခန်း ငှားရမ်းရရှိရေးနှင့် ပတ်သက်၍ တစ်ခါက နန်စီမိုလီနော့ထံမှ အကူအညီ တောင်းခံခဲ့ဖူး၏။ နန်စီမိုလီနော့အနေနှင့် ကယ်လီဖိုးနီးယား အီပ်ဇင်းမနား သတင်းစာ၏ အရှိန်အဝါကိုသုံးစွဲပြီး ဝရေ့စ်အား ဦးစားပေးအဆင့် သတ်မှတ်ရာ၌ ထိပ်ဆုံးနားသို့ ရောက်ရှိသွားအောင် ဘယ်လီဖုန်းဆက်၍ ပြောပေးလိုက်ရုံမျှသာ ရှိသည်။ သို့တိုင်အောင် ဝရေ့စ်အနေနှင့် ၎င်းဘက်က တစ်လှည့်ပြန်ကျေးဇူးဆပ်နိုင်ရန် အကြောင်းတစ်စုံတရာ ပေါ်ပေါက်လာမည်ဆိုပါက ပြန်လည်ကျေးဇူးဆပ်လိုကြောင်း ဖွတ်အတင်း ပြောနေသေးသည်သာ။

လွန်ခဲ့သော သုံးလေးပတ်ကမှ နန်စီက ဝရေ့စ်၏နေအိမ်သို့ တယ်လီဖုန်းဆက်လိုက်ပြီးနောက် လုပ်သားပြည်သူများ၏ စွမ်းအင်နှင့် အလင်းရောင်အုပ်စုသည် ဆီကိုဂါကလပ်ထံမှ ငွေရေးကြေးရေး အကူအညီတောင်းခံသည်ဟု ကောလဟာလများ ကြားနေရကြောင်း ပြောပြလိုက်သည်။ ထိုကောလဟာလမှာ အခြေအမြစ် ရှိမရှိ စုံစမ်းပေးနိုင်ပါမည်လောဟု နန်စီက မေးမြန်းခဲ့၏။ ယနေ့တွင်မူ ဝရေ့စ်သည် နန်စီရှိရာ အီပ်ဇင်းမနား သတင်းစာတိုက်သို့ ပေါက်ချလာသည်။ သူတို့သည် အလုံအောင်

www.burmeseclassic.com

www.burmeseclassic.com



လေးဘက်လေးတန်၌ မှန်ဖြင့်ကာရံထားသော အခန်းကလေးထဲသို့ ရောက်ရှိကြသည့်အခါ ဂရေ့စ်သည် လက်ကိုင်အိတ်ထဲမှ ဆီကိုဝါကလပ်၏ ရုံးတွင်းစာ မိတ္တူတစ်စောင်ကို ဆွဲထုတ်လိုက်သည်။

ဂရေ့စ်က ရှင်းပြသည်။ စာအိတ်ပေါ်၌ 'လျှို့ဝှက်' နှင့် 'ကိုယ်ရေးကိုယ်တာ' ဆိုသော အမှတ်အသားများ ရိုက်နှိပ်ထားသည့် စာအိတ်သုံးအိတ်သည် စာပေးစာယူဌာနသို့ ရောက်ရှိလာသည်။ စာအိတ်တစ်အိတ်မှာ မပိတ်ရသေးဘဲ ပွင့်သျက်သား ရောက်ရှိလာသည်။ အတွင်းရေးမှူး တစ်ယောက်ယောက်၏ ပေါ့ဆမှုပင် ဖြစ်ဟန်တူသည်။ ဤတွင် ဂရေ့စ်သည် စာအိတ်ထဲမှ စာရွက်တစ်ရွက်ကို ဖတ်ကြည့်လိုက်သလို မိတ္တူပွားစက်နှင့်လည်း ကူးယူထားလိုက်၏။ နန်စီက အဆိုပါ လျှို့ဝှက်ရုံးတွင်းစာအား ဂရုတစိုက်ဖတ်ကြည့်လိုက်သည်။

မှ. . . ရော့ဒရစ်ဂရစ်ချတ်

သို့. . . အထူးအလုပ်အမှုဆောင် အဖွဲ့ဝင်များ

ဩဂုတ်လ (၂၂) ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးသဘောတူညီ ဆုံးဖြတ်ထားချက်အတိုင်း 'ဘီ'၏ အဖွဲ့အစည်းအား အရေးပေါ် ရန်ပုံငွေမှ ဒုတိယအရစ်အဖြစ် ထောက်ပံ့ရန်ရှိသည့်ငွေကို ထောက်ပံ့ပြီးဖြစ်ပါကြောင်း။

နန်စီက မေးလိုက်၏။

"လိပ်စာရှင်တွေက ဘယ်သူတွေပါလိမ့်"

"တစ်ယောက်က ရှေ့နေကြီး အာဝင်ဆောင်းဒါး၊ တစ်ယောက်က ဆီကိုဝါကလပ်ရဲ့ ချယ်ယာမင် မစ္စစ်ကာမီချယ်၊ တတိယ စာအိတ်ကတော့ ဆုတ်အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မစ္စစ်ပရစ်စီလာကွင်း၊ ဒီစာဟာ ရှင်သိချင်တဲ့ကိစ္စမှ ဟုတ်ရဲ့လားဟင်"

ဂရေ့စ်က စိုးရိမ်တကြီး မေးလိုက်၏။

"သိပ်တော့ မသေချာလှဘူး"

နန်စီက ရုံးတွင်းစာကို နောက်တစ်ခေါက် ထပ်ဖတ်လိုက်ပြန်၏။

"ဖြစ်ချင်လဲ ဖြစ်နိုင်တယ်"

"ဒီစာ ဘယ်ကရတယ်ဆိုတာကိုတော့ ရှင် ထုတ်မပြောပါဘူးနော်"

နန်စီက ဂရေ့စ်ကျေနပ်သွားအောင် စကားဆိုလိုက်၏။

"ကျွန်မက ရှင်နဲ့တောင် မသိကျွမ်းပါဘူးလေ"

ဂရေ့စ်သည် ပြုံးရယ်လျက် မတ်တတ်ရပ်လိုက်၏။ ရုံးစာထဲ၌ ဖော်ပြထားသော 'ဘီ'သည် ဘဒ်ဆောင်းကိုပင် ရည်ညွှန်းခြင်း ဖြစ်လေရော့သလားဟုတွေးရင်း နန်စီသည် ၎င်း၏စားပွဲဆီသို့ ပြန်လာခဲ့သည်။ နန်စီက အာဝင်ဆောင်းဒါးထံ တယ်လီဖုန်း ဆက်လိုက်၏။ အဆက်အသွယ် ရရှိသောအခါ နန်စီက ပြောလိုက်သည်။



"ကျွန်မက မစ္စတာဘဒ်ဆောင်းရဲ့ စွမ်းအင်နဲ့ အလင်းရောင်အုပ်စုကို ဆီကိုဝါကလပ်က ငွေကြေးထောက်ပံ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်လို့ပါ"

အာဝင်ဆောင်းဒါးက ရယ်လိုက်၏။

"ဒီမှာ နန်စီ၊ အဲဒီကိစ္စကို ကျွန်မ သိပြီးသားပါ၊ ဒါပေမယ့် သေချာသွားအောင် အတည်ပြုချက် လိုချင်ပါတယ်ဆိုတဲ့ နည်းဗျူဟာမျိုးက သိပ်ကိုရိုးလွန်းလှပါပြီကွယ်၊ ကျုပ်က အဲဒီလို ထောင်ဖမ်းတာမျိုးကို ဘယ်တော့မှ အမိခံမှာမဟုတ်ဘူးကွဲ့"

နန်စီက ဆက်ပြောသည်။

"ဒါပေမယ့် ဆီကိုဝါကလပ်နဲ့ ဘဒ်ဆောင်းရဲ့ အဖွဲ့အစည်းအကြားမှာ ဆက်စပ်မှုရှိမယ်ဆိုတာ ကျွန်မတို့ သိပြီးသားပါ"

"အဲဒါကတော့ ကျုပ်ဘယ်နည်းနဲ့မှသိနိုင်မယ့် ဘာသာရပ်မဟုတ်ဘူး"

အချက်တစ်ချက်တော့ ရလိုက်ပေပြီဟု နန်စီက တွေးလိုက်၏။ အာဝင်ဆောင်းဒါးသည် 'ကျုပ်မသိဘူး'ဟု ဘူးမကွယ်ခဲ့ချေ။

"ကျွန်မရထားတဲ့ သတင်းအရဆိုရင် ဆီကိုဝါကလပ်ရဲ့ ကော်မတီက ဆုံးဖြတ်. . ."

"မင်း စွပ်စွပ်စွဲစွဲပြောနေတဲ့ အဲဒီကော်မတီအကြောင်း ငါ့ကိုပြောပြစမ်း နန်စီ၊ ကော်မတီထဲမှာ ဘယ်သူတွေပါသလဲ"

အကယ်၍ နန်စီသည် သူသိထားသော လော်ရာဗိုကာမီချယ်၊ ပရစ်စီလာကွင်း စသောအမည်များအား ဖွင့်ပြောလိုက်သည်ရှိသော် အာဝင်ဆောင်းဒါးက ထိုပုဂ္ဂိုလ်များထံ ချက်ချင်းတယ်လီဖုန်းဆက်၍ သတိပေးစကား ပြောကြားထားပေလိမ့်မည်။ နန်စီက ထိုကဲ့သို့ အဖြစ်မခံနိုင်ပါ။ သူကသာ အရင်ဦးချင်သည်။ နန်စီက ညာပြောလိုက်၏။

"ကျွန်မ ဘယ်သူ့ကိုမှ မသိပါဘူး"

"နောက်တစ်နည်းပြောရရင် မင်းအနေနဲ့ ရေရေရာရာသိထားတာဆိုလို့ တစ်ချက်မှမရှိဘူး"

အာဝင်ဆောင်းဒါး၏လေသံမှာ လိုက်လိုက်လျောလျော ရှိနေခဲ့ရာမှ ချက်ချင်း မာလာသည်။

"မင်း ငါ့ကို သက်သက်မဲ့ အချိန်ပုပ်အောင် လာလုပ်နေတာပဲ မစ်မိုလီနော့"

အာဝင်ဆောင်းဒါးသည် တယ်လီဖုန်း စကားပြောခွက်အား ပြန်ချမသွားခင်၊ နန်စီသည် တယ်လီဖုန်း လမ်းညွှန်စာအုပ်အား လှန်လှောရှာဖွေနေနှင့်လေပြီ။ ပရစ်စီလာကွင်း၏ တယ်လီဖုန်းနံပါတ်ကို သိရပြီဖြစ်၍ ချက်ချင်း ဆက်သွယ်လိုက်ပြန်၏။ ဒုတိယအကြိမ် တယ်လီဖုန်းဘဲလ်သံ မြည်သောအခါ အမျိုးသမီးတစ်ယောက်က ကောက်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပြီး ပြန်ထူးလိုက်သည်။ နန်းစီက သူသည် မည်သူမည်ဝါဖြစ်ကြောင်း မိတ်ဆက်လိုက်၏။

ပရစ်စီလာကွင်းက မေးလိုက်သည်။

"မင်းက ဘာသိချင်လို့လဲ"

"ဒီလိုပါ မစ္စစ်ကွင်း၊ ဆီကိုဝါကလပ်ရဲ့ အထူးအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးမှာ ဘဒ်ဆောင်းရဲ့ အုပ်စုနဲ့ လက်တွဲမယ်လို့ ဆုံးဖြတ်စဉ်အခါတုန်းက ဘယ်လိုများ ဆုံးဖြတ်. . ."

ပရစ်စီလာကွင်းက ခပ်ဆတ်ဆတ် ဝင်ပြောလိုက်သည်။

"အဲဒီ ကော်မတီအစည်းအဝေးနဲ့ အဲဒီလိုလုပ်မယ်ဆိုတဲ့ ကိစ္စတစ်ရပ်လုံးကို ထိပ်တန်း လျှို့ဝှက်တိစ္စတစ်ရပ်အဖြစ် သတ်မှတ်ထားတယ်"

ဟုတ်ပြီ။

နန်းစီက သွေးတိုးစမ်းလိုက်၏။

"အဲလေ ဘဒ်ဆောင်းက နှုတ်မလုံတာလည်း ဖြစ်နိုင်တာပေါ့"

"သိပ်ကိုဖြစ်နိုင်တယ်၊ ကိုယ်ကတော့ အဲဒီလူကို ဘယ်တော့မှ အယုံအကြည် မရှိဘူး"

"ဒါဖြင့်ရင် ရှင်က သူ့ကိစ္စမှာ ဘာဖြစ်လို့ ထောက်ခံခဲ့သလဲဆိုတာကို မေးပါရစေ"

"ကိုယ်မထောက်ခံပါဘူး၊ ကိုယ်က အဲဒီကိစ္စတစ်ခုလုံးကို ကန့်ကွက်ခဲ့တာ"

ထို့နောက် ပရစ်စီလာသည် ထိတ်လန့်တကြား ဖြစ်လာပုံရ၏။

"မင်းက ငါ့ဆီက သတင်းရတယ်လို့ ထုတ်မပြောတန်ကောင်းဘူး ထင်တာပဲ"

နန်းစီက ပြန်ဖြေလိုက်၏။

"ဒီမှာ မစ္စစ်ကွင်း၊ အခုလို ရှင်နဲ့ကျွန်မ ပြောကြဆိုကြတဲ့ကိစ္စကို မှတ်တမ်းမဝင်ပါစေနဲ့လို့ ရှင်ပြောမှမပြောခဲ့ဘဲ"

ပရစ်စီလာကွင်းက ဒေါနှင့်မောနှင့် ပြန်ပြောလိုက်သည်။

"ဟဲ့ အခုပြောတယ်"

"သိပ်နောက်ကျသွားပြီ"

နန်းစီက တွေးတောချိန်ဆရင်း စကားကို ခေတ္တရပ်တန့်လိုက်၏။

"ကျွန်မကတော့ အပေးအယူတစ်ခု လုပ်ချင်တယ်"

"ဘယ်လိုအပေးအယူမျိုးလဲ"

"ဆီကိုဝါကလပ်က စွမ်းအင်နဲ့ အလင်းရောင်အုပ်စုကို ဘယ်လောက်လောက် ပေးခဲ့သလဲဆိုတာ ရှင်က ဖွင့်ပြောပြမယ်ဆိုရင် ရှင်နဲ့ကျွန်မ ပြောတဲ့ဆိုတဲ့ကိစ္စကို ထုတ်



မပြောဘူးလေ"

ခဏတော့ ငြိမ်ကျသွားသည်။ ထို့နောက် လေသံကလေးနှင့် ဖြေလိုက်၏။

"ဒေါ်လာ ငါးသောင်း"

နန်းစီသည် စကားပြောခွက်ကို ပြန်တင်လိုက်ပြီးနောက် စားပွဲတွင်ထိုင်၍ စဉ်းစားနေမိသည်။

အချက်အလက် အမှတ်တစ်။ ဆီကိုဝါကလပ်သည် ဘဒ်ဆောင်းအား ငွေရေးကြေးရေးနှင့် ထောက်ပံ့အားပေးနေသည်။

အချက်အလက် အမှတ်နှစ်။ ဘဒ်ဆောင်းသည် မြို့၏အရှေ့ဘက်အရပ်၌ရှိသော နေအိမ်သို့ သွားရောက်ရာတွင် နောက်ယောင်ခံ၍ မလိုက်နိုင်အောင် အထူးတလည် အကာအကွယ် ယူနေသည်။ ထို့ကြောင့် ဘဒ်ဆောင်းသည် လူသိမခံရဲသော ကိစ္စတစ်ခုခုတွင် ပါဝင်ပတ်သက်နေသည်။

အချက်အလက် အမှတ်သုံး။ အဆိုပါနေအိမ်မှ အမျိုးသမီးကလေးဘက်တီသည် ကိစ္စတစ်ခုခုနှင့်ပတ်သက်၍ သေမလောက် စိုးရိမ်ထိတ်လန့်နေသည်။

အချက်အလက် အမှတ်လေး။ ကရွတ်ကာလမ်းရှိ အိမ်အမှတ် (၁၁၇) အား လွန်ခဲ့သောနှစ်ကစ၍ မစ္စတာဂျီအာချန်ဘော့ဆိုသူက ငှားရမ်းထားသည်။ မစ္စတာအာချန်ဘော့၏ နောက်ကြောင်းရာဇဝင်ကို လုံးဝမသိရချေ။

နိဂုံးချုပ်ရမည်ဆိုသော် ဤဇာတ်လမ်းသည် ယခုအချိန်အထိ ဇာတ်ရည်မလည်သေးပါ။ နန်းစီသည် ယနေ့မှစ၍ ခြောက်ရက်မြောက်သောနေ့တွင် ဘက်တီနှင့် တွေ့ဆုံရန်ရှိသည်။

ထိုနေ့ ထိုအချိန်အထိ စောင့်ရလိမ့်ဦးမည်သာ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



သဘောကျကြလိမ့်မည်သာ။

အမျိုးသားလုံးဆိုင်ရာ လျှပ်စစ်စွမ်းအင်အဖွဲ့ချုပ်ညီလာခံ၌ မိန့်ခွန်းပြောကြားပေးမည်ဟု နှင်းမိကက တိပေးထားခဲ့သည်မှာ တစ်နှစ်ကျော်မျှ ကြာမြင့်ခဲ့လေပြီ။ ၎င်းအား ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ်မှ ဖယ်ရှားခြင်းမခံရမီ ကာလအတန်ကြာကပင် ကတိပေးထားခဲ့ခြင်း ဖြစ်သည်။ မကြာမီက နှင်းမိသည် ထိုကိစ္စအား ကုမ္ပဏီချယ်ယာမင် ဂျေအီးရစ်ဟာမ်ဖရီထံ တင်ပြအသိပေးခဲ့ရာ အီးရစ်ဟာမ်ဖရီက "ပြောသာပြောပါကွာ၊ ဒါပေမယ့် အစွန်းလွတ်အောင်တော့ ရှောင်နော်" ဟု အဖြေပေးခဲ့သည်။ တကယ့်တကယ်တွင်လည်း နှင်းမိ၏စာတမ်းတွင် လုပ်ငန်းနှင့်သက်ဆိုင်သော အချက်အလက်များသာ အမြောက်အမြား ပါဝင်မည်ဖြစ်ပေသည်။

□

ဂရိုးဂို့စ် ဝင်းစလိုး အာချန်ဘော့သည် ၎င်း၏မှတ်စုစာအုပ်ထဲ၌ ရေးမှတ်လျက်ရှိသည်။

*အောင်မြင်မှု ရရှိမည့်နေ့နှင့် တစ်နေ့တခြား နီးကပ်လာလေပြီ။ ပြည်သူလူထု၏ ရဲရင့်ပြောင်မြောက်သော တပ်မတော်ဖြစ်သည့် လွတ်လပ်ရေး၏ မိတ်ဆွေအုပ်စုသည် သမိုင်းတွင် စာတင်ရစ်ရစေလအောင် အမေရိကန်နိုင်ငံအား နှောင်ကြိုးတည်းထားသော လူယုတ်မာ အရင်းရှင်ဝါဒီများကို ထိုးနှက်တိုက်ခိုက်တော့မည်။*

*ပြည်သူလူထု၏ ရန်သူများသည် 'အမျိုးသားလုံးဆိုင်ရာ လျှပ်စစ်စွမ်းအင်အဖွဲ့ချုပ်'၏ အလံအောက်၌ လာမည့်လေးရက်တာကာလတွင် စုစည်းမိကြမည်ဖြစ်သည်။ ၎င်းတို့သည် ထိုက်ထိုက်တန်တန် အပြစ်ပေး အရေးယူခြင်း ခံကြရမည်ဖြစ်သလို အထူးတလည် တအံ့တသြလည်း ဖြစ်ကြရလိမ့်မည်သာတည်း။*

ဂရိုးဂို့စ်သည် ရေးနေသောခဲတံကို အောက်သို့ချလိုက်ပြီးနောက် ပစ္စည်းပစ္စယများနှင့် ပြည့်နှက်နေသော မြေတိုက်ခန်းဝပ်ရှော့ကို မြင့်၍ လေ့လာလိုက်သည်။ မကြာခင် အောင်ရွှက်တော့မည်ဖြစ်သော အော်ပရေးရှင်းနှင့် ပတ်သက်သော ပစ္စည်းပစ္စယများနှင့် အထောက်အကူပစ္စည်းများသည် အဆင်သင့်ရှိနေကြလေပြီ။

ပထမဖုံးအုပ်စုသည် ညီလာခံ၏ ဒုတိယမြောက်ည၊ နံနက် (၀၃း၀၀)နာရီတွင် စတင်ပေါက်ကွဲကြမည်ဖြစ်ပြီး မီးလောင်ဗုံးအုပ်စုသည် ထို့နောက် (၅) မိနစ် (၁၀) မိနစ်ခန့်အကြာတွင် ထပ်မံပေါက်ကွဲကြမည် ဖြစ်သည်။ မီးသတ်ဆေးဘူးများသဖွယ် ဖုံးဖျက်ထားသော ဗုံးများကို ညီလာခံ ပထမနေ့တွင် နေရာတကျ သွားရောက်ထားရှိရမည် ဖြစ်သည်။

## အခန်း (၁၉)

နှင်းမိသည် ၎င်း၏စားပွဲတွင်ထိုင်၍ 'မတန်တဆ'ဟု အမည်ပေးထားသော စာတမ်းတစ်စောင်ကို အချောကိုင်နေသည်။ ထိုစာတမ်းမှာ ကျင်းပရန် (၄) ရက်သာလိုတော့သော အမျိုးသားလုံးဆိုင်ရာ လျှပ်စစ်စွမ်းအင်အဖွဲ့ချုပ် ညီလာခံ၌ သူပြောကြားမည့် မိန့်ခွန်းပင်ဖြစ်ပြီး အနာဂတ်ကာလ၌ ကြုံတွေ့ရမည့် စွမ်းအင်လိုအပ်ချက်အကြောင်း ရှင်းလင်းတင်ပြထားခြင်း ဖြစ်သည်။

ထိုညီလာခံသည် ယခုနှစ်တွင် ကိုယ့်မြို့ကိုယ့်ဒေသ၌ လာရောက်ကျင်းပခြင်းဖြစ်သည်။ နှင်းမိတို့နေထိုင်ရာမြို့ရှိ ခရစ်စတိုဖာကိုလံဘတ်စ်ဟိုတယ်၌ လေးရက်ကြာကျင်းပမည်ဖြစ်သည်။ ညီလာခံကျင်းပနေစဉ် လူမှုရေးဆိုင်ရာ အခမ်းအနား အစီအစဉ်များလည်း အများအပြားပါရှိမည်ဖြစ်ရာ ၎င်းနှင့်အတူ မိသားစုကိုပါခေါ်၍ အဆိုပါဟိုတယ်တွင် သွားရောက်တည်းခို နေထိုင်မည်ဆိုပါက မိသားစုအတွက် စိတ်ဝင်စားဖွယ်ရာ အပြောင်းအလဲကလေးတစ်ခု ဖြစ်လာလိမ့်မည်ဟု နှင်းမိယူဆသည်။ ၎င်း၏မိသားစုတလည်း ထိုစိတ်ကူးစိတ်သန်းကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံကြသည်။

ဟိုတယ်တွင် အခန်းငှားသည့်အခါ မြင်ကွင်းကောင်းသော အထပ်မြင့်မြင့်မှ အခန်းတို့ငှားမည်ဟု နှင်းမိက ၎င်းဖာသာ ဆုံးဖြတ်လိုက်၏။ ချာဝါတ်တွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



မီးသတ်ဆေးဘူးများအား ကိုယ့်မြို့ကိုယ့်ဒေသမှာပင် တစ်ဆိုင်လျှင် နည်းနည်းစီခွဲ၍ ဝယ်ယူခဲ့သည်။ ဘဒ်ဆောင်းကလည်း အကူအညီပေးခဲ့သောကြောင့် ယခုဆိုလျှင် မီးသတ်ဆေးဘူး သုံးဒါဇင်နီးပါး ရရှိနေလေပြီ။ လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စု၏ စီမံချက်အတွက် များစွာ လုံလောက်နေလေပြီ။ ဂရီးဂိုရီစ်သည် မီးသတ်ဆေးဘူးထဲမှ ကလီစာများကို ထုတ်ပစ်လိုက်ပြီးနောက် ဘူးခွံအား သိပ်မထူအောင်ဝါ စစ်လိုက်သေးသည်။ ထို့နောက် ချိန်ကိုက်စနက်တံများကို ထည့်သွင်း၍ ပေါက်ကွဲဗုံးနှင့် မီးလောင်ဗုံးများအဖြစ် ပြုပြင်ဖန်တီးတော့သည်။ ဂရီးဂိုရီစ်သည် အဆိုပါဗုံးများအား မည်သည့်နေရာများတွင် ထားရှိရမည်ကို ဆုံးဖြတ်နိုင်ရန် ဟိုတယ်သို့ သုံးခေါက်တိတိ သွားရောက်လေ့လာခဲ့ရသည်။

ဂရီးဂိုရီစ်သည် ဘဒ်ဆောင်းက ထောက်ပံ့သောငွေနှင့် အနီရောင်ပစ်ကပ်ထရပ်ကား တစ်ပတ်နွမ်းတစ်စီးကို ဝယ်ယူခဲ့ပြီးနောက် နေ့သ်ကာက်စတာယ်ဒေသမှ ကားဂိုဒေါင်တစ်ခုတွင် ထည့်သွင်းထားပြီး ဖြစ်သည်။ ဂရီးဂိုရီစ်သည် လွတ်လပ်ရေး၏ မိတ်ဆွေများ အုပ်စုအတွက် ဒုတိယ ပုန်းခိုရန်နေရာအဖြစ် နေ့သ်ကာက်စတာယ်ဒေသရှိ အိပ်ခန်းတစ်ခန်းကို မကြာသေးမီက ငှားရမ်းထားလိုက်သည်။ ယခု အဆိုပါအိပ်ခန်းနှင့် ကပ်လျက်ရှိသော ကားဂိုဒေါင်ထဲ၌ ပစ်ကပ်ထရပ်ကားအား ထည့်သွင်းထားခြင်းဖြစ်သလို အဆိုပါအိမ်ခန်းအား ငှားရမ်းထားကြောင်း ၎င်းတစ်ဦးတည်းသာ သိရှိသည်။ အကယ်၍ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကရွတ်ကာလမ်းနေအိမ်ကို အသုံးချ၍ မဖြစ်နိုင်တော့ပါက ထိုဒုတိယနေရာ၌ သွားရောက်ပုန်းခိုရန် စီစဉ်ထားခြင်းဖြစ်သည်။

အနီရောင်ထရပ်ကား၏ ဘေးနှစ်ဖက်တွင်လည်း 'မီးလောင်မှု ကာကွယ်ရေးဆားဗစ်' ဆိုသောစာသားကို သေသေသပ်သပ် ရေးသားထားပြီးဖြစ်သည်။ အမိုးမပါသော ပစ်ကပ်ကားတစ်စီးကို ရွေးချယ်ထားခြင်းမှာ ပညာသားပါလှသော ဂရီးဂိုရီစ်၏ စိတ်ကူးစိတ်သန်း ဖြစ်သည်။ ကားပေါ်တွင်တင်ထားသော မီးသတ်ဆေးဘူးဟု ထင်ရသည့်ပစ္စည်းများအား လူတိုင်းတွေ့မြင်နေကြရမည်သာ။

ဂရီးဂိုရီစ်သည် ၎င်းသွားရာလာရာတွင် သုံးစွဲလေ့ရှိသော ဗော့က်စ်ဝက်ဂွန်ပေါင်မုန့်ကားအဟောင်းကို ကာရွတ်ကာလမ်းနှင့် မနီးမဝေးတွင်ရှိသည့် ပုဂ္ဂလိကပိုင်ကားဂိုဒေါင်တစ်ခုထဲတွင် ထည့်သွင်းထားလိုက်ပြီး ယခုကိစ္စတွင် ထုတ်၍သုံးစွဲမည် မဟုတ်ပါချေ။

ပညာသားပါလှသော ဘဒ်ဆောင်း၏ အခြားစိတ်ကူးစိတ်သန်းတစ်ခုမှာ မီးသတ်ဆေးဘူးဗုံးများအား ဟိုတယ်၏လုပ်ငန်းသုံး တံခါးပေါက်၌ ကားပေါ်မှ သယ်ချနေချိန်နှင့် တစ်ချိန်တည်းတွင် စွမ်းအင်နှင့် အလင်းရောင်အုပ်စုအား ထောက်ခံကြသူ လူတစ်ရာခန့်က လမ်းလွှဲပေးသည့်အနေဖြင့် ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီအား ဆန့်ကျင်ဆန္ဒ



ပြပွဲ ကျင်းပပြုလုပ်ရေးပင်တည်း။ ဆန္ဒပြသူများကြောင့် ဟိုတယ်မှ လုံခြုံရေး အစောင့်အရှောက်များသည် ဆန္ဒပြနေသည့်နေရာ၌ အလုပ်ရှုပ်နေကြမည်ဖြစ်ရာ အနီရောင်ပစ်ကပ်ကားကို သတိမမူမိဘဲ ရှိကြပေလိမ့်မည်။

ထို့နောက် ထပ်မံ၍ ကြိုတင်ကာကွယ်မှု ယူသည့်အနေနှင့် လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုမှ တစ်ယောက်ယောက်သည် ဟိုတယ်တွင် စုံစမ်းမေးမြန်းခြင်း ခံကြရပါက (ပြသနိုင်ရန်အလို့ငှာ) 'မီးလောင်မှု ကာကွယ်ရေးဆားဗစ် အင်ကော်ပိုရိတ်တက်' အား (ဟိုတယ်က) အလုပ်အပ်နှံသည့် စာရွက်စာတန်းများကို ဘဒ်ဆောင်းက အသင့်ပုံနှိပ်ထားရှိပြီး ဖြစ်သည်။

ယခု ဘဒ်ဆောင်းသည် ထိုပုံစံများတွင် ဖြည့်စွက်ရေးသားနေသည်။ ထိုအလုပ်အပ်နှံလွှာများတွင် မီးသတ်ဆေးဘူးများကို ဟိုတယ်သို့ နောက်ထပ်လာရောက်ပို့ပေးရန်နှင့် ထပ်မံတပ်ဆင်ထားရှိမည့် နေရာများ၌ နေရာတကျ တပ်ဆင်ထားရှိပေးရန် အလုပ်အပ်နှံပါကြောင်း ဖော်ပြထားသည်။

ဂရီးဂိုရီစ်ဘက်မှကြည့်လျှင် ဉာဏ်မီသမျှ ထောင့်စုံအောင် ဝဉ်းစားထားပြီးဖြစ်သည်။

□

နင်းမ်သည် ခရစ်စတိုဖာကိုလံဘတ်ဟိုတယ် (၂၅) ထပ်ရှိ အခန်းကျယ်ကြီးတစ်ခု၏ ဧည့်ခန်းပြတင်းပေါက်မှ မြို့တော်၏ မြင်ကွင်းကျယ်ရှုခင်းနှင့် နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် မရပ်မနား အလုပ်ရှုပ်နေသော ဆိပ်ကမ်းသာရှုခင်းတို့ကို တအံ့တသြ ငေးမောကြည့်ရှုနေသည်။

၎င်း၏မိသားစုအား ညီလာခံသို့ စုစုဝေးဝေး ခေါ်ဆောင်လာခဲ့သည့်ကိစ္စမှာ အလွန်ကောင်းသော စိတ်ကူးစိတ်သန်းပင် ဖြစ်သည်။ ယနေ့သည် ညီလာခံ၏ ဒုတိယမြောက်နေ့ ဖြစ်သည်။ ယမန်နေ့က ဟိုတယ်တွင် လာရောက်မှတ်ပုံတင်ကြစဉ်က ကလေးနှစ်ယောက်စလုံး ဝမ်းသာအယ်လဲ ဖြစ်နေကြသည်။ ဘင်ဂျီက ဖခင်ဖြစ်သူ ယနေ့ပြောကြားမည့် မိန့်ခွန်းကို နားထောင်လိုသည်ဟု ဆိုသောကြောင့် နင်းမ်က အစီအစဉ်များကို ပြုလုပ်ပေးခဲ့ရသည်။ ၎င်းအပြင် လူမှုရေးဆိုင်ရာ အခြားအခမ်းအနား အစီအစဉ်များဖြစ်ကြသော ဧရာမြစ်ရိုးတစ်လျှောက်တွင် အပျော်ခရီးထွက်ခြင်း၊ ပြတိုက်များကို သွားရောက်လေ့လာခြင်း၊ ရုပ်ရှင်ကြည့်ခြင်း စသောအစီအစဉ်များတွင် ရုသ်နှင့် ကလေးများသည်လည်း ပါဝင်ဆင်နွှဲကြမည် ဖြစ်ပေသည်။

ဟိုတယ်အပြင်ဘက်၌ ဆန္ဒပြပွဲတစ်ခု ဖြစ်ပေါ်နေကြောင်း ပြတင်းပေါက်မှနေ

www.burmeseclassic.com

www.burmeseclassic.com



၍ နင်းမ် သတိပြုလိုက်မိသည်။ နင်းမ်သည် ၄င်းမိန့်ခွန်းပြောရမည်ဖြစ်သော နံနက် (၁၀) နာရီအချိန်သို့ မရောက်မီ၊ တစ်နာရီခန့် အချိန်ရရှိသေးသောကြောင့် အခန်းထဲမှ ထွက်ခဲ့ပြီး ဓာတ်လှေကားဖြင့် အောက်ထပ်ဧည့်ခန်းထဲသို့ ဆင်းသက်လာခဲ့၏။ မည်သူတွေက ဆန္ဒပြနေသည်လေသနည်းဟု နင်းမ် သိချင်စိတ် ဖြစ်ပေါ်နေသည်။

နင်းမ်သည် ဟိုတယ်၏ ပင်မဝင်ထွက်ပေါက်မှ အပြင်သို့ ထွက်လိုက်မိသည်နှင့် တစ်ပြိုင်နက် ဆန္ဒပြသူများသည် လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စုမှ တွေ့ရမြဲ မိတ်ဟောင်းဆွေဟောင်းများပင်ဖြစ်ကြောင်း သတိပြုလိုက်မိသည်။ အသက်အရွယ်မျိုးစုံ ပါဝင်သော လူဦးရေတစ်ရာခန့်သည် ကြွေးကြော်သံများကို အော်ဟစ်ရင်း ချီတက်၍ ဆန္ဒပြနေကြသည်။

ထိုပုဂ္ဂိုလ်များသည် တွေ့ရမြဲဖြစ်သော ကြွေးကြော်သံဆိုင်းဘုတ်များကို ဗွေ့ရမ်းပြသနေကြ၏။

*စားသုံးသူတွေကို လိမ်ညာတဲ့ ဝိုးလ်ဒင်းစတိတ်။*

*ဂိုးဒင်းစတိတ်ကို ပြည်သူတွေက ပိုင်ဆိုင်ပါစေ။*

*အဆီကိုစားပြီး အသားကိုမျှမည့် ကြောင်အိုပေမြွေးကြီးတွေက မပိုင်ဆိုင်ပါစေနှင့်။*

*ဓာတ်အားဓာတ်ငွေ့ ကုမ္ပဏီများအား ပြည်သူပိုင်လုပ်ဖို့ ပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စုက တိုက်တွန်းသည်။*

*ပြည်သူပိုင်ဖြစ်မှသာ မီတာခများ ဈေးကျလိမ့်မည်။*

နင်းမ်သည် နေရာတကာ၌ တွေ့ရမြဲဖြစ်သော တယ်လီဗီးရှင်း ကင်မရာများသာမက ပျော်ပျော်ရွှင်ရွှင် ရှိနေဟန်တူသော ဒေဗီဘာဒ်ဆောင်းက စီစဉ်ညွှန်ကြားနေသည်ကို တွေ့မြင်နေရသည်။ ဤကဲ့သို့ ဆန္ဒပြခြင်းဖြင့် စွမ်းအင်နှင့် အလင်းရောင်အုပ်စုသည် အမျိုးသားလုံးဆိုင်ရာ လျှပ်စစ်စွမ်းအင်အဖွဲ့ချုပ်အား လွှမ်းမိုးနိုင်စွမ်းရှိမည်ဟု ယူဆကြသောကြောင့်ပင်လောဟု နင်းမ်က တွေးလိုက်မိ၏။ အဖွဲ့ချုပ်အပေါ် မည်သို့မျှ လွှမ်းမိုးနိုင်စွမ်းရှိမည်မဟုတ်၊ သို့သော် ဒေသခံစာနယ်ဇင်းများ၏ စိတ်ဝင်စားမှုကို ရယူလို၍သာ ဖြစ်ရမည်။

ဟိုတယ်သို့လာရောက်ရာ အဝင်လမ်းမကြီးပေါ်တွင် ဆန္ဒပြနေကြသူများသည် လက်ချင်းဆက်တွဲပြီး မော်တော်ယာဉ်များနှင့် အငှားကားများ မဝင်နိုင်အောင် ပိတ်ဆို့ထားကြသည်။ တစ်ဖန် ဆန္ဒပြသူ နောက်ထပ်အုပ်စုတစ်စုသည် ဟိုတယ်၏ လုပ်ငန်းသုံး ဝင်ပေါက်ထွက်ပေါက်တွင် လက်ချင်းဆက်တွဲပြီး ပိတ်ဆို့၍ ဆန္ဒပြနေကြပြန်၏။ ထိုဝင်ပေါက်ထွက်ပေါက်တွင် ထရပ်ကားနှစ်စီး ပိတ်ဆို့နေသည်ကိုလည်း တွေ့ရသည်။ တစ်စီးမှာ နွားနို့ကားဖြစ်ပြီး နောက်တစ်စီးမှာ မီးသတ်ဆေးဘူးများကို တင်ဆောင်



လာသော အမိုးမပါသည့် ပစ်ကပ်ထရပ်ကားတစ်စီး ဖြစ်သည်။ အဆိုပါ ကားနှစ်စီးအပေါ်မှ ယာဉ်မောင်းများသည် အောက်သို့ဆင်းလာပြီး ဆန္ဒပြသူများအား လမ်းဖယ်ပေးရန် ပြောကြားရင်း အငြင်းအခုန် ဖြစ်နေကြသည်။

ယခုအချိန်တွင် မြို့တော်ရဲတပ်ဖွဲ့မှ ရဲသားအချို့ ရောက်ရှိလာကြ၏။ ရဲသားများက ဆန္ဒပြသူများအား အပေါက်ဝမှ ဖယ်ရှားပေးရန် လက်ဟန်ခြေဟန်နှင့် ပြသလိုက်ပြီးနောက် ထရပ်ကားနှစ်စီးနှင့် အခြားမော်တော်ကားများ အငှားကားများအထဲသို့ ဝင်ခွင့်ရအောင် စီစဉ်ပေးကြသည်။

နင်းမ်၏နံဘေးတွင် မတ်တတ်ရပ်နေသော ညီလာခံတံဆိပ် တပ်ဆင်ထားသူ ကိုယ်စားလှယ်တစ်ဦးက နင်းမ်အား လှမ်းပြောလိုက်၏။

“အဲဒီလောက် တာဝန်မဲ့တာမျိုးကို ဘယ်နေရာမှာ ရှာတွေ့နိုင်ဦးမှာလဲဗျာ၊ ဒီလောက်တောင် နလပိန်းတုံးနိုင်လှတဲ့ ဒီအုပ်စုက ဟိုတယ်ထဲကို နွားနို့မရောက်အောင်၊ မီးသတ်ဆေးဘူးတွေ မရောက်အောင် လာဟန့်တားနေကြတာ ဘာသဘောလဲဗျာ”

နင်းမ်က ခေါင်းညိတ်ပြလိုက်၏။

“ဘာအဓိပ္ပာယ်မှ မရှိပါဘူးဗျာ”

ဆန္ဒပြနေသူများအဖို့လည်း ထိုကိစ္စသည် သိပ်အဓိပ္ပာယ်ရှိဟန်မတူ။ အဘယ်ကြောင့်ဆိုသော် ဆန္ဒပြသူများသည် တဖြည်းဖြည်းနှင့် လူစုကွဲသွားကြသောကြောင့် ဖြစ်သည်။

နင်းမ်သည် ဟိုတယ်ထဲသို့ ပြန်ဝင်လာပြီးနောက် အထပ်ခိုးကလေးဆီသို့ တက်လာခဲ့၏။ ညီလာခံခန်းမဆောင်၏ အဝင်ဝတံခါးပေါက်တွင် နင်းမ်သည် နန်စီမိုလီနော့နှင့် တိုးမိတော့သည်။

နန်စီက လှမ်းပြောလိုက်၏။

“ရှင်ပြောမယ့်မိန့်ခွန်းကို ခုလေးတင် သတင်းထောက်အခန်းထဲက ရလာခဲ့တယ်”

နန်စီ့လက်ထဲတွင် မိန့်ခွန်းတစ်စောင် ကိုင်ထားသည်။

“တော်တော် ပျင်းစရာကောင်းမယ့် မိန့်ခွန်းပဲ၊ ဒီအထဲမှာမပါတဲ့ တခြားကိစ္စတွေကို အလွတ်ပြောဖို့ ရည်ရွယ်ထားသေးသလား”

“တကယ်လို့ ပြောမယ်ဆိုရင်တောင် မင်းကို ကျုပ်က ကူညီစောင်မတဲ့အနေနဲ့ ကြိုပြောပြဖို့ဆိုတာ ဝေလာဝေးပဲ”

သူ့အဖြေမှာ နန်စီမိုလီနော့အတွက် ကျေနပ်စရာဖြစ်သွားဟန် တူသည်။ နန်စီက ရယ်လိုက်၏။

“ဒယ်ဒီ”

www.burmeseclassic.com

www.burmeseclassic.com



အသံတစ်သံက ကြားဖြတ်ပြောလိုက်သည်။

"ကျွန်တော်တို့ ကိုယ့်နေရာကိုယ် သွားကြတော့မယ်"

လူအုပ်ကြားထဲမှ ရှောင်တိမ်းပြီးလာနေသော ဘင်ဂျိုက ပြောလိုက်ခြင်းဖ

တည်း။ သူ့နောက်တွင်ပါလာသော ရှယ်နှင့်လေးတို့သည် ဧည့်သည်များအတွက် သင်

မှတ်ပေးထားသော ခန်းမဆောင် အပေါ်ထပ်သို့သွားရာ လှေကားထိပ်တွင် ရောက်ရှိ

နေကြပြီဖြစ်ကြောင်း နှင်းမ်လှမ်းမြင်လိုက်ရသည်။ နှစ်ယောက်စလုံးက လက်ဝှေ့ရမ်း

သဖြင့် နှင်းမ်ကလည်း ပြန်လက်ပြလိုက်၏။

နှင်းမ်က ဘင်ဂျိုကို ပြောလိုက်သည်။

"ကောင်းပြီလေ မင်းတို့ ကိုယ့်ခုံဆီရောက်အောင် သွားကြဖို့တော်ပြီ"

နန်စီက မေးသည်။

"ရှင်က ညီလာခံကို မိသားစုတစ်စုလုံး ခေါ်လာတယ်ပေါ့နော်"

"ဟုတ်တယ်"

နှင်းမ်သည် ခပ်ပြတ်ပြတ် ဖြေလိုက်ပြီးမှ ထပ်မံဖြည့်စွက်လိုက်၏။

"ကျုပ်ဇနီးနဲ့ ကလေးတွေက ဒီဟိုတယ်မှာ ကျုပ်နဲ့အတူတူ လာနေကြတယ်

ဗကယ်လို့များ ဒီကိစ္စမှာ မင်းက အမြတ်ထုတ်ချင်တယ်ဆိုရင် သူတို့အတွက် စရိတ်စ

ကို ကျုပ်အိတ်ကပ်ထဲက စိုက်ပေးပါတယ်ဆိုတာ ကြိုပြောထားပါရစေ"

နန်စီက ရီသွဲ့သွဲ့ ပြန်ပြောလိုက်၏။

"ဖြစ်မှဖြစ်ရလေ ရှင်ရယ်၊ ကျွန်မတော့ သိပ်ကို နာမည်ပျက်နေပြီ ထင်

ရဲ့"

"ကျုပ်က မင်းကိုတော့ ကြောက်လွန်းလို့ပါ။ မြွေဟောက်မြွေပွေးကို လူ

ကြောက်ကြသလိုပေါ့ကွာ"

❐

နန်စီသည် ထိုနေရာမှ ရှောင်ထွက်လာရင်း ဂိုးလ်မင်းဆိုသော ဝတီသည်

ဘယ်သူ့ကိုမှ ကြောက်တတ်လန့်တတ်သူ မဟုတ်ဟု တွေးလိုက်မိ၏။

ယနေ့ ဤအစည်းအဝေးသို့ လာရောက်သတင်းယူရသည့် ကိစ္စမှာ မျှော်လင့်

ထားသော ကိစ္စမဟုတ်သလို သူမလုပ်ချင်သော အလုပ်လည်းဖြစ်သည်။ သို့သော်

ညီလာခံအစီအစဉ်၌ ဂိုးလ်မင်း၏အမည်ကိုမြင်တွေ့သော မြို့တွင်းသတင်းအယ်ဒီတာ

နန်စီသည် ရေးစရာကောင်းသော ပျော့ကွက်ဟာကွက်တစ်ခုခုကို ရှာတွေ့တန်ကောင်း

ဟု ယူဆသည်။ ထိုကဲ့သို့ ရေးချင်စရာ ပျော့ကွက်ဟာကွက်ကို နန်စီကရှာတွေ့ခဲ့သော်



နန်စီနှင့် နှင်းမ်အကြား၌ ဖြစ်ပေါ်နေသော 'ရန်ငြိုး'၏နောက်ဆက်တွဲ သတင်းထူးတစ်ပုဒ်

တို့ ထပ်မံ၍ ရလာတန်ကောင်းရဲ့ဟု တွေးတောပြီး စေလွှတ်လိုက်ခြင်းဖြစ်သည်။ ဒီတစ်

ခါတော့ သူထင်တာ မှားလေပြီ။ နန်စီသည် ဂိုးလ်မင်း၏မိန့်ခွန်းကို ပုံမှန်အတိုင်း သတင်း

ရေးမည်။ အကယ်၍ ရေးသင့်ရေးထိုက်သော အချက်အလက်ကောင်းများ ပါဝင်လာပါ

က 'ဇောင်း'ပေး၍ပင် 'ပို့'ပေးလိုက်ဦးမည်။

❐

ငှင်းအပြင် နန်စီသည် ဒီညီလာခံမှ အမြန်ဆုံး ပြန်ထွက်ပြေးချင်စိတ် ဖြစ်

ပေါ်နေမိသည်။ ဒီကနေ့သည် ဘက်တီနှင့်တွေ့ဆုံရန် ချိန်းဆိုထားသော နေ့ပင်တည်း။

ထိုကလေးမဇာလေးသည် ချိန်းဆိုထားသည့်အတိုင်း ရောက်လာပြီး ပဟေဠိသဖွယ်ဖြစ်

နေသော မေးခွန်းတစ်ချို့ကို ဖြေကြားပါစေသားဟု နန်စီ မျှော်လင့်ဆုတောင်းနေမိ၏။

လောလောဆယ်တွင်မူ ဂိုးလ်မင်း၏ မိန့်ခွန်းကို နားထောင်ရန် ရှိနေသည်။

နန်စီသည် ညီလာခံခန်းမဆောင်ထဲသို့ဝင်သွားပြီး စာနယ်ဇင်းဆရာများအတွက်

ပေးထားသော စားပွဲတစ်နေရာတွင် ဝင်ထိုင်လိုက်၏။ ညီလာခံ၌ မိန့်ခွန်းပြောကြားနေစဉ်

နှင်းမ်သည် နန်စီမိုလီနော့၏ မှတ်ချက်ကို သဘောတူချင်သလိုလို ဖြစ်လာသည်။

သုပ်ငန်းနှင့်သက် ဆိုင်သော အချက်အလက်များသာ ပါဝင်သည့် မိန့်ခွန်းတစ်ရပ်သည်

သတင်းထောက် တစ်ယောက်၏ ရှုထောင့်မှနေ၍ သုံးသပ်မည်ဆိုပါက 'ပျင်းစရာ'ပင်

ဖြစ်နေပေလိမ့်မည်။

သို့ရာတွင် နှင်းမ်သည် ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ၌ ကြုံတွေ့ရမည့် စွမ်း

အင်လိုအပ်ချက်များကို ရှင်းလင်းတင်ပြသောအခါ ပရိသတ်က စိတ်ဝင်တစား နား

ထောင်နေကြသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် 'မတန်တဆ' ဟု အမည်ပေး

ထားသော နှင်းမ်၏စာတန်း၌ ပါရှိသည့် စွမ်းအင်ပြဿနာများအပေါ် အားမလိုအားမရ

ဖြစ်ရမှုများ ထိတ်လန့်ချောက်ချားရမှုများ စသည်တို့ကို ဤပရိသတ်ကလည်း ခွဲဝေခံစား

နေကြရကြောင်း သိသာထင်ရှားစေသည်။ ထိုပုဂ္ဂိုလ်အားလုံးတို့သည် လျှပ်စစ်ဓာတ်အား

ခေါင်းပါးမှု တပ်ဆိုးကြီးနှင့်တွေ့ကြရန် နှစ်အနည်းငယ်မျှသာ လိုကော့ကြောင်း သိထား

ကြသူများ ဖြစ်သည်။ သို့တိုင်အောင် နေ့စဉ်လိုလို ၎င်းတို့၏ ရိုးရိုးသားသား တင်ပြချက်

များအပေါ် သံသယအမြင်နှင့် ကြည့်တတ်သည်ကိုလည်း ခံနေကြရသည်။ ၎င်းတို့က

တဖွဖွပြောနေသော သတိပေးစကားများကို လျစ်လျူရှုခဲ့ကြသည်။ ၎င်းတို့တင်ပြသော

အချက်အလက်များကို လှောင်ပြောင်သရော်ခြင်း ခံနေကြရသည်။ ဧယ်သွမ်းသွေးခံနေ

ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ရေးသား ပြုစုထားသောမိန့်ခွန်း ပြီးဆုံးကာနီးသောအခါ နင်းမ်သည် ယမန်နေ့ကမှ ပြုစုရေးမှတ်ထားသော မှတ်စုစာရွက်များကို အိတ်ထဲမှ နှိုက်ယူလိုက်၏။ သူက ထိုမှတ်စုများနှင့် နှိုင်းချိန်ရန် ရည်ရွယ်လိုက်သည်။

"ဒီမှာရှိနေကြတဲ့ ပုဂ္ဂိုလ်အများစု၊ ဒါမှမဟုတ် ပုဂ္ဂိုလ်အားလုံးလိုလိုဟာ အင်မတန် အရေးပါတဲ့ အချက်နှစ်ချက်ကို ယုံကြည်လက်ခံထားကြသူများ ဖြစ်ကြပါတယ်၊ ပထမယုံကြည်ချက်က 'ပတ်ဝန်းကျင်'နဲ့ သက်ဆိုင်ပါတယ်"

"အခု ကျွန်တော်တို့နေထိုင်ရတဲ့ ပတ်ဝန်းကျင်ဟာ ခုထက်ပိုပြီး သန့်ရှင်းစင်ကြယ်သင့်ပါတယ်၊ ဒါကြောင့် အဲဒီရည်ရွယ်ချက် အထမြောက်အောင် တာဝန်သိသိနဲ့ ကြိုးပမ်းဆောင်ရွက်နေသူများကို ကန့်သတ်ချက်အချို့နဲ့ ကျွန်တော်တို့က လိုက်လိုက်လှဲလှဲ ထောက်ခံအားပေးသင့်ပါတယ်"

"ဒုတိယ ယုံကြည်ချက်ကတော့ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းနဲ့ သက်ဆိုင်ပါတယ်၊ ကျွန်တော်တို့ဟာ ဒီမိုကရေစီ သဘောတရားကို သက်ဝင်ယုံကြည်ကြသူများ ဖြစ်ပါတယ်၊ ဒါပေမယ့် မကြာသေးခင်ကတော့ ဒွိဟသံသယ ဖြစ်စရာကလေးတွေ ပေါ်ပေါက်လာခဲ့ရပါတယ်၊ အဲဒီကမှ 'လောကကို အလှဆင်မယ်'ဆိုတဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတွေအကြောင်း ဦးတည်ဆွေးနွေးဖို့ ဖြစ်လာရပြန်ပါတယ်"

"လောကကို အလှဆင်မယ်လို့ ကြွေးကြော်နေကြတဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတွေဟာ တဖြည်းဖြည်းနဲ့ တစ်ဖတ်သက်ကျသူတွေ ဖြစ်လာကြတယ်၊ အဲဒီလို လူစားမျိုးတွေဟာ မည်းမည်းမြင်သမျှကို အကုန်လိုက်ပြီး ကန့်ကွက်လေ့ရှိပါတယ်၊ တကယ်ကတော့ အဲဒီလူစုဟာ လူနည်းစုကလေးပါ၊ ဒါပေမယ့် အာဘောင်အာရင်းသန်သန်နဲ့ စွာကျယ်စွာကျယ် လုပ်တတ်ကြတယ်၊ ခေါင်းမာတယ်၊ နကန်းတစ်လုံးမှ နားမလည်ဘဲနဲ့ တရှုးထိုး၊ တစောက်ကန်း လုပ်တတ်ကြတယ်၊ အဲဒီလို လုပ်နည်းလုပ်ဟန်တွေနဲ့ လူများစုကို လူနည်းစုက အသာစီးယူသွားကြတယ်၊ သူတို့ဆန္ဒကို အတင်းအဓမ္မ ပြဋ္ဌာန်းလာကြတယ်၊ အဲဒီလိုလှုပ်ရှားနဲ့ အဲဒီလိုလူစားမျိုးတွေက ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းတွေကို သေးသိမ်အောင် လုပ်လာကြတယ်၊ ကျဉ်းမြောင်းတဲ့ သူတို့အမြင်အတွေးကလွဲရင် ကျန်တဲ့စရပ်တွေကို အတင်းဖိနှိပ်ချုပ်ချယ်ခဲ့ကြတယ်"

"ဒါပေမယ့် လောကကို အလှဆင်မယ်ဆိုတဲ့ တစ်ဖက်စွန်းဝါဒီတွေဟာ အဖော်မဲ့တဲ့ အထီးကျန်တွေ မဟုတ်ပြန်ပါဘူး၊ သူတို့အတွက် မဟာမိတ်တွေ ရှိနေပါတယ်၊ သူတို့ရဲ့ မဟာမိတ်ပုဂ္ဂိုလ်တွေဆိုတာကတော့ ကွပ်ကဲမှုအေဂျင်စီတွေမှာ နိုင်ငံရေးဆုလာဘ်အနေနဲ့ တိုးချဲ့ပြီး ခန့်ထားပေးနေတဲ့ ဘုတ်အဖွဲ့ဝင် လူကြီးတွေပါပဲ"

နင်းမ်သည် အတွေးတစ်မျိုး ပေါ်ပေါက်လာသောကြောင့် သူ့စကားကို ခေတ္တ ရပ်တန့်လိုက်၏။ သူ ဆက်လက်ပြောကြားမည့် စကားလုံးများသည် လွန်ခဲ့သော (၅)လ၊



တုန်ပါ စစ်မေးပွဲပြုလုပ်စဉ်က သူချောက်ကျခဲ့ရသော စကားလုံးမျိုးပင် ဖြစ်သည်။ တစ်ခါ ဂျေအီးရစ်ဟမ်ဖရီကလည်း 'အစွန်းလွတ်အောင်တော့ ရှောင်နေ'ဟု ညွှန်ကြားခဲ့သည်။ အဲလေ ဘာပဲပြောပြော ကြိုးမိန့်၊ သေမိန့်ထက်တော့ မပိုနိုင်ဟု သူတွေးလိုက်၏။ ဤတွင် သူသည် ဖွတ်တိုးပြီး ရှေ့ဆက်ပြောတော့သည်။

"တစ်ချိန်တစ်ခါတုန်းကတော့ ကျွန်တော်တို့လို ကုမ္ပဏီတွေဟာ တရားမျှတပြီး ဘက်မလိုက်တဲ့ ဆုံးဖြတ်ချက်တွေကို ကွပ်ကဲမှုအေဂျင်စီတွေ၊ ဘုတ်အဖွဲ့တွေဆီက ရရှိလိမ့်မယ်လို့ ကျိန်းသေပေါက် ယူဆနိုင်ခဲ့ကြပါတယ်၊ အခု အဲဒီလို မဟုတ်တော့ပါဘူး၊ အခုဆိုရင် ဘုတ်အဖွဲ့ဝင်အများစုဟာ နိုင်ငံရေးဆုလာဘ်အနေနဲ့ ခန့်ထားခြင်းခံကြရသူတွေ ဖြစ်လာပါတယ်၊ အတွေ့အကြုံအရသော်လည်းကောင်း၊ အရည်အချင်းအရသော် လည်းကောင်း ခန့်ထားခံရသူဆိုတာ ရှာမှရှားလှပါတယ်၊ အဖြေကတော့ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ လုပ်ငန်းနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဂယနဏ မသိကြပါဘူး၊ ဒါပေမယ့် သူတို့မှာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ မျှော်မှန်းချက်တွေကတော့ မြင့်မြင့်မားမား ရှိနေကြတယ်"

"ဒီမှာတင် ကျွန်တော်တို့ကို စည်းလွတ်ဝါးလွတ် ဝေဖန်နေတဲ့ ပုဂ္ဂိုလ်တွေဟာ လက်တွဲရမယ့် မဟာမိတ်တွေကို ရှာတွေ့သွားကြတယ်၊ စဉ်းစဉ်းစားစားနဲ့ မျှမျှတတတွေးတောပြီး ဆုံးဖြတ်ရတဲ့ ကိစ္စတွေထက် လျှပ်စစ်ဓာတ်အား ကုမ္ပဏီမှန်သမျှကို ဆန့်ကျင်မယ်ဆိုတဲ့ အများကြိုက် လုပ်ထုံးလုပ်နည်းမျိုးကသာ ဒီကနေ့ တနယ်ဇင်းတွေမှာ 'သတင်း'အဖြစ် ပါရှိနေကြပါတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အလွယ်တကူ ဖြေရှင်းပေးနိုင်မယ့် ဆေးမြီးတိုကတော့ ကျွန်တော်တို့ဆီမှာ မရှိသေးပါဘူး၊ ကျွန်တော်တို့ လုပ်ကိုင်နိုင်မယ့် အထတ်နိုင်ဆုံးကိစ္စကတော့ လုပ်သားပြည်သူတွေရဲ့ တကယ့်အကျိုးစီးပွားကို တိုယ်ကျိုးရှာ နိုင်ငံရေးသမားတွေနဲ့ တစ်ဖက်စွန်းရောက်ဝါဒီတွေ ပူးပေါင်းကြပြီး ဖျက်လိုဖျက်ဆီး လုပ်နေကြတာကို အများတကာသိလာကြအောင် ဖြစ်နိုင်တဲ့အခါတိုင်း အသိပေးကြဖို့ပါပဲ"

နင်းမ်သည် ရပ်တန့်ကာရပ်မှ တော်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

ဂိုးလ်ဒင်းစတိတ်ရှိ လုပ်ဖော်ကိုင်ဘက်များက ၎င်းအပေါ် မည်သို့မည်ပုံ သဘောထားလေမည်နည်းဟု တွေးတောနေစဉ် ၎င်းအား ညီလာခံပရိသတ်အားလုံးက မတ်တတ်ရပ်၍ ချီးကျူးဂုဏ်ပြုကြသည်ကို ခံယူနေရကြောင်း တအံ့တသြ တွေ့လိုက်ရသည်။

နင်းမ်သည် ထူးထူးခြားခြား မျှော်လင့်မထားပါဘဲနှင့် သူရဲကောင်းကြီး ဖြစ်ခဲ့ရလေပြီ။

"ချီးကျူးတယ်ဗျို့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာတွေ အမှန်ချည်းပဲ၊ ဒါပေမယ့် သတ္တိရှိမှ ပြောလို့ဖြစ်တာ"

"ကျုပ်တို့လောကမှာ ခင်ဗျားလို ဘွင်းဘွင်းသမားတွေ သိပ်လိုအပ်နေတယ်"

"ခင်ဗျားပြောတာတွေ ကျယ်ကျယ်ပြန့်ပြန့် သိလာကြပါစေလို့ ဆုတောင်းပါတယ်"

"ဂိုးလ်ဒင်းစတိတ်မှာ အလုပ်လုပ်ရတာ ငြီးငွေ့လာရင် ကျုပ်တို့ကို ဆက်ဆက်အသိပေးပါဗျာ"

အနောက်ဘက် အလယ်ပိုင်းဒေသရှိ စွမ်းအင်ကုမ္ပဏီကြီးတစ်ခု၏ ဥက္ကဋ္ဌက နင်းမ်အား သေသေချာချာ အာမခံလိုက်သည်။

"မင်းကို မင်းကုမ္ပဏီက ဂုဏ်ယူတတ်ပါစေလို့ ငါမျှော်လင့်ပါတယ်၊ မင်းပြောတာ ဘယ်လောက်တောင် ထိရောက်တယ်ဆိုတာ အီးရစ်ဟာမ်ဖရီကို ငါဆက်ဆက်ပြောဖို့ စိတ်ကူးထားပါတယ်"

ညီလာခံ ကိုယ်စားလှယ်များက ၎င်းအား လာရောက်ချီးကျူး စကားပြောဆိုကြစဉ်၊ နင်းမ်သည် လူကြားထဲမှ လျှိုထွက်ခဲ့ပြီး ခန်းမဆောင်အပြင်ဘက်သို့ ထွက်ခဲ့၏။ နင်းမ်သည် ရှယ်နှင့်ကလေးများအား တွေ့ဆုံရန် ချိန်းဆိုထားသော မြေညီထပ်ဆီသို့ ဓာတ်လှေကားနှင့် ဆင်းခဲ့သည်။

ဓာတ်လှေကားထဲမှ ထွက်လိုက်သောအခါ မီးသတ်ဆေးဘူး သုံးဘူးတင်ထားသော လက်တွန်းလှည်းကလေးအား တွန်းယူလာသည့် လူရွယ်တစ်ယောက်က "ကျေးဇူးပြုပြီး ရှောင်ပေးကြပါခင်ဗျာ" ဟုပြောရင်း သူ့ကိုကျော်တက်သွားသည်။ ထိုပုဂ္ဂိုလ်သည် မီးခိုးရောင် အလုပ်သမားဝတ်စုံကို ဝတ်ဆင်ထားသည်။

"သိပ်မကြာပါဘူးဗျာ၊ ဒီပစ္စည်းတစ်ခုကို နေရာတကျ ထားရုံလေးတင်ပါ"

အသက်ငယ်သေးပုံရသော ထိုလူရွယ်သည် လှေကားအောက်ရှိ ကုလားထိုင်အလွတ်တစ်လုံးကို ဘေးသို့ဖယ်လိုက်ပြီး မီးသတ်ဆေးဘူးကို ကုလားထိုင် နောက်ဘက်တွင်ထားရင်း ကုလားထိုင်ကို မူလနေရာ၌ ပြန်ရွှေ့လိုက်၏။ သူက နင်းမ်ကို ပြုံးပြလိုက်သည်။

"ပြီးပါပြီ ဆရာ၊ ကျွန်တော် တောင်းပန်ပါတယ်"

ထိုပုဂ္ဂိုလ်သည် နံနက်ခင်းက ထရပ်ကားတစ်စီးကို မောင်းနှင်လာသော ယာဉ်မောင်းပင်ဖြစ်ကြောင်း နင်းမ် သတိပြုမိသည်။ ထိုပုဂ္ဂိုလ်၏ လက်နှစ်ဘက်စလုံးမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် အရောင်အဆင်း ပျက်နေကြောင်းကိုလည်း နင်းမ် သတိထားလိုက်မိ၏။ မီးသတ်ဆေးဘူးအား (လူမမြင်နိုင်သော) ကုလားထိုင်နောက်ကွယ်၌ လာရောက်ချထားခြင်းမှာ ထူးဆန်းသော အစီအစဉ်တစ်မျိုးဖြစ်သည်ဟု နင်းမ် တွေးမိသေးသည်။ သို့သော် ဒီလူသည် ၎င်းဆောင်ရွက်ရမည့် အလုပ်တာဝန်ကို နားလည်သူ



တစ်ဦး ဖြစ်ဟန်တူသည်။ ၎င်း၏ အလုပ်သမား ဝတ်စုံပေါ်တွင်လည်း 'မီးလောင်မှုကာကွယ်ရေးဆားဗစ်' ဟု စာတန်းထိုးထားသည်။

နင်းမ်သည် အဆိုပါကုလားထိုင်တွင် ဝင်ထိုင်ရင်း ၎င်း၏မိသားစု ဆင်းအလာကို စောင့်နေသည်။

□

နန်စီမိုလီနော့သည် မာစီဒီးကားကို သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်အောင် မောင်းနှင်ရင်း ကသုတ်ကရက်နှင့် ဗရုတ်ဗရက်နိုင်လှသော သူ့ဘဝဖြစ်စဉ်ကို တွေးနေမိသည်။

သူ့ဘဝ၌ တစ်နေ့တာကလေးမျှပင် အေးအေးချမ်းချမ်း လုပ်ရကိုင်ရသည်ဟု၍ မရှိခဲ့ဖူးသေးချေ။

နန်စီသည် ဂိုးလ်မင်းနှင့် ပတ်သက်သောသတင်းကို တယ်လီဖုန်းနှင့် ပို့ပေးခဲ့ပြီး ဖြစ်သည်။ ထိုသတင်းသည် ညနေပိုင်းထုတ် အိပ်ဖင်းမနားသတင်းစာ၌ ပါရှိလာမည်ဖြစ်သည်။ ယခု နန်စီသည် ဘက်တီနှင့် ချိန်းဆိုထားသော အချိန်ထက် ဆယ်မိနစ်ပင် နောက်ကျနေလေပြီ။ ထိုကလေးမသည် သူ့ကို စောင့်နေပါစေဟုသာ မျှော်လင့်ရတော့သည်။

နန်စီသည် ကားမောင်းနေရင်းကပင် ဂိုးလ်မင်း၏ မိန့်ခွန်းသတင်းနှင့် ပတ်သက်၍ တွေးမိရင်း ပြုံးမိသေး၏။ ထိုသတင်းမှာ ကိုယ်လိုရာသို့ဆွဲ၍ ရေးသားထားခြင်းမရှိဘဲ ရိုးရိုးနှင့် မှန်မှန်ကန်ကန် ဖော်ပြထားသောကြောင့် ဂိုးလ်မင်းတစ်ယောက် တအံ့တသြဖြစ်သွားဖွယ်ရာ ရှိသည်။

အမေရိကရှိ လျှပ်စစ်စွမ်းအင် စက်မှုလောကမှ ရာ, .
ပေါင်းများစွာသော ဦးစီးဦးဆောင် ပုဂ္ဂိုလ်များသည် ဂိုးလ်ဒင်း
စတိတ်မှ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ နင်းမ်ရှောဒ်ဂိုးလ်မင်းအား
ယနေ့ မတ်တတ်ရပ်၍ တစ်ခဲနက် ချီးကျူးဂုဏ်ပြုကြသည်။

ဂိုးလ်မင်းက ဤမြို့၌ကျင်းပနေသော အမျိုးသားလုံးဆိုင်ရာ လျှပ်စစ်စွမ်းအင်အဖွဲ့ချုပ် ညီလာခံအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် နိုင်ငံရေးသမားများသာ စိုးမိုးခြယ်လှယ်ခွင့် ရရှိနေသော ကွပ်ကဲမှုအေဂျင်စီများသည် လုပ်သားပြည်သူများက ပေးအပ်ထားသော တာဝန်များကို အလွဲသုံးစား ပြုလုပ်နေကြကြောင်း ၎င်းအမြင် မည်းမည်းမြင်တိုင်း လိုက်လံတန့်တွက်နေသော 'လောကကိုအလှဆင်မယ်' ဆိုသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများလည်း ရှိနေကြသောကြောင့်

www.burmeseclassic.com



လျှပ်စစ်စွမ်းအင် စက်မှုလောကအနေဖြင့် မည်သည့်လုပ်ငန်းတို့မျှ အဆိုပြု တင်သွင်းနိုင်စွမ်း မရှိကြောင်း၊ ထည့်သွင်း ပြောကြားသွားလေသည်။

နန်စီသည် လွန်ခဲ့သောအပတ်က ချိန်းဆိုခဲ့သည့် ဘားဆိုင်ရှေ့သို့ ရောက်ရှိသောအခါ (၁၈) မိနစ်ခန့်ပင် နောက်ကျနေပြီဖြစ်ကြောင်း တွေ့လိုက်ရသဖြင့် ဆိုင်ထဲသို့ ကမန်းကတန်း ဝင်လိုက်၏။ ဘက်တီသည် ထောင့်ကျကျ စားပွဲတစ်လုံး၌ တစ်ယောက်တည်း ထိုင်နေသည်။ ၎င်းရှေ့၌ ဘီယာတစ်ဖန်ခွက် ရှိနေ၏။

နန်စီက နှုတ်ဆက်လိုက်သည်။

"ဟေး ကိုယ်နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်ကွာ"

ဘက်တီက ပခုံးကိုသာ တွန့်ပြလိုက်၏။ စကားတော့ မပြောချေ။ ဘက်တီသည် အရင်တစ်ပတ်ကထက် ပို၍ အခြေအနေ ဆိုးရွားနေပုံရသည်။ ဆံပင်ကို သပ်ရပ်စွာ ဖြီးသင်ထားခြင်း မရှိသည့်အပြင်၊ အဝတ်အစားများကလည်း ညစ်ပတ်ပေရေနေသည်။ ညာဘက်လက်တွင်လည်း ယခင်တစ်ပတ်က နန်စီတွေ့ခဲ့ရသော ပုံစံအတိုင်း ဖြစ်ကတတ်ဆန်း ချုပ်ထားသည့် လက်အိတ်တစ်လုံးကို ဝတ်ဆင်ထားသည်။

နန်စီက ဘီယာတစ်ခွက် လှမ်းမှာလိုက်ပြီးနောက် ပြောစရာရှိသည့်ကိစ္စကို တဲ့တိုးပြောချရန် ဆုံးဖြတ်လိုက်သည်။

"ဒီကနေ့ကျရင် ကာရွက်ကာလမ်းကအိမ်မှာ ဘာတွေဖြစ်ပျက်နေတယ်၊ ဘာ်ဆောင်းက ဘာကိစ္စနဲ့ လာတယ်ဆိုတာတွေကို ဖွင့်ပြောမယ်လို့ မင်းကိုယ့်ကို ပြောခဲ့တယ်"

ဘက်တီက မော့ကြည့်လိုက်၏။

"ဟင့်အင်း၊ ကျွန်မ မပြောပါဘူး။ ရှင်ကသာ ကျွန်မ ပြောပြမယ်လို့ ထင်ထားတာ"

"ကောင်းပါပြီလေ၊ ကိုယ်ကတော့ ခုထက်ထိ အဲဒီလို ထင်ထားတုန်းပဲ၊ ထဲ မင်းက ဘာကိစ္စကို အထိတ်တလန့် ဖြစ်နေတယ်ဆိုတာကစပြီး ပြောပြပါလားကွာ"

"ကျွန်မ ဘာကိုမှ မထိတ်လန့်တော့ပါဘူး"

ဘက်တီက ခပ်မှန်မှန် ခပ်လေးလေးအသံနှင့် ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ သူ့မျက်နှာထားကလည်း ခပ်တည်တည်ပင် ဖြစ်နေသည်။ နန်စီက ပြန်မေးလိုက်၏။

"အဲဒီတော့ကော ဘာများ ပိုထူးခြားလာမှာ မို့လို့လဲကွာ"

ဘက်တီသည် ၎င်း၏ဦးနှောက်ထဲ၌ တစ်စုံတစ်ခုကို ချိန်ဆနေပုံရသည်။ သူ စဉ်းစားနေစဉ် ညာလက်ကို ဘယ်လက်နှင့် ကိုယ်တွယ်ပွတ်သပ်နေပြီးနောက် ညာဘက် လက်ပေါ်မှ လက်အိတ်ကို ဆွဲချွတ်လိုက်၏။

နန်စီသည် ဘက်တီ၏ ညာလက်ကို ထိတ်ထိတ်လန့်လန့်ဖြင့် ချောက်ချော



ချားချားနှင့် ငေးကြည့်နေမိသည်။ တစ်ကြိမ်က လှပသောလက်ကလေးသည် ယခုအချိန်တွင် အရုပ်ဆိုးအကျည်းတန်လှသော ဒဏ်ရာဒဏ်ချက် အမာရွတ်များနှင့် ပြည့်နှက်နေသည်။ လက်ချောင်းကလေးနှစ်ချောင်း လုံးဝမရှိတော့လေပြီ။ ကျန်လက်ချောင်းများမှာလည်း တစ်မျိုးတစ်ဝက် ပြတ်တောက်နေကြ၏။ လက်ချောင်းတစ်ချောင်းမှာ မြင်မကောင်းလောက်အောင် တွန့်လိမ်ကောက်ကွေးနေသည်။

နန်စီက အထိတ်တလန့်နှင့် မေးလိုက်၏။

"ဘုရားရေ မင်းလက်က ဘယ်လိုဖြစ်သွားရတာလဲကွာ"

ဘက်တီသည် ငုံ့ကြည့်လိုက်ပြီးနောက် ၎င်း၏လုပ်ရပ်အား သတိထားလိုက်မိဟန်နှင့် ညာလက်ကို ကပျာကရာ ပြန်ဖုံးလိုက်သည်။

"အဲဒါ. . . အဲဒါက မတော်တဆဖြစ်သွားတဲ့ ကိစ္စတစ်ခုပါ၊ သူတို့က ကျွန်မကို ဆရာဝန်ဆီ သွားခွင့်မပေးကြဘူး"

ဘက်တီသည် မျက်ရည်မကျအောင် အနိုင်နိုင်ကြိုးစား၍ ထိန်းသိမ်းနေရဟန်တူသည်။

"ဘယ်သူက တားမြစ်တာလဲ"

နန်စီတစ်ယောက် ဒေါသဖြစ်လာလေပြီ။

"ဘဲဗ်ဆောင်းကလား"

ဘက်တီက ခေါင်းညိတ်လိုက်၏။

"ပြီးတော့ ဂရီးဂိုဗ်လည်း ပါတယ်"

"ဂရီးဂိုဗ်ဆိုတာ ဘယ်ကောင်လဲ၊ သူတို့က မင်းကို ဘာဖြစ်လို့ ဆရာဝန်ဆီခေါ်မသွားကြတာလဲ"

နန်စီသည် အကောင်းပကတိရှိနေသော ဘက်တီ၏ ဘယ်လက်အား စားပွဲပေါ်မှကျော်၍ လှမ်းဆုပ်ကိုင်လိုက်ပြီးနောက် နှစ်သိမ့်လိုက်၏။

"ချာတိတ်ရယ်၊ ကိုယ် မင်းကို ကူညီပါရစေကွာ၊ ကိုယ်ကူညီနိုင်ပါတယ်"

ဘက်တီက ခေါင်းခါလိုက်၏။ သူ့အမူအရာက အရာရာကို စိတ်လျှော့ထားဟန် တူသည်။

နန်စီက တောင်းပန်တိုးလျှိုးလိုက်သည်။

"ဘာဖြစ်သလဲဆိုတာလောက်တော့ ပြောပြစမ်းပါကွာ"

ဘက်တီသည် ဆတ်ကနဲငုံ့လိုက်ပြီးနောက် စုတ်ပြတ်နေသော အညိုရောင်ဆက်ကိုင်အိတ်တစ်လုံးကို ကြမ်းပြင်ပေါ်မှ ကောက်ယူလိုက်သည်။ ဘက်တီသည် ကက်ဆက်တိတ်ခွေနှစ်ခုကို ထိုအိတ်ထဲမှ ထုတ်ယူလိုက်ပြီးနောက် စားပွဲပေါ်တွင် တင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအထဲမှာ အကုန်ပါတယ်"

ထို့နောက် ဘီယာဖန်ခွက်ကို တစ်ကျိုက်တည်းနှင့် မော့ချလိုက်ပြီး ပြန်ရန် တ်တတ်ရပ်လိုက်သည်။

နန်စီက ကန့်ကွက်လိုက်၏။

"ဟေး. . . ဒီမှာဆက်နေပြီး ကိုယ့်ကို ဘာဖြစ်လို့ ပြောမပြနိုင်ရတာလဲကွာ"

ဘက်တီတစ်ယောက် ထွက်ခွာသွားလေပြီ။ ဘက်တီနောက်သို့ ကောက် ကောက်ပါအောင် ထလိုက်ခြင်းဖြင့် အကျိုးထူးဖွယ်ရာမရှိ၊ နန်စီသည် ကက်ဆက်ခွေများ ကို ကောက်ယူလိုက်၏။ အိမ်သို့ရောက်၍ ညအချိန်ကျမှ ထိုကက်ဆက်နှစ်ခွေကို ဖွင့်၍ နားထောင်တော့မည်။ ကက်ဆက်ခွေထဲတွင် ထိုက်ထိုက်တန်တန် သတင်းပလင်းများ ပါရှိလာတန်ကောင်းရဲ့ဟုသာ မျှော်လင့်ရတော့သည်။

"ကျွန်မ ဘာကိုမှ မထိတ်လန့်တော့ပါဘူး" ဟု ဘက်တီက နန်စီမိုလီနော့အား ပြောလိုက်စဉ်က ထိုစကားမှာ အကြွင်းမဲ့ မှန်ကန်လေသည်။ ယမန်နေ့ကမူ ဘက်တီ သည် အဖမ်းခံရမည်ကို ကြောက်သည့်စိတ်နှင့် ထောင်ထဲတွင် တစ်သက်တစ်ကျွန်း ကျခံမည်ကို ကြောက်လန့်သောစိတ်တို့မှ လွတ်မြောက်သွားသည့် ဆုံးဖြတ်ချက်တစ်ရပ် တို့ ချမှတ်နိုင်ခဲ့၏။

ဘက်တီ၏ဆုံးဖြတ်ချက်သည် ရိုးရိုးစင်းစင်းနှင့် ရှင်းရှင်းကလေးမျှသာ ဖြစ် သည်။ ငွတ်အတင်းပေကစ်ပြီး မရမက မေးမြန်းတတ်သော အဆိုပါ အသားမည်း သတင်းထောက်မအား ကက်ဆက်တိတ်ခွေ နှစ်ခွေကို ပေးအပ်လိုက်မည်။ ထိုသတင်း ထောက်မကလည်း မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်သင့်သည်ကို သိရှိလိမ့်မည် သာ။ ထိုကဲ့သို့ တိတ်ခွေနှစ်ခွေအား ပေးအပ်လိုက်ပြီးသည်နှင့်တစ်ပြိုင်နက် ဘက်တီ သည် မိမိကိုယ်ကိုမိမိ အဆုံးစီရင်တော့မည်ဟု ဆုံးဖြတ်လိုက်ခြင်းသာတည်း။

အရက်ဆိုင်နှင့် ဝေးရာဆီသို့ လမ်းလျှောက်လာနေစဉ် ဘက်တီသည် ငြိမ်းချမ်း သည့်အရသာကို ခံစားနေရသည်။ ငြိမ်းချမ်းသော အရသာကို ဘက်တီ မခံစားခဲ့ရသည် မှာ ကာလအတန်ပင် ကြာခဲ့လေပြီ။ ဘက်တီသည် ဂရီးဂိုရီ၏ တိုးတိုးဖော်အဖြစ် ခံယူ ခဲ့ရစဉ်က စိတ်လှုပ်ရှားမှုများသည် ရင်ထဲ၌ တလိပ်လိပ် ပေါက်ဖွားလာခဲ့ရသလို အနှေးပါ သော ကိစ္စများတွင် ဂရီးဂိုရီနှင့်အတူ လက်တွဲ၍ ဆောင်ရွက်ခွင့် ရရှိခဲ့သောကြောင့် ဘက်တီအဖို့ အခြားမည်သည့်ကိစ္စကမျှ အလေးထားစရာမဟုတ်တော့ဟု အစပထမ ပိုင်းက ထင်ခဲ့မိ၏။ သို့သော် သူသည် ငြိမ်းချမ်းသည့်အရသာကို မခံစားရပါချေ။ အချိန် များစွာနှောင်းခဲ့သော ကာလသို့ ရောက်ရှိသည့်အခါတွင်မှ ဂရီးဂိုရီ၏စိတ်သည် 'မှုမှန်' ပါရဲ့လား၊ နှမျှားရှုးနေလေရော့သလားဟု ဘက်တီတစ်ယောက် စတင်တွေးမိတော့သည်။



သို့တိုင်အောင် ဘက်တီသည် ဂရီးဂိုရီအပေါ် ယခုအချိန်အထိ မေတ္တာမပြယ် သေးပါ။ ယခုအချိန်မှာပင် ဂရီးဂိုရီတစ်ယောက် ကြီးကြီးကျယ်ကျယ် မထိခိုက်ပါစေနှင့်၊ ဒဏ်ရာအနာတရ ဆိုးဆိုးရွားရွား မဖြစ်ပါစေနှင့်ဟု ဆုတောင်းနေမိဆဲပင်။

ဘဒ်ဆောင်းနှင့် ပတ်သက်၍မူ ဘက်တီသည် နည်းနည်းကလေးမျှပင် မေတ္တာ မရှိပါ။ ဘဒ်ဆောင်းသည် ကောက်ကျစ်စဉ်းလဲသည်။ ရက်စက်သည်။ သူသေသွားသည် ဖြစ်စေ၊ ထောင်ထဲ၌ အရိုးဆွေးသည်အထိ တစ်သက်လုံး နေသွားရသည်ဖြစ်စေ ဘက်တီ က လုံးဝဂရုမစိုက်ပါ။

ထို့နောက် ဘက်တီသည် သူကိုယ်တိုင် သေဆုံးသွားမည်ဖြစ်၍ ဘဒ်ဆောင်း သို့မဟုတ် ဂရီးဂိုရီတို့သည် မည်သို့မည်ပုံဖြစ်၍ ကျန်ရစ်ခဲ့ကြမည်ကို သိနိုင်ခွင့်ရတော့မည် မဟုတ်ကြောင်း ပြန်သတိရလာသည်။ ဘက်တီသည် အသက် (၂၂) နှစ်မျှသာ ရှိသေး သည်။ သူ မသေချင်သေးပါ။ သို့သော် ဘက်တီသည် ၎င်း၏ နောက်ဆုံးနေ့ရက်များ အား ထောင်ထဲတွင် တစ်သက်တာလုံးလုံး မကုန်ဆုံးစေချင်ပေ။

ဘက်တီသည် ရှေ့သို့ ဆက်လက်လျှောက်မြဲ လျှောက်လာနေမိသည်။ သူ မည်သည့်နေရာသို့ ဦးတည်၍ လျှောက်နေကြောင်း သူသိပါသည်။

ဘက်တီသည် ဂရီးဂိုရီက လုံခြုံရေးအစောင့်နှစ်ဦးအား သတ်ဖြတ်လိုက်သော လွန်ခဲ့သောလေးလ မပြည့်တတ်ပြည့်တတ် အချိန်ကာလကစ၍ သူကိုယ်တိုင်လည်း လူနှစ်ယောက်သတ်မှုတွင် ဂရီးဂိုရီနှင့်အတူ ထပ်တူထပ်မျှ အပြစ်ရှိသူဖြစ်ကြောင်း နား လည်သဘောပေါက်ခဲ့ရသည်။ ဘက်တီသည် ထွက်ပြေးတိမ်းရှောင်နေသော ရာဇဝတ် ကောင်တစ်ယောက်သာ ဖြစ်သည်။ ထိုအချိန်မှစ၍ ဘက်တီတစ်ယောက် ကြောက်အား ပိုခဲ့မိသည်။ ပို၍ပို၍ သောကဖြစ်ခဲ့ရသည်။ အချို့သောညများတွင် ဂရီးဂိုရီ၏နံဘေး၌ လဲလျောင်းရင်း သူငယ်စဉ်ဘဝက နေထိုင်ခဲ့ရသော ကင်းဆက်ပြည်နယ်မှ ယာတော တလေးဆီသို့ ပြန်သွားနိုင်ခွင့်ရှိခဲ့လျှင် ကောင်းလေစွဟု တွေးမိသည်။ သို့သော် ဘက်တီ သည် ပေါက်တတ်ကရ ကိစ္စများကို တွေးတောနေမိခြင်းသာဖြစ်ကြောင်း သူသိပါသည်။

ထိုယာတောမှာ ဘက်တီအတွက် မေတ္တာ၊ ကရုဏာ လုံးဝမရရှိသော နေအိမ် ဖြစ်သည်။ လူမှန်းသူမှန်း သိတတ်ကာစ အရွယ်မှစ၍ ဆိုးဆိုးရွားရွား ဖြစ်ပွားလေ့ရှိ သော မိဘနှစ်ပါး၏ ရန်ပွဲများကို (စိတ်မသက်မသာနှင့်) တွေ့ကြုံခဲ့ရသည်။

ဘက်တီသည် အဲတောင်အလက် စုံလင်သည်နှင့်တစ်ပြိုင်နက် အစ်ကိုနှစ် ယောက်နှင့် အစ်မတစ်ဦးတို့၏ နမူနာအတိုင်း နေအိမ်မှ ထွက်ခွာလာခဲ့ပြီးဖြစ်ရာ မည် သည့်အခါတွင်မျှ နေအိမ်သို့ ပြန်သွားတော့မည် မဟုတ်ချေ။ ယခုအချိန်တွင် ဘက်တီ၏ မိဘနှစ်ပါးသည် သက်ရှိထင်ရှားရှိနေခြင်း ရှိမရှိကို သူမသိပါ။ ၎င်းအပြင် အခြား မိသားစုဝင်များသည် မည်သည့်အရပ်၌ ရှိနေကြသည်ကိုလည်း သူမသိပါ။ ဂရုသည်း

www.burmeseclassic.com

www.burmeseclassic.com



မစိုက်ပါ။ သို့သော် ၎င်း၏ မိဘနှစ်ပါး သို့တည်းမဟုတ် ညီအစ်ကိုမောင်နှမများသည် ၎င်းသေဆုံးသည့်သတင်းအား ဖတ်ရှုသိရှိကြသည့်အခါ ၎င်းတို့၏စိတ်ထဲ၌ ထိခိုက်ခြင်း ရှိမရှိကိုမူ သိချင်နေမိသည်။

ဘက်တီသည် အမေရိကန်နိုင်ငံ၏ အနောက်ဘက်ဒေသသို့ ရောက်ရှိလာသောအခါ ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင်တွင် အရောင်းစာရေးသည်အဖြစ် အလုပ်ရရှိခဲ့သည်။ ယခုဘဝသို့ ရောက်ရှိလာရသည့်ကိစ္စမှာ မိတ်ဆွေတစ်ယောက်က ဘက်တီအား နိုင်ငံရေး ဆွေးနွေးပွဲများသို့ ခေါ်ဆောင်သွားရာမှ အစပြုခဲ့ခြင်းဖြစ်သည်။

ဘက်တီသည် အဆိုပါ ဆွေးနွေးပွဲများတွင် ဂရီးဂိုရီနှင့် ဆုံတွေ့ခဲ့ရပြီးနောက် ဂရီးဂိုရီက ဘက်တီအား အလုပ်မှထွက်၍ လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စု၏ မြေအောက်အဖျက်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးပါရန် စည်းရုံးသိမ်းသွင်းသည်။ ထိုစဉ်က ၎င်းသည် မည်သည့်ဘဝသို့ ရောက်ရှိသွားလိမ့်မည်ကို ဘက်တီ မတွေးတတ်ခဲ့ပါချေ။ သို့သော် ပျော်စရာကောင်းသလိုလိုဟု ထင်ခဲ့မိသည်။

မကြာခင်ကမူ ဘက်တီက ၎င်းသည် ဂရီးဂိုရီ၏ တိုးတိုးဖော်အဝမှ ရောထွေးလျှောကျတော့မည်ဖြစ်ကြောင်း ရိပ်စားမိလာသည်။ ဂရီးဂိုရီသည် ၎င်း၏လုပ်ငန်းနှင့် ပတ်သက်သမျှကို လျှို့လျှို့ဝှက်ဝှက် လုပ်ကိုင်လာသည်။ဘက်တီအား မယုံကြည်တော့သည်မှာ သိပ်ကို သေချာလှသည်။ ထို့နောက် ဘက်တီသည် ဘာကြောင့်ဟူ၍ အကြောင်းမည်မည်ရရမပြနိုင်ဘဲ ဂရီးဂိုရီနှင့် ဒေဗီဘဲဆောင်းတို့၏ ဆွေးနွေးချက်များအား အသံဖမ်းယူ၍ တိတ်တဆိတ် ခိုးယူနားထောင်မိခဲ့သည်။ ခိုး၍နားထောင်ရန်ဆိုသည့်ကိစ္စမှာ သိပ်မခက်လှပါ။ အသံဖမ်းရန် ကိရိယာက အဆင်သင့်ရှိနေသည့်အပြင် မည်သို့မည်ပုံ လုပ်ရကိုင်ရမည်ကို ဘက်တီအား ဂရီးဂိုရီက သင်ပြပေးထားပြီးလည်း ဖြစ်သည်။ ဤနည်းဖြင့် ဘက်တီသည် ခရစ္စတိုဖာကိုလံဘတ်စ်ဟိုတယ်၌ ယနေ့ည၊ သို့မဟုတ် ပို၍တိတိကျကျဆိုရပါက နက်ဖြန်မနက် ၁ နာရီတွင် အတုံးအရုံး သေကြေပျက်စီးကုန်အောင် ဗုံးဖောက်ခွဲမည့် အစီအစဉ်ကို သိလာရခြင်းဖြစ်သည်။

တိတ်ခွေထဲ၌ ဂရီးဂိုရီနှင့် ဘဲဆောင်းတို့၏ ဆွေးနွေးချက်များအပြင် မှတ်မိသလောက် ပြောပြမှတ်တမ်းတင်ထားသည့် ဘက်တီ၏အသံကိုလည်း ဖမ်းယူထားသည်။ သူဘာဖြစ်လို့ ဒီလိုလုပ်မိပါလိမ့်။ ယခုအချိန်အထိ သူကိုယ်တိုင်လည်း ပြောမပြတတ်ပါ။ ဂရီးဂိုရီကျူးလွန်မည့် ပြစ်မှုအား ကာကွယ်လိုက်ခြင်းဖြင့် ဂရီးဂိုရီအပေါ် နောင်သံသရာတွင် ကျရောက်မည့်အပြစ်များ ပေါ့လျော့သွားစေရန် ရည်ရွယ်ရင်းပင် ဖြစ်နိုင်ကောင်းသည်။

ဘက်တီသည် ပတ်ဝန်းကျင်ကို လှေ့လာအကဲခတ်လိုက်၏။ သူသွားလိုသောနေရာနှင့် မဝေးတော့ပြီ။ ထိုနေရာမှာ မြို့ကို အပေါ်မှစီး၍မြင်နေရသော မြက်ပင်ထူ



ထပ်ပေါ်များသည့် တောင်ကုန်းကလေးတစ်ခု ဖြစ်သည်။ အဆိုပါ တောင်ကုန်းကလေးအား 'ဖော်ကွာဝေး'တောင်ကုန်းဟု အများက အမည်ပေးထားကြသည်။ တောင်ကုန်းထိပ်သို့ရောက်အောင် သူ နောက်ဆုံးတက်ခဲ့ရသော ကိုက်နှစ်ရာခန့်မှာ မတ်စောက်ပြီး ကျဉ်းမြောင်းလှသော လမ်းကလေးဖြစ်သောကြောင့် ဘက်တီသည် ဖြည်းညင်းစွာ တက်ခဲ့ရ၏။ တောင်ထိပ်သို့ ရောက်ရှိလာသည်မှာ မြန်လွန်းလှသည်။

ဘက်တီသည် မြက်ခင်းပေါ်တွင် ထိုင်ချလိုက်ပြီး လက်ကိုင်အိတ်ကို ဖွင့်လိုက်၏။ လွန်ခဲ့သော နှစ်ရက်သုံးရက်က ဂရီးဂိုရီ၏ဝပ်ရှော့မှ သူယူထားသည့် ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုပစ္စည်းမှာ သံပိုက်လုံးတစ်ခုထဲတွင် ထည့်ထားသော ဒိုင်းနမိုက်တစ်ချောင်း ဖြစ်သည်။ ငါးစက္ကန့်ကြာမြင့်သော စနက်တံလည်း ပါလာသည်။ ဒါဆိုရင် အချိန်လုံလောက်ပေပြီ။

ဘက်တီသည် လက်ကိုင်အိတ်ထဲသို့ နောက်တစ်ကြိမ် လက်နှိုက်၍ရှာလိုက်ရာ မီးခြစ်တစ်လုံး ပါလာပြန်၏။ တရကြမ်းတိုက်ခတ်နေသော လေထဲတွင် မီးခြစ်ကလေးအား မီးတောက်အောင် ကြိုးပမ်းနေရစဉ် ဘက်တီ၏လက်များမှာ တဆတ်ဆတ် တုန်နေကြသည်။ နောက်ဆုံးတွင် မီးခြစ်ကလေးသည် မတောက်ချင့်တောက်ချင်နှင့် မီးထ၍ တောက်လာ၏။

ဘက်တီသည် ပိုမို၍တုန်ယင်စွာဖြင့် စနက်တံအား မီးခြစ်မှ မီးတောက်ကလေးနှင့် ညှိ၍ရအောင် ကြိုးစားပမ်းစား ဆောင်ရွက်ရပြန်သည်။ စနက်တံတွင် ချက်ခြင်းမီးစွဲလောင်၏။ ဘက်တီသည် မီးခြစ်ကို လွှတ်ချလိုက်ပြီးနောက် ဒိုင်းနမိုက်အား ၎င်း၏ ရင်ခွင်တွင် ဖိကပ်ထားလိုက်သည်။ ဘက်တီသည် မျက်စိနှစ်လုံးကို စုံမှိတ်ရင်း ဆုတောင်းလိုက်သည်။

□ □ □

www.burmeseclassic.com



အိပ်ပျော်စပြုနေပြီဖြစ်သော လေးက ဗလုံးဗထွေးနှင့် ပြန်ပြောလိုက်သည်။ ညသန်းခေါင်ယံကို ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း ဘင်ဂျီသည် အိပ်မပျော်သေးချေ။

"ဒယ်ဒီ ဟိုတယ်မှာနေရတာ တကယ်မိုက်တယ်"

"ရက်ကြာလာတော့လည်း အကုန်အကျ များလာတာပေါ့ကွ၊ ကဲ အိပ်တော့နော်"

ကလေးများနှင့် အချီအချပြောဆိုနေသော စကားသံများအား ကြားနေခဲ့ရသော ရှယ်သည် ညေ့ခန်းတွင်းသို့ ပြန်ဝင်လာသော နင်းမ်အား ပြုံးပြလိုက်၏။

"ဒီကနေ့ကတော့ ရှင့်အတွက် ရက်ရာဇာနေ့တစ်နေ့ပါပဲ၊ ရှင့်အကြောင်း သတင်းစာထဲမှာ မျှမျှတတ ရေးထားတဲ့အတွက် ကျွန်မဖြင့် သိပ်ကိုကျေနပ်မိပါတယ်"

ရှယ်သည် ၎င်း၏အနားတွင်ရှိသော ကယ်လီဖိုးနီးယား အိပ်ဇင်းမနား သတင်းစာအား အမှုအရာနှင့်ပြလိုက်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"အဲဒါကတော့ တကယ့်ကို အံ့သြစရာကိစ္စပါပဲကွာ"

နင်းမ်၏မိန့်ခွန်းအကြောင်း မှန်မှန်ကန်ကန် ရေးသားထားသော နန်စီမိုလီနော့ ၏သတင်းကို နင်းမ်ကိုယ်တိုင် ဖတ်ရှုပြီးဖြစ်သည်။

"အဲဒီအမျိုးသမီးကို ဘယ်လိုအကဲခတ်ရမှန်းတောင် မသိတော့ပါဘူးကွာ၊ အဲဒီ အမျိုးသမီးကလေးက ကိုယ့်နောက်ကျောကို ဓားနဲ့ထိုးဦးတော့မှာပဲလို့ ကိုယ်က ထင်ထားတာ"

ရှယ်က မထိခလုတ် ထိခလုတ် စကားကလေးနှင့် ပြန်ဖြေလိုက်၏။

"ကျွန်မတို့ အမျိုးသမီးတွေရဲ့သဘောကို တစ်ထစ်ချခန့်မှန်းဖို့ မလွယ်ဘူးဆိုတာ ရှင်ခုထက်ထိ နားမလည်သေးဘူးလား"

နင်းမ်သည် ရှေ့သို့ကုန်းလိုက်ပြီးနောက် ရှယ်၏လည်ပင်းကို တယုတယနမ်းရင်း မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်လိုက်သည်။

"မင်း နေကောင်းရဲ့လား"

"အများအားဖြင့်တော့ သာမန်အတိုင်းပါပဲ၊ ဒါပေမယ့် အရင်ကထက်စာရင် ခုတလော ပိုပြီး မောလွယ်ပန်းလွယ်တယ်"

နင်းမ်သည် ရှယ်၏လက်အား လှမ်း၍အုပ်ကိုင်လိုက်ပြီးနောက် ပြောလိုက်၏။

"မင်းလည်းအိပ်ချင်ပြီ၊ ကိုယ်လည်းအိပ်ချင်ပြီ၊ ကဲ အိပ်ရာဝင်ကြရအောင်"

သူတို့နှစ်ယောက်သည် တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ရင်း အိပ်ခန်းထဲသို့ ဝင်သွားကြသည်။ နင်းမ်သည် မီးမမှိတ်မီ အချိန်မည်မျှရှိပြီကို ခေါ်ကြည့်ထား၍ ကြည့်လိုက်မိသည်။ နံနက် (၁) နာရီနှင့် မိနစ် (၃၀) ရှိလေပြီ။

## အခန်း (၂၀)

ညီလာခံ၏ ဒုတိယနေ့ အစီအစဉ်များ ပြီးစီးသွားလေပြီ။

ညီလာခံကျင်းပရာ ခန်းမဆောင်ကြီးတွင် လူရှင်းလျက်ရှိသည်။ ညီလာခံကိုယ်စားလှယ် အများစုနှင့် ကိုယ်စားလှယ်အချို့၏ မိသားစုများသည် ၎င်းတို့၏ အိပ်ခန်းများထဲ၌ အသီးသီး အသက ရောက်ရှိနေကြလေပြီ။ ကိုယ်စားလှယ်များထဲ၌ အပျော်ကြူးသူအချို့သည် ယခုအချိန်အထိ ကခုန်မြူးထူးနေကြဆဲပင်။ အများစုကမူ အိပ်ရာထဲ၌ အိပ်မောကျ၍ နေကြလေပြီ။

ညီလာခံကိုယ်စားလှယ်များထဲမှ အသက်ငယ်ရွယ်သူအချို့သည် မြို့လယ်ရှိ ချွတ်ပွဲများ၊ ဘားများနှင့် စားသောက်ဆိုင်များတွင် လှည့်လည်၍ ကျက်စားနေကြရာမှ တည်းခိုရာ ခရစ္စတိုဖာကိုလံဘတ်စ် ဟိုတယ်ဆီသို့ ဦးတည်၍ ပြန်လာစပြုနေကြလေပြီ။ နံနက် (၂) နာရီအထိသာ ဖွင့်လှစ်သော ဘားဆိုင်များ ပိတ်သိမ်းကြသည့်အခါ ကိုလံဘတ်စ် ဟိုတယ်သို့ မဖြစ်မနေ ပြန်လာရမည်သာတည်း။

"မင်္ဂလာညပါ ကလေးတို့ရယ်"

နင်းမ်သည် လေးနှင့် ဘင်ဂျီတို့အိပ်စက်ရာ အိပ်ခန်းထဲသို့ဝင်၍ မွှေးမွှေးပေးလိုက်ပြီးနောက် မီးမှိတ်ပေးရင်း နှုတ်ဆက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ချက်ချင်းလိုလိုပင် တစ်ဦး၏ရင်ခွင်၌ တစ်ဦးကခိုဝင်လျက် အိပ်မောကျသွားကြလေသည်။

□

ဟိုတယ်မှ နှစ်ဖာလုံခန့် ဝေးကွာသောနေရာတွင် ဂရီးဂိုစ်ဝင်းစလိုးအာချန်ဘော့သည် အနီရောင်ပစ်ကပ် ထရပ်ကားထဲ၌ တစ်ဦးတည်းထိုင်နေသည်။ သူသည် နံနက်သုံးနာရီတွင် စတင်ပေါက်ကွဲမည့် ဗုံးများအား ထိုအချိန်အထိ သည်းညည်းခံ၍ စောင့်မနေနိုင်အောင် ဖြစ်နေသည်။

အစီအစဉ်မှန်သမျှသည် ရာခိုင်နှုန်းပြည့်နီးပါး ချောချောမွေ့မွေ့ ချောချောရှုရှု ဖြစ်လာခဲ့ရသည်မှာ မယုံနိုင်စရာတစ်ရပ်ပင် ဖြစ်နေသည်။ ဟိုတယ်ထဲသို့ ထရပ်ကား ဝင်ရောက်နိုင်အောင် ရဲများက လမ်းဖယ်ပေးလိုက်သည့် အချိန်ကစ၍ လွှတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုသည် ဟိုတယ်ထဲ၌ နှစ်ကြိမ်သာ အမေးအမြန်း အစစ်အဆေး ခံခဲ့ရသည်။ လုံခြုံရေး အစောင့်သမားတစ်ဦးက ယူတီအား မေးမြန်းစစ်ဆေးခဲ့သလို လက်ထောက် မန်နေဂျာတစ်ယောက်ကလည်း ဂရီးဂိုစ်အား စစ်ဆေးမေးမြန်းခဲ့သည်။ နှစ်ကြိမ်စလုံးပင် ၎င်းတို့အဖို့ ချွေးပြန်စရာ ဖြစ်ခဲ့ရသော်လည်း အလုပ်အပ်နှံကြောင်း အကြောင်းကြားသည့် စာများကို ချက်ချင်းလက်ငင်း ထုတ်ပြနိုင်ခဲ့သောကြောင့် နောက်ထပ်၍ အမေးအမြန်း အစုံစမ်း မခံရတော့ချေ။

ယခုမူ စောင့်နေရုံမျှသာ ရှိတော့သည်။ စောင့်နေရသည့်ကာလမှာ အခက်ခဲဆုံး အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ ဟိုတယ်တစ်ခုလုံး မှိန်ဟုန်းဟုန်း တောက်လောက်နေပြီးနောက် ဟိုတယ်ထဲ၌ လူအများစု ပိတ်မိနေကြသည့်အချိန်တွင် ဂရီးဂိုစ်သည် ၎င်းသိကုံးထားသော ကြေငြာချက်အား ရေဒီယိုအသံလွှင့်ဌာနတစ်ခုသို့ တယ်လီဖုန်းနှင့် ဆက်သွယ်အကြောင်းကြားရန် စိတ်ကူးထားသည်။ အဆိုပါကြေငြာချက်၌ ၎င်း၏ တောင်းဆိုချက်အသစ်များကို ထည့်သွင်းဖော်ပြထားသည်။ လွှတ်လပ်ရေး၏ မိတ်ဆွေများအုပ်စု၏ စွမ်းပကားကို သိရှိလာကြသော လျှပ်စစ်လောကမှ ဖက်ဆစ်အုပ်စုသည် ၎င်း၏တောင်းဆိုချက်များကို ချက်ချင်းလက်ငင်း လိုက်နာလာကြလိမ့်မည်သာ။

ဂရီးဂိုစ်၏ရင်ထဲ၌ မရှင်းမလင်းဖြစ်နေသော ကိစ္စလေးတစ်ခုသာ ရှိနေသည်။ ဘက်တီတစ်ယောက် ရုတ်တရက် ပျောက်ကွယ်သွားမှုအတွက် ဂရီးဂိုစ်ရင်ထဲ၌ မရှင်းမလင်း ဖြစ်နေခဲ့ရသည်။ ဆန်ကျင်ဘက်လိင်နှင့် ပတ်သက်သော ၎င်း၏ပျော့ညံ့ချက်ကို ပြန်၍တွေးမိလာသည်။ လွန်ခဲ့သော ရက်သတ္တပေါင်း များစွာကပင် ထိုအမျိုးသမီးအား အစ,ဖျောက်ပစ်သင့်ခဲ့သည်။ ဘက်တီပြန်လာသောအခါတွင် ထိုကိစ္စအား ချက်ချင်းလက်ငင်း အကောင်အထည် ဖော်ရလိမ့်မည်။ ဘက်တီပြန်လာလိမ့်မည်ဟုလည်း ဂရီးဂိုစ် အနေနှင့် စွဲမြဲစွာ ယုံကြည်ထားသည်။ ၎င်းအပြင် ၎င်း၏ နောက်ဆုံးတိုက်ပွဲ အစီအစဉ်များနှင့်ပတ်သက်၍ ဘက်တီအား အသိမပေးခဲ့မိသည့်အတွက် ဝမ်းသာရပါသေးသည်။



ဤနေ့သည် သမိုင်းတွင်ရစ်မည့် နေ့တစ်နေ့ပါတကား။

ဂရီးဂိုစ်သည် ဤနေရာသို့ရောက်သော အချိန်မှစ၍ အကြိမ်နှစ်ဆယ်မြောက်အဖြစ် ၎င်း၏လက်ပတ်နာရီကို ကြည့်လိုက်မိပြန်၏။ နံနက် (၁) နာရီ (၄၀) မိနစ်ရှိလေပြီ။ နောက်ထပ် (၁) နာရီနှင့် မိနစ် (၂၀) စောင့်ရပေဦးတော့မည်။

□

ကြိုတင်၍ အကာအကွယ်ယူသည့်အနေနှင့် ဘဒ်ဆောင်းသည် အခင်းဖြစ်ပွားသည့်အချိန်တွင် အခြားတစ်နေရာ၌ ရောက်ရှိနေကြောင်း သက်သေပြချက်တစ်ခု ရရအောင် ကြိုးပမ်းနေသည်။ သူသည် ခရစ္စတိုဖာကိုလံဘတ်စ်ဟိုတယ်နှင့် မိုင်နှစ်ဆယ် ဝေးကွာသောနေရာ၌ပင် ဆက်နေသွားရန် ရည်ရွယ်ချက်ရှိသည်။

လွန်ခဲ့သော နာရီပေါင်းများစွာကစ၍ သူသည် ပညာဆည်းပူးလိုစိတ်ရှိသော အက်ကြီးရွယ်အို အုပ်စုတစ်အုပ်အား (နိုင်ငံရေးအကြောင်း) ဟောပြောပို့ချက်လျက်ရှိသည်။ ယခု ဟောပြောပွဲ ပြီးဆုံးသွားပြီဖြစ်သော်လည်း အဆိုပါအုပ်စုမှ ဖွဲ့ကောင်းသူတစ်ဒါဇင်ခန့်က နိုင်ငံတကာ အရေးအခင်းများအကြောင်း ရောက်တတ်ရာရာ ပြောဆိုဆွေးနွေးပွဲ၌ ၎င်းကိုယ်တိုင် ဝင်ရောက်ဆွေးနွေးဆဲပင်။ ထိုဆွေးနွေးပွဲမှာ အာရုဏ်ဦးသို့ ရောက်သည်အထိ ရှည်လျားသွားနိုင်သည်။ ကောင်းသည်။ ကောင်းသည်။ သိပ်ကောင်းသည်။ ထိုဆွေးနွေးပွဲတွင် သူရှိနေကြောင်း သတိထားမိကြအောင် ဝင်ရောက်ဆွေးနွေးခြင်း ဖြစ်သည်။

ဒေဗီဘဒ်ဆောင်းထံတွင်လည်း စာနယ်ဇင်းများသို့ ထုတ်ပြန်ပေးမည့် ကြေငြာချက်တစ်ခု အဆင်သင့်ရှိနေသည်။ ၎င်း၏အိတ်ထဲတွင် မိတ္တူတစ်စောင် ရှိနေ၏။ ထိုကြေငြာချက်မှာ. . .

“လူများစု၏ ထောက်ခံအားပေးမှုကို ရရှိလျက်ရှိသော လုပ်သားပြည်သူများ၏ စွမ်းအင်နှင့် အလင်းရောင်အုပ်စုသည် အကြမ်းဖက်မှုများအား မည်သည့်အခါတွင်ကမျှ လက်မခံခဲ့ပါ။ အထူးသဖြင့် ယမန်နေ့ညက ခရစ္စတိုဖာကိုလံဘတ်စ်ဟိုတယ်၌ ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲမှုအတွက် များစွာ ဝမ်းနည်းမိပါကြောင်း”

ဘဒ်ဆောင်းသည် ထိုကြေငြာချက်အကြောင်း တွေးမိသဖြင့် မိမိဘာသာ ပြုံးလိုက်မိပြီးနောက် ၎င်း၏ လက်ပတ်နာရီအား မသိမသာ ကြည့်လိုက်မိ၏။ နံနက်

www.burmeseclassic.com



(၁) နာရီနှင့် (၁၄) မိနစ် ရှိလေပြီ။

၁

နန့်စီမိုလီနော့သည် နောက်ကျခဲ့၍ ကျင်းပနေသော ပါတီပွဲတွင် ဖွဲကောင်းကောင်းနှင့် ပေကပ်၍ ယခုအထိတိုင် ရှိနေဆဲပင်။ ဤပါတီပွဲသို့ လာရောက်ရသည်မှာ ကျေနပ်စရာကောင်းသည်။ သို့သော် သူပြန်ချင်စိတ် ဖြစ်ပေါ်နေလေပြီ။ ပြန်ချင်သည့် အချက်များထဲတွင် ပင်ပန်းနွမ်းနယ်မှုကလည်း တစ်ကြောင်းဖြစ်သည်။ ဒီကနေ့သည် ယား၍ပင် မကုတ်နိုင်အောင် အလုပ်ရှုပ်သည်ဆိုသော နေ့တစ်နေ့ဖြစ်သည်။

နန့်စီသည် အိမ်ရှင်ဇနီးမောင်နှံကို နှုတ်ဆက်ပြီးနောက် ပါတီပွဲကျင်းပရာ အပေါ်ဆုံးထပ်မှ အောက်ဘက်သို့ ဓာတ်လှေကားနှင့် ဆင်းခဲ့၏။ နန့်စီ၏ မော်တော်ကားသည် တံခါးဝတွင် အဆင်သင့် ရောက်ရှိနေလေပြီ။ နန့်စီသည် တံခါးစောင့်အား ဘောက်ဆူးပေးလိုက်ပြီးနောက် လက်ပတ်နာရီကို ကြည့်လိုက်၏။ နံနက် (၁) နာရီနှင့် မိနစ် (၅၀) ရှိလေပြီ။ နန့်စီနေထိုင်ရာအိမ်ခန်းမှာ ဆယ်မိနစ်ပင် မဝေးသောနေရာ၌ ရှိသည်။ ကံကောင်းလျှင် နှစ်နာရီထိုးပြီး သုံးလေးမိနစ်အတွင်း အိပ်ရာတွင်းသို့ ရောက်၍ နိုင်မည်ဖြစ်သည်။

နန့်စီသည် ဘဝ၏အရသာကို ပြည့်ပြည့်ဝဝ ခံစားတတ်သူတစ်ဦးဖြစ်ကြောင်း ၎င်းနေထိုင်သည့် အိမ်ခန်းက သက်သေခံလျက်ရှိသည်။

ခန်းလုံးပြည့်ခင်းထားသော ဧည့်ခန်းထဲမှ အညိုနုရောင် မွေးပွကော်ဇောကြီးသည် ပြတင်းပေါက်၌ တပ်ဆင်ထားသော ခန်းဆီးများနှင့် အရွေးအရောင် တူညီသည်။ လိုက်ဖက်ညီလှသည်။

အိမ်ခန်းထဲ၌ ဆင်ယင်ထားသော ပစ္စည်းပစ္စယများသည် အဖိုးထိုက်အဖိုးတန်ချည်းများသာ ဖြစ်သည်။ အကယ်၍ လိုအပ်လာပါက နန့်စီသည် မည်သည့်နေရာထိုင်ခင်းမျိုးတွင်မဆို နေထိုင်နိုင်သူဖြစ်ပြီး ၎င်းရရှိသောဝင်ငွေနှင့် လောက်ငှစွာ သုံးစွဲနိုင်စွမ်းရှိသူ ဖြစ်သည်။

သို့ရာတွင် ၎င်း၏ဖခင်က နန့်စီသုံးစွဲရန် ရှာဖွေပေးခဲ့သောငွေကို သုံးစွဲရန်လည်း ၎င်းအနေနှင့် လက်မတွန့်ခဲ့ပါချေ။ သို့တိုင်အောင် သူသုံးစွဲနိုင်သည့်ကိစ္စကို လူသိမခံလိုသောကြောင့် သတင်းစာလောကမှ လုပ်ဖော်ကိုင်ဘက်များအား ဤအိမ်ခန်းသို့ ခေါ်ဆောင်လာလေ့ မရှိခဲ့ချေ။

နန့်စီသည် အိမ်ခန်းထဲ၌ ဟိုဟိုဒီဒီ လျှောက်သွားနေရင်းကပင် တိတ်ခွေနှစ်ခွေကို သတိရလာသောကြောင့် နံနက်ပိုင်း၌ ဖွင့်နားထောင်သောအခါ အဆင်သင့်ဖြစ်အောင် တိတ်ခွေနှစ်ခွေကို ရှာဖွေပြီး စားပွဲတင်ကက်ဆက်ဘေး၌ အဆင်သင့်ချထားလိုက်



၏။

နန့်စီသည် အခန်းထဲသို့ ဝင်လာစကပင် ရေဒီယိုကို ဖွင့်လှစ်လိုက်ပြီးနောက် တေးဂီတသံများကိုသာ လွှင့်ထုတ်နေသော အသံလွှင့်ဌာနတစ်ခုအား ဖမ်းယူထားလိုက်သည်။ နန့်စီ ရေချိုးခန်းထဲ၌ သွားတိုက်နေစဉ် တေးဂီတသံများ ရပ်ဆိုင်းသွားပြီး သတင်းများအား စတင်အသံလွှင့်သည်ကို ကြားနေရသည်။

"ယနေ့ညနေပိုင်းက ဖော်ကွာဝေးတောင်တန်းပေါ်မှ တွေ့ရှိလာရသော မိမိကိုယ်ကို သေကြောင်းကြံစည်မှုဟု ယူဆရသည့် အမျိုးသမီးကလေးတစ်ယောက်၏ အလောင်းအား မည်သူမည်ဝါဟု သိရှိရအောင် ဖော်ထုတ်ရာတွင် လုပ်သားပြည်သူများက ဝိုင်းဝန်းကူညီကြပါရန် ရဲတစ်ဖွဲ့က မေတ္တာရပ်ခံထားကြောင်း၊ သေဆုံးသည့်နေရာတွင် ဗုံးဆံအစအနများကို တွေ့ရှိရသည်ကို သိရှိရကြောင်း၊ အလောင်းမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသော်လည်း အမျိုးသမီး၏ လက်တစ်ဘက်တွင် ယခင်က ဖြစ်ပွားခဲ့သော ဒဏ်ရာဒဏ်ချက်ကြောင့် လက်ချောင်းကလေးနှစ်ချောင်း ပြတ်တောက်နေသည်ကို တွေ့ရှိရသည်ဟု သိရှိရကြောင်း"

နန့်စီသည် သွားပွတ်တံကို လွှတ်ချလိုက်မိ၏။

သူကြားလိုက်ရသောသတင်းကို သူ အမှန်တကယ် ကြားလိုက်ရခြင်း ဟုတ်မှ ဟုတ်ပါရဲ့လား။

နန့်စီသည် ရေဒီယိုအသံလွှင့်ဌာနသို့ တယ်လီဖုန်းဆက်၍ အဆိုပါနောက်ဆုံးသတင်းကို နောက်တစ်ခေါက် ထပ်ဖတ်ပြနိုင်းရန် စဉ်းစားမိပြီးနောက် မလိုအပ်ကြောင်း ပြန်သတိရလာသည်။ နန့်စီသည် ထိုသတင်းကို စေ့စေ့စပ်စပ် အာရုံစိုက်၍ နားထောင်ခဲ့ခြင်း မဟုတ်သော်လည်း တစ်ဝက်တပျက် ကြားလိုက်ရသည့် သတင်းအရပင်လျှင် ဘက်တီ၏ အလောင်းသာ ဖြစ်ရမည်ဟု သိနိုင်လောက်ပေသည်။

မြတ်စွာဘုရား။ ဒီချာတိတ်ကို ပေယျာလကန်ထားလိုက်ပြီး နောက်ကလိုက်မကြည့်မိခဲ့သည်မှာ မှားလေခြင်းဟု နန့်စီက တွေးလိုက်မိ၏။ သူ့ကို ကယ်ဆယ်နိုင်စွမ်းတော့ ရှိခဲ့ပါမည်လား။ ဘက်တီပြောခဲ့သော စကားတစ်ခွန်းက ဘာပါလိမ့်။ "ကျွန်မ ဘာကိုမှ မထိတ်လန့်တော့ပါဘူး" တဲ့။ ယခု နန့်စီ နားလည်သဘောပေါက်လာပြီ။

တစ်ဖန်၊ သူသည် ယခုအချိန်အထိ တိတ်ခွေများကို ဖွင့်မကြည့်ဖြစ်သေးချေ။

ချက်ချင်းဆိုသလို နန့်စီတစ်ယောက် လန်းလန်းဆန်းဆန်း ဖြစ်လာသည်။ မောပန်းနွမ်းနယ်နေသမျှ ကင်းစင်ပပျောက်သွားကြလေပြီ။ နန့်စီသည် ကီမိုနိုတစ်ထည်ကို ကောက်ယူဝတ်ဆင်လိုက်ပြီးနောက်၊ ပထမတိတ်ခွေကို ကက်ဆက်ထဲသို့ ထည့်လိုက်၏။ အစပထမတွင် ခဏမျှ အသံတိတ်နေသည်။ ထို့နောက် ဘက်တီ၏အသံထွက်ပေါ်လာ၏။ နန့်စီသည် မှတ်စုစာအုပ်ကို ဒူးခေါင်းပေါ်တွင်တင်ပြီး ခဲတံနှင့် လိုက်လံရေး

www.burmeseclassic.com

www.burmeseclassic.com



မှတ်ရန် အဆင်သင့် ဖြစ်နေလေပြီ။

ဘက်တီ၏အသံ စတင်ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် နန်စီသည် ဆတ်ကနဲ တောင့်တင်းသွားမိသလို အထူးတလည် စိတ်ဝင်စားသွားသည်။

"ယခုကိစ္စမှာ လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စု၏ လူသတ်မှုများနှင့် ဖုံးဖောက်ခွဲမှုများအကြောင်း ဖြစ်ပါသည်။ လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စု၏ တည်နေရာမှာ အမှတ် (၁၁၇)၊ ကာရွက်ကာလမ်း ဖြစ်ပါသည်။ ခေါင်းဆောင်မှာ ဂရီးဂိုစ်-ဝင်းစလိုး အာချန်ဘော့ဖြစ်ပြီး ကျွန်မသည် ဂရီးဂိုစ်၏ အပျော်မယားဖြစ်ပါသည်။ ကျွန်မသည်လည်း ဤအမှုကိစ္စတွင် ပါဝင်နေသူဖြစ်ပါသည်။ ထို့အတူပင် ဖောက်ခွဲရေးပစ္စည်းများနှင့် အခြားပစ္စည်းများ ဝယ်ယူနိုင်ရန် ငွေကြေးထောက်ပံ့နေသော ဒေဗီဘဒ်ဆောင်းလည်း ပါဝင်နေပါသည်။"

နန်စီတစ်ယောက် ပါးစပ်ဟ,လိုက်မိ၏။ သူတစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွားသည်။ သူ့လက်ထဲမှခဲတံသည် မှတ်စုစာအုပ်ပေါ်တွင် ခုန်ပေါက်ပြေးလွှားနေသည်။

ထို့နောက် ဘက်တီ၏အသံအား ထပ်မံကြားရပြန်သလို ယောကျ်ားနှစ်ဦး ဆွေးနွေးနေကြသည့်အသံများ ထပ်မံပေါ်ထွက်လာ၏။ အသံတစ်သံမှာ ဒေဗီဘဒ်ဆောင်း၏ အသံဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိသလို ကျန်အသံတစ်သံမှာ ဂရီးဂိုစ်ဆိုသူ၏ အသံဖြစ်ဖွယ်ရှိသည်။

တိတ်ခွေ၏ ပထမအခြမ်း ပြီးဆုံးသွားလေပြီ။ နန်စီ၏ စားပွဲတင်ကက်ဆက်မှာ ဒုတိယဘက်အခြမ်းသို့ အလိုအလျောက် လှည့်ပြောင်းပေးနိုင်သော အမျိုးအစားဖြစ်ရာ ချက်ချင်းဆိုသလို နောက်ထပ်အသံ ထွက်ပေါ်လာသည်။

ဘက်တီ၏အသံကို ကြားရပြန်၏။ ဘက်တီသည် ညတစ်ညတွင် မင်းဖီးလ်မြို့စွန်ရှိ တောင်ကုန်းကလေးပေါ်၌ ဖြစ်ပျက်ခဲ့သည့်ကိစ္စကို ရှင်းပြနေသည်။ ဓာတ်အားပေးစက်ရုံအား ဖောက်ခွဲသည့်ကိစ္စ၊ လုံခြုံရေး အစောင့်နှစ်ယောက်အား သတ်ဖြတ်သည့်ကိစ္စ။

နန်စီ၏ စိတ်လှုပ်ရှားမှု အရှိန်အဟုန်မှာ အထူးတလည် မြင့်မားလာသည်။ သူမ၏ ဘဝတစ်သက်တာတွင် အထူးခြားဆုံး သတင်းထူးကြီးတစ်ခုအား ရရှိလာခြင်းဖြစ်ပြီး ယခုအချိန်အထိ သူကလွဲလျှင် မည်သူမျှ မသိကြသေးချေ။ နန်စီသည် ဆက်၍ နားထောင်ပြန်၏။ မှတ်စုစာအုပ်ထဲတွင် လိုက်လံဖြည့်စွက် ရေးမှတ်နေပြန်၏။

ဂရီးဂိုစ်နှင့် ဘဒ်ဆောင်းတို့၏ ဆွေးနွေးခန်းသို့ ပြန်ရောက်လာပြန်သည်။ သူတို့ဆွေးနွေးနေသည့် ကိစ္စမှာ ခရစ္စတိုဖာကိုလံဘတ်စ်ဟိုတယ်၊ မီးသတ်ဆေးဘူးများကဲ့သို့ ပုံဖျက်ထားသော ဗုံးများ၊ အနီရောင် ပစ်ကပ်တစ်စီး၊ မီးဒေးအန္တရာယ် ကာကွယ်ရေ



ဆားဗစ်၊ ညီလာခံ ဒုတိယနေ့ည နံနက် (၃) နာရီ . . . စသည်ဖြင့် စသည်ဖြင့်။

နန်စီသည် အသားထဲမှ ယားကျိကျိ ဖြစ်လာ၏။ နန်စီသည် နာရီကို တစ်ချက်ကြည့်လိုက်ပြီးနောက် တယ်လီဖုန်းအား ကမန်းကတန်း လှမ်းဆွဲယူလိုက်သည်။

ဤကိစ္စသည် ယခုအချိန်တွင် သတင်းအနေဖြင့် ဒုတိယဦးစားပေးအဆင့်သို့ ရောက်ရှိသွားသည်။

ရဲတပ်ဖွဲ့သို့ အရေးပေါ် ဆက်သွယ်သည့်နံပါတ် (၉၁၁) အား ဒိုင်ခွက်တွင် လှည့်နေစဉ် နန်စီ၏လက်များမှာ တဆတ်ဆတ် တုန်နေကြသည်။

□

ရဲတပ်ဖွဲ့အရေးပေါ်ဌာနတွင် တာဝန်မှူးကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေရသူ လက်ဖတင်နင်သည် ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ဆန်ဆန် ချမှတ်ပေးလိုက်ရလိမ့်မည်ဖြစ်ကြောင်း နားလည်လိုက်သည်။

သိပ်မကြာသေးခင်က နန်စီမိုလီနော့ထံမှ ဆက်သွယ်လာသည့် တယ်လီဖုန်းအား လက်ခံလိုက်သူ တယ်လီဖုန်းအော်ပရေတာက၊ ထိုသတင်းကို ရေးသွင်းမှတ်သားလိုက်ပြီးနောက်၊ လက်ဖတင်နင်အား တယ်လီဖုန်းစကားပြောခွက်ကို ကောက်ယူနားထောင်ရန် အချက်ပြလိုက်၏။ လက်ဖတင်နင်က ကောက်ယူနားထောင်လိုက်သည်။ ဆက်သွယ်လာသူအား ပြန်လည်မေးမြန်းသည့်အခါ နန်စီက ကယ်လီဖိုးနီးယား ဒီပ်ဖင်းမနားသတင်းစာမှ သတင်းထောက်တစ်ဦး ဖြစ်ကြောင်းနှင့် တိတ်ခွေများအား မည်သို့မည်ပုံ ရရှိခဲ့ပုံ၊ ထိုတိတ်ခွေများထဲမှ သတင်းအချက်အလက်များအား မည်သို့မည်ပုံရလာပုံ စသည်တို့ကို ရှင်းပြသည်။

လက်ဖတင်နင်က ပြန်ပြောလိုက်၏။

"ကျုပ် ခင်ဗျားကိုသိပါတယ် မစ်မိုလီနော့၊ ခင်ဗျား သတင်းစာတိုက်က ပြောနေတာလား"

"မဟုတ်ပါဘူး၊ ကျွန်မအိမ်ခန်းကပါ"

"လိပ်စာပြောပါ"

နန်စီက လိပ်စာကို ပြောပြလိုက်၏။

"ခင်ဗျားနံပါတ်ကို တယ်လီဖုန်းလမ်းညွှန်ထဲမှာ ဖော်ပြထားသလား"

"ဖော်ပြထားပါတယ်"

"တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်ပါ၊ ခုချက်ချင်း ပြန်ခေါ်ပါမယ်"

လက်ဖတင်နင်၏ စကားမဆုံးမီ အရေးပေါ် တယ်လီဖုန်း ဆက်သွယ်မှုများ

www.burmeseclassic.com

www.burmeseclassic.com



အား လက်ခံဆောင်ရွက်ပေးနေသူ အော်ပရေတာ အယောက်နှစ်ဆယ်ထဲမှ တစ်ယောက်သောပုဂ္ဂိုလ်က နန်းစီမိုလီနော့၏ တယ်လီဖုန်းနံပါတ်ကို လမ်းညွှန်စာအုပ်ထဲ၌ ရှာဖွေတွေ့ရှိသွားပြီး စာရွက်တစ်ရွက်ပေါ်တွင် ရေးခြစ်၍ လက်ဖတင်နင်ထံ လှမ်းပေးလိုက်၏။ လက်ဖတင်နင်က ချက်ချင်း ဆက်သွယ်လိုက်၏။

နန်းစီက ချက်ချင်းလိုလိုပင် တောက်ကိုင်လိုက်၏။

"မစ်မိုလီနော့၊ ရဲအရေးပေါ်ဌာနကို ခင်ဗျား တယ်လီဖုန်း ဆက်သွယ်ခဲ့ပါသလား"

"ဆက်သွယ်ခဲ့ပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ ဒီတယ်လီဖုန်းဆက်တဲ့ကိစ္စကို မှန်မမှန်စုံစမ်းဖို့ တာဝန်ရှိပါတယ်၊ နောက်ထပ် ခင်ဗျားနဲ့ဆက်သွယ်ချင်ရင် ဘယ်မှာရှိမလဲ"

"ခရစ္စတိုဖာကိုလံဘတ်စ် ဟိုတယ်ကလွဲရင် ဘယ်မှာရှိနိုင်မှာလဲရှင်"

နန်းစီသည် စကားပြောခွက်ကို ပြန်ချလိုက်သည်။

တာဝန်မှူးကြီး ဦးနှောက်ခြောက်ရလေပြီ။ ယခုရရှိသောသတင်းမှာ သတင်းမှန်ဖြစ်သည့်အပြင် ဗေါးအန္တရာယ်ကလည်း အမှန်တကယ် ရှိနေသည်ဆိုပါက လုပ်မြဲလုပ်စဉ် နည်းလမ်းများကို သုံးစွဲရန် မလုံလောက်ပါ။ သူသည် တစ်ခုတည်းသော ဆုံးဖြတ်ချက်ကို ချမှတ်လိုက်ရလေ၏။ သူက အမိန့်ပေးလိုက်သည်။

"ခရစ္စတိုဖာကိုလံဘတ်စ်ဟိုတယ်က လူတွေကို ချက်ချင်းဖယ်ခိုင်းလိုက်"

ထိုအချိန်မှာ နံနက် (၂) နာရီ (၂၀) မိနစ်။

အရေးပေါ်ဌာနရှိ တယ်လီဖုန်း ဒါဇင်ဝက်ခန့်သည် ချက်ချင်းလိုလို သက်ဝင်လှုပ်ရှားလာကြသည်။ နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်ဌာနများအား လှမ်းအသိပေးလိုက်ကြ၏။ ထို့နောက် ရဲတပ်ဖွဲ့မှ ဗုံးရှင်းလင်းဖျက်သိမ်းရေးအဖွဲ့။ ၎င်းနောက် လူနာတင်ကားများအား ဆင့်ခေါ် လိုက်ရသလို မြို့တော်ရှိ တရားဥပဒေဆိုင်ရာ အကြီးအကဲများ၊ မီးသတ်ဌာန အကြီးအကဲများနှင့် မြို့တော်၏ အကြီးအကဲပုဂ္ဂိုလ်များထံ သတင်းပို့ကြရသည်။

ထိုအချိန်တွင် အရေးအကြီးဆုံး မေးခွန်းနှစ်ခုနှင့် ပတ်သက်၍ အဖြေမထွက်သေးချေ။ ပထမမေးခွန်းမှာ ထိုဗုံးများသည် နံနက် (၃)နာရီတိတိတွင် အမှန်တကယ် ပေါက်ကွဲပါမည်လော။ ဒုတိယမေးခွန်းမှာ ဟိုတယ်တစ်ခုလုံးမှ ပုဂ္ဂိုလ်များအား (၃၆) မိနစ်အတွင်း ဖယ်ရှားရှင်းလင်းရန် ရနိုင်ပါမည်လော။

လျှို့ဝှက်သည်းဖိုဖြစ်ရမည့် အချိန်ကာလမှာ အလွန်အမင်း ကြာမြင့်မည်တော့ မဟုတ်။ အထက်ပါ မေးခွန်းနှစ်ခုအတွက် အဖြေကို မကြာမီ သိကြရပေတော့မည်။

□



နန်းစီသည် ၎င်းသည် လူမှုရေးတာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်လိုက်ပြီဖြစ်သောကြောင့် သတင်းစာတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် ဆုံးဖြတ်လိုက်သည်။

နန်းစီသည် အိမ်ခန်းမှမထွက်ခွာခင် အိပ်ဖင်းမနား သတင်းစာတိုက်သို့ တယ်လီဖုန်းဆက်လိုက်၏။ နန်းစီက ညကြီးပိုင်း အယ်ဒီတာအား အဖြစ်အပျက်ကို အတိုချုပ်၍ ပြောပြလိုက်သည်။

"ကျွန်မ ဟိုတယ်ကိုသွားမယ်၊ အဲဒီကမှ တိုက်ကိုပြန်လာပြီး သတင်းရေးမယ်"

နန်းစီက ဓာတ်ပုံသတင်းထောက် လွှတ်ပေးပါဟု ပြောကြားရန်မလိုချေ။ အားလပ်နေသော ဓာတ်ပုံသတင်းထောက်များအား ရနိုင်သမျှစု၍ ချက်ချင်းစေလွှတ်ပေးမည်မှာ သေချာသည်။

"အဲ တစ်ချက်ရှိသေးတယ်၊ ကျွန်မဆီမှာ တိတ်ခွေနှစ်ခွေရှိနေတယ်၊ ရဲဘက်က အဲဒီတိတ်ခွေတွေကို သက်သေခံပစ္စည်းအနေနဲ့ ချက်ချင်းလိုချင်မှာပဲ၊ အဲဒီလို အသိမ်းအဆည်းမခံရခင် ကော်ပီပွားထားလိုက်ဖို့ ကောင်းတယ်"

သတင်းစာတိုက်မှ ခြေမြန်လုလင်တစ်ယောက်သည် ဟိုတယ်သို့ လာရောက်ပြီး နန်းစီထံမှ တိတ်ခွေများကိုယူ၍ အိမ်တွင် ကိုယ်ပိုင် အပျော်တမ်း တေးသံသွင်းစက်ရှိယိုတစ်ခု ဖွင့်လှစ်ထားရှိသော ပွဲလမ်းသဘင်အယ်ဒီယာ၏ နေအိမ်သို့ ဆက်ပို့ပေးရန်နှင့် နန်းစီ သတင်းစာတိုက်သို့ ပြန်လည်ရောက်ရှိသောအခါ တိတ်ခွေကော်ပီများနှင့် ကက်ဆက်တစ်လုံး အသင့်ရှိနေစေရန်ကိုပါ ညကြီးပိုင်းအယ်ဒီတာနှင့် စီစဉ်လိုက်ကြ၏။

နန်းစီသည် အခန်းတံခါးဆီသို့ ပြေးထွက်လာပြီးမှ ကိစ္စတစ်ရပ်ကို သတိရလာပြန်သောကြောင့် တယ်လီဖုန်းဆီသို့ ပြန်ပြေးခဲ့ရပြန်သည်။ နန်းစီသည် ခရစ္စတိုဖာကိုလံဘတ်စ်ဟိုတယ်သို့ ဆက်သွယ်လိုက်ပြီး နင်းမ်၏အခန်းနှင့် ဆက်သွယ်ပေးရန် အော်ပရေတာအား ပြောလိုက်သည်။

နင်းမ်သည် အိပ်ချင်မူးတူးနှင့် အိပ်ရာဘေးမှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"ဂိုးလ်မင်း၊ ကျွန်မ နန်းစီမိုလီနော့ပါ၊ ကျွန်မပြောတာကို နားထောင်စမ်းပါ"

"ဘယ်သူ"

"နန်းစီမိုလီနော့ပါလို့ဆိုနေ"

"ဒီမှာ မိုလီနော့၊ ဒါ ညကြီးသန်းခေါင်ဆိုတာ မင်းမသိဘူးလား"

"ရှင့်ပါးစပ်ကို ပိတ်ထားပြီး နားထောင်စမ်းပါ၊ ရှင်နဲ့ ရှင့်မိသားစုဟာ ဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေကြရပြီ၊ ခုချက်ချင်း ဟိုတယ်ထဲက အမြန်ထွက်ကြ၊ ဗုံးတွေ ဟာ ပေါက်ကွဲတော့မယ်"

ယခု နင်းမ်တစ်ယောက် ရာခိုင်နှုန်းပြည့် နိုးလာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ နောက်ပြောင်နေတာ မဟုတ်ဘူးရှင့်၊ လွတ်လပ်ရေးရဲ့ မိတ်ဆွေများအုပ်စုတ ခွေးမသားတွေက မီးသတ်ဘူးတွေလို ပုံဖျက်ထားတဲ့ ဗုံးတွေကို လာထားသွားကြတယ်"

'လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စု'ဆိုသော ဝေါဟာရကြောင့် နင်းမ် ယုံကြည်သွားသည်။

"ကျန်တဲ့သူတွေကကော"

"အားလုံးကို တပ်လှန့်ပြီးပါပြီ၊ ရှင်သာ ခပ်မြန်မြန်ထွက်စမ်းပါ"

"ကောင်းပါပြီ"

နင်းမ်သည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် ရှသ်အား လှုပ်နှိုးလိုက်၏။ မိနစ်အနည်းငယ် ကြာသောအခါ ညဝတ်အင်္ကျီကလေးများနှင့်ပင် အူကြောင်ကြောင်ဖြစ်နေသော ကလေးများအား နင်းမ်သည် အိပ်ခန်းထဲမှ အတင်းဆွဲထုတ်လာခဲ့သည်။ ရှသ်က နောက်မှကပ်၍ လိုက်လာ၏။ ယခုလိုအချိန်မျိုးတွင် ဓာတ်လှေကားကို အသုံးပြုပါက လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသည့်အခါ ဓာတ်လှေကားထဲတွင် ပိတ်၍မိနေတတ်သောကြောင့် နိုးရိုးလှေကားကိုသာ သုံးစွဲသင့်ကြောင်း နင်းမ် ကောင်းကောင်းကြီးသိသည်။ သူတို့အုပ်စုသည် အထပ် (၂၆) ထပ်မြင့်သော အခန်းမှ ဆင်းသက်လာကြစဉ် အပြင်ဘက်ဆီမှာ လမ်းရှင်းဥဩဆွဲသံများကို အစပထမတွင် ခပ်တိုးတိုး စတင်ကြားရရာမှ ထိုအသံများသည် တဖြည်းဖြည်းနှင့် ပို၍ကျယ်လောင်လာကြ၏။

သူတို့လူစုသည် အောက်ထပ်သို့ သုံးထပ်မျှ ဆင်းမိကြသောအခါ ဟိုတယ်မှ မီးဘေးအန္တရာယ် အချက်ပေးခေါင်းလောင်းသံများ မြည်လာသည်ကို ကြားရတော့သည်။

ဟိုတယ်ထဲမှ ဧည့်သည်များအား ဖယ်ရှားပစ်သည့်လုပ်ငန်းကို ချောချောမောမောနှင့် လျင်မြန်စွာ အကောင်အထည် ဖော်နိုင်ခဲ့ကြသည်။ အများအားဖြင့် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဟိုတယ်ရှိ အထပ်တိုင်းသို့ သွားရောက်ပြီး တံခါးများကိုထု၍ အတင်းနှိုးကြသည်။ အော်ဟစ်၍ အမိန့်ပေးကြသည်။ နိုးရိုးလှေကားမှ ဆင်းကြရန်နှင့် ဓာတ်လှေကားတိုမသုံးစွဲရန် ညွှန်ကြားနေကြသည်။ အချို့ကမူ တံခါးကိုထုသော်လည်း ပြန်မထူးဘဲ ပိတ်ဆိတ်နေသည့် အခန်းများအား ဟိုတယ်မှ ထုတ်ပေးလိုက်သော သော့ပိုက္ကာနှင့်ဖွင့်၍ ဝင်ရောက်စစ်ဆေးကြသည်။ တစ်ချိန်လုံးလိုလို မီးဘေးအန္တရာယ် အချက်ပြခေါင်းလောင်းသံက အဆက်မပြတ် မြည်နေဆဲပင်။

ဧည့်သည်များအနက် အချို့က ပြန်လှန်ကန့်ကွက်ကြသည်။ ငြင်းခုန်ကြသည်။ ပြန်လှန်ရန်မူသည့် ပုဂ္ဂိုလ်များလည်း ရှိသည်။ ထိုပုဂ္ဂိုလ်များအား ဝတ္ထုရားနှောင့်ယှက်မှု



ဖြင့် ဖမ်းဆီးမည်ဟု ခြိမ်းခြောက်လိုက်သောအခါ ၎င်းတို့သည် ဟိုတယ်အပြင်ဘက်ဆီသို့ ထွက်နေကြသော လူတန်းရှည်ကြီးထဲတွင် ငြိမ်ငြိမ်သက်သက်နှင့် ရောနှောလိုက်ပါသွားကြသည်။ ဧည့်သည်အများစုသည် ဘာဖြစ်နေသည်ကို တိတိကျကျ မသိကြသော်လည်း အန္တရာယ်ရှိသည် ဆိုသောအချက်ကို လက်ခံပြီး အခန်းထဲမှ ပစ္စည်းများကိုပင် မယူတော့ဘဲ ကိုယ်လွတ်ရုန်း၍ ထွက်ခဲ့ကြသည်။ အိပ်ချင်မူးတူးဖြစ်နေသော အမျိုးသားတစ်ယောက်ကမူ ညွှန်ကြားချက်အတိုင်း ထွက်လာရာ လှေကားထိပ်သို့ရောက်မှ ၎င်း၏ကိုယ်ပေါ်တွင် အဝတ်အစား လုံးဝပါမလာသည်ကို သတိပြုမိသောကြောင့် အခန်းသို့ပြန်ဝင်၍ အဝတ်အစား ဝတ်ဆင်စေရသည့် အဖြစ်အပျက်မျိုးလည်း ရှိခဲ့သည်။

ရဲတပ်ဖွဲ့မှ ဗုံးရှင်းလင်းဖျက်ဆီးရေး အထူးတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြသောအခါ စိတ်လှုပ်ရှားနေသော ဧည့်သည်များသည် ဟိုတယ်ထဲမှ တန်းစီ၍ ထွက်ခွာလာစပြုလာကြလေပြီ။ အထူးတပ်ဖွဲ့ဝင်များသည် ဟိုတယ်ထဲသို့ လူစုခွဲ၍ အတင်းဝင်ရောက်လာပြီးနောက် အခြားရဲတပ်ဖွဲ့ဝင်များ မီးသတ်အဖွဲ့ဝင်များ၏ အကူအညီဖြင့် တွေ့မြင်သမျှ မီးသတ်ဘူးများကို သယ်ထုတ်သွားကြသည်။ ဗုံးပေါက်ကွဲပါက အခြားပုဂ္ဂိုလ်များအား အန္တရာယ်မဖြစ်အောင် ကမန်းကတန်း ပြုပြင်ကာရံထားသော လမ်းပေါ်မှ နေရာတစ်နေရာဆီသို့ ယူဆောင်သွားကြ၏။ ထို့နောက် မီးသတ်ဘူးများအား ပေါက်ကွဲသည့်အဆင့်သို့ မရောက်အောင် ဖျက်ဆီးသည့်လုပ်ငန်းကို စတင်ဆောင်ရွက်ကြတော့သည်။

ယခုအချိန်တွင် ခရစ္စတိုဖာကိုလံဘတ်စ် ဟိုတယ်ဆီသို့ သွားရာလမ်းသည် မီးသတ်ကားများ၊ ရဲကားများ၊ အရေးပေါ်ယာဉ်များ၊ သူနာပြုယာဉ်များ စသည်တို့နှင့် ပြည့်ကြပ်နေသည်။ တနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ တီဗွီနှင့် ရေဒီယိုမှ ပုဂ္ဂိုလ်များသည်လည်း ဝင်လာမစဲ တသဲသဲ ရောက်ရှိလာနေကြသည်။

နန်စီမိုလီနေ့သည် ရဲစုံထောက်များ၊ အက်ဖ်ဘီအိုင်မှ အထူးစုံထောက်တစ်ဦးနှင့် လက်ထောက်ခရိုင် ရှေ့နေတစ်ဦးတို့ ပါဝင်သောလူစု၏ အလယ်ဗဟိုတွင် ရောက်ရှိနေသည်။ နန်စီသည် တိတ်ခွေများနှင့်ပတ်သက်၍ မေးသမျှကို ဆင်ငှေ့ရန်ရှောင် မတင်မကျ ဖြေဆိုနေသည်။ တိတ်ခွေများကို ကြိုတင်စီစဉ်ထားသည့်အတိုင်း သတင်းစာတိုက်က ၎င်းထံမှ လာရောက်ယူငင်သွားပြီးလည်း ဖြစ်သည်။ သို့ရာတွင် အဆိုပါတိတ်ခွေများအား လက်ထောက်ခရိုင် ရှေ့နေကြီး၏လက်ထဲသို့ နှစ်နာရီအတွင်း အပ်နှံမည်ဖြစ်ကြောင်း ကတိပေးထားသည်။ အထက်အရာရှိ၏ ညွှန်ကြားချက်အရ စုံထောက်တစ်ဦးသည် ဘယ်လီဖုန်းရှိရာသို့ သွားရောက်၍ အမှတ် (၁၁၇)၊ ကာရွှက်ကာလမ်းကို ဝိုင်းဝန်းဖမ်းဆီးရှာဖွေရန်နှင့် ဂျော်ဂျီအာချန်ဘောနှင့် ဒေဗီဘဒ်ဆောင်းတို့ကို ဖမ်းဆီးရန်ဆိုသည့် ညွှန်ကြားချက်နှစ်ရပ်ကို ထပ်ဆင့် အကြောင်းကြားလိုက်သည်။

ထိုအချိန်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဟိုတယ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဘက်၌ လူတစ်ယောက်မျှမကျန်အောင် ရှင်းလင်းရေးကိစ္စကို ကမန်းကတန်း ဆက်လက်ဆောင်ရွက်နေကြသည်။

ဤကဲ့သို့ ဟိုတယ်ထဲမှဧည့်သည်များ ပြင်ပသို့ ထွက်ခွာသွားစေရေးကိစ္စကို ကြိုးပမ်းဆောင်ရွက်နေကြစဉ် ထိခိုက်ဒဏ်ရာရမှုများလည်း ဖြစ်ပွားခဲ့ရသည်သာ။ အသက်အရွယ် ကြီးရင့်ပြီဖြစ်သော အမျိုးသမီးကြီးတစ်ဦးသည် လှေကားပေါ်မှ ချော်ကျသဖြင့် တင်ပါးဆုံရိုးနှင့် လက်ကောက်ဝတ် ကျိုးသွားသည်။ နယူးအင်္ဂလန်ဒေသမှ ညီလာခံကိုယ်စားလှယ်တစ်ဦးသည် အထပ်ပေါင်း (၂၀) အထိ ရှိုးရိုးလှေကားမှ ဆင်းသက်လာပြီးနောက် ရုတ်တရက် နှလုံးရောဂါထလာသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရာ လမ်းမှာပင် ကွယ်လွန်သွားသည်။ နောက်ထပ် အမျိုးသမီးတစ်ယောက်သည် လိမ့်ကျသောကြောင့် ဦးခေါင်းတွင် ထိခိုက်သွားပြီး သတိမေ့နေသည်။ လှေကားပေါ်မှ ကမန်းကတန်းနှင့် အလုအယက် ဆင်းလာကြသောကြောင့် သာမန်ထိခိုက်ဒဏ်ရာရမှုများမှာ အနုမတွက်ပင်တည်း။

သို့ရာတွင် သွေးပျက်သည့် အဆင့်အထိ မရောက်ရှိပါ။ တစ်ဦးနှင့်တစ်ဦး မသိကျွမ်းကြသော်လည်း ယိုင်းပင်းကူညီကြသည်။ တချို့ကမူ ကြောက်စိတ်မွှန်နေသူများအား အကြောက်ပြေသွားအောင် ရယ်စရာ မောစရာများနှင့်ပင် ကူညီပြောဆိုလျက်ရှိကြသည်။

ဧည့်သည်များအား ဟိုတယ်အပြင်ဘက်သို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် နှစ်ပြအကွာအဝေးတွင်ရှိသော ဘေးလမ်းကလေးတစ်ခုထဲတွင် အကာအကွယ် အတားအဆီးသဖွယ်ဖြစ်အောင် ရဲကားများအား တန်းစီ၍ ရပ်တန့်ပေးထားသောနေရာ နောက်ဘက်ဆီသို့ ခေါ်သွားသည်။ တစ်ခုကံကောင်းသည်မှာ ထိုနေ့ညတွင် အအေးဓာတ်မလွန်ကဲသောကြောင့် အဝတ်အစား မလုံမခြုံနှင့်ပင် နေထိုင်နိုင်စွမ်း ရှိကြသည်။ ခဏကြာသောအခါ ကြက်ခြေနီကားတစ်စီး ရောက်ရှိလာပြီး ဒုက္ခသည်များအား ကော်ဖီ လိုက်တိုက်သည်။ စိတ်ချမ်းသာရာရအောင် တတ်နိုင်သမျှ ကြိုးပမ်းကြသည်။

နင်းမ်ဂိုးလ်မင်းနှင့် မိသားစုသည် ထိုနေရာသို့ ပထမဦးဆုံး ရောက်ရှိသည့် လူအုပ်ထဲတွင် ပါရှိလာသည်။ ထိုအချိန်တွင် လေးနှင့်ဘင်ဂျီမှာ အိပ်ချင်ပြေသွားကြပြီ ဖြစ်၍ ပတ်ဝန်းကျင်အခြေအနေကို စိတ်ဝင်တစား ရှိနေကြလေပြီ။ ထို့နောက် နင်းမ်သည် ရှေ့က တားမြစ်နေသည့်ကြားမှပင် ဟိုတယ်ဆီသို့ ရှတ်အတင်း ပြန်လာခဲ့၏။ ဤကိစ္စမှာ သက်သက်မဲ့ ခေါင်းမာခြင်းတစ်မျိုးဟု ယူဆရသော်လည်း နန်စီမိုလီနောင်ပြောစကားထဲတွင် "မီးသတ်ဘူးလို ပုံဖျက်ထားသောဗုံးများ" ဆိုသည့်စကားနှင့် ယမန်နေ့က သူ့ရှေ့မှောက်တွင် ကုလားထိုင်နောက်ကွယ်၌ လာချသွားသော မီးသတ်ဆေးဘူးတစ်ဘူး၊ ထိုကိစ္စနှစ်ရပ်ကို ဆက်စပ်၍ ပြန်သတိရလာသောကြောင့် အဆိုပါ ကုလားထိုင်



နောက်မှ ထိုမီးသတ်ဆေးဘူးအား ရှာတွေ့မတွေ့ကို သိလို၍ လာခဲ့ခြင်းဖြစ်သည်။

ထိုအချိန်တွင် နံနက် (၃) နာရီ ထိုးလုနီးပါးဖြစ်သည်။

ဟိုတယ်ဂိတ်ဝမှ စုပြုံထွက်လာကြသော လူအုပ်တစ်အုပ်နှင့် ရင်ဆိုင်တိုးမိသည့်တိုင်အောင် နင်းမ်သည် ဟိုတယ်အတွင်းဘက်သို့ အတင်းတိုးဝှေ့၍ ဝင်နိုင်ခဲ့သည်။ အထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် မီးသတ်ရဲဘော်တစ်ဦးအား လှမ်းခေါ်သည်။ ထိုရဲဘော်က "ခုတော့ မအားသေးဘူးဗျာ" ဟုပြောပြီး အထပ်ခိုးဆီသို့ အပြေးအလွှား တက်သွားလေသည်။

ထိုနေရာ ထိုဒေသတွင် ဦးစီးကွပ်ကဲသူဟူ၍ တသီးတသန့် ရှိဟန်မတူသောကြောင့် ဂိုးလ်မင်းသည် မီးသတ်ဘူးရှိရာသို့ မိမိဘာသာ အရောက်သွားရတော့သည်။

"မစ္စတာဂိုးလ်မင်း၊ မစ္စတာဂိုးလ်မင်း"

နင်းမ်၏ဘယ်ဘက်မှ ခေါ်သံကို ကြားလိုက်ရ၏။ လှမ်းခေါ်သူမှာ ဂိုးလ်ဒင်းစတိတ်ရှိ ကုမ္ပဏီပိုင်ပစ္စည်း ထိန်းသိမ်းကာကွယ်ရေးဌာနမှ ဟယ်ရီလန်ဒန်၏တပည့် အတ်ရိုမီယိုဖြစ်ကြောင်း နင်းမ် မှတ်မိလိုက်သည်။

ထိုကိစ္စဖြစ်ပွားပြီး အတော်ကြာမြင့်သည့် အချိန်ကျမှ နင်းမ် သိလာရသည်မှာ အတ်ရိုမီယိုသည် ဟိုတယ်သို့ အလည်အပတ် လာရောက်ပြီး အခြားကုမ္ပဏီများမှ ငယ်ပေါင်းကြီးဖော်များနှင့် ပိုကာလာကစားနေစဉ် မီးလှန့်သံချောင်း ထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ဤတွင် သူသည် ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီမှ လုံခြုံရေးအရာရှိ ရင်ထိုးတံဆိပ်ကို တပ်ဆင်လိုက်ပြီး ချက်ချင်း ဝင်ရောက်ကူညီခဲ့သူဖြစ်ကြောင်း သိသည်တို့ပင်တည်း။

"မစ္စတာဂိုးလ်မင်း၊ ခင်ဗျား အပြင်ကို ထွက်ရလိမ့်မယ်"

"အဲဒါကို အသာထားလိုက်စမ်းပါဗျာ၊ ကျုပ်အတွက် အကူအညီ လိုနေတယ်ဗျ"

နင်းမ်သည် ဗုံးဟုယူဆရသော မီးသတ်ဘူးအကြောင်းကို ရှင်းပြလိုက်၏။

"အဲဒါက ဘယ်မှာလဲခင်ဗျ"

"ဟိုနားမှာဗျ"

နင်းမ်သည် ၄င်း ယမန်နေ့ကထိုင်ခဲ့သော ကုလားထိုင်ဆီသို့ သွားရောက်၍ ကုလားထိုင်ကို ဆွဲဖယ်လိုက်၏။ မီးသတ်ဆေးဘူးသည် ထိုနေရာ၌ပင် ရှိနေသေးသည်။

အတ်ရိုမီယိုက ပြဲဇာတိတ္တမပြည့်ဝသောအသံနှင့် နင်းမ်အား အမိန့်ပေးလိုက်၏။

"ကဲ ခင်ဗျားထွက်သွားပေတော့၊ ထွက်သွားစမ်း၊ သွားစမ်းပါဗျာ"

"ဘယ်ဖြစ်မလဲ"

ထို့နောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားသည့် ကိစ္စရပ်များမှာ မြန်ဆန်လှသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရှေ့နောက်အစီအစဉ်အား ပြန်လည်စဉ်းစားရာ၌ပင် ဖိုးတိုးဝါးတား ဖြစ်ခဲ့ရသည်။

"ဟို့ ဗိုလ်ကြီးတွေ၊ ဒီဘက်ကို လာပါဗျို့" ဟု အတ်ရှိမိယို၏ အော်ဟစ်သံကို ကြားလိုက်ရပြီးနောက် ချက်ချင်းလိုလိုပင် အားတောင်းမောင်းသန် ရဲသားကြီးနှစ်ယောက် ၎င်းတို့အနားသို့ ရောက်ရှိလာ၏။ အတ်ရှိမိယိုက ရဲသားကြီးများအား ညွှန်ကြားလိုက်သည်။

"ဒီလူက မသွားဘူးလို့ ငြင်းနေတယ်၊ သူ့ကို အပြင်ခေါ် ထုတ်သွားစမ်းပါ"

ရဲသားနှစ်ယောက်က ထိုညွှန်ကြားချက်ကို ဆင်ခြေမတက်ဘဲ နင်းမ်အား အပေါက်ဝဆီသို့ အတင်းအဓမ္မ ဆွဲခေါ် သွားကြသည်။ နင်းမ်သည် တံခါးဝသို့ရောက်သောအခါ ပြန်လှည့်ကြည့်မိ၏။ အတ်ရှိမိယိုသည် မီးသတ်ဆေးဘူးကို ကောက်ကိုင်လိုက်ပြီး ၎င်းတို့နောက်မှ ဆက်လိုက်လာနေသည်ကို မြင်လိုက်ရသည်။

နင်းမ်က အတင်းအဓမ္မ ငြင်းဆန်ကန့်ကွက်နေသည့်ကြားမှပင် ရဲသားနှစ်ဦးသည် နှစ်ပြခန့်ဝေးသော နေရာတွင်ရှိသည့် ဒုက္ခသည်စခန်းသို့ ရောက်ရှိအောင် အတင်းအဓမ္မ လိုက်ပို့ကြသည်။ ဒုက္ခသည်စခန်းနှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်သောအခါ ရဲသားများက နင်းမ်ကို လွှတ်ပေးလိုက်ပြီး ရဲသားတစ်ယောက်က ထပ်သတိပေးလိုက်၏။

"ခင်ဗျားပြန်လာခဲ့ရင်တော့ ခင်ဗျားကိုဖမ်းဆီးပြီး တရားစွဲဆို တင်ပို့ရပါလိမ့်မယ်၊ ဒါ ခင်ဗျားကောင်းကျိုးအတွက် လုပ်နေတာဗျ"

ထိုအခိုက်မှာပင် အလွန်ကျယ်လောင်သော ပေါက်ကွဲသံကြီးနှင့် အနီးအနားတစ်ဝိုက်ရှိမှန်များ ကွဲကုန်ကြသည့်အသံကို ကြားလိုက်ကြရသည်။

တိတ်ခွေမှုရရှိသော သတင်းအချက်အလက်များအပေါ် မူတည်၍ ဗုံးရှင်းလင်းရေး အဖွဲ့ဝင်များသည် နင်းမ်သတိရလာသော ဗုံးမှလွဲ၍ မြေညီထပ်နှင့် အထပ်ခိုးတွင်ရှိသော ဗုံးမှန်သမျှကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ အတ်ရှိမိယိုက အဆိုပါဗုံးအားသတ္တိပြောင်မြောက်စွာနှင့် ကောက်ယူသယ်ဆောင်၍ မီးသတ်ဆေးဘူးများအား တစ်စုတဝေးတည်း စုဆောင်းထားရှိသောနေရာသို့ ရောက်ရှိလာခဲ့ချိန်တွင် အခြားအခြားသော ဗုံးရှင်းလင်းရေး အဖွဲ့ဝင်များသည် အထက်ထပ်များတွင်ရှိသော မီးလောင်ဗုံးများအား တမန်းကတန်းရှင်းပစ်ရန် အတင်းအဓမ္မ ကြိုးစားနေကြခိုက် ဖြစ်သည်။ ထို့ကြောင့် ဗုံးပေါက်ကွဲချိန်တွင် ၎င်း၏အနီးအနား၌ မည်သူမျှ မရှိကြချေ။ အတ်ရှိမိယိုကမူ အပိုင်းပိုင်းအစိတ်စိတ် ဖြစ်သွားရရှာသည်။

ဟိုတယ်၏ အထက်ထပ်များတွင် အကြွမ်းဖက်သမားများ ထားရှိခဲ့သော မီးလောင်ဗုံး နှစ်ဆယ်ခန့်အနက် သုံးလုံးကို အချိန်မီရှာမတွေ့ကြသောကြောင့် အပြင်



ဘက်၌ ပေါက်ကွဲမှုဖြစ်ပွားပြီး များမကြာမီ မီးလောင်ဗုံး သုံးလုံးစလုံး စတင်ပေါက်ကွဲကြသည်။ ထို့ကြောင့် သုံးလေးနေရာဆီမှ ဆိုးဆိုးရွားရွား မီးလောင်မှုများ ဖြစ်ပေါ်လာကြ၏။ အကယ်၍သာ ကြိုတင်၍ သတင်းမရခဲ့သောကြောင့် ဧည့်သည်များအား ကြိုတင်၍ ဖယ်ရှားရှင်းလင်းထားနိုင်ခြင်း မရှိပါက သောက်သောက်လဲအောင် သေဆုံးကြမည်မှာ စောန်အမှန်ပင်။ သို့တိုင်အောင် မီးလောင်ဗုံးများ ပေါက်ကွဲမှုကြောင့် ရဲသားတစ်ဦး၊ မီးသတ်ရဲဘော်နှစ်ဦး၊ သေဆုံးခဲ့ရသလို၊ မီးသတ်ရဲဘော်နှစ်ဦးတွင်လည်း အကြီးအကျယ် ဒဏ်ရာများ ရရှိသွားကြသည်။

အမျိုးသားလုံခြုံရေး လျှပ်စစ်စွမ်းအင်အဖွဲ့ချုပ်၏ ညီလာခံကိုမူ တိုင်ပင်ညှိနှိုင်းရခြင်းမရှိဘဲ တညီတညွတ်တည်း ဖျက်သိမ်းလိုက်ကြသည်။

□

အတ်ရှိမိယိုအား သေဆုံးသွားစေခဲ့သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာခဲ့ပြီးနောက် များမကြာမီ ဂရီးဂိုစ်အာချန်ဘော့သည် ၎င်း၏ အနီရောင်ပစ်ကပ်ကားဆီသို့ ငိုကြီးချက်မနှင့် အပြေးအလွှား သွားတော့သည်။

သူလုပ်ခဲ့သမျှ အလွဲလွဲအချော်ချော် ဖြစ်ခဲ့ရလေပြီ။ အားလုံး လွဲချော်ခဲ့ရသည်။

ဂရီးဂိုစ် နားမလည်နိုင်ပါ။

လွန်ခဲ့သော (၃၅) မိနစ်က သို့တည်းမဟုတ် နံနက် (၂) နာရီနှင့် (၂၅) မိနစ်တွင် ထိုနေရာဆီသို့ (နေရာအနှံ့အပြားမှ) ဥဩဆွဲသံများ တဖြည်းဖြည်း နီးကပ်လာခဲ့သောကြောင့် သူစဉ်းစား၍မရနိုင်အောင် ရှိခဲ့ရ၏။ ထို့နောက် ရဲကား၊ မီးသတ်ကားနှင့် လူနာတင်ယာဉ်များသည် ၎င်း၏ပစ်ကပ်ကား ရပ်နားထားသည့်နေရာကို ကျော်ဖြတ်၍ မောင်းနှင်သွားကြ၏။ အဆိုပါယာဉ်များ စုစုဝေးဝေး ဦးတည်၍ သွားရောက်နေကြသည့်နေရာမှာ ခရစ္စတိုဖာကိုလံဘတ်စ်ဟိုတယ်ပင်ဖြစ်ကြောင်း သိသာထင်ရှားလှသည်။ ထိုကဲ့သို့ ရှုတ်ရှုတ်သဲသဲ ပို၍ဖြစ်လာသည့်အခါ ဂရီးဂိုစ်တစ်ယောက် မနေတတ်မထိုင်တတ်လောက်အောင်ပင် ဦးနှောက်ခြောက်သွားသည်။ နံနက် (၂) နာရီ (၄၀) မိနစ်တွင် သူသည် သည်းခံနိုင်စွမ်း မရှိတော့သဖြင့် ဟိုတယ်ဆီသို့ ခြေလျင်လျှောက်၍ သွားလေ၏။

ဟိုတယ်အတွင်းမှလူများသည် အပြင်သို့ ကမန်းကတန်း ထွက်လာနေကြကြောင်း သူ အထိတ်တလန့် တွေ့လိုက်ရသည်။ အများစုမှာ ညဝတ်အင်္ကျီများနှင့် ဖြစ်ကြသည်။ သူက လက်နှစ်ဘက်ကို ဝှေ့ယမ်းပြီး "ပြန်ဝင်ကြ၊ ပြန်ဝင်ကြ" ဟု အော်

www.burmeseclassic.com

www.burmeseclassic.com



ဟစ်ချင်စိတ် ဖြစ်ပေါ်လာမိ၏။ သို့သော် ထိုကဲ့သို့ အော်ဟစ်ခြင်းကြောင့် မည်သို့မျှ အကျိုးမထူးစေမည့်အပြင် ၎င်းအားသတိပြုမိအောင် တမင်လုပ်သလို ဖြစ်နေပေလိမ့်မည်။

ထို့နောက် သူစောင့်ကြည့်နေစဉ် သူစနစ်တကျထားရှိသော မီးသတ်ဘူးများအား အပြင်သို့ ထုတ်ယူလာနေကြပြီး၊ မပေါက်ကွဲအောင် ဖျက်ဆီးနေကြသည်ကို တွေ့မြင်နေရသည်။ သူ အသေးစိတ် ဂရုတစိုက် စီစဉ်ခဲ့ရသမျှ သဲရေကျဖြစ်ရလေပြီ။

ဂရိုးဂိုစ်သည် ရှိုက်ကြီးတငင် ငိုချလိုက်မိ၏။ သူဘယ်နေရာတွင် မှားယွင်းချွတ်ချော်မှု ရှိခဲ့လေသနည်း။ တစ်ဘက်ရန်သူများက မည်ကဲ့သို့သော မသမာသောနည်းများနှင့် ရှာဖွေသိရှိသွားကြလေသနည်း။ သူ ထိုမေးခွန်းအား အပြန်ပြန်အလှန်လှန် သုံးသပ်နေစဉ် (၎င်း၏အစီအစဉ်ကို သိရှိသွားမည်ဆိုပါက) ၎င်းသည် မည်သူမည်ဝါဖြစ်ကြောင်းကိုလည်း သိရှိနိုင်သည်ဟု နားလည်သဘောပေါက်လာသည်။ ဤတွင် သူသည် သုတ်ခြေတင်၍ ပြန်ပြေးလေ၏။

ဂရိုးဂိုစ်သည် ပစ်ကပ်ကားထဲသို့ဝင်ပြီး မောင်းနှင်ထွက်ခွာသွားသည်အထိ ၎င်းအား မည်သူကမျှ သတိမထားလိုက်မိကြချေ။ သို့သော် ကားရွက်ကာလမ်းထဲသို့ ၎င်းက ချိုးဝင်လိုက်သောအခါ ရဲကားများက ကာရွက်ကာလမ်းကို ပိတ်ဆို့၍ ရပ်ထားကြကြောင်း တွေ့လိုက်ရ၏။ ခဏအကြာတွင် သေနတ်သံပေါင်း မြောက်မြားစွာကို ကြားရတော့သည်။ ထိုအိမ်တွင် နေရစ်ခဲ့ကြသော ဝေဒီ၊ ယူတီနှင့် ဖိုးလစ်တို့သည် အိမ်ထဲတွင် ပိတ်မိနေကြပြီဖြစ်ကြောင်း ဂရိုးဂိုစ် သိလိုက်ပါပြီ။ သူသည် ၎င်း၏ ရဲဘော်ရဲဘက်များနှင့်အတူ ရှိနေခဲ့ပါက ကောင်းလေစွ။ လိုအပ်ပါက ရဲဘော်ရဲဘက်များနှင့် အတူတူ အသေခံမည်ဟု တွေးလိုက်မိသေး၏။ သို့သော် ယခုအချိန်တွင် သူသည် ၎င်း၏ရဲဘော်များအား ဝင်ကူညီရန် အထဲသို့ဝင်၍လည်း မရပြီ။ အထဲသို့ ဝင်မိပါကလည်း ပြန်ထွက်ရန် မလွယ်တူတော့ပြီတည်း။ ဂရိုးဂိုစ်သည် ပစ်ကပ်ကားကို ကပျာကယာပြန်ကွေ့ပြီး ယခုလိုကိစ္စမျိုး ဖြစ်ပေါ်လာပါက ပုန်းခိုရန် ထပ်မံငှားရမ်းထားသော နော့သ်ကက်စတယ်ဒေသမှ အိမ်ခန်းဆီသို့ ဦးတည်လိုက်လေသည်။

ဂရိုးဂိုစ်၏ဦးနှောက်သည် ဆက်တိုက် အလုပ်လုပ်နေသည်။ ၎င်းသည် မည်သူမည်ဝါဖြစ်ကြောင်း သိရှိသွားကြသည်ဆိုပါက (ယခုအချိန်တွင်) ရဲများသည် ၎င်းအားလိုက်လံရှာဖွေနေကြလိမ့်မည်သာ။ ထိုရဲများသည် မီးလောင်မှု ကာကွယ်ရေးဆားဗစ်ပစ်ကပ်ကားကိုလည်း လိုက်လံရှာဖွေကြလိမ့်မည်မှာ သေချာသည်။ ထို့ကြောင့် ဤ ပစ်ကပ်ကားကို စွန့်ပစ်ခဲ့ရတော့မည်။ သို့သော် နော့သ်ကက်စတယ်အိမ်ခန်းနှင့် နီးကပ်လွန်းသည့်နေရာတွင် စွန့်ထားခဲ့ခြင်းမျိုး မဖြစ်စေရ။ သူသွားရမည့်နေရာနှင့် မည်မျှလောက် နီးကပ်သည်အထိ သူမောင်းနှင်၍ သွားရပါသနည်း။ တစ်မိုင်ခန့်အထိဟု သူဆုံးဖြတ်လိုက်၏။



ဂရိုးဂိုစ်သည် ထိုအကွာအဝေးခန့်အထိ ရောက်ရှိပြီဟု ယူဆသည့်အခါ ကားကို လမ်းဘေးတွင်ထိုးရပ်ပြီး ကားထဲမှ ထွက်လိုက်၏။ ဂရိုးဂိုစ်သည် ၎င်းအတွက် အဆင်သင့်ရပ်၍ စောင့်နေစေသော အခြားကားတစ်စီးရှိနေပြီး၊ ကားချင်းပြောင်းလဲ၍ စီးနင်းသွားသည်ဟု ရဲများက ယူဆဖွယ်ရှိသည်။ သို့သော် ဂရိုးဂိုစ်မသိလိုက်သည့် အချက်တစ်ချက်မှာ ဝိုင်တစ်ပုလင်းကုန်အောင် သောက်ထားရာမှ အမူးပြေစပြုလာပြီဖြစ်သော အရက်သမားတစ်ယောက်သည် ထိုအချိန်က အနီးအနားရှိ အိမ်တံခါးပေါက်တစ်ခုတွင် မတ်တတ်ရပ်လျက်သား ရှိနေခဲ့သည်ဆိုခြင်းပင်။ ထိုအမူးသမားသည် ဂရိုးဂိုစ် ကားပေါ်မှဆင်း၍ ခြေလျင်ထွက်ခွာသွားကြောင်း သတိထားမိလောက်အောင် အမူးပြေနေပြီ ဖြစ်သည်။

နောက်ထပ် (၁၅) မိနစ် ကြာသောအခါ ဂရိုးဂိုစ်သည် အိမ်ခန်းတံခါးကို သော့နှင့်ဖွင့်နေပြီ ဖြစ်သည်။ ထိုအချိန်လောက်မှာပင် ပစ်ကပ်ကားအနီရောင်အား ရှာဖွေရန် ကပ်လှန့်နိုးဆော်ထားပြီး ဖြစ်သဖြင့် ပတ္တရောင်လှည့်လာသော ရဲကားတစ်စီးက ပစ်ကပ်ကားကို ရှာဖွေတွေ့ရှိသွားပြီ ဖြစ်သည်။ ရဲကားမောင်းသူသည် ပစ်ကပ်ကားအား စစ်ဆေးလိုက်ပြီးနောက် မော်တော်ကားအင်ဂျင်မှာ ပူနွေးနွေးပင် ရှိနေသေးကြောင်း ဌာနချုပ်သို့ ဝိုင်ယာလက်နှင့် သတင်းပို့လိုက်သည်။ ထိုရဲသားသည် အဆိုပါအမူးသမားအား သတိထားလိုက်မိသောကြောင့် ပစ်ကပ်ကားမောင်းသူသည် ခြေလျင်လျှောက်၍ သွားကြောင်းနှင့် မည်သည့်အရပ်ဘက်ဆီသို့ ထွက်ခွာသွားကြောင်း အမူးသမားထံမှ သတင်းရရှိလိုက်၏။ ဤတွင် ရဲကားသည် ဂရိုးဂိုစ်ကိုရှာရန် ထိုနေရာမှ တရှိန်ထိုး မောင်းနှင်ထွက်ခွာသွားသည်။ သို့သော် ဂရိုးဂိုစ်အား ရှာမတွေ့တော့ပါ။

ထိုရဲကားသည် ထိုနေရာ ထိုဒေသသို့ နောက်တစ်ကြိမ်ပြန်လာပြီး ကျေးဇူးရှိမှ ကျေးဇူးစပ်သည်ဆိုသော စကားအတိုင်း သတင်းပေးသူ အမူးသမားအား လူပုံအလယ်တွင် အရက်မူးသည်ဆိုသော ပုဒ်မနှင့် ဖမ်းဆီးအရေးယူ လိုက်လေသတည်း။

□

ဒေဗီဘဒ်ဆောင်းသည် နံနက် (၅) နာရီခွဲ သာသာကလေးတွင် ၎င်း၏ အိမ်ခန်းရှိရာ အဆောက်အအုံရှေ့၌ အဖမ်းခံလိုက်ရသည်။ ၎င်းက လာရောက်ဖမ်းဆီးသော ရဲအရာရှိနှစ်ယောက်အား အကြောက်အကန် တန့်ကွက်သည်။

"ဒီမှာ ကိုယ့်လူ၊ ကျုပ် မနေ့ကညနေ (၆) နာရီကတည်းက ဒီအခန်းကအပြင်ကို ထွက်သွားပြီး တစ်ခေါက်မှ ပြန်မလာခဲ့ဘူး၊ ကျုပ်မှာ သက်သေပြစရာ ပုဂ္ဂိုလ်တွေ တစ်ပုံတပင်ကြီး ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာကောင်းသည်မှာ အဆိုပါ သတ်သေထွက်ချက်ကပင်လျှင် ၎င်း၏လည်ပင်းကို ကြိုးကွင်းစွပ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းအား ရဲဌာနချုပ်တွင် ရှာဖွေကြသောအခါ 'ခရစ္စတိုဖာကိုလံဘတ်စ်ဟိုတယ်၌ ယမန်နေ့ညကဖြစ်ပွားသော ဖုံးဖောက်ခွဲမှုအတွက် ဝမ်းနည်းကြောင်း' ဖော်ပြထားသော လုပ်သားပြည်သူများအတွက် စွမ်းအင်နှင့် အလင်းရောင်အုပ်စု၏ ကြေငြာချက်ကို အင်္ကျီအိတ်တစ်အိတ်ထဲမှ ရှာဖွေတွေ့ရှိသွားကြသည်။ နောက်ပိုင်းတွင် ထိုကြေငြာချက်အား ဖုံးဖောက်ခွဲမှုမဖြစ်မီ (၉) နာရီအလို ယမန်နေ့ည (၆) နာရီကစ၍ ထိုအိမ်ခန်းထဲသို့ ပြန်မဝင်ခဲ့ပါဆိုသော ဘဒ်ဆောင်း၏အိမ်ခန်းထဲရှိ လက်နှိပ်စက်နှင့် ရိုက်နှိပ်ထားခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလာသည်။

အခြားသက်သေ အထောက်အထားများကလည်း ဘဒ်ဆောင်းအား ပြေမလွတ်အောင် ဖြစ်စေခဲ့သည်။ ဘတ်တီ၏တိတ်ခွေများ၊ အငှားကားမောင်းသူ ဇစ်ကီ၏ထွက်ဆိုချက်များ၊ မီးသတ်ဆေးဘူးများကို ဘဒ်ဆောင်းကိုယ်တိုင် ဝယ်ယူခဲ့မှုများ စသည်တို့ပင်တည်း။ ထို့ကြောင့် ဘဒ်ဆောင်းအား လူသတ်မှုလေးမှု၊ ရာဇဝတ်မှု ကျူးလွန်ရာတွင် ပူးပေါင်းပါဝင်မှုနှင့် အခြားပြစ်မှုပေါင်း မြောက်မြားစွာတို့နှင့် စွဲချက်တင်တော့သည်။ အာမခံအဖြစ် ဒေါ်လာတစ်သန်းဟု သတ်မှတ်လိုက်ရာ အဆိုပါ ဒေါ်လာတစ်သန်းကို ရှာဖွေနိုင်စွမ်းမရှိသောကြောင့် ၎င်း၏အမှုအား မစစ်ဆေးမီ အချုပ်ခံ၍ နေရလေတော့သည်။

လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုမှ ကျန်ပုဂ္ဂိုလ်များအနက် ဝေဒီနှင့် ဖီးလစ်မှာ ရဲနှင့်ဖြစ်ပွားသော တိုက်ပွဲတွင်ကျဆုံးခဲ့ပြီး ယူတီမှာ ရဲထပ်ဖွဲ့က ၎င်းတို့ခိုအောင်းနေကြသော နေအိမ်အား ဝင်မစီးနိုင်ခင် မိမိကိုယ်ကိုမိမိ အဆုံးစီရင်သွားသည်။

မြေအောက် အဖျက်လုပ်ငန်းများကို လုပ်ကိုင်နေကြောင်း အထောက်အထားများအဖြစ် ဂရီးဂိုရှ်၏မှတ်တမ်းနှင့် အခြားစာရွက်စာတမ်းအပါအဝင် သက်သေခံပစ္စည်းအမြောက်အမြားကို (၁၁၇)၊ ကာရွက်ကာလမ်းမှ ရှာဖွေတွေ့ရှိကြသည်။ အဆိုပါ စာရွက်စာတန်းများအား ခရိုင်ရှေ့နေကြီးထံ မဆိုင်းမတွ အပ်နှံလိုက်ကြလေ၏။

□ □ □

## အခန်း (၂၁)

ကယ်လီဖိုးနီးယား အိပ်ဇင်းမနားသတင်းစာရှိ သတင်းထောက်လောက၊ အယ်ဒီတာလောကနှင့် သတင်းစာတဲလပ်ဘားခန်းတို့တွင် နန်စီမိုလီနော့သည် ပူလစ်ဇာဆုတစ်ခု ကျိန်းသေပေါက် ရရှိလိမ့်မည်ဟု တစ်ပေးနေကြသည်။

သူရလာသည့် သတင်းကလည်း ပြည့်စုံလှသည်။

နန်စီမိုလီနော့သည် ခရစ်စတိုဖာကိုလံဘတ်စ် ဟိုတယ်မှထွက်ခွာခဲ့ပြီးနောက် သတင်းစာတိုက်သို့ ရောက်ရှိလာသည့် အချိန်မှစ၍ ပထမအကြိမ် (စာမူ) နောက်ဆုံးပေးရသည့် အချိန်ဖြစ်သော နံနက် (၆) နာရီ မိနစ် (၃၀) အထိ အဆိုပါသတင်းကို ဆက်တိုက် ရေးသားပေးခဲ့သည်။ ထို့နောက် ထိုနေ့နံနက်ခင်းတစ်လျှောက်လုံး နောက်ထပ်ထုတ်ဝေမည့် သတင်းစာများအတွက် ပြည့်စုံအောင် ထပ်မံဖြည့်စွက်၍ ပြင်ဆင်ရေးသားပေးနေခဲ့သည်။

မိမိရေးသားထားသော သတင်းသည် သတင်းစာမျက်နှာဖုံးတွင် မိမိနာမည်နှင့် မျက်နှာဖုံးပြည့် ခေါင်းစည်းကြီးတပ်၍ ပါလာရန်ဆိုသော ကိစ္စမှာ သတင်းထောက်တိုင်း စိတ်ကူးယဉ် အိပ်မက်မက်ကြရသည့် ဖြစ်တောင့်ဖြစ်ခဲ ကိစ္စကြီးတစ်ခု ဖြစ်သည်။ ယခု နန်စီ၏သတင်းသည် မျက်နှာဖုံးတွင် စာမျက်နှာပြည့်နီးပါး ပါရှိလာသည်။ ထို့ရာတွင် နန်စီ၏ မဟာ့မဟာ အထူးသတင်းကြီး သတင်းစာထဲ၌ စတင်ပါရှိလာသောနေ့

www.burmeseclassic.com

www.burmeseclassic.com



တွင် နန်စီကိုယ်တိုင်ကလည်း ကိုယ်ရေးကိုယ်တာ ပြဿနာကြီးတစ်ရပ်နှင့် ရင်ဆိုင်နေရချိန် ဖြစ်သည်။ ထိုအရေးအခင်းမှာ နေ့လည်မွန်းမတည့်မီ အချိန်ကလေးတွင် စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

နန်စီအား ကြီးကြပ်ကွပ်ကဲမှုပေးရသူ မြို့တော်သတင်း အယ်ဒီတာသည် အလုပ်ခွင်သို့ ၎င်းစတင်ဝင်ရောက်လာသော နံနက် (၇) နာရီ မိနစ် (၃၀) အချိန်မှစ၍ နန်စီထံသို့ မကြာခဏ လာရောက်တာ အားပေးစကား ပြောကြားလျှက်ရှိသည်။ ၎င်းအပြင် နန်စီသည် ရံဖန်ရံခါဆိုသလို လက်နှိပ်စက်ရိုက်နေရာမှ (အယ်ဒီတာထံ) လှမ်းကြည့်မိသည့်အခါတိုင်း (အယ်ဒီတာက) ၎င်းအား လှမ်းကြည့်နေကြောင်း သတိပြုမိသည်။ ၎င်း၏ မျက်နှာအမူအရာကို အကဲခတ်ရန် မလွယ်ကူသော်လည်း၊ ထိုသတင်းသည် နန်စီထံတွင် ရက်သတ္တပတ်လုံးလုံး ရှိနေခဲ့ပြီး တစ်ယောက်ယောက်အား ဖွင့်ဟတိုင်ပင်ခဲ့မည်ဆိုပါက ယခုလို ဆိုးရွားသည့် အန္တရာယ်ကြီး ဖြစ်ပွားခြင်းမရှိအောင် ဟန့်တားနိုင်စွမ်း ရှိကောင်းရှိမည်ဆိုသော ယထာဘူတကျသည့် အဖြစ်မှန်အတွေးကို နှစ်ယောက်စလုံးက တွေးနေမိကြသည်ဟု နန်စီစိတ်ထဲက ထင်နေမိသည်။

ခရစ်စတိုဖာဟိုတယ်မှ ပြန်မလာခင် နန်စီနောက်ဆုံး သတိထားလိုက်မိသည်ကိစ္စမှာ၊ ဘီးတပ်လှနာတင် လှည်းပေါ်တွင် အဝတ်ဖြူနှင့်ဖုံးလွှမ်းပြီး ဟိုတယ်ထဲမှ တွန်းထုတ်ယူသွားသော ရဲသားတစ်ဦးနှင့် မီးသတ်ရဲဘော် နှစ်ယောက်တို့၏ အလောင်းသုံးလောင်းပင် ဖြစ်သည်။ ဟိုတယ်အပြင်ဘက်သို့ ရောက်သောအခါ၊ ပစ္စည်းအချို့ထိုလိုက်လံကောက်ယူပြီး ပလပ်စတစ်အိတ်ထဲသို့ ထည့်နေသော လူနှစ်ယောက်ကို ထပ်မံတွေ့လိုက်ရပြန်၏။ ထိုလူနှစ်ယောက်သည် ဗုံးပေါက်ကွဲမှုကြောင့် အစိတ်စိတ်အမွှာမွှာဖြစ်ခဲ့ရရှာသော စတုတ္ထမြောက် သေဆုံးသူတစ်ဦး၏ အလောင်းကို လိုက်လံစုဆောင်းနေကြခြင်းဖြစ်ကြောင်း နောက်ထပ်တစ်မိနစ်ခန့်ကြာမှ နန်စီသဘောပေါက်လာသည်။

နောက်ဆုံးထုတ် သတင်းစာအတွက် နောက်ဆုံးစာမူကို ပေးအပ်ရမည့်အချိန်သို့ ရောက်ရှိရန် (၂) နာရီ မိနစ် (၂၀) အလို၊ နံနက် (၁၁) နာရီ (၅၅) မိနစ်တွင် နန်စီသည် ရှုးချင်သလိုလို ခံစားလာရသည်။

"ခဏနားပြီး ကိုယ့်နောက်လိုက်ခဲ့"

မြို့တော်သတင်း အယ်ဒီတာသည် နန်စီနံဘေးသို့ ရောက်ရှိနေသည်။ ထိုအချိန်တွင် ထူးထူးခြားခြား ပြောရဆိုရလွယ်ကူနေသော နန်စီသည် မတ်တတ်ရပ်လိုက်ပြီး အယ်ဒီတာ့နောက်မှ အစည်းအဝေးခန်းကလေး တစ်ခုဆီသို့ စကြိုလမ်းအတိုင်းလိုက်ပါလာ၏။ သူက နန်စီအား လက်ဖြင့် ထိုင်ခိုင်းလိုက်သည်။

အယ်ဒီတာကြီးက ပြောလိုက်သည်။

"ငါ မင်းကို တစ်ချိန်လုံးစောင့်ကြည့်ပြီး အကဲခတ်နေတာကွ၊ ငါတို့နှစ်ယောက်စလုံး အတွေးတစ်မျိုးတည်းကိုပဲ တွေးနေမိကြတယ် ထင်ပါရဲ့၊ ဟုတ်တယ်နော်"



နန်စီသည် မည်သို့မည်ပုံ ဖြေရမည်ကို ချက်ချင်း စကားလုံးရှာမရသဖြင့် ခေါင်းညိတ်ပြလိုက်ရ၏။

အယ်ဒီတာက ထပ်ပြောပြန်သည်။

"ဒီမှာ နန်စီ၊ ငါ့အထင်ပြောရရင်တော့ ဒီကနေ့ညနေပိုင်းမှာ ဖြစ်လာနိုင်တဲ့ နည်းနှစ်မျိုးထဲက မင်း တစ်ခုခု ဖြစ်ကိုဖြစ်တော့မယ်၊ မင်း အကြီးအကျယ် သွေးလေချောက်ချားပြီး ရူးတောင်သွားနိုင်တယ်၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကို ပြန်ထိန်းသိမ်းနိုင်ပြီး အတိတ်ကို အတိတ်မှာပဲ မေ့ပစ်ထားနိုင်စွမ်း ရှိချင်လည်း ရှိလာမယ်၊ ဒါပေမယ့် ခုအချိန်မှာ မင်းအနေနဲ့ ဖြစ်ချင်တာဖြစ်ဆိုပြီး ရေစုံမျှောလိုက်လို့တော့ မဖြစ်ဘူး၊ အပြုသဘောဆောင်တဲ့ ဆုံးဖြတ်ချက်တစ်ခုခုကို ချမှဖြစ်မယ်"

နောက်ဆုံးတွင် စိတ်သက်သာရာ ရရှိသွားသော နန်စီသည် အသံထွက်၍ ပြန်အဖြေပေးနိုင်လာသည်။

"မနေ့ညက ဖြစ်တဲ့ကိစ္စအတွက် ကျွန်မမှာ လုံးဝတာဝန်ရှိပါတယ်၊ ကျွန်မသိထားတဲ့သတင်းကို တစ်ယောက်ယောက်ကို ဖွင့်ပြောပြခဲ့မိတယ်ဆိုရင် ရဲတွေက စုံစမ်းနိုင်ခဲ့ကြမှာပါပဲ"

အယ်ဒီတာကြီးက ပြန်ပြောလိုက်၏။

"ဒီမှာ နန်စီ၊ (အနာဂတ်ကာလမှာ) ဘယ်ပုံဘယ်နည်း ဖြစ်လာမယ်ဆိုတာမင်းကြိုသိခဲ့ရင် မင်းအခုလို လုပ်မိမှာကို မဟုတ်ပါဘူး၊ ဒီတော့ ငါပြောချင်တဲ့ ဆုံးမစကားက ဒီလိုပါ၊ မင်းအနေနဲ့ မင်းလုပ်ခဲ့တာ၊ မလုပ်ခဲ့တာတွေကို အရှိကို အရှိအတိုင်းပဲ လက်ခံလိုက်ပါ၊ ပြီးတော့လည်း အတွေ့အကြုံနဲ့ သင်ခန်းစာယူဖို့အတွက် အဲဒီကိစ္စကို စိတ်ထဲမှာ မှတ်ရုံပဲမှတ်ထား၊ ဒါပေမယ့် နောက်တစ်နည်းပြောရရင် အတိတ်ကို အတိတ်မှာပဲ ထားရစ်ခဲ့ပေတော့"

အယ်ဒီတာကြီးက ဆက်ပြောပြန်၏။

"ကဲ မင်းကို ငါ နောက်တစ်ချက်ထပ်ပြောဖို့ ကျန်သေးတယ်၊ ငါ ဒီ (သတင်းစာ) လောကထဲမှာ ကျင်လည်ခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊ ငါ့အယူအဆကိုပြောရရင်တော့ မင်းဟာ ငါနဲ့တွဲပြီးလုပ်ကိုင်ခဲ့ဖူးတဲ့ သတင်းထောက်တွေထဲမှာ အကောင်းဆုံး သတင်းထောက်ပဲ"

ထိုအချိန်တွင်မှ နန်စီသည် (မည်သည့်အခါတွင်မှ) လုပ်လေ့လုပ်ထမရှိသော အပြုအမူတစ်ခုကို ပြုလုပ်လိုက်၏။ နန်စီသည် မျက်နှာကို လက်နှစ်ဘက်နှင့် အုပ်လိုက်ပြီးနောက် စိတ်မထိန်းနိုင်တော့ဘဲ ချုံးမည်းချ၍ ငိုလေတော့သည်။

အယ်ဒီတာကြီးသည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး ယဉ်ကျေးသော

www.burmeseclassic.com

www.burmeseclassic.com



အပြုအမူတစ်ရပ် အနေဖြင့် ကျောပေးပြီးရပ်ရင်း ပြောလိုက်၏။

"ဒီကနေ့ ဒီအခန်းထဲမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မင်းနဲ့ငါကလွဲပြီး ဘယ်သူမှ မသိစေရဘူးလို့ ငါ ကတိပေးပါတယ်ကွာ၊ မင်း စိတ်ရှိလက်ရှိသာ ငိုချလိုက်စမ်းပါ"

နောက်နာရီဝက်ကြာသောအခါ မျက်နှာကို သန့်စင်ထားပြီး ဖြစ်သည့်အပြင် မိမိကိုယ်ကို တည်ငြိမ်အောင် ပြန်လည်ထိန်းသိမ်းနိုင်စွမ်းရှိပြီဖြစ်သော နန်စီသည် ၎င်း၏ စားပွဲတွင် ပြန်လည်၍ အလုပ်လုပ်နိုင်စွမ်း ရှိနေလေပြီ။

၅

နောက်တစ်နေ့နံနက်တွင် နင်းမ်က နန်စီမိုလီနော့အား ကျေးဇူးတင်စကား ပြောရန် တယ်လီဖုန်း ဆက်လိုက်၏။

"ခင်ဗျားက ဟိုတယ်ကို တယ်လီဖုန်းဆက်လိုက်တဲ့အတွက် ခင်ဗျားကို ကျေးဇူးတင်ကြောင်း ပြောပါရစေ"

"ကျွန်မက ရှင့်အပေါ်မှာ အဲဒီလောက်တော့ အကြွေးရှိတယ်လို့ ယူဆပါတယ်"

"အကြွေးရှိတာ မရှိတာ အသာထား၊ ခင်ဗျားကို ကျွန်ုပ် သိပ်ကျေးဇူးတင်ပါတယ်"

ထို့နောက် နင်းမ်သည် ရှိုးတိုးရှန့်တန့်နှင့် ထပ်ပြောလိုက်၏။

"ခင်ဗျားအတွက် သတင်းထူးကြီးတစ်ပုဒ်လည်း ရသွားတာပေါ့လေ၊ ဝမ်းသာပါတယ်"

နန်စီကလည်း စပ်စပ်စုစု ပြန်မေးလိုက်သည်။

"အဲဒီသတင်းထဲမှာ ပါတာတွေနဲ့ပတ်သက်ပြီး ရှင် ဘယ်လိုခံစားရသလဲ"

"ဘာဒ်ဆောင်းနဲ့ ပတ်သက်လို့ကတော့ နည်းနည်းကလေးမှ စိတ်မထိခိုက်ပေါင်ဗျာ၊ သူ့မှာ အပြစ်ရှိသလောက် ခံစားရပါစေလို့ မျှော်လင့်ပါတယ်၊ နောက်တစ်ချက်ကလည်း လုပ်သားပြည်သူများအတွက် စွမ်းအင်နဲ့ အလင်းရောင်ဆိုတဲ့ အတုအလိမ်အညာ အုပ်စုကိုလည်း စုံစုံမြုပ်သွားပါစေလို့ ဆုတောင်းပါတယ်"

"ဆီကိုဝါကလပ်နဲ့ ပတ်သက်ရင်ကော ရှင့်စိတ်ထဲမှာ ဘယ်လိုခံစားရပါသလဲ"

"ဆီကိုဝါကလပ်ဆိုတာ ကျွန်တော်တို့ လူနေမှုစနစ်အတွက် အထိန်းအချုပ် အနေနဲ့ ရှိကိုရှိသင့်ပါတယ်၊ အဲလေ ကျွန်တော့်အနေနဲ့ ဆီကိုဝါကလပ်နဲ့ သဘောထားချင်း မတိုက်ဆိုင်တာလေးတွေ ရှိခဲ့ပါတယ်၊ ပြီးတော့လည်း ဆီကိုဝါကလပ်က မည်းမည်းမြင်သမျှ လိုက်ကန့်ကွက်နေတဲ့အမျိုးကလည်း တရားလွန်လွန်းတယ်လို့ ယူဆမိပါတယ်



ဒါပေမယ့် ဆီကိုဝါကလပ်ဆိုတာ လူနေမှုစနစ်ရဲ့ အထိန်းအကွပ်တစ်မျိုးပါ၊ ပတ်ဝန်းကျင် အလှအပ မပျက်ယွင်းအောင် သတိပေးနှိုးဆော်နေသလို ကျွန်တော်တို့ဘက်က သိပ်ကို တရားလွန်လွန်းလာမယ်ဆိုရင်လဲ ဟန့်တားနိုင်တဲ့သဘော ရှိပါတယ် ခုလောလောဆယ်မှာတော့ ဆီကိုဝါကလပ်ဟာ လူကြိုက်နည်းနေတာ အမှန်ပါပဲ၊ ဒါပေမယ့် လုံးဝပျောက်ကွယ်သွားတာမျိုးတော့ မဖြစ်စေချင်ပါဘူး၊ အဲဒီလို ဖြစ်လာခဲ့ရင် ကျွန်တော်တို့ အားလုံးအတွက် ဆုံးရှုံးမှုကြီး ဖြစ်ပါလိမ့်မယ်"

နန်စီက ပြောလိုက်၏။

"အဲလေ တစ်ခါတလေကျတော့လည်း လောကကြီးမှာ ထူးထူးဆန်းဆန်းတွေနဲ့ လာကြုံရတတ်တယ်၊ ရှင် ခုနက ပြောတာတွေကို သတင်းထဲမှာ ထည့်ရေးရင် ရမလား"

နင်းမ်သည် စက္ကန့်ပိုင်းခန့် တွန့်ဆုတ်ဆုတ် ဖြစ်သွားပြီးနောက် ပြန်ဖြေလိုက်၏။

"ဘာဖြစ်လို့ မရရမှာလဲ"

နန်စီသည် ထိုသတင်းကို အိပ်ဖင်းမနား သတင်းစာထဲတွင် ထပ်မံဖော်ပြပေးလိုက်လေသည်။

ထိုနေ့မှာ (ကိုလံဘတ်စ်ဟိုတယ်) အရေးအခင်းဖြစ်ပွားပြီးနောက် (၇) ရက်ပြည့်မြောက်သော သောကြာနေ့ဖြစ်သည်။ ဂျေအီးရစ်ဟမ်ဖရီသည် ထူးခြားစွာ စိတ်လှုပ်ရှားနေဟန်တူသည်။ ၎င်း၏ရုံးခန်းထဲသို့ နင်းမ်ဝင်ရောက်သွားသောအခါ ဟမ်ဖရီသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် သွားလာလှုပ်ရှားနေသည်ကို တွေ့သည်။ ဥက္ကဋ္ဌကြီးသည် ထိုကဲ့သို့ ပြုမူလေ့မရှိချေ။ ဟမ်ဖရီသည် မတ်တတ်ရပ်လျက်ကပင် စကားပြောနေသောကြောင့် နင်းမ်ကလည်း နားထောင်နေရသည်။

"ငါပြောချင်တာတွေ တော်တော်ခပ်များများ ရှိနေတယ်၊ ပထမပြောချင်တာကတော့ ညီလာခံမှာ မင်းပြောတဲ့ မိန့်ခွန်းနဲ့ပတ်သက်ပြီး အတော်ခပ်များများက ချီးကျူးစကား ပြောကြတယ်၊ အဲဒါနဲ့ပတ်သက်ပြီး ငါကလည်း မင်းကို ချီးကျူးစကား ပြောချင်တယ်၊ ဒုတိယအချက်ကတော့ ကုမ္ပဏီရဲ့ ပြောရေးဆိုခွင့်ရှိသူအနေနဲ့ မင်းကပဲ ပြန်ပြီး ဆောင်ရွက်ပေးစေချင်တယ်၊ ဂိုးလ်ဒင်းစတိတ်မှာ မင်းလိုလူစားမျိုး သိပ်လိုအပ်နေတယ်"

ဟမ်ဖရီက စကားကို ခေတ္တရပ်နားလိုက်သောကြောင့် နောက်ထပ် ဘာဆက်ပြောလေဦးမလဲဟု နင်းမ်က နားစွင့်လိုက်၏။

"နောက်တစ်ချက် ကျန်သေးတယ်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး အခုအချိန်အထိ တို့ကုမ္ပဏီဟာ လက်တစ်ဆုပ်စာလောက်သာရှိတဲ့ အကြမ်းဖက်သမားတွေ ရန်မှ

www.burmeseclassic.com

www.burmeseclassic.com



တာကို ရှက်စရာကောင်းလောက်အောင် ခံခဲ့ကြရတယ်၊ အက်ဖ်ဘီအိုင်နဲ့ ရဲတပ်ဖွဲ့က လည်း ဘာဆိုဘာမှ မစွမ်းဆောင်နိုင်ခဲ့ကြဘူး"

နှင်းမ်က ထောက်ပြလိုက်၏။

"ဘဏ်ဆောင်းကိုတော့ ထောင်ထဲ ပို့ထားလိုက်နိုင်ပါပြီ"

"ဟုတ်တယ်၊ ဒါပေမယ့် အဲဒါဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငွေနပဲကြီး ပြီး အင်မတန် အကင်းပါးတဲ့ အမျိုးသမီး သတင်းထောက်တစ်ဦးက တစ်လှေလောက် ရှိတဲ့ ဥပဒေအကျော်သားတွေထက် ပိုပြီးဉာဏ်သွားခဲ့လို့ပဲ မဟုတ်လား"

ဟမ်ဖရီ၏အသံမှာ စူးစူးရဲရဲနှင့် ကျယ်ကျယ်လောင်လောင် ဖြစ်လာသည်။ ဥက္ကဋ္ဌကြီး ထိုကဲ့သို့ စိတ်လှုပ်ရှားနေသည်ကို နှင်းမ်အနေနှင့် တွေ့ရခဲဘိခြင်း။

"ပြီးတော့လည်း တို့အနေနဲ့ ခပ်စောစောကတည်းက ဒီကိစ္စကို ဥပဒေအကျော် သားတွေက ပြင်းပြင်းထန်ထန် အရေးယူပေးပါလို့ အတင်းအဓမ္မ တိုက်တွန်းသင့်ခဲ့ တယ်၊ အဲဒီလို မပြောခဲ့မိလို့ တို့အားလုံးကို ငါက အပြစ်တင်ချင်တယ်၊ ငါ့ကိုယ်ငါလည်း အပြစ်တင်ချင်တယ်၊ အခုဆိုရင်တောင် ဟိုလူယုတ်မာ အာချန်ဘော့က လွတ်နေသေး တယ်၊ (၇) ရက်လည်း ကုန်သွားပြီ၊ သူက ဘယ်ရောက်နေသလဲ"

နှင်းမ်က ဖြေလိုက်၏။

"အဲဒီငတိဟာ နော့သ်ကက်စတယ်ဒေသ တစ်နေရာရာမှာ ရှိတယ်လို့ယူဆ ပြီး ရဲတပ်ဖွဲ့က ရှာဖွေနေကြဆဲပါပဲ"

"အဲဒီငတိဟာ အဲဒီနေရာကနေပြီး တို့ကုမ္ပဏီကလူတွေ ဒုက္ခရောက်အောင်လုပ် ဖို့ ထပ်သတ်ဖို့ ကြံစားနေတယ်ဆိုတာ ရဲရဲကြီးပြောရတယ် နှင်းမ်၊ အဲဒီလူဆိုးကို ဖမ်း မိစေချင်တယ်၊ လိုအပ်ရင် ဂိုးလ်ဒင်းစတိတ်က ဖမ်းပေးစေချင်တယ်"

ဂိုးလ်ဒင်းစတိတ်လို အဖွဲ့အစည်းမျိုးသည် ရဲတပ်ဖွဲ့၏လုပ်ငန်းကို လုပ်နိုင်စွမ်း မရှိဟု ပြန်ဖြေရန် ဟန်ပြင်ပြီးမှ . . .

"အီးရစ် ခင်ဗျားက ဘယ်လိုစိတ်ကူးထားလို့လဲ" ဟု ပြန်မေးလိုက်မိသည်။

"ငါစဉ်းစားမိတာကတော့ တို့အဖွဲ့အစည်းမှာ အရည်အချင်း ပြည့်ဝတဲ့လူတွေ ဦးနှောက်ကောင်းတဲ့လူတွေ တစ်လှေကြီးရှိနေတယ်၊ ဒီကနေ့ ရလာတဲ့ ရလာဒ်တွေကို ကြည့်ပြီး ပြောရရင် ဥပဒေအကျော်သား အဖွဲ့အစည်းတွေမှာ အဲဒီလိုလူစားမျိုးတွေ သိပ်ကိုရှားပါးနေတယ်၊ ဒီတော့ ငါမှာချင်တာက မင်းနဲ့ တခြားဦးနှောက်ကောင်းတဲ့ လူတွေစုပြီး ဒီကိစ္စကို အဖြေရှာကြပါ၊ မင်းအတွက် အကူအညီပေးနိုင်မယ့်လူ မှန်သမျှ ကို ခေါ်သုံးနိုင်တယ်၊ ဒါပေမယ့် ငါက အဖြေထွက်မှ ကြိုက်တယ်၊ ငါက ဟိုလူယုတ်မာ အာချန်ဘော့ကို ဖမ်းမိပြီး တရားဥပဒေရှေ့မှောက်ကို ပို့ပေးစေချင်တယ်"

ဂျေအီးရစ်ဟမ်ဖရီသည် စကားပြောရပ်လိုက်ပြီးနောက် ခပ်ပြတ်ပြတ် ပြော



ချလိုက်၏။

"ဒါပါပဲ"

□

နှင်းမ်ကိုယ်တိုင်လည်း ဦးနှောက်အင်အားကို အသုံးပြုရန် စိတ်ကူးနေမိသည ဖြစ်ရာ ဟမ်ဖရီနှင့် အတွေးချင်းတူနေမှုသည် မတော်တဆ တိုက်ဆိုင်မှုသာဖြစ်ကြောင်း နောက်ပိုင်းတွင် တွေးမိလာ၏။ လွန်ခဲ့သော လေးလခန့်က လွတ်လပ်ရေး၏ မိတ်ခေ မျှားဟု မှည့်ခေါ်ထားသောအုပ်စု၏ ထိုးနှက်တိုက်ခိုက်မှုပြဿနာကို ဦးနှောက်အင်အား သုံးစွဲ၍ အဖြေရှာရန် ကြိုးစားခဲ့ဖူးသော်လည်း အရာရောက်သည်ဟု မထင်သောကြော ထိုကိစ္စကို စွန့်လွှတ်ခဲ့သည်။ သူသည် ဦးနှောက်အင်အားအုပ်စုတွင် ပါဝင်သူ အော်စကာ အိုဘရိုင်ယင်၊ တီရေဇာဗန်ဘူရင်နှင့် ဟယ်ရီလန်ဒန်တို့အား နောက်ထပ် အစည်းအဝေး ခေါ် ယူခြင်း မရှိခဲ့ချေ။ သို့တိုင်အောင် ယခုသိထားရသမျှ အချက်အလက်များအား ပြန်လည်သုံးသပ်ကြည့်မည် ဆိုပါက လေးယောက်အုပ်စု၏ တွေးခေါ်ချက်များသည အဖြစ်မှန်နှင့် အလွန်နီးစပ်ကြောင်း တွေ့လာရသည်။ ယခုအချိန်တွင် အမည်မသိပုဂ္ဂို သည် မည်သူမည်ဝါဖြစ်ကြောင်း သိလာရပြီဖြစ်သည့်အပြင် ထိုပုဂ္ဂိုလ်သည် မြို့တော်ဒ တစ်နေရာတွင် ပုန်းအောင်းနေကြောင်း သိရှိထားရသည့်အတွက် ဦးနှောက်အင်အား သည် (ဉာဏ်ကိုလွှာသုံးပြီး) ၎င်းပုန်းအောင်းနေသည့် နေရာအား ထိုးဖောက်၍ ရှာဖ နိုင်စွမ်းရှိလေမည်လား မသိ။

နှင်းမ်သည် ၎င်း၏မှတ်စုများကိုကြည့်ရင်း ပြောလိုက်၏။

"တကယ်တန်းကျတော့ ကျုပ်တို့လူစုရဲ့ အတွေးတွေဟာ အံ့ဩစရာကောင်း လောက်အောင် ဒက်ထိမှန်ခဲ့ကြတာပဲ"

ထိုနေ့မှာ တနင်္ဂနွေနေ့တစ်နေ့၏ ညနေခင်းဖြစ်သည်။ ဦးနှောက်အင်အား တွင် ပါဝင်သူများသည် အော်စကာအိုဘရိုင်ယင်၏ နေအိမ်၌ ဆုံစည်းကြပြီး (သစ်ပ ပန်းမာလ်များနှင့် စိမ်းစိမ်းစိုစိုရှိလှသော) ဥယျာဉ်ခန်းမဆောင်တွင် သက်တောင့်သက သာ ထိုင်နေကြသည်။

နှင်းမ်က ဆက်ပြောပြန်၏။

"ကျုပ်တို့က ခေါင်းဆောင်လုပ်တဲ့လူဟာ ယောက်ျားပီသသူ၊ စိတ်ကြီးဝင်ဓေ တဲ့သူ ဖြစ်ရမယ်၊ ပြီးတော့ သူနဲ့ ရင်းရင်းနှီးနှီး လက်တွဲပြီးလုပ်နေတဲ့ အမျိုးသမီးအဖ တစ်ယောက် ရှိကိုရှိရမယ်လို့ ဆက်စပ်တွေးခေါ် ခဲ့ကြတယ်"

တီရေဇာဗန်ဘူရင်က ဖြတ်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေကတော့ ဒက်ထိကိုမှန်တာပဲ"

တီရေစာဗန်ဘူရင်သည် ရက်သတ္တပတ် အားလပ်ရက်တွင် အိမ်၌ ဖျင်းဖျင်းရှိရှိနှင့် အနားယူနေရာမှ အဝတ်အစား မလဲလှယ်ဘဲ ထလိုက်လာသူလို (ခါးတွင် ကြိုးနှင့်ချည်နှောင်ထားရသော) အစိမ်းရောင် (ညဝတ်အကျီပုံစံ) ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။

နင်းမ်က ဆက်ပြောပြန်၏။

"အခု ကျုပ်တို့က ခေါင်းဆောင်ရဲ့ ဥပမိရုပ်ရဲ့ သူ့စိတ်နေသဘောထားအကြောင်း အတော်ကလေး ခပ်များများ သိထားရတယ်ဆိုတော့ သူ့ကို ခြေရာခံပြီးလိုက်ရင် ရနိုင်ကောင်းတယ်လို့ ယူဆတယ်"

အော်စကာအိုဘရိုင်ယင်သည် သူ့နှုတ်ခမ်းထူကြီးများ အကြားမှ ဆေးပြင်းလိပ်ကို ဖြုတ်ယူလိုက်ပြီးနောက် ပြောလိုက်၏။

"တိုယ်က နောက်တစ်ကြိမ်စမ်းကြည့်ဖို့ ဝန်မလေးပါဘူး။ ကဲ ဘယ်နေရာက စကြမလဲ"

နင်းမ်က ဖြေလိုက်သည်။

"ကျွန်တော် မှတ်စုကလေးတစ်ခု ပြုစုလာတယ်"

နင်းမ်သည် လက်ဆွဲအိတ်ကို ဖွင့်လိုက်ပြီးနောက် မှတ်စုစာရွက်များကို ထုတ်ယူ၍ တစ်ဦးချင်းထံ လိုက်လံဝေသည်။ ထိုမှတ်စုထဲတွင် လွတ်လပ်ရေး၏ မိတ်ဆွေများအုပ်စုနှင့် ဂရီးဂိုစ်အာချန်ဘော့အကြောင်း ညီလာခံပြီးဆုံးချိန်မှစ၍ ယနေ့အထိ စာနယ်ဇင်းများတွင် ဖော်ပြခဲ့ကြသော အချက်အလက်မျိုးစုံကို စုစည်းဖော်ပြထားသည်။

အခြားပုဂ္ဂိုလ်များက အဆိုပါမှတ်စုစာရွက်အား ဖတ်ရှုလေ့လာပြီးစီးချိန်အထိ နင်းမ်က စောင့်နေလိုက်ပြီးမှ ထပ်မေးလိုက်၏။

"ဒီမှတ်စုထဲမှာ မပါသေးတဲ့ အခြားအချက်အလက်တွေများ ကျန်သေးသလား"

ဟယ်ရီလန်ဒန်က ပြောလိုက်သည်။

"ဥပဒေဘက်တော်သား အဖွဲ့အစည်းမှာရှိတဲ့ ကျုပ်မိတ်ဆွေတွေရဲ့ အကူအညီနဲ့ နည်းနည်းလောက် ထပ်ပြီးဖြည့်စွက်နိုင်မလားတော့ မသိဘူး"

အခြားပုဂ္ဂိုလ်များသည် သက်တောင့်သက်သာရှိအောင် ဝတ်စားလာကြသော်လည်း ဟယ်ရီလန်ဒန်ကမူ ဝတ်စုံပြည့် ဝတ်စားလာသည်။

"ဂရီးဂိုစ်အာချန်ဘော့ရဲ့ မှတ်တမ်းစာအုပ်ကို ရှာတွေ့တယ်လို့ သတင်းစာတွေထဲမှာ ဖော်ပြကြတယ်၊ အဲဒီမှတ်တမ်းစာအုပ်ကို ခရိုင်ရှေ့နေကြီးက သက်သေခံပစ္စည်းအဖြစ် အသုံးပြုမှာမို့လို့ အထဲမှာပါတဲ့ အချက်အလက်တွေကို (မြင်ပပုဂ္ဂိုလ်တွေကို)



အသိမပေးဘူးလေ"

ဗန်ဘူရင်က မေးလိုက်သည်။

"ရှင်က အဲဒီမှတ်တမ်းစာအုပ်ကို မြင်ဖူးသလား"

"မိတ္တူကူးထားတဲ့ စာအုပ်တစ်အုပ်ကိုတော့ ကြည့်ခွင့်ရခဲ့တယ်၊ သူရေးထားတာတွေကို ဖတ်ကြည့်ရင်းနဲ့ သိလာရတဲ့ အချက်နှစ်ချက်ရှိတယ်၊ ပထမအချက်ကတော့ ဒီလူဟာ စာမရေးရဘဲ မနေနိုင်တဲ့ လူစားမျိုး၊ နောက်တစ်ချက်ကတော့ သူ့လက်ရေးဟာ သိပ်ကိုထူးခြားတဲ့ လက်ရေးမျိုးဆိုတာပဲ"

"အင်း"

အိုဘရိုင်ယင်သည် သူ့မေးစေ့ကို လက်နှင့်ပွတ်ရင်း အတွေးနယ်ထဲ၌ မျောပါနေသည်။

"ကျုပ်တွေးမိတဲ့ စိတ်ကူးတစ်ခုတော့ ရှိတယ်၊ ဒါပေမယ့် သိပ်မပြည့်စုံသေးဘူး"

အိုဘရိုင်ယင်က အခြားသူများအား လက်ပြ၍ လှမ်းပြောလိုက်၏။

"ကဲ ဆက်ပြောပါဦးလေ"

နင်းမ်က ပြောလိုက်သည်။

"ဟုတ်ပါပြီ နော့သ်ကက်စတယ်အကြောင်း ပြောကြရအောင်၊ အဲဒီဒေသဟာ (ကျူးကျော်ရပ်ကွက်လို) အိမ်ငှားတွေ ပြည့်ကျပ်ဖွတ်သိပ်နေတဲ့ နေရာပဲ၊ တကယ်လို့ တစ်ယောက်ယောက်က ကိုယ်ရောင်ဖျောက်ပြီး နေချင်သပ,ဆိုရင် အဲဒီဒေသဟာ အကောင်းဆုံးနေရာပဲ"

အိုဘရိုင်ယင် မေးလိုက်သည်။

"အာချန်ဘော့ ပျောက်သွားတယ်လို့ ယူဆရတဲ့ နေရာတစ်ဝိုက်ဟာ ဘယ်လောက် ကျယ်လိမ့်မယ်ဆိုတာ တစ်ယောက်ယောက်က ခန့်မှန်းထားတာများ ရှိသလား"

လန်ဒန်က ဖြေသည်။

"ရဲတွာပ်ဖွဲ့က ခန့်မှန်းထားတာတော့ ရှိတယ်၊ သူတို့ တွေးခေါ်ပုံကလည်း ဒီလိုဗျ၊ အာချန်ဘော့တစ်ယောက် ပစ်ကပ်ကားပေါ်က ဆင်းသွားတဲ့အချိန်ဟာ သူ့အတွက် ဓရးကြီးသုတ်ပျာ လုပ်နေရတဲ့အချိန်ပဲ၊ ဒီတော့ အာချန်ဘော့ဟာ အိမ်နဲ့ခပ်ဝေးဝေးမှာ ပစ်ကပ်ကားကို ထားပစ်ခဲ့မှာမဟုတ်သလို သိပ်နီးတဲ့ နေရာအထိအောင်လဲ ယူလာမှာမဟုတ်ဘူး၊ အများဆုံး တစ်မိုင်ခွဲလောက်အထိပဲ ဆိုပါတော့၊ ဒီတော့ ပစ်ကပ်ကား (ရပ်ထားခဲ့တဲ့နေရာ) ကို ဗဟိုပြုပြီးတော့ အချင်းဝက်တစ်မိုင်ခွဲရှိမယ့် စက်ဝိုင်းတစ်ခုကို ဆွဲကြည့်မယ်ဆိုရင် ဧရိယာအားဖြင့် စတုရန်း (၇) မိုင်လောက်တော့ ရှိလိမ့်မယ်"

နင်းမ်က ဝင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် လူနေအိမ်နဲ့ အလုပ်ဌာနပေါင်း တစ်သောင်းနှစ်ထောင်ကျော် ရှိလိမ့်မယ်၊ လူအရေအတွက်တတော့ သုံးသောင်းကျော်လိမ့်မယ်"

အိုဘာရိုင်ယင်က ပြောလိုက်သည်။

"အာချန်ဘော့ကို လိုက်ရှာရတာဟာ ကောက်ရိုးပုံထဲက အပ်ကို ရှာရသလိုပဲဆိုတာ ကျုပ်သိတယ်၊ ဒါပေမယ့် အဲဒီကောင်ကို အပြင်ထွက်လာအောင် တောခြောက်ပြီး လှန့်ထုတ်သလို လုပ်လို့ရနိုင်မယ်လို့ ထင်တာပဲလေ၊ ကျုပ်စိတ်ကူးက ဒီလိုဗျ"

နင်းမ်၊ ဟယ်ရီလန်ဒန်နှင့် ဗန်ဘူရင်တို့က စိတ်ဝင်တစား နားထောင်နေကြ၏။

အိုဘာရိုင်ယင်က ဆက်ပြောသည်။

"ဟယ်ရီပြောပုံအရ အာချန်ဘော့ဟာ စာမရေးရရင်ကို မနေနိုင်တဲ့လူ၊ ကျုပ်တို့သိထားရတဲ့ အခြားအချက်အလက်တွေနဲ့ ပေါင်းစပ်လိုက်ပြန်တော့ ဒီလူဟာ သူ့ရင်ထဲက ခံစားရချက်တွေကို ဖွင့်မပြောရရင်မနေနိုင်တဲ့ ကိုယ့်ကိုယ်ကိုဖော် မသူတော်ဆိုတဲ့ လူစားမျိုး၊ တကယ်လို့များ ကျုပ်တို့က သူရှိနေတဲ့ ဒေသတစ်ဝိုက်မှာ မေးခွန်းလွှာတစ်မျိုးကို ဖြန့်ဝေနိုင်မယ်ဆိုရင် ဒီလူက ပြန်မဖြေဘဲ နေနိုင်လိမ့်မယ် မဟုတ်ဘူး"

ဦးနှောက်ခြောက်သွားကြဟန်နှင့် ငြိမ်ကျသွားကြသည်။ ထို့နောက်တွင်မှ ဗန်ဘူရင်က ပြန်မေးလိုက်၏။

"မေးခွန်းလွှာက ဘာကိုမေးမှာလဲ"

"သူစိတ်ဝင်စားလာအောင် တစ်နည်းတစ်ဖုံ လုပ်ရမယ်ဆိုတော့ လျှပ်စစ်ခေတ်အားအကြောင်းပဲ ဖြစ်ရမှာပေါ့၊ ဥပမာ ဂိုးလ်ဒင်းစတိတ်၏ ဝန်ဆောင်မှုလုပ်ငန်းကို သင်မည်ကဲ့သို့ အကဲဖြတ်ပါသနည်း။ ယခုကဲ့သို့ အဆင့်အတန်းမြင့်မားၡ ကောင်းမွန်သော ဝန်ဆောင်မှုလုပ်ငန်းများအား အဆက်မပြတ် ဆောင်ရွက်နိုင်စေရေးအတွက် မာတ်အားခစျေးနှုန်းကို မြှင့်တင်ရန်လိုအပ်သည်ဟု သင် ယူဆပါသလော။ အဲဒီလိုပုံစံမျိုးပဲပေါ့"

နင်းမ်က ပြောလိုက်သည်။

"ကျွန်တော် ထင်တာကိုပြောရရင် မေးခွန်းလွှာတွေ ပြန်ရောက်လာတဲ့အခါကျတော့ ဟိုမှတ်တမ်းစာအုပ်ထဲက လက်ရေးနဲ့တိုက်ကြည့်ဖို့ ခင်ဗျားက စိတ်ကူးတယ်ထင်တယ်"

"မှန်တယ်"

"ဒါပေမယ့် အာချန်ဘော့က လက်နှိပ်စက်ကို သုံးလိုက်မယ်ဆိုရင်တော့ဗျာ"

အိုဘာရိုင်ယင်က ဖြေသည်။

"ဒါဆိုရင် ကျုပ်တို့ ဘယ်လိုနည်းနဲ့မှ ရွေးထုတ်နိုင်မှာ မဟုတ်ဘူး၊ မင်းက



ရေပက်မဝင်အောင် ထောင့်စေ့တဲ့ စီမံချက်မျိုးကိုမှ လိုချင်တယ်ဆိုရင် ရှာလို့ကိုတွေ့မှာမဟုတ်ဘူး"

တီရေစာဗန်ဘူရင်က ထောက်ကွက်လုပ်ပြန်၏။

"တကယ်လို့များ လက်ရေးချင်းတူတဲ့ မေးခွန်းလွှာကို ပြန်ရပြီဆိုပါတော့၊ အဲဒီမေးခွန်းလွှာကို ဘယ်ကပြန်ပို့လိုက်တယ်ဆိုတာ ရှင်ဘယ်လိုလုပ် သိနိုင်မလဲ၊ အာချန်ဘော့ကတော့ သူ့လိပ်စာကို ထည့်ရေးပေးလိုက်မှာ မဟုတ်ဘူး"

ဟယ်ရီလန်ဒန်က ဝင်ပြောလိုက်သည်။

"အေးဗျာ၊ အဲဒီလိုကိစ္စမျိုးမှာ စုံစမ်းထောက်လှမ်းလို့ရနိုင်တဲ့ နည်းတစ်နည်းတော့ ရှိတယ်ဗျ၊ မမြင်ရတဲ့မင်ကို သုံးမယ်ဗျာ၊ ကျုပ်တို့က မေးခွန်းလွှာတိုင်းမှာ နံပါတ်တစ်ခုစီကို မမြင်ရအောင် ရိုက်နှိပ်ပေးလိုက်မယ်၊ အဲဒါမျိုးကို ဘယ်ပုံနှိပ်စက်မှာမဆို စီစဉ်လို့ရပါတယ်၊ အဲဒီအရည် (မင်) က စက္ကူထဲကို စိမ့်ဝင်သွားမှာဆိုတော့ (ရိုးရိုးမျက်စိနဲ့) ဘယ်လိုမှ မြင်နိုင်မှာမဟုတ်ဘူး၊ ဒါပေမယ့် အဲဒီစာရွက်ကို အနက်ရောင် မီးလုံးအောက်မှာ ထားကြည့်မယ်ဆိုရင် နံပါတ်ကို အတိုင်းသားမြင်ရလိမ့်မယ်"

တီရေစာဗန်ဘူရင်က အထိတ်တလန့် အော်လိုက်၏။

"ဘုရားရေ"

ဟယ်ရီလန်ဒန်က တီရေစာကို ရှင်းပြသည်။

"ဘယ်လိုနည်းနဲ့မှ လူမသိစေရပါဘူးဆိုတဲ့ မေးခွန်းလွှာတစ်ဝက်လောက်ဟာ အဲဒီလိုနည်းမျိုးနဲ့ လုပ်ကြတာချည်းပဲ၊ ဒီစာရွက်ကို ဘယ်နည်းနဲ့မှ ထောက်လှမ်းလို့မနိုင်ပါဘူးဆိုတဲ့ စာရွက်မျိုးအပေါ် ဘယ်တော့မှ မယုံကြည်ပါနဲ့"

နင်းမ်က ဝင်ပြောပြန်၏။

"ကျွန်တော် ပြောချင်တာကတော့ ဒီမေးခွန်းလွှာတွေကို ဘယ်လိုနည်းနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဝေပေးနိုင်မလဲဆိုတာရယ်၊ အဲဒီလိုဝေမယ်ဆိုရင်လဲ ဘယ်စာရွက်က ဘယ်လိပ်စာကို ပို့လိုက်တယ်ဆိုတာ မှတ်တမ်းတင်ထားဖို့ကိစ္စရယ်၊ အဲဒါတွေက လွယ်မှမလွယ်ဘူးလားဗျာ"

တီရေစာဗန်ဘူရင်က ကိုယ့်ကို ဆတ်ကနဲ ပြင်ထိုင်လိုက်၏။

"လွယ်ပါတယ်၊ ကျွန်မတို့ရဲ့ မီတာဘီလ် ကောက်ခံတဲ့ဌာနကြီး (က စာရင်းပြုစုပေးမှာ) ပဲပေါ့"

ကျွန်ုပ်တို့လ်များက တီရေစာကို ဝိုင်းကြည့်နေကြသည်။

တီရေစာက ရှင်းပြလိုက်၏။

"ဟောဒီလို စဉ်းစားကြည့်ကြပေါ့ရှင်၊ အဲဒီဒေသမှာရှိတဲ့ အဆောက်အအုံတိုင်းဟာ ဂိုးလ်ဒင်းစတိတ်ရဲ့ ဖောက်သည်တွေချည်းပဲ၊ ဒါကြောင့် နာမည်နဲ့ လိပ်စာတွေအား

www.burmeseclassic.com



လုံးဟာ မီတာဘီလ်ကောက်ခံတဲ့ ကွန်ပျူတာတွေထဲမှာ အဆင်သင့်ရှိနေတယ်"

နင်းမိက ပြောလိုက်၏။

"ကျွန်တော် သဘောပေါက်ပါပြီ ခင်ဗျားက အဲဒီဒေသမှာရှိတဲ့ လိပ်စာရှင်တွေဆီကိုပဲ ပို့နိုင်အောင် ကွန်ပျူတာထဲကို သီးခြားအစီအစဉ်လုပ်ပြီး သွင်းပေးလိုက်မယ်ဆိုပါတော့"

အိုဘရိုင်ယင်က ဝင်ဖြည့်စွက်သည်။

"ခုနကပြောတာထက် ပိုကောင်းအောင်လုပ်လို့ ရပါတယ်၊ မေးခွန်းလွှာပေါ်မှာ အပို့ခံရသူရဲ့ အမည်နဲ့လိပ်စာကို တသီးတခြား ရိုက်ထည့်ပေးလိုက်မယ်၊ သူက ပြန်ပို့တဲ့အခါကျရင် အဲဒီလိပ်စာနဲ့ အမည်ပါတဲ့အပိုင်းကို ဆုတ်ဖြဲယူထားပြီး လိပ်စာပေါ်တဲ့ ကျန်တစ်ပိုင်းကို ပြန်ပို့နိုင်တာပေါ့"

အိုဘရိုင်ယင်က အထူးစိတ်ပါဝင်စားလာဟန်နှင့် ပေါင်ကိုလက်နှင့် တစ်ချက်ထပ်ပုတ်လိုက်ပြန်၏။

"ကျုပ်တို့တွေးမိတဲ့စိတ်ကူးက တကယ်ကောင်းတယ်ဗျို့"

နင်းမိကလည်း ပြောလိုက်သည်။

"သိပ်ကောင်းတဲ့ အကြံပါပဲလေ၊ စမ်းလည်းကြည့်လိုက်ပါတယ်"

သူတို့အုပ်စုသည် စိတ်ပါဝင်စားစွာနှင့် နောက်ထပ်တစ်နာရီခန့်ကြာအောင် ဆက်ဆွေးနွေးကြသည်။

□ □ □

## အခန်း (၂၂)

ဂိုးလ်ဒင်းစတိတ်၏ ကွန်ပျူတာဌာနချုပ်သည် 'ကြယ်တာရာစစ်ပွဲများ' ရုပ်ရှင်ဆက်တင်နှင့် တော်တော်နီးနီးစပ်စပ် တူညီမှုရှိကြောင်း နင်းမိတွေးမိသည်။ အထပ်သုံးထပ်စလုံးတွင် ထားရှိသော ပစ္စည်းအားလုံးသည် သန့်သန့်ရှင်းရှင်းရှိသည်။ လုပ်ငန်းအတွက် အသုံးဝင်သည်။ အနာဂတ်တမ္မာနှင့် ပိုနီးစပ်သည်။ ကျည်ဆံမဖောက်ထွင်းနိုင်သော မှန်လုံအခန်းထဲမှ (နေ၍ တစ်ဦးနှင့်တစ်ဦး) မိုက်ကရိုဖုန်း စကားပြောခွက်ကလေးများနှင့်သာ ဆက်သွယ်လေ့ရှိသော လုံခြုံရေးအစောင့်များသည် ထိုဌာနသို့ ဝင်လာသူ ပြန်ထွက်သွားသူမှန်သမျှအား စေ့စေ့စပ်စပ် စိစစ်လျက်ရှိသည်။ ဂိုးလ်ဒင်းစတိတ်၏ ချယ်ယာမင် ဂျေအီးရစ်ဟာမ်ဖရီ ကိုယ်တိုင်ပင်လျှင် ညှော်သည့်တော်တံဆိပ်ကို တပ်ဆင်လာရသလို စေ့စေ့စပ်စပ် စစ်ဆေးခံရပြီးမှသာ ဝင်ထွက်ရလေ့ရှိသည်။

ထိုကဲ့သို့ တင်းတင်းကျပ်ကျပ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်မှာ အကြောင်းလုံလောက်စွာ ရှိသည်။ ကွန်ပျူတာဌာနချုပ်သည် ရတနာသိုက်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နေရသောကြောင့် ဖြစ်သည်။ ဤဌာနတွင် ဂိုးလ်ဒင်းစတိတ်၏ ဖောက်သည်ဦးရေ ရှစ်သိန်းခွဲ၏ ရှေးယခင်ကစ၍ ယနေ့အထိ မီတာမှတ်တမ်းများ၊ ငွေပေးချေသည့် ဘီလ် (မှတ်တမ်း) များနှင့် ငွေပေးသွင်းမှု စသည်တို့ကို မှတ်တမ်းတင်၍ သိမ်း

www.burmeseclassic.com



ဆည်းထားရှိသည်သာမက၊ အစုရှယ်ယာပိုင်ရှင်များနှင့် ပတ်သက်သော အချက်အလက်များ၊ ဝန်ထမ်းများ၊ ပစ္စည်းပစ္စယများနှင့် ပတ်သက်သော အချက်အလက်များနှင့် စစ်ဘက်ဆိုင်ရာ အချက်အလက်အားလုံးကို သိမ်းဆည်းထားသည်။ ကွန်ပျူတာစက်များ၏ တန်ဖိုးကမင်လျှင် ဒေါ်လာသန်း (၃၀) တန်သည်။ ကွန်ပျူတာထဲ၌ သိမ်းဆည်းထားသော အချက်အလက်များ၏ တန်ဘိုးကိုမူ ခန့်မှန်း၍ရနိုင်ဖွယ် မရှိပါချေ။

နင်းမ်နှင့် အော်စကာအိုဘရိုင်ယင်တို့သည် ဂရိုဂိုစ်အာချန်ဘော့အား ထောင်ချောက်ဆင်၍ ဖမ်းဆီးနိုင်မည်ဟု မျှော်လင့်ထားသော စာတ်အားသုံးစွဲသူများ၏ စစ်တမ်းများအား မည်သို့မည်ပုံ ဖြန့်ဖြူးဝေငှမည်ကို လေ့လာရန် ကွန်ပျူတာဌာနသို့ လာရောက်ခဲ့ကြခြင်း ဖြစ်သည်။

လွန်ခဲ့သော တနင်္ဂနွေနေ့က ကျင်းပခဲ့သော ဦးနှောက်အင်အားအုပ်စု၏ ဆွေးနွေးပွဲနောက်ပိုင်းတွင် စစ်တမ်း၌ဖော်ပြမည့် မေးခွန်းများအတွက် နာရီပေါင်းများစွာ ထပ်မံဆွေးနွေးခဲ့ကြရသည်။ နင်းမ်နှင့် အိုဘရိုင်ယင်သည် မေးခွန်းရှစ်မျိုးမေးရန် ဆုံးဖြတ်ကြသည်။ ပထမမေးခွန်းအချို့မှာ ခပ်ရှင်းရှင်း ခပ်လွယ်လွယ်များသာ ဖြစ်သည်။ ဥပမာပြရသော်-

*ဂိုးလ်ဒင်းစတိတ်သည် လူကြီးမင်း စိတ်ကျေနပ်လောက်အောင် ဝန်ဆောင်မှုတာဝန်ကို ထမ်းဆောင်ပါသလား။ ကျေးဇူးပြု၍ ဟုတ် မဟုတ် ဖြေဆိုပါ။*

ထို့နောက်တွင်ကား တဖြည်းဖြည်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြေဆိုနိုင်အောင် လမ်းဖွင့်ပေးလိုက်သည်။

*ဂိုးလ်ဒင်းစတိတ်၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာအောင် မည်သို့ မည်ပုံ ဆောင်ရွက်သင့်သည်ဟု လူကြီးမင်းက ထင်မြင်ယူဆပါသနည်း။*

ငှင်းအပြင်

*မီတာဘီလ်များ၌ ဖော်ပြထားသော အချက်အလက်များနှင့် ပတ်သက်၍ သင်နားမလည်နိုင်သော အချက်များ ပါရှိနေပါက လူကြီးမင်း ကြုံတွေ့နေရသည့် အခက်အခဲကို ကျေးဇူးပြု၍ ဖော်ပြပေးပါ။*

နောက်ဆုံးတွင်

*ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီပိုင် အဆောက်အအုံများအား အသိတရားကင်းမဲ့သော အကြမ်းဖက်သမားအမည်ခံ မယောက်လေးမယောက်စား လူဆိုးလူမိုက်တစ်စုက သူ့ရဲဘောကြောင်စွာ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် အဆင်မပြေဖြစ်ရသည့်ကိစ္စများအတွက် ဤကုမ္ပဏီက ဖောက်သည်များအား အနူးအညွတ် တောင်းပန်ပါသည်။ လူကြီးမင်းထံတွင် ထိုကဲ့သို့ ဖျက်လိုဖျက်ဆီးပြုလုပ်မှု နောက်ထပ်မဖြစ်ပွားအောင် တန့်တားနိုင်မည်ဟု ယူဆရသော နည်းလမ်းများရှိပါက ကျေးဇူးပြု၍*



*လူကြီးမင်း၏ အယူအဆများကို ဖော်ပြပေးစေလိုပါသည်။*

အော်စကာအိုဘရိုင်ယင် မှတ်ချက်ချသည်။

"အဲဒီမေးခွန်းက အာချန်ဘော့ကို ဆွေ့ဆွေ့ခုန် စိတ်ဆိုးလာအောင် ဆွပေးပြီး မြန်မြန်ဖြေချင်စိတ်ပေါ်အောင် မလုပ်နိုင်ဘူးဆိုရင် ဘယ်လိုမှ လုပ်လို့ရမှာမဟုတ်တော့ဘူး"

ဂိုးလ်ဒင်းစတိတ်၏ စိတ်ကူးစိတ်သန်းကို ဥပဒေဘက်တော်သား အဖွဲ့အစည်းများအား အသိပေးလိုက်သည့်အခါ အားလုံးက လိုလိုလားလား တုံ့ပြန်ကြသည်။ ခရိုင်ရှေ့နေကြီးရုံးကလည်း မေးခွန်းလွှာများအား စစ်ဆေးရာတွင် ပါဝင်ကူညီမည်ဖြစ်ကြောင်း အဖြေပေးလာသည်။

နင်းမ်နှင့် အိုဘရိုင်ယင်တို့သည် (ကွန်ပျူတာဌာနသို့ အဝင်တွင်) စေ့စေ့စပ်စပ် အစစ်ဆေးခံကြရပြီးနောက် ကွန်ပျူတာဌာနအား ကွပ်ကဲအုပ်ချုပ်ရသူ ဒုတိယဥက္ကဌ (ဘဏ္ဍာရေး) ရှားလက်အန်ဒါဟင်းလ်က လာရောက်ကြိုဆိုသည်။

အပြာနုရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ရှားလက်အန်ဒါဟင်းလ်က ၎င်းတို့အား အသိပေးလိုက်၏။

"အခု စစ်တမ်းတွေကို ကျွန်မတို့ ရိုက်နှိပ်နေကြပါပြီ၊ စောင်ရေ တစ်သောင်းနှစ်ထောင်ကို ဒီနေ့ညကျရင် စာတိုက်က ထည့်လိုက်တော့မယ်"

အိုဘရိုင်ယင်က ဖြေလိုက်၏။

"အဲဒီစစ်တမ်းတွေထဲက တစ်သောင်း တစ်ထောင် တိုးရာ ကိုးဆယ့် ကိုးစောင်ကို ကျုပ်တို့က လုံးဝဂရုမစိုက်ဘူး၊ ကျုပ်တို့ဆီ ပြန်ရောက်လာပါစေလို့ မျှော်လင့်ထားတာက စစ်တမ်းတစ်စောင်တည်းရယ်"

"အဲဒီတစ်စောင် ဘယ်ဟာလဲဆိုတာသိရရင် တော်တော် အကုန်အကျ သက်သာသွားမှာပဲ"

ရှားလက်ကလည်း ခွန်းတုံ့မခံချေ။ ဤတွင် အိုဘရိုင်ယင်က ပြန်ချေပလိုက်၏။

"အဲဒီလိုသာသိခဲ့ရင် တို့ ဒီကိုတောင် လာစရာမလိုတော့ပါဘူး ရှားလက်ရာ"

သူတို့သုံးယောက်သည် ကွန်ပျူတာကမ္ဘာထဲသို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်လာကြ၏။

ရှားလက်အန်ဒါဟင်းလ်သည် ပုံနှိပ်စက်ထဲမှထွက်လာသော မေးခွန်းလွှာတစ်စုံကို လှမ်းယူပြီးနောက် အနက်ရောင် မီးလုံးအောက်တွင် ထားပြလိုက်ရာ (၃၇၀၅) ဆိုသော ဂဏန်းကို ထင်ထင်ရှားရှား မြင်ကြရတော့သည်။

ရှားလက်အန်ဒါဟင်းလ်က ပြောလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"စုံစမ်းစစ်ဆေးပေးပါဆိုတဲ့ နံပါတ်တစ်ခုကို ကျွန်မရတဲ့အခါကျရင် ကျွန်မနဲ့ ပရိုဂရမ်စီစဉ်သူတစ်ယောက်၊ စုစုပေါင်း နှစ်ယောက်တည်းသာ သိထားတဲ့ လျှို့ဝှက်သင်္ကေတ အမှတ်အသားနဲ့အတူ ကွန်ပျူတာထဲကို ထည့်လိုက်မယ်။ ကွန်ပျူတာကလဲ အဲဒီမေးခွန်းလွှာဟာ ဘယ်လိပ်စာကို ပို့ခဲ့သလဲဆိုတာ ချက်ချင်း အဖြေပေးလိမ့်မယ်"

နင်းမ်က ပြောလိုက်သည်။

"ကျွန်တော်တို့က ခင်ဗျားတို့ နံပါတ်စ်ခု ပေးနိုင်ပါစေဆိုတဲ့ မျှော်လင့်ချက်နဲ့ အလောင်းအစား လုပ်လိုက်တာပဲ"

ရှားလက်သည် နင်းမ်နှင့် အိုဘရိုင်ယင်တို့အား တင်းတင်းမာမာ ပြန်ကြည့်နေသည်။

"ရှင်တို့ဖာသာ လောင်းချင်လောင်း၊ မလောင်းချင်နေ၊ ဒါပေမယ့် ရှင်တို့သိထားစေချင်တဲ့ အချက်နှစ်ချက်ရှိတယ်၊ ကျွန်မတို့ဌာနမှာသုံးတဲ့ ပစ္စည်းပစ္စယတွေကို လိမ်လည်ကောက်ကျစ်တဲ့ ကိစ္စတစ်ခုမှာအသုံးပြုတာ ကျွန်မ လုံးဝသဘောမတူဘူး"

အိုဘရိုင်ယင်က ဖြေသည်။

"အေးပါ တို့သိပါတယ်"

"ပြောတာကိုလည်း ဆုံးအောင်နားထောင်ဦးလေ၊ ရှင်တို့က ကျွန်မကို နံပါတ်တစ်ခု ပေးလာတဲ့အခါ၊ အဲလေ ကျွန်မကလည်း နံပါတစ်ခုတည်းပဲ လက်ခံမှာနော်၊ ရှင်တို့သိချင်တဲ့ သတင်းအချက်အလက်ကို ကွန်ပျူတာထဲက ထုတ်နှုတ်ပြီး ပေးလိုက်မယ်၊ ဒါပေမယ့် အဲဒီလိုလုပ်ပြီးပြီဆိုတာနဲ့ တစ်ပြိုင်နက် အခြားနံပါတ်တွေနဲ့ လိပ်စာကို ကွန်ပျူတာထဲမှာ ဆက်မထားတော့ဘဲ ပြန်ဖျက်ပစ်နိုင်းလိုက်မယ်၊ အဲဒါကိုတော့ ရှင်တို့ စွဲစွဲမြဲမြဲ နားလည်ထားကြစေချင်တယ်"

အိုဘရိုင်ယင်က ဖြေလိုက်၏။

"နားလည်ပါတယ်ကွာ၊ မျှလဲမျှတပါတယ်"

□

ရှည်ဂိုးလ်မင်းသည် ဆလုံးကက်တာရင်းအင်စတီကျူတွင် ဆေးကုသမှုခံယူရန် နယူးရောခ်သို့ ရက်သတ္တနှစ်ပတ်ကြာ ရောက်ရှိနေသည်။ နောက်ပိုင်းတွင်လည်း အကြိမ်ကြိမ် ထပ်မံသွားရောက်ရန် လိုအပ်လာနိုင်သည်။

"ငါကတော့ ကတိတွေဘာတွေ မပေးနိုင်ဘူး၊ ဒါပေမယ့် ဆလုံးကက်တာရင်း အုပ်စုကတော့ မျှော်လင့်စရာရှိတယ်လို့ မယုတ်မလွန် ပြောကြတယ်" ဟု ဒေါက်တာ လီဗင်က နင်းမ်နှင့်ရှည်အား ပြောပြခဲ့သည်။



ယမန်နေ့နံနက် ခပ်စောစောပိုင်းက နင်းမ်သည် ရှည်အား လေဆိပ်သို့ လိုက်ပို့ပေးသည်။ ရှည်တစ်ယောက် လေယာဉ်ပျံပေါ် သို့မတက်မီ နင်းမ်က "မင်းကို ကိုယ်ချစ်ပါတယ်ကွာ" ဟု အသိပေးလိုက်လေသေးသည်။

ရှည်က ရယ်လိုက်ပြီး နင်းမ်အား မွေးမွေးပေးလိုက်၏။ ရှည်က ပြောလိုက်သည်။

"ဆန်းတော့ဆန်းတယ်၊ ဒါပေမယ့် ကျွန်မက ဒုလိုဖြစ်ပျက်နေတာတောင် ခုချိန်လောက် ဘယ်တုန်းကမှ မပျော်ခဲ့ဖူးဘူး"

နယူးရောခ်တွင် ရှည်သည် မိတ်ဆွေများနှင့်အတူ နေထိုင်မည်ဖြစ်ပြီး၊ ဆေးရုံသို့ ပြင်ပလူနာအဖြစ် တစ်ပတ်လျှင် လေးငါးရက် သွားရောက်ရမည်ဖြစ်သည်။ ရှည်တစ်ယောက် ခရီးဝေးသွားနေစဉ် နင်းမ်သည် ယခင်က ပေးခဲ့ဖူးသောကတိအား ဖြည့်ဆည်းသည့်အနေနှင့် ကာရင်ဆလုံးအား တေးသံသာတပွဲသို့ လိုက်ပို့ရန် စီစဉ်တော့သည်။

ကာရင်ဆလုံး၏ အိမ်ခန်းသို့ နင်းမ် ရောက်ရှိသွားသောအခါ အနီရင့်ရောင် ဝတ်စုံပေါ်တွင် ပုလဲဆွဲကြိုးတစ်ကုံးတည်းကို ဆွဲထားသော ကာရင်သည် အဆင်သင့်ဖြစ်နေလေပြီ။ ဖြောင့်တန်းသွယ်လျသော လက်ချောင်းများမှ လက်သည်းများကို လှပစွာ လှီးဖြတ်ထားကြောင်း တွေ့ရသည်။ ကာရင်က နင်းမ်အား လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လိုက်၏။

လက်တွန်းလှည်းအား တွန်းယူသွား၍ရအောင် ဂျိုစီသည် ပလပ်ပေါက်မှ ပလပ်ကို ဆွဲဖြုတ်လိုက်ပြီးနောက် နင်းမ်အား လှမ်းပြောလိုက်သည်။

"မစ္စတာဂိုးလ်မင်း၊ ကျွန်မက ကားမောင်းမယ့် ဒရိုင်ဘာပါ၊ ရှင်နဲ့ ကာရင်က နောက်ချန်ပြီး ဆင်းလာကြမယ်ဆိုရင် ကျွန်မက ကြိုသွားနှင့်ပြီး ဟမ်ပါဒင့်ကို အဆင်သင့် ထုတ်ထားလိုက်မယ်"

"အယ် . . . ဟမ်ပါဒင့်၊ အဲလေ . . . နာမည်တွေဘာတွေနဲ့ ကြီးပွားနေတဲ့ အဲဒီကားကလေး အခြေအနေကော ဘယ်လိုလဲ"

နင်းမ်က ကာရင်အား လှမ်းမေးလိုက်၏။

"သိပ်ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်မအဖေအတွက်တော့ စိတ်ပူမိတယ်၊ အဲလေ . . . အဲဒီအကြောင်း ရှင့်ကို နောက်ကျမှ ပြောပြပါ့မယ်"

လေနှင့် စုတ်၍သော်လည်းကောင်း၊ လေနှင့် မှုတ်၍သော်လည်းကောင်း ဘီးတပ်ကုလားထိုင်အား လိုရာသို့ရွေ့သွားအောင် ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်စွမ်းရှိသော ကာရင်သည် ဘီးတပ်ကုလားထိုင်ကို ၎င်းဘာသာမောင်းနှင်၍ အခန်းထဲမှထွက်ခဲ့ပြီးနောက် ဓာတ်လှေကားဆီသို့ စကြံလမ်းတစ်လျှောက် မောင်းနှင်လာခဲ့သည်ကို နင်းမ်

www.burmeseclassic.com

www.burmeseclassic.com



တ တအံ့တသြဖြစ်နေသည်။ လမ်းတွင် နင်းမ်က မေးလိုက်၏။

"မင်းဘက်ထရီက ဘယ်လောက်လောက် ကြာကြာခံသလဲ"

ကာရင်က ပြုံးလိုက်၏။

"ဒီကနေ့ညအတွက် ကျွန်မက ဓာတ်အားအပြည့် သွင်းထားတယ်၊ ဒီတော့ အသက်ရှူစက်အတွက်ရော၊ ဘီးတပ်လျှပ်စစ်ကုလားထိုင်အတွက်ပါ သုံးမယ်ဆိုရင် လေးနာရီလောက် ခံကောင်းပါရဲ့၊ အဲဒီနောက်ကျရင်တော့ ဂိုးလ်ဒင်းစတိတ်ရဲ့ ပလပ်ပေါက်နဲ့ ပြန်ဆက်သွယ်ရတော့မှာပေါ့လေ"

ကာရင်တစ်ယောက် အသက်ရှင်နေထိုင်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပေါ်တွင် မှီခိုအားထားနေရပုံနှင့် အဆိုပါ မှီခိုအားထားရမှုမှာလည်း ခိုင်ခန့်လုံခြုံမှုမရှိပုံကို နင်းမ်ကတွေးမိရင်း တအံ့တသြ ဖြစ်နေသည်။

အောက်ထပ်ရှိ ဧည့်ခန်းထဲသို့ ရောက်သောအခါ ကိုးနှစ် ဆယ်နှစ်ခန့်သာရှိသေးသော ချာတိတ်ကလေး နှစ်ယောက်နှင့် ဆုံမိကြ၏။ တစ်ယောက်က ယောက်ျားလေး၊ တစ်ယောက်က မိန်းကလေးဖြစ်သည်။

သူတို့နှစ်ယောက်စလုံးက "ဟိုင်း ကာရင်" ဟု နှုတ်ဆက်လိုက်၏။ ကာရင်ကလည်း ပြန်ဖြေသည်။

"ဟယ်လို၊ ဖီးလစ်နဲ့ ဝင်ဒီပါလား"

ချာတိတ်ကလေးဖီးလစ်က နင်းမ်ကိုလှမ်းကြည့်ပြီး မေးလိုက်၏။

"သူက ဘယ်သူလဲ"

"သူက မစ္စတာဂိုးလ်မင်းလေ"

ကာရင်က နင်းမ်အား လှမ်းပြောလိုက်၏။

"သူတို့က ကျွန်မရဲ့ သူငယ်ချင်းနှစ်ယောက်ပေါ့"

ချာတိတ်ကလေးက မေးလိုက်သည်။

"ကာရင်၊ ခင်ဗျားလက်ကို ကျွန်တော်ကိုင်ကြည့်လို့ ရမလားဟင်"

"ရပါတယ်"

ချာတိတ်ကလေးက လက်ဖျားထိပ်ကလေးနှင့် ညင်ညင်သာသာ လိုက်လံတို့ထိလိုက်၏။

"အဲဒီလို တို့တာထိတာကို သိရဲ့လားဟင်"

ကာရင်က ပြန်ဖြေလိုက်သည်။

"သိပါတယ် ဖီးလစ်ရယ်၊ မင်းလက်က သိပ်ကိုသိမ်မွေ့နူးညံ့တာပဲ"

ဤတွင် အကြောမခံလိုသော ချာတိတ်မလေး ဝင်ဒီကလည်း လှမ်းမေးလိုက်ပြန်၏။



"ကာရင် ရှင့်ခြေထောက်တွေ ကျဉ်မကုန်အောင် ခြေထောက်ချင်း ဟိုဘက်ဒီဘက် မပြောင်းချင်ဘူးလားဟင်"

"အဲလေ ရပါတယ်"

ထိုချာတိတ်မကလေးသည် ကာရင်၏ ညာဘက်ခြေထောက်ကို ညင်ညင်သာသာမ၍ ဘယ်ဘက်ခြေထောက်ပေါ်တွင် ပြောင်းတင်ပေးလိုက်၏။

"ကျေးဇူးတင်ပါတယ် ဝင်ဒီ"

ကလေးနှစ်ယောက်သည် နှုတ်ဆက်ပြီးနောက် ထွက်ပြေးသွားကြသည်။

ကာရင်က ပြုံးလိုက်၏။

"ကလေးတွေက ဟန်မဆောင်တတ်ကြဘူးလေ၊ မေးစရာရှိရင် မေးရမှာကိုလည်း ဝန်မလေးကြဘူး"

အပြင်ဘက်တွင် ဂျိုစီသည် ကားနှင့် အဆင်သင့် စောင့်နေသည်။ ထိုကားမှာ အစိမ်းရောင်ဖို့ဒ်ကားဖြစ်ပြီး ကားဘေးမှဆွဲတံခါးကို အကျယ်ကြီး ဘွန်းဖွင့်ထားသည်။

"မစ္စတာရေးပေါ် ဆင်ဇာ ကျွန်မကို ဟမ်ပါဒင့်ပေါ် ရောက်အောင် ဘယ်လို ကူညီခဲ့သလဲဆိုတာ ရှင် မျက်မြင်ကိုယ်တွေ့ သိရတော့မယ်"

ဂျိုစီသည် ရေတံလျှောက်နှင့်တူသော သံမဏိပြားနှစ်ချောင်းကို ကားထဲမှ ထုတ်ယူလိုက်သည်။ ထိုသံမဏိပြား နှစ်ချောင်းအား မော်တော်ကား ဘေးတံခါး၏ အောက်ခြေတွင်ရှိသော အဆင်သင့် တပ်ဆင်ရမည့် နေရာများတွင် တပ်ဆင်လိုက်ပြီးနောက် ကျန်အစွန်းနှစ်ဘက်ကို မြေကြီးပေါ်သို့ ချလိုက်၏။ ယခုအချိန်တွင် မော်တော်ကားကြမ်းပြင်နှင့် မြေပြင်အကြား၌ ကာရင်၏ ဘီးတပ်ကုလားထိုင်မှ ဘီးနှစ်ဘီးနှင့် အံကိုက်ဖြစ်အောင် လုပ်ထားသော ကုန်းဘောင်နှစ်ခုသည် အဆင်သင့် ရှိနေလေပြီ။

ထို့နောက် ဂျိုစီသည် ကားထဲသို့ ဝင်လိုက်ပြီးနောက် သံမဏိကြိုးတစ်ချောင်း၏ ထိပ်တွင်ရှိသော သံချိတ်တစ်ခုကို လှမ်းယူလိုက်၏။ ထိုသံမဏိကြိုးအား မော်တော်ကား၏ ဟိုဘက်ထိပ်တွင်ရှိသော (လျှပ်စစ်ဓာတ်အားသုံး) ဝန်ချီစက်ရစ်ဘီးနှင့် ဆက်သွယ်ထားသည်။ ဂျိုစီသည် သံချိတ်ကို ယူလာပြီးနောက် ဘီးတပ်ကုလားထိုင်၏ ထိုင်ခုံအောက်တွင်ရှိသော ချိတ်တွင် ချိတ်လိုက်၏။ ထို့နောက် ဝန်ချီစက်ရစ်ဘီးတို့ဆီသို့ ပြန်သွားပြန်သည်။

ကာရင်က ပြောလိုက်၏။

"ကဲ အခမ်းအနား စ,ပါပြီ"

ဂျိုစီက ခလုတ်ကလေးတစ်ခုအား လက်နှင့်ဖိနှိပ်လိုက်ရာ ဘီးတပ်ကုလားထိုင်အား ကုန်းဘောင်တစ်လျှောက် အပေါ်သို့ ဆွဲတင်လေတော့သည်။

မော်တော်ကားထဲသို့ (ဘီးတပ်ကုလားထိုင်) ရောက်သည်နှင့်တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



ရှိစီက ကုလားထိုင်အား ဆွဲလှည့်လိုက်ရာ ဘီးနှစ်ဘီးသည် မော်တော်ကားကြမ်းပြင်တွင် ချိတ်ထားသော နေရာများထဲသို့ အလိုက်သင့်ရောက်ရှိသွားပြီး မြဲအောင် ဂလန့်နှင့် ထပ်ထိုးလိုက်သေးသည်။

ဂျိစီသည် မော်တော်ကား မောင်းနှင်ရာတွင် ဂရုတစိုက် မောင်းနှင်တတ်သူဖြစ်သည်။ နင်းမ်သည် ကားမောင်းသူ ဂျိစီ၏နံဘေးတွင်ထိုင်ရင်း တေးသံသာပွဲကျင်းပနေသော အနုပညာနန်းတော် အဆောက်အအုံသို့ ရောက်ရှိသည်အထိ စိတ်အေးချမ်းသာစွာနှင့် လိုက်ပါလာခဲ့ရသည်။ ထိုအဆောက်အအုံ၏ ပင်မဂိတ်သို့ ရောက်ရှိလာသောအခါ တူညီဝတ်စုံ ဝတ်ဆင်ထားသော ဝန်ထမ်းတစ်ဦး ရောက်ရှိလာပြီး ကာရင်နှင့် နင်းမ်အား ဓာတ်လှေကားဆီသို့ ခေါ် သွားသည်။ ထိုဓာတ်လှေကားနှင့်ပင် အပေါ်ထပ်သို့ တက်ခဲ့ရ၏။ အပေါ်ထပ်တွင် ရှေ့ဆုံးတန်း၌ နေရာရရှိကြသလို ကုန်းဘောင်များကို အဆင်သင့် ထားရှိပေးသောကြောင့် လှေကားထစ်များပေါ်၌ ဘီးတပ်ကုလားထိုင်နှင့် သွားလာရာတွင် ပိုမိုလွယ်ကူစေသည်။

၄င်းတို့နှစ်ယောက် နေသားတကျ ထိုင်မိကြသောအခါ ကာရင်က ပြောလိုက်သည်။

"နင်းမ်ရှော့ဒ်ရယ်၊ အခုကိစ္စကတော့ အထူးတလည် ညွှန်ကြားဆိုတဲ့ပုံစံမျိုးပဲ။ အဲဒီလိုဖြစ်အောင် ဘယ်လိုများ ဖန်တီးခဲ့သလဲ"

"ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီမှာ နည်းနည်းကျဉ်းကျဉ်းတော့ ဩဇာတိက္ကမ ရှိပါသေးတယ်လေ"

ယခုကိစ္စတွင် နင်းမ်၏ မေတ္တာရပ်ခံချက်အရ တီရေစာဗန်ဘူရင်က စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး လက်မှတ်ဖိုးပင် တီရေစာက စိုက်ထုတ်၍ ကျခံပေးခဲ့လေသည်။

တေးသံသာအစီအစဉ်မှာ နင်းမ်၏အကြိုက် ဖြစ်သကဲ့သို့ စူးစူးစိုက်စိုက်ရှိလှသော ကာရင်၏ အမူအရာကိုလည်း အကဲခတ်ရခြင်းဖြင့် ကာရင်လည်း နှစ်ခြိုက်ပုံရသည်။

တေးဂီတသံ ပြီးဆုံးသွားသောအခါ မီးရောင်များ ပြန်လင်းလာကြသည်။ ခေတ္တအားလပ်ချိန်တွင် နင်းမ်နှင့် ကာရင်တို့နှစ်ယောက်စလုံး မိမိနေရာ၌ပင် ဆက်လက်၍ ထိုင်နေခဲ့ကြ၏။ သူတို့နှစ်ယောက်သည် ခေတ္တမျှ ငြိမ်သက်နေပြီးနောက် ကာရင်က ခပ်တိုးတိုးကလေး ပြောလိုက်၏။

"နင်းမ်ရှော့ဒ် ရှင့်ဘဝမှာ တစ်မျိုးတစ်စုံ ပြောင်းလဲမှုတွေ ရှိနေတယ်လို့ ကျွန်မစိတ်ထဲက ခံစားပြီးသိနေရတယ်၊ ဘယ်လိုဖြစ်တာပါလိမ့်"

ကာရင်၏ ထိုးထွင်းသိမြင်တတ်မှုကြောင့် နင်းမ် တအံ့တဩ ဖြစ်သွားရသည်။ နင်းမ်သည် ရှယ်၏ အသက်အန္တရာယ် ဖြစ်စေသည်အထိ ခြိမ်းခြောက်နေသော မီလာနို



မှာ ကင်ဆာရောဂါအကြောင်းနှင့် ထိုကိစ္စကြောင့် နင်းမ်နှင့် ရှယ် ပြန်ပေါင်းထုတ်ကြရပုံကို အမှန်အတိုင်း ပြောပြလိုက်သည်။

ကာရင်သည်ငြိမ်ငြိမ်သက်သက် နားထောင်နေပြီးနောက် ပြန်ပြောလိုက်၏။

"ကျွန်မက ရှင့်အတွက် ဝမ်းသာမိပါတယ်၊ ဒါပေမယ့် ရှင့်ဇနီးအတွက်တော့ ဝမ်းနည်းမိပါရဲ့"

"ကိုယ်တို့ ကံကောင်းချင် ကောင်းလာကြမှာပါ"

"ကျွန်မက အဲဒီလိုပဲ မျှော်လင့်မိပါတယ်လေ၊ တချို့ကတော့ ကံကို ကောင်းတတ်ကြပါတယ်"

□

ဟမ်ပါဒင့်နှင့် အိမ်သို့အပြန်ခရီးတွင် နင်းမ်က ကာရင်အား မေးလိုက်၏။

"မင်းအဖေနဲ့ပတ်သက်ပြီး စိတ်ပူနေတယ်ဆိုတဲ့ကိစ္စ ကိုယ့်ကို ခုထက်ထိ ပြောမပြသေးဘူးနော်"

ကာရင်က ပြန်ဖြေသည်။

"ဖေဖေ့မှာ ငွေရေးကြေးရေး အခက်အခဲ တွေ့နေပုံရတယ် ဆိုတာကလွဲရင် ပြောစရာ သိပ်များများစားစား မရှိပါဘူး။ ဒါပေမယ့် အဲဒီအတိုင်းသာမှန်ရင် ဟမ်ပါဒင့်ကို ခပ်ကြာကြာ စီးရတော့မှာ မဟုတ်ဘူး"

နင်းမ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"လစဉ်ပေးနေရတဲ့ အရစ်ကျငွေဟာ ဖေဖေ့အဖို့ အခက်အခဲ ဖြစ်နေလို့ပဲ"

နင်းမ်က ပြောလိုက်သည်။

"ကိုယ့်အနေနဲ့ ကူညီခွင့်ရမယ်ဆိုရင်. . ."

"မရဘူး၊ ဒီမှာ နင်းမ်ရှော့ဒ်၊ ရှင့်ဆီက ငွေရေးကြေးရေး အကူအညီကို ကျွန်မ လုံးဝလက်မခံဘူး၊ ဒါ အတည်ပြောနေတာ၊ ပြီးတော့လည်း ကျွန်မအနေနဲ့ မော်တော်ကားမရှိဘဲနဲ့လည်း နေလို့ထိုင်လို့ ရခဲ့ဖူးပါတယ်၊ နောက်ထပ်ပြီး မော်တော်ကားမရှိဘဲနဲ့လည်း နေနိုင်ပါတယ်၊ ကျွန်မ စိတ်ပူနေတာက ဒယ်ဒီ့ကိစ္စပါ"

နင်းမ်က ပြောလိုက်ပြန်၏။

"ကိုယ့်အနေနဲ့ ကူညီနိုင်မယ့် နည်းလမ်းတစ်ခုခု ရှိပါစေလို့ ကိုယ်ဆုတောင်းပါတယ်"

"ရှင်နဲ့ ကျွန်မ မိတ်ဆွေအဖြစ်နဲ့ ဆက်ပြီးခင်မင်သွားပါရစေ၊ ကျွန်မဆန္ဒတ

www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒါပါပဲ"

□

မတ်လ၏ နောက်ဆုံးရက်သတ္တပတ်တွင် ချက်ချင်းလက်ငင်းဆိုသလို အုံကြွပေါက်ကွဲလာသော ရေနံအရေးအခင်းက အခြားအခြားသော ကိစ္စရပ်အားလုံးကို လွှမ်းမိုးသွားခဲ့သည်။

ရေနံထုတ်လုပ်ရောင်းချနေသော အိုပက်အဖွဲ့ဝင် နိုင်ငံအားလုံးက (ရေနံရောင်းချရာတွင်) ရွှေကလွဲလျှင် ငွေစက္ကူများကို လုံးဝလက်မခံကြတော့ရန် ဆုံးဖြတ်လိုက်ကြသည်။ အမေရိကန်နိုင်ငံက ထိုအချက်ကို မလိုက်နာနိုင်။ ထို့ကြောင့် အိုပက်အဖွဲ့ဝင် နိုင်ငံအားလုံးက အမေရိကန်နှင့် အငြင်းပွားနေသော ထိုကိစ္စအား ဖြေရှင်း၍ မရမီ အမေရိကန်သို့ ရေနံတင်ပို့ခြင်း မပြုကြရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။

အမေရိကန်နိုင်ငံတွင် သုံးစွဲနေသော ရေနံထက်ဝက်ကျော်အား ပြည်ပမှ တင်သွင်းနေရသည့်အပြင် ပြည်ပမှ တင်သွင်းနေရသော ရေနံ၏ (၈၅) ရာခိုင်နှုန်းကို အိုပက်နိုင်ငံများမှ မှာယူနေရသဖြင့် အမေရိကန်နိုင်ငံသည် ဆိုးဆိုးရွားရွား လောင်စာဆီ ပြတ်လပ်တော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။

အမေရိကန်သမ္မတက ဓာတ်ဆီကို ရာရှင်စနစ်ဖြင့် ရောင်းချမည်ဟု ချက်ချင်း အမိန့်ထုတ်သည်။ ၎င်းအပြင် သောကြာနေ့ညမှ တနင်္လာနေ့နံနက်အထိ ထိုအချိန်အတောအတွင်း ဓာတ်ဆီလုံးဝမရောင်းရဟု ထပ်ဆင့်အမိန့်ထုတ်သည်။ ၎င်းအပြင် ဆက်လက်ထုတ်ပြန်သော အခြားအမိန့်များမှာ အများပြည်သူတို့ လာရောက်အနားယူကြသော ဥယျာဉ်ပန်းခြံများအား ပိတ်ပစ်လိုက်ခြင်းနှင့် လူပေါင်းမြောက်မြားစွာ ပါဝင်ဆင်နွှဲမည့် အခမ်းအနားကြီးများနှင့် အားကစားပွဲတော်များကို ရပ်ဆိုင်းပစ်လိုက်ခြင်းပင် ဖြစ်သည်။ ရည်ရွယ်ချက်မှာ မလိုအပ်ပါဘဲနှင့် ခရီးသွားလာမှု၊ အထူးသဖြင့် မော်တော်ကားများနှင့် ခရီးသွားလာခြင်းမျိုးကို ပိတ်ပင်ဟန့်တားရန် ဖြစ်သည်။ ၎င်းအပြင် နေရာအနှံ့အပြားတွင်ရှိသော စာသင်ကျောင်းများအား ကျောင်းပိတ်ပေးလိုက်ပြီးနောက် လျှပ်စစ်ဓာတ်အားသုံးစွဲရန် သိပ်မလိုအပ်သော နွေရာသီ၌ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ကြသည်။

အကယ်၍ လောင်စာဆီ အခြေအနေသည် ပိုမိုကောင်းမွန်လာခြင်း မရှိပါက ရက်သတ္တပတ်တွင် ရက်အားအဖြစ် သုံးရက်မှ လေးရက်အထိ သတ်မှတ်ခြင်းမျိုး အပါအဝင် ပိုမိုထိရောက်သော နည်းများကို ပြတ်ပြတ်သားသား သုံးစွဲရပေလိမ့်မည်။



လောလောဆယ်တွင်လည်း လောင်စာဆီကို အသုံးပြုနေကြသော ၎န်ဆောင်မှုကုမ္ပဏီများသည် လျှပ်စစ်ဗို့လ်အားကို ငါးရာခိုင်နှုန်း လျှော့ချကြရန် အမိန့်ပေးထားသည်။ ထို့ကြောင့် အညိုရောင်အဆင့် ဓာတ်အားပြတ်တောက်မှုများကို (၂၄) နာရီပတ်လုံး တစ်နေရာမှ တစ်နေရာသို့ ပြောင်းလဲ၍ အဆက်မပြတ် ပြုလုပ်ကြရတော့မည်သာ တည်း။

ဂိုးလ်ဒင်းစတိတ်တွင်လည်း ကုမ္ပဏီ၌ သိုလှောင်ထားရှိသော ရေနံမှာ သာမန်လုပ်ငန်းမျိုးကို ဆောင်ရွက်ရန်အတွက် ရက်ပေါင်းသုံးဆယ်စာသာ ရှိသည်ဆိုသောအသိက ဆွေးနွေးညှိနှိုင်းမှု အားလုံးအပေါ်တွင် အရိပ်မည်းကြီးပမာ လွှမ်းမိုးနေခဲ့သည်။ ယခုဆွေးနွေးရမည့် ကိစ္စမှာ ဓာတ်အားဖြတ်တောက်ရန် သင့်မသင့်ဆိုသော ကိစ္စမျိုး မဟုတ်တော့။ ဓာတ်အား ဘယ်တော့စ ဖြတ်မည်။ ဘယ်လောက်ကြာကြာ ဖြတ်မည်ဆိုတာမျိုးပင်တည်း။ သို့ရာတွင် ရေနံတင်သင်္ဘောကြီးများနှင့် ရောက်ရှိလာဦးမည့် ရေနံများလည်း ရှိနေသေးသည်ဖြစ်ရာ အဆင့်လိုက် ဓာတ်အားဖြတ်တောက်မှုများကို မေလ ဒုတိယအပတ်မတိုင်မီ စတင်၍မပြုလုပ်ရန် ဆုံးဖြတ်ကြသည်။ အစပထမတွင် နေ့စဉ် သုံးနာရီစီ ဖြတ်တောက်မည်ဖြစ်ပြီး ထို့နောက်ပိုင်းတွင် ပို၍ထိရောက်သော နည်းများကို သုံးစွဲကြရမည်ဖြစ်သည်။

□

ဓာတ်အားဖြတ်တောက်ရန် အစီအစဉ်များကို ရေးဆွဲနေကြစဉ် အယောင်ဆောင်စစ်တမ်းနှင့် ပတ်သက်၍ မကျေမချမ်းဖြစ်မှုများသည် ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီတွင် ဖြစ်ပေါ်နေသည်။ မြို့တော်၏ နောက်သက်ကတ်စတယ်ရပ်ကွက်သို့ စစ်တမ်းလွှာများ ဖြန့်ချိပေးပို့ထားခဲ့သည်မှာ ရက်သတ္တသုံးပတ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဂရီးဂိုစ် အာချန်ဘော့အား ယောင်ချောက်ဆင်၍ ဖမ်းဆီးရန်ဆိုသည့်ကိစ္စမှာ အချိန်ကုန်ပြီး ပိုက်ဆံဖြုန်းခြင်းတစ်မျိုးသာ ဖြစ်သည်ဟု ယူဆဖွယ်ရာ ဖြစ်လာရသည်။

မြန်ကြားချက် ရာပေါင်းများစွာသည် လှိမ့်၍လှိမ့်၍ ဝင်လာကြ၏။ အဆိုပါ မြန်ကြားချက်များအား စိစစ်ရန် ဂိုးလ်ဒင်းစတိတ်ကုမ္ပဏီ၏ မြေအောက်ထပ်ရှိ အခန်းကျယ်ကြီးတစ်ခုတွင် ရုံးခန်းအဖြစ် သတ်မှတ်ပေးထားပြီး စာရေးရှစ်ယောက်ကို တာဝန်ချထားပေးလိုက်သည်။ ခရိုင်ရှေ့နေကြီး၏ ရုံးကလည်း အာချန်ဘော့၏ မှတ်တမ်းစာအုပ်မှ ပုံကြီးချဲ့ထားသော လက်ရေးနမူနာများကို ပို့ပေးထားရာ စာရေးများသည် ပြန်ကြားလွှာ တစ်စောင်ချင်းကို လက်ရေးနမူနာများနှင့် ဒုက္ခခံ၍ တိုက်ဆိုင်စစ်ဆေးနေကြသည်။ သို့သော် အဖြေကတော့ ရှင်းသည်။ လက်ရေးနမူနာနှင့်တူညီသော ပြန်စာဟူ၍

www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်မှ မရှိသေးချေ။ တဖန် နင်းမ်အဖို့ ထိုကိစ္စသည် လောင်စာဆီပြဿနာနှင့် နှိုင်းယှဉ်သော် မဖြစ်စလောက် ကိစ္စကလေး တစ်ခုမျှသာ။

ငှင်းအား အကြီးအကျယ် စိတ်လှုပ်ရှားစေသည့် ကိစ္စတစ်ခုမှာ တစ်ညနေတွင် လောင်စာဆီပြဿနာနှင့် ပတ်သက်၍ ၎င်း၏ရုံးခန်းထဲ၌ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေစဉ် ကာရင်က တယ်လီဖုန်းနှင့် ဆက်သွယ်လာခြင်းကြောင့် ဖြစ်သည်။ ကာရင်ဆလုံးသည် နားထောင်သည့်ခွက်နှင့် မိုက်ကရိုဖုန်း စကားပြောခွက်များပါသော အထူးပေါ်ဝါးအောင် ပြုလုပ်ထားသည့် ခေါင်းစည်းတယ်လီဖုန်းတစ်လုံးကို နဖူးပေါ်တွင် တပ်ဆင်ထားရမည်ဖြစ်ကြောင်း နင်းမ် သဘောပေါက်သည်။ တယ်လီဖုန်းကုမ္ပဏီနှင့် ကြိုတင်ညှိနှိုင်းထားချက်အရ ကာရင်သည် အော်ပရေတာတစ်ဦးဦးနှင့် ဆက်သွယ်နိုင်စွမ်းရှိပြီး ထိုအော်ပရေတာက ကာရင်ဆက်သွယ်လိုသည့် နံပါတ်အား ကာရင့်ကိုယ်စား ဒိုင်ခွက်ကိုလှည့်၍ ဆက်သွယ်ပေးလိမ့်မည် ဖြစ်သည်။

ကာရင်က နိဒါန်းမပျိုးတော့ဘဲ ပြောချလိုက်၏။

"နင်းမ်ရော့ဒ်၊ ကျွန်မအဖေတော့ အကြီးအကျယ် ဒုက္ခတွေ့နေပြီ၊ ရှင့်အနေနဲ့ ကူညီနိုင်မလားဆိုပြီး လှမ်းဆက်သွယ်တာပါ"

"ဘယ်လိုဒုက္ခမျိုးပါလိမ့်"

"ကျွန်မဖေဖေက ရေပိုက်ပြင်တဲ့လုပ်ငန်းနဲ့ လုပ်ကိုင်စားသောက်တယ်ဆိုတာ ရှင်သိပါတယ်နော်၊ အဲလေ ဖေဖေ့ကို ရှင်တို့ကုမ္ပဏီဝန်ထမ်းတွေက အကြိမ်ပေါင်းများစွာ မေးလားမြန်းလား လုပ်ခဲ့ကြတယ်၊ အခုဆိုရင် ရဲစုံထောက်တွေကတောင် လာမေးမြန်းနေကြပြီ"

"ဘာကိစ္စနဲ့ပတ်သက်ပြီး လာမေးရတာတုန်း"

ကာရင်သည် ပြန်မဖြေခင် တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ဖေဖေက ကွေးလ်လျှပ်စစ်နဲ့ မာတ်ငွေ့ကုမ္ပဏီက အလုပ်တွေကို လက်ခေံကန်ထရိုက်တာသဘောမျိုး၊ အတော်ကလေး လုပ်ကိုင်ပေးခဲ့တယ်၊ မာတ်ငွေ့မီတာတွေဆီသွားတဲ့ ပိုက်လိုင်းတွေနဲ့ ပတ်သက်တယ်ထင်ပါရဲ့"

နင်းမ်က ပြန်ပြောလိုက်သည်။

"အဲဒီကုမ္ပဏီရဲ့အမည်ကို ပြန်ပြောစမ်းပါဦး"

"ကွေးလ်တဲ့၊ အဲဒီနာမည်နဲ့ပတ်သက်ပြီး ရှင်ကြားဖူးထားလို့လား"

"ဟုတ်တယ်၊ ကြားဖူးထားသလိုပဲ"

နင်းမ်က လူသာဆလုံးသည် မာတ်ငွေ့ခိုးသောကိစ္စနှင့် ဆက်စပ်ပတ်သက်နေပုံရသည်မှာ သေချာသလောက်ပင်ဟု တွေးမိရင်းက ခပ်ဖြည်းဖြည်း ပြန်အဖြေပေးလိုက်သည်။ ထိုကိစ္စကို ကာရင်ဆလုံးအနေနှင့် သိပုံမရသော်လည်း 'မာတ်ငွေ့မီတာတွေဆီ



သွားတဲ့ ပိုက်လိုင်းတွေနဲ့ ပတ်သက်တယ်ထင်ပါရဲ့' ဆိုသောစကားအရ ထင်းထင်းကြီးပေါ်နေပြီဖြစ်သည်။ ၎င်းအပြင် ဟယ်ရီလန်ဒန်၏ ဖော်ထုတ်အရေးယူချက်အရ လျှပ်စစ်မာတ်အားနှင့် မာတ်ငွေ့များကို အကြီးအကျယ် ခိုးပေးနေကြောင်း ဖော်ထုတ်နိုင်ခဲ့သော 'ကွေးလ်လျှပ်စစ်နှင့် မာတ်ငွေ့ကန်ထရိုက်တာများ'ဟု အမည်တပ်ထားသည့် ကုမ္ပဏီအား ရည်ညွှန်းပြောဆိုလိုက်ခြင်းကြောင့်လည်း ဖြစ်သည်။

နင်းမ်က ဆက်ပြောလိုက်၏။

"ကာရင် အခုကိစ္စဟာ ကိုယ်ထင်ထားတဲ့အတိုင်းသာ မှန်ခဲ့ရင် သိပ်ကိုအရေးကြီးတယ်၊ ဘာပဲပြောပြော ဒီကနေ့ညအဖို့တော့ ကိုယ် ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် မနက်တျရင် ကိုယ်လုပ်ပေးနိုင်တာ ဘာရှိမလဲဆိုတာ စုံစမ်းပြီး ပြန်ဆက်သွယ်မယ်လေ"

၎င်းပြောနေသည့်အသံမှာ ရင်းရင်းနှီးနှီး မရှိလှသည့်အသံမျိုး ဖြစ်နေကြောင်း သတိထားမိလိုက်သောကြောင့် သူ့အခန်းထဲတွင် အစည်းအဝေး ကျင်းပနေကြောင်း နင်းမ်က ထပ်မံရှင်းပြလိုက်ရပြန်၏။

ကာရင်က စိတ်မကောင်း ဖြစ်သွားဟန်ဖြင့် ပြောလိုက်သည်။

"ကျွန်မ သိပ်ကို စိတ်မကောင်းဖြစ်မိပါတယ် နင်းမ်ရော့ဒ်ရယ်၊ ရှင့်ကို ကျွန်မ ဒုက္ခမပေးသင့်ပါဘူးလေ"

"မဟုတ်သေးပါဘူးလေ၊ မင်း ကိုယ့်ကို အချိန်မရွေး ဆက်သွယ်နိုင်ပါတယ်"

လောင်စာဆီ ရရှိရေးကိစ္စနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးနေကြစဉ် နင်းမ်၏အတွေးများမှာ ပျံ့လွင့်နေကြသည်။ ကံဆိုးမ,သွားရာ မိုးလိုက်လို့ရွာဆိုသလို ဒုက္ခမျိုးစုံဖြင့် တစ်မျိုးပြီးတစ်မျိုး ကြုံခဲ့ရသော ကာရင့်အဖို့ နောက်ထပ်ဒုက္ခတစ်မျိုးသည် အစပျိုး၍ နေပြန်လေပြီလော့ဟု နင်းမ် ရှေ့ဆက်တွေးရာရာ တွေးနေမိလေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဂရီးဂို့စ်အားချန်ဘော့တစ်ယောက် ပုန်းအောင်းနေထိုင်ခဲ့ရသည်မှာ ရက်သတ္တ ရှစ်ပတ်နီးပါး ရှိခဲ့လေပြီ။ ကိုလံဘတ်စ်ဟိုတယ်တွင် ဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် ၎င်း၏ရုပ်ရည်သွင်ပြင်နှင့် ဓာတ်ပုံများကို စာနယ်ဇင်းများနှင့် တယ်လီဗီးရှင်းတို့တွင် လှိုင်လှိုင်ကြီး ဖော်ပြခဲ့သဖြင့် ဤမျှလောက်အထိ ကြာမြင့်စွာ ပုန်းခိုနေရလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ချေ။

ဂရီးဂို့စ်က ၎င်းသည် လမ်းဆုံးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အလိုလိုသိနေသည်။ ဂရီးဂို့စ်အား ရှိရှိသမျှသော ဥပဒေဘက်တော်သား အဖွဲ့အစည်းမှန်သမျှက ခြေရာခံ၍ လိုက်လံစုံစမ်းနေကြဦးမည်မှာ သေချာလှသည်။ အဆိုးရွားဆုံးကိစ္စမှာ သူ့တွင် ချမ်းသာသမျှ ငွေကြေးမှန်သမျှမှာလည်း ကုန်ခမ်းလုနီးပါး ဖြစ်နေလေပြီ။ အကယ်၍ ၎င်းကိုယ်တိုင်က အဖမ်းခံရမည်ကို ကြိုသိသောကြောင့် မိမိကိုယ်ကို ကိုယ့်နည်းကိုယ့် ဟန်ဖြင့် အဆုံးစီရင်သော နည်းလမ်းအား မရွေးချယ်ခဲ့သော် အဖမ်းခံရမည့်ကိစ္စမှာ ပြေးရှောင်၍မလွတ်သော ကိစ္စတစ်ရပ်သာ ဖြစ်ပေလိမ့်မည်။ ဂရီးဂို့စ်သည် မိမိကိုယ်ကို မိမိ အဆုံးစီရင်ရန် ရည်ရွယ်ချက် ရှိနေသည်။

ဂရီးဂို့စ်သည် နောက်ဆုံးအကြိမ် ဘက်ပြိုင်အံတုသော အာထိမ်းအမှတ်အဖြစ်



တစ်ခုခုကို လုပ်ပြသွားရန်နှင့် လိုအပ်လာပါက သူရှာမှန်းတီးသော စနစ်ကြီးအား သူ့အသက်ရှင်စဉ်အချိန်က ဖျက်ဆီးခဲ့သည့်အတိုင်း ထိခိုက်နစ်နာအောင် ဖျက်ဆီးရင်း မိမိအသက်ကိုပင် အသေခံသွားရန် စိတ်ကူးရှိသည်။ သူ့စိတ်ကူးမှာ ဂိုးလ်ဒင်းစတိတ်၏ မာတ်အားပေးစက်ရုံမှ အလွန်အရေးပါသော အစိတ်အပိုင်းတစ်ခုခုအား ဖျက်ဆီးဖောက်ခွဲပစ်ရန်ပင်တည်း။

ဂရီးဂို့စ်သည် သူစတင်၍ ပုန်းအောင်းခဲ့ရသောနေ့က ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ပြုမူဆောင်ရွက်ခဲ့မှုတစ်ခုကြောင့် အဆိုပါ ဖျက်ဆီးရေးစီမံချက်အား အကောင်အထည် ဖော်ရန်ဆိုသော ကိစ္စမှာ သိပ်မခဲယဉ်းလှတော့ဟု ဆိုရပေမည်။

ထိုနေ့က ဂရီးဂို့စ်၏ ဦးနှောက်ထဲတွင် ဖြစ်ပေါ်လာသော ပထမဦးဆုံးအတွေးမှာ ၎င်းအတွက် စီးနင်းရန် ယာဉ်တစ်ခုခုရှိဖို့ လိုအပ်နေသည် ဆိုခြင်းပင်တည်း။ ဂရီးဂို့စ်သည် မီးလောင်မှု ကာကွယ်ရေးဆားဗစ်ဟု ရေးသားထားသော ပစ်ကပ်ထရပ်ကားအား ဆက်လက်သုံးစွဲရန် မဖြစ်နိုင်တော့သောကြောင့် စွန့်လွှတ်ခဲ့ရသော်လည်း စီးနင်းရန်ယာဉ် တစ်စီး အစားလိုအပ်နေကြောင်း သူသဘောပေါက်သည်။ မော်ဘော်ကားတစ်စီး ဝယ်ရန်ဆိုသော ကိစ္စမှာလည်း အန္တရာယ်များပြားလှသည်။ ၎င်းအပြင် ငွေကြေးလည်း လုံလောက်စွာမရှိချေ။ ထို့ကြောင့် ရဲဘက်မှ စောင့်ကြည့်ကောင်း ကြည့်နေမည်ဖြစ်သော်လည်း ၎င်း၏ ဗော့စ်ဝက်ဂွန် ပေါင်မုန့်ကားအား အရဲစွန့်၍ ပြန်ယူရန်ဆိုသော နည်းလမ်း တစ်လမ်းသာ ကျန်ရှိတော့သည်။

ဂရီးဂို့စ်သည် အဆိုပါ ဗော့စ်ဝက်ဂွန်ပေါင်မုန့်ကားအား အလှမ်းမဝေးလှသော ပုဂ္ဂလိကပိုင် မော်တော်ကား ဂိုဒေါင်တစ်ခုတွင် အပ်နှံထားသည်၊ အန္တရာယ်ရှိမှန်း သူ သိသော်လည်း ၎င်းက ရဲတပ်ဖွဲ့ထက် တစ်လှမ်းကြောနေသည်ဆိုသော ကိစ္စကို အလောင်းအစားလုပ်သည့် သဘောမျိုးနှင့် ဂရီးဂို့စ်သည် ထိုနေ့နံနက်မှာပင် ကားဂိုဒေါင်ဆီသို့ ခပ်တည်တည် လျှောက်သွားပြီး ဂိုဒေါင်ငှားရမ်းခပေးရန် ကျန်ရှိသမျှကို ရှင်းလင်းပေးခဲ့ပြီးနောက် ထိုပေါင်မုန့်ကားကို နော့သ်ကက်စတယ်အရပ်သို့ မောင်းနှင်လာခဲ့သည်၊ လမ်းခရီး၌ ဂရီးဂို့စ်အား တားဆီးမေးမြန်းမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိသည့်အပြင် နံနက် (၉) နာရီ (၁၀) နာရီခန့်သို့ ရောက်ရှိလာသောအခါ၊ အဆိုပါ ဗော့စ်ဝက်ဂွန်ကားအား ၎င်းပုန်းအောင်းနေသည့် အိမ်ခန်းနှင့် ဆက်လျက်တည်ရှိနေသော ကားဂိုဒေါင်အတွင်းသို့ လုံလုံခြုံခြုံ ထည့်သွင်းထားရှိပြီး ဖြစ်နေလေပြီ။

ဗော့စ်ဝက်ဂွန်ကားအား ရရှိအောင် ပြန်လည်ရယူနိုင်ခဲ့ခြင်းမှာ သူ ယခုစီစဉ်နေသော ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်ဆောင်ရမည့် အဖျက်လုပ်ငန်းအတွက် အလွန်အရေးပါ အရာရောက်လှသည်။ အဘယ်ကြောင့်ဆိုသော် အရေးပါလှသော ဖောက်ခွဲရေးဆိုင်ရာ ပစ္စည်းများသည် ထိုမော်တော်ကားထဲ၌ ရှိနေကြသောကြောင့် ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟော့စ်ဝက်ဂွန်းကား ကြမ်းပြင်အောက်ရှိ လျှို့ဝှက်အံဖုံးထဲတွင် ရေမြှုပ်ရာဘာဖြင့် ထုပ်ပိုးထားသော အချိန်ကိုက်ကိရိယာတစ်ခုစီနှင့် ပလပ်စတစ်ဗုံး တစ်လုံးစီပါသည့် ဝါးလုံးသဏ္ဍာန် ဗုံးငါးလုံးရှိနေကြသည်။ ထို့အတူ အဆိုပါ ဟော့စ်ဝက်ဂွန်းကားထဲတွင် ရာဘာရေငုပ်ဝတ်စုံနှင့် လေထိုး၍ရသော ရာဘာလှေတစ်စီးလည်း ရှိနေသေးသည်။

နောက်နေ့များတွင် ဂရီးဂို့စ်သည် ရုံဖန်ရံခါဆိုသလို ပုန်းအောင်းနေထိုင်ရာ အိမ်ခန်းမှ အပြင်သို့ ထွက်တတ်သော်လည်း မှောင်ရီပျိုးသည့် အချိန်ပိုင်းတွင်သာ ထွက်လေ့ရှိသည်။ ၎င်းအနေနှင့် စားစရာ သောက်စရာများကို ဝယ်ရန်ရှိသည့်အခါ ဆိုင်တစ်ဆိုင်တွင် နှစ်ကြိမ်မဝယ်မိအောင် ရှောင်လေ့ရှိသည်။ ၎င်းအပြင် ဂရီးဂို့စ်သည် နှုတ်ခမ်းမွေးများကို ရိတ်ပစ်လိုက်ပြီး လက်မှ ဒဏ်ရာဒဏ်ချက်များအား မပေါ်လွင်စေရန် အရောင်ခပ်ဖျော့ဖျော့ လက်အိတ်များကို အမြဲဝတ်ဆင်ထားလေ့ ရှိသည်။

ဟိုတယ်တွင် ဗုံးဖောက်ခွဲမှုနှင့် ပတ်သက်၍ သတင်းစာများတွင် ဖော်ပြခဲ့သော သတင်းများအရ ဘက်တီသည် ထိုကိစ္စကို တစ်နည်းတစ်ဖုံ သိရှိသွားပြီး သစ္စာဖောက်ခဲ့ခြင်းဖြစ်ကြောင်း သူရိပ်မိလာသည်။ ထိုကဲ့သို့ သစ္စာဖောက်မှုအတွက် ဘက်တီကို သူ ခေါသဖြစ်သင့်သည်။ သို့တိုင်အောင် ထူးထူးဆန်းဆန်းဆိုသလိုပင် သူ့အနေနှင့် ဘက်တီအား လွမ်းနေမိသည်။ ဖော်ကွာဝေးတောင်ကုန်းပေါ်၌ အသေဆိုးနှင့် သေခဲ့ရသော အဖြစ်ဆိုးကြောင့် သနားနေမိသေးသည်။

သတင်းစာများက ဂရီးဂို့စ်၏ နောက်ခံသမိုင်းကို နှိုက်နှိုက်ကျွတ်ကျွတ် လိုက်လံစုံစမ်းကြသည်။ ၎င်း၏မိခင်ဖြစ်သူ နာမည်ကြီး ဂရိစ်ရုပ်ရှင်မင်းသမီးက အရွယ်တင်သော ၎င်း၏ရုပ်သွင်အား တစ်နည်းတစ်ဖုံ ထိခိုက်လာမည်ကို စိုးရိမ်သဖြင့် ကလေးရှုးကြောင်း ဝန်ခံလိုစိတ်မရှိပုံ၊ တဖန် အပျော်ကြူးသော ၎င်း၏ဖခင်ကလည်း (ကလေးနှင့် ပတ်သက်၍) တာဝန်ရှောင်သည့်အနေနှင့် ပေယျာလကန်ပစ်ထားခဲ့ပုံ စသည်တို့ကို သတင်းထောက်တစ်ဦးက စုံစမ်းဖော်ထုတ်၍ ရရှိလာသည်။ ထို့ကြောင့် ဂရီးဂို့စ်သည် ၎င်းအား မွေးစားရန်ကြိုးပမ်းကြသော မွေးစားမိခင်ဖခင် မြောက်မြားစွာ၏လက်ထဲ၌ အဆင့်ဆင့် လက်ပြောင်းလဲ၍ ကြီးပြင်းလာခဲ့ရသူဖြစ်သလို အဆိုပါ မွေးစားမိခင်ဖခင်များနှင့်လည်း အဆင်ပြေခဲ့ခြင်း မရှိချေ။

ဂရီးဂို့စ် အသက်ကိုးနှစ်အရွယ်သို့ ရောက်သောအခါ သူ့ဖခင်နှင့် တစ်ကြိမ်သာ တွေ့ခွင့်ရခဲ့ပြီး မိခင်ဖြစ်သူနှင့် သုံးကြိမ် တွေ့ခွင့်ရရှိခဲ့သည်။ ထို့နောက်ပိုင်းတွင်မူ တစ်ယောက်နှင့်တစ်ယောက် မတွေ့ရတော့ချေ။ ကလေးဘဝအရွယ်ကမူ ဂရီးဂို့စ်သည် ၎င်း၏မိခင်ဖခင်များသည် မည်သူမည်ဝါဖြစ်ကြောင်း သိချင်စိတ်ပြင်းထန်ခဲ့သည်။ ထို့အတူပင် ၎င်း၏မိဘများကလည်း ဂရီးဂို့စ်အား ၎င်းတို့၏ကလေးဖြစ်ကြောင်း လူမသိအောင် တမင်တကာ ဖုံးဖိထားခဲ့ကြသည်။



အခြားသတင်းထောက်တစ်ဦးကမူ အေသင်တွင်ရှိနေသော ရုပ်ရှင်မင်းသမီးဟောင်းကြီးထံ မရောက်ရောက်အောင်သွား၍ တွေ့ဆုံသည်။ ဂရီးဂို့စ်အား စွန့်ပစ်ထားခဲ့သောကြောင့် ယခုလိုဘဝမျိုးသို့ ရောက်ရှိလာခြင်း ဖြစ်ဟန်တူသဖြင့် ၎င်းတွင် တာဝန်ရှိမရှိ မေးမြန်းသောအခါ ရုပ်ရှင်မင်းသမီးဟောင်းကြီးက သတင်းထောက်၏မျက်နှာကို တံတွေးနှင့် ထွေးလွှတ်လိုက်လေသည်။

တဖန် နယူးခရော့စ်တွင်ရှိနေသော ဂရီးဂို့စ်၏ဖခင်က သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား "ရဲတပ်ဖွဲ့ဝင်တွေကို ကျပ်ပေးချင်တဲ့ အကြံဉာဏ်ကတော့ အဲဒီလူလွန်မသားကို တွေ့ရာနေရာမှာ အသေပစ်သတ်ဖို့ပဲ" ဟု ပြောခဲ့သည်။ ဂရီးဂို့စ်သည် မိဘနှစ်ပါး၏ တုန့်ပြန်ချက်များအား သတင်းစာများမှတစ်ဆင့် သိရှိနေရသည်။ ၎င်းအဖို့ အံ့ဩဖွယ်ရာမဟုတ်သော်လည်း အရာရာကိုမုန်းတီးသော ၎င်း၏စိတ်ဓာတ်အား ပို၍တွန်းအားပေးသလို ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ဧပြီလ၏ နောက်ဆုံးအပတ်သို့ ရောက်ရှိလာသောအခါ ဂရီးဂို့စ်သည် လုပ်စရာရှိသည့်ကိစ္စကို လုပ်ရန်အချိန်တော်ပြီဟု ဆုံးဖြတ်လိုက်သည်။ သူ ယခု စီစဉ်ထားသော စိတ်ကူးစိတ်သန်းမှာ လွန်ခဲ့သောတစ်နှစ်ခန့်က ကယ်ဆယ်ရေးတပ်မှ အရာရှိတစ်ဦးအဖြစ် အယောင်ဆောင်၍ ဗုံးဖောက်ခွဲခဲ့သော လာမစ်ရှင် ဓာတ်အားပေးစက်ရုံမှ ကြီးမားလှသည့် ရေအေးစက်ကြီးများအား ဖောက်ခွဲပစ်ရန်ပင်တည်း။

လာမစ်ရှင် ဓာတ်အားပေးစက်ရုံ၏ ပင်မအဆောက်အအုံထဲသို့ မည်သည့်နည်းနှင့်မျှ ဝင်၍ရနိုင်တော့မည် မဟုတ်ကြောင်း ဂရီးဂို့စ်သိသည်။ ယခုအချိန်တွင် အစောင့်အကြပ်များလည်း လုံလုံလောက်လောက် ရှိနေကြလေပြီ၊ သို့ရာတွင် စိတ်ကူးစိတ်သန်းများလည်း ကောင်းလာရုံမျှသာမက ကံကလေးကလည်း ကူမထောက်ပင့်မည်ဆိုပါက အဆိုပါ ရေစုပ်စက်များအား ထားရှိသည့် အဆောက်အအုံသို့ ရောက်သွားနိုင်မည်ဖြစ်သလို ဘစ်လီအပါအဝင် ဂျင်နရေတာကြီးငါးလုံးအား မောင်းနှင်ရာ၌ မရှိမဖြစ် အထောက်အကူ ပြုနေကြရသည့် ရေအေးစက်ကြီး ဆယ့်တစ်လုံးအား ဖောက်ခွဲပစ်နိုင်မည်လည်း ဖြစ်သည်။ အဆိုပါ ရေအေးစက်ကြီးများအား ဖောက်ခွဲပစ်နိုင်မည်ဆိုပါက လာမစ်ရှင် ဓာတ်အားပေးစက်ရုံအား လပေါင်းများစွာ ရပ်ဆိုင်းထားရလိမ့်မည်မှာ သေချာလှသည်။

အင်မတန်ကောင်းမွန်သော စီမံချက်တစ်ခုပင်တည်း။ ကျန်ရှိနေသေးသော မေးခွန်းတစ်ခုမှာ ဘယ်တော့လုပ်မှာလဲ ဆိုသည့်မေးခွန်းပင်။ ယနေ့သည် သောကြာနေ့ဖြစ်သည်။ အစစအရာရာကို ထောင့်စေ့အောင် တွက်ချက်ပြီးနောက် လာမည့်အင်္ဂါနေ့ညပိုင်း မှောင်မိုက်သောအချိန်တွင် ဆောင်ရွက်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

ယခု သူသည် ဆုံးဖြတ်ချက်ကို ချမှတ်ပြီးပြီဖြစ်၍ နေမထိထိုင်မသာ ဖြစ်နေရ

www.burmeseclassic.com

www.burmeseclassic.com



ဖြုန်သည်။ သူသည် ယခင်ကလည်း ကြိမ်ဖန်များစွာ ဖြစ်ခဲ့ဖူးသော ပုံစံအတိုင်း အိမ်ခန်းတွင်းရှိ အခန်းသုံးခန်းတွင် ခြောက်တည်ရာမရဘဲ ဝင်ထွက်သွားလာနေမိ၏။ ဤတွင် မီးဖိုခန်းအတွင်းရှိ စားပွဲပေါ်၌တင်ထားသော စာအိတ်တစ်အိတ်ကို သူသတိပြုလိုက်မိသည်။ ထိုစာအိတ်မှာ လွန်ခဲ့သော ရက်သတ္တပတ်ပေါင်းများစွာက ရောက်ရှိလာခဲ့သော လျှပ်စစ်ဓာတ်အား သုံးစွဲသူများ၏ စစ်တမ်းမေးခွန်းလွှာပင်တည်း။ ကိုးလ်ဒင်းစတိတ်ကုမ္ပဏီက ပေးပို့ခဲ့သော မေးခွန်းလွှာဖြစ်သည်။ ထိုစာအိတ်၌ အိုဝင်ဂရိန်ဂါဆိုသူထံ လိပ်တပ်ထားသည်။ ထိုနာမည်မှာ ၎င်းအနေနှင့် ဤအိမ်ခန်းကို ငှားရမ်းစဉ်က အသုံးပြုခဲ့သော နာမည်ဝှက်ပင်တည်း။ ရွှစရာကောင်းလှသော ထိုစစ်တမ်းပေါ်မှ မေးခွန်းတစ်ခုတွင် အောက်ပါအတိုင်း ပါရှိလာသည်။

ကိုးလ်ဒင်းစတိတ်ကုမ္ပဏီပိုင် အဆောက်အအုံများအား အသိတရားကင်းမဲ့သော အကြမ်းဖက်သမားအမည်ခံ မလောက်လေး မလောက်စား လူဆိုးတစ်စုက သူရဲဘောကြောင်စွာ ဖောက်ဖွဲဖျက်ဆီးမှုများကြောင့် အဆင်မပြေဖြစ်ရသည့် ကိစ္စများအတွက် ဤကုမ္ပဏီက ဖောက်သည်များအား အနူးအညွတ် တောင်းပန်ပါသည်။ လူကြီး မင်းထံတွင် ထိုကဲ့သို့ ဖျက်လိုဖျက်ဆီးပြုလုပ်မှု နောက်ထပ်မဖြစ်ပွားအောင် တန့်တားနိုင်မည်ဟု ယူဆရသော နည်းလမ်းများရှိပါက ကျေးဇူးပြု၍ လူကြီးမင်း၏ အထူးအဆများကို ဖော်ပြပေးစေလိုပါသည်။

ဂရီးဂိုရီသည် ချက်ချင်းထိုင်ချလိုက်ပြီး ပြင်းပြင်းထန်ထန် ပြန်လှန်တိုးနှက်ထားသော အဖြေကို ရေးချခဲ့သည်။

သူရဲဘောကြောင်သူ၊ အသိတရားကင်းမဲ့သူ၊ မလောက်လေး မလောက်စားတလေးများဟု သင်တို့က ဖော်ပြထားသော အကြမ်းဖက်သမားများသည် အဆိုပါ ဖော်ပြချက်များနှင့် လုံးဝကွဲလွဲ ဆန့်ကျင်ကြသူများ ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် အသိဉာဏ်ထက်သန်သူ ပညာရှင်များ ဖြစ်ကြသည်သာမက အလွန်ပင် အရေးပါလှသော သူရဲကောင်းကြီးများလည်း ဖြစ်ကြသည်။ သင်တို့သည်သာ လုပ်သားပြည်သူများအား သွေးစုပ်နေသည့် တတ်ယောင်ကား ရာဇဝတ်ကောင်များ ဖြစ်ကြသည်။ တရားမျှတမှုက သင်တို့အား ဒဏ်ခတ်လိမ့်မည်။

ထိုဖြေကြားချက်မှာ အလွန်မှန်ကန်၍ ထိရောက်သော တုံ့ပြန်ချက်တစ်ခုပင်။ ထိုစာအိတ်အား ပြန်မပို့ဖြစ်သည်မှာ နှမြောစရာ ကောင်းလှသည်။ သို့သော် ၎င်း၏အသိစိတ်က 'မလုပ်နဲ့' ဟု တားမြစ်နေပြန်သည်။ ထိုမေးခွန်းလွှာမှာ ထောင်ချောက်ဆင်ခြင်းလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် ဂရီးဂိုရီသည် ပြည့်ပြည့်စုံစုံ ဖော်ပြထားသော မေးခွန်းလွှာကို ထိုနေရာ၌ပင် ဆက်လက်ထားရှိခဲ့ခြင်း ဖြစ်သည်။

၎င်း၏ဖြေကြားချက်မှာ အသူတောင်းမွန်ကြောင်း ဂရီးဂိုရီသိပါသည်။ တစ်



ယောက်ယောက်က ဖတ်၍ကြည့်သင့်သည်။ ထိုအဖြေစာရွက်ကို ဘာဖြစ်လို့ ပြန်မပို့ရမှာလဲ။ ဘာပဲပြောပြော၊ မည်သူ့ထံမှ ပြန်ပို့သည်ဆိုခြင်းကို မသိနိုင်။ ဂရီးဂိုရီသည် တနင်္ဂနွေနေ့ညတွင် ၎င်းအနေနှင့် အပြင်သို့ထွက်သည့်အခါ အဆိုပါစာအိတ်ကို စာတိုက်ပုံးတစ်ဆင့် ပြန်ပို့လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဂရီးဂိုရီအာချွန်ဘော့က လာမစ်ရှင် ဓာတ်အားပေးစက်ရုံအား နောက်တစ်ကြိမ် ဖုံးဖောက်ခွဲရန် ဆုံးဖြတ်လိုက်သည့်အချိန်နှင့် မရှေးမနှောင်းတွင် ဟယ်ရီလန်ဒန်သည် နင်းမ်၏ရုံးခန်းထဲ၌ နင်းမ်နှင့် ရင်ဆိုင်နေရသည်။

လန်ဒန်က ပြောလိုက်သည်။

"မလုပ်ဘူးဗျာ၊ ခင်ဗျားအတွက်ဆိုလည်း မလုပ်ဘူးနင်းမ်၊ အခြားဘယ်သူ့အတွက်မှလည်း လုပ်မပေးဘူး"

နင်းမ်က စိတ်ရှည်ရှည်ထား၍ ပြောလိုက်ပြန်၏။

"ကျုပ် ခင်ဗျားကို မေတ္တာရပ်ခံတဲ့အချက်က ညာတာထောက်ထားစရာကောင်းလောက်အောင် ဖြစ်ပေါ်လာတဲ့ ပတ်ဝန်းကျင်အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီးမှ ရာဇဝတ်မှုနဲ့ စွဲချက်တင်မယ့်ကိစ္စကို ပြန်စဉ်းစားပေးဖို့. . ."

မကြာသေးမီက နင်းမ်သည် ယမန်နေ့ညနေက ကာရင်အား ကတိပေးခဲ့မိသည်ကို သတိရလာသောကြောင့် ဟယ်ရီလန်ဒန်ထံသို့ တယ်လီဖုန်းဆက်၍ လူသာဆလုံးဆိုသောပုဂ္ဂိုလ် ပါဝင်ပတ်သက်နေသော ဓာတ်အားခိုးမှုကိစ္စအကြောင်း သိထားခြင်းရှိမရှိ လှမ်းမေးလိုက်သည်။

"သိပ်သိတာပေါ့ဗျာ"

ယခု ဟယ်ရီလန်ဒန်က နင်းမ်ထံသို့လာရောက်၍ ရှင်းပြနေခြင်းဖြစ်သည်။

"ခင်ဗျားမိတ်ဆွေဆလုံးဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်ကစပြီး ဓာတ်ငွေ့မီတာတွေ ခိုးပေးနေခဲ့တာဗျ"

နင်းမ်က စိတ်တိုတိုနှင့် ပြန်ပြောလိုက်၏။

"သူက ကျုပ်မိတ်ဆွေမဟုတ်ဘူး၊ သူ့သမီးနဲ့သာ ကျုပ်ကသိတာ"

"မရေမတွက်နိုင်အောင် များပြားလှတဲ့ ခင်ဗျားရဲ့ မိန်းကလေးမိတ်ဆွေတွေထဲက တစ်ဦးဖြစ်မှာပေါ့"

"အဲဒီစကားမျိုး ရပ်တန်းကရပ်တော့ ဟယ်ရီ၊ ကာရင်ဆလုံးဟာ တစ်ကိုယ်လုံးသေနေတဲ့ မိန်းကလေးဗျ"

နင်းမ်က ဆလုံးမိသားစု၏ အခြေအနေကို ဆက်လက်၍ ရှင်းပြသည်။ ကာရင်ဆလုံးအတွက် အထူးစပါရှယ် ဗင်ကားတစ်စီး ဝယ်ပေးခဲ့ရသောကြောင့် လူသာဆလုံး အကြွေးတင်လာရပုံကိုပါ ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အနေနဲ့ သေသေချာချာကြီးကို သိထားတဲ့ အချက်တစ်ချက်ရှိတယ်၊ အဲဒါကတော့ လူသားဆလုံးဟာ ပိုက်ဆံကို ဘယ်လိုနည်းနဲ့ပဲ ရအောင်ရှာရှာ၊ သူ့အတွက် သုံးတာတော့ မဟုတ်ဘူး"

လန်ဒန်ကလည်း အေးစက်စက် မာကျောကျောလေသံနှင့် ပြန်ပြောသည်။

"ဒီမှာနင်းမ်၊ ကွေးလ်ကုမ္ပဏီနဲ့ ပတ်သက်တဲ့ကိစ္စမှာ လူသားဆလုံးဟာ ခတ်ငွေ့တာဝန်ခံဗျ၊ သူက လုပ်ငန်းလုပ်တဲ့နေရာမှာ တော်ပုံရတဲ့အတွက် ခတ်ငွေ့နဲ့ ပတ်သက်တဲ့ အလုပ်မှန်သမျှ သူ့ကိုပဲလုပ်ခိုင်းတယ်။ ကျုပ်တို့ ခုအချိန်အထိ ခန့်မှန်းထားတာတော့ သူ အဲဒီလိုလုပ်တဲ့အတွက် ဂိုးလ်ဒင်းစတိတ်အနေနဲ့ ခတ်ငွေ့ဘက်က ဆုံးရှုံးသွားတဲ့ ဝင်ငွေဟာ ဒေါ်လာ နှစ်သိန်းသုံးသောင်းဖိုးလောက် ရှိတယ်။ ပြီးတော့လည်း ခင်ဗျားက ကျုပ်ကို အလုပ်က ဖြုတ်မပစ်သေးဘူးဆိုရင် လူသားဆလုံးအမှုကို လာမယ့် လေးငါးဆယ်ရက်အတွင်း ရာဇဝတ်မှုနဲ့ စွဲချက်တင်ရမှာပဲ"

နင်းမ် လက်မြှောက်ရလေပြီ။

"ကောင်းပါပြီ ဟယ်ရီ၊ ခင်ဗျား နိုင်သွားပါပြီ"

ဟယ်ရီက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"ဟင့်အင်း ကျုပ်မနိုင်ပါဘူး၊ ဘယ်သူမှ မနိုင်ပါဘူးဗျာ၊ ကျုပ်လည်း မနိုင်ဘူး၊ ခင်ဗျားလည်း မနိုင်ဘူး၊ ဂိုးလ်ဒင်းစတိတ်လဲ မနိုင်ဘူး၊ လူသားဆလုံးက မနိုင်ဘူးဆိုတာတော့ သိပ်သေချာတာပေါ့ဗျာ။ ကျုပ်က ကျုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်တာပါဗျ"

ထို့နောက် ဟယ်ရီလန်ဒန်သည် နင်းမ်၏ရုံးခန်းမှ ပြန်သွားသည်။

နင်းမ်သည် ကာရင်အား ပြန်အသိပေးရမည်ကိုပင် ကြောက်နေမိသည်။ သို့ရာတွင် နင်းမ်တစ်ယောက် တယ်လီဖုန်းစကားပြောခွက်အား ကောက်မကိုင်နိုင်ပေ။ ရုံးခန်းတံခါး ဝုန်းကနဲပွင့်လာပြီး ရှေးပေါလ်ဆင်အခန်းထဲသို့ ခပ်မြန်မြန်ဝင်လာသည်။

ရှေးပေါလ်ဆင်အား ကြည့်ရသည်မှာ သောကထွေနေသောကြောင့် မျက်တွင်းချောင်ပြီး ညှိုးနွမ်းနေသည်။ ထိုးထိုးထောင်ထောင်ရှိနေသော မျက်ခုံးမွေးများနှင့် ၄င်း၏ဆံပင်တို့မှာ လွန်ခဲ့သည့်တစ်လကနှင့်စာလျှင် ပို၍ဖြူလာသလိုလို ထင်ရသည်။ ရှေးပေါလ်ဆင်သည် ကုလားထိုင်တစ်လုံးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီးနောက် မသက်မသာလေသံဖြင့် လှမ်းပြောလိုက်၏။

"မင်းလည်း သိချင်သိမှာပါ၊ တို့တော့ ဘစ်လီကို လက်လွှတ်လိုက်ရပြီ"

"ကျုပ်တို့ ဘာဖြစ်တယ်. . ."

"မင်း ငါပြောတာကို ကြားပါတယ်ကွာ၊ တို့အနေနဲ့ ဘစ်လီကို လက်လွှတ်လိုက်ရပြီ၊ အနည်းဆုံး လေးလအထိပဲပေါ့"



ပေါလ်ဆင်၏သောကကို နင်းမ်နားလည်ပါသည်။ ခွဲဝေ၍လည်း ခံစားမိသည်။ လာမစ်ရှင် ခတ်အားပေးစက်ရုံမှ ဂျင်နရေတာအမှတ်ငါးဖြစ်သော ဘစ်လီသည် ဂိုးလ်ဒင်းစတိတ်၏ခတ်အား ခြောက်ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနိုင်စွမ်း ရှိသည်။

နင်းမ်က ပြန်မေးမိ၏။

"ဘာဖြစ်တာလဲဗျာ"

ပေါလ်ဆင်က ဖြေလိုက်သည်။

"တို့က ဘစ်လီကို သာမန်လုပ်ရိုးလုပ်စဉ် ကြံ့ခိုင်ရေးလုပ်ငန်းအတွက် အသုံးမပြုဘဲ ရပ်ထားခဲ့တာ ဆစ်ပက်ရှိသွားပြီ၊ ဒီကနေ့ ပြန်အလုပ်ခိုင်းရမယ့်နေ့ပဲ၊ သောက်သုံးမကျတဲ့ အရှူးအော်ပရေတာ တစ်ယောက်ကြောင့်သာ မဟုတ်ခဲ့ရင် ဒီကနေ့ ပြန်ပြီးလည်နိုင်ပြီပေါ့ကွာ"

ရှေးပေါလ်ဆင်သည် ဒေါသဖြစ်ဖြစ်နှင့် ဖမ်းနည်းစရာကောင်းသော အသေးစိတ် အချက်အလက်များကို ရှင်းပြသည်။ ရေနံလောင်စာဆီကို သုံး၍ရပြီး ရေနွေးငွေ့နှင့် မောင်းနှင်ရသည့် ဘစ်လီကဲ့သို့သော ဂျင်နရေတာများအား စက်နိုးသည့်အခါ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မှာ အသေးစိတ်လှသည်သာမက တိတိကျကျလည်း ရှိလှသည်။ ထိန်းချုပ်ကွပ်ကဲမှု ရုံးခန်းထဲ၌ လုပ်ကိုင်ဆောင်ရွက်နေသော အော်ပရေတာတိုင်းအား ညွှန်ကြားချက်များကို တိကျသေချာစွာ တစ်ဆင့်ပြီးတစ်ဆင့် လိုက်နာဆောင်ရွက်အောင် လေ့ကျင့်သင်ကြားပေးထားပြီး ဖြစ်သည်။ သာမန်အားဖြင့် အဆိုပါလုပ်ငန်းစဉ်မှာ နာရီပေါင်းများစွာ ကြာမြင့်လေ့ရှိသည်။

ဘစ်လီနှင့်ဆိုပါမူ ရေနွေးငွေ့ထုတ်လုပ်ပေးမည့် ဘွိုင်လာအား ပထမဦးစွာ အသက်သွင်းရသည်။ ဘွိုင်လာ၏အတွင်းဘက်သို့ အဆင့်နိမ့်မြင့်အလိုက် ထိုးသွင်းထားသော ဆီသေနတ်ပြောင်းဝများသည် စက်ဝိုင်းကြီးများပမာ အဆင့်ဆင့်ရှိနေကြသည်။ တစ်နည်းပြောရပါက အဆိုပါ ဆီသေနတ်ပြောင်းဝများသည် လောင်စာဆီကို အမှုန်ကလေးများဖြစ်အောင် မှုတ်ထုတ်ပေးနေသော (ခတ်ခွဲခန်းသုံး) မီးခွက်ကလေးများပင် ဖြစ်ကြသည်။ အော်ပရေတာလုပ်သူသည် အဆိုပါ ဆီသေနတ်ပြောင်းဝများကို အဝေးမှ ထိန်းချုပ်ကွပ်ကဲသောစနစ်ဖြင့် အောက်ဆုံးအဆင့် စက်ဝိုင်းမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် မီးညှိပေးရသည်။ ဘေးအန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်စေသော စီမံချက်ပင် ဖြစ်သည်။

ယနေ့ကိစ္စတွင်မူ မိမိရှေ့မှောက်တွင်ရှိသော ကိရိယာ (ဒိုင်ခွက်) များအား စစ်ဆေးကြည့်ရှုရန် တာဝန်ပျက်ကွက်သော အော်ပရေတာက အောက်ဆုံးအဆင့် ဆီသေနတ်ပြောင်းဝ စက်ဝိုင်းကို မီးညှိပြီးပြီဟု ယူဆထားသည်။ တကယ်ကမူ မီးမညှိရသေးချေ။ အပေါ်ဘက်တွင်ရှိသော စက်ဝိုင်းများသည် တစ်ဆင့်ပြီးတစ်ဆင့် မီးစွဲညှိလာကြစဉ်

www.burmeseclassic.com



အောက်ဆုံးစက်ဝိုင်းမှ ဆီများသည် အပြင်ဘက်သို့ ပန်းထွက်နေခဲ့ကြပြီး ဘွိုင်လာအိုး၏ အောက်ခြေတွင် သွားစုနေကြသည်။ နောက်ဆုံးတွင် ဘွိုင်လာအိုးအောက်ခြေ၌ တဖြည်းဖြည်းနှင့် များပြားလာသော လောင်စာဆီများနှင့် အခိုးအငွေ့များကြောင့် ဘွိုင်လာအိုးကြီးသည် ထ,၍ပေါက်ကွဲရလေတော့သည်။

နင်းမ်က ပြောလိုက်၏။

"အဲဒီလို ဘွိုင်လာအိုးမျိုးမှာ ဘေးရန်ကင်းအောင် အလိုအလျောက် ထိန်းချုပ်တဲ့ ကိရိယာတွေ ပါတတ်တယ်လို့ သိ. . ."

"ပါတော့ ပါတာပေါ့ကွ"

ပေါလ်ဆင်၏လေသံမှာ ငိုချလိုက်တော့မည့်ကဲ့သို့ ဖြစ်နေသည်။

"အဲဒီလိုအဖြစ်မျိုး ဖြစ်မလာအောင် ကာကွယ်ဖို့ တမင်လုပ်ထားတာပဲ ဉစ္စာ၊ ဒါပေမယ့် မင်းကိုပြောပြရင် ယုံမှာတောင်မဟုတ်ဘူး၊ ဟိုခွေးမသား သောက်ရူးအော်ပရေတာက အဲဒီအလိုအလျောက် ကိရိယာကို အလုပ်မလုပ်အောင် လက်နဲ့ တမင်ဖျက်ပစ်လိုက်တယ်လေ၊ သူပြောတာကတော့ အဲဒီဂျင်နရေတာကို ခပ်စောစောစ,ပြီး အသုံးပြုနိုင်အောင် တမင်လုပ်လိုက်တာပါတဲ့"

"မြတ်စွာဘုရား"

နင်းမ်သည် ရှေ့ပေါလ်ဆင်၏ ယုံကျုံးမရဖြစ်မှုနှင့် ဒေါသကို နားလည်သဘောပေါက်လာသည်။

"အခုလို ဘွိုင်လာအိုး ပေါက်ကွဲမှုကြောင့် ဘယ်လောက်တောင် ထိခိုက်သွားသလဲ"

"ဘွိုင်လာအိုးအတွင်းပိုင်းမှာ အပျက်အစီး အတော်များတယ်"

နင်းမ်သည် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို စိတ်တွက်နှင့် တွက်ကြည့်နေမိသည်။ ဘစ်လီသည် ဂိုးလ်ဒင်းစတိတ်တွင် ရှိရှိသမျှသော လောင်စာဆီသုံး ဂျင်နရေတာများထဲ၌ ဆီစားအသက်သာဆုံးနှင့် တွက်ခြေအကိုက်ဆုံး ဂျင်နရေတာဖြစ်သည်။ ယခုမူ ဘစ်လီမှ ထုတ်ပေးနိုင်သော ဓာတ်အားပမာဏအတွက် ဆီစားပိုများသော အခြားဂျင်နရေတာများက ဝင်ရောက်၍ ထုတ်လုပ်ပေးကြရတော့မည် ဖြစ်သည်။ ထို့ကြောင့် ချက်ချင်းဆိုသလိုပင် ဂိုးလ်ဒင်းစတိတ်က သိုလှောင်ထားသော လောင်စာဆီအား လျှပ်စစ်ဓာတ်အားအဖြစ် ပြောင်းလဲတွက်ချက်မည် ဆိုပါက၊ ယခင်က တွက်ထားသည့် ပမာဏထက် များစွာလျော့နည်းသွားလေပြီ။ နင်းမ်က ပြောလိုက်၏။

"အဆင့်လိုက်မှောင်ချမှုကို လာမည့်လေးငါးရက်အတွင်း စလုပ်ကြရတော့မယ်"

ပေါလ်ဆင်က ခေါင်းညိတ်လိုက်သည်။



"ငါလည်း သဘောတူတယ်"

သူက ပြန်ရန် မတ်တတ်ရပ်လိုက်သည်။

အဆိုပါ သောကြာနေ့ညနေပိုင်းတွင် ကမန်းကတန်း ဖိတ်ခေါ် လိုက်ရသော အစည်းအဝေး၌ အဆင့်လိုက်မှောင်ချမှုများကို လာမည့်ဗုဒ္ဓဟူးနေ့မှစတင်ရန် ဆုံးဖြတ်လိုက်ကြသည်။

□

အတော်ကလေး နောက်ကျသည့် အချိန်ကျမှ နင်းမ်သည် ကာရင့်ထံ တယ်လီဖုန်းဆက်ခွင့် ရရှိတော့သည်။

ပထမဦးစွာ ဂျိစီကထူးလိုက်ပြီး၊ ထို့နောက် ကာရင်၏အသံ ပေါ်ထွက်လာသည်။

နင်းမ်က ပြောလိုက်၏။

"ကာရင်၊ မင်းအဖေကိစ္စနဲ့ ပတ်သက်ပြီး ကိုယ့်အနေနဲ့ ဘယ်နည်းဘယ်ပုံ ကူညီနိုင်မလဲဆိုတာ စုံစမ်းကြည့်သေးတယ်၊ ဒါပေမယ့် ကူညီနိုင်မယ့်နည်းလမ်း မရှိဘူး။ ကိုယ်သိပ်ဝမ်းနည်းပါတယ်"

"ကျွန်မလည်း သိပ်ဝမ်းနည်းမိပါတယ်"

ကာရင်၏အသံတွင် စိတ်ပျက်လက်ပျက်ဖြစ်သွားဟန် ပေါ်နေသည်။

"ဒါပေမယ့် ရှင်က ကြိုးစားပေးဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် နင်းမ်ရော့ဒ်ရယ်"

နင်းမ်က ပြောလိုက်၏။

"ကိုယ်ပေးနိုင်တဲ့ အကြံဉာဏ်ကတော့ မင်းအဖေအနေနဲ့ ရှေ့နေကောင်းကောင်းတစ်ယောက် ငှားဖို့ပဲ"

ခေတ္တမျှ ငြိမ်ကျသွားပြီးနောက် ကာရင်က ပြန်မေးလိုက်၏။

"အဲဒီကိစ္စက အဲဒီလောက်တောင် အခြေအနေ ဆိုးရွားသလား"

လိမ်ပြောနေ၍ အကျိုးမရှိတော့ပြီ။

"ဟုတ်တယ်၊ အခြေအနေ သိပ်မကောင်းဘူး"

ကာရင်က ပြန်ပြောလိုက်သည်။

"တစ်ခုထူးဆန်းနေတာက ကျွန်မဖေဖေဟာ ကျွန်မသိသမျှလူတွေထဲမှာ အရိုးသားဆုံးပုဂ္ဂိုလ်ပဲလို့ ကျွန်မက ထင်ထားမိတာ"

နင်းမ်က ပြောလိုက်ပြန်သည်။

"အဲလေ၊ ကိုယ်က မင်းအဖေကိုယ်စား ဆင်ခြေတက်တာတော့ မဟုတ်ပါဘူး

www.burmeseclassic.com



တက်လည်း မတက်နိုင်ပါဘူး၊ ဒါပေမယ့် တစ်ခါတလေကျရင် ဘေးကဘီက တွန်းအား ပေးမှုတွေကြောင့် လူတွေဟာ မထင်မှတ်တာတွေကို လုပ်မိတတ်ကြတယ်လို့ ကိုယ်ထင် တယ်"

"ဒါပေမယ့် သူ့အနေနဲ့ အဲဒီလိုလုပ်စရာ မလိုပါဘူး၊ အဲဒါကြောင့် သိပ်ကိုဝမ်း နည်းမိတာ၊ အဲလေ. . . ဟမ်ပါဒင့်အပါအဝင် ကျွန်မမိဘတွေ ပိုက်ဆံရှာပြီးဝယ်ပေးတဲ့ အပိုပစ္စည်းတွေကြောင့် ကျွန်မ စိမ်ရှိတာ အမှန်ပါပဲ၊ ဒါပေမယ့် အဲဒါတွေမရှိဘဲနဲ့လည်း ကျွန်မ နေနိုင်ပါတယ်"

ကာရင်၏ဖခင်သည် အပြစ်ရှိသူပမာ ခံစားနေရသည့် စိတ်ခံစားမှုအား ထို နည်းဖြင့် ဖြေဖျောက်ရန် ကြိုးစားနေခဲ့သည်မှာ သိသာထင်ရှားလှကြောင်း နင်းမ်က ကာရင်အား ရှင်းမပြတော့ချေ။ ထိုကိစ္စမှာ တရားရုံးများက အဆုံးအဖြတ်ပေးရမည့် ကိစ္စသာ ဖြစ်သည်။ ထိုစကားအစား နင်းမ်က ပြန်မေးလိုက်၏။

"ဟမ်ပါဒင့်ကော ရှိနေသေးတုန်းပဲလား"

"ဟုတ်တယ်၊ ဟမ်ပါဒင့်ကို ခုထက်ထိ ပြန်မထုခွဲရသေးဘူး"

"ရွှေ့အပတ်ကျရင် အဲဒီကားက အသုံးလိုလာမှာဖြစ်လို့ ကိုယ်ဝမ်းသာမိပါ တယ်"

နင်းမ်က ဆက်လက်၍ အဆင့်လိုက် မျှော်မှန်းချက်များကို ဗုဒ္ဓဟူးနေ့မှ စတင်ပြု လုပ်တော့မည်ဖြစ်ကြောင်း ဆက်ရှင်းပြသည်။

"မင်းတို့ရပ်ကွက်မှာဆိုရင် ဗုဒ္ဓဟူးနေ့ညနေ သုံးနာရီကစပြီး မီးဖြတ်ခံရမယ်၊ အနည်းဆုံး သုံးနာရီလောက်တော့ ကြာလိမ့်မယ်၊ ဒီတော့ ကိုယ့်ဘက်က ပိုပြီးသေချာ အောင် အဲဒီနေ့မနက်မှာ မင်း ရတ်ဖ်ဝုဒ်ဂရိုဗ်ဆေးရုံကို သွားနေသင့်တယ်"

ကာရင်သည် ရွှင်ရွှင်လန်းလန်း ပြောတတ်ဆိုတတ်သော ပုံမှန်လေသံကလေး ဖြတ်ကနဲ ပြန်ပေါ်လာပြီး ပြန်ပြောလိုက်သည်။

"အဲဒီလို ဂရုစိုက်တာမျိုးကိုခံရတဲ့အတွက် သိပ်ကိုကြည်နူးမိပါတယ် ရှင်ရယ်"

၁

ရှသ်ဂိုးလ်မင်းသည် တနင်္ဂနွေနေ့ထုတ် ခရော်နီကယ်ဝက်စ် သတင်းစာကို လှန်လှောကြည့်ရင်း မှတ်ချက်ချလိုက်သည်။

"လျှပ်စစ်စွမ်းအင် အခက်အခဲ အကျပ်အတည်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေ အပေါ် လူတွေက အရှိကိုအရှိအတိုင်း အမြင်မှန်ရစပြုလာကြပြီလို့ ကျွန်မယူဆတယ်"

၎င်းတို့မိသားစုသည် နင်းမ်နှင့်ရှသ်တို့၏ အိပ်ခန်းထဲ၌ စုစုဝေးဝေး ရှိနေကြ



သည်။ ရှသ်သည် လင်ပန်းကလေးနှင့် (နင်းမ်) ယူလာပေးသော နံနက်စာကို စား သောက်ပြီးနောက် အိပ်ရာထဲ၌ပင် ဆက်ရှိနေသေးသည်။ နင်းမ်သည် အိပ်ရာမှ ခပ်စောစော ထခဲ့ပြီးနောက် အားလုံးအတွက် ကြက်ဥမွှေကျော်နှင့် အမဲသားစင်းကောကျော်တို့ကို စီစဉ်ချက်ပြုတ်ခဲ့သည်။

ရှသ်ဂိုးလ်မင်းသည် နယူးရော့ခ်ရှိ ဆလုံးကက်တာရင်း အင်စတီကျူတွင် ဆေး ကုသမှု ခံယူပြီးနောက် လွန်ခဲ့သည့်နှစ်ရက်က လေယာဉ်ပျံနှင့် ပြန်လည်ရောက်ရှိလာ သည်။ ရှသ်၏မျက်လုံးအောက်၌ အညိုအမည်းကွက်ကြီးများ ဖြစ်ပေါ်နေသေးသလို၊ နာကျင်မှု ဝေဒနာကိုလည်း ခံစားနေရဆဲဖြစ်သည်။ ဆေးကုသမှု ခံယူလိုက်သည့်အတွက် ထူးခြားလာမှုကို သိသာရန် အချိန်စောသေးသည့်အပြင် လာမည့်သုံးပတ်အကြာ၌ နယူးရော့ခ်သို့ နောက်တစ်ခေါက် ပြန်သွားရဦးမည် ဖြစ်သည်။ ဆရာဝန်များအနေနှင့် မျှော်လင့်ချက် အများကြီးရှိနေကြသည်ဟု ရှသ်က ရွှင်ရွှင်လန်းလန်း ပြန်ပြောပြသည်။

"ဒီဟာကိုလည်း နားထောင်ကြည့်ပါဦးလေ"

ရှသ်က သတင်းစာခေါင်းကြီးပိုင်းကို စဖတ်ပြသည်။

"အဖြစ်မှန်အတိုင်း ရိုးသားစွာတင်ပြရန် ကြိုးပမ်းလေ့ရှိသော ဤသတင်းစာသည် အတိတ်ကာလက ထားရှိခဲ့သည့် ရပ်တည်ချက်အချို့အပေါ် ပြန်လှန်သုံးသပ်ရန် လိုအပ် လာကြောင်း ဦးစွာပထမ ဝန်ခံလိုပါသည်။ ကျွန်ုပ်တို့၏ သတင်းစာသည် အခြားအခြား သော ပုဂ္ဂိုလ်များကဲ့သို့ပင် အဏုမြူစွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ ပွားများလာမည့်ကိစ္စကို ကန့်ကွက်ခဲ့သည်။ ဤသတင်းစာသည် ပတ်ဝန်းကျင် ညစ်ထေး မှုဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့် ကျောက်မီးသွေးသုံး ဂျင်နရေတာများကို ကန့်ကွက် ကြသူများနှင့် လက်တွဲရပ်တည်ခဲ့သည်။ ရေအားသုံး လျှပ်စစ်ဂျင်နရေတာများအတွက် ရေကာတာကြီးများ ထပ်မံတည်ဆောက်ရမှုကြောင့် တောရိုင်းတိရစ္ဆာန်များ ပျက်စီး ပျောက်ကွယ်သွားရလိမ့်မည်ဆိုသော (သဘာဝအလှ ထိန်းသိမ်းရေး) အုပ်စုများအား ဤသတင်းစာကြီးက ထောက်ခံအားပေးခဲ့သည်။ ကျွန်ုပ်တို့သည် ဘူမိတေဇော ဂျင်နရေ တာစက်ရုံများ ထပ်မံတည်ဆောက်ခွင့်ပြုသည့် ကိစ္စများတွင်လည်း (ခွင့်ပြုရန်သင့်မသင့် သံသယရှိနေကြောင်း ရေးသားဖော်ပြခဲ့သည်။

ကျွန်ုပ်တို့သတင်းစာသည် အဆိုပါ ရပ်တည်ချက်များကြောင့် ဝန်ချတောင်း ပန်လိမ့်မည် မဟုတ်ပါ။ ထိုရပ်တည်ချက်များမှာ သီးခြားကိစ္စရပ်တစ်ခုစီအတွက် ကျွန်ုပ် တို့၏ ယုံကြည်ချက်များပင်ဖြစ်သည်။ သို့ရာတွင် အခြေအနေတစ်ခုလုံးအား ခြုံငုံ၍ သုံးသပ်ကြည့်လိုက်သောအခါ ကယ်လီဖိုးနီးယားရှိ ဓာတ်အားကုမ္ပဏီများက ၎င်းတို့အား မလှုပ်သာမယှက်သာအောင် ချုပ်နှောင်ထားသည်သာမက ၎င်းတို့အနေနှင့် ဆောင်ရွက် ပေးနိုင်စွမ်းမရှိသော ကိစ္စရပ်များကို အတင်းအဓမ္မ စေခိုင်းနေကြပါသည်ဆိုသော ပြ

www.burmeseclassic.com



လှုန့်တင်ပြချက်များအား မျှမျှတတရှိစေမှုအတွက် ကျွန်ုပ်တို့ဘက်က လက်ခံသဘော တူညီရန် လိုအပ်လာသည်။

အပေးအယူပုံစံနှင့် တည်ဆောက်ထားရသော လူ့နေမှုစနစ်အတိုင်း ကျွန်ုပ်တို့က လျှော့သင့်သည့်နေရာတွင် လျှော့၍ တင်းသင့်သည့်နေရာတွင် တင်းခြင်းမျိုး လုံးဝ မပြုလုပ်ဘဲ တင်ပြချက်အားလုံးလိုလိုကို ခေါင်းခါခဲ့ကြသည်။ လာမည့်ဗုဒ္ဓဟူးနေ့တွင် လျှပ်စစ်မီးများ ပြတ်တောက်သွားသည့်အခါ၊ ထိုကိစ္စတို့ ကျွန်ုပ်တို့ ပြန်လည်သတိရသင့်ကြသည်။

ကျွန်ုပ်တို့သည် ကိုယ်နှင့်တန်ရာတန်ရာကိုသာ ရရှိကြခြင်းဖြစ်သည်ဟု ဆိုထိုက်ပေသည်။ ထိုကိစ္စ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရှေးပဝေသဏီကစ၍ ကိုင်စွဲထားခဲ့ကြသော၊ ကျွန်ုပ်တို့နှင့် အခြားပုဂ္ဂိုလ်များ၏ အယူအဆများအား လေးလေးနက်နက် ပြန်လှန်သုံးသပ်ကြရန် အချိန်ကျရောက်ပြီ ဖြစ်ပေသည်”

“တွေ့တယ်မဟုတ်လား”

ရှသ်သည် သတင်းစာကို အောက်သို့ချလိုက်ပြီး နောက်ထပ်ပြောလိုက်၏။

“အဲဒါနဲ့ပတ်သက်ပြီး ရှင်ဘယ်လိုထင်သလဲ”

နှင်းမိက ဖြေလိုက်၏။

“ရေးပုံသားပုံကတော့ တကယ်ကောင်းပါတယ်၊ ကံဆိုးချင်တော့ ခေါင်းကြီး အဆင့်ထက်ပိုပြီး ဖြစ်ထွန်းမှာမဟုတ်ပါဘူး။ အဲလေ. . . ဒီခေါင်းကြီးက ငါးနှစ်လောက် နောက်ကျသွားပြီပဲ”

ရှသ်က ပြောလိုက်၏။

“ကျွန်မကတော့ အဲဒါတွေကို ဂရုစိုက်မနေနိုင်ပေါင်၊ အိမ်မှာနေခွင့်ရပြီး ရှင်တို့အားလုံးကို ချစ်နေရရင် ကျေနပ်ပါပြီလေ”

□

ထိုတနင်္ဂနွေနေ့ ညနေပိုင်းတွင် ဂရိုးကိုစ်အာချန်ဘော့သည် နော့သ်ဂက်စ တယ်ဒေသရှိ ၎င်း၏အိမ်ခန်းမှ အပြင်သို့ အရဲစွန့်၍ထွက်ခဲ့၏။ လာမစ်ရှင် မာတ်အား ပေးစက်ရုံသို့မသွားမီ အင်္ဂါနေ့ညနေပိုင်းအထိ ၎င်းအတွက် လုံလောက်စေမည့် အစားအစာများကို စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်၍ဝယ်လိုက်သည်။ ၎င်းအပြင် စစ်ဂမ်း မေးခွန်းလွှာကို ဖြေဆိုထားသော စာအိတ်အား စာတိုက်ပုံးထဲသို့ ထည့်လိုက်သည့်အပြင် တနင်္ဂနွေနေ့ထုတ် သတင်းစာများကိုလည်း ဝယ်ယူခဲ့သေးသည်။

□ □ □

## အခန်း (၂၄)

တနင်္လာနေ့သည် ထူးခြားမှုမရှိဘဲ ကုန်ဆုံးသွားသည်။ အင်္ဂါနေ့နံနက်ပိုင်းသို့ ကူးပြောင်းလာသည့်အခါတွင်မူ ထိုကဲ့သို့ မဟုတ်တော့ချေ။ ကိုးလ်ဒင်းစတိတ်အား အခြေအနေ ယိုယွင်းပျက်ပြားအောင် ဝိုင်းဝန်းလုပ်ကြံကြသည့် အုပ်စုထဲ၌ သဘာဝတရားကပါ ဝင်ရောက်ပါဝင်လာသယောင် ထင်မှတ်ရသည်။

ကိုးလ်ဒင်းစတိတ်၏ ဘူမိတေဗေဒတွင်းများတွင် တစ်ခါက ထိန်းမနိုင်သိမ်းမရ ထ၍ပေါက်ကွဲခဲ့ပြီးနောက် ယခုအချိန်အထိ နိုင်နိုင်နင်းနင်း ထိန်းသိမ်း၍မရသေးသော ‘အိုးလ်ဒက်စပါးရေးဗိုး’ တွင်းအောက်ခြေမှ ကျောက်ခဲများနှင့် ရွှံ့နွံများသည် ပြင်းထန်သော တွန်းကန်အားနှင့် မြေပြင်ပေါ်သို့ ပေါက်ကွဲ၍ တက်လာကြသည်။ ထိုတွင်းထဲမှ ရေနွေးငွေ့များသည် မီးရထားစက်ခေါင်း အလုံးနှစ်ဆယ်နှင့်ညီမျှသော အင်အားဖြင့် ပူလောင်သော ရွှံ့နွံများနှင့် ကျောက်တုံးကျောက်ခဲများကို လေဟာသို့ မြင့်မြင့်မားမား မှုတ်ထုတ်ပေးနေရာ ဘူမိတေဗေဒတွင်းများ ရှိနေသော ကွင်းပြင်ကြီးတစ်ခုလုံးပေါ်သို့ ပြန်ကျလာ၏။

အဆိုပါ ပေါက်ကွဲမှုသည် ဝန်ထမ်းအနည်းငယ်မျှသာ အလုပ်ခွင်၌ရှိနေပြီး အမိုးအကာအောက်သို့ ရောက်ရှိနေကြသော နံနက် (၂) နာရီထိုးအချိန်တွင် ဖြစ်ပွား

www.burmeseclassic.com



ခဲ့ခြင်းကြောင့် အင်မတန်ကံကောင်းလှသည်ဟု ဆိုရပေမည်။ ထို့ကြောင့် သေဆုံးခြင်း၊ ဒဏ်ရာရခြင်း စသည်တို့ မဖြစ်ပွားခဲ့ချေ။ သို့ရာတွင် ဘူမိတေဇော ထစ်ကွင်းလုံးရှိ ထရန်စဖော်မာများ၊ လျှပ်စစ်ဓာတ်အားခလုတ်များ ထားရှိသည့်နေရာနှင့် အနီးအနားတွင်ရှိသော ဗို့လ်အားမြင့် ဓာတ်ကြိုးလိုင်းများကိုပါ ရွှံ့နွံများက ဖုံးအုပ်သွားသည်။ ထို့ကြောင့် ရလဒ်အနေဖြင့် (ဓာတ်ကြိုး)အားလုံး ဓာတ်လိုက်သွားကြပြီး ဘူမိတေဇော ဂျင်နရေတာများမှ ပို့လွှတ်နေသော လျှပ်စစ်ဓာတ်အားအားလုံး ချက်ချင်းပြတ်တောက်သွားကြတော့သည်။

ကြီးကြီးကျယ်ကျယ် ထိခိုက်ပျက်စီးမှုမျိုးတော့ မဖြစ်ခဲ့ပါ။ အိုးလ်ဒက်စပါးနေးနိုးသည်လည်း ထိုကဲ့သို့ ကျိုးစယ်နောက်ပြောင်မှု ပြီးစီးသွားသောအခါ အန္တရာယ်မရှိသော ရေနွေးငွေ့များကို ပြတ်တောင်းပြတ်တောင်းမျှသာ မှုတ်ထုတ်ပေးနေလေတော့သည်။

သို့ရာတွင် အဆိုပါရွှံ့နွံများအား ရှင်းလင်းပစ်ရမည့် ကြီးကြီးကျယ်ကျယ် လုပ်ငန်းကြီးမှာ (၄၈) နာရီမျှ ကြာမြင့်မည်ဖြစ်ပြီး အဆိုပါလုပ်ငန်းကြီး မပြီးဆုံးမီ ဂိုးလ်ဒင်းစတိတ်၏ ဓာတ်အားထုတ်လုပ်မှု၌ ကီလိုဝပ် (၇) သိန်း လျော့နည်းနေမည်သာ ဖြစ်သည်။ အဆိုပါ လျော့နည်းနေသည့် ကီလိုဝပ် (၇) သိန်းကို တစ်နည်းနည်းနှင့် ရှာဖွေဖြည့်စွက်ပေးရန်လည်း လိုအပ်လာသည်။

ဤကိစ္စအတွက် ဖြစ်နိုင်သော နည်းလမ်းတစ်မျိုးသာ ရှိပြီး၊ ထိုနည်းမှာ လောင်စာဆီ သုံးစွဲသော ဂျင်နရေတာများကို ခါတော်မီ ဓာတ်အားထုတ်လုပ်ဖို့အတွက် အသုံးချရန်ပင် ဖြစ်သည်။ ဤနည်းဖြင့် ဂိုးလ်ဒင်းစတိတ်က သိမ်းဆည်းသိုလှောင်ထားသော လောင်စာဆီများသည် မမျှော်လင့်ဘဲ ပို၍ပို၍ လျော့နည်းသွားမည့် အနေအထားသို့ ဆိုက်ရောက်သွားရပြန်သည်။

လွန်ခဲ့သောလေးရက်က ဘစ်လီကို ရှုတ်တရက် လက်လွှတ်ခဲ့ရပြီး ယခု ဘူမိတေဇော ဂျင်နရေတာအားလုံး ရပ်ဆိုင်းထားရပြန်ပြီဖြစ်ရာ လောင်စာဆီ အခက်အခဲရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လာမည့်နှစ်ရက်အတောအတွင်း ဂိုးလ်ဒင်းစတိတ်က ထုတ်လုပ်ပေးနိုင်မည့် စွမ်းအင်ပမာဏမှာ ကွက်တိလောက်သာ ရှိနေပေတော့မည်။

နင်းမ်သည် အင်္ဂါနေ့နံနက်ပိုင်းတွင် အလုပ်ခွင်သို့ ရောက်ရှိလာသောအခါကျမှ ဘူမိတေဇောတွင်းများမှ ဂျင်နရေတာများ ရပ်ဆိုင်းသွားသည့်ကိစ္စနှင့် ဓာတ်အားမလုံမလောက်ဖြစ်နိုင်သည့် အနေအထားကို သိရှိရလေတော့သည်။

ဘူမိတေဇောတွင်းများမှ ဂျင်နရေတာများအား ပြန်လည်အသုံးပြုနိုင်စွမ်းမရှိမီ၊ ဂိုးလ်ဒင်းစတိတ်သည် မည်သည့်နည်းနှင့်မျှ အတိမ်းအစောင်း ခံနိုင်လိမ့်မည် မဟုတ်ကြောင်း နင်းမ် သဘောပေါက်သည်။ ထို့ကြောင့် ကာရင်ဆလုံးထံ တယ်လီဖုန်းဆက်ရန် ဆုံးဖြတ်လိုက်သည်။



နင်းမ်က ပြောလိုက်၏။

"ကာရင်၊ မင်း ဒီတနေ့ပဲ ရက်ဒ်ဝုဒ်ဂရိုဒ်ဆေးရုံကို သွားစေချင်တယ်၊ ဖြစ်နိုင်ပါ့မလား"

"ဖြစ်ပါတယ် နင်းမ်ရှော့ဒ်ရယ်၊ ဒါပေမယ့် ဘာဖြစ်လို့ပါလိမ့်"

"ကိုယ်တို့ဆီမှာ ပြဿနာကလေးတွေ ရှိနေတယ်၊ ဒီတော့ ကြိုအသိမပေးဘဲနဲ့ မီးဖြတ်ရတာမျိုး ဖြစ်လာနိုင်တယ်၊ အဲဒီလို ဖြုန်းဒေါကြီး မီးဖြတ်တာမျိုး ဖြစ်ချင်မှလည်း ဖြစ်မှာပါ၊ ဒါပေမယ့် အရန်ဂျင်နရေတာရှိတဲ့နေရာမှာ မင်းရောက်နေပြီဆိုမှ ကိုယ် ပိုပြီး စိတ်ချမ်းသာနိုင်မယ်"

ကာရင်က ဖြေလိုက်၏။

"ကောင်းပါပြီတဲ့ရှင်၊ ကျိုးစီနဲ့ ကွန်မ အဆင်သင့်ဖြစ်အောင် စ,လုပ်ပါ့မယ်၊ ဒီမှာ နင်းမ်ရှော့ဒ်၊ ရှင့်အသံက သိပ်ကို ပင်ပန်းနွမ်းနယ်နေပုံရတယ်၊ ကိုယ့်ကိုယ်ကိုယ်လဲ ဂရုစိုက်ဦးနော်"

❐

ဓာတ်အားသုံးစွဲသူများက ပြန်လည်ပေးပို့လာသော ဓာတ်အားသုံးစွဲမှု မှတ်တမ်းလွှာများကို စစ်ဆေးရန် အထူးစပါယ်ရှယ် ခေါ်ယူဖွဲ့စည်းထားခဲ့သော စာရေးမှူးယောက်အဖွဲ့အား လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ကာစ,၌ ပြန်လည်ဖျက်သိမ်းလိုက်ခဲ့ပြီးဖြစ်သည်။ ကြိုကြားကြိုကြားဆိုသလို ရောက်ရှိလာနေသေးသော အဖြေလွှာများကိုမူ ပြည်သူ့ဆက်ဆံရေးဌာနမှ အယ်စီယန်းဟုခေါ်သော အသက်ခပ်ကြီးကြီး အတွင်းရေးမှူးတစ်ဦးထံ ဆက်ပို့ပေးနေသည်။ အယ်စီယန်းသည် ထိုအဖြေလွှာများအား ၎င်းက စိတ်ပါလက်ပါရှိသည့်အချိန်နှင့် စိစစ်ရန်အချိန်ရသည့် အခါများတွင်သာ စစ်ဆေးပေးလေ့ရှိသည်။

အင်္ဂါနေ့ နံနက် (၁၀) နာရီလောက်တွင် အထူးစပါယ်ရှယ်စာအိတ်နှင့် ထည့်ထားသော မှတ်တမ်းလွှာတစ်စောင်သည် အခြားစာရွက်စာတန်း အမြောက်အမြားနှင့်အတူ ၎င်း၏ 'ဝင်စာ'ခွက်ထဲ၌ ရောက်ရှိနေကြောင်း အယ်စီယန်း သတိထားလိုက်မိသည်။ အယ်စီယန်းက ရုံးတွင်းစာများကို ဦးစွာပထမဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်

❐

ကာရင်သည် နင်းမ်နှင့် တယ်လီဖုန်းထဲမှ စကားပြောခဲ့ပြီးနောက် [illegible]

www.burmeseclassic.com



လိုပင်၊ သူနှင့် ဂျိုစီသည် ယနေ့နံနက်ခင်း ဈေးဝယ်ထွက်ရန် စီစဉ်ထားသည့်ကိစ္စကို နှင်းမ်အား မပြောဖြစ်လိုက်သည့်အကြောင်း သတိရလာသည်။ သူတို့နှစ်ယောက်သည် ဈေးဝယ်ထွက်သည့်ကိစ္စကို ဖျက်သိမ်းပြီး ဆေးရုံသို့ ချက်ချင်းသွားသင့်သလား။ ကာရင်သည် နှင်းမ်ထံသို့ တယ်လီဖုန်းနှင့် ပြန်လည်ဆက်သွယ်လိုစိတ် ဖြစ်ပေါ်လာမိ၏။ သို့ရာတွင် နှင်းမ်၏ စိတ်ပင်ပန်းမှုကို ကာရင်သတိရလာသည်။ မိမိဘာသာ ဆုံးဖြတ်ချက်ချရပေတော့မည်။ နက်ဖြန်တွင် ဓာတ်အားဖြတ်တောက်မည်ဟု ကြိုတင်သတိပေးထားသော်လည်း ထိုအချိန်မတိုင်မီ ဓာတ်အားဖြတ်ရန်ကိစ္စနှင့် ပတ်သက်၍ နှင်းမ်က ဘယ်လိုပြောခဲ့ပါလိမ့်။ အဲဒီလို ပြန်းစားကြီး ဖြတ်တာမျိုး ဖြစ်ချင်မှလည်း ဖြစ်မှာပါတဲ့။ ဒီတော့ လုပ်သင့်လုပ်ထိုက်သည့် ကိစ္စမှာ ပထမဦးစွာ ဈေးထွက်ဝယ်ပြီးမှ ညနေပိုင်း၌ ဆေးရုံသို့ သွားရောက်ရန်ပင်တည်း။

□

ဂရီးဂိုစ်အာချန်ဘော့သည် ကျရောက်လာတော့မည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ တိရစ္ဆာန်များကဲ့သို့ ကြိုတင်သိရှိတတ်သော ဆဋ္ဌမအာရုံပိုင်ရှင် ဖြစ်သည်။ အင်္ဂါနေ့ မွန်းတည့်ချိန်နှင့် နီးကပ်လာသောအခါ၊ ၎င်း၏ ဆဋ္ဌမအာရုံက အန္တရာယ်သည် လက်တစ်ကမ်းအလို၌ ရှိနေပြီဖြစ်ကြောင်း သတိပေးတော့သည်။ ထိုဆဋ္ဌမအာရုံ၏ နှိုးဆော်ချက်ကို လိုက်နာပြီး လာမစ်ရှင် ဓာတ်အားပေးစက်ရုံသို့ နေ့လည်ကြောင်တောင်ကြီးမှာပင် အရဲစွန့်၍ သွားရောက်သင့်ပါသလား။ သို့တည်းမဟုတ် ဆဋ္ဌမအာရုံကို ဘေးချိတ်ပြီး ယခင်အစီအစဉ်အတိုင်း မှောင်သည့်အခါကျမှ ထွက်ခွာသင့်သလော။

ဂရီးဂိုစ်သည် လာမစ်ရှင်ဓာတ်အားပေးစက်ရုံ၏ ရေစုပ်စက် အဆောက်အအုံဆီသို့ ရေအောက်မှချဉ်းကပ်ရန် ရည်ရွယ်ချက်ရှိသည်။ လာမစ်ရှင် ဓာတ်အားပေးစက်ရုံကို 'ကိုရုတ်' မြစ်ကမ်းနဖူးပေါ်တွင် တည်ဆောက်ထားသောကြောင့် အအေးဓာတ်ပေးရန်အတွက် ရေကို မြစ်ထဲမှ စုတ်ယူပြီးနောက် အသုံးပြုပြီးသောအခါ ရေများကို မြစ်ထဲသို့ ပြန်ပို့လွှတ်နိုင်စွမ်း ရှိသည်။ မြစ်ကမ်းနဖူးတွင်ရှိသော စက်ရုံဘက်အခြမ်းသို့ အရောက်သွားရေးတွင် ရာဘာလှေက အသုံးဝင်လာမည် ဖြစ်သည်။ ထို့နောက် ဂရီးဂိုစ်သည် ရာဘာရေငုပ်ဝတ်စုံကို အသုံးချမည်ဖြစ်သည်။ ဂရီးဂိုစ်သည် ရေအောက်၌ ဖျက်ဆီးရေးလုပ်ငန်းများကို ပြည်ပတွင် သွားရောက်သင်ကြားခဲ့ဖူးသူဖြစ်ပြီး ရေနက်ပိုင်းတွင် ရေငုပ်ဝတ်စုံဖြင့် ကျင်လည်စွာ လှုပ်ရှားသွားလာနိုင်သူ ဖြစ်သည်။

ဂရီးဂိုစ်သည် မြေပုံများကို ကြည့်ရှုလေ့လာထားချက်အရ လာမစ်ရှင် ဓာတ်အားပေးစက်ရုံနှင့် မိုင်ဝက်ခန့်သာ ဝေးတော့သောနေရာသို့ ရောက်ရှိအောင် မော်တော်ကားနှင့် မောင်းနှင်သွားလာနိုင်ပြီး လူပြတ်သော နေရာတစ်နေရာမှ ရာဘာလှေဖြင့်



မြစ်ထဲသို့ဆင်းနိုင်ကြောင်း သိထားသည်။ မြစ်ရေစီးကြောင်းက ရာဘာလှေအား စက်ရုံနှင့် မလှမ်းမကမ်းသို့ ရောက်ရှိသည်အထိ ပို့ဆောင်ပေးမည်ဖြစ်သည်။ သူသည် ရေအောက်သို့ ငုပ်ဆင်းသွားမည်ဖြစ်ရာ နေ့လယ်ခင်းပင် ဖြစ်လင့်ကစား ထိုအချိန်မှစ၍ ၎င်းအား တွေ့မြင်နိုင်ကြမည့် အခွင့်အလမ်းမှာ မရှိသလောက် နည်းသွားလေပြီ။ တကယ့်တကယ်တွင်လည်း မြစ်ရေထဲသို့ထိုးဖောက်ကျဆင်းနေသော နေရောင်ခြည်က ၎င်းအား မည်သည့်နေရာမှ (စက်ရုံထဲသို့ရောက်အောင်) ဝင်ရမည်ကို များစွာ အထောက်အကူပြုပေလိမ့်မည်။ သို့ရာတွင် သူသည် ရေငုပ်ဝတ်စုံကိုဝတ်ဆင်ပြီးနောက် ရာဘာလှေထဲသို့ လူသူလေးပါးမမြင်အောင် ဆင်းနိုင်စွမ်း ရှိပါမည်လော။

တကယ့်တကယ်ကမူ နေ့လည်ကြောင်တောင်တွင် ၎င်းအတွက် အန္တရာယ်အရှိနိုင်ဆုံးကိစ္စမှာ ဗော့စ်ဝက်ဂွန်ကားအား မောင်းနှင်သွားရေးပင်တည်း။ အကယ်၍ ၎င်းအား တွေ့မြင်သွားခဲ့သည်ရှိသော် လိုက်လံဖမ်းဆီးမည့် ဝုဂ္ဂိုလ်များလက်မှ လွတ်မြောက်အောင် ပြေးဖို့မလွယ်ပြီ။ တခြားနည်းဖြင့် စဉ်းစားသောအခါတွင်လည်း ဤဒေသတစ်ဝိုက်တွင် သူကားကဲ့သို့ စုတ်စုတ်ပြတ်ပြတ် ဗော့စ်ဝက်ဂွန်ကား အမြောက်အမြားရှိနေကြသည်သာ။

ချက်ချင်းဆိုသလိုပင် ဂရီးဂိုစ်က ဆုံးဖြတ်ချက်ချလိုက်၏။ ၎င်း၏ ဆဋ္ဌမအာရုံကို ယုံကြည်ကိုးစားစွာဖြင့် နေ့လည်ကြောင်တောင်မှာပင် သူထွက်ခွာသွားတော့မည်။

□

အမျိုးသမီး စားပွဲထိုးတစ်ယောက်က တီရေစာဗန်ဘူရင်ထံ လာရောက်အသိပေးသည်။

"ရှင့်အတွက် တယ်လီဖုန်းလာနေပါတယ် မစ္စစ်ဗန်ဘူရင်၊ ဒီတယ်လီဖုန်းတသိမ်အရေးကြီးတယ်လို့လည်း မှာလိုက်ပါတယ်"

တီရေစာဗန်ဘူရင်သည် ဂိုးလ်ဒင်းစတိတ်ရှိ အရာရှိရိပ်သာ ထမင်းစားခန်း၌ ဂျေအီးရစ်ဟာမီဖရီ နင်းမ်ဂိုးလ်မင်းတို့နှင့်အတူ နေ့လယ်စာစားနေစဉ် စားပွဲမှထ၍ တယ်လီဖုန်းရှိရာ အပြင်ဘက်သို့ ထွက်ခွာသွားခဲ့ရသည်။ သူပြန်လာသောအခါ တီရေစာ၏ မျက်လုံးအစုံမှာ စိတ်လှုပ်ရှားမှုကြောင့် အရောင်တလက်လက် ဖြစ်နေကြသည်။

"စစ်တမ်းအမှာလွှာ ပြန်စာတစ်စောင် ဝင်လာတယ်၊ အဲဒါကို စစ်ဆေးဖိုက်တော့ အာချန်ဘော့လက်မှရေးနဲ့ သွားတူနေတယ်၊ ကျွန်မဌာနက ခပ်ကြောင်ကြောင်ဝန်ထမ်းတစ်ယောက်က အဲဒီစာကို တစ်မနက်လုံး ခိုခေါက်ထားခဲ့တယ်၊ သူ အခု တွေးပျော်ဌာနကို သွားနေပြီ၊ ကျွန်မတို့လည်း အဲဒီကိုလိုက်ခဲ့မယ်လို့ မှာထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



မိနစ်အနည်းငယ်ကြာသောအခါ နေ့လည်စာကို တစ်ဝက်တစ်ပျက်သာ စားခဲ့ကြသော ၄င်းတို့သုံးယောက်အပြင် ရှားလက်အန်ဒါဟင်းလ်နှင့် ဟယ်ရီလန်ဒန်တို့သည် ရေရေလည်လည် အကြိမ်းအမောင်း ခံလိုက်ရရှာသော အယ်စီယန်း လာပို့သွားသည့် မှတ်တမ်းအဖြေလွှာအား ကွန်ပျူတာဌာနရှိ စားပွဲတစ်ခုတွင်စုရုံးပြီး စစ်ဆေးနေကြသည်။

ဟယ်ရီလန်ဒန်ကမူ မကြေမချမ်း ပြောလိုက်၏။

"ဒီငတိက ဘာဖြစ်လို့ ဒီလောက်တောင် အချိန်ယူခဲ့ရတာလည်းဗျာ"

ရှားလက်အန်ဒါဟင်းလ်သည် အဖြေမပေးဘဲ အဆိုပါ စာရွက်အား အနက်ရောင်မီးလုံး တပ်ဆင်ထားရှိသည့် နေရာသို့ ယူသွားသည်။ ရှားလက်က မီးခလုတ်ကို ဖွင့်လိုက်ပြီး စာရွက်ကို မီးလုံးအောက်တွင် ထားလိုက်၏။ (၉၃၈၆) ဆိုသောနံပါတ်ကို ထင်းထင်းကြီး မြင်ကြရသည်။

ရှားလက်အန်ဒါဟင်းလ်သည် အပေါ်ဘက်တွင် ကတ်သုဒ်ရောင်ခြည် ဖန်သားမျက်နှာပြင် တပ်ဆင်ထားရှိသော ကွန်ပျူတာစက်ခလုတ်များဆီသို့ တန်းသွားပြီးနောက် ဤပရိုဂျက်၏ အမည်ဖြစ်သော 'နောသ်ကက်စတယ် မှတ်တမ်း' ဆိုသော စာတန်းနှင့် ထိုစာတန်းနောက်မှ လျှို့ဝှက်သင်္ကေတ အမှတ်အသားတို့ကို (လက်နှိပ်စက်နှိပ်သကဲ့သို့) ရိုက်နှိပ်လိုက်သည်။

ဤတွင် ကွန်ပျူတာ၏ ဖန်သားမျက်နှာပြင်ပေါ်၌ 'မေးခွန်းလွှာအမှတ်ကို ဖော်ပြပါ' ဆိုသော စာသားပေါ်ထွက်လာသည်။

ရှားလက်အန်ဒါဟင်းလ်က (၉၃၈၆) ဆိုသောနံပါတ်ကို ရိုက်ထည့်လိုက်၏။

ကွန်ပျူတာ၏ ဖန်သားမျက်နှာပြင်ပေါ်၌ 'ဒိုဝင်ဂရိန်ဂျာ၊ အမှတ် (၁၂)၊ ဝက်ခ်ဟန်လမ်း၊ အခန်း (၄)' ဆိုသော စာသားပေါ်ထွက်လာတော့သည်။

□

ထို့နောက် တစ်နာရီကျော်ကျော်ခန့် ကြာသောအခါ ဟယ်ရီလန်ဒန်က ဒါးရစ်ဟာမ်ဖရီနှင့် နှင်းမ်တို့ထံသို့ လာရောက်၍ သတင်းပို့သည်။ ဟယ်ရီလန်ဒန်က တင်ပြသည်။

"အာချန်ဘော့ကတော့ လက်မတင်ကလေး လွတ်သွားပြန်ပြီ၊ အိမ်နီးနားချင်းတစ်ဦးရဲ့ အဆိုအရ အဲဒီအိမ်ခန်းကို မပိုင်းခင် နာရီဝက်လောက်က လူတစ်ယောက် ဖော့စ်ဝက်ဂွန် ပေါင်မုန့်ကားနဲ့ ထွက်သွားတယ်တဲ့၊ ရဲတပ်ဖွဲ့ကတော့ ဖော့စ်ဝက်ဂွန် ပေါင်မုန့်ကားကိုရှာဖို့ ကြေငြာပြီးပါပြီ၊ အဲဒီအဆောက်အအုံကိုလည်း အသေးစိတ် ရှာနေကြလေရဲ့"



ဒါးရစ်ဟာမ်ဖရီက နှင်းမ်ကို ပြောလိုက်၏။

"စက်ရုံမန်နေဂျာတွေအားလုံးနဲ့ လုံခြုံရေးဝန်ထမ်းတွေဆီ ချက်ချင်းအကြောင်းကြားပေးပါ၊ လက်ရှိအခြေအနေထက် သတိဝီရိယ ပိုထားပြီး စောင့်ကြပ်ကြဖို့နဲ့ သင်္ကာမကင်းဖြစ်စရာ တစ်ခုခုတွေ့တာနဲ့ ချက်ချင်းသတင်းပို့ကြရမယ်လို့ ညွှန်ကြားပါ၊ ဒီငတိက တို့ကုမ္ပဏီကို နောက်တစ်ကြိမ်ဖျက်ဆီးဖို့ ကြံစည်ချင်ကြံစည်မှာ"

□

ဂရီးဂိုစ်သည် တေးကလေးတစ်ပုဒ်ကို ညည်းလာသည်။ သူ ကံကောင်းနေဆဲပင်။ သူသည် တစ်နာရီနှင့် ဆယ့်ငါးမိနစ်ကြာအောင် မောင်းနှင်လာခဲ့သော်လည်း သူ့မော်တော်ကားအား အာရုံစိုက်သူမရှိချေ။ ယခု သူသည် ရာဘာလှေအား ရေထဲသို့ ချမည့်နေရာနှင့် နီးနီးကပ်ကပ်နေရာသို့ ရောက်ရှိနေလေပြီ။ ဂရီးဂိုစ်သည် ကျောက်ခင်းလမ်းအတိုင်း မော်တော်ကားကို ချိုးကွေ့လိုက်ပြီးနောက် မိနစ်အနည်းငယ် ကြာသောအခါ ချုံပုတ်များအကြားမှ ကိုရုတ်မြစ်ရေပြင်အား လှမ်း၍မြင်နေရလေပြီ။ သူသည် ကမ်းနဖူးသို့ရောက်ရန် ကိုက်သုံးဆယ်ခန့်အလို၌ မော်တော်ကားကို ရပ်တန့်လိုက်၏။ အနီးအနား ပတ်ဝန်းကျင်တွင် လူတစ်ယောက်မျှ မရှိချေ။

သူသည် ရာဘာလှေနှင့် ပစ္စည်းပစ္စယများအား ကားပေါ်မှချ၍ မြစ်ဆီသို့ သယ်ယူလာစဉ် ပို၍ပို၍ စိတ်လှုပ်ရှားလာသည်။ သူသည် ရာဘာလှေကို ရေထဲသို့ တွန်းချလိုက်ပြီးနောက် သစ်ပင်တစ်ပင်တွင် ကြိုးနှင့်ချည်နှောင်လိုက်ပြီး ပစ္စည်းများကို လှေပေါ်သို့တင်သည်။ ပစ္စည်းများမှာ အောက်ဆီဂျင်ဘူးတစ်ဘူး၊ လေရှူထုတ်သည့်ပိုက်၊ ရေကာမျက်နှာဖုံးတစ်ခု၊ ခြေထောက်တွင် တပ်ဆင်ရသော ဘဲခြေထောက်သဏ္ဌာန် ရေယက်များ၊ ရေလုံလက်နှိပ်ဓာတ်မီး၊ ပိုက်ကွန်ကဲ့သို့ ရက်ထားသော ခါးပတ်ကြီးတစ်ခုနှင့် ကြေးနန်းကြိုးဖြတ်ရန် အဝါရောင်ပလိုင်ယာ စသည်စသည်တို့ပင်တည်း။

နောက်ဆုံးတွင် ဂရီးဂိုစ်သည် ငါးကျည်တောက်ပုံသဏ္ဌာန် ပလပ်စတစ်ဗုံးများကို လှေပေါ်သို့တင်သည်။ ဗုံးတစ်လုံးသည် အလေးချိန် ငါးပေါင်ခန့်ရှိပြီး ၄င်း၏ ပိုက်ကွန်ခါးပတ်၌ ချိတ်ဆွဲ၍ ယူဆောင်သွားမည်ဖြစ်သည်။ သူသယ်ယူသွားနိုင်မည့် ပမာဏမှာ ဗုံးရှစ်လုံးဖြစ်သည်ဟု သူဆုံးဖြတ်လိုက်၏။ ဤအတိုင်းဆိုလျှင် ထိုဗုံးရှစ်လုံးသည် ရေစုပ်စက် ဆယ့်တစ်လုံးအနက် ရှစ်လုံးကို ဖျက်ဆီးပစ်နိုင်ပေလိမ့်မည်။ ထို့ကြောင့် လာမင်နှင့်ရှိ ဂျင်နရေတာကြီး လေးခုအား အကုန်လုံးရပ်သွားအောင် မတတ်နိုင်သည့်တိုင်အောင် ရာခိုင်နှုန်း အတော်ခပ်များများအထိ တန့်တားပစ်နိုင်မည် ဖြစ်သည်။ ပဉ္စမမြောက် ဂျင်နရေတာဖြစ်သော ဘစ်လီအား လောလောဆယ်တွင် ရပ်ဆိုင်းထားရကြောင်း တနင်

www.burmeseclassic.com

www.burmeseclassic.com



နွေနေ့ထုတ်သတင်းစာ၌ သူဖတ်ခဲ့ရသည်။

ရာဘာလှေထဲသို့ ပစ္စည်းပစ္စယအားလုံး ရောက်ရှိသောအခါ ဂရီးဂိုရီ့စ်သည် အသားကပ် ရေစိုခံအင်္ကျီကို ဝတ်ဆင်လိုက်ပြီးနောက် လှေပေါ်သို့တက်၍ သစ်ပင်၌ ချည်နှောင်ထားသောကြိုးကို ဖြေလိုက်သည်။ ထို့နောက် တက်တစ်ချောင်း၏ အကူအညီဖြင့် မြစ်ကမ်းခြေမှ ရေလယ်သို့ခွာထွက်ခဲ့ပြီး ရေစီးကြောင်းအတိုင်း စုန်ဆင်းလာခဲ့သည်။ ဆယ်မိနစ်အတွင်းမှာပင် လာမစ်ရှင်စက်ရုံ၏ တာဘိုင်းနှင့် ဂျင်နရေတာများထားရှိရာ ပင်မအဆောက်အအုံကြီးကို မြင်ရတော့သည်။ နောက်ထပ် ငါးမိနစ်ကြာသောအခါ နီးနီးတပ်ကပ်နေရာသို့ ရောက်ရှိပြီဟု ဆုံးဖြတ်လိုက်ပြီးနောက် ရာဘာလှေအား ရေတိမ်သည့်နေရာတစ်နေရာမှ ရေလယ်ကျောက်ဆောင် အငူစွန်းတစ်ခုတွင် ချည်နှောင်ထားလိုက်သည်။

ယခု ဂရီးဂိုရီ့စ်သည် အောက်ဆီဂျင်ဘူး၊ ရေတာမျက်နှာဖုံး၊ လေရှူပိုက်၊ ခါးပတ်နှင့် ရေယက်များကို ဝတ်ဆင်လိုက်ပြီးနောက် ကျန်ပစ္စည်းပစ္စယများကို ကိုယ်ပေါ်တွင် တပ်ဆင်လိုက်၏။ သူက နောက်ဆုံးအကြိမ် ပြန်လည်စစ်ဆေး ကြည့်ရှုလိုက်ပြီးနောက် အောက်ဆီဂျင်ဘူးကို ဖွင့်လိုက်ပြီး ရေလယ်ခေါင်သို့ ခြေထောက်နှင့်ယက်၍ ကူးခတ်သွားတော့သည်။ ခဏကြာသောအခါ ဂရီးဂိုရီ့စ်သည် ရေနက်ပိုင်းသို့ ရောက်ရှိသွားပြီး စတင်ကူးခပ်လေ၏။ သူသည် သူသွားရောက်ရန် ရည်မှန်းထားသည့် ခပ်ရှည်ရှည် ခပ်နိမ့်နိမ့်နှင့် မြစ်ထဲသို့ ထိုးထွက်နေသော ရေစုပ်စက်ထားရှိသည့် အဆောက်အအုံကို ကြိုတင်ကြည့်ရှုထားပြီးလည်း ဖြစ်သည်။

အဆိုပါ အဆောက်အအုံတွင် အထပ်နှစ်ထပ်ရှိကြောင်း ဂရီးဂိုရီ့စ် သိနှင့်ပြီးဖြစ်သည်။ ရေမျက်နှာပြင်ပေါ်တွင်ရှိသော ပထမအထပ်တွင် ရေစုပ်စက်များအား မောင်းနှင်သော လျှပ်စစ်မော်တာများ ထားရှိပြီး ရေအောက်တွင်ရှိသော နောက်တစ်ထပ်တွင်မူ ရေစုပ်စက်များ ရှိနေကြသည်။

မကြာမီ သူသည် ကွန်ကရစ်နံရံကြီးတစ်ခုနှင့် ရင်ဆိုင်လိုက်ရလေ၏။ ရေစုပ်စက်များအား ထားရှိရာ အဆောက်အအုံသို့ သူ ရောက်ရှိခဲ့လေပြီ။ ဂရီးဂိုရီ့စ်သည် ကွန်ကရစ်နံရံကို လက်ဖြင့်စမ်းသပ်ရင်း ရေစုပ်စက်များက ရေကိုစုပ်ယူနေသည့် လမ်းကြောင်းအတိုင်း အလိုက်သင့် လိုက်လာခဲ့ရာ ကာရံထားသော သံဇကာတစ်ချပ်နှင့် ရင်ဆိုင်တွေ့ရတော့သည်။ ထိုသံဇကာကို ကာရံထားခြင်းမှာ ကြီးမားသော ပစ္စည်းကြီးများသည် အဆောက်အအုံ အတွင်းဘက်ဆီသို့ ရေစီးကြောင်းနှင့် မျောပါလာပြီး၊ ရေစုပ်စက်များအား ထိခိုက်ပျက်စီးမှုမဖြစ်စေရန် ကာကွယ်ထားခြင်း ဖြစ်သည်။ ထိုပစ္စည်းမှာ အချင်းဆယ်ပေခန့်ရှိသော အလျားလိုက် ကန့်လန့်ချထားသည့် သံဇကာပိုက်လုံးကြီးတစ်လုံးဖြစ်ပြီး သန့်ရှင်းရေးအတွက် ရံဖန်ရံခါဆိုသလို အဆိုပါပိုက်လုံးကြီးအား လည်ပတ်စေ၍ရ

အောင် စီစဉ်ထားသည်။ အဆောက်အအုံ၏ အတွင်းဘက်သို့ရောက်အောင် သံဇကာကို ဖြတ်တောက်၍ ဝင်ရလိမ့်မည်ဖြစ်ကြောင်း ဂရီးဂိုရီ့စ် သိနှင့်ထားသည်။

ထို့ကြောင့် သံဇကာအား သံကြိုးဖြတ်သော ပလိုင်ယာနှင့် ဖြတ်တောက်ပစ်လိုက်ရာ၊ မကြာမီ အဆိုပါ သံဇကာပိုက်လုံးကြီး၏ အပြင်မျက်နှာစာတွင် လူတစ်ယောက်ဝင်သာသော အပေါက်တစ်ပေါက် ဖြစ်ပေါ်လာသည်။ ဂရီးဂိုရီ့စ်သည် ထိုအပေါက်မှ ပိုက်လုံးအတွင်းဘက်သို့ သငါဝိရီယကြီးစွာထား၍ ဝင်လိုက်၏။ ထို့နောက် ပိုက်လုံး၏ ကျန်တစ်ဘက်မှ သံဇကာကိုလည်း ဖြတ်တောက်တော့သည်။ မကြာမီ ထိုသံဇကာကို ထပ်မံဖြတ်တောက်၍ ပြီးစီးသွားလေရာ ဂရီးဂိုရီ့စ်သည် ထိုအပေါက်မှ ထွက်လိုက်၏။

ရေစုပ်စက် အဆောက်အအုံ ကြမ်းပြင်ရှိ အပေါက်များမှ အောက်ဘက်သို့ စိမ့်ယိုဖြာဆင်းလာသော အလင်းရောင်ကြောင့် သူ့ရှေ့တည့်တည့်၌ ရှိနေသော ပထမရေစုပ်စက်ကြီး၏ ကိုယ်ထည်ကြီးကိုပင် မြင်နေရသည်။

ဂရီးဂိုရီ့စ်သည် ရေစုပ်စက်၏ဆွဲအားကို မကြောက်ပါ။ ဇာအုပ်စာတန်းများမှ တစ်ဆင့် လေ့လာသိရှိချက်များအရ ရေနက်ပိုင်းသို့ရောက်အောင် ဆင်းသွားသည့်အခါကျမှသာ ရေ၏စုပ်ဆွဲအားကို ခံယူရမည်ဖြစ်သည်။ ဂရီးဂိုရီ့စ်အနေနှင့် ရေနက်ပိုင်းသို့ ဆင်းသက်ရန် ရည်ရွယ်ချက်မရှိပါ။

ဂရီးဂိုရီ့စ်သည် ပထမဗုံးကို ထားရှိရမည့်နေရာအား စကင်ရှာဖွေနေသည်။ ရေစုပ်စက်အဖုံးပေါ်၌ ဗုံးတင်ထားနိုင်မည့် ညီညာပြန့်ပြူးသော နေရာတစ်နေရာကို တွေ့ရှိလိုက်ရချိန်မှာပင် သူ့နောက်ဘက်မှ လှုပ်လှုပ်ရှားရှားဖြစ်လာသည်ကို သတိထားမိသောကြောင့် ပြန်လှည့်ကြည့်လိုက်မိ၏။ သူ ဝင်ရောက်လာစဉ်က ငြိမ်သက်နေခဲ့သော သံဇကာပိုက်လုံးကြီးသည် ယခုအချိန်တွင် လည်ပတ်နေလေပြီ။

[illegible]

လာမစ်ရှင် မာတ်အားပေးစက်ရုံတွင်ရှိသော စက်ရုံကြီးကြပ်ရေးမှူး ဘော့အော့ထရန်ဒါသည် ဉာဏ်ထက်မြက်သူဖြစ်သလို ရဲရဲတင်းတင်း လုပ်ရဲကိုင်ရဲသူ လူငယ်အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ ဗုံးဖောက်ခွဲခံရမှုကြောင့် ဘစ်လီ ပျက်ဆီးနေ့ရစဉ်က ငေါလ်တာ တောဘော့နှင့်အတူ သေဆုံးခဲ့ရသော စက်ရုံကြီးကြပ်ရေးမှူး ဒါနိုင်လီ၏လက်အောက်တွင် လက်ထောက်ကြီးကြပ်ရေးမှူးအနေနှင့် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ အော့ထရန်ဒါသည် အကြမ်းဖက်သမားမှန်သမျှအား အကြီးအကျယ် ဒေါပွနေသူဖြစ်သလို လွတ်လပ်ရေး၏ မိတ်ဆွေများဟု ဇာတ်မတရား မှည့်ခေါ်ထားသည့် အကြမ်းဖက်သမားများအား ပို၍ပင် မုန်းတီးသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အင်္ဂါနေ့ညနေ ခပ်စောစောပိုင်းတွင် လွှတ်လပ်ရေး၏ မိတ်ဆွေများ အုပ်စု၏ခေါင်းဆောင် ဂရီးဂိုစ်အဲချန်ဘော့ဆိုသူသည် ကိုလံဒင်းစတိတ်ပိုင် ပစ္စည်းပစ္စယ များအား အသစ်တဖန် ထိပါးနှောင့်ယှက်နိုင်ဖွယ်ရာ ရှိသည်ဆိုသော သတင်းသည် တယ်လီပရင်တာမှတစ်ဆင့် ရောက်ရှိလာသောအခါ အော့ထရန်ဒါသည် ၎င်းကိုယ်တိုင် နှင့် ၎င်း၏တပည့်များအား စက်ရုံလုံခြုံမှုရှိစေရေးအတွက် အထူးဂရုစိုက်၍ စောင့်ကြပ် ကြည့်ရှုကြရန် တပ်လှန့်နှိုးဆော်ထားလိုက်လေသည်။

၎င်း၏ညွှန်ကြားချက်အရ စက်ရုံဝင်းအတွင်းသို့ မသက်ဆိုင်သူများ ဝင်ရောက် နေခြင်းရှိမရှိ လာမစ်ရှင် ဓာတ်အားပေးစက်ရုံဝင်း တစ်ခုလုံးကို ချက်ချင်းရှာဖွေခဲ့ပြီး ဖြစ်သည်။ တဖန် ခြံစည်းရိုးတစ်လျှောက်တွင်လည်း ဆက်တိုက် ကင်းလှည့်စောင့်ကြပ်မှု များ ပြုလုပ်သည်သာမက ပင်မဂိတ်မှ လုံခြုံရေး အစောင့်အကြပ်များတိုလည်း စက်ရုံ ဝန်ထမ်းမှလွဲလျှင် မည်သူ့ကိုမှ ဝင်ခွင့်မပြုရန် မှာကြားထားပြီးဖြစ်သည်။

ဘော့အော့ထရန်ဒါသည် ဒေသဆိုင်ရာ ရဲမှူးကြီးထံသို့လည်း တယ်လီဖုန်း ဆက်၍ သတင်းပို့လိုက်သည်ဖြစ်ရာ စက်ရုံအနီးအနားတစ်ဝိုက်ရှိ လမ်းများပေါ်တွင် အာချန်ဘော့၏ ဗော့စ်ဝက်ဂွန် ပေါင်မုန့်တားကို လိုက်လံရှာဖွေရန် ရဲကားနှစ်စီး စေလွှတ် ပေးထားပြီးဖြစ်သည်။ အော့ထရန်ဒါက ရဲမှူးကြီးထံ တယ်လီဖုန်းနှင့် ဆက်သွယ်လိုက် ပြီးနောက် မိနစ်(၃၀)မကြာမီ ညနေ (၂၃၅) မိနစ်တွင် လူမရှိတော့သော ဗော့စ်ဝက်ဂွန် ကားကို စက်ရုံနှင့် မိုင်ဝက်ခန့်အကွာ 'တိုရှတ်' မြစ်ကမ်းနဖူး၌ ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ရဲမှူးကြီးက ပြန်လည်သတင်းပို့သည်။ အာချန်ဘော့အား လိုက်လံရှာဖွေမှုကြီး စတင်ခဲ့ လေပြီ။

အော့ထရန်ဒါသည် လှည့်ကင်းများအား မြစ်ကမ်းနဖူးထိပ်တွင်ရှိသော စက်ရုံ ဝင်းဆီသို့ ချက်ချင်းစေလွှတ်လိုက်၏။ နောက်ထပ် ဆယ်မိနစ်ခန့် ကြာသောအခါ ရဲမှူး ကြီးက တယ်လီဖုန်းနှင့် ထပ်ဆက်ပြန်သည်။ လူမရှိတော့သော ရာဘာလှေတစ်စီးကို စက်ရုံနှင့် မလှမ်းမကမ်းရှိ ရေလယ်ကျောက်ဆောင် အငူစွန်းတွင် ရှာဖွေတွေ့ရှိရသည်ဟု ဆိုသည်။

"ပုံစံကိုကြည့်ရတာတော့ ဒီငတိက ခြံစည်းရိုးကတစ်ဆင့်ဝင်ဖို့ ကမ်းပေါ် တက် သွားပုံရတယ်၊ ကျုပ်ဆီမှာ ရှိရှိသမျှလူအားလုံး ခင်ဗျားဆီ လာနေကြပြီ၊ စိတ်မပူပါနဲ့ဗျာ၊ ဒီငတိကို ချောင်ထဲမှာ ပိတ်မိထားပါပြီ"

အော့ထရန်ဒါသည် စကားပြောခွက်အား ပြန်တင်လိုက်စဉ် အာချန်ဘော့ သည် အဘယ်ကြောင့် နေ့လယ်ကြောင်တောင်ကြီးတွင် ခြံစည်းရိုးမှတစ်ဆင့် အတွင်းသို့ ဝင်ရန် ကြိုးစားရလေသနည်းဟု တွေးနေမိ၏။ အဓိပ္ပာယ်ကတော့ သိပ်မရှိလှချေ။ ချက်ချင်းဆိုသလို အော့ထရန်ဒါတစ်ယောက် နှုတ်မှအသံထွက်သွားအောင် အော်လိုက်



မိ၏။

"ရေငုပ်ဝတ်စုံနဲ့ပဲ ဖြစ်ရမှာပေါ့၊ ဒါကြောင့် ရာဘာလှေနဲ့လာတာ ဖြစ်ရမယ်၊ တို့ဆီကို ဒီခွေးမသား ရေအောက်ကလာနေပြီ"

အော့ထရန်ဒါသည် ရုံးခန်းထဲမှ အပြေးအလွှား ထွက်ခဲ့သည်။

လက်ထောက်ကြီးကြပ်ရေးမှူးဖြစ်သူသည် မြစ်ကမ်းနဖူးဘက်တွင် ကင်းလှည့် နေသူများနှင့်အတူ ရှိနေသည်။ ကမန်းကတန်း ရောက်ရှိလာသော အော့ထရန်ဒါသည် လက်ထောက်ကြီးကြပ်ရေးမှူးအား မေးလိုက်၏။

"မင်း ဘာတွေမြင်ရသလဲ"

"ဘာမှ မတွေ့ရဘူး"

"လာ၊ ငါနဲ့လိုက်ခဲ့"

သူတို့နှစ်ယောက်သည် ရေစုပ်စက်တားရှိရာ အဆောက်အအုံဆီသို့ အပြေး အလွှား သွားနေကြစဉ်၊ ရေအောက်မှ လာရောက်တိုက်ခိုက်ဖွယ် ရှိသည်ဆိုသော ၎င်း၏ အယူအဆကို အော့ထရန်ဒါက ရှင်းပြနေသည်။ ရေစုပ်စက် အဆောက်အအုံရှေ့ပိုင်း တံစက်မြိတ်သို့ ရောက်သောအခါ စကြံလမ်းထဲသို့ လှမ်းဝင်လိုက်၏။ သူက (လက်ရမ်း တွင်) မှီလိုက်ပြီး အောက်ဘက်ရှိကြည်လင်သောရေထဲသို့ ငုံ့ကြည့်လိုက်သည်။ သံဇကာ နှင့် ပြုလုပ်ထားသော ပိုက်လုံးကြီးကို ရေမျက်နှာပြင်၏ အောက်ဘက် ပေအနည်းငယ် ခန့် အကွာတွင် မြင်နေရ၏။ အော့ထရန်ဒါက သူ့လက်ထောက်ကို ညွှန်ကြားလိုက်သည်။

"မင်းက အထဲဝင်ပြီး ပိုက်လုံးကို ခပ်ဖြည်းဖြည်းလည်အောင် လှည့်ပေးစမ်း"

သံဇကာပိုက်လုံးကြီးအား ထိုကဲ့သို့လှည့်နိုင်ရန် ဓာတ်အားသုံး စက်ကိရိယာ တပ်ဆင်ထားသည်။

ခဏအကြာတွင် သံဇကာပိုက်လုံးကြီးသည် အနည်းငယ် လည်ပတ်စပြု သည်။ ချက်ချင်းဆိုသလိုပင် ပထမအပေါက်ကြီးအား အော့ထရန်ဒါက စတင်တွေ့မြင် လိုက်၏။ ဒုတိယအပေါက်ကြီးအား ထပ်မံတွေ့လိုက်ရသောအခါ ၎င်း၏ကြောက်စိတ် ကို ရာနှုန်းပြည့် အတည်ပြုပြီးသား ဖြစ်သွားသည်။ အော့ထရန်ဒါသည် အဆောက် အအုံထဲသို့ ပြေးဝင်သွားရင်း တအားအော်ဟစ်လိုက်၏။

"ဒီကောင် အထဲရောက်နေပြီ၊ အဲဒီ သံဇကာပိုက်လုံးကို ဆက်လှည့်ထားပေး တော့"

ဖြစ်နိုင်သမျှသော အနေအထားမှန်သမျှကို သုံးသပ်နေစဉ် အော့ထရန်ဒါ၏ ဦးနှောက်မှာ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ရှိနေသည်။ အာချန်ဘော့သည် ဗုံးများကို သယ်ဆောင်လာပြီး (ရေနက်ပိုင်း၌) ကူးခတ်နေမည်မှာ သေချာသည်။ လုပ်ကြံ ရန်ဖြစ်နိုင်သည့် ပစ်မှတ်နှစ်နေရာ ရှိသည်။ ပထမပစ်မှတ်မှာ ရေစုပ်စက်များပင် ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပစ်မှတ်မှာ စက်ရုံအတွင်းပိုင်း၌ရှိသော ကွန်ဒင်ဆာများပင်တည်း။ ရေစုပ်စက်များတို့ ဖောက်ခွဲပစ်ခြင်းအားဖြင့် လာမစ်ရှင် ဓာတ်အားပေးစက်ရုံရှိ ဂျင်နရေတာများအား လပေါင်းများစွာကြာအောင် ရပ်တန့်ထားရမည်ဖြစ်သည်။ သို့ရာတွင် ကွန်ဒင်ဆာထဲသို့ ဗုံးတစ်လုံး ရောက်ရှိသွားပါက ပို၍ပင် ဆိုးရွားပေတော့မည်။ အဆိုပါ ကွန်ဒင်ဆာများအား ပြန်လည်တည်ဆောက်ရန် တစ်နှစ်ခန့်ပင် ကြာမြင့်သွားနိုင်သည်။

အော့ထရန်ဒါသည် အင်ဂျင်နီယာကျောင်းတွင် ရှိစဉ်အချိန်ကစ၍ ဒိုင်းနမိုက်များအကြောင်း လေ့လာခဲ့သူဖြစ်ပြီး ယခုထက်တိုင် ဆက်လက်လေ့လာနေသူဖြစ်၍ ကျွမ်းကျွမ်းကျင်ကျင် နားလည်သူတစ်ဦး ဖြစ်သည်။

ပေါင်မုန့်တစ်လုံးထက်ပင် ပိုမကြီးသော ငါးပေါင်ခန့်လေးလံသည့် ဒိုင်းနမိုက်တစ်လုံးသည် ရေစုပ်စက်များကိုကျော်ဖြတ်၍ ကွန်ဒင်ဆာများထံသို့ ရောက်ရှိသွားနိုင်သည်။ အာချန်ဘော့အနေနှင့် စနက်တံကို အသက်သွင်းပေးလိုက်ပြီးနောက် ရေထဲသို့ ပစ်ချလိုက်ရုံသာ ရှိသည်။ ထိုဒိုင်းနမိုက်ဗုံးသည် သူ့အလိုလို ကွန်ဒင်ဆာဆီသို့ ရောက်ရှိသွားမည်သာတည်း။

ကွန်ဒင်ဆာများကို ကာကွယ်ရတော့မည်။ ထိုကဲ့သို့ ကာကွယ်နိုင်ရန် ဂျင်နရေတာအားလုံးကို ရပ်တန့်ပစ်လိုက်ရမည်။ အော့ထရန်ဒါသည် ရေစုပ်စက်အဆောက်အအုံတွင် ရှိနေသော နံရံကပ်တယ်လီဖုန်းဆီသို့သွား၍ 'ပင်မထိန်းချုပ်မှုခန်း' သို့ ဆက်သွယ်ရန် နံပါတ် (၁၁) ကိုလှည့်လိုက်၏။

တစ်ဘက်တွင် ခေါင်းလောင်းမြည်သံကို ကြားနေရပြီး စကားပြောခွက်အား ကောက်ကိုင်လိုက်သံ ကြားလိုက်ရသည်။

"ချိဖ်အော်ပရေတာပါ"

"အခုပြောနေတာ အော့ထရန်ဒါ၊ ခင်ဗျားအနေနဲ့ ရေလည်ပတ်မှုမရှိအောင် ယူနစ်အားလုံးက ခလုတ်အားလုံးကို ပိတ်ပေးပါ"

အော်ပရေတာက ပြန်ကန့်ကွက်လိုက်၏။

"အဲဒီလိုမလုပ်ခင် ရုံးချုပ်က စွမ်းအင်တွပ်ကဲမှုရုံးခန်းကို လှမ်းအကြောင်းကြားသင့်တယ်"

"ခိုးမှုပဲ၊ ကျုပ်ကို လာပြီးဆင်ခြေတက်မနေနဲ့"

ဗုံးပေါက်ကွဲမှုကြောင့် ရေစုပ်စက် အဆောက်အအုံကြီး တစ်ခုလုံးသော်လည်းကောင်း၊ ကွန်ဒင်ဆာများသော်လည်းကောင်း အချိန်မရွေး ပေါက်ကွဲသွားနိုင်ကြောင်း သိထားသော အော့ထရန်ဒါက အော်ပစ်လိုက်၏။

"အဲဒီခလုတ်တွေကို ခုချက်ချင်းပိတ်၊ ခုချက်ချင်းပိတ်ပစ်"

◻



သံဇကာဖြင့်ပြုလုပ်ထားသော ပိုက်လုံးကြီး ဆက်လက်လည်ပတ်နေစဉ် ၎င်းအတွက် ပြေးပေါက်ပိတ်သွားပြီဖြစ်ကြောင်း ဂရီးဂိုစ် နားလည်သဘောပေါက်သွားသည်။ ဂရီးဂိုစ်သည် ထိုဓာတ်အားပေးစက်ရုံထဲမှ ပြန်လည်လွတ်မြောက်လာနိုင်လိမ့်မည်ဟု မျှော်လင့်ထားခြင်းမရှိသော်လည်း ယခုလို ချောင်ပိတ်မိသည့် နည်းလမ်းမျိုးဖြင့် သူမသေလို။ ပို၍ပို၍ အထိတ်တလန့်ဖြစ်လာသော ဂရီးဂိုစ်က သံဇကာပိုက်လုံးကြီးသည် တစ်ချိန်ချိန်တွင် ရပ်တန့်သွားနိုင်စရာရှိသည်ဟု တွေးလိုက်မိ၏။ ထိုကဲ့သို့ ရပ်တန့်သွားပါက သူ့အနေနှင့် အပေါက်နှစ်ပေါက် ထပ်ဖောက်နိုင်မည် ဖြစ်သည်။ သူက ပြန်ကြည့်ရန် နောက်ဘက်သို့ ကမန်းကတန်း လှည့်ကြည့်လိုက်မိ၏။

ကိုယ်ကို နောက်ဘက်သို့ မြန်းကနဲ လှည့်လိုက်သောကြောင့် ၎င်း၏လက်ကောက်ဝတ်တွင် ကြိုးတစ်ချောင်းနှင့်တွဲ၍ ချည်နှောင်ထားသော အဝါရောင် သံကြိုးဖြတ် ပလိုင်ယာသည် လွတ်ထွက်ပြီး အောက်ဘက်သို့ ကျသွားလေတော့သည်။ အသံစိတ်၏ စေ့ဆော်မှုကြောင့် ပလိုင်ယာနောက်သို့ လိုက်ကောက်ရန် ဂရီးဂိုစ်သည် ရေကိုဖနောင့်နှင့် နောက်ဘက်သို့ ယက်ထုတ်ပြီး ဒိုင်ဗင်ထိုးချလိုက်၏။ သူက လက်ကို ရှေ့သို့ဆန့်တန်း၍ ပလိုင်ယာကို လှမ်းဆွဲလိုက်သည်။ တိုင်လိုက်မိတော့မလိုလို ဖြစ်သွားသည်၊

ထို့နောက် ဂရီးဂိုစ်သည် ရေတိုးမှုအင်အားကို ရုတ်တရက် ခံစားလိုက်ရပြီးနောက် ရေနက်ပိုင်းသို့ရောက်အောင် ဆင်းမိသဖြင့် သူသည် ရေစုပ်စက်အတွင်းသို့ စုပ်ယူနေမှုကို ခံစားနေရပြီဖြစ်ကြောင်း သတိပြုလိုက်မိသည်။ ဤတွင် ၎င်း၏ပါးစပ်ပေါ်မှ လေရှူပိုက်ကို ဖြုတ်ချလိုက်မိပြီးနောက် အထိတ်တလန့် အော်ဟစ်မိလေ၏၊ အလျားခုနှစ်ပေရှိသော ရေစုပ်စက်မှ ရေယက်ပန်ကာ အသွားကြီးများသည် ဂရီးဂိုစ်၏ ခန္ဓာကိုယ်ကြီးအား ဆွဲငင်စုပ်ယူပြီးနောက် အစိတ်စိတ်အမွှာမွှာဖြစ်အောင် နုပ်နုပ်စဉ်းပစ်လိုက်ကြလေသည်။ စနက်တံနှင့် တကွဲတပြားစီ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားကြသော ဒိုင်းနမိုက်ဗုံးများသည်လည်း အသုံးမဝင်တော့ဘဲ ရေအောက်သို့ တစ်စစီတစ်ပိုင်းစီ ကြွေကျသွားကြသည်။ စက္ကန့်ပိုင်းခန့် ကြာသောအခါ ရေစုပ်စက်အားလုံးသည် တဖြည်းဖြည်းနှင့် နှေးလာပြီး ရပ်တန့်သွားကြလေ၏။

◻

၎င်း၏ဆုံးဖြတ်ချက်သည် မှန်ကန်ကြောင်း အော့ထရန်ဒါအနေနှင့် ယုံမှားသံသယ မဖြစ်ပါ။ ကွန်ဒင်ဆာများအား မထိခိုက်အောင် ရုတ်တရက် ဆောင်ရွက်လိုက်ရသောကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ပျက်စီးမှုမှာ မပြောပ‚လောက်ပါ။ သူသည် ပျက်စီးထိခိုက်မှုအခြေအနေကို ချက်ချင်းမင် လိုက်လံစစ်ဆေးသည်။ ထိခိုက်ပျက်စီး

www.burmeseclassic.com



များအား မတွေ့ရသလို ယမ်းဘီလူးပုံများ၏ အရိပ်အရောင်ကိုလည်း မတွေ့ရပါ။ သိပ်တောင်းသည်။

ထို့ပြင် ရေစုပ်စက် အဆောက်အအုံ၌ ယခုအချိန်အထိ ထူးထူးခြားခြား ဘာတစ်ခုမှ ဖြစ်မလာသေးပါ။ အော့ထရန်ဒါသည် အောက်ဘက်အထပ်ဆီသို့ ဆင်းသွားတော့မည့်ဆဲဆဲတွင် ရေစုပ်စက်အတွင်းမှ ရေပေါ်သို့ပေါ်တက်လာပြီး ကွန်ဒင်ဆာတစ်ခုပေါ်တွင် လာစုနေကြသည့် အပျက်အစီး အစအနများ၊ အစိတ်အပိုင်းများကို သူသတိပြုလိုက်မိ၏။ သူက ထိုပစ္စည်းများထဲမှ တစ်ခုကို ကောက်ကိုင်ရန် လှမ်းလိုက်ပြီးနောက် (မကိုင်ဖြစ်ဘဲ) တုံ့ကနဲ ရပ်တန့်သွားသည်။ ထိုပစ္စည်းမှာ ထူးထူးဆန်းဆန်း အညှိအမည်းစွဲနေသော လူတစ်ယောက်၏ လက်တစ်ဘက်ပင်တည်း။

□ □ □

## အခန်း (၂၅)

မြတ်စွာဘုရား၊ အချိန်ကုန်ဆုံးသွားသည်မှာ မြန်ဆန်လွန်းလှသည်။ ညနေနှစ်နာရီပင် ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ကာရင်သည် ထိတ်လန့်တကြား သတိပြုလိုက်မိ၏။

ရက်ဝုဒ်ဂရိုဗ်ဆေးရုံသို့ သွားပါမည်ဟု နင်းမ်အား ကတိပေးလိုက်သည့် အချိန်မှစ၍ နာရီပေါင်းများစွာ ကြာမြင့်ခဲ့လေပြီ။ ၎င်းတို့နေအိမ်မှ နှစ်ပြသာဝေးသော တုန်ပဒေသာဆိုင်ကြီးတွင် ဈေးဝင်ဝယ်ရာ၌ မူလကထင်ထားသည်ထက် ပိုမိုကြာမြင့်သွားခဲ့ရသည်၊ ထို့နောက် အိမ်ခန်းသို့ ပြန်လည်ရောက်ရှိသည့် အခါတွင်လည်း နေ့လယ်စာစားကြပြန်သည်။

ယခု နေ့လယ်စာစားပြီးကြသောအခါ ဂျိုစီက ပြောလိုက်၏။

"ကိုယ် အောက်ဆင်းပြီး ဟမ်ပါဒင့်ကို အဆင်သင့် ရွှေ့ထားလိုက်မယ်၊ အခုကိုယ် မင်းကိုခေါ်ထားခဲ့ပြီး အောက်ဆင်းသွားရင် ဖြစ်မယ်မှတ်လား"

"ဖြစ်ပါတယ်၊ ရှင်သွားနေတုန်း ကျွန်မ တယ်လီဖုန်းဆက်ချင်တယ်၊ ခေါင်းစွပ်တယ်လီဖုန်းကို တပ်ပေးခဲ့ပါ"

ဂျိုစီသည် ကာရင်ခိုင်းသည့်အတိုင်း လုပ်ပေးခဲ့ပြီးနောက် ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါ ကာရင်သည် တယ်လီဖုန်း မိုက်ကရိုခလုတ်ကို ခေါင်းနှင့် ထိ၍ ဖွင့်လိုက်၏။ ကာရင်သည် တယ်လီဖုန်းခေါင်းလောင်း မြည်သံကိုပါ နားထောင်ခွက်မှတစ်ဆင့် ကြားလိုက်ရပြီးနောက် အသံတစ်သံကိုပါ ကြားလိုက်ရ၏။

"အော်ပရေတာပါ၊ ရှင့်ကို ကျွန်မ ဘယ်လိုကူညီရမလဲ"

"ကျွန်မထယ်လီဖုန်းက ဒိုင်ခွက်နဲ့လှည့်လို့ရတဲ့ တယ်လီဖုန်းပါ။ ကျွန်မကိုယ်စား ဒိုင်ခွက်ကို လှည့်ပေးစမ်းပါရှင်"

ကာရင်သည် ပထမဦးစွာ ၎င်း၏အိမ်ခန်းမှ တယ်လီဖုန်းနံပါတ်ကို ပြောပြလိုက်ပြီးနောက် သူ့ခေါ် လိုသော သူ့မိဘအိမ်မှ တယ်လီဖုန်းနံပါတ်ကို ပြောပြလိုက်၏။ ဒိုင်ခွက်အားလှည့်သံ ဆက်တိုက်ပေါ် ထွက်လာပြီးနောက် တစ်ဘက်အိမ်မှ တယ်လီဖုန်းတွင် ခေါင်းလောင်းမြည်သံ စတင်မြည်လေတော့သည်။ ကာရင့်အဖို့ တဖုံတသြ ဖြစ်ယူရလောက်အောင် (စကားပြောခွက်အား ကောက်ကိုင်၍) ထူးမည့်သူ မရှိပါချေ။ နံနက်ခင်းစောစောပိုင်းက ကာရင်သည် ၎င်း၏မိခင်နှင့် စကားပြောခဲ့ရသေးသည်။ ကာရင်၏မိခင်မှာ နေထိုင်မကောင်းသောကြောင့် အလုပ်ခွင်သို့ ယနေ့သွားရောက်လိမ့်မည် မဟုတ်ဟု သူသိထားခဲ့ရသည်။

ကာရင်သည် ဦးခေါင်းနှင့် မိုက်ကရိုခလုတ်ကို ထိလိုက်သောကြောင့် ပထမ ဆက်သွယ်ထားသည့်နံပါတ်နှင့် အဆက်အသွယ် ပြတ်သွားသည်။ ထို့နောက် စင်သီယာ၏နေအိမ်သို့ ဆက်ခိုင်းလိုက်ပြန်၏။ ယခုတစ်ကြိမ်တွင်လည်း ထူးမည့်သူမရှိပါချေ။

ကာရင်၏စိတ်ထဲတွင် သရိုးသရီ ဖြစ်လာသည်။ ကာရင်သည် အဖော်နှင့် တင်း၍ နေခဲ့လှသည့်အပြင်၊ အဖော်မရှိသည့် အချိန်တွင်လည်း တစ်ယောက်ယောက်ထံ တယ်လီဖုန်းဆက်နေရမှ ကျေနပ်သူဖြစ်သည်။

ယခုမူ ဂျူစီအား အောက်သို့ မစေလွှတ်လိုက်သင့်ဟုပင် စိတ်ထဲက ထင်လာမိ၏။

ချက်ချင်းဆိုသလိုပင် အိမ်ခန်းတွင်းမှ မီးလုံးများ ငြိမ်းကုန်ကြသည်။ ပြတင်းပေါက်တွင် တပ်ဆင်ထားသော လေအေးစက်သည်လည်း ရပ်တန့်သွားသည်။ တစ်ဖန်အသက်ရှူစက်သည် လျှပ်စစ်ဓာတ်အားနှင့် တိုက်ရိုက်ဆက်သွယ်ထားရာမှ ဘက်ထရီသို့ ပြန်လည်ကူးပြောင်း၍ ဆက်သွယ်ရသဖြင့် စည်းဝါးမကိုက်မှုကလေး အနည်းငယ် ဖြစ်သွားသည်ကိုပါ သိလိုက်ရသည်။

ဤတွင် သူရော ဂျူစီပါ မျက်စိလျှမ်းပြီး သတိမထားခဲ့မိကြသည့် ကိစ္စတစ်ခုကို ဆတ်ကနဲဆိုသလို ကာရင် သတိရလိုက်မိ၏။ သူတို့အိမ်ခန်းသို့ ပြန်ရောက်ရောက်ချင်း ဈေးဝယ်ထွက်ရာတွင် ဆက်တိုက်သုံးခဲ့သောကြောင့် အတော်ကလေး အားကုန်နေပြီဖြစ်သော ဘက်ထရီကိုဖြုတ်၍ အခြားဘက်ထရီတစ်လုံးဖြင့် အစားထိုးသင့်သည်။



သို့သော် ထိုကဲ့သို့ လုပ်ရမည့်အစား ဂျူစီသည် ဘီးတပ်ကုလားထိုင်အား ပလပ်ပေါက်နှင့် ဆက်သွယ်ပေးခဲ့ပြီးနောက် ကုလားထိုင်ပေါ် မှ ဘက်ထရီကိုလည်း အားထပ်ဖြည့်ရန် ပလပ်ပေါက်နှင့် ဆက်ပေးခဲ့သည်။ သို့ရာတွင် ယနေ့နံနက်ကစ၍ သုံးစွဲခဲ့သော ဓာတ်အားပမာဏအားလုံး ဘက်ထရီထဲသို့ ပြန်လည်ရောက်ရှိ၍ အားပြည့်လာစေရန် အနည်းဆုံး ခြောက်နာရီခန့် အားသွင်းပေးဖို့ လိုလိမ့်မည်။ ယခု တစ်နာရီပင် မပြည့်တတ်သေးသည့်အပြင်၊ ပြင်ပမှ လျှပ်စစ်အားကလည်း ပြတ်တောက်သွားပြီ ဖြစ်သောကြောင့် ဘက်ထရီထဲသို့ ထပ်မံအားသွင်းသည့် လုပ်ငန်းမှာလည်း ရပ်တန့်နေမည်သာတည်း။

ဆေးရုံသို့မသွားမီ လဲလှယ်တပ်ဆင်သွားရန် အသင့်ထားရှိသော အားအပြည့်သွင်းထားသည့် ဘက်ထရီတစ်လုံးသည် ကုလားထိုင်၏ညာဘက်တွင် ရှိနေသည်ကို ကာရင်က လှမ်းမြင်နေရသည်။ သို့သော် ကာရင်အနေနှင့် ဘယ်လိုနည်းနှင့်မျှ ဆက်နိုင်စွမ်းရှိမည် မဟုတ်ပါ။

မိနစ်ပိုင်းအတွင်း လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိပါစေသားဟု ဆုတောင်းမိသည်။ ၎င်းအပြင် ဂျူစီတစ်ယောက် ခပ်မြန်မြန် ပြန်လာပါစေဟု သခင်ကထက်ပို၍ တောင့်တနေမိသည်။

ထို့ကြောင့် **ကာရင်သည် နင်းမ်ထံ တယ်**လီဖုန်းဆက်ရန် ကြိုးပမ်းသည်။ သို့သော် မိုက်ကရိုခလုတ်အား ခေါင်းနှင့်ထိလိုက်သည့်အခါ (အော်ပရေတာ၏ အသံအစား) ကြိုတင်၍ အသံသွင်းထားသော ဖြေကြားချက်ကိုသာ ကြားလိုက်ရသည်။

"လိုင်းအားလုံး မအားပါဘူးရှင်၊ တယ်လီဖုန်း စကားပြောခွက်ကို ပြန်တင်ပြီးနောက်မှပြန်ဆက်ပါ"

ကာရင်က အဆက်အသွယ် ဖြတ်လိုက်ပြီး နောက်တစ်ကြိမ် ကြိုးစားပြန်၏။

"လိုင်းအားလုံး မအား . . ."

နောက်တစ်ကြိမ် ထပ်ကြိုးပမ်းပြန်၏။ အဖြေကတော့ အတူတူပင်တည်း။

ကာရင် ကြိုသိထားသည့် အချက်တစ်ချက်မှာ မီးပြတ်တောက်သွားသည့် အချိန်အခါမျိုးတွင် သာမန်အချိန်မျိုးထက် တယ်လီဖုန်းကို ပိုမို၍ အသုံးပြုကြသည် ဆိုခြင်းပင်။ ထို့ကြောင့် တယ်လီဖုန်းစနစ်တ-လက်ခံဆောင်ရွက်ပေးနိုင်သည်ထက် မတန်တဆပိုနေသဖြင့် တယ်လီဖုန်းဆက်၍ မရဘဲရှိတတ်ကြသည်။ ထို့အတူပင် အချို့က အော်ပရေတာထံ ဘာဖြစ်တာလဲဟု လှမ်းလှမ်းမေးတတ်ကြသောကြောင့် အော်ပရေတာနှင့် ဆက်သွယ်ရန်ဆိုသည့် ကိစ္စမှာလည်း မလွယ်ရေးချ မလွယ်ကူပါ။

ကာရင်တစ်ယောက် အမှန်တကယ် ကြောက်စိတ်ဝင်လာခဲ့သည်။ ဂျူစီ ဘယ်ရောက်နေသလဲ၊ သူက ဘာဖြစ်လို့ ဒီလောက်တောင် ကြာနေရသလဲ။ ၎င်းအပြင် ယခုလို ထူးထူးခြားခြားဖြစ်သည့် အခါမျိုးတွင် အခြေအနေကောင်းရဲ့လားဟု အမြဲတစေ

www.burmeseclassic.com

www.burmeseclassic.com



လာ၍ကြည့်တတ်သော အဆောက်အအုံမှ ဂျီမီနီကတော့ ဘာဖြစ်လို့ မရောက်လာလေသလဲ။

□

ကာရင်အနေနှင့် သိနိုင်စွမ်းမရှိသော်လည်း စုပြုံပေါင်းစပ်၍ ဖြစ်ပေါ် လာကြသော အဖြစ်အပျက်များက ကာရင်ဆလုံးအား အကြီးအကျယ် ဒုက္ခရောက်အောင် ဝိုင်းဝန်းပို့ဆောင်ခဲ့ကြခြင်း ဖြစ်သည်။

ကာရင်နှင့်ဂျီစီ ဈေးထွက်ဝယ်နေကြချိန်ဖြစ်သော နံနက် (၁၀း၄၅) နာရီတွင် လူသာဆလုံးသည် ကယ်လီဖိုးနီးယားပြည်နယ် ရာဇဝတ်ဖြစ်မှု ဥပဒေပုဒ်မ (၆၉၃) စီအရ ငွေ ခိုးယူသုံးစွဲမှု ပြစ်မှုပေါင်း (၁၆) မှုနှင့် ဖမ်းဆီးအရေးယူခြင်း ခံလိုက်ရသည်။

ထိုအချိန်ကစ၍ စိတ်ဓာတ်ချောက်ချားပြီး အထိတ်တလန့် ဖြစ်နေသော ဟင်ရက်တာဆလုံးသည် မလုပ်တတ်မကိုင်တတ်နှင့် ခင်ပွန်းသည် အာမခံရရှိရေးအတွက် လိုက်လံဆောင်ရွက်ရသည်။ နေ့လည် (၁၂) နာရီထိုးကာနီးတွင်မှ သမီးကြီးစင်သီယာထံ တယ်လီဖုန်းဆက်၍ အကူအညီ တောင်းရတော့သည်။

ကာရင်ဆလုံးက ၄င်း၏မိခင်နှင့် အစ်မထံ တယ်လီဖုန်းဆက်ရန် ကြိုးပမ်းနေစဉ် ၄င်းတို့နှစ်ဦးကလည်း လူသာဆလုံး အာမခံရရှိရေးအတွက် ဗျာများနေရချိန်ဖြစ်သည်။

လျှပ်စစ်မီး ပြတ်တောက်သွားချိန်တွင် ၄င်းတို့သည် အကျဉ်းထောင်အတွင်းရှိ ဧည့်ခန်းထဲ၌ ရှိနေကြသည်ဖြစ်ရာ၊ လျှပ်စစ်မီးပြတ်တောက်သွားသည်ကို မသိလိုက်ကြချေ။ အကျဉ်းထောင်တွင် ဂျင်နရေတာ အရန်သင့်ရှိနေသည်။ ပထမတွင် မီးရောင်များ ခေတ္တမျှ မှိတ်တုတ်မှိတ်တုတ် ဖြစ်သွားပြီးနောက် အကျဉ်းထောင်မှ ဂျင်နရေတာသို့ ချက်ချင်းပြောင်းလဲသွားသဖြင့် ချက်ချင်းဆိုသလို မီးများပြန်လင်းလာကြသောကြောင့်ပင် ဖြစ်သည်။

လွန်ခဲ့သော မိနစ်အနည်းငယ်ကလည်း ဟင်ရက်တာဆလုံးနှင့် စင်သီယာတို့သည် ကာရင်ဆလုံးထံ တယ်လီဖုန်းဆက်ရန် သင့်မသင့် ဆွေးနွေးခဲ့ကြသေးသည်။ သို့သော် ကာရင်ဆလုံးအား စိတ်မညစ်ညူးစေလိုသောကြောင့် တယ်လီဖုန်းမဆက်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဟင်ရက်တာဆလုံး၊ စင်သီယာနှင့် လူသာဆလုံးတို့သည် နောက်ထပ်နှစ်နာရီအကြာတွင် လူသာဆလုံး အာမခံရရှိသွားသောကြောင့် အကျဉ်းထောင်ထဲမှ သုံး



ယောက်သား ပြန်ထွက်လာခဲ့ကြသည့် အချိန်အထိ ဓာတ်အားပြတ်တောက်သွားမှုကို သိကြမည် မဟုတ်ပါချေ။

အော့ထရန်ဒါ၏ အမိန့်ပေးမှုကြောင့် လာမစ်ရှင် ဓာတ်အားပေးစက်ရုံမှ ခိုဖ်အော်ပရေတာက ခလုတ်အားလုံးကို ပိတ်ပစ်လိုက်ချိန်တွင် ဓာတ်အားထုတ်လုပ်ပေးနိုင်စွမ်းရှိမှု အခြေအနေမှာ ကွက်တိလောက်သာ ရှိနေပြီး ကြိုတင်သတိမပေးဘဲ ရုတ်တရက် ချက်ချင်းဆိုသလို ကီလိုဝပ် သုံးသန်းနှင့်နှစ်သိန်း ဖြုန်းစားကြီး လျော့နည်းသွားရသည်။

ဤတွင် အခြေအနေအရပ်ရပ်ကို ချိုင့်သုံးသစ်နေသော ကွန်ပျူတာစက်တွင် ဓာတ်အားသုံးစွဲမှုကို ဓာတ်အားထုတ်လုပ်ပေးမှုက ဖြည့်ဆည်းပေးနိုင်စွမ်း မရှိကြောင်း အဖြေထွက်လာသည်နှင့် တစ်ပြိုင်နက် ဓာတ်အား အလိုအလျောက် ဖြတ်တောက်သည့် ခလုတ်များကို (ကွန်ပျူတာ) က ဖွင့်ပေးလိုက်သည်။ ထို့ကြောင့် ဂိုးလ်ဒင်းစတိတ်က မီးပေးနေသော နေရာဒေသ အများအပြားတွင် မီးပြတ်တောက်မှုများ ဖြစ်ပေါ် လာရသည်။

ကာရင်ဆလုံး၏ အိမ်ခန်းမှာလည်း မီးဖြတ်ခံရသော ရပ်ကွက်ထဲတွင် ပါဝင်နေသည်။

□

ဂျီစီနှင့် ဂျီမီနီတို့သည် ဓာတ်လှေကားထဲ၌ ပိတ်မိနေကြပြီး အေးဘီမှ လူများသိအောင် ထိတ်လန့်တကြား အော်ဟစ်၍ အကူအညီ တောင်းနေကြသည်။

ဂျီစီသည် ကာရင်ထံမှ ထွက်ခွာလာခဲ့ပြီးနောက် ဟမ်ပါဒင့်ကို တစ်ညလုံး အပ်နှံထားခဲ့သော ဓာတ်ဆီဆိုင်မှ ပြန်ယူရန် လမ်းလျှောက်သွားခဲ့သည်။ ဟမ်ပါဒင့်ကို သွားယူခဲ့ပြီးနောက် တိုက်ခန်းတံခါးပေါက်ရှေ့၌ ရပ်ထားလိုက်သော အချိန်အထိ ဆယ်မိနစ်ခန့်ပင် မကြာမြင့်ချေ။

ဂျီစီပြန်ရောက်လာသောအခါ တိုက်အပြင်ဘက်နံရံကို ဆေးသုတ်နေသော ဂျီမီနီက လှမ်းမေးလိုက်သည်။

"ကာရင်တစ်ယောက် နေထိုင်ကောင်းရဲ့လား"

"ကောင်းပါတယ်"

ဂျီစီက ဖြေလိုက်ပြီးနောက် နောက်နေ့မှစ၍ မီးဖြတ်မည်ဟု ကြေငြာထားသောကြောင့် ဆေးရုံသို့ သွားရောက်ကြတော့မည် ဖြစ်ကြောင်း ရှင်းပြသည်။ ဤတွင် ဂျီမီနီက ဆေးပုံးနှင့် စုတ်တံကို အောက်တွင်ချလိုက်ပြီးနောက် ဝိုင်းဝန်းကူညီရန် ရှိသည်

www.burmeseclassic.com

www.burmeseclassic.com



များကို ကူညီရန်အတွက် အပေါ်ထပ်သို့ သူပါ တစ်ပါတည်း လိုက်လာခဲ့မည်ဖြစ်ကြောင်း ပြန်ပြောသည်။

ဓာတ်လှေကားထဲသို့ ရောက်ကြသောအခါ ဂျိုနီမီက ဆဋ္ဌမထပ်ဆိုသော ခလုတ်ကို နှိပ်လိုက်ပြီးနောက် အပေါ်သို့ တက်ခဲ့ကြ၏။ သူတို့သည် တတိယထပ်နှင့် စတုတ္ထထပ်အကြားသို့ အရောက်တွင် ဓာတ်လှေကား ရပ်တန့်သွားပြီး လျှပ်စစ်မီးများပါ ပြတ်တောက်သွားသည်။ ဓာတ်လှေကားထဲတွင် အရေးပေါ်သုံး ဘက်ထရီမီးအိမ်တစ်ခု ပါရှိလာသောကြောင့် ဂျိုမီနီက ထိုမီးအိမ်၏ အကူအညီဖြင့် ဓာတ်လှေကားထဲရှိ ခြင်မြင်သမျှ ခလုတ်များကို လိုက်လံ၍ နှိပ်ကြည့်တော့သည်။ သို့သော် မည်သို့မျှ ထူးခြားလာခြင်း မရှိပါ။

ဓာတ်လှေကား၏ခေါင်မိုးတွင် အံဖုံးတံခါးကလေး တစ်ချပ်ရှိသည်။ သို့သော် ဂျိုမီနီနှင့် ဂျိုစီတို့ နှစ်ယောက်စလုံးမှာ အရပ်ပုကြသည့်အပြင် တစ်ယောက်ပခုံးအပေါ် တစ်ယောက်ကတက်၍ အဆိုပါတံခါးအား ဖွင့်ရန်ကြိုးပမ်းသည့်အခါ အနည်းငယ်မျှသာ ရွေ့အောင်တွန်းနိုင်ကြပြီး ထိုတံခါးမှ အပြင်သို့ထွက်နိုင်ရန် လုံးဝမဖြစ်နိုင်ပါချေ။

ဂျိုစီသည် အားနည်းနေပြီဖြစ်သော ကာရင်၏ ဘက်ထရီအကြောင်း သတိရလာသဖြင့် ပို၍ပင် ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။ ဂျိုစီ၏ မျက်နှာပေါ်မှ မျက်ရည်မှာ ဒရဟော စီးကျနေသည်သာမက ငိုသံမှာလည်း တဖြည်းဖြည်းနှင့် အက်ကွဲသံ ပေါက်လာသည်။

ထိုအချိန်က ၎င်းတို့နှစ်ယောက်စလုံး မသိခဲ့ကြသော်လည်း ၎င်းတို့နှစ်ယောက်သည် လျှပ်စစ်မီးများ ပြန်လည်ရရှိလာသည်အထိ ဓာတ်လှေကားထဲ၌ သုံးနာရီခန့်ကြာအောင် နေကြရလိမ့်မည်ဆိုသည့် အချက်ပင်တည်း။

□

ရုတ်တရက် မီးပြတ်တောက်သွားမှုကြောင့် အလုပ်သိပ်များနေသော နင်းမ်သည် ကာရင့်အကြောင်း ဖြတ်ကနဲ တွေးလိုက်မိသော်လည်း တိုနေနံနက်ကပင် ဆေးရုံသို့ သွားပါမည်ဟု ကာရင်က ကတိပေးခဲ့သည့်အတွက် သူ စိတ်အေးသာရာ ရသွားသည်။

အလုပ်အနည်းငယ် ပါးသွားသောအခါတွင်မှ ကာရင်ထံ တယ်လီဖုန်းဆက်တော့မည်ဟု စိတ်ကူးလိုက်သည်။

□



ကာရင်သည် ယခု အလွန်အမင်း ထိတ်လန့်ချောက်ချားနေလေပြီ။ ချွေးသီးချွေးပေါက်များ ထွက်နေလေပြီ။

ဂျိုစီသည် ဆိုးဆိုးရွားရွား ကိစ္စတစ်ရပ်နှင့် ရင်ဆိုင်နေရသောကြောင့်သာ ပြန်မလာနိုင်ခြင်းဖြစ်ကြောင်း၊ ထိုအချိန်တွင် ကာရင် နားလည်သဘောပေါက်သွားလေပြီ။

ကာရင်သည် တယ်လီဖုန်းဆက်ရန် ထပ်တလဲလဲ ကြိုးစားပြန်၏။ သို့တိုင်အောင် ကြိုတင်အသံသွင်းထားသော ဖြေကြားချက်ကိုသာ ကြားနေရသည်။ ကာရင်သည် အိမ်ခန်းအပြင်ဘက်မှ ဖြတ်သန်းသွားသူ တစ်ဦးဦး ကြားသွားပါက ၎င်းထံမှ အကူအညီ ရလိုရငြားဆိုသော စိတ်ကူးဖြင့် ၎င်း၏ ဘီးတပ်ကုလားထိုင်အား အပြင်ဘက်တံခါးနှင့် ဝုန်းကနဲ အသံမြည်သွားအောင် ဆောင့်တိုက်ပစ်ရန် စဉ်းစားမိသေးသည်။ သို့သော် ဘီးတပ်ကုလားထိုင်အား ရွေ့လျားစေခြင်းဖြင့် ဘက်ထရီထဲ၌ ကျန်ရှိနေသေးသော 'အား'ကလေးမှာ ပို၍ပင် ခပ်မြန်မြန် ကုန်သွားလိမ့်မည်။

ကာရင်က စိတ်ထဲမှ တွက်ချက်ကြည့်လိုက်ရာ ဘက်ထရီသည် အသက်ရှူစက်အတွက်ပင်လျှင် သိပ်ကြာကြာခံတော့မည် မဟုတ်ကြောင်း သိလိုက်ပေပြီ။

တကယ့်တကယ်တွင်လည်း ထိုဘက်ထရီသည် နောက်ထပ် ဆယ့်ငါးမိနစ်ခန့်သာ ခံနိုင်တော့မည်ဖြစ်သည်။

ကာရင်တစ်ယောက် ဘုရားသခင်ထံတွင် ဆုတောင်းပြေသည်။ ဘုရားသခင်က ဂျိုစီ၊ သို့မဟုတ် ဂျိုမီနီ၊ သို့မဟုတ် ကာရင်၏မိဘများ၊ သို့မဟုတ် နင်းမ်ရောဒ်၊ သို့မဟုတ် တစ်ဦးဦးကို ၎င်းထံ စေလွှတ်ပါစေသားဟု ဆုတောင်းမိသည်။

သူဆုတောင်းနေစဉ်မှာပင် အသက်ရှူစက်က နှေးကွေးသွားသောကြောင့် အသက်ရှူရသည်မှာ နှေးကွေးလေးလံလာပြီး အသက်ရှူ၍ မဝသလို ဖြစ်လာကြောင်း သူ သိလိုက်သည်။

ကြောက်အားလန့်အားနှင့် တယ်လီဖုန်းဆက်ရန် ကြိုးပမ်းမိပြန်၏။

"လိုင်းအားလုံး မအားပါဘူးရှင်၊ နောက်မှပဲ ပြန်ဆက်ပါ"

အသက်ရှူစက်နှင့် တွဲထားသော နှစ်ကယ်ကက်ဒ်မီယမ် ဘက်ထရီကလေးနှင့် ဆက်သွယ်ထားသည့် အချက်ပေးကိရိယာကလေးက အသက်ရှူစက် ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း စူးစူးရှရှအသံမြည်ရင်း ကြိုတင်သတိပေးတော့သည်။ အသိတရား ယိုယွင်းချို့တဲ့နေပြီဖြစ်သော ကာရင်သည် ထိုအချက်ပေးကိရိယာမှ ပေါ်ထွက်နေသည့်အသံတို့ အလွန်ဝေးကွာသောအရပ်မှ အသံတစ်သံအလား တိုးတိုးကလေး ကြားလိုက်ရသည်။

ကာရင်တစ်ယောက် အသက်ရှူကျပ်လာ၏။ ပြင်ပမှ အကူအညီ မပါဘဲ အသက်ရှူနိုင်စွမ်းမရှိသော ကာရင်၏ အသားရောင်မှာ နီရဲလာသည်။ ထို့နောက် နီရာ

www.burmeseclassic.com



မှ ပြာနှမ်းသွားလေ၏။ ကာရင်၏ပါးစပ်က ကြောက်လန့်တကြား အသက်ရှူရန် ကြိုးပမ်းနေသည်။ မျက်စိနှစ်လုံး ပြူးထွက်လာကြ၏။ ထို့နောက် အသက်ရှူစက် ရပ်ဆိုင်းသွားလေရာ အောက်ဆီဂျင် လုံးဝပြတ်တောက်သွားသောကြောင့် အသက်ရှူကျပ်လာပြီး ကာရင်၏ခေါင်းထဲ၌ အလွန်ပြင်းထန်သော ဝေဒနာတစ်ရပ် ဖြစ်ပေါ်လာသည်။

မကြာမီ ဘက်ထရီလည်း အားကုန်သွားလေတော့ရာ ကာရင်လည်း အသက်ပျောက်သွားရရှာလေသည်။

□

လာမစ်ရှင် ဓာတ်အားပေးစက်ရုံ၌ မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သောကြောင့် နောက်ဆုံးအကြိမ် မီးပြတ်တောက်မှု ဖြစ်ပွားခဲ့ရကြောင်း၊ တီဗွီနှင့် ရေဒီယိုအပါအဝင် စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များအား နင်းမ်က သတင်းစာရှင်းလင်းပွဲ၌ ရှင်းပြနေစဉ် ဤကိစ္စမှာ ရုပ်ရှင်ကားဟောင်းကြီးတစ်ခုကို ပြန်လည်ပြသနေသည်နှင့် တူညီနေကြောင်း ခံစားလိုက်ရသည်။

လွန်ခဲ့သောနှစ်က ဗုံးပေါက်ကွဲမှုကြောင့် 'ဘစ်လီ' ပျက်စီးခဲ့ရသလို ဝေါလ်တာ တောဘော့နှင့် ဝန်ထမ်းများ သေဆုံးခဲ့ရပြီး မီးပြတ်တောက်ခဲ့ရသည့် ကိစ္စသည် (၁၀) လသာ ကြာသေးသည်ဆိုခြင်းမှာ ဟုတ်မှဟုတ်ပါရဲ့လား။ ထိုအချိန်မှစ၍ ဖြစ်ပျက်ခဲ့သော ကိစ္စများမှာ များပြားလွန်းလှသဖြင့် အချိန်ကာလမှာ ထိုမျှမက ပို၍ကြာမြင့်သည်ဟု ထင်မှတ်ရသည်။

ဒီကနေ့ ရှင်းလင်းပွဲတွင် ကွဲပြားခြားနားမှု ရှိနေသည်ကိုတော့ နင်းမ် သတိပြုမိ၏။ ထိုကိစ္စမှာ လွန်ခဲ့သော (၁၀)လက စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၏ စိတ်နေသဘောထားကို ဒီကနေ့အခြေအနေနှင့် ယှဉ်ဟပ်၍ ကြည့်နိုင်ခြင်းပင်ဖြစ်သည်။

ဒီနေ့ဒီချိန်ခါတွင် စာနယ်ဇင်းမှ ပုဂ္ဂိုလ်များသည် ဂိုးလ်ဒင်းစတိတ်က ရင်ဆိုင်နေရသော အခက်အခဲများကို နားလည်သဘောပေါက်လာကြပြီး စာနာစိတ် ထားရှိကြသည် ဆိုခြင်းပင်။

အုတ်ကာလန်ထရီးဗြွန်း သတင်းထောက်က မေးလိုက်၏။

"မစ္စတာဂိုးလ်မင်း၊ ခင်ဗျားတို့ တည်ဆောက်ချင်တဲ့ စက်ရုံတွေကို တည်ဆောက်ဖို့ ခွင့်ပြုချက်ရပြီဆိုရင် အဲဒီစက်ရုံတွေတည်ဆောက်ဖို့ အချိန်ဘယ်လောက်လောက် ကြာမလဲ"

နင်းမ်က ဖြေလိုက်၏။

"ဆယ်နှစ်လောက်ကြာမယ်၊ဒါပေမယ့် တည်ဆောက်မှုလုပ်ငန်းမစခင် ပါမစ်



တွေ၊ လိုင်စင်တွေ အများကြီးရဖို့ လိုသေးတယ်၊ ခုအချိန်အထိတော့ ပါမစ်တွေ၊ လိုင်စင်တွေရဖို့ အရိပ်အယောင်တောင် မမြင်ရသေးပါဘူး"

လာမစ်ရှင်၏ ဂျင်နရေတာအားလုံး ပိတ်ပစ်လိုက်သောကြောင့် မီးပြတ်တောက်မှု ဖြစ်ပွားခဲ့ပြီး သိပ်မကြာမီ နင်းမ်သည် ဗဟိုပင်မ ဓာတ်အားကွပ်ကဲရေးရုံးရှိ ပေ့လာရေးစကြိုခန်း၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲသို့ လာရောက်ခဲ့ရသည်။

နန်စီမိုလီနော့က မေးလိုက်၏။

"တစ်နေ့သုံးနာရီ မီးဖြတ်ဖို့လုပ်ထားတဲ့ အစီအစဉ်ကို ဒါထက်ပိုပြီး လျှော့ချလို့ မရတော့ဘူးလား"

နင်းမ်က ဖြေလိုက်၏။

"သိပ်မလွယ်ဘူး၊ ကျုပ်တို့ဆီမှာရှိတဲ့ လောင်စာဆီဟာ တဖြည်းဖြည်း နည်းလာသည်နှင့်အမျှ မီးဖြတ်တဲ့အချိန်ကို ပိုမြှင့်ပေးဖို့တောင် လိုလာပါလိမ့်မယ်၊ တစ်နေ့ခြောက်နာရီအထိတောင် ဖြစ်နိုင်တယ်"

တီဗွီသတင်းထောက်တစ်ဦးက မေးလိုက်၏။

"(ခင်ဗျားတို့ကို) ဆန့်ကျင်ဘက်လုပ်တဲ့ အဖွဲ့တွေကို ဝိုင်းဆန္ဒပြကြပြီး အဓိကရုဏ်းတွေ ဘာတွေ ဖြစ်တယ်ဆိုတဲ့သတင်း ခင်ဗျားတို့ ကြားကြရဲ့လား"

"ဟုတ်ကဲ့ ကြားပါတယ်၊ ကျွန်တော့်သဘောကို ပြောရမယ်ဆိုရင်တော့ အဲဒီလို လုပ်တဲ့ကိစ္စတွေဟာ ဘယ်သူ့ကိုမှ ကောင်းကျိုးပေးမှာ မဟုတ်ပါဘူး"

ဆီကိုဝါကလပ် အဆောက်အအုံကို ခဲနှင့်ဝိုင်း၍ ပေါက်ကြသည်ဆိုသည့် သတင်းအား နင်းမ်သည် ထိုနေ့နံနက်ပိုင်းထုတ် သတင်းစာများတွင် ဖတ်ရှုခဲ့ပြီးဖြစ်သည်။ ဓာတ်အားပြတ်တောက်မှုကြောင့် အလုပ်လက်မဲ့ဦးရေ ထပ်မံတိုးပွားလာပါက ဆန္ဒပြမှုများနှင့် အဓိကရုဏ်းများ ပိုမိုများပြားလာဖွယ်ရာရှိကြောင်း သတင်းစာက နိမိတ်ဖတ်ထားလေသေးသည်။

နောက်ဆုံးတွင် တစ်ယောက်က နင်းမ်အား လှမ်းမေးလိုက်၏။

"ခင်ဗျားက လုပ်သားပြည်သူတွေကို ဘယ်လိုများ အကြံဉာဏ်ပေးမှာလဲ"

နင်းမ်က စိတ်မပါ့တပါနှင့် ပြုံး၍ပြန်ဖြေလိုက်၏။

"သေရေးရှင်ရေးမဟုတ်တဲ့ ကိစ္စမှန်သမျှ ဓာတ်အားခလုတ်ကို ပိတ်ထားကြပါလို့ မှာချင်တယ်"

နင်းမ်သည် နောက်ထပ် နှစ်နာရီခန့်အကြာ ညနေ (၆) နာရီထိုးပြီးခါစတွင် ၎င်း၏ရုံးခန်းသို့ ပြန်လည်ရောက်ရှိလာ၏။

နင်းမ်က ထိုအချိန်အထိ နောက်ကျခံ၍ အလုပ်လုပ်နေသေးသော စိတ်ကြီးအား ရက်ဒ်ဝုဒ်ဝရိုင်ဒေးရုံမှ ကာရင်ဆလုံးနှင့် တယ်လီဖုန်း အဆက်အသွယ်ပြုလုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ရန် ညွှန်ကြားလိုက်သည်။

ခဏကြာသောအခါ ဗစ်ကီက အင်တာကွန်မှတစ်ဆင့် နှင်းမ်အား လှမ်းအသိပေးလိုက်၏။

"ဆေးရုံမှာ မစ်ဆလုံးအမည်နဲ့ မှတ်ပုံတင်ထားတဲ့ လူနာမရှိဘူးလို့ ပြောပါတယ်"

တအံ့တသြ ဖြစ်သွားသောကြောင့် နှင်းမ်က ထပ်မေးမိ၏။

"သူတို့ပြောတာ သေချာရဲ့လား"

"ကျွန်မက သေချာအောင် ထပ်မေးလို့ သူတို့က နောက်တစ်ကြိမ်တောင် ထပ်စစ်ဆေးကြည့်ပါသေးတယ်"

"ဒါဖြင့်ရင် သူ့အိမ်ကို လှမ်းဆက်ကြည့်စမ်းပါ"

ကာရင်တစ်ယောက် ဆေးရုံသို့မသွားဘဲ အိမ်ခန်း၌ပင် နေနေသည်ဆိုခြင်းကို ၎င်းအနေနှင့် ယုံကြည်ရန် ခဲယဉ်းလှသော်လည်း ဗစ်ကီကို ခိုင်းလိုက်မိ၏။

ဒီတစ်ကြိမ်တွင် ဗစ်ကီသည် အင်တာကွန်မှတစ်ဆင့် မပြောတော့ဘဲ တံခါးကိုဖွင့်၍ အခန်းထဲသို့ လူကိုယ်တိုင် ဝင်လာ၏။ ဗစ်ကီ၏ မျက်နှာမှာ လေးလေးနက်နက် တည်တည်ကြည်ကြည် ဖြစ်နေသည်။

"မစ္စတာဂိုးလ်မင်း၊ ဟောဒီတယ်လီဖုန်းကို ရှင်ကိုယ်တိုင် စကားပြောသင့်တယ်"

နှင်းမ်သည် ဦးနှောက်ခပ်ခြောက်ခြောက်နှင့် စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

"ကာရင်လားဟင်"

ခပ်အစ်အစ်အသံတစ်သံက ဖြေလိုက်သည်။

"နှင်းမ်ရှေ့ဒ် ကျွန်မ စင်သီယာပါ၊ ကာရင်တစ်ယောက်တော့ ဆုံးရှာပြီ"

□

နှင်းမ်သည် ကုမ္ပဏီပိုင် ကားတစ်စီးနှင့် ကာရင်၏အိမ်ခန်းသို့ အဆောတလျင် ထွက်လာခဲ့မိ၏။ လမ်းခရီးတစ်လျှောက်လုံးတွင် နှင်းမ်၏အတွေးများမှာ ဇလောင်ဆူဝေနေသည်။ ကာရင်သည် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် သေဆုံးခဲ့ရရှာသည်ဆိုသော အချက်ကလွဲလျှင် စင်သီယာထံမှ ဘာကိုမျှ မည်မည်ရရ မသိခဲ့ရပါ။ ကာရင်တစ်ယောက် ရက်ဒ်စုဒ်ဂရိုဗ်ဆေးရုံသို့ သွားမသွားဆိုသည့်ကိစ္စအား စေ့စေ့စီးစီး မစစ်ဆေးခဲ့မိသည့်အတွက် နှင်းမ်သည် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။



ကာရင်၏အိမ်ခန်းသို့ ရောက်သောအခါ စင်သီယာသည် အိမ်ခန်းတံခါးကို ပြန်ဖွင့်ခဲ့ပြီး နှင်းမ်အား စင်္ကြံလမ်းထဲတွင် လာရောက်လက်ခံတွေ့ဆုံသည်။

စင်သီယာက ပြောလိုက်၏။

"အခြေအနေ သိပ်ဆိုးတယ်၊ ရှင် အထဲကိုဝင်လို့ မဖြစ်ဘူး"

အိမ်ခန်းထဲမှ ဖေ့သွားပျက်လုခမန်း ငိုယိုနေသည့် အသံတစ်သံကို နှင်းမ်ကြားလိုက်ရ၏။ ဟင်ရက်တာဆလုံး၏ အသံနှင့်တူသည်။

ကာရင်တစ်ယောက် ချောက်ချောက်ချားချားနှင့် တစ်ဦးတည်း သေခဲ့ရရှာသည့် အဖြစ်သို့ရောက်အောင် တွန်းပို့ခဲ့သော တံဆိုးမှုအဖုံဖုံအား စင်သီယာက သူသိသလောက် ရှင်းပြသည်။ နှင်းမ်ကလည်း သူ့ကိုယ်သူ အပြစ်တင်မိကြောင်း စတင်ပြောဆိုသောအခါ စင်သီယာက ချက်ချင်းပင် ဝင်ဟန့်တားလိုက်၏။

"မဟုတ်သေးပါဘူးလေ၊ ကာရင့်အတွက် ရှင့်လောက် ကောင်းကျိုးပြုခဲ့သူ တစ်ယောက်မှ မရှိသေးပါဘူး၊ ကာရင်ကလည်း ရှင့်အနေနဲ့ ကိုယ့်ကိုယ်ကို အပြစ်တင်တာမျိုးတော့ သဘောကျနိုင်မှာ မဟုတ်ပါဘူးလေ"

နှင်းမ်က မေးလိုက်၏။

"ကျွန်တော့်အနေနဲ့ လုပ်ပေးနိုင်တာ ဘာများရှိဦးမှာလဲ"

စင်သီယာက ခေါင်းခါသည်။

"ခုလောလောဆယ်မှာတော့ မလိုသေးပါဘူးလေ"

□

နှင်းမ် သူ့ရုံးခန်းသို့ ပြန်လည်ရောက်ရှိလာသောအခါ သူ တင်ကြိုမှာထားသည့်အတိုင်း အိပ်ရာလိပ်တစ်ခု အသင့်ရောက်ရှိနေလေပြီ။

ကာရင်နှင့်ပတ်သက်သော အတွေးများသည် သူ့ဦးခေါင်းထဲ၌ ရှိနေဆဲပင် စင်သီယာက ၎င်းအား ဖျောင်းဖျောင်းဖျဖျ ပြောဆိုလိုက်သော်လည်း သူ့တွင် အပြစ်ရှိသည်ဆိုသော အစွဲကိုမူ ဖြေဖျောက်၍ မရပါချေ။ ထိုအစွဲမှာ သူတစ်ဦးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်၊ ဂိုးလ်ဒင်းစတိတ်နှင့်လည်း သက်ဆိုင်သည်။ ဂိုးလ်ဒင်းစတိတ်တွင် တာဝန်ထမ်းဆောင်နေသူ တစ်ဦးအနေနှင့် ကာရင့်အပေါ် ဖျက်ကွက်ခဲ့မှုကြောင့် ယူကျုံးမရဖြစ်ရသည်။ မျက်မှောက်ခေတ်တွင် ကာရင့်လို ပုဂ္ဂိုလ်မျိုးအတွက် လျှပ်စစ်ဓာတ်အားသည် အသက်ရှူလမ်းကြောင်းပင် ဖြစ်သည်ဟု ဆိုရလောက်သည်။ မည်သို့သော တိုင်မျိုးနှင့်မှ ထိုအသက်ရှူလမ်းကြောင်းသည် မပြတ်တောက်စကောင်းချေ။ ဂိုးလ်ဒင်းစတိတ်လို ကုမ္ပဏီမျိုးအတွက် ယုံကြည်စိတ်ချရမှုသည် ပင်မတာဝန် ဖြစ်သင့်သည်။ သို့တိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် မနက်ဖြန်မှစ၍ ထိုအသက်ရှူလမ်းကြောင်းသည် ထစ်တလဲလဲ ပြတ်တောက်ရပေတော့မည်။ နေ့စဉ်နှင့်အမျှဆိုသလို ဓာတ်အားပြတ်တောက်မှုများ ကြာမြင့်လာသည်နှင့်အမျှ ကြိုတင်၍မမြင်နိုင်သော နစ်နာဆုံးရှုံးမှုများနှင့် အခက်အခဲ အကျပ်အတည်းများ ပေါ်ပေါက်လာကြဦးမည် ဖြစ်ကြောင်း နှင်းမ်ယုံကြည်သည်။

ကာ့ရင်နှင့်ပတ်သက်၍ သူ့တွင်အမြစ်ရှိသည်ဆိုသော အတွေးကို ဖြေဖျောက်၍ ရနိုင်ပါမည်လော။ ကြာလျှင်တော့ မေ့သွားနိုင်စရာရှိသည်။ လောလောဆယ်တွင်မူ မေ့ပစ်ရန် မလွယ်ကူပါ။

လောလောဆယ်တွင် ယုံကြည်စိတ်ချစွာဖြင့် ဖွင့်ဟ၍ပြောနိုင်သူ တစ်ယောက်ယောက် ရှိပါစေသားဟု သူဆုတောင်းမိ၏။ သို့ရာတွင် ကာရင့်အကြောင်း ရှသ်အားယခင်က ဖွင့်မပြောခဲ့ဖူးသဖြင့် ယခုအချိန်တွင် ပြောပြရန် မသင့်တော့ချေ။

နှင်းမ်သည် မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်၍ထားမိ၏။ အတန်ငယ်ကြာသောအခါ စိတ်ဓာတ်အပြောင်းအလဲ ဖြစ်သွားအောင် တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု သူတွေးမိလာသည်။ အနည်းဆုံး တစ်နာရီ နှစ်နာရီလောက်အထိ ဆိုပါတော့။

နှင်းမ်သည် စိတ်ဓာတ် အပြောင်းအလဲ ဖြစ်စေရန်နှင့် အခြားအကြောင်းများကြောင့် အလုပ်ထဲတွင် ကိုယ်ရောစိတ်ပါ မြှုပ်နှံထားလိုက်သည်။

နှင်းမ်သည် ဆယ်မိနစ်ခန့် စိတ်ပါဝင်စားစွာ အလုပ်လုပ်ကိုင်နေစဉ် တယ်လီဖုန်းခေါ်င်းလောင်းသံ မြည်လာသဖြင့် နကောက်ကိုင်လိုက်၏။

တစ်ဘက်က ဆက်သွယ်လာသူမှာ တီရေစာဗန်ဘူရင်ပင်တည်း။

"နန်စီမိုလီနေ့က ရှင်နဲ့တွေ့ချင်လို့တဲ့၊ ကဲ ဘယ့်နှယ့်လဲ"

နှင်းမ်က သက်ပြင်းချမိသည်။

"ကောင်းပါပြီလေ၊ ဒီကိုလွှတ်လိုက်ပါ"

ခဏအကြာတွင် တံခါးခေါက်သံပေါ်လာပြီး နန်စီ ဝင်လာသည်။ နန်စီသည် ယနေ့ညတွင်လည်း ထုံးစံအတိုင်း ရိုးရိုးနှင့်ယဉ်ယဉ် ဝတ်ဆင်ထားသည်။ ပြစ်မျိုးမှဲ့မထင်သော အမည်းရောင်အသားအရည်နှင့် ပဏာသင့်သည့် သန္တာ (နီညို)ရောင် ပိုးရှပ်အင်္ကျီကို စတိုင်ကျကျ ဝတ်ဆင်ထားသည်။ ပါးစုံရိုးမြင့်ပြီး ရှုချင်စဖွယ်ရှိသော နန်စီ၏ မျက်နှာပေါ်မှ မာနတရားအချို့ လျော့နည်းပျောက်ကွယ်နေပုံ ပေါ်သည်။ ခရစ္စတိုဖာကိုလံဘတ်စ် ဟိုတယ်၌ ဆုံစည်းခဲ့ကြရပြီး နောက်ပိုင်းတွင် တစ်ဦးနှင့်တစ်ဦး ပို၍ ခင်မင်ရင်းနှီးလာကြသောကြောင့်လည်း ဖြစ်နိုင်ကောင်းစရာရှိသည်။

နန်စီသည် သေးသွယ်ရှည်လျားပြီး အချိုးအစားကျလှသော ခြေထောက်နှစ်ချောင်းကို တစ်ချောင်းပေါ် တစ်ချောင်းချိတ်၍ နှင်းမ်နှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။ နှင်းမ်သည် ထိုခြေထောက်နှစ်ချောင်းကို လှမ်းကြည့်လိုက်မိပြီးမှ သူ့မျက်လုံးများကို လွှဲဖယ်ပစ်လိုက်ရသည်။

နှင်းမ်က မေးလိုက်၏။

"ကိုယ် ဘာလုပ်ပေးရမလဲ နန်စီ"

"အနှောင့်အယှက်ပေးရတာကို တောင်းပန်ပါတယ်၊ ဒါပေမယ့် ဟောဒါကလေးကိုတော့ ရှင် ဖတ်ကြည့်စေချင်တယ်"

နန်စီသည် မတ်တတ်ရပ်လိုက်ပြီးနောက် ရှည်လျားလှသော စာရွက်တစ်ရွက်ကို နှင်းမ်ရှေ့တွင် ချပေးလိုက်၏။

"ဒါကတော့ အခု ပူပူနွေးနွေးရလာတဲ့ သတင်းတစ်ပုဒ်ပဲ၊ ကျွန်မတို့က ဒီသတင်းကို ဝေဖန်ချက်တွေ ဘာတွေနဲ့ ဝေဝေဆာဆာ ဖော်ပြချင်တယ်၊ ရှင့်ဆီက ဝေဖန်ချက်ကိုလဲ လိုချင်တယ်"

နှင်းမ်သည် ထိုသတင်းကို စေ့စေ့စပ်စပ် ဖတ်ရှုလိုက်၏။

ဝါရှင်တန်၊ ဒီ၊ စီ မေ (၃)။ လက်ရှိဖြစ်ပွားနေသော လောင်စာဆီအကျပ်အတည်းအား ဖြေရှင်းသော ခြေလှမ်းအသစ်တစ်လှမ်းအနေနှင့် အမေရိကန်အစိုးရသည် 'ဒေါ်လာသစ်'ဟုခေါ်တွင်မည့် ငွေစက္ကူတစ်မျိုးကို ထုတ်ဝေလိမ့်မည်။ ထိုဒေါ်လာသစ်အား ရွှေနှင့် ကျောထောက်နောက်ခံ ပြုထားမည်ဖြစ်ပြီး လက်ရှိဆယ်ဒေါ်လာနှင့် ညီမျှစေလိမ့်မည်။

ဝါရှင်တန်မှ ဝန်ထမ်းအချို့ကမူ အဆိုပါ ငွေစက္ကူသစ်အား 'ရိုးသားဖြောင့်မတ်သော ဒေါ်လာ' ဟုပင် ကင်ပွန်းတစ်နေကြလေပြီ။

အိုပက်အဖွဲ့ဝင် နိုင်ငံများအား ၎င်းတို့ရောင်းချသည့် ရေနံအတွက် တန်ဖိုးညီနိုင်းမှုများပြုလုပ်၍ ယခုထုတ်ဝေမည့် ဒေါ်လာသစ်ကို လက်ခံကြပါရန် မေတ္တာရပ်ခံမည် ဖြစ်သည်။ အိုပက်အဖွဲ့ဝင် နိုင်ငံများထံမှ လက်ငင်းသိရှိရသော တုန့်ပြန်ချက်မှာ သတိသမ္ပဇဉ်နှင့်ယှဉ်၍ လိုလားလက်ခံမည့်သဘော ရှိကြောင်း သိရသည်။ သို့တိုင်အောင် အိုပက်နိုင်ငံများမှ ပြောရေးဆိုခွင့်ရှိသူ ရှိတ်အာမက်မူဆတ်တ ဒေါ်လာသစ်နှင့်ပတ်သက်၍ သဘောတူညီချက် တစ်ရပ်ရပ်ကို မသတ်မှတ်မီ အမေရိကန်နိုင်ငံ၌ရှိသော ရွှေမဟာကို ဘက်မလိုက်သော သီးခြားစာရင်းစစ်အဖွဲ့တစ်ဖွဲ့နှင့် ဝင်ရောက်စစ်ဆေးခွင့် တောင်းခံမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်သမ္မတကြီးသည် နိုင်ငံသူ နိုင်ငံသားများအား ဒေါ်လာဟောင်း ဆယ်ဒေါ်လာလျှင် ဒေါ်လာသစ်တစ်ရွက်နှုန်းနှင့် လဲလှယ်ပေးနိုင်ကြောင်း ကြေငြာလိမ့်မည်ဟု သိရှိရသည်။ ဤကဲ့သို့ လဲလှယ်မှုမှာ အစပထမပိုင်းတွင် မိမိဆန္ဒအလျောက် လဲလှယ်ကြရန်ဖြစ်ပြီး၊ လွှတ်တော်တွင် တင်ပြအဆိုပြုမည့် ဥပဒေအရ ငါးနှစ်အတွင်း လူတိုင်းလိုက်နာရမည့် ကိစ္စတစ်ရပ် ဖြစ်လာပေလိမ့်မည်။ ထို့နောက်ပိုင်းတွင်မူ ဒေါ်လာဟောင်းသည် ရှေးဟောင်းပစ္စည်း စုဆောင်းသူများအတွက် စိတ်ဝင်စားစရာ ပစ္စည်းတစ်ခု အနေနှင့်သာ တန်ဖိုးရှိတော့မည် ဖြစ်ပေသည်။

နင်းမ်သည် စောင့်ဆိုင်းနေသော နန့်စီမိုလီနေ့ကို သတိထားမိလာသည်။

နင်းမ်က ပြောလိုက်၏။

"ကိုယ်က စီးပွားရေးပါရဂူတော့ မဟုတ်ပါဘူးလေ၊ ဒါပေမယ့်. . ."

နင်းမ်က ထိုစာရွက်ကလေးကို လက်နှင့်ခေါက်ပြရင်း. .

"ဒီမှာ ဘာဖြစ်နေတယ်ဆိုတာသိဖို့ စီးပွားရေးပါရဂူ ဖြစ်စရာလိုမယ် မထင်ပါဘူး၊ ဒီကိစ္စမျိုးဖြစ်ဖို့ ဦးတည်နေခဲ့တာ အချိန်တော်တော်လေး ကြာခဲ့ပါပြီ၊ အဲလေဝမ်းနည်းစရာကောင်းတာ တစ်ခုကတော့ ဆယ်ဒေါ်လာနဲ့ တစ်ဒေါ်လာ လဲလှယ်ဖို့တန်းစီကြတဲ့ အခါကျရင်တော့ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ကြရပြီး ချွေးနည်းစာကလေးတွေကို စုဆောင်းထားကြတဲ့ အလယ်အလတ်တန်းစား ရိုးရိုးသားသား ပုဂ္ဂိုလ်တွေသာ နစ်နာကုန်ကြလိမ့်မယ် ဆိုတာပဲ၊ အခုလည်းပဲ ဒီလိုလုပ်တဲ့ကိစ္စကြောင့် အချိန်ကလေး နည်းနည်းရပြီး အသက်ရှူပေါက် နည်းနည်းချောင်ရုံပဲ ရှိမှာပါ၊ အဲဒါကလည်း (ဝယ်သုံးဖို့) ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ရေနံကိုမဝယ်ဘဲ ရပ်ဆိုင်းပစ်လိုက်တဲ့အချိန်၊ ပြီးတော့ ကိုယ့်မှာမရှိတဲ့ပိုက်ဆံကို ဆက်မသုံးကြမယ့်အချိန်၊ ပြီးတော့၊ ကိုယ့်နိုင်ငံထဲမှာ မရှာဖွေရသေးတဲ့ စွမ်းအင်ထုတ်လုပ်နိုင်မယ့် သယံဇာတပစ္စည်းတွေကို လိုက်လံရှာဖွေထုတ်လုပ်ပြီး သုံးစွဲနိုင်ကြမယ့် အချိန်အထိ ဆိုပါတော့"

နန့်စီက ပြောလိုက်သည်။

"ကျေးဇူးပါပဲ၊ ဒါဆိုရင် တော်တော်တလေး ပြည့်စုံသွားပါပြီ"

နန့်စီသည် သူရေးမှတ်နေသော မှတ်စုစာအုပ်ကို ပြန်သိမ်းလိုက်၏။

"ဒါနဲ့ စကားမစပ်ပြောရရင် ကျွန်မတို့ သတင်းစာတိုက်မှာတော့ ရှင်ဟာတကယ့်ကို အယူတော်မင်္ဂလာ ပရောဟိတ်ကြီးပဲ၊ အဲလေ ရှင်သိအောင် ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ စက်တင်ဘာလတုန်းက ဟိုကြားနာပွဲမှာ ရှင် ဒေါသူပုန်ထပြီး အုံကြွပေါက်ကွဲတုန်းက ရှင်ပြောခဲ့တဲ့ စကားတွေကို လာမယ့်တနင်္ဂနွေနေ့ထုတ် သတင်းစာမှာ



ပြန်ဖော်ပြဖို့ စီစဉ်ထားတယ်၊ ဟိုတုန်းကနဲ့စာရင် ရှင်ပြောခဲ့တဲ့စကားတွေဟာ ခုလေးလောက်ဆယ်မှာတော့ သိပ်ကိုအဓိပ္ပာယ် ရှိလာကြတယ်"

နန့်စီသည် အတွေးတစ်ခု ဖြတ်တနဲ တွေးလိုက်မိပုံရ၏။

"ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ရှင့်စိတ်ထဲမှာ ဘယ်လိုခံစားရတယ်ဆိုတာ မှတ်တမ်းဝင်အဖြစ်နဲ့ ရှင်ပြောပြချင်စိတ် ရှိရဲ့လား"

နင်းမ်သည် ၎င်း၏စားပွဲမှ အံဆွဲတစ်ခုကို စိတ်လိုက်မာန်ပါ ဆွဲဖွင့်လိုက်ပြီးနောက် ဖိုင်တွဲတစ်ခုကို ဆွဲထုတ်လိုက်၏။ အဆိုပါဖိုင်တွဲထဲမှ အပြာရောင်စာရွက်တစ်ရွက်ကို ရွေးထုတ်ပြီး ခပ်ကျယ်ကျယ်လေး ဖတ်ပြလိုက်သည်။

"ထိုကဲ့သို့ ဂုဏ်ယူထိုက်သော မင်္ဂလာအချိန်အခါမျိုးတွင် လောကဖြစ်စဉ်၌ ဆန့်ကျင်ဘက်အသွင်ကိုဆောင်သော လောကဓံတရားရှိပါးအကြောင်း၊ ယောနိသောမနသိကာရဖြင့် ကောင်းမွန်စွာ နှလုံးသွင်းဆင်ခြင်၍၊ ခွင့်လွှတ်နိုင်ကြပါစေ၊ သဘောထားကြီးနိုင်ကြပါစေ၊ သိမ်ဖျင်းမှုအစား မြင့်မြတ်သော ရည်ရွယ်ချက်များ ထားနိုင်တတ်ကြပါစေ"

"မဆိုးပါဘူး၊ ဘယ်သူ့ရေးတာလဲရှင့်"

"ကိုယ့်မိတ်ဆွေတစ်ယောက်ပါ"

နင်းမ်သည်စကားပြောရာတွင် ခက်ခက်ခဲခဲ ဖြစ်နေကြောင်း သူ့ကိုယ်သူ ပြန်သတိထားလိုက်၏။

"ဒီကနေ့ သေသွားတဲ့ ကိုယ့်မိတ်ဆွေတစ်ယောက် ရေးတာပါ"

နင်းမ်သည် ခေတ္တမျှ ငြိမ်ကျသွားပြန်သည်။ ထို့နောက် နန့်စီက မေးလိုက်ပြန်၏။

"ကျွန်မ (အဲဒီကဗျာကို) အစအဆုံး ဖတ်ကြည့်လို့ရမလား"

"ရပါတယ်"

နင်းမ်က စာရွက်ကို လှမ်းပေးလိုက်သည်။

နန့်စီက ဖတ်၍ပြီးစီးသွားသောအခါ ခေါင်းမော့၍ ပြန်မေးလိုက်၏။

"အမျိုးသမီး တစ်ယောက်ပေါ့နော်"

နင်းမ်က ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်"

"ကျွန်မ ဒီအခန်းထဲကို ဝင်လာခါစတုန်းက လ,ငပုပ်ဖမ်းထားသလို ရှင်မျက်နှာမကြည်မသာ ဖြစ်နေတာ အဲဒီကိစ္စကြောင့်လား"

"ဟုတ်ပါတယ်"

နန့်စီက ထိုစာရွက်ကို ဖိုင်တွဲပေါ်တွင် ပြန်တင်ပေးလိုက်ပြီးနောက် ထင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်၏။

"ကျွန်မကို အဲဒီကိစ္စအကြောင်း ရှင့်စိတ်ထဲမှာ ဖွင့်ပြောပြချင်စိတ် ရှိရဲ့လား၊ မှတ်တမ်းမဝင် ဆိုပါတော့လေ"

နှင်းမ်က ပြောလိုက်၏။

"ပြောပြပါ့မယ်လေ၊ မှတ်တမ်းမဝင်ဘဲ ဖြစ်ရမှာပေါ့၊ သူ့နာမည်က ကာရင် ဆလုံးတဲ့၊ သူက (၁၅) နှစ်သမီးကစပြီး တစ်ကိုယ်လုံး သေနေရှာတဲ့ အမျိုးသမီးတစ်ဦး"

နှင်းမ်က စကားကို ရပ်တန့်လိုက်သောကြောင့် နန်စီက ထပ်တိုက်တွန်းပြန်သည်။

"ဆက်ပြောပါ၊ ကျွန်မ နားထောင်နေပါတယ်"

"ကိုယ်နဲ့ သိဖူးတွေ့ဖူးသမျှ အမျိုးသမီးတွေထဲမှာတော့ သူဟာ ချစ်စရာ အကောင်းဆုံးပဲ"

ရပ်တန့်သွားပြန်၏။ နန်စီက ထပ်မေးပြန်သည်။

"ရှင်နဲ့သူ ဘယ်လို တွေ့ကြဆုံကြတာလဲ"

"မတော်တဆ တွေ့ကြတာပါ၊ လွန်ခဲ့တဲ့ ဇူလိုင်လက မီးတွေပြတ်သွားတဲ့ နောက်ပိုင်းမှာ. . ."

လွန်ခဲ့သော တစ်နာရီမရှိတတ် ရှိတတ်ကာလက နှင်းမ်သည် သူရင်ဖွင့်ပြောဆိုနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးဦးအား မျှော်လင့်တောင့်တခဲ့မိသည်။ ယခု သူက နန်စီအား တရားရေလွှတ်သလို တတွတ်တွတ် ပြောပြနေသည်။ နန်စီသည် နားထောင်ရင်းက တစ်ခါတရံတွင် ကြားဖြတ်၍ မေးတတ်မြန်းတတ်သည်။ သို့သော် နားထောင်နေသည်က ပိုများသည်။ နှင်းမ်က ကာရင့်သေဆုံးရပုံကို လိပ်ပတ်လည်အောင် ရှင်းပြလိုက်သောအခါ နန်စီသည် ထိုင်ရာမှ မတ်တတ်ရပ်၍ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း "ဖြစ်မှဖြစ်ရလေတယ်. . . ဖြစ်မှဖြစ်ရလေတယ်" ဟု ခပ်ဖွဖွ ညည်းနေရှာသည်။

"ဒီတော့ ကိုယ့်မျက်နှာ လငပုပ်ဖမ်းထားသလို မကြည်မသာ ဖြစ်နေတာ အံ့ဩစရာတော့ သိပ်မဟုတ်ပါဘူးလေ"

နန်စီသည် စားပွဲဆီသို့ ပြန်လာပြီးနောက် ပြန့်ကျဲနေသော စာရွက်စာတမ်းများကို လက်နှင့်ထိုးပြရင်း ထပ်မေးလိုက်သည်။

"ဒါဖြင့်ရင် ရှင်က ဘာဖြစ်လို့ ဟော်ဒီက အစုတ်ပလုတ်တွေနဲ့ လာအလုပ်ရှုပ်နေရတာတုန်း"

"ကိုယ့်မှာ လုပ်စရာတွေ အများကြီး ရှိနေကြတယ်လေ၊ လုပ်စရာတွေကတော့ ကိုယ့်အတွက်ရှိနေတုန်းပါပဲ"

"ခေါက်ထားလိုက်စမ်းပါ၊ အဲဒါတွေကိုထားခဲ့ပြီး အိမ်ပြန်ကိုပေါ့ရှင့်"



နှင်းမ်က ခေါင်းခါလိုက်ပြီးနောက် အိပ်ရာဆီသို့ တစ်ချက်လှမ်းကြည့်လိုက်၏၊

"ဒီည ကိုယ်ဒီမှာအိပ်မယ်၊ ကိုယ်တို့အဖွဲ့ ပြဿနာတွေ တထွေးကြီးရှိနေတယ် နက်ဖြန်ခါကျရင် အဆင့်လိုက် မှောင်ခိုမှုလုပ်ငန်းကို စ,အကောင်အထည် ဖော်ရတော့မယ်"

"ဒါဖြင့်ရင် ရှင် ကျွန်မအိမ်ကို လိုက်ခဲ့ပေါ့"

နှင်းမ်တစ်ယောက် အထိတ်တလန့် ဖြစ်သွားပုံရ၏။ အဘယ့်ကြောင့်ဆိုသော် နန်စီက လေသံခပ်တိုးတိုးနှင့် ထပ်ပြောလိုက်သောကြောင့် ဖြစ်သည်။

"ကျွန်မအခန်းက ဟော်ဒီက ငါးမိနစ်ပဲ ဝေးတဲ့နေရာမှာရှိတယ်၊ တယ်လီဖုန်းနံပါတ်ကို ဒီမှာပေးထားခဲ့ရင်လည်း ဖြစ်တယ်၊ ပြီးတော့လည်း အရေးတကြီး လိုအပ်လာမယ်ဆိုရင် ရှင် ဒီကို ခပ်မြန်မြန် ပြန်လာနိုင်မယ်၊ ရှင့်ဆီကို ရုံးက အဆက်အသွယ် လုပ်မလာဘူးဆိုရင်တော့ မနက်ကျရင် ရှင်မပြန်ခင် ရှင့်ကို ကျွန်မက နံနက်စာစီစဉ်ပြီး ကျွေးဦးမှာပါ"

သူတို့နှစ်ယောက်သည် မတ်တတ်ရပ်ရင်း တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်း ဆိုင်လိုက်မိကြ၏။ သေးသေးသွယ်သွယ်နှင့် ပျော့ပျော့ပျောင်းပျောင်းရှိလှပြီး တပ်မက်ဖွယ်ကောင်းသော နန်စီ၏ကိုယ်ခန္ဓာမှ ထွက်ပေါ်နေသည့် ချိုမြိန်သော ရနံ့ကို နှင်းမ် သတိထားလိုက်မိသည်။ နှင်းမ်အနေနှင့် နန်စီအကြောင်း ဂယနဏာသိလိုစိတ် ပို၍ပို၍ ပြင်းပြလာသည်။ ၎င်းအပြင် သူသည် အမျိုးသမီးတစ်ယောက်၏ မြူဆွယ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရပြန်လေပြီ။

နန်စီက ခပ်ဆတ်ဆတ်ကလေး ထပ်ပြောလိုက်၏။

"ကျွန်မက ရှင့်ကို နှစ်ခါဖိတ်မှာတော့ မဟုတ်ဘူး၊ ဒီတော့ ရှင့်စိတ်ကို ခုန်းဒုံးချပြီး ဆုံးဖြတ်ပေတော့၊ လိုက်မှာလား မလိုက်ဘူးလား"

နှင်းမ်သည် စတ္တန့်ပိုင်းလောက်ဝင် တွေဝေတွေဆိုင်းနေခြင်း မရှိပါ။ နှင်းမ်က နန်စီကို အဖြေပေးလိုက်သည်။

"ကောင်းပြီလေ၊ ကဲ လာ သွားကြစို့"

■ □ □

မောင်မြင့်ကြွယ်

www.burmeseclassic.com